[illegible]

ကမ္မဋ္ဌာနာစရိယ



ဘဒ္ဒန္တပညာသီဟမဟာထေရ်

၁၀၃၃၁

မဂ်ဖိုလ်နိဗ္ဗာန်သို့

လျင်မြန်စွာ ရောက်စေနိုင်သော

ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ညောင်လွန့်တောရ

နယ်လှည့်နည်းပြ

ပဋိပတ္တိဒေသက ကမ္မဋ္ဌာနာစရိယ ဖြစ်သော

ဘဒ္ဒန္တ ပညာသီဟ မဟာထေရ်

ရေးသားစီရင်အပ်သော

# သမထဝိပဿနာ ရှုဘွယ်ကျမ်း

( ဓမ္မဒါနကုသိုလ် )

ပဒေသာ ပိဋကတ် စာပုံနှိပ်တိုက်

၃၂-လမ်း၊ ပိန်းတန်း

မန္တလေးမြို့

A

# နိဒါနကထာ

**ထေရဝံသ**
**စဉ်ဆက်ပြ**

မုနိ အတုလ ဇာတိဂုဏ သယမ္ဘူ။ မွေ-ရာဇာ လောကဇ္ဈယာသင်းကျစ် အစစ်ကြီးဖြစ်တော်မူသော မုဒ္ဓမြတ်စွာဘုရားသခင်သည် သံသရာတည်းဟူသော ကြဲသအဏ္ဏဝါ၌ နစ်မြုပ်ရှည်လျား မြောပါးလျက် ဒုက္ခခံစား၍ နေကြရကုန်သော ဝေနေယျများစွာ သတ္တဝါတို့ကို ၄၅-ဝါ ကာလပတ်လုံး အမတနန်း နိဗ္ဗာန်ကမ်းသို့ တက်လှမ်းရောက်အောင် ပို့ဆောင်တော်မူပြီး၍ အနုပါဒိသေသ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော နောက်ကာလ၌ သာဝကအများတို့၏ ၉-ပါးသော သမာပတ္တိ ဝိမုတ္တိ သုခ မဂ္ဂဖလ အကျိုး၄ါ ဓမ္မဝိနယ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ကိုးဝအင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဒေသနာအယာဉ် တည်ရှိရာ သာသနာတော်မြတ်ကြီးသည်ကား "တိဝိဓ ပောာတိ" ဟူသော အဋ္ဌကထာအရ သရုပ်ကို ပြဆိုလတ်သည့်ရှိသော် ပရိယတ်,ပဋိပတ်,ပတိဝေဓ သာသနာ ၃-ပါး ဟူ၍ ငါးထောင်ကြာအောင် ရည်မှတ်၍ ဟောကြားတော်မူခဲ့လေသတည်း။

ပွင့်လင်းစည်ပြာ
သာသနာ

ထို သုံးပါးသော သာသနာတော်မြတ်ကြီးတို့ကို နေရောင်ပမာ ရောင်ဝါပွင့်လင်း တည်ရှိစေခြင်းကို ဆောင်ရွက်တော်မူကြကုန်သော အရှင်မဟာကဿပ အစရှိကုန်သော သာဝကဂိုဏ်းဝင် ထေရ်အရှင် ပုဂ္ဂိုလ်ကျော်တို့သည် အစဉ်ပြန့်ပွားး မန္တလေးရတနာပုံ ဇေယျုံအစ မြို့ပြနန်း၊ တည် နေပြည်တော်အရှင်ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတြားကြီးလက်ထက်၌ နှိုင်းဖက်မဟူ ဇမ္ဗူ လွှမ်းထင်ကျေးဇူးတော်အရှင် ဖြစ်တော်မူကြကုန်သော "ဇာဂရာဘိသိရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်နာမံ အလှူတော်ခံယူ ရရှိတော်မူသော ဒက္ခိဏာရာမ ပဌမဆရာတော်ဘုရားကြီး၊ "ပဏ္ဍိတာဘိသိရိပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်နာမံ အလှူတော်ခံယူရရှိတော်မူသော ၎င်းတိုက်ဒုတိယဆရာတော်ဘုရားကြီး၊ "ကေတုဘိဓမ္မာလင်္ကာရ သိရိပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်နာမံ အလှူတော်ခံယူ ရရှိတော်မူသော "မဟာဓမ္မိကာရာမ ပဌမစလင်းဆရာတော်ဘုရားကြီး" ဟုဆိုအပ်ကုန်သော ဆရာတော်ဘုရားကြီး တို့သည် ထင်ရှား တည်ရှိတော်မူလေကုန်ပြီ။

**အာဇာနည်ဝင် ထေရ်အရှင်**

ထို ဆရာတော်ဘုရားကြီးတို့၏ အန္တေဝါသိ အနီးမှီလစ် တပည့်ရင်းစစ် ဖြစ်ကြီးဖြစ်၍ ပိဋကတ်သုံးသွယ် နိကာယ်ငါးတန် ဂန္ထန္တရ အဝဝတို့၌ အာစရိယမုဋ္ဌိ လက်ကိုင်ရှိနှင့် အပြည့်စုံစွာ တကွသာလျှင် နည်းနာနယ ကျန်လုံလောက် မှန်သောက်မာတင် အာဇာနည်ဝင် ပါရဂူအရှင်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် "မိုးနံကုန်းဆရာတော်ဘုရားကြီး" သည်လည်း ထင်ရှား တည်ရှိတော်မူလေပြီ။

**သီလသိက္ခာ တည်ရှိရာ**

ထို ကျေးဇူးတော်အရှင် မိုးနံကုန်းဆရာတော်ဘုရားကြီး၏ တပည့်ရင်းစစ် အန္တေဝါသိကဖြစ်တော်မူသော ကျေးဇူးတော်အရှင်"ညောင်လွန့်တောရ ဒုတိယဆရာတော်ဘုရားကြီး"၏ ဓမ္မန္တေဝါသိကဖြစ်တော်မူသော ပွေးလှပင်းဒယ ရွာငံဇာတိ သမထဝိပဿနာ နယသဒ္ဒါပနည်းပြအရှင်"ဦးဉာဏဆရာတော်"၏ ဓမ္မန္တေဝါသိကဖြစ်တော်မူသော နယ်လှည့်နည်းပြ ပဋိပတ္တိဒေသကကမ္မဋ္ဌာနာစရိယဆရာတော် " အရှင် ပညာသိဟ " မဟာထေရ်သည်"သာသနဿ ပရိယတ္တိမူလံ" အစရှိသော အဋ္ဌကထာ ဒေသနာအရ သာသနာ ဆိုသည်

မှာ ဘုရား၏ အဆုံးအမဩဝါဒ ဖြစ်ပေ၏၊ ထို အဆုံးအမဩဝါဒဟူသည် အရင်းအမြစ်အားဖြင့် ပရိယတ်ဟု ခေါ်သော ပိဋကတ်တရားတော်များတည်း၊ ထိုပရိယတ်တရားတော်၌ ညွှန်ပြသည့်အတိုင်း ကျင့်ခြင်းကို သီလကျင့်ခြင်း,သမာဓိရအောင်သမထကမ္မဋ္ဌာန်း အားထုတ်ခြင်း, ဉာဏ်ပညာ တိုးပွားအောင် ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ခြင်းကို "ပဋိပတ္တိသာသနာ" ဟုငင်း, ထိုအကျင့်ဖြင့် ထိုးထွင်း၍ သိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို "ပဋိဝေဓသာသနာ" ဟုငင်း ခေါ်၏။

**နိကာယ်ငါးပါး အကျိုးများ** ယခုပြဆိုအပ်ခဲ့ပြီးသော သီလ,သမာဓိ, ပညာ သိက္ခာ ၃-ပါးသည် အကျင့်တရားများ ဖြစ်သောကြောင့် ပဋိပတ္တိသာသနာ၌ငင်း,မဂ်ပညာ ဖိုလ်ပညာဖြစ်လျှင် ပဋိဝေဓသာသနာ၌ငင်း ပါဝင်ကြတော့၏။ ဤစကားအစဉ်အရ "ပရိယတ်"ဟု ခေါ်အပ်သော တရားများသည် သီလ, သမာဓိ,ပညာ သိက္ခာ ၃-ရပ် မြတ်သောအကျင့် သာသနာ၏ငင်း, ပဋိပတ်,ပဋိဝေဓ သာသနာတော် ၂-ရပ်၏ငင်း အခြေခံဖြစ်ကြောင်းကို သိရှိပြီးမှ ဆရာတော်ဘုရားသည် ထေရာဝံသပရံပရ အကျော်အမော် ဖြစ်သော ဆရာတော်ဘုရားကြီးတို့ထံ၌ နိကာယ် ငါးရပ်

နှင့်တကွ ပါဠိ, အဋ္ဌကထာ, ဋီကာ, ယောဇနာ,ဋီကာ, အနု,မဓု စသည်ဥဿုံ အလုံးစုံတို့ကို အာစရိယဝါဒ နယူပဒေသ အဝဝတို့ဖြင့် လွန်ကဲသော သမ္မာဆန္ဒ ဝီရိယနှင့် နေ့ညဥ့်မစဲ အမြဲအားထုတ် သင်ကြား ဆည်းပူးတော်မူခဲ့ပြီးမှ—

**ဉာဏ်မြင်ထိန်လင်း အသိရှင်း** ဆရာတော်ဘုရားသည် သိက္ခာ ၃-ပါးတွင် သီလသည် အရင်းခံဖြစ်၍၊ အမှန်အားဖြင့်လည်း သီလသိက္ခာ စင်ကြယ်သူသာ မှန်ကန်သော သမာဓိရှိသည်ကို တွေ့ရမည်၊ သမာဓိ ရှိသူမှလည်း ထိုးထွင်းသော အသိဉာဏ်ပညာကို ရနိုင်မည် ဟူသော "သမာဟိတော ယထာဘူတံ ပဇာနာတိ" စကားကိုရင်း "အာရညိကော ဘိက္ခု အရညသညံ မနသိကရောန္တော ဘဗ္ဗော အလဒ္ဓံ ဝါ သမာဓိံ ပဋိလဒ္ဓုံ လဒ္ဓံ ဝါ ရက္ခိတုံ သတ္တာပိဿ အတ္တမနော ဟောတိ"ဝိသုဒ္ဓိမဂ်ဒေသနာကို စဉ်းစားဆင်ခြင် ဉာဏ်မြင်ထိန်လင်း အသိရှင်း၍ အလျင်းသိမြင်လျက် ကေစာရီ တပါးတည်း နေလိုသောဆန္ဒ ရှိခဲ့သည့်အလျောက် တပါးတည်း အမြဲသီတင်းသုံးနေလေ့ရှိပါသည်။

**ကိုယ်ကျိုးမဖက် တပည့်တွက်**

ဆရာတော်ဘုရားသည် (အတ္တဟိတ) ကိုယ်ကျိုးအတွက်နှင့်သာ အချိန်မကုန်စေမူ၍(ပရဟိတ)တပည့်သာဝကအမျိုးသား,အမျိုးသမီးတို့၏ အကျိုးကို ရှေးရှုတော်မူလျက် အရပ်ရပ်သော မြို့,ရွာ,ဒေသ တို့၌ ပဋိပတ်သာသနာတော်မြတ်ကြီး၏ စည်ပင်ပြန့်ပွား တိုးတက်စေလိုသော ဆန္ဒရှိသည့်အလျောက် ပဋိပတ်ဒေသနာ အကျင့်မြတ်ကို တပည့်ယောဂီအပေါင်းတို့အား"ပဌမဝယေ ဧဝ အရဟတ္တံ ပါပုဏာတိ ။ပ။ အထ ဗုဒ္ဓါနံ သမ္မုခီဘာဝေ ခိပ္ပါဘိညော ဟောတိ"ဟူသော သီလက္ခန်အဋ္ဌကထာ (ဆဋ္ဌ-၁၇၀)၌ လာရှိသောစကားအရ တရားထူး(မဂ်ဖိုလ်)ရနိုင်သော အချိန်ကာလနှင့် ဝိပဿနာလုပ်ငန်း၌ မဆုတ်တန်း ကြိုးစားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် (၁)ပဌမအရွယ် (၂)ဒုတိယအရွယ် (၃)သေခါနီး(၄)နတ်ပြည်၊ ဤလေးချိန်တို့တွင် ပဌမအရွယ်၌ တရားမရခဲ့သော် ဒုတိယအရွယ်၌ တရား ရတတ်၏၊ ဒုတိယအရွယ်၌ တရားမရခဲ့သော် သေခါနီး ကာလမှာ တရားရတတ်၏၊ သေခါနီးအချိန်မှာ တရားမရခဲ့သော် နတ်ပြည်မှာ တရားရတတ်၏၊နတ်ပြည်၌ဖြစ်သောအခါတွင်လည်း (မဂ်ဖိုလ်)မရသေးသော် သာသနာပ ခေတ်ကာလ၌ ပစ္စေကဗောဓိဉာဏ်ကို ရတတ်၏၊ ထိုသို့

ပစ္စေကဗောဓိဉာဏ်ကို မရသေးသော် ဘုရားရှင်တို့ထံ၌ ဒိဗ္ဗါဘိညာ ရဟန္တာပုဂ္ဂိုလ် ဖြစ်ရ တတ်ကြောင်းကို တပည့်ယောဂီပုဂ္ဂိုလ်တို့အား အမြဲမပြတ် ဆုံးမသြဝါဒ ပေးလေ့ရှိ၏။

**ဖြစ်ပျက်ရှုပွား တပည့်များ**

အထူးအားဖြင့် ဆရာတော်ဘုရားသည် မိမိထံသို့ ရောက်ရှိ၍ လာကြကုန်သော တပည့်ယောဂီ အပေါင်းတို့ကို "ငါ့ တပည့်၊ အို,နာ,သေခြင်းကင်းသောတရားကို ရှာရမည်၊ 'ဖြစ်'မှုရှိက မ'ပျက်'သောတရား ဟူ၍ မရှိ၊ 'ဖြစ်'မှုမရှိမှ 'ပျက်'မှုဒုက္ခ ကင်းလွတ်မည်၊ 'ပျက်'မှု မရှိတော့ပြီ၊ မ'ပျက်'ကိုလိုလျှင် မ'ဖြစ်'အောင် ရုပ်,နာမ် တရား နှစ်ပါးကို 'ဖြစ်-ပျက်'မြင်အောင် ရှုမှတ်ပွားများအားထုတ်ရမည်၊ 'ဖြစ်'မှုရှိသမျှ 'ပျက်'မြဲ ဓမ္မတာပင်တည်း၊ 'ဖြစ်' ပြီးနောက် မ'ပျက်'ဘဲ အမြဲတည်နေသောသဘော မရှိပေ၊ 'ပျက်'ပြီးနောက်အသစ်'ဖြစ်'မှုကား ဓမ္မတာမဟုတ်၊ အာသဝေါမကုန်သေးလျှင် 'ပျက်'ပြီးနောက် ခန္ဓာသစ် ဖြစ်သေး၏၊ အာသဝေါကုန်ပြီး (ရဟန္တာ) ဖြစ်ပါက ပရိနိဗ္ဗာနစုတိနောင် ခန္ဓာအသစ်မဖြစ်တော့ပြီ" .... အစ ရှိသော တရားသဘောများကို အမြဲဆုံးမသြဝါဒ ပေး လေ့ရှိပေ၏။

**တောင်းပန်၍သာ ရေးရှာ**

ယင်းကဲ့သို့သော တပည့်ယောဂီ အပေါင်းတို့ကို ဩဝါဒကထာပေးပြီးလျှင် သက်တော် ၆၆-နှစ်ရှိနယ်လှည့်နည်းပြ ပဋိပတ္တိဒေသက ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော ဆရာတော်ဘုရားသည် ၁၃၂၆-ခု၊ဒုတိယဝါဆိုလပြည့် နေ့တွင် ပျဉ်းမနားမြို့ မြို့မစမ်းမြိုင်တိုက်သစ် ဝိဟာရ၌ ဣရိယာပထလေးဖြာမျှတကာဖြင့် ကိုယ်ခန္ဓာအသက်ကို ငဲ့ကွက်တွယ်တာ ထောံညှာခြင်းမရှိ (ပဟိတတ္တပဓာန) အလုပ်ကို လွန်ကဲသော ဝိရိယဖြင့်ရှုမှတ်ပွားများလာ ခဲ့ရာ မိမိတို့၏ ရုပ်, နာမ်ဓမ္မ ဖြစ်ပျက်ကျအောင် နေ့ည မယုတ် လုံ့လထုတ်၍ နေချိန်ကာလ ခါသမယတွင် တပည့်ယောဂီ အလီလီများနှင့်တကွ တပည့်ကြီးငယ် အသွယ်သွယ် အပေါင်းတို့က ကောင်းစွာ ဝပ်တွား လျှောက်ထားဖန်ဖန် တောင်းပန်အပ်သည်ဖြစ်၍ ဓမ္မ အညီ နှစ်အဆိကို တပည့်ယောဂီတို့၏အကျိုးကို မြော်ကိုးရည်သန်လျက် ဤ"**သမထဝိပဿနာရှုဘွယ်ကျမ်း**" ဟူသော အမည်ဖြင့် စီရင်ရေးသား လိုက်ပေသတည်း။

**ဆရာတော် ဦးပညာသီရိ**
တွဲဘက်ဝိနိစ္ဆယနှင့် ပါဠိတက္ကသိုလ်ကျောင်းအုပ်
မြို့မစမ်းမြိုင်တိုက်သစ်
ပျဉ်းမနားမြို့

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပဏ္ဏာမ ဂန္ထာရမ္ဘကထာ | |
| နတ်သားလျှောက်ထားပုံ | ၁ |
| ဘုရားရှင် ဖြေကြားတော်မူပုံ | ၂ |
| ဗုဒ္ဓသာသနာ ၃-ပါး | ၅ |
| သရက်နှင့်အိုး ကြွက်လေးမျိုး | ၁၀ |
| ဗဟုဿုတသီလနှင့် ပြည့်စုံခြင်း | ၁၃ |
| ပရိယတ်တတ်သူ မတတ်သူ | ၁၈ |
| သီလနိဒ္ဒေသ အာစရဂေါစရ | ၂၃ |
| ဣန္ဒြိယသံဝရသီလ | ၂၆ |
| စတုပါရိသုဒ္ဓိ သမ္ပာဒနဝိဓိသီလ | ၂၈ |
| နွယ်ငန်းဖြင့် တုပ်နှောင်သော မထေရ် | ၃၀ |
| ဣန္ဒြိယသံဝရသီလ | ၃၂ |
| အရှင်သာရိပုတြာမထေရ် ဆေးပစ္စည်း | ၃၈ |
| ပရိဘောဂ ၄-မျိုး | ၄၃ |
| စိရဂုမ္ဗဝါသိက အမ္ဗခါဒက မဟာတိဿမထေရ် | ၄၉ |
| မဟာသံဃရက္ခိတမထေရ်ကြီး | ၅၂ |
| ကုဋုမ္ဗိယပုတ္တတိဿမထေရ် | ၅၃ |
| ဝိရတိသီလ သုံးပါး | ၅၅ |
| ဗြဟ္မဝိဟာရနိဒ္ဒေသ | ၅၉ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ခန္တီဝါဒဇာတ် စူဠဓမ္မပါလဇာတ် | ၆၅ |
| မျောက်မင်း စသည် | ၆၈ |
| ဝိသာခမထေရ် | ၇၃ |
| အရှင်ရက္ခိတမထေရ် | ၇၉ |
| အရှင်သာရိပုတြာမထေရ် | ၈၀ |
| မြတ်စွာဘုရားသည် အာဝိဘာဝပြာဋိဟာကို ပြဆိုခြင်း | ၈၃ |
| အရှင်ဓမ္မဒိန္နမထေရ် | ၉၀ |
| စူဠသမုဒ္ဒမထေရ် | ၉၂ |
| ဋုလ္လိသသေဋ္ဌေး စသော ဝတ္ထု | ၉၄ |
| အရှင်သောဏမထေရ် | ၉၅ |
| ရဟန်းတို့တရား ၄ မျိုးနှင့်အားထုတ်ခြင်း ၄ မျိုး | ၁၀၃ |
| ပဋိပဒါအကျင့်တရား ၄-မျိုး | ၁၀၉ |
| အကျင့်တရား ၄-မျိုး | ၁၁၄ |
| သမဏသုတ် သမဏလေးမျိုး | ၁၁၇ |
| အဘိညာသုတ် အသိဉာဏ်လေးပါး | ၁၁၉ |
| ယုံကြည်မှုသဒ္ဓါ တည်မှု-ပျက်မှု | ၁၂၁ |
| ယုံကြည်မှုသဒ္ဓါ ရှိ-မရှိ | ၁၂၂ |
| အား ၅-မျိုး | ၁၂၅ |
| ဥပဇ္ဈာယ်ဆရာ | ၁၂၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဥ္စမ,ဒု,တ,စ အနာဂတ်ဘေး ၅-မျိုးစီ | ၁၃၂ |
| ဆုတ်ယုတ် မဆုတ်ယုတ်သော ကျင့်ဆဲသောကြွ ၅-မျိုးစီ | ၁၅၉ |
| အာရညကသုတ် | ၁၆၅ |
| တောနေရဟန်း ၅-မျိုး | ၁၆၆ |
| တရားခြောက်မျိုးကို မပယ်မူ၍ အနာဂါမိဖိုလ်ကို မရခြင်း, ရခြင်း | ၁၆၇ |
| တရားခြောက်မျိုးကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မရခြင်း, ရခြင်း | ၁၆၉ |
| တရားခြောက်မျိုး မဆုတ်ယုတ်ခြင်း | ၁၇၁ |
| တရားခြောက်မျိုးနှင့် ပြည့်စုံ၍ သမာဓိ အားမရှိပုံ အားရှိပုံ | ၁၇၂ |
| တရားခြောက်မျိုးကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မရခြင်း | ၁၇၄ |
| ဥတ္တရိမနုဿဓမ္မသုတ် | ၁၇၅ |
| အဂ္ဂဓမ္မသုတ် | ၁၇၆ |
| ရတ္တိဒိဝသသုတ် | ၁၇၇ |
| သီတိဘာဝသုတ် | ၁၈၀ |
| အာဝရဏသုတ် | ၁၈၂ |
| ပဥ္စမ,ဒုတိယ အဘဗ္ဗဋ္ဌာနသုတ် | ၁၈၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သံခိတ္တဗလသုတ်နှင့် သံခိတ္တဓနသုတ် | ၁၈၇ |
| နိဒ္ဒသဝတ္ထုသုတ် | ၁၈၉ |
| ဒုတိယ,တတိယ သတ္တကသုတ် | ၁၉၁ |
| သညာသုတ် | ၁၉၅ |
| ပဌမ,ဒုတိယ ဝသသုတ် | ၁၉၇ |
| ဝိနယဓရသုတ် | ၁၉၉ |
| ပရိဟာန-အပရိဟာနသုတ် | ၂၀၁ |
| ကုသီတာရမ္ဘဝတ္ထုသုတ်- | |
| ပျင်းရိခြင်း၏အကြောင်း | ၂၀၂ |
| အားထုတ်ခြင်း၏ အကြောင်း | ၂၀၇ |
| တရားကိုးမျိုးကို မပယ်မူ၍ အရဟတ္တဖိုလ်ကို | |
| မရခြင်းနှင့် ရခြင်း | ၂၁၂ |
| သိက္ခာသုတ် | ၂၁၄ |
| သေနာသနသုတ် | ၂၁၅ |
| အပ္ပမာဒသုတ် | ၂၁၉ |
| တိရစ္ဆာနကထာဝတ္ထုသုတ် | ၂၂၀ |
| ကိံဒဒသုတ် | ၂၂၃ |
| ဝိဝေကသုတ် | ၂၂၄ |
| ဥပဋ္ဌာနသုတ် | ၂၂၆ |
| ကဿပဂေါတ္တသုတ် | ၂၂၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာနန္ဒသုတ် | ၂၂၉ |
| အရှင်နာဂဒတ္တသုတ် | ၂၃၀ |
| သဇ္ဈာယသုတ် | ၂၃၁ |
| ဂန္ဓတ္ထေနသုတ် | ၂၃၂ |
| ဒုတိယ ဒသဗလသုတ် | ၂၃၄ |
| ဥပနိသသုတ် | ၂၃၈ |
| ဥပါဒါနသုတ် | ၂၄၃ |
| သံယောဇနသုတ် | ၂၄၆ |
| မဟာရုက္ခသုတ် | ၂၄၉ |
| နိဒါနသုတ် | ၂၅၁ |
| ပုတ္တမံသူပမာသုတ် | ၂၅၅ |
| နခသိခါသုတ် | ၂၆၂ |
| ပေါက္ခရဏီသုတ် | ၂၆၃ |
| ပဗ္ဗတသုတ်နှင့် ဒုတိယပဗ္ဗတသုတ် | ၂၆၅ |
| သဒ္ဓမ္မပ္ပဋိရူပကသုတ် | ၂၆၈ |
| ဗဠိသသုတ် | ၂၇၂ |
| မိဠှကသုတ် | ၂၇၄ |
| ဘိက္ခုသုတ် | ၂၇၆ |
| နခသိခသုတ် | ၂၇၇ |
| ကလိင်္ဂရသုတ် | ၂၇၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဗိဠာရသုတ် | ၂၈၀ |
| နဝသုတ် | ၂၈၃ |
| ရှေ့ရှိရှေ့ရဲ ပေါ့ပေါ့ဆဆ အားထုတ်ခြင်း | ၂၈၈ |
| အနိစ္စသုတ် ၂-မျိုး | ၂၉၂ |
| အနတ္တလက္ခဏာသုတ် | ၃၀၁ |
| အာဒိတ္တသုတ် | ၃၀၇ |
| အရဟန္တသုတ် | ၃၀၈ |
| ဖေဏပိဏ္ဍူပမသုတ် | ၃၁၃ |
| စက္ခုသုတ်,ရူပသုတ်,ခန္ဓသုတ် | ၃၁၅ |
| အဇ္ဈတ္တာနိစ္စသုတ် | ၃၂၀ |
| ဗာဟိရာနိစ္စသုတ် | ၃၂၃ |
| အာဒိတ္တသုတ် | ၃၂၅ |
| ဥပဝါဏသန္ဒိဋ္ဌိကသုတ် | ၃၂၉ |
| ဂိလာနသုတ် | ၃၃၄ |
| ဖဂ္ဂုနသုတ် | ၃၃၈ |
| ကုမ္မောပမသုတ် | ၃၄၈ |
| ပဌမဒွယသုတ် | ၃၅၁ |
| အန္တေဝါသိကသုတ် | ၃၅၇ |
| အာနာပါနသတိကို အားထုတ်ခြင်း | ၃၆၁ |
| မိမိအသက် မငဲ့ကွက်ခြင်း | ၃၆၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တကြောင်းတည်းသော ခရီး | ၃၆၈ |
| အာနာပါနစေတိကကမ္မဋ္ဌာန်း | ၃၇၀ |
| အာနန္ဒာကို ဝေသာလီပြည်၌ မြတ်စွာဘုရား အာနာပါနဟောပုံ | ၃၇၅ |
| မြတ်စွာဘုရား အာနာပါနသတိတရား အားထုတ်ပုံ | ၃၈၁ |
| အလုံးစုံသော သမ္ဗုဒ္ဓပုဗ္ဗအလောင်းတော်တို့ အာနာပါနကို အားထုတ်ပုံ | ၃၈၅ |
| အာနာပါနသတိ၏အကျိုး | ၃၈၈ |
| ပရိယတ္တိသင်ကြားပို့ချနေသောပုဂ္ဂိုလ် | ၃၉၀ |
| အသက်ကိုမညှာ ဘာဝနာကိုပွားသော ရဟန်းဝတ္တု | ၃၉၃ |
| တရားအားမထုတ်ခင် အနန္တငါးပါးကို ရှိခိုးရန် အနန္တငါးပါးရှိခိုး | ၃၉၅ |
| ယောက်ျားမြတ်တို့၏လက်စွဲ အာနာပါနသတိ ကမ္မဋ္ဌာန်း | ၄၀၁ |
| သမထ အာနာပါနသတိ အားထုတ်ခဏ်း | ၄၀၃ |
| နှာခေါင်းက ထွက်သွားပုံနှင့် သမာဓိ မရပုံ-ရပုံ | ၄၀၅ |
| အာနာပါနသတိသုတ်အရ ပြဆိုခြင်း | ၄၀၇ |
| ထပနာသပ္ပါယ အပ္ပနာကောသလ္လ | ၄၁၃ |

C

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အထူးမှတ်သားထားချက်- | |
| သမထ အားထုတ်ခန်း | ၄၁၅ |
| ပဌမ သမထဝိပဿနာကို ပြဆိုခြင်း | ၄၁၆ |
| ဒုတိယ သမထဝိပဿနာကို ပြဆိုခြင်း | ၄၂၂ |
| တတိယ သမထဝိပဿနာကို ပြဆိုခြင်း | ၄၂၅ |
| စတုတ္ထ သမထဝိပဿနာကို ပြဆိုခြင်း | ၄၂၈ |
| ဝေဒနာသံယုတ်ကို ပြဆိုခြင်း | ၄၄၁ |
| သမထအားထုတ်ရာ၌ ဝေဒနာ သုံးကြိမ်ပေါ်၍ ချုပ်ပုံ ပဌမ, ဒုတိယ ,တတိယ | ၄၄၂ |
| အဇ္ဈတ္တ,ဗဟိဒ္ဓ ဝိပဿနာရှုရန် | ၄၅၈ |
| သမာဓိ ဘေးရန်ခြောက်ပါး | ၄၆၁ |
| ဝိပဿနာတရားအားထုတ်၍ ရဟန္တာဖြစ်ပုံ | ၄၆၅ |
| သင်္ခတပရမတ်,အသင်္ခတပရမတ် | ၄၆၆ |
| ခန္ဓာငါးပါးအပေါ်၌ အားထုတ်ပုံ | ၄၆၈ |
| ရူပက္ခန္ဓာ ရေမြှုပ်နှင့် တူပုံ | ၄၇၀ |
| ဝေဒနာက္ခန္ဓာ ရေပွက်နှင့် တူပုံ | ၄၇၃ |
| သညာက္ခန္ဓာ တံလျှပ်နှင့် တူပုံ | ၄၇၇ |
| သင်္ခါရက္ခန္ဓာ ငှက်ပျောတုံးနှင့် တူပုံ | ၄၈၁ |
| ဝိညာဏက္ခန္ဓာ မျက်လှည့်နှင့် တူပုံ | ၄၈၄ |
| ဝိပဿနာ ရှုသင့်ပုံ | ၄၈၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဉာဏ် ၁၆-ပါးကို ပြဆိုခြင်း | ၄၀၉ |
| နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် | ၄၉၀ |
| သမ္မသနဉာဏ် | ၄၉၁ |
| ဥဒယဗ္ဗယဉာဏ် | ၄၉၅ |
| ဝိပဿနာ၏ ညစ်ညူးရာ ၁၀-ပါး | ၄၉၇ |
| ဘင်္ဂဉာဏ် | ၅၀၄ |
| ဘယဉာဏ် | ၅၀၅ |
| အာဒီနဝဉာဏ် | ၅၀၇ |
| နိဗ္ဗိဒါဉာဏ် | ၅၀၉ |
| မုစ္စိတုကမျတာဉာဏ် | ၅၁၁ |
| ပဋိသင်္ခါဉာဏ် | ၅၁၃ |
| သင်္ခါရုပေက္ခာဉာဏ် | ၅၁၆ |
| အနုလောမဉာဏ် | ၅၂၁ |
| ဂေါတြဘူ,မဂ်,ဖိုလ်ဉာဏ် | ၅၂၂ |
| ဝေဒနာသဘော ပေါ်လာပုံ | ၅၂၆ |
| ဉာဏ်နယ်ရောက်၍ လွဲတတ်ပုံ | ၅၃၁ |
| ဝေဒနာသဘော ပေါ်လာတတ်ပုံ တမျိုး | ၅၃၃ |
| သောတာပတ္တိမဂ်စိတ်၏လက္ခဏာ | ၅၄၀ |
| မဂ္ဂပစ္စဝေက္ခဏာငါးပါး | ၅၄၁ |
| ဖလသမာပတ္တိကို ပြဆိုခြင်း | ၅၄၃ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝဋ္ဋနမိုလ်ကို ပြဆိုခြင်း | ၅၄၆ |
| ဖလသမာပတ်ကို ပြဆိုခြင်း | ၅၄၈ |
| ဖလသမာပတ် ဝေဒယိတသုခ မဖြစ်ပုံ | ၅၅၀ |
| ဖလသမာပတ်ဝင်စားရာ၌ လောကီမဖြစ်ပုံ | ၅၅၃ |
| သောတာပန် ဟုတ်-မဟုတ် သိနိုင်ပုံ | ၅၅၅ |
| ဖလသမာပတ်ဝင်စားစဉ် အသံမကြားရပုံ | ၅၆၁ |
| ဖလသမာပတ် တနေ့လုံး တညဉ့်လုံးနေနိုင်ပုံ | ၅၆၅ |
| ဒုတိယမဂ်တက်ရန် ဝိပဿနာအားထုတ်ပုံ | ၅၆၇ |
| ဖလသမာပတ် ဝင်စားခြင်းအကျိုး | ၅၇၂ |
| လူအနာဂါမ်သည် ယနေ့ရှင်ပြုသော ရှင်သာမဏေကို ရှိခိုးရခြင်း | ၅၇၅ |
| မဟာပစ္စဝေက္ခဏာ ၇-ပါး စစ်တမ်း | ၅၇၇ |
| သညာသိ,ဝိညာဉ်သိ,ပညာသိ သုံးပါး | ၅၈၂ |
| အာနာပါနကမ္မဋ္ဌာန်းအကျိုး ငါးပါး | ၅၈၅ |
| အဓိမာန ဖြစ်ပုံ မဖြစ်ပုံ | ၅၈၇ |
| သမထတရားအားထုတ်၍ အဓိမာနဖြစ်ပုံ | ၅၉၁ |
| အဓိမာနဖြစ်ဘူးသော ပုဂ္ဂိုလ်များ | ၅၉၃ |
| တောင်းပန်ချက် | ၅၉၈ |
| နိဂမဂါထာ | ၅၉၉ |


မာတိကာ ပြီး၏။



# သမထဝိပဿနာ ရှုဘွယ်ကျမ်း

## ပဏာမ ဂန္ထာရမ္ဘကထာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

(က) ဇိနံ နတွာ အပ္ပမေယျံ၊
တဉ္စ ဓမ္မမဃာပဟံ။
နာထဿ ဩရသံ သံဃံ၊
အာရဘိဿာမိ သံခိပံ။

**ရတနာ၃မျိုး လွန်ရှိခိုး**

ပညာသီဟ နာမသမုတ် အကျွန်ုပ်သည် ဗြဟ္မာ, နတ်, လူ သတ္တဝါဟူသမျှတို့နှင့် မနှိုင်းယှဉ်အပ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို သံသရာဘေးမှ လွတ်ချေးရည်မြော် ကျေးဇူးတော်ကို ရှိခိုးပါ၏၊ ကိလေသာစုကို

ပယ်တတ်သော ပရိယတ်မွေကွန် မြတ်နိဗ္ဗာန်နှင့် မဂ္ဂ ဖလဉာဏ် ဆယ်တန်သော တရားတော်မြတ်ကိုလည်း ရှိခိုးပါ၏၊ ဘုရားရှင်၏ ရင်၌ပေါက်ဖွား သားတော်များအစစ်ဖြစ်သော အရိယာရှစ်ဖော် သံဃာတော်ကိုလည်း ရှိခိုးပါ၏၊ ရှိခိုးပြီး၍—

(ခ) ယာဝတာ ဥပါသကေန၊
နာနာဂါမေန ဝါသိနာ။
ပဋိပတ္တိမာမကေန၊
ယောဂိနံ သုခမုဒ္ဓိယာ။

**သူတော်စင်များ တောင်းပန်ခြင်း** အထူးထူးသော မြို့ရွာဌာန ရပ်ဒေသ၌ ဒါနသီလ ပုညစွမ်းအင် ပျော်ရှင်ခိုမှီး အပြီးနေလျက် ရပ်နာမ်ဝမ္ဗ ကျိုးနှစ်ဝကို မြတ်နိုးခြင်းရှိသော မန္တလေး,မိတ္ထီလာ,နမ္မတူဘော်တွင်း,ဟံဇာား,ဝမ်းသာ,ညောင်လွန့်,အင်ပင်,တပ်ကုန်း, ငွေးပင် အဖွဲ့ဝင်သူတော်စင်ဥပါသကာကြီးငယ် အသွယ်သွယ်တို့သည် တောင်းပန်အပ်သည့်ဖြစ်၍ ယောဂီတို့၏ အကျင့်မြတ်သာသနာ ချမ်းသာစွာ သိစေခြင်းအကျိုးငှါ မကျဉ်းမကျယ် နည်းအသွယ်သွယ်ဖြင့် **"သမထ ဝိပဿနာ ရှုဘွယ်ကျမ်း"**ကို အားထုတ်ပေတော့အံ့။

(ဂ) ယောဂီသိဿာန’မတ္တာယ၊
ဝိပဿန’တ္တဒီပကံ။
ပကာသိဿာမိ ယံ ဂန္ထံ၊
တံ နိသာမေထ သာဓဝေါ။

**ရေးသားစီရင် ထေရ်အရှင်**

ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့် သုံးမြဲသိ လူကြီး လူငယ် လူရွယ်လူလတ် ရုပ်နာမ်ခေတ်ကို နှံ့စပ်သိလို ယောဂီ မျိုတို့၏ အကျိုးစီးပွား များစေခြင်းငှါ ဝိပဿနာရှုဘွယ် နည်းအသွယ်သွယ်၏ အနက်ကိုပြတတ်သော အကြင် **“သမထဝိပဿနာရှုဘွယ်ကျမ်း”**ကို ရေးသား ပြုပြင် စီရင်ပေတော့အံ့။— ထို ရုပ် နာမ် ဖြစ်ပျက် ရှုဘွယ်ခက် သည့်ကျမ်းကို သူတော်ကောင်းဖြစ်ကုန်သော အရိယာ နွယ်ဝင် ယောဂီရှင်တို့သည် ရှုမှတ်ပွားများ၍ လိုက်နာ ကြပါကုန်။

(ဃ) ပါကဋာနံ ထေရာနံ၊
နယံ နိဿာယ သာဓုကံ။
ရစိတံ ပကရဏံ သိဿာ၊
သဒါ’ဒါသံ’ဝ ပေက္ခရေ။

**ထေရ်ကျော်များထံ နည်းယူပြန်**

ကျမ်းစာပြုပြင် မဟာထေရ် အရှင် သည် ကျော်စောထင်ရှား ပါကဋ ဖြစ်တော်မူကုန်သော ဆရာတော် ဆရာမြတ်တို့၏ အထံ၌ အဓိပ္ပါယ်ထင်ရှား ယူနည်း

ဆနည်း ပွားများနည်းကို အမှီတကဲ သယဲပြု၍ ရေး သားအပ်သော **"သမထဝိပဿနာရှုဘွယ်ကျမ်း"** ကို ကောင်းစွာ ယောဂီသူတော်စင်တို့သည် နေ့ရော ညဉ့် ပါ ကြေးမုံပြင် အလားကဲ့သို့ စိတ်စေတနာကောင်း ဖြင့် အမြဲမပြတ် အထပ်ထပ် ကြည့်ရှုကြပါစေကုန် သတည်း။

(င) ဣမံ ဂန္ထံ သုသိက္ခိတွာ၊
ခရယိတွာ ဝရံဝရံ။
သကကိစ္စံ နယုဉ္ဇန္တာ၊
ပပ္ပေါန္တု ပရမံ သုခံ။

သိမှတ်ရှုပွား ယောဂီများ

ဖြစ်ပျက်ရှုပုံနည်းမျိုးစုံ ဟူ၍ပင် ခေါ်ဆို ထိုက်သော ဤ **"သမထဝိပဿနာ ရှုဘွယ်ကျမ်း"**ကို ကောင်းစွာမှတ်သား နာယူကြပြီးလျှင် ကောင်းနိုးရာရာ နှုတ်တက်ရွရွ အရ ကျက်ဆောင်ကြပါကုန်၍ ဖြစ်ပျက်ရှုပွား ရပ်နာမ် တရားဖြစ်သော အရိယာနွယ်ဝင် ယောဂီရှင်တို့၏ ကိစ္စ အဝဝကိုသာလျှင် နေ့ရောညဉ့်ပါ အခါမလပ် အထပ် ထပ် ကြိုးစားအားထုတ်နိုင်ကြပါစေကုန် သတည်း။— အလွန်မြတ်လှစွာသော နိဗ္ဗာန်ချမ်းသာ အေးငြိမ်းရာ သို့ လျင်မြန်ထုတ်ချောက် ပေါက်ရောက်ပွားများကြပါ စေကုန်သတည်း။

ပဏ္ဏာသမ ဂန္ထာဝရဏ္ဍကထာ ပြီး၏။

# သမထ ဝိပဿနာ ရှုကွက်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## နတ်သားလျှောက်ထားပုံ

အန္တောဇဋာ ဗဟိဇဋာ၊
ဇဋာယဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊
ကော ဣမံ ဝိဇဋယေ ဇဋန္တိ။

ဂေါတမ၊ ဂေါတမနွယ်ဖွား ရှင်တော်ဘုရား။ ဝါ၊ ဂေါတမဟု လောကသုံးခွင် ဘုံအပြင်ဝယ် ထင်ပေါ်ကျော်စောတော်မူပါပေသော အရှင်ဘုရား။ အန္တောဇဋာ၊ အတွင်းက ပွေလီ မသတိစရာ သပွတ်အူ ပမာ ကဲ့သို့ ရှုပ်ထွေး၍ နေပါသည်ဘုရား။ ဗဟိဇဋာ၊ ရက်ကန်းသည် အဖျင်းအမိုက်တို့၏ ကြွက်ကိုက်သော ချည်

ခင်ထွေးကဲ့သို့ အပြင်က ရုပ်ထွေး ပွေလီ၍ နေပါသည် ဘုရား။ ဇဋာယဇဋိတာ၊ ထိုအတွင်းရုပ်, အပြင်ရုပ်တည်း ဟူသော နှစ်မျိုးသော အရုပ်တို့ဖြင့် ထွေးလုံးပတ်ရစ်၍ နေကြသော။ ပဇာ၊ ပုထုဇဉ် သတ္တဝါတွေသည်။ အတ္ထိ- သန္တိ၊ ထင်ရှားရှိကြပါကုန်သည်ဘုရား။ တံ၊ ထို အတွင်း ရုပ်, အပြင်ရုပ်ဆိုတဲ့ အရုပ်နှစ်မျိုး အပူအိုးကို။ ဝါ၊ ရုပ် ထွေးနေကြတဲ့ သတ္တဝါ၏ အဖြစ်ကို။ ကော၊ အဘယ် မည်သူ နတ်နှင့်လူသည်။ ဝါ၊ ကေန၊ အဘယ်ကဲ့သို့သော နည်းလမ်းဖြင့်။ ဝိဇဋယေ၊ အပူ, အရုပ် နှစ်ပါးစုံပြုတ် အောင် အဟုတ် ဖြေရှင်းနိုင်ပါသနည်း အရှင်ဘုရား။ တံ၊ ထိုသို့ အဟုတ်ဖေ့မြတဲ့ နည်းလမ်းတွေကို။ အဟံ၊ သိလိုရေးနှင့် မေးလျှောက်သည့် တပည့်တော်သည်။ (ထည့်)။ ပုစ္ဆာမိ၊ ဖြေတော်စုံကို ဦးခိုက်လျက် မေး လျှောက်ဝံ့ပါသည် အရှင်ဘုရား။

## ဘုရားရှင် ဖြေကြားတော်မူပုံ

သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။

ဒေဝပုတ္တ၊ သိလိုရေးနှင့် မနှေးလျှင်စွာ လျှောက်ကြားလှာသည့် အို-အချင်း ဒါယကာနတ်သား။ယော၊ အကြင် ပုဂ္ဂိုလ်သည်။ သပညော၊ မွေးကတည်းက တိဟိတ်ပဋိသန္ဓေပညာနှင့် ပြည့်စုံ၍။(အလောဘဟိတ်, အဒေါသဟိတ်,အမောဟဟိတ်ကို ဆိုလိုသည်)။သီလေ၊ နိစ္စသီလ၌။ ဝါ၊စာရိတ္တသီလ,ဝါရိတ္တသီလ၌။ (ရဟန်းတော်များမှာ စတုပါရိသုဒ္ဓိသီလ,လူ ဂဟဋ္ဌများမှာဒါနနှင့်တကွ ပဉ္စင်္ဂသီလကို ယူ)။ပတိဋ္ဌာယ၊မကျိုး မပေါက် မပြောက် မကျားရအောင် ကောင်းစွာ ဆောက်တည်လျက်။ စိတ္တဉ္စ၊ ပရိယုဋ္ဌာန ကိလေသာကို ငြိမ်းစေတတ်သော သမထ ဘာဝနာကိုငင်း။ ပညဉ္စ၊ ရုပ်နာမ် တို့၏ ခဏမစဲ အမြဲဖြစ်ပျက်နေမှုကိုရှုသော ဝိပဿနာ ပညာကိုငင်း။ ဘာဝယံ ဘာဝယန္တော၊ ပွားများ အားထုတ်လျက်။ အာတာပီ၊ ကိလေသာအမှိုက် ဟူသရွေ့ကို အတင်း လောင်မြိုက် စေတတ်သော ဝီရိယနှင့် ပြည့်စုံသော။ နိပကော၊ သတိဉာဏ် ပဋိဘာန်နှင့် ရင့်ကျက်ပြီးသော။ ဘိက္ခု၊ သံသရာရေးကို ဘေးကြီးဟု ထင်မြင်ပြီးသော ပုဂ္ဂိုလ်သည်။ ယောတိ၊ ဖြစ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမံ ဇဋံ၊ ဤ အတွင်းရှုပ် အပြင်ရှုပ်ဟု ဆိုအပ်သည့် နှစ်မျိုးသော အရှုပ်တရားကို။ဝိဇဋယေ၊ အပြီးသတ် လင်းအောင် ဖြေရှင်းနိုင်ပေရာသတည်း။

အဓိပ္ပါယ်ကား—ဤ ဗုဒ္ဓရှင်တော်ဘုရား၏ ဩဝါဒ ဒေသနာတော်ကို ထောက်ထားသဖြင့် ပဋိသန္ဓေနေစဉ်ကပင် တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇပညာ ပါရှိသော သူသည် သီလအကျင့်၌ ကောင်းစွာ ဆောက်တည်၍ ကိလေသာကိုပူပန်ခြောက်သွေ့စေတတ်သော လုံ့လ, ဆန့်ကျင်ဖက် ကိလေသာကို တားမြစ် နိုင်စွမ်းသော ပညာရှိသည်ဖြစ်၍ စိတ်၏တည်ကြည်မှု သမာဓိကိုဖင်း, အထူးရှုမြင်မှု သမထ ဝိပဿနာ ပညာကိုဖင်း ပွားစေသည်ရှိသော် ထိုသို့သဘောရှိသော သူသည် ဝါးရုံပင် အခက်အလက်နှင့်တူသော ဤတဏှာ အမြွေး အယှက်ကို ဖြေဖြတ် ရှင်းလင်း အကြွင်းမဲ့ သုတ်သင်နိုင်ရာ၏။

"သီလေ ပတိဋ္ဌာယ နရော သပညော" အစရှိသော ဂါထာကို ဟောတော် မူအပ်လေသည်။ ယခုအခါ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဂါထာ၏ သီလ,သမာဓိ,ပညာ စသည် အပြားရှိသော အနက်ကို မဖောက်မပြန် ဟုတ်မှန်သော အကျယ်ကို ဖွင့်ပြပေအံ့။ မြတ်စွာဘုရား၏ သာသနာတော်၌ အလွန် ရနိုင်ခဲလှသော ရဟန်း၏အဖြစ်,လူ၏အဖြစ်ကို ရကြပါကုန်လျက် သီလအစရှိသောဂုဏ်တို့ဖြင့် သတ်ဖြတ်ရေတွက်အပ်သော ကိလေသာရန်ဘေး ကင်းဝေးသော ကြည်ရှောင် ဖွဲ့လှဲ စရာ လမ်းကွဲမရှိ ဖြောင့်မတ်လှစွာသော နိဗ္ဗာန်၏

အကြောင်းဖြစ်သော အဋ္ဌင်္ဂိက အရိယာမဂ်ကို ဟုတ်မှန်သောအတိုင်း မသိကြကုန်သောကြောင့် ဤသာသနာတော်မှာ ဝိသုဒ္ဓိ တည်းဟူသောနိဗ္ဗာန်ကို လိုချင်တောင့်တကြပါသော်လည်း အကြင်ယောဂီပုဂ္ဂိုလ် အမျိုးသားတို့သည် ဝိသုဒ္ဓိ တည်းဟူသော နိဗ္ဗာန်ကို ရည်မှန်း၍ ရဟန်းတရားကို အားထုတ်ကြပါကုန်လျက် ဝိသုဒ္ဓိသို့ မရောက်နိုင်ရှိကြကုန်သည်။ ထို ယောဂီတို့၏ဝမ်းမြောက်ခြင်းကို ပြုတတ်သော အလွန် စင်ကြယ်သော အဆုံးအဖြတ် အမည်ရှိသော နိဗ္ဗာန်လမ်းကြီးကိုဟောပေအံ့။

(ဆဋ္ဌမူ-သံ-ပ-ဒု၊ ဇဋ္ဌာသုတ္တာ၊ နံပါတ် ၁၆၄-၁၆၅-မဖွင့်)

---

## ဗုဒ္ဓသာသနာ ၃-ပါးကို ပြဆိုခြင်း

“ဗုဒ္ဓသာသနာ” ဆိုသည်ကား ဗုဒ္ဓ=ဘုရား၊ သာသနာ=အဆုံးအမ ဩဝါဒ၊ ဘုရား၏ အဆုံးအမ ဩဝါဒကို ဆိုလိုသည်။ ထို အဆုံးအမတော်သည်—

ပရိယတ္တိ သာသနာ,
ပဋိပတ္တိ သာသနာ,
ပဋိဝေဓ သာသနာ, ဟူ၍ ၃-ပါး။

တနည်း— ယထာနုလောမ သာသနာ,
ယထာပရာဓ သာသနာ,
ယထာဓမ္မ သာသနာ, ဟူ၍ ၃-ပါးရှိ၏။

ထို သုံးပါးတို့တွင်—"ပရိယတ္တိသာသနာ" ဆိုသည် ကား.... ဘုရားဟောကြားတော်မူအပ်သော ပိဋက သုံးပုံ, နိကာယ်ငါးရပ်, အဋ္ဌကထာ, ဋီကာ တို့နှင့်တကွ သင်အံ လေ့ကျက်ခြင်း၊ တတ်မြောက်သော ရဟန်း ပုဂ္ဂိုလ်,လူပုဂ္ဂိုလ်တို့ ဟောပြောပြသသည့် တရားစကား များကို သင်အံနာယူခြင်းတို့ကို ဆိုလိုသည်။

"ပဋိပတ္တိသာသနာ"ဆိုသည်ကား.... ကျမ်းဂန်တို့၌ လာသော နည်းလမ်းအတိုင်းဖြစ်စေ၊ တတ်သိလိမ္မာ သော ရဟန်းဆရာ, လူဆရာတို့ထံ နည်းနာခံ၍ ဖြစ်စေ မိမိကိုယ်တိုင် ကျင့်ကြံအား ထုတ်နေမှုကို ဆိုလိုသည်။

"ပဋိဝေဓသာသနာ"ဆိုသည်ကား....ကျင့်ကြံ အား ထုတ်သည့်အတိုင်း အမြင်မှန် အသိမှန် ရလာမှုတို့ကို ဆိုလိုသည်။

ဥပမာပြရမည်ဆိုသော်— ငှက်ပျောသီးကို စားလို သောသူသည် ရှေးဦးစွာ ငှက်ပျောပင်ကိုစိုက်ရန် ကျင်း တူးခြင်း,မြေဩဇာချခြင်း တို့ကို ပြုပြင်ပြီးနောက် ငှက် ပျော မျိုးကောင်း မျိုးမှန်ကို ရှာကြံ၍ စိုက်ပျိုးခြင်း, ရေလောင်းခြင်း, မြေတောင်မြှောက်ခြင်း စသည်တို့ကို အခါအခွင့်အားလျော်စွာ ဝီရိယသန်သန်နှင့် ပြုပြင် သဖြင့် နောက်ဆုံး၌ အပင်ရင့်သန် ကြီးထွားလာပြီး လျှင် အချိုအရသာနှင့် ပြည့်စုံသော ငှက်ပျောခိုင်ကြီး

သီး၍ စားသုံးရသကဲ့သို့ ပရိယတ္တိသာသနာ သည် ကျင်းတူးခြင်း, မြေဩဇာချခြင်းနှင့် တူ၏။ ပဋိပတ္တိ သာသနာသည် မျိုးကောင်း မျိုးမှန်ကို ရှာကြံ၍ စိုက် ပျိုးခြင်း, ရေလောင်းခြင်း, မြေတောင်မြှောက်ခြင်းနှင့် တူ၏။ ပဋိဝေဓသာသနာသည်အပင်ရင့်သန်ကြီးပွားပြီး နောက် ချိုမြိန်သော အရသာရှိသည့် ငှက်ပျောသီးကို စားသုံးရသည်နှင့် တူ၏။

တနည်း— "ယထာနုလောမသာသနာ" ဟူသည် ကား....မဟာကရုဏာရှင် ဖြစ်တော်မူကုန်သော ဘုရား ရှင်တို့သည် ဝေနေယျသတ္တဝါတို့၏ စရိုက် ဈာန်အား လျော်စွာ ဟောပြောပြသ၍ ဒုက္ခတွင်းမှ ကယ်ဆယ်မှု ပေတည်း။

"ယထာပရာဓ သာသနာ" ဟူသည်ကား.... ဘုရား ရှင်သည် မိမိ၏တပည့်သား သာသနာဝန်ထမ်း ရဟန်း တော်များအား ဤအမှုမျိုးကို ပြုလုပ်လျှင် ဤအပြစ် ကျစေ၊ ဤကဲ့သို့ ကုစားလျှင် ပပျောက်စေဟု အာဏာ တော်ဖြင့် ကရုဏာကိုရှေ့ထားလျက် ပညတ်ဆုံးမတော် မူချက်ပေတည်း။

"ယထာဓမ္မ သာသနာ" ဟူသည်ကား.... လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ဈာန် စရိုက် အဇ္ဈာသယ စသည်

တို့ကို ငဲ့ကွက် ကြည့်ရှုတော်မမူဘဲ သဘာဝဓမ္မတို့ကို လှစ်ဖွင့်ကာ ဟောပြောဆို ဆုံးမချက်ပေတည်း။

ထိုသာသနာအပြား ၃ ပါး တို့တွင်— ပရိယတ္တိ သာသနာသည် လိုရင်း အချုပ်အခြာ ဖြစ်၏။

အချို့သော သူတို့ကား ပဋိပတ္တိသာ လိုရင်း ဟူ၍ ဟောပြောလေ့ ရှိကြ၏။ ၎င်းပုဂ္ဂိုလ်တို့၏ အဓိပ္ပာယ်မှာ ပရိယတ္တိ ဆိုသည်ကား ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းဂန်များကို သင်အံလေ့ကျက် တတ်ကျွမ်းမှုကို ရည်ရွယ်လျက် ပြောဆိုကြဟန် တူသည်။ ထိုသို့ ကား မဟုတ်။ ပရိယတ္တိသည် ပဋိပတ္တိကို ကျင့်ကြံရန် စာကျက်ရန် စာတတ်ရုံမျှ မဟုတ်မူ၍ စာတလုံးတပါဒ မျှ မတတ်သော်လည်း ကျင့်ကြံ အားထုတ် ပြီးသော ပုဂ္ဂိုလ်များထံ၌ ဆုံးမဩဝါဒခံခြင်း၊ တရားနာယူခြင်း၊ ဆွေးနွေးခြင်း စသည့်တို့သည်လည်း ပဋိပတ္တိ ကျင့်စဉ် အတွက် အထောက်အပံ့ဖြစ်သဖြင့် ပရိယတ္တိသာသနာ ဟူ၍ တထစ်ချ မှတ်ယူအပ်၏။ အဘယ့်ကြောင့်ဆိုသော် ထိုသာသနာ ၃ ပါးသည် အညမညပစ္စည်း၊ နိဿယ ပစ္စည်း၊ ဥပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုတတ်သော ကြောင့်ပေတည်း။

တနည်း—ဥပမာသော်ကား....ကန်ဘောင် တာရိုးရှိ သောကြောင့် မိုးရေတင်နိုင်သည်။ မိုးရေကောင်းမွန်စွာ

တင်နိုင်သောကြောင့် ထိုမိုးရေနှင့် နွံပျောင်းကို အစွဲပြု၍ ကြာဖြူ, ကြာညို, ကြာပဒုမာ စသော ပန်းတို့၏ ကားကားစွင့်စွင့် ပွင့်သကဲ့သို့ မှတ်လေ။

အချို့သောပုဂ္ဂိုလ်တို့၏ အယူမှာ ပရိယတ္တိကို ကျမ်းဂန်တတ်သိမှု, ပဌမပြန်အောင်မှုရှိရမည်ဟု တဖက်သတ်ပြုကြသဖြင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းအတိုင်း အနည်းဆုံး စိတ်, စေတသိက်, ရုပ် တို့ကို သရုပ်ခွဲနိုင်လျက် စိတ်ယှဉ်, စေတသိက်ယှဉ်တို့ကို ကောင်းစွာတတ်ကျွမ်းနားလည်မှသာလျှင် ပဋိပတ္တိကျင့်စဉ်၌ အရာရောက်မည်ဟု အထင်နှင့် ပဋိပတ္တိအလုပ်လုပ်လိုလျှင် ရှေးဦးစွာ သဒ္ဒါ,သင်္ဂြိုဟ် တတ်ရမည်၊မတတ်လျှင် ပဋိပတ်အလုပ်၌ တွင်ကျယ်မှု မရနိုင်ဟု ဟောလေ့ ပြောလေ့ ရှိကြသည်။ ထိုပုဂ္ဂိုလ်တို့၏ အယူအဆအတိုင်းသာ မှန်ခဲ့လျှင် စာမတတ်သောသူ, စာရေးတတ် ဖတ်တတ်ရုံမျှ တတ်သောသူ, ရိုးရိုး မြန်မာစာ အသက်မွေး ဝမ်းကြောင်းအတွက်သာ နားလည် တတ်မြောက်သော သူများမှာ ပဋိပတ်အတွက် မြှော်လင့်စရာမရှိသလောက် ဖြစ်နေ၏။

ဘုရားရှင်လက်ထက်တော်၌လည်း ပဋိပတ်ကျင့်စဉ်ကို ပြသ ဟောပြောသော နည်းလမ်းအတိုင်း ဝီရိယသန်သန်နှင့် အားထုတ်ကြသဖြင့် အရိယာဇာတ် ကူး

မြောက်တော်မူကြသော ယောကျ်ား,မိန်းမတို့သည် မရေမတွက်နိုင်အောင် များပြားကြကုန်၏။ သောတာပန်ကျောင်းအမကြီး ဝိသာခါ, အနာဂါမ် မဃရဏီ, ရဟန္တာ သံကိစ္စသာမဏေ စသော ပုဂ္ဂိုလ်များမှာ ၇-နှစ်အရွယ်ကပင် အရိယာဇါတ်သို့ ကူးပြောင်းကြသဖြင့် ဘယ်အချိန်အခါတွင် သဒ္ဒါ,သဗ္ဗိုဟ် သင်၍ နေမည်နည်း။နည်းလမ်းပြသမှု တည်းဟူသော ပရိယတ္တိကိုအခြေခံကြကုန်လျက် ပဋိပတ် ကျင့်စဉ်နှင့် ပင်လျှင်အပါယ်တံခါး ပိတ်ကြသည်သာ။ သို့ဖြစ်၍ မည်သည့်ပုဂ္ဂိုလ်မဆို တကယ် သံသရာကလွတ်လိုလျှင် ကိုယ်တိုင်ကျင့်ကြံ အားထုတ်လျက်နေသော လူပုဂ္ဂိုလ်, ရဟန်းပုဂ္ဂိုလ်တို့ထံ ပရိယတ္တိ တည်းဟူသော နည်းလမ်းကိုခံယူပြီးလျှင် ပဋိပတ်ကျင့်စဉ်လမ်းကိုကြိုးပမ်းအားထုတ်ကြကုန်ရာသည်။

---

## သရက်နှင့်အိုး ကြွက်လေးမျိုး

လူမိုက် လူလိမ္မာနှင့်ပတ်သက်၍ ပုဂ္ဂလပညတ် ပါဠိတော်တွင် "သရက်နှင့် အိုး-ကြွက်နှင့် မိုး" ထိုလေးမျိုးစီရှိကြောင်း ဟောတော်မူချက် ရှိလေသည်။ ထိုတွင် သရက်သီးသည်--

၁။ စိမ်းယောင်ရှိ၍ စိမ်းသောသရက်
၂။ မှည့်ယောင်ရှိ၍ မှည့်သောသရက်
၃။ စိမ်းယောင်ရှိ၍ မှည့်သောသရက်
၄။ မှည့်ယောင်ရှိ၍ စိမ်းသောသရက်

ဟူ၍ ၄-မျိုး ရှိသကဲ့သို့—

၁။ တွင်းကိုသာဖောက်၍ မအောင်းသောကြွက်
၂။ အောင်းရုံသာ အောင်း၍ တွင်းမဖောက်သော ကြွက်
၃။ တွင်းကိုလည်း မဖောက် အောင်းလည်း မအောင်းသောကြွက်
၄။ တွင်းကိုလည်း ဖောက် အောင်းလည်း အောင်းသော ကြွက်

ဤသို့ ကြွက် ၄-မျိုးကို ဥပမာပြ၍ ပုဂ္ဂိုလ် ၄-မျိုး ရှိကြောင်းများကို မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထို့တူပင်လျှင်—

၁။ ချုန်းသာချုန်း၍ မရွာသောမိုး
၂။ ရွာရုံသာ ရွာ၍ မချုန်းသောမိုး
၃။ ချုန်းလည်းမချုန်း ရွာလည်းမရွာသောမိုး
၄။ ချုန်းလည်းချုန်း ရွာလည်းရွာသောမိုး

ဤသို့ မိုး ၄-မျိုးကို ဥပမာပြ၍ ပုဂ္ဂိုလ် ၄-မျိုးရှိကြောင်းများကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

ဤဥပမာ ၄-မျိုးရှိသကဲ့သို့ လူသည်လည်း—

၁။ ပညာလည်းမရှိ,အကျင့်လည်းယုတ်သောသူ

၂။ ပညာလည်း ရှိ, အကျင့်လည်း ကောင်းသောသူ

၃။ ပညာကား မရှိ,အကျင့်ကောင်းသောသူ

၄။ ပညာကား ရှိ၏,အကျင့် မကောင်းသောသူ

ဟူ၍ ၄-မျိုးရှိလေသည်။

ရင်းအပြင် အထက်ကပြခဲ့သော ဥပမာစကားတို့၏ ဥပမေယျကို အထူးထင်ရှားစေခြင်းငှါ—

၁။ ဗဟုဿုတ အကြားအမြင်သာများ၍,အကျင့်တရားမရှိသောသူ တယောက်

၂။ ဗဟုဿုတ အကြားအမြင်ပင် မရှိငြားသော်လည်း အကျင့်တရားရှိသောသူ တယောက်

၃။ ဗဟုဿုတ အကြားအမြင်လည်း မရှိ,အကျင့်တရားလည်း မရှိသောသူတယောက်

၄။ ဗဟုဿုတ အကြားအမြင်လည်းများ,အကျင့်တရားလည်းရှိသောသူ တယောက်

ဤပုဂ္ဂိုလ် ၄-ယောက်တို့၏ အကျိုး အပြစ် များကို မြတ်စွာဘုရား ဟောကြားဆုံးမတော်မူ၏။
(ဆင္ဂုတ္တိ-၄၊စတုတ္ထပုဂ္ဂလပညတ္တိ၊ နံပါတ် ၁၄၉၊၅ွ-၇၅)

---

## ဗဟုဿုတသီလနှင့် ပြည့်စုံခြင်း

အပ္ပဿုတောပိ စေ ဟောတိ၊
သီလေသု သုသမာဟိတော။
သီလတော နံ ပသံသန္တိ၊
တဿ သမ္ပဇ္ဇတေ သုတံ။
(ဝိသုဒ္ဓိမဂ္ဂ—၄၅၊၄ွ-၇၆)

ယော၊ အကြင်သူသည်။ အပ္ပဿုတော၊ အကြား အမြင် နည်းပါးသည်။စေ ဟောတိ၊ အကယ်၍ ဖြစ်စေ ဦးတော့။ သီလေသု၊သီလ စသော အကျင့်တရားတို့၌။ သုသမာဟိတော၊ ကောင်းစွာလုံရန် ကျင့်ကြံသည် ဖြစ် အံ့။ သီလတော၊ အကြားအမြင်နှင့် ပြည့်စုံသည့်။ နံ၊ ထိုသူကို။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။ တဿ၊ ထိုသူ အား။ သုတံ၊အကြားအမြင်သည်။ သမ္ပဇ္ဇတေ၊ ပြည့်စုံ သည်လည်း မည်၏။

အဓိပ္ပါယ်ကား— ပဌမပုဂ္ဂိုလ်သည် အကြားအမြင် များသော်လည်း အကျင့်တရားမရှိ၍ ကဲ့ရဲ့ အပ်၏။

ထို့ကြောင့် အကြားအမြင်လည်း ပြည့်စုံသည် မမည်။ ဒုတိယ ပုဂ္ဂိုလ်မှာ အကြား အမြင် မရှိသော်လည်း အကျင့်တရားရှိ၍ ချီးမွမ်းအပ်၏၊ အကြားအမြင်လည်း ပြည့်စုံသည်မည်၏။ တတိယပုဂ္ဂိုလ်သည် နှစ်ပါးစုံကဲ့ရဲ့အပ်၍ စတုတ္ထပုဂ္ဂိုလ်မှာ နှစ်ပါးစုံ ချီးမွမ်းအပ်ပေ၏။ ဤသို့စသည်ဖြင့် ကျယ်ဝန်းစွာ အဓိပ္ပါယ်လာ၏။

ဋ္ဌင်းပြင် ဗဟုဿုတ အကြားအမြင် မရှိသော်လည်း တရားကိစ္စပြီးပုံများကို မြတ်စွာဘုရား ဟောကြားသော ဥပမာစကားဖြင့် မှတ်သားရန် ပြဆိုပေအံ့—

တိကိစ္ဆကောတိ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ရဟန်းတို့။ တိကိစ္ဆကောတိ ဧတံ၊ ဆေးဆရာကြီး ဟူသော ဤအမည်သည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ အဓိဝစနံ၊ အမည်တော်ပေတည်း။

ဤကဲ့သို့ မြတ်စွာဘုရား ဟောတော်မူသော ဒေသနာ၌ ဥပမာအချုပ်ကို ထုတ်ဆိုရမူကား.... မြတ်စွာဘုရားသည် ဆေးဆရာကြီးဖြစ်သည် ဆိုသဖြင့် ဟောကြားတော်မူသော တရားအပေါင်းသည် ဆေးဝါးကောင်းမည်၏။ လောက၌ ဆေးဆရာကြီး တို့သည်

သွေး, သည်းခြေ, လေ, သလိပ် စသည်တို့ကြောင့် ဖြစ်သော ရောဂါဝေဒနာတို့ကို မိမိတို့ဖော်စပ်ထားသော ဆေးကောင်းဓာတ်စာတို့ဖြင့် တိုက်ကျွေး၍ ငြိမ်းအေးပျောက်ကင်း ချမ်းသာခြင်းကို ဖြစ်စေနိုင်သကဲ့သို့၊ ထို့အတူ- မြတ်စွာဘုရား တည်းဟူသော ဆေးဆရာကြီးသည် သက္ကာယဒိဋ္ဌိ စသော ကိလေသာ ရောဂါတို့ကို တရားတည်းဟူသော ဆေးတော်ဖြင့် တိုက်ကျွေး၍ အပါယ် ဆင်းရဲဒုက္ခဘေးမှ လွတ်မြောက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ချမ်းသာသို့ ရောက်စေနိုင်သည်။

မြတ်စွာဘုရားသည် လိမ္မာသော ဆေးဆရာကြီးနှင့် တူ၏။ တရားတော်သည် ဆေးဝါးကောင်းနှင့်တူ၏။ ကိလေသာအပေါင်းသည် အနာရောဂါနှင့်တူ၏။ ပုထုဇဉ်ဖြစ်သော လူ,နတ်,ဗြဟ္မာသည် လူနာနှင့် တူ၏။ တရားတော်ကို ကျင့်ခြင်းသည် သင့်မြတ်သော ဆေးဝါး ဓာတ်စာကို စားသည်နှင့် တူ၏။ မြတ်စွာဘုရား အထံမှ တရား နည်းလမ်း ရပြီးသော သာဝကသည် ဆေးဆရာကြီးထံမှ ဆေးပညာ တတ်မြောက်ပြီးသော တပည့်နှင့် တူ၏။ ဤ ဥပမာ၏ အချုပ်စကားမှာ.... လောက၌ ဆေးဆရာသည် ရောဂါပျောက်ငြိမ်းရန် နားလည်ကျွမ်းကျင်၍ ဆေးမှန် ဓာတ်စာမှန်ကို ပေးတတ်ခြင်းသာ လိုရင်းဖြစ်၏။လူနာသည်

ဆရာ၏ စကားကို မပယ်ရှားဘဲ ပြောသည့်ကို နားထောင်၍ ပေးကျွေးသည့်ကို စားသောက်နိုင်ခြင်းသာ လိုရင်းဖြစ်ပေ၏။ ထို့ကြောင့် ဆေးဝါးဓာတ်စာ စသည်ကို လူနာက မသိမြင် မကျွမ်းကျင်၍ နားမလည်သော်လည်း ဆေးဆရာက နားလည်တတ်မြောက်၍ ကုသနိုင်ပါလျှင် ရောဂါပျောက်ကင်းလျက် ချမ်းသာခြင်းသို့ ရောက်ရလေသည်။ ထို့အတူ ရုပ်နာမ်,ခန္ဓာ,အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်နှင့် ပရမတ်သဘော ဇော ဝီထိ စသော သုတ္တန်, အဘိဓမ္မာ, ဝိနည်း သမထ ဝိပဿနာ နည်းလမ်းများကို တရားအားထုတ်သော သူတို့က သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားခြင်း မရှိ၍ အာဂုမ်ပါဠိ အရအမိ အသိအမြင်ပင် မရှိသော်လည်း ကမ္မဋ္ဌာန်းဆရာလုပ်သူက နေရာကျအောင် ဟောပြော လမ်းပြတတ်ပါမူ အလွယ်တကူနှင့် ထမြောက်၍ မဂ်ဖိုလ်သို့ ပေါက်ရောက် နိုင်ပေသည် ဟု ယုံကြည်စွာ မှတ်ယူအပ်ပေသည်။

ဤနေရာ၌ မှတ်သားရန် ဝတ္ထုများမှာ— ဝိသာခါ ကျောင်းအမကြီးသည် ၇-နှစ်ရွယ်က သောတာပန် ဖြစ်၏။ မာတိကာ ဒကာမကြီးသည် ကောဋ္ဌာသ စီးဖြန်း၍ ကာယာနုပဿနာ ကမ္မဋ္ဌာန်းဖြင့် လောကီဈာန် အဘိညာဏ်နှင့်တကွ အနာဂါမ် တည်၏။ စာပေ

သင်ကြား တတ်မြောက်သည်မရှိပေ။ သံကိစ္စသာမဏော, သုခသာမဏော စသည်တို့သည် ၇-နှစ် အရွယ်က ရဟန္တာဖြစ်ကြ၏။ စာပေ သင်ကြားထားပြီး မရှိပေ။ စူဠပန်မထေရ်သည် ၄-ပါဒရှိသော ဂါထာတပုဒ်ကို ပင် ဝါတွင်း ၃-လပတ်လုံး သင်ကြား၍မရဘဲ မြတ်စွာ ဘုရားနှင့် တွေ့သောအခါမှ "ရဇော ဟရဏံ" မျှကို ရွတ်ဆိုရုံနှင့် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်ပြီးလျှင် ပဋိသမ္ဘိဒါအရှင်ဟု အလွန်ပင် ထင်ရှားလေ၏။

ဤကဲ့သို့ စာမတတ်ဘဲ မဂ်ဖိုလ်ကို ရကြသော လူ ယောကျ်ား,လူမိန်းမ၊သာမဏေယောကျ်ား, သာမဏေ မိန်းမ၊ရဟန်းယောကျ်ား,ရဟန်းမိန်းမ အကြီး အငယ် စသော ဝတ္ထုတို့မှာ အလွန်ပင် များပြားလှပေသည်။ ထို့ကြောင့် ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓဟု ကျမ်းဂန်၌ ပြခြင်းသည် ဒေသနာအစဉ်မျှသာ ဖြစ်ပေ၏။ ပရိယတ္တိ ကျမ်းဂန်များကို သင်အံတတ်မြောက်ပြီးမှ ပဋိပတ်ကျင့် စဉ်ကို အားထုတ်ရမည်ဟု ပြလိုသော အစီ အစဉ် မဟုတ်ပေတည်း။

တနည်းအားဖြင့် ဝိပဿနာအရာ၌ "ဥဂ္ဂဟ,ပရိ ပုစ္ဆာဝသေန ဉာဏပရိစယံ ကတွာ" ဟု ဝိသုဒ္ဓိမဂ်၌ ပြဆိုရာ "ခန္ဓာဒီသု သုတမယဉာဏံ ဥပ္ပါဒေတွာတိ အတ္ထော"စသည်ဖြင့် မဟာဋီကာ၌ လာသောကြောင့်

ကိုယ်တိုင် သင်ကြား နာရ၍ ဖြစ်စေ, မှတ်သား လေ့လာ၍ဖြစ်စေ စိတ်၌သိမြင်သော သုတမယဉာဏ်သာ လိုရင်းဖြစ်သည် ဟု ဆိုသဖြင့် တဆင့်ကြား သုတကို ပရိယတ်ယူ၍ သာသနာသုံးရပ်အစဉ်ကို ပြောဆိုခြင်း များလည်း အသင့်ပင်ဟု မှတ်ယူရန် ရှိပေသည်။

ဤသို့ ပြဆိုပြီးသော ဥပမာ ဥပမေယျတို့နှင့် တကွ ဒေသနာဝတ္ထုများကို ထောက်ရှုဆင်ခြင်၍ စာပေကို ပင် မသင်ကြား မတတ်မြောက်သော်လည်း မဂ်ဖိုလ် နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်ပေသည်ဟု ယုံကြည်စွာ မှတ်သား၍ သမထဝိပဿနာတရားကို များများကြီး အားထုတ်သင့်လှပေသတည်း။

ဤကား သာသနာ ၃-ပါးကို ပြဆိုရာ ပြီး၏။

---

## ပရိယတ်တတ်သူ မတတ်သူကို ပြဆိုခြင်း

မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလား၍ သမထ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြသော ယောဂီပုဂ္ဂိုလ် တို့သည်—

၁။ ပရိယတ္တိ စာပေ ပညာကို သင်ကြား တတ် မြောက်၍ ဗဟုဿုတ များသော ယောဂီ ပုဂ္ဂိုလ်။

၂။ ပရိယတ္တိ စာပေ ပညာကို သင်ကြား တတ်မြောက်ခြင်းမရှိ၍ ဗဟုဿုတ နည်းပါးသော ယောဂီပုဂ္ဂိုလ် ဟူ၍ ၂-မျိုးရှိ၏။

ထို ပုဂ္ဂိုလ် ၂-မျိုးတို့တွင် ကမ္မဋ္ဌာန်းခွင်သို့ ဝင်၍ အချိန်ကာလ တူမျှစွာ အားထုတ်ပါလျှင် ပညာဉာဏ် နည်းပါးသောသူသည် ပညာဉာဏ်ကြီးမားသော သူထက် မဂ်ဖိုလ်ကို အရလျင်မြန်၍ ပညာဉာဏ်ကြီးမား ဗဟုဿုတ များပြားသောသူမှာ ပညာဉာဏ်နည်းပါးသောသူအောက် မဂ်ဖိုလ် နိဗ္ဗာန်ကို အရ နောက်ကျနှံ့နှေး၍ ရှည်ဝေး ကြာမြင့်တတ်လေသည်။

ဝတ္ထုသက်သေဖြင့် သိရှိရန်မှာ— အရှင်သာရိပုတြာနှင့် အရှင်မဟာမောဂ္ဂလ္လာန်မထေရ် ၂-ပါးတို့၏ ဝတ္ထုဖြင့်ပင် အရှင်သာရိပုတြာသည် ပညာကြီးမား၍ ဗဟုဿုတ အကြားအမြင် များ၍ ဉာဏ်ပညာ ကြီးမား၏။ အရှင်မဟာမောဂ္ဂလ္လာန်သည် အကြား အမြင် မများ၍ ဉာဏ်ပညာနည်းပါး၏။ ထိုမထေရ် ၂-ပါးတို့တွင် အရှင်သာရိပုတြာသည် ၁၅-ရက် အားထုတ်မှ အဝဝ ပြီးမြောက်၏။ အရှင်မဟာမောဂ္ဂလ္လာန်မှာ ၇-ရက်နှင့် အဝဝ ပြီးမြောက်သည်ကို ထောက်ဆ၍ သိနိုင်ပေသည်။

အဋ္ဌကထာ၌ ဥပမာပြသည်မှာ— လောက၌ ရှင်ဘုရင်နှင့် ဆင်းရဲသား ၂-ဦးတို့ ခရီးသွားကြရာ ဆင်းရဲသားမှာ ဓားမတို တချောင်းနှင့် လွယ်အိတ် တလုံးလောက် ကောက်ယူပြီး ခရီးသွားနိုင်သဖြင့် ပြင်ဆင်ရန်ကိစ္စ နည်းပါးလှ၍ လျင်မြန်စွာ ထမြောက် လေ၏။ မင်းမှာမူကား ရှေ့ပြေး, ရှေ့ဝန်, နောက်ဝန် စသော အစီအမံတို့ဖြင့် မင်းခမ်း,မင်းနား တို့ ပြုပြင်ရန် များပြားလှသောကြောင့် နှောင့်နှေး ကြာမြင့်မှ ထွက်မြောက်နိုင်လေသည်။ ထို့အတူ- အရှင်မဟာမောဂ္ဂလ္လာန်မှာ ဆင်းရဲသားကဲ့သို့ ပညာနည်းပါးသဖြင့် ကြံစည် တွေးဆရန် မများလှသောကြောင့် လျင်မြန်စွာ ထမြောက်၍ အလုပ်ကိစ္စ ပေါက်ရောက် လွယ်ကူ၏။ အရှင်သာရိပုတြာမှာမူကား ရှင်ဘုရင်ကဲ့သို့ ပညာကြီးမားသဖြင့် ဉာဏ်အမြင်၌ နည်းလမ်း ကျယ်ဝန်း များပြားလှသောကြောင့် နှောင့်နှေး ရှည်ကြာလျက် အလုပ်ကိစ္စ ပြီးမြောက် ပေါက်ရောက်ရန် နောက်ကျလေ၏ဟု လာရှိပေသည်။

အသင့် ယုတ္တိဖြစ်သော ဥပမာ တနည်း အားဖြင့် လူ ၂-ယောက် ခရီးအတူသွားကြရာ တယောက်သောသူမှာ ခရီးလမ်းရှိရွာတို့၌အသိမိတ်ဆွေမရှိ။တယောက်သောသူမှာ အသိမိတ်ဆွေ ရှိ၏။ ထို ၂-ယောက်တို့တွင်

ပဉ္စမလူမှာ လမ်းခရီး၌ နှုတ်ဆက်ရန် ဝင်ထွက်နားနေရန် ကိစ္စမရှိ၍ အလိုရှိသော မြို့ရွာသို့ စောစောရောက်နိုင်လေ၏။ ဒုတိယလူမှာမူ အသိမိတ်ဆွေ များသည့်အတွက် နှုတ်ဆက် ဝင်ထွက် နားနေခြင်း ကိစ္စများသောကြောင့် အလိုရှိသောမြို့ရွာသို့ အချိန်လွန်မှရောက်ရလေသည်။ ထို့အတူ- ပညာနည်း ပါးသော သူသည် ဆရာပြောသည့်အတိုင်း ဆင်ခြင် စဉ်းစားနေခြင်း မရှိဘဲ စွဲမြဲစွာ အားထုတ်သွားသဖြင့် အလျင်အမြန်ပေါက်ရောက်နိုင်လေ၏။ ပညာကြီးမားသော သူမှာမူကား ဆရာပြောသည့်အတိုင်းမနေဘဲ ဉာဏ်အမြင်၌ နည်းလမ်းကျယ်ဝန်းများပြားလှသောကြောင့် နေ့ရက် ရှည်စွာ ကာလကြာမြင့်မှ မဂ်ဖိုလ်သို့ ပေါက်ရောက်ရလေသည်။

ဤဥပမာ၌ ယောဂီပုဂ္ဂိုလ် ၂-ဦးသည် ခရီးသွားသူ ၂-ယောက်နှင့် တူ၏။ ပရိယတ်ကျမ်းဂန် ပညာဉာဏ်နည်းပါးခြင်း, များပြားခြင်းသည် လမ်းခရီး၌ အသိမိတ်ဆွေ မရှိခြင်း, ရှိခြင်းနှင့်တူ၏။ သမထ ဝိပဿနာအလုပ်ကိုအားထုတ်ခြင်းသည် ခရီးသွားသည်နှင့်တူ၏။ အသိဉာဏ်၌ အမြင်နည်းခြင်း,များခြင်းသည် လမ်းခရီး၌ နှုတ်ဆက်နားနေမှု မရှိခြင်း,ရှိခြင်းနှင့်တူ၏။ မဂ်ဖိုလ်သို့ ရှေ့ရောက်ခြင်း, နောက်ရောက်ခြင်းသည် အလိုရှိ

သော မြို့ရွာသို့ စောစော ရောက်ခြင်း, အချိန် လွန်မှ ရောက်ခြင်းနှင့်တူ၏။ ဤအတူ- အထက်တွင်ပြခဲ့သော ဥပမာကိုလည်း ဥပမေယျဆောင်၍ သိပါလေ။

ယခု ဖော်ပြခဲ့သော အဋ္ဌကထာစကားနှင့် ဥပမာများကို ယေဘုယျအားဖြင့်သာ မှတ်ယူအပ်၏။ အပ္ပက အားဖြင့်မူကား ပညာဉာဏ် ကြီးမားသူတို့က ရှေးဦးစွာ ပေါက်ရောက်ခြင်းသည်လည်း အနည်းငယ် ရှိပေသေး၏။ ထိုစကားမှန်၏။မြတ်စွာဘုရား ရှေ့လက်ထက်တော်မှစ၍ ယခုအခါသို့တိုင်အောင် မဂ်ဖိုလ်သို့ ပေါက်ရောက်ကြသော ရဟန်း ရှင် လူ တို့သည် စာပေပညာမတတ်သောသူတို့သာ အလွန်များပြားကုန်၏။ စာပေပညာ တတ်သော သူတို့မှာမူကား နည်းပါးလှ၏။ တထောင်တွင် တယောက်မျှ မရှိနိုင်ပေရာ။ တရာ အား ထုတ်စမ်းကြည့်ပါလျှင် ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင် သိရှိရပါလိမ့်မည်။

"တိမ်တိမ်နှင့် နက်၊ လွယ်လွယ်နှင့် ခက်" ဆိုသော စကားသည် သဒ္ဓါ ဝီရိယ နဲသူများ သက်သေခံထွက်လာလိမ့်မည် သေချာပါသည်။

ထို့ကြောင့် ယခုအခါ၌ စာပေပညာမတတ်သော သူတို့သည် အထက်တွင် ဖော်ပြခဲ့သော ဝတ္ထုသာဓကနှင့် ဥပမာ ဥပမေယျတို့ကို ယုံကြည်စိတ်ချ၍ နှစ်သက်

အားရ ရှင်လန်းကြလျက် သမထ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို များများကြီး အားထုတ်သင့်လှပေသည်။ ရှေးရှေးက ဆရာတော်ကြီးများက "ပရိယတ်အကျိုး၊ စာမာန်ကိုး၊ မဂ်မျိုးချင်းချင်းကွာ" ဟု ဆိုထားပါသည်။ စာမာန်ကိုး၍ မဖြစ်စေရန် စေတနာ,မေတ္တာနှင့် ရေးပြလိုက်ပါသည် သူတော်ကောင်းအပေါင်းတို့။

(ဆင္ဒမူ ဓမ္မပဒ ဌ-ပ-၅၂-၇၃-အထိ)

---

## သီလနိဒ္ဒေသ အာစရ ဂေါစရကို ပြခြင်း

ဂေါစရ သည်ကား—

၁။ ဥပနိဿယ ဂေါစရ

၂။ အာရက္ခ ဂေါစရ

၃။ ဥပနိဗန္ဓ ဂေါစရ ဟူ၍ ၃-မျိုးရှိ၏။

ထို ၃-မျိုးတို့တွင် "ဥပနိဿယဂေါစရ" ဆိုသည်ကား.... အပိဏ္ဍတာ အစရှိသော ဆယ်ပါးသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသောအဆွေခင်ပွန်း ကလျာဏမိတ္တကို ရ၏။ထိုပုဂ္ဂိုလ်ကိုအမှီပြု၍ မကြားဘူးသေးသော တရားစကားကို ကြားနာရ၏။ကြားနာဘူးသော တရားစကားကို ရှင်းလင်း ဖြူစင်စေ၏။ အယူကို

ဖြောင့်မတ်စွာ ပြုရာ၏။ စိတ်ကို ကြည်လင်ရစေ၏။ ထိုသို့သော ပုဂ္ဂိုလ်ကို အတုလိုက်၍ ကျင့်သောသူသည် သဒ္ဓါတရားအားဖြင့် ပွားတိုး၏။ အကျင့် သီလ အားဖြင့်, အကြား အမြင်အားဖြင့်,စွန့်ကြဲ ပေးကမ်းခြင်း အားဖြင့် အသိပညာအလိမ္မာ ဟူသော ပညာအားဖြင့် ပွားတိုး၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ကလျာဏမိတ္တ အမှီကို ရခြင်းသည် ဥပနိဿယဂေါစရ မည်၏။

၂။ "အာရက္ခဂေါစရ" ဆိုသည်ကား.... ရဟန်းသည် ရွာတွင်းသို့ဝင်သည်ရှိသော် ဆွမ်းအလို့ငှါ ရွာတွင်းသို့ လှည့်လည်သည် ရှိသော် ချသော မျက်လွှာရှိသဖြင့် လေးတောင်ခန့်မျှ ပမာဏလောက်သာကြည့်၍ ကောင်းစွာရှုဆွေကို စောင့်စည်းလျက် သွား၏။ ဆင်, မြင်း,ရထား,မိန်းမ,ယောကျ်ား တို့ကို မကြည့်မူ၍ သွား၏။ဤကဲ့သို့ စောင့်စည်း၍ သွားလာခြင်းသည် အာရက္ခဂေါစရမည်၏။

၃။ "ဥပနိဗန္ဓ ဂေါစရ"ဆိုသည်ကား.... လေးပါးသော သတိပဋ္ဌာန်တို့ဖြင့် စိတ်ကို နှောင်ဖွဲ့ထား၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "ကော စ ဘိက္ခဝေ ဘိက္ခုနော ဂေါစရော သကော ပေတ္တိကော ဝိသယော ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ" ဟူ၍ ဟောတော်မူအပ်၏။ (ဝိသုဒ္ဓိမဂ္ဂ ၁၉၄၆-၄၁)

"အို....ရဟန်းတို့ ရဟန်း၏ မိမိဖခင် ဘုရားရှင်၏ ကျက်စားရာ အာရုံဖြစ်သောစားကျက်ဟူသည် အဘယ်နည်းဟူမူကား....ဤ ၄-ပါးသော သတိပဋ္ဌာန်တရားတို့ပေတည်း" ဤသို့ ဟောတော်မူသောကြောင့် ဤဆိုအပ်ခဲ့ပြီးသော သတိပဋ္ဌာန် ၄-ပါးသည် ဥပနိဗန္ဓဂေါစရ မည်၏။

"အဏုမြူပမာဏမျှလောက်သော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိ၏"ဟု ဆိုသည်ကား.... အဏုမြူပမာ သေးငယ်စွာသော စိတ်,စေတနာ မပါမရှိသော်လည်း သင့်ရောက်နိုင်သော သေခိယသိက္ခာပုဒ် အကုသိုလ်စိတ်ဖြစ်ပေါ်ခြင်း စသည်အပြားရှိသော အပြစ်ငယ်တို့ကိုသော်လည်း မြင်းမိုရ်တောင်မျှ ကြီးကျယ်သော အပြစ်ဘေးကြီး ဟူ၍ ရှုလေ့ရှိသည် ဖြစ်၏။

"သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်၏"ဆိုသည်ကား.... ကျင့်အပ်သော သိက္ခာပုဒ်တို့သည် ရှိ၏။ ထိုအလုံးစုံသော သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်၏ ဆိုလိုသည်။

ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ပုဂ္ဂလာဓိဋ္ဌာန်နည်းအားဖြင့် ပါတိမောက္ခသံဝရသီလကို ပြတော်မူ၏။ အာစရဂေါစရကို ပြသည်မှာကား.... ထို အကျင့်

ကောင်းများနှင့်ပြည့်စုံမှ ပါတိမောက္ခသံဝရသီလ ပြည့်စုံမည်ဖြစ်သောကြောင့် ပြလေသတည်း။

---

## ဣန္ဒြိယသံဝရသီလကို ပြဆိုခြင်း

"နိမိတ်အမှတ်ကို ယူသည် မဖြစ်" ဆိုသည်ကား.... ဤသူကား မိန်းမ,ဤသူကား ယောကျ်ားဟု သိကြောင်းဖြစ်သော အသွင်သဏ္ဌာန် မှတ်ဆိတ်,သွားမြတ် စသော အမှတ်နိမိတ်လည်းကောင်း၊ ရာဂဖြစ်ကြောင်း ကောင်းမြတ်လှပေ၏ ဟူသော သုဘနိမိတ်, ဒေါသဖြစ်ကြောင်း မကောင်းသော နိမိတ်လည်းဖြစ်သော ကိလေသာပွားများကြောင်း နိမိတ်အမှတ်ကို ယူသည် မဖြစ်၊ စက္ခုဝိညာဏ်ဖြင့် မြင်သောအတိုင်းသာ တည်၏ ဟူ၍ ဆိုလိုသည်။

"အနုဗျဉ္ဇနကို ယူသည်မဖြစ်" ဆိုသည်ကား.... ကိလေသာတို့ကို အစဉ်မပြတ် အထပ်ထပ် အဖန်ဖန် ထင်ရှားပေါ်ထွက်လာအောင် ပြုတတ်သောကြောင့် အနုဗျဉ္ဇန ခေါ်သော လက်,ခြေ၊ ပြုံးခြင်း, ရယ်ခြင်း, ပြောဟောခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း စသည်ဖြင့် အခြင်းအရာများကို မမှတ်မယူ။ စေတိယတောင်၌ သီတင်းသုံး နေထိုင်တော်မူသော မဟာတိဿမထေရ်ကြီး ကဲ့သို့ ထိုကိုယ်ကာယ၌ အကြင် ဆံပင်,

မွေးညှင်း အစရှိသော အစုသည်ထင်ရှားရှိ၏၊ထိုအရာစုတို့ကိုသာလျှင် မှတ်ယူ၏ ဟူ၍ ဆိုလိုသည်။

တဆင့်စကားကြားဘူးသည်မှာ....မထင်ရှားသော အမျိုး၏ ချွေးမဖြစ်လာသော အရှင်သခင် လင်ယောကျ်ားနှင့် မသင့်မတင့်ငြင်းခုံခိုက်ရန် ဖြစ်ကြ၍ မိမိကိုယ်ကို ကောင်းစွာဖီးလိမ်း ဝတ်ဆင်ပြီးလျှင် နတ်သမီးကညာကဲ့သို့ လှပယဉ်ကျေးစွာ နံနက်စောစောအခါ အနုရာဓမြို့မှ ထွက်၍ မိမိဆွေမျိုးများအိမ်သို့ သွားလေ၏။ လမ်းခရီးအကြား၌ စေတိယတောင်မှ အနုရာဓမြို့တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာသော မထေရ်ကြီးကို မြင်လေသော် ရာဂဖြင့် ဖောက်ပြန်သောစိတ်ရှိ၍ ပြင်းစွာ ရယ်မောခြင်းကိုပြု၍ ရယ်မောသတတ်။ ထိုအခါ မထေရ်ကြီးသည် ထိုတခစ်ခစ်ရယ်သော အသံကား အဘယ်အသံနည်းဟု ကြည့်လေသော် အမျိုး ချွေးမ၏ သွားရိုးကို မြင်၍ သွားရိုး၌ "အရိုးစု"ဟူသော အမှတ်သညာကိုရပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်လေသည်။ ထိုကြောင့် အောက်ပါဂါထာကို ရွတ်ဆိုအပ်၏။

တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊
ပုဗ္ဗသညံ အနုဿရိ။
တတ္ထေဝ သော ဌိတော ထေရော၊
အရဟတ္တံ အပါပုဏီတိ။

မထေရ်ကြီးသည် ထိုမိန်းမ၏ သွားရိုးကို မြင်ရသော ကြောင့် ရှေးရအပ်ဘူးသော အဋ္ဌိကသညာကမ္မဋ္ဌာန်း ကို အဖန်တလဲလဲ အောက်မေ့၏။ထိုအရပ်၌ ရပ်တည် လျက်ပင်လျှင် ထိုတိဿမထေရ်ကြီးသည် အရဟတ္တဖိုလ် သို့ ရောက်လေ၏။

ထိုမိန်းမ၏ ချစ်လင် ယောကျ်ားသည် ခြေရာခံ၍ လိုက်သည်ရှိသော် မထေရ်ကြီးကိုမြင်၍ "အရှင်ဘုရား တစုံတယောက်သော မိန်းမကို တွေ့မြင် လိုက်ပါသ လော"ဟု မေးလျှောက်၏၊ထိုယောကျ်ားအား မထေရ် ကြီးသည် "အို....သူတော်ကောင်း ဤမှ သွားသောသူ သည် မိန်းမဟူ၍ငင်း, ယောကျ်ားဟူ၍ငင်း ငါသည် မသိ။ စင်စစ်ဖြစ်သော်ကား'ဤအရိုးစု'သည် လမ်းမ ကြီး၌ သွားပေ၏"ဟု ဆို၏။

(ဝိသုဒ္ဓိမဂ္ဂ-ဌ-ပ ၂၀-၂၁၊ဋီ-၄၇)

---

ဓာတုပါဒိသုဒ္ဓိ သမ္မာဒနုဝိမိသိလကို ပြဆိုခြင်း

ထို့ကြောင့် ဘုရားရှင်ပညတ်တော်မူသော သိက္ခာ ပုဒ်တော်များကို ဘုရားရှင်၏ တရားတော်များကို ယုံ ကြည်သော အားဖြင့် အကြွင်းမဲ့ ကောင်းစွာ ဆောက် တည်၍ အသက်ကိုသော်လည်း ငဲ့ကွက် တွယ်တာခြင်း မပြုမူ၍ ကောင်းစွာ ပြီးပြည့်စုံစေအပ်၏။ ထိုကြောင့်

အောက်ပါဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သတည်း။

ကိကီဝ အဏ္ဍံ စာမရီဝ ဝါလဓိံ၊
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။
တထေဝ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါတိ။

"ကိကီ၊ ကိကီ" ဟု အော်တတ်သောကြောင့် ကိကီအမည်ရှိသော ယစ်မသည် အသက်သေအံ့သည်ကိုမငဲ့ မိမိ၏အဥကို စောင့်ရှောက်သကဲ့သို့၊ စာမရီ မည်သော သားကောင် တမျိုးသည် အသက် သေအံ့သည် မထောက် မိမိအမြီးဆံကို စောင့်ရှောက် သကဲ့သို့၊ တယောက်တည်းသာ ရှိသော သားကို မိဘတို့သည် အလွန်ချစ်လှသည်ဖြစ်၍ အထူးစောင့်ရှောက်ဘိသကဲ့သို့၊ မျက်စိတဖက်သာရှိသောသူသည် ထိုတဖက်သာ ကျန်သော မျက်စိကို အထူးဂရုပြု၍စောင့်ရှောက်သကဲ့သို့၊ထို့အတူသာလျှင် သီလကို အစဉ် စောင့်ရှောက်ကြကုန်သည်၊ သီလကို ကောင်းစွာချစ်ခင်ကြ ကုန်သည်၊ အခါခပ်သိမ်း ရိုသေသမှုပြု၍ ကျင့်ကြကုန်သည် ဖြစ်ကြကုန်လော့။

ထိုမှတပါးလည်း ဤဆိုလတ္တံ့သောအတိုင်း ဟောကြားတော်မူအပ်၏။ "အို-မြတ်သောမင်းကြီး.... မဟာသမုဒ္ဒရာရေသည် ကမ်းကိုမလွန်သကဲ့သို့၊ ထို့အတူပင် လျှင်ငါဘုရားသည် တပည့်သားတော်တို့အား အကြွင်းသိက္ခာပုဒ်ကို ပညတ်တော်မူအပ်၏၊ ထို သိက္ခာပုဒ်ကို ငါ၏ တပည့်သားတော်တို့သည် အသက်သေအံ့ ဟူသော အကြောင်းကြောင့် မလွန်ကျူးကြကုန်" ဟု ဟောတော်မူအပ်၏။

သမထ ဝိပဿနာတရား အားထုတ်သော ပုဂ္ဂိုလ်များ အထက်ကပြခဲ့သော ယစ်မကဲ့သို့။ ပ။ မျက်စိတဖက်ရှိသော ပုဂ္ဂိုလ်ကဲ့သို့ သီလကို စောင့်ရှောက်ပြီး တရားများ အားထုတ်တော်မူကြပါလေ။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ—ပ-ဋ္ဌ-နံပါတ် ၃၄၊ ၃၅-၆၄-၆၅ အထိ)

---

နှယ်ငန်းဖြင့် တုပ်နှောင်သော မထေရ်ကို ပြဆိုခြင်း

ဤသို့"အသက် သေအံ့ဟူသော အကြောင်းကြောင့်လည်း သိက္ခာပုဒ်တော်ကိုမလွန်ကျူးကြကုန်"ဟုဆိုရာ၌ တောအုပ်ကြီးအတွင်း ခိုးသူတို့ဖမ်းဆီး၍ တုပ်နှောင်ထားအပ်သော ရဟန်း၏ဝတ္ထုကို သိအပ်၏။

တဆင့်စကားကြားဘူးသည်မှာ.... ပညောင်ပင်ကြီး တပင်ရှိသော ဟိမဝန္တာတောအုပ်ကြီး၌ မထေရ်တပါးကို ခိုးသားခေးပြတို့သည် နွယ်ငန်းတို့ဖြင့် တုပ်နှောင်၍ အိပ်စေကုန်၏။ မထေရ်သည် ထားသော အတိုင်း လျောင်းလျက်နေစဉ် ၇-ရက်တို့ပတ်လုံး ဝိပဿနာကိုပွား၍ အနာဂါမိဖိုလ်သို့ရောက်ပြီးလျှင် ထိုအရပ်၌ပင် စုတေသေလွန်၍ ဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

ထို့ပြင်လည်း သီဟိုဠ်ကျွန်း၌ မထေရ်တပါးကို ခိုးသူတို့ဖမ်းဆီး၍ ဆင်သမနွယ်ဖြင့် ချည်နှောင် တုပ်ဖွဲ့ပြီးလျှင် အိပ်လျက်နေစေ၏။ ထိုမထေရ်သည် တောမီးလောင်၍ လာရာတွင် ထိုချည်ထားသော နွယ်များကို မဖြတ်မူ၍ ဝိပဿနာကိုပွားလျက် သမသီသီ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုလေ၏။ ဒီဃနိကာယ်ကို ဆောင်သော အဘယမထေရ်သည် ငါးရာသောရဟန်းတို့နှင့် အတူတကွကြွလာကြရာ ထိုမထေရ်၏အလောင်းကိုမြင်၍ မီးသင်္ဂြိုဟ်ပြီးလျှင် စေတီ တည်ထားစေကုန်၏။

ထို့ကြောင့် တပါးသော အမျိုးကောင်းသားတို့သည်လည်း ပါတိမောက္ခသံဝရသီလကို ဖြူစင်စေလိုပါမူ မိမိ၏အသက်ကိုသော်လည်းစွန့်ရာ၏။ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည် ပညတ်တော်မူအပ်သော သီလသိက္ခာပုဒ်များကို လွန်ကျူး

သောအားဖြင့် မနဖောက်မဖျက်ရာ။ အထက်ကပြထားခဲ့သော ဝတ္ထုသက်သေများကဲ့သို့ သမထ ဝိပဿနာ တရား အားထုတ်ကြပါလေ။

ယခုအခါ တရားအားထုတ်သော ပုဂ္ဂိုလ်များနှင့် ဘယ်ာလောကီများ ကွာသလဲဆိုတာ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ကြည့်ကြပါလေ သူတော်ကောင်းအပေါင်းတို့။ (ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ပ-ဌ-၃၄-၃၅၊ ဋီ-၆၅-၆၆)

---

## ဓာတုမနသိကာရသံဝရသီလကို ပြဆိုခြင်း

ထို့ပြင် နည်းယူစရာကောင်းလှသည့်ကား....ဣန္ဒြိယသံဝရသီလကို ဖြည့်ကျင့်လိုသော ရဟန်း မည်သည် ကုရုဋ္ဌကလိုဏ်ကြီး၌ သီတင်းသုံး နေတော်မူသော အရှင်စိတ္တဂုတ္တမထေရ်ကဲ့သို့ရင်း,စောရကမဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးနေသော အရှင်မဟာမိတ္တမထေရ်ကဲ့သို့ရင်း ဖြစ်ရာ၏။

ကြားဘူးသည်မှာ.... ကုရုဏ္ဍကလိုဏ်ကြီး၌ ဝိပဿီ, သိခီ အစရှိသော ဘုရားရှင် ၇-နှစ်ဆူတို့၏ တောထွက်ခန်းအစီအရင် ပန်းချီဆေးရေး အရုပ်ကားများသည် မြင်သူတို့နှလုံးမွေ့လျော်ဖွယ် အလွန်တင့်တယ် ကြည့်ရှုချင်စဖွယ်ဖြစ်၏။များစွာသော ရဟန်းတို့သည် ကျောင်းစဉ်လှည့်လည်ခြင်းဖြင့် လှည့်လည်၍လာကြရာ အဆန်း

တကြယ် ကြည့်ရှုချင်စဖွယ် ရေးသားဆားသော ပန်းချီဆေးစုံခြယ် ရုပ်ပုံကားများကို မြင်၍ "အရှင်ဘုရား ဆေးရေး ပန်းချီ ကားများသည် နှလုံးမွေ့လျော်ဖွယ် တင့်တယ် ဆန်းကြယ်လှပါပေ၏" ဟု ဆိုကြကုန်၏။ မထေရ်ကြီးသည် "အို-ငါ့ရှင်တို့ အနှစ် ခြောက်ဆယ် ကျော်တို့ ကာလပတ်လုံး ဤလိုဏ်၌နေသော ငါအား ပန်းချီဆေးရေး ရုပ်ပုံကားများရှိ၏, မရှိ၏ ဟူ၍မျှ မသိချေ။ယခုမူကား မျက်စိအောင်းကြပေကုန်သော ငါ့ရှင် တို့ကိုအမှီပြု၍ သိရပေ၏"ဟု ဆို၏။ မထေရ်ကြီးသည် ကား ဤမျှအခွန့်ကာလ ကြာမြင့်စွာ နေပါသော်လည်း မျက်စိကိုဖွင့်၍ လိုဏ်ကြီးကို မကြည့်စဘူးချေ။ထိုမထေရ် ကြီး၏ လိုဏ်အပေါက်ဝမှာ ကန့်ကော်ပင်ကြီးတပင် ရှိလေသည်။ထိုကန့်ကော်ပင်ကြီးကိုလည်း မထေရ်ကြီး သည် အပေါ်သို့မော့၍ မကြည့်စဘူးချေ။နှစ်စဉ်မပြတ် မြေ၌ကျသော ဝတ်မှုန်တို့ကို မြင်မှသာလျှင် ကန့်ကော် ပင်ကြီး၏ ပွင့်သည့်အဖြစ်ကို သိလေသည်။

ဘုရင်မင်းမြတ်သည် မထေရ်ကြီး၏ သီလသမာဓိ ဂုဏ် ပြည့်စုံကြောင်း ကြားသိ၍ ရှိခိုး ပူဇော် လိုသော ကြောင့် သုံးကြိမ်တိုင်တိုင် လူစေလွှတ်၍ ပင့်စေသော် လည်း မထေရ်ကြီး မကြွလှာသောကြောင့်ထိုရွာ၌ နို့စို့ သားငယ် သမီးငယ် ရှိကုန်သော မိန်းမတို့၏ သားမြတ်

တို့ကို ရင်လွှမ်းအဝတ်ဖြင့် ရစ်ပတ်စေ၍ မင်း၏တံဆိပ် ခတ်စေ၏။ "အကြင်မျှလောက်သော ကာလပတ်လုံး မထေရ်ကြီးသည် မကြွလှာ၊ထိုမျှလောက်သော ကာလ ပတ်လုံး သူငယ်တို့သည် နို့စို့ခွင့် မရစေရ"ဟု အမိန့် ထုတ်ပြန်၏။မထေရ်ကြီးသည် သူငယ်တို့ကိုသနားသဖြင့် မဟာဂါမရွာကြီးသို့ ကြွတော်မူလေ၏။ မင်းသည် မထေရ်ကြီး ကြွလှာကြောင်းကို ကြားလေသော် "အို- အမတ်တို့ သွားကြကုန်၊မထေရ်ကြီးကို နန်းတော်တွင်း သို့ ပင့်ဆောင်ခဲ့ကြကုန်၊ သီလ ခံယူအံ့"ဟု ဆို၍ နန်း တွင်းသို့ ပင့်ဆောင်စေပြီးလျှင် ရှိခိုးပူဇော်၍ ဆွမ်းလုပ် ကျွေး၍"အရှင်ဘုရား ယနေ့ကား သီလဆောက်တည် ခွင့် မရတော့ပါ၊ နက်ဖြန်မှ သီလခံယူ ဆောက်တည် ပါအံ့"ဟု လျှောက်၍ မထေရ်ကြီး၏ သပိတ်ကို ယူပြီး လျှင် အနည်းငယ်လိုက်ပို့၍ မိဖုရားနှင့်တကွ ရှိခိုး၍ ပြန်ခဲ့၏။မထေရ်ကြီးသည် မင်းရှိခိုးသည်ကိုဇင်း, မိဖုရား ရှိခိုးသည်ကိုဇင်း"သုခီ ဟောတု မဟာရာဇ"ဟူ၍သာ ဆို၏။ဤသို့လျှင် ၇-နှစ်ရက်မြောက်သောနေ့သို့ ရောက် သောအခါ ရဟန်းတော်များက ဆိုကြသည်မှာ"အရှင် ဘုရား အဘယ်သို့ပါနည်း၊ အရှင်ဘုရားသည် မင်းကြီး က ရှိခိုးသော်ဇင်း, မိဖုရားကြီးက ရှိခိုးသော်ဇင်း 'သုခီ ဟောတု မဟာရာဇ' ဟူ၍သာ ဆိုတော်မူဘိ၏" ဟု

ဆိုကြကုန်၏။ "အို-ငါ့ရှင်တို့ ငါသည် မင်းဟူ၍ငင်း, မိဖုရားဟူ၍ငင်း ပိုင်းခြား မှတ်သားခြင်းကို မပြု" ဟု မထေရ်ကြီးက မိန့်ဆိုလေ၏။ ၇-နှစ်ရက် လည်သော အခါ မထေရ်ကြီး၏ ဤနန်းတော်၌ နေရခြင်းသည် ဆင်းရဲ၏ဟု သိ၍ မင်းသည် မထေရ်ကြီးကို ကြွသွားရန် ခွင့်ပြုလေ၏။ ကုရုဏ္ဍကမဟာလိုဏ်ကြီးသို့သွား၍ ညဉ့် အဖို့၌ စင်္ကြံကြွသွားလေ၏။ ကန့်ကော်ပင်စောင့်နတ် သည် မီးရှူးမီးတိုင်ကိုကိုင်၍ ရပ်နေ၏။ ထိုအခါ မထေရ် ကြီးအား ကမ္မဋ္ဌာန်းသည် အလွန်စင်ကြယ်စွာ ထင်ရှား သည်ဖြစ်၏။ မထေရ်သည် အဘယ်သို့နည်း ယနေ့ ငါ၏ ကမ္မဋ္ဌာန်းသည်အလွန်ထင်ရှားလှချေ၏ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်၏။ သန်းခေါင်ယာမ်အချိန် အခြားမဲ့မှ အလုံးစုံသောတောင်ကြီးကို ပဲ့တင်ထပ်စေလျက် အရ ဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုသို့ ဇာနိန္ဒြိယသံဝရသီလသည် အရဟတ္တဖိုလ်တိုင် အောင်သော အကျိုးကို ဆောင်နိုင်သည်၏ အဖြစ် ကြောင့် စိတ္တဂုတ္တမထေရ်မှ တပါးသော မိမိအကျိုး စီးပွားကို လိုလားတောင့်တကြကုန်သော အမျိုးသား တို့သည် တောဝယ်ကျက်စား တောပျော်ပါးသော

မျောက်သတ္တဝါကဲ့သို့ရင်း, တောအတွင်းဝယ် ကြောက်ခြင်းပြင်းစွာ တုန်လှုပ်စွာ နေလေ့ရှိသော သားသမင်ကဲ့သို့ရင်း, မိဖ ဆွေမျိုး အားကိုးရာမဲ့ဖြစ်၍ ကြောက်လန့်တုန်လှုပ်သော ကလေးသူငယ်ကဲ့သို့ရင်း, ကလိန်းကလက် ကွက်ကြည့်ရှုမြော် လျှပ်ပေါ်လော်လည်ခြင်းရှိသည့် မဖြစ်ရာ။ ယခုယောဂီပုဂ္ဂိုလ်တို့ တရားအားထုတ်ကြသောသူဘို့သည် အထက်ကပြသခဲ့သော နည်းကိုယူ၍ အထူးကြိုးစား၍ တရား အားထုတ်ကြ စေရန်စေတနာကောင်းဖြင့် တိုက်တွန်းလိုက်ပါသည်။

(ဆင္မမူ-ဝိသုဒ္ဓိမဂ္ဂ ၄-ပ ၃၆-၆၇၊၄-၆၀)

မဟာမိတ္တမထေရ်ကြီး၏ မယ်တော်မှာ အဆိပ်ရှိသော အသားမာနာ ပေါက်၏။ ထိုဒကာမကြီး၏ သမီးတယောက်သည်လည်း ဘိက္ခုနီမတို့ဘောင်၌ ရဟန်းပြုလျက်နေ၏။ ထိုမယ်တော်ဒကာမကြီးက သမီးဖြစ်သူရဟန်းမအား "အို-အရှင်မ သင်၏မောင်တော် မဟာမိတ္တမထေရ်ထံသွား၍ ငါမချမ်းမသာဖြစ်ကြောင်း ပြောကြားပြီးလျှင် ဆေးကိုဆောင်ယူခဲ့လော့"ဟု ပြောဆို၏။ ထိုဘိက္ခုနီမသည် မထေရ်ကြီးထံ သွားရောက်၍ မယ်တော်ကြီး မကျန်းမမာ အနာ ပေါက်ကြောင်းကို ကြားလျှောက်လေ၏။ မထေရ်က "ငါသည် ဆေးမြစ်

အစရှိသည့်တို့ကို စုဖော်၍ ဆေးချက်ခြင်းငှါ မတတ်မသိချေ။ စင်စစ်မူကား သင့်အား ငါသည် ဆေးကိုပြောကြားပေအံ့.... 'ငါသည် အကြင်အခါမှ စ၍ရဟန်းပြု၏၊ထိုအခါကာလမှစ၍ ငါသည် လောဘနှင့်တကွဖြစ်သော စိတ်ဖြင့် ဣန္ဒြယသံဝရသီလတို့ကို ဖျက်ဆီး၍ မိန်းမတို့၏ အဆင်းရူပါရုံကို မကြည့်စဘူး၊ ဤသို့သော သစ္စာစကားကြောင့် ငါ၏ မယ်တော်ကြီးအားချမ်းသာသည် ဖြစ်စေသတည်း,.... သင်သည် သွားချေတော့၊ငါ၏ ဤသစ္စာစကားကို ဆို၍ ဒကာမကြီး၏ကိုယ်ကို နှိပ်နယ်လေလော့"ဟု ဆို၏။ ထို ဘိက္ခုနီမသည်သွား၍ ထိုအကြောင်းကို ပြောကြား၍ မှာထားလိုက်သောအတိုင်း ပြုလေ၏၊ထိုစကားကိုကြားသောခဏ၌ပင်လျှင် ဥပါသိကာမကြီးအနာသည် ရေမြှုပ်စိုင်ကဲ့သို့ကြေ၍ ပျောက်လေ၏။ ထို ဥပါသိကာမကြီးသည် ထ၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကယ်၍များ ထင်ရှားရှိပါမူကား ငါ၏သားနှင့်တူသောရဟန်းမြတ်၏ ဦးခေါင်းကို ရွှေပွက်လုံးသဖွယ် ဆန်းကြယ်လှစွာသော ရွှေလက်တော်ဖြင့် အဘယ်မှာ မသုံးသပ်ဘဲနေတော်မူပါအံ့နည်း၊ သုံးသပ်တော်မူမည်သာတည်း"ဟု ရွှင်လန်း ဝမ်းမြောက်သော စကားကို မြွက်ဆိုလေ၏။

ထို့ကြောင့် တပါးသော အမျိုးသားတို့သည်လည်း သာသနာတော်၌ ရဟန်းပြု၍ မဟာမိတ္တမထေရ်ကဲ့သို့ မြတ်သော ဇာန္ဒြိယသံဝရသီလ၌ တည်ရာ၏။

(ဆဋ္ဌမူ-ပ-၄-ဝိသုဒ္ဓိမဂ်-၃၈၊၄-၆၈)

---

## အရှင်သာရိပုတြာမထေရ်၏ ဆေးပစ္စည်းကို ပြဆိုခြင်း

ဆေးပစ္စည်းအရာ၌ အလုံးစုံနိမိတ် စသည်ကို ပြော ဆိုခြင်းသည် အပ်၏။ ထိုသို့ နိမိတ်စသည်တို့ကိုပြုခြင်းဖြင့် ရအပ်သော ဆေးသည်ကား ရောဂါကို ငြိမ်းစေသည် ရှိသော် သုံးဆောင်ခြင်းငှါ အပ်သလော, မအပ်သ လောဟု မေးစိစစ်ရာ၌ ဝိနည်းဆောင် ပုဂ္ဂိုလ်တို့က "မြတ်စွာဘုရားသည် သုံးဆောင်ရန် အခွင့်ပေးပြီးဖြစ် သည်၊ ထို့ကြောင့် အပ်၏"ဟု ဆိုကြကုန်၏။

သုတ္တန်ဆောင် ပုဂ္ဂိုလ်တို့ကမူကား "အာပတ်မသင့် ဆိုသည်မှာ မှန်ပါ၏၊ သို့ရာတွင် အာဇီဝ စင်ကြယ်မှုကို ဖျက်ဆီးသည်၏ ဖြစ်သောကြောင့် မအပ်" ဟု ဆိုကြ ကုန်၏။

အထူးသော်ကား....အကြင်ရဟန်းသည် ဘုရား ခွင့် ပြုတော်မူအပ်သော်လည်း နိမိတ်,ဩဘာ,ပရိကထာ, ဝိညတ်တို့ကို မပြုမူ၍ အပိစ္ဆတာ အစရှိသော ဂုဏ်

တို့ကိုသာလျှင် အစွဲပြု၍ သေလောက် ပျောက်လောက်သောအနာ စွဲရောက်လာပါသော်လည်း ဩဘာသ အစရှိသည်ကိုကြဉ်၍ မိုးပေါ်ကျကဲ့သို့ရသော ပစ္စည်းကိုသာ မှီဝဲ သုံးဆောင်၏၊ ဤရဟန်းကိုသာလျှင် အလွန်ခေါင်းပါးသော အကျင့်ရှိပေသော အရှင်ဟူ၍ ဆိုအပ်၏။ အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်း ဟူမူ အရှင်သာရိပုတြာမထေရ်ကဲ့သို့ပင်တည်း။

ထို အရှင်သာရိပုတြာမထေရ်သည်ကား ဝေးရံသော အခါ အရဟတ္တဖလသမာပတ်ကို ပွားများလျက် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်နှင့် အတူတကွ တခုသော တောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တနေ့သ၌ ဝမ်း၌ လေနာရောဂါ ဖြစ်ပေါ်၍ အလွန်ဆင်းရဲစွာ နေရ၏။ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် ညနေချမ်းအခါ ထို အရှင်သာရိပုတြာမထေရ်အား ခစားခြင်းငှါ သွားသည်ရှိသော် လျောင်းလျက် နေသည်ကို မြင်၍ ထိုအကြောင်းကို မေး၍"ငါ့ရှင်မှာ ရှေးက ဤကဲ့သို့ ဖြစ်လတ်သော် အဘယ်ဆေးဝါးဖြင့် ချမ်းသာဘူးပါသနည်း"ဟု မေးလေ၏။ "အို-ငါ့ရှင်....လူ့ဘောင်တွင် နေစဉ်အခါတုန်းက ငါ၏မယ်တော်သည် ထောပတ် ပျားသကာ တို့နှင့် ရောနှော၍ ရေမနှောသော နို့ရည်ဖြင့်ချက်သော ဃနာထမင်းကိုပေး၏၊ ထိုဃနာ

ထမင်းဖြင့် ငါ့အား ချမ်းသာဘူး၏”ဟု အရှင်သာရိပုတြာမထေရ်သည်မိန့်ဆို၏။ ထိုအရှင်မဟာမောဂ္ဂလ္လာန်သည် “အို-ငါ့ရှင် ထိုသို့ဖြစ်မူကား သင်၏ဝမ်း, ငါ၏ဝမ်း ဘုန်းကံသည် အကယ်၍ရှိသည်ဖြစ်အံ့, နက်ဖြန်ခါ ဤသို့သဘောရှိသော ဃနာထမင်းကို ရလေငြားအံ့လည်းမသိ”ဟု ဆို၏။ ထိုမထေရ်ကြီးနှစ်ပါးတို့ ဤသို့ပြောဆိုကြသော စကားမျိုးစုံကို စင်္ကြံဦး၌ သစ်ပင်စောင့်နတ်သည် ကြား၍ နက်ဖြန် အရှင်နှစ်ပါးအား ဃနာနို့ဆွမ်းဖြစ်စေအံ့ဟု ကြံ၏။ ထိုခဏ၌ပင် အရှင်သာရိပုတြာ၏ အလုပ်အကျွေးဖြစ်သော ဒါယကာအိမ်သို့သွား၍ သားကြီး၏ကိုယ်ကို ပူးဝင်နှိပ်စက်လေ၏။

ထိုအခါ သူငယ်အား ဆေးကုသလိုသော နိမိတ်ကိုပြ၍ စည်းဝေးကုန်သော ဆွေမျိုးတို့အား “အကယ်၍ နက်ဖြန်ခါ အရှင်သာရိပုတြာမထေရ်အား ဤသို့သဘောရှိသော ဃနာနို့ဆွမ်းကို ပေးလှူကြပါကုန်မူကား ထိုသူငယ်ကို လွှတ်အံ့”ဟုဆို၏။ထိုလူများတို့က “သင်မပြောသော်လည်း ငါတို့သည် မထေရ်တို့ကို အမြဲမပြတ် ဆွမ်းလှူဒါန်းကြသည်သာတည်း” ဟု ဆို၍ ဒုတိယနေ့၌ ထိုသို့ သဘောရှိသော နို့ဃနာ ဆွမ်းကို စီရင်ကြကုန်၏။

အရှင်မောဂ္ဂလ္လာန်မထေရ်သည် နံနက် စောစော ကြွလာ၍"အို-ငါ့ရှင် အကျွန်ုပ်သည် အကြင်မျှလောက်သော ကာလပတ်လုံး ဆွမ်းခံလှည့်လည်ပါအံ့, ထိုမျှလောက်သော ကာလပတ်လုံး ဤအရပ်၌ နေတော်မူနှင့်ပါ"ဟုဆို၍ ရွာတွင်းသို့ ကြွဝင်လေ၏။ ထိုလူတို့ ခရီးဦးကြိုဆို၍ မထေရ်၏သပိတ်ကိုယူပြီးလျှင် ဆီအပ်ပြီးသော နို့ဃနာဆွမ်းကို သပိတ်နှင့်အပြည့် လှူဒါန်းကြကုန်၏။ မထေရ်သည် ကြွသွားအံ့သော အခြင်းအရာကို ပြ၏။ "အရှင်ဘုရား ဘုဉ်းပေးသုံးဆောင်တော်မူပါ၊ အရှင်ဘုရားတို့အား ထိုမှတပါးလည်း လှူဒါန်းပါဦးအံ့"ဟု ဆို၍ မထေရ်ကို ဆွမ်းကျွေး၍ တဖန် သပိတ်ပြည့်အောင် လှူဒါန်းကြပြန်ကုန်၏။

မထေရ်သည် ကြွသွား၍ "အို-ငါ့ရှင် သာရိပုတြာ ယခုသုံးဆောင်တော်မူလော့"ဟု ဆို၍ ကပ်၏။ အရှင်သာရိပုတြာသည် နို့ဃနာဆွမ်းကိုမြင်၍ နို့ဃနာဆွမ်းသည် အလွန်နှစ်လိုဖွယ် ရှိပေ၏၊ အဘယ် အကြောင်းကြောင့်ဖြစ်လေသနည်း"ဟု ဆင်ခြင်သည်ရှိသော် ထို နို့ဃနာဆွမ်း၏ ဖြစ်ပေါ်ရင်းအကြောင်းကို မြင်၍"အို-ငါ့ရှင် မောဂ္ဂလ္လာန် ဆွမ်းသည် သုံးဆောင်ခြင်းငှါ မထိုက်"ဟု ဆို၏။ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်လည်း ငါကဲ့သို့သောသူ ဆောင်ယူလာသော ဆွမ်းကို

မသုံးဆောင်လေတကား ဟု စိတ်မျှမဖြစ်မူ၍ တခွန်းသောစကားမျှဖြင့်ပင် သပိတ်နားခမ်းကို ယူကိုင်၍ သင့်လျော်သောအရပ်၌ မှောက်သွန်လေ၏။ နို့ဃနာဆွမ်းမြေကြီးသို့ရောက်သည်နှင့်တပြိုင်နက် မထေရ်၏ အနာရောဂါသည် ပျောက်ငြိမ်းလေ၏။ ထိုအခါမှစ၍ လေးဆယ့်ငါးနှစ်တိုကာလပတ်လုံး ထိုလေနာရောဂါသည် တဖန် မဖြစ်ပေါ်လာတော့ချေ။ထို့နောက် အရှင်မဟာမောဂ္ဂလ္လာန်ကို မိန့်ဆိုသည်မှာ.... "အို-ငါ့ရှင် မောဂ္ဂ-လ္လာန် ဝစီဝိညတ်ကို အမှီပြု၍ဖြစ်ပေါ်သော နို့ဃနာဆွမ်းကို အူမအခွေတို့သည်အပြင်သို့ထွက်၍ဆာလောင်လှသောကြောင့် အစာရှာထွက်စေကာမူ သုံးဆောင်ခြင်းငှါ မသင့်လျော်ချေ"ဟု မိန့်ဆို၍ ဤအောက်ပါဥဒါန်းစကားကို မြွက်ဆိုလေ၏။

ဝစီဝိညတ္တိဝိပ္ဖာရာ၊
ဥပ္ပန္နံ မဓုပါယာသံ။
သစေ ဘုတ္တော ဘဝေယျာဟံ၊
သာဇီဝေါ ဂရဟိတော မမ။

"ဝစီဝိညတ် ပြန့်ခြင်း ဟု ဆိုအပ်သော နှုတ်မြွက်ပြောဆိုခြင်းကြောင့် ဖြစ်ပေါ်သော ပျားသကာတို့နှင့်ရောနှောအပ်သော နို့ဃနာဆွမ်းကို ငါသည် အကယ်

၍ စားမိသည်ဖြစ်အံ့၊ငါ၏အသက်မွေးခြင်းကို သူတော်ကောင်းတို့ ကဲ့ရဲ့အပ်သည် ဖြစ်ရာ၏။ ငါ၏အရှင်ခွေတို့သည် ဆာမွတ်သည့်အတွက် မိမိတည်ရာမှ ထွက်၍ အပြင်၌ ကျက်စားစေကာမူ အသက်ကို စွန့်ရစေကာမူ အသက်မွေးမှုကို စောင့်ရှောက်ခြင်း အာဇီဝသီလကို မဖျက်ပေအံ့။ ငါသည် မိမိ၏စိတ်ကို နှစ်သက်စေအံ့, မလျောက်ပတ်သော ရှာမှီးခြင်းကို ကြဉ်ရှောင်ပေအံ့။ ငါသည် ဘုရားရှင်ကိုယ်တော်မြတ် စက်ဆုပ်ရှုံရှာတော်မူအပ်သော အနေသနအမှုမျိုးကို အလျင်းပင် မပြုဘဲ နေအံ့”ဟု ဤဥဒါန်းစကားကို မြွက်ကြား ကျူးရင့်လေ၏။

ဤအထက်က အရှင်သာရိပုတြာကဲ့သို့ သီလအာဇီဝ ရှောင်ကြဉ်သော ယောဂီ ပုဂ္ဂိုလ်များသည် သမထ ဝိပဿနာများ ပွား၍ မဂ်ဖိုလ်နိဗ္ဗာန် အမြန် ရောက်နိုင်ပါသည်။ တထစ်ချ မှတ်သားထားပါလေ။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ပ-၄၅-နံပါတ်၃၉၊၄၀-၇၀)

---

ပရိဘောဂ ၄-မျိုးကို ပြဆိုခြင်း

သုံးဆောင်ခြင်းတို့သည်—

၁။ ခိုး၍ သုံးဆောင်ခြင်း = ထေယျပရိဘောဂ၊

၂။ ကြွေးယူ၍သုံးဆောင်ခြင်း = ဣဏပရိဘောဂ၊

၃။ အဇ္ဈုပေက္ခိတဖြစ်၍ သုံးဆောင်ခြင်း = ဒါယဇ္ဇပရိဘောဂ၊

၄။ ဥစ္စာရှင်ဖြစ်၍ သုံးဆောင်ခြင်း = သာမိပရိဘောဂ- ဟူ၍ လေးပါး အပြားရှိကုန်၏။

ထိုလေးပါးတို့တွင်—

၁။ ရဟန်းမဟုတ်ဘဲ သံဃာဘောင်၌နေ၍ ပစ္စည်းလေးပါးတို့ကို သုံးဆောင်သော သီလမရှိသော ဒုဿီလ ရဟန်း၏ သုံးဆောင်ခြင်းသည် မသုံးဆောင်ထိုက်ဘဲ သုံးဆောင်ခြင်းကြောင့် ခိုး၍ သုံးဆောင်ခြင်း "ထေယျပရိဘောဂ"မည်၏။

၂။ သီလရှိသော ရဟန်းသည် ပညာဖြင့် မဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည် ကြွေးမြီယူ၍ သုံးဆောင်ခြင်း "ဣဏပရိဘောဂ"မည်၏။

ထိုကြောင့် သင်္ကန်းကို ဝတ်ရုံ သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆင်ခြင်အပ်၏။ ဆွမ်းကို ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း ဆင်ခြင်အပ်၏။ ထိုသို့ မဘတ်နိုင်ခဲ့သော် ဆွမ်းမစားမီကာလ, ဆွမ်းစားပြီးသောကာလ, ညဉ့်ဦးယာမ်, သန်ခေါင်ယာမ်, လင်းအားကြီးယာမ် တို့တွင် တနေ့တနေ့မှာ လေးကြိမ်သော်၎င်း,သုံးကြိမ်သော်၎င်း နှစ်ကြိမ်သော်၎င်း, တကြိမ်သော်၎င်း ဆင်ခြင် အပ်၏။

အကယ်၍ မဆင်ခြင်မိဘဲ အရက်တက်ခဲ့သော် ဣဏ ပရိဘောဂအရာ၌ တည်လေ၏။

ကျောင်းကိုလည်း ဝင်တိုင်းဝင်တိုင်း ဆင်ခြင်အပ်၏။ ဆေးပစ္စည်းကိုမူကား ခံယူသောအခါ၌၎င်း, သုံးဆောင်သော အခါ၌၎င်း သတိ ဟူသော အကြောင်းရှိခြင်းသည်သာလျှင် သင့်လျော်၏။ ဤသို့ နှစ်ပါးသော အခါကာလတို့၌ ဆင်ခြင်သင့်သော်လည်း ခံယူသော အခါကာလ၌ သတိကို ဖြစ်စေ၏။ ဤသုံးဆောင်သော အခါ၌ သတိ မပြုမိသော ရဟန်းအား အာပတ် သင့်ရောက်၏။ ခံယူသောအခါ၌ သတိမပြုမိသော်လည်း သုံးဆောင်သော အခါ၌ သတိပြုသော ရဟန်းအား အာပတ် မသင့်ချေ။

၃။ သေက္ခပုဂ္ဂိုလ် ၇-နှစ်ယောက်တို့၏ ပစ္စည်းကို သုံးဆောင်ခြင်းသည် အမွေပစ္စည်းကို သုံးဆောင်သည်နှင့်တူသောကြောင့် "ဒါယဇ္ဇပရိဘောဂ"မည်၏။

အကြောင်းမှာ.... ထိုသေက္ခပုဂ္ဂိုလ် ၇-နှစ်ယောက်တို့သည် ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၏ သားတော်,သမီးတော်များ ဖြစ်ကြကုန်၏။ ထို့ကြောင့် ဖခင်မြတ်စွာဘုရား၏ ဥစ္စာဖြစ်ကုန်သော ပစ္စည်းလေးပါးတို့ကို အမွေခံယူထိုက်သောသူများဖြစ်၍ ထိုပစ္စည်းတို့ကို သုံးဆောင်ကြကုန်၏။ ထို့ကြောင့် ထိုသေက္ခ

ပုဂ္ဂိုလ် ၇-နှစ်ယောက် တို့၏ ပစ္စည်းသုံးဆောင်ခြင်းသည်"ဒါယဇ္ဇပရိဘောဂ"မည်၏။

ထိုပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ ပစ္စည်းကို သုံးဆောင်ကြကုန်သလော။ သို့မဟုတ် လှူဒါယကာတို့၏ ပစ္စည်းကို သုံးဆောင်ကြကုန်သလော....။ လှူတို့သည် ပေးလှူအပ်ကုန်သော်လည်း မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သည်၏အဖြစ်ကြောင့် မြတ်စွာဘုရား၏ ပစ္စည်းသာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ ပစ္စည်းကိုပင် သုံးဆောင်၏ဟူ၍ သိအပ်လေသည်။ ဤအရာ၌ ဓမ္မဒါယာဒသုတ်သည် ခိုင်လုံသော သက်သေသာဓက ဖြစ်ပေ၏။

၄။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် "သာမိပရိဘောဂ"မည်၏။

ထိုစကား မှန်သည်။ ရဟန္တာပုဂ္ဂိုလ်တို့သည်ကားတဏှာ၏ကျွန်အဖြစ်ကို လွန်မြောက်သည်အဖြစ်ကြောင့် သခင်ဖြစ်၍ ပစ္စည်းလေးပါးတို့ကို သုံးဆောင်ကြကုန်၏ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းကို "သာမိပရိဘောဂ" ဟူ၍ သိအပ်၏။

ဤလေးပါးသော သုံးဆောင်ခြင်း ပရိဘောဂတို့တွင် သာမိပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂသည် အလုံးစုံသော အရိယာ,ပုထုဇဉ်တို့အား သင့်လျော်၏။

ဒုဗ္ဗလပရိဘောဂသည် အလုံးစုံသောသူတို့အား မသင့်လျော်။ ထေယျပရိဘောဂ ကိုမူကား ဆိုဘွယ်ရာမရှိ။ သီလရှိသောသူ၏ အကြင် ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းသည်ရှိ၏။ ဤသီလနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် သမထ ဝိပဿနာတရား အား ထုတ်၍ မိမိအသက်ကို မငဲ့မကွက်ဘဲ လုံ့လ ဝီရိယ ထက်ထက်သန်သန်ရှိသော ယောဂီများသည် အနေ့း နှင့်အမြန် မဂ်ဖိုလ်ကိုရနိုင်ပါ၏၊ဆိုဘွယ်ရာမရှိပါလေ။

(ဆင္ဒမူ-ဝိသုဒ္ဓိမဂ္ဂ–ပ–ဌ-နံပါတ် ၄၁)

ဤ ပစ္စယသန္နိဿိတသီလကို ပြည့်စုံအောင် ဖြည့်ကျင့်ရာ၌ မဟာသံဃရက္ခိတမထေရ်၏တူတော် သာမဏေ၏ ဝတ္ထုကို ထုတ်ဆိုအပ်၏။ ထို သာမဏေသည်ကား ကောင်းစွာ ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်၏။ ထို့ကြောင့် အောက်ပါဂါထာတို့ကို ဆိုအပ်လေသည်။

ဥပဇ္ဈာယော မံ ဘုဉ္ဇမာနံ၊
သာလိကူရံ သုနိဗ္ဗုတံ။
မာဟေဝ တွံ သာမဏေရ၊
ဇိဝှံ ဈာပေသိ အသညတော။

"အလွန်အေးမြသော သလေးဆွမ်းကို စားသုံးနေစဉ် ငါ့ကို ဦးရီးဖြစ်သော ဥပဇ္ဈာယ်ဆရာသည် 'အို....

မောင်ရှင်သာမဏေ သင်သည် မဆင်ခြင် မစောင့်စည်းမူ၍ လျှာကို မလောင်မကျွမ်းစေလင့်’ဟု မိန့်ဆိုတော်မူ၏။ ထိုအခါ ငါသည် ဥပဇ္ဈာယ်ဆရာ၏စကားကို ကြား၍ ထိတ်လန့်ခြင်းသံဝေဂကိုရ၏။ တနေရာတည်း၌ ထိုင်နေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုငါသည် ၁၅-ရက်မြောက်သောနေ့တွင် တက်ထွန်းသောလပြည့်ဝန်းကဲ့သို့ ပြည့်စုံသောအကြံရှိသည်၄င်း, အလုံးစုံသော အာသဝေါတရားတို့ ကုန်သည်၄င်း ဖြစ်၏။ ယခုအခါ၌ တဖန်ဘဝသစ်၌ ဖြစ်ရခြင်းသည် မရှိတော့ပြီ” ဟု ဆိုလေ၏။

တသ္မာ အညောပိ ဒုက္ခသ၊
ပတ္တုယန္တော ပရိက္ခယံ။
ယောနိသော ပစ္စဝေက္ခိတွာ၊
ပဋိသေဝေထ ပစ္စယေတိ။

“ထိုကြောင့် ဆင်းရဲ အပေါင်း၏ ကုန်ရာ ဖြစ်သော အရဟတ္တဖိုလ်ကို လိုချင်တောင့်တသော တပါးသော အမျိုးသားတို့သည်လည်း သင့်လျော်သော အားဖြင့် ဆင်ခြင်၍ ပစ္စည်းလေးပါးကို မှီဝဲသုံးဆောင်ကြ ကုန်ရာ၏”။ (ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ဋ္ဌ-ပ-၄၃၊ ၎ီ-၇၅)

ပါတိမောက္ခ သံဝရ သီလ အစရှိသော
သီလကြီး လေးပါး ပြီး၏။

## စီရဂုမ္ဗဝါသိက အမ္ဗခါဒက မဟာတိဿမထေရ်ကို ပြဆိုခြင်း

"အဘယ်ပုဂ္ဂိုလ်၏ သီလကဲ့သို့ပါနည်း" ဟူမူ.... စီရဂုမ္ဗဝါသိက အမ္ဗခါဒက မဟာတိဿ မထေရ်ကြီး ၏ သီလကဲ့သို့ပေတည်း။ ထိုကြောင့် ထိုမထေရ်ကြီးသည်-

ဓနံ စဇေ အင်္ဂဝရဿ ဟေတု၊
အင်္ဂံ စဇေ ဇီဝိတံ ရက္ခမာနော။
အင်္ဂံ ဓနံ ဇီဝိတဉ္စာပိ သဗ္ဗံ၊
စဇေ နရော ဓမ္မမနုဿရန္တော တိ။

"မြတ်သောကိုယ်အင်္ဂါဟူသော အကြောင်းကြောင့် ဥစ္စာကိုစွန့်ရာ၏။ အသက်ကို စောင့်ရှောက်လိုသောသူ သည် ကိုယ်အင်္ဂါကို စွန့်ရာ၏။ သူတော်ကောင်းတို့၏ တရားကို အစဉ်အောက်မေ့သောသူသည်ကား ကိုယ် အင်္ဂါကိုရင်း, ဥစ္စာကိုရင်း, အသက်ကိုရင်း အလုံးစုံကို စွန့်ရာ၏" ဟူသော ဤသူတော်ကောင်းတို့၏ အကျင့်ကို အစဉ်အောက်မေ့ခြင်းသတိကို မစွန့်မူ၍ အသက်သေရ အံ့လော ဟု ယုံမှားခြင်းရှိသော်လည်း သိက္ခာပုဒ်ကို မလွန်မကျူးဘဲ ထို အပရိယန္တပါရိသုဒ္ဓိ သီလကိုပင်

အမှိုပြု၍ ဒါယကာ၏ကျောက်ကုန်းထက်၌ စီးလျက်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုကြောင့် အောက်ပါ ဂါထာကို ဆို၏။

န ပိတာ နပိ တေ မာတာ၊
န ဉာတိ နပိ ဗန္ဓဝါ။
ကရောတေတာဒိသံ ကိစ္စံ၊
သီလဝန္တဿ ကာရဏာ။
သံဝေဂံ ဇနယိတွာန၊
သမ္မသိတွာန ယောနိသော။
တဿ ပိဋ္ဌိဝတော သန္တော၊
အရဟတ္တံ အပါပုဏီ တိ။

"အို-ရဟန်းတို့ ဤဒါယကာသည်ကား သင်၏အဖ မဟုတ်၊ သင်၏အမိလည်း မဟုတ်၊ အဆွေအမျိုးလည်း မဟုတ်၊ အဆွေခင်ပွန်းလည်း မဟုတ်။ ထိုသို့ သူစိမ်း ပြင်ပြင် ဖြစ်ပါလျက် သီလရှိသည်အဖြစ်ကြောင့် ထိုသို့ ပခုံးဖြင့်ထမ်းပိုးခြင်း စသော ကိစ္စကို ပြုပေ၏။ ဤသို့ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်၍ အသင့် အလျော်အား ဖြင့် သုံးသပ် ဆင်ခြင်သောကြောင့် ထိုဒါယကာ၏ ကျောက်ကုန်းထက်၌ နေလျက်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏"ဟု ဆိုလေ၏။

ပုထုဇဉ် သူတော်ကောင်းတို့၏ သီလသည် ပဋ္ဌင်းဖြစ်သည်မှစ၍ ကောင်းမွန်စင်ကြယ်စွာ သွေးအပ်သော ပတ္တမြား ကျောက်ကဲ့သို့၎င်း၊ ကောင်းစွာ စင်ကြယ်အောင် ကျင်အပ်သော ရွှေကဲ့သို့၎င်း အလွန်စင်ကြယ်သည်၏အဖြစ်ကြောင့် စိတ်ဖြစ်ကာမျှဖြင့်လည်း ကိလေသာ ဟူသော အညစ်အကြေးမှ ကင်းသည်ဖြစ်၍ အရဟတ္တဖိုလ်၏ အကြောင်းသည် ဖြစ်၏။ ထို့ကြောင့် ပရိပုဏ္ဏပါရိသုဒ္ဓိသီလ ဟူ၍ ဆိုအပ်၏။ မဟာသံဃရက္ခိတမထေရ်၏တူတော် စူဠသံဃရက္ခိတမထေရ်တို့၏ သီလကဲ့သို့ပေတည်း။

ယခုအခါ၌ ယောဂီပုဂ္ဂိုလ်များသည် အထက်ကပြခဲ့သော ဝတ္ထုသက်သေများလို သီလ စင်ကြယ်၍ သမထ ဝိပဿနာတို့ကို မနေမနား အသက်ကိုပင် မငဲ့ကွက်ဘဲ တရားအားထုတ်ရာ၌ အထူးကြိုးစား အားထုတ်လျှင် မဂ်ဖိုလ် နိဗ္ဗာန် အမြန်ရောက်ပါ၏၊ အမြဲတထစ်ချမှတ်ပါလေ သူတော်ကောင်းတို့။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ပ-ဋ္ဌ ၄၄၊ ဋီ-၇၁)

## မဟာသံဃရက္ခိတမထေရ်ကြီးကို ပြဆိုခြင်း

ဝါတော် ခြောက်ဆယ်ကျော်လွန်၍ သေရာညောင်စောင်းတွင် လျောင်းလျက် နေသော "မဟာ သံဃရက္ခိတ မထေရ်"ကြီးကို ရဟန်းသံဃာတော်များတို့က လောကုတ္တရာတရား ရခြင်းကို မေးလျှောက်ကြ ကုန်သတတ်။ မထေရ်ကြီးသည် "ငါ့အား လောကုတ္တရာတရားသည် မရှိ"ဟု မိန့်လေ၏။ ထိုအခါ မထေရ်ကြီး၏ အလုပ်အကျွေးဖြစ်သော ရဟန်းငယ်များက "အရှင်ဘုရား 'အရှင်ဘုရား ပရိနိဗ္ဗာန် စံတော်မူသည်' ဟူ၍ ထက်ဝန်း ကျင် ၁၂-ယူဇနာတိုင်အောင်သော အရပ်မှ လူတို့သည် စည်းဝေးကြပါကုန်၏။ အရှင်ဘုရား၏ ပုထုဇဉ် အဖြစ်ဖြင့် စုတေ သေလွန်ခြင်းကြောင့် လူများအပေါင်းအား နှလုံးမသာဖြစ်ကြပါလတ္တံ့"ဟု လျှောက်ကြလေ၏။ "ဒို-ငါ့ရှင်တို့.... ငါသည်ကား မေတ္တေယျမြတ်စွာဘုရားကို ဖူးမြင်အံ့ ဟူ၍ ဝိပဿနာ တရားကို အားမထုတ်ဘဲ နေပေ၏။ ထိုသို့ဖြစ်ပါမူကား ငါ့ကိုထူ၍ အခွင့်ပေးကြကုန်လော့"ဟု ဆို၏။ ထို ရဟန်းငယ်တို့သည် မထေရ်ကြီးကို ထူ၍ အပြင်ဖက်သို့ ထွက်ကြလေ၏။ မထေရ်ကြီးသည် ထိုရဟန်းတို့ ထွက်သည်နှင့်တပြိုင်နက်ပင် အရဟတ္တဖိုလ်သို့ရောက်၍ လက်ဖြောက်တီး၍ အမှတ်ပေးလိုက်လေ၏။ သံဃာတော်များ အပေါင်း

သည် စည်းဝေး၍ "အရှင်ဘုရား ဤသို့ သေခါနီးအခါ ကာလ၌ တခဏခြင်း လောကုတ္တရာတရားကို ဖြစ်စေ သည်မှာ အံ့ဩစရာ၊ ပြုနိုင်ခဲ့သောအရာကို ပြုပါပေ၏" ဟု လျှောက်ကြကုန်၏။ "ဒို-ငါ့ရှင်တို့.... ငါသည်ကား ရဟန်းပြုသောအခါကာလမှစ၍ သတိမထား ဉာဏ်ဖြင့် မပိုင်းခြားမူ၍ ပြုမိသောအရာမည်သည်ကို မမြင်စဘူး ချေ" ဟု မိန့်ဆိုလေ၏။

ဤပုဂ္ဂိုလ်များကဲ့သို့ သီလသမာဓိကို အတုယူ၍ ယခု ယောဂီ ပုဂ္ဂိုလ်များသည် သီလ သမာဓိ ဖြစ်စေရန် သမထ ဝိပဿနာများကို မနှေးမနှေး တရားအားထုတ် လုံ့လဝီရိယ ထက်ထက်သန်သန်နှင့် သမ္မာဆန္ဒကောင်း ထားပြီး အားထုတ်ကြစေရန် စေတနာ ကောင်းဖြင့် တိုက်တွန်းလိုက်ပါသည် သူတော်ကောင်းအပေါင်းတို့။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ပ-ဋ္ဌ ၄၅။ ဋ္ဌ-၇၆)

---

## ကုရုမ္ဗိယပုတ္တတိဿမထေရ်ကို ပြဆိုခြင်း

အဘယ်ပုဂ္ဂိုလ်၏ သီလကဲ့သို့နည်း ဟူမူ....ကုရုမ္ဗိယ ပုတ္တတိဿမထေရ်၏ သီလကဲ့သို့ ပေတည်း။ ထိုအရှင် သည်ကား ထိုသို့သဘောရှိသော သီလကို အမှီပြု၍

အရဟတ္တဖိုလ်၌ တည်လိုသည်ဖြစ်သောကြောင့် ရန်သူတို့ကို အောက်ပါအတိုင်း မြွက်ဆို၏။

ဥဘော ပါဒါနိ ဘိန္ဒိတွာ၊
ပညပေဿာမိ ဝေါ အဟံ။
အဋ္ဋီယာမိ ဟရာယာမိ၊
သရာဂမရဏံ အဟံ့။

ဧဝါဟံ စိန္တယိတွာန၊
သမ္မသိတွာန ယောနိသော။
သမ္ပတ္တေ အရုဏုဂ္ဂမှိ၊
အရဟတ္တံ အပါပုဏိန္တိ။

"အို-အချင်းတို့.... ငါသည် ခြေနှစ်ဖက်တို့ကို ချိုး၍ သင်တို့အား သိစေအံ့။ ငါသည် ရာဂနှင့်တကွ သေရခြင်းကို စက်ဆုတ်ပါ၏ ရှက်ရှာပါ၏ဟု ဆို၏။ ဤသို့ ငါသည် ကြံစည်ပြီး၍ အသင့်အားဖြင့် သုံးသပ်ဆင်ခြင်ရာ အရုဏ်တက်အချိန်သို့ ရောက်လတ်သော် အရဟတ္တဖိုလ်သို့ ရောက်လေ၏"ဟု ဥဒါန်းစကား မြွက်ကြားလေ၏။

ဤပုဂ္ဂိုလ်များကဲ့သို့ ယခုအခါ ယောဂီ ပုဂ္ဂိုလ်များသည် တရားအားထုတ်သောအခါ ဝေဒနာပေါ်လာသည်ရှိသော် ပေါ်လာသော မိမိ၏ ဝေဒနာများကို

ရှုမှတ်၍ ဝေဒနာတရားချုပ်၍ ဝိပဿနာဉာဏ် ပေါ်လာ၍ မိမိ၏ သီလ သမာဓိ အားလျော်စွာ ဉာဏ်အမြင် ထက်သန်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်ပါသည်။အထက်က ဝတ္ထုကိုကြည့်ပါလေ။ (ဆင့္မှုဝိသုဒ္ဓိမဂ္ဂ၊ပါဠ္ဌ-၄၆)

---

## ဝိရတိသီလ သုံးပါးကို ပြဆိုခြင်း

ဝိရတိသီလသည်—

၁။ သမ္ပတ္တဝိရတိ သီလ၊

၂။ သမာဒါနဝိရတိ သီလ၊

၃။ သမုစ္ဆေဒဝိရတိ သီလ ဟု ၃-မျိုးရှိ၏။

ဤ ၃-မျိုးသောသီလသည် ဒုစရိုက်တရား ဆယ်ပါးတို့၏ရန်ကို အောင်မြင်မှုနှင့် ရှောင်ကြဉ်မှုတို့ဖြစ်၏။

ယခု လူတို့ ကျင့်သုံး ဆောက်တည်နေသော ၅-ပါး ၈-ပါး, ၁၀-ပါး စသော သီလများသည် ဝိရမိတဗ္ဗဝတ္ထုမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ် ဖြစ်သည်။ဒုစရိုက် ၁၀-ပါးကို ရှောင်ကြဉ်လို၍ စွန့်ပစ်လိုသောကြောင့် ဆောက်တည် ကျင့်သုံးကြသည်ဟု ဆိုရပေလိမ့်မည်။ ထို့ကြောင့် ပါဏာတိပါတ စသော ကျင့်ဝတ် သိက္ခာပုဒ်တို့၌ "ဝေရမဏီ" သဒ္ဒါသည်

ရန်အပေါင်းကို ကြဉ်ရှောင်ခြင်း စွန့်ပစ်ခြင်းအနက် ရှိသောကြောင့် ဝိ-အက္ခရာကို ဝေ-ပြု၍ "ဝေရမဏီ" မည်၏။ ဝေရမဏီ-ဟူသည်ကား ကုသိုလ်စိတ်နှင့် ယှဉ်၍ ဖြစ်သော ဝိရတိတည်း။

"ပါဏာတိပါတာ ဝိရမန္တဿ ယာ တသ္မိံ
သမယေ ပါဏာတိပါတာ အာရတိ ဝိရတိ"

ဟူ၍ ဟောတော်မူအပ်သည်။

ကုသိုလ်စိတ်နှင့် ယှဉ်သော အကြင် ဝိရတိသည် ရှိ၏၊ ထို ဝိရတိသည် — (၁) သမ္ပတ္တဝိရတိသီလ သည်ကား.... ဆောက်တည်အပ်သော သိက္ခာပုဒ်မရှိ သောသူတို့အား မိမိ၏ ပညာဉာဏ်စွမ်းဖြင့် ဆင်ခြင်၍ ဤကဲ့သို့ သဘောရှိသော အကုသိုလ် ဒုစရိုက်အမှုကို ပြုလုပ် ကျူးလွန်ခြင်းငှါ အပ်, မအပ်ဟု နှလုံးသွင်းပြီး ရောက်လာ တွေ့လာသော အကုသလ ကမ္မပထ ကို မကျူး လွန်ဘဲ ကြဉ်ရှောင်လိုက်ခြင်းသည် သမ္ပတ္တဝိရတိ သီလ ဖြစ်၏။

သာဓကကား— သီဟိုဠ်ကျွန်း၌ စက္ကန မည်သော သီတင်းသည်၏ အမိသည် အနာရောဂါ ဖြစ်သဖြင့် ကုသရန် ဆေးသမားတို့ကို ခေါ်၏။ ဆေးသမားက စက္ကနအား "သင့်အမိရောဂါ လတ်လတ်ဆတ်ဆတ် သတ်၍ရသော ယုန်သားကို ရမှသာလျှင် ပျောက်ကင်း

လိမ့်မည်”ဟု ပြောရာ စတ္တနှ်၏အစ်ကိုသည်ညီငယ်အား လယ်တောသို့သွား၍ ယုန်ရှာရန် စေလွှတ်လိုက် လေသည်။ ညီငယ် စတ္တနသည် အစ်ကို၏ စေခိုင်းချက်အရ လယ်တောသို့သွားရာ ယုန်ငယ်သည် နသောကောက်ပင်ကို စားအံ့သောငှါ ရောက်လာစဉ် စတ္တနကိုမြင်သဖြင့် လျင်စွာပြေးလေသော် နွယ်ဖြင့် ငြိသည်ဖြစ်၍ “ကိရိ,ကိရိ”ဟု မြည်လေ၏။ ထိုအသံကို စတ္တနကြား၍ ယုန်ငယ်ကို ဖမ်းယူပြီးလျှင် အမိအား ဆေးကုရန် ကြံစည်လေသည်။ တဖန် ကြံစည်ပြန်သည်မှာ “ထိုငါသည် အမိ၏အသက်ဟူသောအကြောင်းကြောင့် သူတပါး၏ ဇီဝိတိန္ဒြေကို ချဲြားအံ့, ထိုသို့ သူတပါးအသက်သေမှ ငါ၏မိခင်အသက် ချမ်းသာမည်ဆိုပါက မသင့်”ဟု ကြံစည်ပြီးနောက် ယုန်ငယ်ကို ပြန်လွှတ်လိုက် လေ၏။ အိမ်သို့ ပြန်ရောက်သောအခါ အစ်ကိုက“ယုန်ရခဲ့ပါ၏လော”ဟု မေးသည်ရှိသော် အကြောင်းစုံကို ပြောကြားလေ၏။ အစ်ကိုသည် ညီ စတ္တနအား မြည်တွန်ဆဲဆိုသည်ရှိသော် ညီ စတ္တနသည် အမိထံသွား၍“ငါသည် မွေးဖွားသည်မှ စ၍ အသက်ရှိသောသတ္တဝါကို သေစေလိုသော စေတနာဖြင့် ဇီဝိတိန္ဒြေမှ ချဘူးသည်မရှိ”ဟု သစ္စာစကားကို ဆိုလေ၏။ ထို သစ္စာစကားကို ဆိုသောခဏ၌ အမိသည် အနာရောဂါမှ ပျောက်ကင်း

ချမ်းသာလေသည်။ ဤတွင် စတုတ္ထ ဆောက်တည်သော သီလသည် "သမ္ပတ္တဝိရတိသီလ"ဖြစ်၏။

သမာဒါနဝိရတိ သီလ သည်ကား.... သိက္ခာပုဒ်ကို ခံယူဆောက်တည်မထားဘဲ လွန်ကျူးဖွယ်အာရုံတွေ့မှ ရှောင်ကြဉ်ခြင်းသည် "သမာဒါနဝိရတိသီလ" မည်၏။

သာဓကကား— ဥတ္တရဝဍ္ဍမာနတောင်၌ နေသော ဥပါသကာသည် အမ္ဗရိယကျောင်း၌ သီတင်းသုံးသော ပိင်္ဂလဗုဒ္ဓရက္ခိတမထေရ်ထံ၌ သီလသိက္ခာပုဒ်တို့ကို ခံယူဆောက်တည်ပြီးလျှင် လယ်ကိုထွန်ရာ နွားပျောက်လေ၏။ ဥပါသကာသည် ပျောက်သော နွားကို ရှာရန် ဥတ္တရဝဍ္ဍမာနတောင်သို့ တက်ရာ စပါးကြီးမြွေသည် ဥပါသကာအားရစ်ပတ်လေ၏။ဥပါသကာသည် ဤသို့ ကြံ၏"အကြင်ငါသည် သီလသိက္ခာပုဒ်တို့ကိုစောင့်ထိန်း ပြီး စပါးကြီးမြွေ၏ ဦးခေါင်းကို ပါလာသော အသွား ထက်သည့် ဓါးမြှောင်ဖြင့်ဖြတ်၍ သတ်ခြင်းငှါမသင့်" ဟု ၃-ကြိမ်တိုင်တိုင် ကြံပြီးမှ "ငါ၏အသက်ကိုသာစွန့်အံ့, သီလသိက္ခာပုဒ်ကိုမူကား မစွန့်"ဟု လက်၌ရှိသော ဓါးမြှောင်ကိုစွန့်ပစ်၍ အသက်ကို လှူလေ၏။ ထိုကဲ့သို့ ရှောင်ကြဉ်ခြင်းသည်"သမာဒါနဝိရတိသီလ"မည်၏။

သမုစ္ဆေဒဝိရတိသီလသည်ကား.... အရိယာမဂ်နှင့် ယှဉ်သော သီလ ဖြစ်၏။ အရိယာမဂ်နှင့်ယှဉ်ပုံကား—

အကြင် သမုစ္ဆေဒဝိရတိဖြစ်သည်မှ စ၍ သတ္တဝါ၏ အသက်ကို သတ်အံ့ဟု အရိယာပုဂ္ဂိုလ်တို့အား မဖြစ်ချေ။ ထို အရိယာပုဂ္ဂိုလ်တို့၏ ရှောင်ကြဉ်မှု သီလသည် "သမုစ္ဆေဒဝိရတိသီလ"ဖြစ်၏။

(ဆင်္ဂမူ- အဋ္ဌသာလိနီ -ဋ္ဌ-၁၄၆)

ဝိရတိသီလသုံးပါး ပြီး၏။

---

## မြဟ္မဝိဟာရနှင့်သက် ကို ပြဆိုခြင်း

ဤသို့သောနည်းဖြင့် မိမိကိုယ်ကို ဆုံးမပါသော်လည်း ထို ယောဂီပုဂ္ဂိုလ်အား အမျက် ဒေါသ သည် အကယ်၍ မငြိမ်းအံ့၊ ထိုသို့မငြိမ်းခဲ့သော် ထို ပုဂ္ဂိုလ်သည် မိမိ၏ဥစ္စာ၊ သူတပါး၏ဥစ္စာ၊ ကံသာလျှင် ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်အပ်၏။ ထိုသို့ဆင်ခြင်ရာ၌ မိမိကိုယ်ကို ရှေးဦးစွာ ဤဆိုလတ္တံ့သော အတိုင်း ဆင်ခြင်အပ်၏။

အို-အချင်း.... သင်သည် ထို သူတပါးအား အမျက် ဒေါသထွက်ခြင်းဖြင့် အဘယ်ပြုအံ့နည်း။ ဒေါသလျှင် အကြောင်းရင်း ရှိသော ကံသည် သင့်အားသာလျှင် အကျိုးမဲ့ကို ဖြစ်ခြင်းငှါ ဖြစ်လတ္တံ့သည် မဟုတ်ပါ

လော။ထိုစကား မှန်၏။သင်သည် ကံသာလျှင် မိမိဥစ္စာရှိ၏။ကံ၏ အမွေခံ ဖြစ်၏။ ကံသာလျှင် အကြောင်းရှိ၏။ ကံသာလျှင် အဆွေအမျိုးရှိ၏။ ကံသာလျှင် ကိုးကွယ်လည်းလျောင်းရာရှိ၏။ အကြင် ကံကို ပြုအံ့, သင်သည် ထိုကံ၏အမွေခံ ဖြစ်လတ္တံ့။ သင်၏ ဤဒေါသအစွမ်းဖြင့် ဖြစ်သော ကံသည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်။ ပစ္စေကဗောဓိဉာဏ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်။ သာဝကဘုံသို့ ရောက်ခြင်းငှါ မစွမ်းနိုင်။ ဗြဟ္မာမင်းအဖြစ်၊ သိကြားမင်း,စကြဝတေးမင်း,ပဒေသရာဇ်မင်း အစရှိသည်တို့၏ စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်တို့ကို ပြီးစေခြင်းငှါ မစွမ်းနိုင်။ စင်စစ်သော်ကား သာသနာတော်မှ ရွေ့လျော၍ စားကြွင်းစား အစရှိသော သူဆင်းရဲတို့၏ အဖြစ်ကိုငင်း,အပါယ်၌ ဖြစ်ခြင်း အစရှိသော ဆင်းရဲ အထူးကိုငင်း ထိုပုဂ္ဂိုလ်၏ ဤကံသည် ဖြစ်စေခြင်းအကျိုးရှိ၏။ ဤကံကို ပြုသော ထိုသင်သည် နှစ်ဖက်သောလက်တို့ဖြင့် အလျှံကင်းသော မီးကျီးတို့ကိုငင်း, မစင်ကျင်ကြီးကိုငင်း ယူ၍ သူတပါးကို ပုတ်ခတ်လိုသော ယောကျ်ားကဲ့သို့ မိမိကိုယ်ကိုသာလျှင် ပူလောင်ခြင်းကိုငင်း, မကောင်းသော အနံ့ရှိသည်ကိုငင်း ပြုသည်မည်၏” ဤသို့ မိမိကိုယ်ကို ဆင်ခြင်အပ်၏။

ဤသို့ မိမိ၏ ကံသာလျှင် ဥစ္စာရှိသည်အဖြစ်ကို ဆင်ခြင်ပြီး၍ သူတပါး၏ ကံသာလျှင် ဥစ္စာရှိသည်အဖြစ်ကို ဤသို့ ဆင်ခြင်အပ်၏။

ထို တပါးသောသူသည်လည်း.... သင့်အား အမျက်ထွက်၍ အဘယ်သို့ ပြုနိုင်လတ္တံ့နည်း။ ထိုကံသည် ထို အမျက်ထွက်သူ၏ သာလျှင် အကျိုးမဲ့ ဖြစ်လတ္တံ့သည် မဟုတ်ပါလော။ ထိုစကား မှန်၏။ ဤသူသည်လည်း ကံသာလျှင် ဥစ္စာရှိ၏။ ကံ၏အမွေခံ ဖြစ်၏။ပ။အကြင် ကံကို ပြုလတ္တံ့။ ထိုသူသည် ပြုသောကံ၏ အမွေခံ ဖြစ်လတ္တံ့။ထိုသူ၏ ဤကံသည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်။မြတ်ဗုဒ္ဓမင်း,သိကြားမင်း,စကြဝတေးမင်း,ပဒေသရာဇ်မင်း အစရှိသည်တို့၏ စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကို ပြီးစေခြင်းငှါ မစွမ်းနိုင်။စင်စစ်သော်ကား သာသနာတော်မှ ရွေ့လျော၍ စားကြွင်းစား အစရှိသော သူဆင်းရဲတို့၏ အဖြစ်ကိုငင်း, အပါယ်၌ဖြစ်ခြင်း အစရှိသော ဆင်းရဲ အထူးကိုငင်း ထိုပုဂ္ဂိုလ်၏ ကံသည် ဖြစ်စေခြင်း အကျိုး ရှိ၏။ ဤကံကိုပြုသော ထိုသူသည် လေအောက်၌ရပ်၍ လေညာ၌တည်သော သူတပါးကို မြူမှုန်ဖြင့်ကြဲလိုသော ယောကျ်ားကဲ့သို့ မိမိကိုယ်ကိုသာလျှင် ဒေါ်သမြူမှုန် တို့ဖြင့် ကြဲဘိ၏။

ထို့ကြောင့် မြတ်စွာဘုရားသည်—

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တောတိ။

ဟူသော ဂါထာကို ဟောတော်မူ၏။

အကြင်သူသည် သန့်ရှင်းစင်ကြယ်သော ကိလေသာ အညစ်အကြေး ကင်းဝေး ဖြူစင်ကြယ်သော မပြစ်မှားကောင်း မပြစ်မှားထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှားမိအံ့, မိုက်မဲသော ထိုပြစ်မှားသော သူအားသာလျှင် မကောင်းမှုသည် ပြန်လာ၏။ ဥပမာ— သိမ်မွေ့သော မြူမှုန် ပြန်လာသကဲ့သို့ပေတည်း။ (ဤကား အဓိပ္ပါယ်)။

ဤသို့သောနည်းဖြင့် ကံသာလျှင် မိမိဥစ္စာ ရှိသည့် အဖြစ်ကို ဆင်ခြင်ပါသော်လည်း ထိုယောဂီပုဂ္ဂိုလ်အား အမျက်ဒေါသသည် အကယ်၍ မငြိမ်းခဲ့သော် မြတ်စွာ ဘုရား၏ ရှေးက ကျင့်တော်မူဘူးသော ဂုဏ်တော် ကျေးဇူးတော်တို့ကို ဆင်ခြင် အောက်မေ့အပ်၏။

ဆင်ခြင်ပုံ နည်းကား— အို-ရဟန်း....သင်၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် သစ္စာလေးပါး တရားကို မသိမီ ရှေးက သစ္စာလေးဝ ဥပ ဃျင်ါးတန်

ကို မသိသေးသော ဘုရားလောင်းဖြစ်စဉ် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ဆည်းပူးသည်ရှိသော် ထိုထို ဇာတ်နိပါတ်တော်၌ ညှဉ်းဆဲ သတ်ပုတ်တတ်ကုန်သော ရန်သူတို့ကို စိတ်မျှဖြင့်လည်း မပြစ်မှားသည် မဟုတ်ပါလော။

အဘယ် ဇာတ်နိပါတ်တို့၌နည်းဟူမူ.... သီလဝဇာတ်၌ မိမိ၏ မိဖုရားနှင့် အတူတကွ မိစ္ဆာစာရ အမှုဖြင့် ပြစ်မှားသော အမတ်ယုတ်သည် ဆောင်ပိုးအပ်သော ယူဇနာသုံးရာရှိသော တိုင်းပြည်ကို သိမ်းယူသော ရန်သူမင်းကို နှိပ်စက်ညှဉ်းဆဲခြင်းငှါ ထကြွကုန်သော အမတ်တို့အား လက်နက်ကိုင်ခြင်းငှါမျှလည်း မပြု။ တဖန် အမတ်တထောင်တို့နှင့်တကွ သူသေကောင်စွန့်ရာ သုသာန်၌ လည်ပင်းတိုင်အောင် မြေကြီးကိုတူး၍ မြှုပ်အပ်သည်ရှိသော် စိတ်ပြစ်မှားခြင်းကိုမျှလည်း မပြုဘဲ သူကောင်ပုပ်စားခြင်းငှါ လာကုန်သော မြေခွေးတို့၏ မြေမှုန့်ယက်ခြင်းကို အမှီပြု၍ တွင်းမှထွက်ခြင်းငှါ ယောကျ်ားတို့၏ စွမ်းအားကို ပြုလျက် အသက်ရှင်ခြင်းကို ရလတ်သော် မင်းကြီးတရားဆုံးဖြတ်သည်ကို နှစ်သက်သောစိတ်ရှိသော ဘီလူး၏အာနုဘော်ဖြင့် မိမိ၏ အသရေရှိသော တိုက်ခန်းသို့ သက်ဝင်၍ အသရေရှိသော အိပ်ရာတွင် အိပ်နေသော ရန်သူမင်းကို မြင်ပါ

လျက် အမျက်မထွက်မူ၍သာလျှင် အချင်းချင်းကျိန်စာဖြင့် ကတိထားလျက် ထိုရန်သူမင်းကိုပင် မိတ်ဆွေအရာ၌ ထား၍—

အာသီသေထေဝ ပုရိသော၊
န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊
ယထာ ဣစ္ဆိံ တထာ အဟုံ။

ဟူသော ဂါထာကို ဆို၏။

"အို-အချင်းတို့.... ပညာရှိသော ယောကျ်ားမည်သည် အကြင်အကြင် အလိုရှိအပ်သော အစီးအပွား၌ အပြစ်ကင်းသောအခြင်းအရာဖြင့် တောင့်တအားသာပြုရာ သည်သာတည်း။ဤသို့ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသို့ရောက်သော ငါ့အား အဘယ်မှာ ချမ်းသာသည်၏အဖြစ်သို့ ရောက်နိုင်ပါအံ့နည်း ဟု လုံ့လ လျော့ခမ္ မငြီးငွေ့ရာ။အဘယ်ကြောင့်နည်းဟူမူ.... သင်တို့၏အရှင်ဖြစ်သော ငါသည် အပြစ်ကင်းသော အခြင်းအရာဖြင့် တစုံတယောက်သောသူကိုမျှ ညှဉ်းဆဲနှိပ်စက်ခြင်း မပြုဘဲ မင်းအဖြစ်၌တည်သော မိမိကိုယ်ကို အလိုရှိ၏။ ထိုအလိုအတိုင်း ငါဖြစ်ပြီ။ရှေးကအတိုင်း မင်းဖြစ်ရသော

ငါ၏ကိုယ်ကို ငါမြင်ရ၏။ ထို့ကြောင့် မငြိုးငွေ့ရာဟု ငါဆိုပေသတည်း”။ (ဤကားအဓိပ္ပါယ်တည်း)။

ဤသို့ အထက်ကပြခဲ့သော ဝတ္ထုများကဲ့သို့ ဒေါသ မဖြစ်ဘဲ ယခု တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် များ အထူးသည်းခံ၍ သံသရာမှထွက်မြောက်အောင် မိမိအကျိုးမယုတ်စေရန် တရားကို မနေမနား ကြိုးစား ၍ အားထုတ်ကြပါလေ။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ပ-ဌ-၂၉၂၊ ၃၅၀)

---

ခန္တိဝါဒဇာတ် စူဠဓမ္မပါလဇာတ်ကိုပြဆိုခြင်း

ခန္တိဝါဒဇာတ်၌ ပညာမဲ့သော ကာသိတိုင်းကြီးရှင် ကလာဗုမင်းသည် “အို-ရှင်ရဟန်း....သင်သည် အဘယ် အယူရှိသနည်း”ဟု မေးသည်ရှိသော်— “ငါသည် သည်းခံခြင်း အယူရှိသည် ဖြစ်၏”ဟု ဆိုလျှင် သံဆူး တပ်ကုန်သော ကြိမ်လုံးတို့ဖြင့် ရိုက်နှက်၍ လက် ခြေ တို့ကို ဖြတ်ကုန်သော်လည်း အမျက်ထွက်ခြင်းကိုမျှမပြု။

ဤသို့ သည်းခံနိုင်ခြင်းသည် အရွယ်၏ကြီးရင့်ခြင်း, ရဟန်းသူတော်သူမြတ်ဖြစ်ခြင်းကြောင့်မအံ့ဩလောက် သေး....။ သာ၍ အံ့ဩစရာ ကောင်းသည်ကား စူဠဓမ္မ ပါလဇာတ်၌—

"ပက်လက် အိပ်တတ်ကာမျှ ဖြစ်ပါလျက်လည်း ပထဝီမြေပြင်အလုံးကို သိမ်းကျုံးပိုင်သ အစိုးရလတ္တံ့သော အမွေခံဖြစ်သော သားတော်ဓမ္မပါလ၏ စန္ဒကူးရေဖြင့် လိမ်းကျံအပ်သော လက်မောင်းတို့သည် ပြတ်ကုန်ပြီ။ အရှင်မင်းကြီး အကျွန်ုပ်၏အသက်သည် ကျင်နာလှပါကုန်၏"ဟု မယ်တော်မိဖုရားကြီးသည် ငိုကြွေးမြည်တမ်းစဉ် ခမည်းဘော်ဖြစ်သော မဟာပတာပမင်းသည် ဝါးမျစ်နှသဖွယ် နူးညံ့သော လေးခုသော ခြေလက်တို့ကို ဖြတ်စေပြီးသော် ထိုမျှလောက် ညှဉ်းဆဲ၍မျှ အားမရနိုင်သဖြင့်"အို-ဓမ္မပါလ- ယခုအခါသည်ကား သင်၏စိတ်ကို ကောင်းစွာနှိပ်ကွပ်အပ်သော အခါပေတည်း။ အို-ဓမ္မပါလ....ယခုအခါ၌ ဦးခေါင်းကို ဖြတ်စေသော ခမည်းတော်၌ရင်း, ဦးခေါင်းကို ဖြတ်သော လက်မရှိ့အာဏာသား၌ရင်း, ငိုကြွေး၍နေသော မယ်တော်၌ရင်း, မိမိကိုယ်၌ရင်း ဤလေးဦးသော သူတို့၌ တူမျှသောစိတ်ရှိသည်ဖြစ်လော့"ဟု ကြိပ်ကြိပ် တည်းတည်း အဓိဋ္ဌာန် ဆောက်တည်၍ ပြစ်မှားလိုသော အခြင်းအရာကိုလည်း မပြုချေ။

လူဖြစ်သော ဓမ္မပါလမင်းသားငယ်သည် ဤသို့ အသက် သေဆုံးသည်တိုင်အောင် အမျက် ဒေါသကို ချုပ်တည်း၍ သည်းခံခြင်းကို ပြုသော်လည်း လူဖြစ်

သောကြောင့် မအုံသြလောက်သေး........။ ထိုထက်သာ၍ အံ့သြစရာ ကောင်းသော သည်းခံခြင်း ကိုကား တိရစ္ဆာန်ဖြစ်ပါလျက် ဆဒ္ဒန္တ အမည်ရှိသော ဆင်မင်းသည် ဆိပ်လူးမြှားဖြင့် ချက်ကို ပစ်အပ်သော်လည်း ထိုမုဆိုးလောက် အကျိုးမဲ့ကို ပြုသော မုဆိုး၌ စိတ်မျှဖြင့် မပြစ်မှားမူ၍ ဤသို့ဆို၏—

"သမပ္ပိတော ပုထုသလ္လေန နာဂေါ၊
အဒုဋ္ဌစိတ္တော လုဒ္ဒကံ အဇ္ဈဘာသိ။
ကိမတ္ထိယံ ကိဿ ဝါ သမ္မ ဟေတု၊
မမံ ဝဓိ ကဿ ဝါ ယံ ပယောဂေါ"တိ။

"ကြီးစွာသောဆိပ်လူးမြှားဖြင့် စူးဝင်နှိပ်စက်သော ဆဒ္ဒန်ဆင်မင်းသည် စိတ်မျှဖြင့် ပြစ်မှားခြင်းမရှိဘဲ မုဆိုးကို ပြောဆို၏။ အို-အချင်းမုဆိုး.... အဘယ်သောအကျိုးကြောင့် ငါ့ကို ပစ်သတ် သနည်း၊ အဘယ်သူ၏ အကြောင်းကြောင့်မူလည်း ပစ်သတ်သနည်း။အဘယ်သူ၏ စေခိုင်းသော ပယောဂ ဖြစ်သနည်း"ဟု ဆို၏။ (ဤကား ဂါထာ၏ အဓိပ္ပါယ်)။

ဤသို့ ဆိုသည်ရှိသော် မုဆိုးက "အရှင်ဆင်မင်း ကာသိကရာဇ်မင်း၏ မိဖုရားခေါင်ကြီးသည် အရှင်ဆင်မင်း၏ အစွယ်တော်အလို့ငှါ စေခိုင်း အပ်သည်

ဖြစ်ပါ၏”ဟု ဆိုလေသော် ထိုမိဖုရားကြီး၏ နှလုံးအလို ကို ပြည့်စေလျက် ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်သော အရောင်ဖြင့် တောက်ပလျက် နှစ်သက်စဖွယ် တင့်တယ်ခြင်းရှိသော မိမိအစွယ်တို့ကို ဖြတ်လှူလေ၏။

ဤဝတ္ထုများကဲ့သို့ သည်းခံခြင်း ရှိသော ယောဂီ ပုဂ္ဂိုလ်များသည် ပါရမီလည်း ရှိမည်ဆိုလျှင် သမထ ဝိပဿနာတရားကို မနေမနား ကြိုးစား အားထုတ်ပွားများပါလျှင် မကြာမီ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်း အလွန် ထင်ရှား ပါလိမ့်မည် သူတော်ကောင်းတို့။

(ဆင္ဂမူ-ဝိသုဒ္ဓိမဂ္ဂ—ပ-ဌ-၂၈၅-၂၈၆)

---

## မျောက်မင်းကို ပြဆိုခြင်း

မျောက်မင်း ဖြစ်တော်မူစဉ်အခါ မိမိသည်ပင်လျှင် တောင်ကမ်းပါး ချောက်ကြားမှ ထုတ်ဆောင် ကယ်တင်ရသော ယောကျ်ားသည်“တော၌ မျောက်မှတပါးသော သားကောင်အပေါင်းတို့သည် လူတို့၏အစာ ဖြစ်ကုန်သကဲ့သို့၊ ထို့အတူ ဤမျောက်သည်လည်း လူတို့၏ အစာပင်တည်း။ ဆာလောင် မွတ်သိပ်သော ငါသည် ဤမျောက်ကိုသတ်၍ စားရမူကား ကောင်းလေစွ။ ဝမ်းဝမိုက်ကားအောင် စားပြီး၍ ခရီးလမ်းစာ

ရိက္ခာအလို့ငှါ အသားကိုယူ၍ သွားပေအံ့။ ဤမျောက်သားသည် ငါ၏ရိက္ခာ ခရီးလမ်းစာ ဖြစ်လတ္တံ့။ ဤမျောက်သားဖြင့် ကန္တာရခရီးခဲကို လွန်မြောက်ရလေအံ့”ဟု ကြံ၍ ကျောက်ခဲကို ကောက်ချီပြီးလျှင် မျောက်မင်း၏ ဦးခေါင်းကို ပေါက်ခွဲသည်ရှိသော် မျက်ရည်ဖြင့်ပြည့်သော မျက်စိတို့ဖြင့် ထိုယောကျ်ားကို ကြည့်လျက် “အို-အရှင်ကောင်း....သင်သည် ငါ၏အရှင်ဖြစ်ပါလျက် ဤသို့သောအမှုကို မပြုသင့်ဘဲ ပြုဘိ၏။ သင်သည် သူတပါးကို ဤသို့သောအမှုကို ပြုခြင်းမှ တားမြစ်ထိုက်ပါ၏။ သင်သည် ငါ့ကြောင့် အသက်ရှင်သည် မဟုတ်ပါလော”ဟု ဆို၍ ထိုယောကျ်ား၌ စိတ်မျှမပြစ်မှားဘဲ မိမိ၏ဆင်းရဲဒုက္ခကိုလည်း မကြံဘဲ ထိုယောကျ်ားကိုပင် ဘေးကင်းရာအရပ်သို့ ရောက်စေ၏။

ဘူရိဒတ် အမည်ရှိသော နဂါးမင်း ဖြစ်စဉ် အခါ ဥပုသ်အင်္ဂါတို့ကို ဆောက်တည်၍ တောင်ပို့ထိပ်၌ နေသည်ရှိသော် ကမ္ဘာဖျက်မီးနှင့် တူသော ဆေးဖြင့် ကိုယ်အလုံးကိုသွန်းလောင်း ကြဲဖျန်းသော်၎င်း,ပခြုပ်၌ ထည့်၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ လှည့်လည် ကစားစေအပ်သော်၎င်း ထိုပုဏ္ဏား၌ စိတ်ပြစ်မှားခြင်းကိုမျှလည်း မပြု။ ထို့ကြောင့် “ပခြုပ်၌ ခြေဖြင့်နင်း၍ ထည့်သွင်းလေသော်၎င်း,လက်ဖြင့်နှိပ်နယ်ခြင်း ပြုသော်၎င်း ငါ၏

သီလ ပျက်စီးအံ့ သည်မှ ကြောက်သောကြောင့် အလမ္ဗာယ်ပုဏ္ဏားသို့ အမျက်မထွက်”ဟု ထို နဂါးမင်းက ဆို၏။

စမ္ပေယျနဂါးမင်းဖြစ်သောအခါ၌လည်း အလမ္ဗာယ်မြွေဖမ်းသမား ဖမ်းယူ၍ ညှဉ်းဆဲ နှိပ်စက်သော်လည်း စိတ်၏ပြစ်မှားခြင်းကိုမျှလည်း မဖြစ်စေ။ ထို့ကြောင့် မြတ်စွာဘုရားသည် စမ္ပေယျဇာတ်၌—

ထိုစမ္ပေယျနဂါးမင်း ဖြစ်သောအခါ၌ တရားကိုကျင့်သုံးသော ဥပုသ်ဆောက်တည်သော ငါ့ကို အလမ္ဗာယ်မြွေဖမ်းသမားသည် ဖမ်းယူ၍ မင်း၏နန်းတော် တံခါး၌ ကစား၏။ ညိုသော အရောင်အဆင်းကိုသော်၎င်း, ရွှေသော အရောင်အဆင်းကို၎င်း,နီသောအရောင်အဆင်းကို၎င်း အကြင် အရောင်အဆင်းကို ဖြစ်စေလို၏ ဟု အလမ္ဗာယ်သည် ကြံ၏။ ထို အလမ္ဗာယ်၏ စိတ်အလိုရှိသောအတိုင်း ကြံအပ်သော အဆင်းအရောင်နှင့် တူသည် ဖြစ်၏။ ငါသည် ကုန်းကြည်းကို ရေဖြစ်အောင် ပြုနိုင်၏။ ရေကိုလည်း ကုန်းကြည်းဖြစ်အောင် ပြုနိုင်၏။ ထိုအလမ္ဗာယ်အား အကယ်၍ အမျက်ထွက်အံ့, ကြည့်သောခဏ၌ပင်လျှင် ပြာဖြစ်အောင် ပြုနိုင်၏။စိတ်အလိုအတိုင်း ပြုသည် အကယ်၍ ဖြစ်အံ့, သီလမှ ဆုတ်ယုတ်

ရလေအံ့။ သီလမှယုတ်သောသူအား မြတ်သောအကျိုးသည် မပြီးစီးရာ” ဤသို့ ဟောတော်မူ၏။

သံခ်ပါလနဂါးမင်းဖြစ်စဉ်အခါက မြမြထက်သော လှံမတို့ဖြင့် ရှစ်ဌာနတို့၌ထိုး၍ လှံထိုးပေါက်တို့မှ ဆူးရှိသော နွယ်တို့ကို သွင်းပြီးလျှင် နှာခေါင်း၌ ခိုင်လှစွာသော ကြိုးတို့ကို တပ်၍ တဆယ့်ခြောက်ယောက်သော မုဆိုးသားတို့သည် ထမ်းပိုးဖြင့်ယူ၍ ထမ်းအပ်သည်ရှိသော် မြေကြီးနှင့်ကိုယ်ကိုပွတ်၍ ဒရွတ်ဒရွတ် တိုက်ဆွဲသောကြောင့် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရပါလျက် အမျက်ထွက်၍ မျက်စောင်းညိတ်လှည့်ကြည့်ကာမျှဖြင့်ပင် ခပ်သိမ်းကုန်သော မုဆိုးသားတို့ကို ပြာဖြစ်အောင်ပြုခြင်းငှါ စွမ်းနိုင်သည် ဖြစ်ပါလျက် မျက်စိကိုဖွင့်၍ ပြစ်မှားလိုသော အမူအရာကိုမျှလည်း ပြုတော်မမူ။ ထိုကြောင့် အောက်ပါစကားကို သံခ်ပါလနဂါးမင်းက ဆို၏။

“အို-လှည်းမှူး အာဠာရ-တဆဲ့လေးရက် မြောက်သောနေ့၌ရင်း, တဆဲ့ငါးရက်မြောက်သော နေ့၌ရင်း ဥပုသ်တို့ကို ငါသည် အမြဲကျင့်သုံး၏။ ထိုသို့ ဥပုသ်ကျင့်သုံးသောအခါ၌ တကျိပ်ခြောက်ယောက်သော မုဆိုးသားတို့သည် ကြိုးကိုရင်း,ခိုင်လှစွာသော ကျော့ကွင်းကိုရင်း ယူ၍လာကြကုန်၏။ လာပြီးလျှင် နှာခေါင်းကို

ဖောက်ထွင်း၍ ကြိုးတပ်ပြီးလျှင် တင်းတင်းဆွဲထား၏။ ကြိမ်နွယ်တို့ဖြင့် ထက်ဝန်းကျင်မှသိုင်း၍ မှုဆိုးတို့သည် ငါ့ကို ဆောင်ကုန်၏။ ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို ငါသည် ဥပုသ်ကိုမပျက်စေဘဲ သည်းခံဘူးလေပြီ"။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အံ့ဩဖွယ် သည်းခံခြင်းတို့ကိုသာ ပြုတော်မူဘူးသည်မဟုတ်သေး။ မာတုပေါသက ဇာတ် အစရှိသည်တို့၌လည်း များစွာကုန်သော အံ့ဩဖွယ် သည်းခံခြင်းတို့ကို ပြုတော်မူဘူးလေပြီ။

ယခုအခါ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ပြီး၍ နတ်နှင့်တကွသော လောက၌ တစုံတယောက်သော သူနှင့်မျှ မတူနိုင်သော သည်းခံခြင်း ဂုဏ်ကျေးဇူး ရှိတော်မူသော ထိုဘုန်းတော်ခြောက်စုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားကို ဆရာ ဟူ၍ ညွှန်ကြားသော ထိုသင်ယောဂီပုဂ္ဂိုလ်အား ဒေါသနှင့်ယှဉ်သော စိတ်ကို ဖြစ်စေခြင်းငှါ အလွန် မသင့် မလျော်ကပတ်၊ ဟူ၍ မိမိကိုယ်ကို မိမိဆုံးမကာ ဆရာဖြစ်သော မြတ်စွာဘုရား၏ ရှေးအခါက သည်းခံတော်မူဘူးသော ဂုဏ်ကျေးဇူးတို့ကို အဖန် တလဲလဲ အောက်မေ့အပ်၏။

(ဆင္ဂမူ၊ ဝိသုဒ္ဓိမဂ္ဂ၊ ပ၊ ဋ္ဌ- ၂၉၆-၂၉၇-အထိ၊ ဋီ-၃၅၉)

ဤသို့ နတ်တို့သည် ချစ်၏ ဆိုသည် ကား... လူတို့ ချစ်ခင်သကဲ့သို့ နတ်ဘီလူးတို့သည်လည်း ချစ်ခင်သည် ဖြစ်၏။ အဘယ်ကဲ့သို့နည်း.... ဝိသာခမထေရ်ကို နတ်တို့ ချစ်ခင်သကဲ့သို့ပင်တည်း။

ထို ဝိသာခမထေရ်သည် ပါဋလိပုတ်ပြည်၌ သူကြွယ် ဖြစ်ဘူးသတတ်။ ထို ဝိသာခသူကြွယ်သည် ပါဋလိပုတ်ပြည်တွင် နေစဉ် သီဟိုဠ်ကျွန်းအကြောင်းကို သတင်းကြား၏။ ကြားပုံကား.... "သီဟိုဠ်ကျွန်းသည် စေတီပုထိုး အမျိုးမျိုး တည်းဟူသော ပန်းတို့ဖြင့် တန်းဆာဆင်အပ်၏။ သက်နုံးရောင်ဖြင့် တပြောင်ပြောင်တောက်ပ၏။ ဤ သီဟိုဠ်ကျွန်း၌ အလိုရှိရာ အလိုရှိရာ အရပ်တွင် နေခြင်းငှါလည်း, အိပ်ခြင်းငှါလည်း တတ်နိုင်ကောင်း၏။ လျောက်ပတ်သော ဥတုသပ္ပါယကိုလည်း, ကျောင်းအိပ်ရာနေရာ သေနာသနသပ္ပါယကိုလည်း, ပုဂ္ဂလသပ္ပါယကိုလည်း,ဓမ္မသဝနသပ္ပါယကိုလည်း ထိုသီဟိုဠ်ကျွန်း၌ ရလွယ်၏" ဟု သတင်းကြားလေ၏။

ထိုဝိသာခသူကြွယ်သည် မိမိ၏စည်းစိမ်ဥစ္စာ အစုကို သားမယားတို့အား အပ်နှင်းခဲ့ပြီးလျှင် ပုဆိုးစွန်းတွင် ငွေတကျပ်မျှကို ထုပ်၍ အိမ်မှထွက်ခဲ့၍ သမုဒ္ဒရာကမ်းနားတွင် သင်္ဘောကို မြှော်လင့် စောင့်ဆိုင်းလျက် တလ

ပတ်လုံး နေ၏။ ထိုသူကြွယ်သည် အရောင်းအဝယ်တတ်မြောက်သောသူဖြစ်၍ ဤအရပ်၌ ကုန်ဝယ်ပြီးလျှင် ဤမည်သောအရပ်၌ ရောင်း၏။ တရားနှင့် လျော်သော ကုန်သွယ်ခြင်းဖြင့် ထိုတလအတွင်းတွင်ပင် ငွေတထောင်စုမိ၏။ အစဉ်သဖြင့် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်သို့သွား၍ ရဟန်းအဖြစ်ကိုတောင်း၏။ ထိုသူကြွယ်ကို ရဟန်းခံရန် သိမ်သို့ဆောင်သည်ရှိသော် ထို ငွေတထောင်ထုပ်သည် ပခုံးထက်၌တင်ထားသောအဝတ်ခေါက်တွင်းမှ မြေသို့ ကျလေ၏။ "အဘယ်အရာနည်း" ဟု ရဟန်းများက မေးသည်ရှိသော် ငွေတထောင်ဖြစ်ပါကြောင်း လျှောက်၏။ "အို-ဒါယကာ.... ရဟန်းပြုသောကာလမှစ၍ ထိုငွေကိုစီရင်ခြင်းငှါ မတတ်ကောင်းတော့ချေ၊ ယခု ရဟန်းမပြုမီကပင် စီရင် နေရာချထားပေတော့" ဟု ရဟန်းများက မိန့်ဆိုလေသော် ဝိသာခ၏ ရဟန်းပြုရာဌာနသို့ လာလတ်သူတို့သည် အချည်းနှီးသောလက်ဖြင့် မပြန်စေကုန်သတည်းဟု ဆို၍ ငွေတထောင်ထုပ်ကို ဖြေပြီးလျှင် သိမ်အပြင်၌ ကြဲလိုက်ပြီးလျှင် ရှင်သာမဏေပြု၍ ပဉ္စင်းခံလေ၏။ (ယခု မြန်မာပြည် ပဉ္စင်းခံပွဲနှင့် ဘယ်လောက်များ ကွာခြားသလဲဆိုတာ စဉ်းစားဝေဖန် ကြည့်ကြပါလေ။ စကားချပ်တည်း)။

ထို ဝိသာခရဟန်းသည် ငါးဝါ ရှိသောအခါ ဒွေမာတိကာကိုလေ့လာ၍ ပဝါရဏာကို ပြုပြီးလျှင် မိမိနှင့် သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းကို ယူလျက် တကျောင်း ကကျောင်းမှာ လေးလစီ အညီအမျှနေ၍ ကျင့်၏။ ဤသို့ ကျင့်သော တောတွင်း၌တည်လျက် ကြိုးဝါးလိုသော ဝိသာခမထေရ်သည် သမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှထ၍ မိမိ၏ဂုဏ်ကို ဆင်ခြင်သည်ရှိသော် ဝမ်းမြောက်လျှ၏။

"ယာဝတာ ဥပသမ္ပန္နော၊
ယာဝတာ ဣဓ အာဂတော။
ဧတ္ထန္တရေ ခလိတံ နတ္ထိ၊
အဟော လာဘာ တေ မာရိသာ"တိ။

ဟူ၍ ဥဒါန်းဂါထာကို ကျူးရင့်ရွတ်ဆိုလေ၏။

"အိုအချင်း ... အကြင်မျှလောက်သော ကာလမှစ၍ ရဟန်းပြု၏။ အကြင်မျှလောက်သော ကာလဖြင့် ဤတောတွင်းသို့ ရောက်၏။ ဤကာလအတွင်း၌ ချွတ်ချော်တိမ်းယိမ်းသော အကျင့် မည်သည် မရှိ။ အကြင်သူတော်ကောင်းတို့ ရအပ်သော ဂုဏ်ကျေးဇူးတို့သည် ရှိကုန်၏။ ထိုဂုဏ်ကျေးဇူးတို့ကို သင်သည် ရတော်ပေစွ"။ (ဤကား ဂါထာ၏ အဓိပ္ပါယ်တည်း)။

ထိုဝိသာခမထေရ်သည် စိတ္တလတောင်ကျောင်းသို့ သွားရာ လမ်းနှစ်ခွသို့ရောက်၍ "ဤလမ်းသည် လမ်းမှန်လော၊ သို့မဟုတ် ဤအခြားလမ်းသည် လမ်းမှန်လော" ဟု တွေးတော ကြံစည်လျက် ရပ်နေ၏။ ထိုအခါ ထိုမထေရ်အား တောင်စောင့်နတ်သည် လက်ကို ဆန့်တန်း၍ "ဤလမ်းသည် စိတ္တလတောင် ကျောင်းသို့ သွားသော လမ်းတည်း" ဟု ဆို၍ ညွှန်ပြ၏။ ထိုမထေရ်သည် စိတ္တလတောင် ကျောင်းသို့သွား၍ ထိုကျောင်း၌ လေးလနေပြီးသော် "နံနက်မိုးလင်းသောအခါ သွားတော့အံ့" ဟု ကြံ၍ ကျိန်းစက်၏။ စင်္ကြံကျောင်းဦးသပြေပင်စောင့် နတ်သည် စောင်းတန်းပြင်ပေါ်တွင် နေ၍ ငို၏။ မထေရ်သည် "ငိုသောသူကား အဘယ်သူနည်း" ဟု မေး၏။ "အရှင်ဘုရား ငိုသူ အကျွန်ုပ်ကား သပြေပင်စောင့်နတ်ပါတည်း" ဟု ဆို၏။ "အဘယ့်ကြောင့် ငိုသနည်း" ဟု မေးသော် "အရှင်ဘုရားကြွသွားမည်ကို အကြောင်းပြု၍ ငိုပါသည်" ဟု လျှောက်၏။ "ဤအရပ်၌ ငါနေသည်ရှိသော် သင်တို့အား အဘယ် ကျေးဇူးရှိသနည်း" ဟု မထေရ်က မေးပြန်၏။ "အရှင်ဘုရား အရှင်ဘုရားတို့သည် ဤအရပ်၌နေသည်ရှိသော် နတ်တို့သည် အချင်းချင်း မေတ္တာကို ရကြပါကုန်၏။ ယခုအခါ အရှင်ဘုရားတို့ ကြွသွားတော်မူခဲ့သော် ထို နတ်တို့သည်

ခိုက်ရန်ဖြစ်ကြပါကုန်လတ္တံ့။ ရန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုကြပါကုန်လတ္တံ့” ဟု လျှောက်၏။ မထေရ်သည်“ ဤအရပ်၌ ငါနေသည်ရှိသော် သင်တို့အား ချမ်းသာစွာနေရသည် အကယ်၍ဖြစ်အံ့,ကောင်းလှပေ၏”ဟု မိန့်ဆို၍ နောက်ထပ် လေးလ ထိုအရပ်၌ နေ၍ တဖန် ထို့အတူ သွားလိုသောစိတ် ဖြစ်စေပြန်၏။ နတ်သည်လည်း တဖန်ထို့အတူပင် ငိုပြန်၏။ဤသို့သော အကြောင်းကြောင့် မထေရ်သည် ထိုအရပ်၌ပင်နေ၍ ထိုအရပ်မှာပင် ပရိနိဗ္ဗာန် ပြုရလေ၏။ဤသို့လျှင် မေတ္တာနှင့် နေသောရဟန်းကို နတ်တို့သည် ချစ်ခင်ကြသည် ဖြစ်၏။

“နတ်တို့စောင့်ရှောက်ကုန်၏”ဆိုသည်ကား.... အမိအဖတို့သည် သားကို စောင့်ရှောက်ကုန်သကဲ့သို့ နတ်တို့သည်စောင့်ရှောက်ကုန်၏။“ထိုပုဂ္ဂိုလ်အား မီးသည်၎င်း, အဆိပ်သည်၎င်း, လက်နက်သည်၎င်း မဝင်နိုင်” ဆိုသည်ကား....ဥတ္တရာ အမည်ရှိသော ဥပါသိကာမ၏ ကိုယ်၌ မီးသည် မလောင်သကဲ့သို့ မေတ္တာဖြင့်နေလေ့ရှိသောသူ၏ ကိုယ်၌ မီးသည် မဝင်နိုင် မလောင်နိုင်။ သံယုတ္တနိကာယ်ဆောင် စူဠသိဝ မထေရ်၏ ကိုယ်၌ အဆိပ်မဝင်သကဲ့သို့ အဆိပ်သည် မဝင်နိုင်။ သံကိစ္စ

သာမဏေ၏ကိုယ်၌ လက်နက်သည် မစူး မရှ နိုင်သကဲ့သို့ လက်နက်သည် မစူးဝင် မရှနိုင်။

ဤနေရာ၌ သားငယ်ရှိသော နွားမဝတ္ထုကို ဆရာတို့သည် ဆိုကြကုန်၏။ တကောင်သော သားငယ်အမိဖြစ်သော နွားမသည် နွားသားငယ်အား နို့ရည်အယဉ်ကို ယိုထွက်စေလျက် နို့တိုက်ကာ ရပ်နေသတတ်။ ထိုအခါ တယောက်သော မုဆိုးသည် ထိုနွားမကို ထိုးအံ့ဟု လက်ဖြင့်ချိန်၍ အရိုးရှည်သောလှံမကိုလွှတ်၏။ ထိုလှံမသည် နွားမ၏ကိုယ်ကိုထိ၍ ထန်းရွက်ကဲ့သို့ ခွေလိပ်သွားလေ၏။ အဘယ်၏ အစွမ်းအားဖြင့်နည်း.... ဥပစာရမေတ္တာ၏ အစွမ်းဖြင့် ခွေလိပ်၍ သွားသည် မဟုတ်၊ အပ္ပနာမေတ္တာ၏အစွမ်းဖြင့်လည်း ခွေလိပ်၍ သွားသည် မဟုတ်၊စင်စစ်သော်ကား ဥပစာရမေတ္တာ, အပ္ပနာမေတ္တာတို့နှင့် မရောမယှက် သက်သက် သားငယ်၌ပြင်းထန်သော ချစ်စိတ်ရှိသည့်၏ အဖြစ်ကြောင့်သာလျှင် ခွေလိပ်၍ သွားရလေသည်။ မေတ္တာသည် ဤမျှလောက်တန်ခိုးအာနုဘော် ကြီးသည်ဖြစ်၏။ ဤသို့ပြောဆိုကြကုန်၏။ (ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-၃၀၅-၃၀၇၊ ဋီ-၃၆၉)

မေတ္တာ ပွားနည်း မေတ္တာ ပို့သနည်းများကိုကား ဆရာတော်များ ရေးသားထားသော စာအုပ်များ ရှိပြီးဖြစ်၍ မရေးလိုက်ပြီ။

## အရှင်ရက္ခိတမထေရ်ကို ပြဆိုခြင်း

ထေရမ္ဗဝံ့လိုက်၌ နေသော မဟာရောဟဏဂုတ္တ မထေရ်ထံသို့ သူနာပြုရန် အရပ်ရပ်မှ ကြွလာကုန်သော တန်ခိုးရှိသည့်မထေရ် သုံးသောင်းတို့တွင် ရှစ်ဝါသာ ရသေးသော အရှင်ရက္ခိတမထေရ် ကဲ့သို့ မှတ်အပ်၏။ အရှင်ရက္ခိတမထေရ်၏ အာနုဘော်ကို ပထဝီကသိုဏ်း နိဒ္ဒေသ၌ ပြဆိုခဲ့ပြီးပြီ။

ထို အရှင်ရက္ခိတမထေရ်၏ အာနုဘော်ကိုမြင်သဖြင့် မဟာရောဟဏဂုတ္တမထေရ်ကြီးက— "ဒိုး-ငါ့ရှင်တို့.... အရှင်ရက္ခိတမထေရ်သာ အကယ်၍ မရှိခဲ့လျှင် ဆည်း ကပ်လာသော နဂါးမင်းကို ဂဠုန်ဘေးရန်မှ စောင့် ရှောက်ခြင်းငှါ မစွမ်းနိုင်ကြကုန် ဟူ၍ ငါတို့အားလုံး အကဲ့ရဲ့ခံကြရကုန်လတ္တံ့။ ထို့ကြောင့် အမြဲယူဆောင် သင့်သော လက်စွဲလက်နက်ဟူသမျှကို အညစ်အကြေး မတင်အောင် သုတ်သင်၍သာလျှင် ယူဆောင်သွားလာ သင့်ပေသည်" ဟူ၍ ဆုံးမတော်မူ၏။ ထို သုံးသောင်း သော ရဟန်းတို့သည်လည်း မဟာရောဟဏဂုတ္တ မထေရ်၏ အဆုံးအမ၌ တည်ခြင်းကြောင့် သွက်သွက် လက်လက် လျင်လျင် မြန်မြန် ဈာန်ဝင်စားနိုင်သော "ခိပ္ပနိသန္တိက" ပုဂ္ဂိုလ်တို့ချည်း ဖြစ်ကြကုန်၏။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ဒု-ဋ္ဌ ဣဒ္ဓိဝိဓနိဒ္ဒေသ-နံပါတ် ၄၊ ပုဒ်စဉ် ၃၆၇)

ထိုအရှင်သုံးပါးတို့တွင် အရှင်ဗာကုလမထေရ်သည် ငယ်စဉ်က မင်္ဂလာနေ့ဝယ် မြစ်၌ရေချိုးရာ အထိန်းမိန်းမ၏ မေ့လျော့ခြင်းကြောင့် ရေထဲသို့မျောပါသွား၏ ထို ဗာကုလသူငယ်ကို ငါးမျို၍ ဗာရာဏသီမြစ်ဆိပ်သို့ ရောက်လေ၏။ ထိုအရပ်၌ ထိုငါးကို တံငါသည်တို့က ဖမ်းပြီးလျှင် ဗာရာဏသီ သေဋ္ဌေးအား ရောင်း၏။ ထို သေဋ္ဌေးမက ငါးကိုမြင်လျှင် မြင်ခြင်း ချစ်သဖြင့် "ငါကိုယ်တိုင် ငါးဟင်းချက်မည်" ဟုကြံ၍ ဝမ်းခွဲသော အခါ၌ ဝမ်းထဲ၌ရွှေရုပ်ကဲ့သို့ အဆင်းရှိသောသူငယ်ကို မြင်လျှင် "ငါ့မှာ သားရတနာရပေပြီ" ဟု နှစ်သက် ရွှင်လန်း ဝမ်းမြောက်လေ၏။ ဤသို့ ငါးဝမ်းထဲ၌ ရောဂါ တစုံတရာမရှိပကတိ ကျန်းမာခြင်းသည် ပစ္ဆိမဘဝိက ဖြစ်သောအရှင်ဗာကုလ၏ ထိုအတ္တဘောဖြင့်ပင်ရလတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်အားဖြင့် ဖြစ်သောကြောင့် "ဉာဏဝိပ္ဖါရဣဒ္ဓိတန်ခိုး မည်၏"။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ဒု-၄၇၊ ဆဋ္ဌမူ-အံ-ပ ၂၃၆-၄၊ ဋီ-၁၈၄)

---

### အရှင်သာရိပုတြာမထေရ်ကို ပြဆိုခြင်း

ထိုပုဂ္ဂိုလ်တို့တွင် ကပေါတကန္ဒရ တောကျောင်း၌ အရှင်မဟာမောဂ္ဂလ္လာန်နှင့် အတူ သီတင်းသုံးတော်မူသော အရှင် သာရိပုတြာအား လရောင်ရှိသော ညဉ့်

တည့်၍ ဆံရိတ်ပြီးစ ဦးခေါင်းပြောင်ပြောင်ဖြင့် လွင်တီးခေါင်၌ နေတော်မူစဉ် ဘီလူးကြမ်းဘာကောင်သည် အဖော်ဘီလူးက တားမြစ်ပါလျက် မနေ၊ အရှင်သာရိပုတြာ၏ ဦးခေါင်းတော်ကို ရိုက်ပုတ်၏။ ထိုရိုက်ပုတ်သောအသံသည် မိုးခြိမ်းသကဲ့သို့ မြည်၏။ ထိုအခါ၌ အရှင်သာရိပုတြာ မထေရ်သည် ထိုဘီလူးရိုက်သော အခိုက်၌ သမာပတ် ဝင်စား၏။ ထိုအရှင်သာရိပုတြာအား မိုးကြိုးပစ်သကဲ့သို့ ပြင်းထန်စွာ ရိုက်ပုတ်ခြင်းကြောင့် တစုံတရာ မနာ မကျင်သော အဖြစ်သည် "သမာဓိဝိပ္ဖါရဣဒ္ဓိတန်ခိုး" မည်၏။

(ထိုဝတ္ထုသည် ဥဒါန်းပါဠိတော် နံပါတ် ၁၂၃၊
ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ် ဒု-ဌ-၈၊ ဋီ ၁၂)

ကကုသန်မြတ်စွာဘုရား၏ လက်ဝဲရံ အဂ္ဂသာဝက အရှင်သဉ္ဇီဝမထေရ် နိရောဓသမာပတ်ဝင်စားနေတော်မူသည်ကို နွားကျောင်းသားတို့က သေပြီ ထင်မှတ်၍ မြက်, ထင်း, နွားချေး စသည်တို့ကို စုရုံးပြီး မီးရှို့ကြကုန်သော်လည်း မထေရ်၏ သင်္ကန်းချည်မျှင်ကိုမျှ မီးမလောင်ခြင်းသည် အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ်၏ အစွမ်းဖြင့်ဖြစ်သော သမာဓိ၏အာနုဘော်နှင့် ပြည့်စုံသောကြောင့် "သမာဓိဝိပ္ဖါရဣဒ္ဓိ တန်ခိုး" မည်၏။ (ဆဋ္ဌမူ၊ဝိသုဒ္ဓိမဂ်၊ဒု၊ဌ-၉၊ဋီ-၁၂)

။

ခါဏကုကောသလ္လာည မထေရ်သည် ပင်ကိုယ်ပိဋကတ်က ပင် သမာပတ်ဝင်စားခြင်းအလေ့များ၏။ ထိုအရှင်သည် ညဉ့်တညဉ့်၌ ကောတခုတွင် သမာပတ်ဝင်စား၍နေ၏။ ခိုးသားငါးရာတို့သည် ဥစ္စာထုပ်ကို ခိုးယူ လာကြ၍ "ယခု ငါတို့နောက်သို့ လိုက်မည့်သူ မရှိတော့ပြီ၊ ဤနေ ရာမှာ အမောဖြေ နားနေရန် ဘဏ္ဍာထုပ်ကို ချထား ဘို့ရာ ဤမို့မို့သည့်ကား သစ်ငုတ်တည်း"ဟု မှတ်ထင် ကြကုန်သည်ဖြစ်၍ မထေရ်၏အပေါ်၌ ပါသမျှ ဥစ္စာ ထုပ်အားလုံးကို တင်ထားကြကုန်၏။ ခိုးသားငါးရာတို့ သည် အမောပြေ၍ သွားကုန်အံ့ဟု လက်ဦးဆုံးထား သော ဥစ္စာထုပ်ကို နောက်ဆုံး ယူကြသော အခါ၌ ကာလအပိုင်းအခြား၏အစွမ်းဖြင့် မထေရ်သည် ဈာန် သမာပတ်မှထ၏။ မထေရ်၏လှုပ်ရှားသော အခြင်းအရာ ကို မြင်၍ ခိုးသားတို့သည် ကြောက်လန့်သဖြင့် အော် ကြကုန်၏။ မထေရ်က "အို-ဒါယကာတို့.... မကြောက် ကြနှင့်၊ ငါသည် ရဟန်းတည်း"ဟု ဆို၏။ ခိုးသားတို့ သည် မထေရ်ထံသို့သွား၍ ရှိခိုးကြပြီးလျှင် မထေရ်အား အလွန် ကြည်ညိုကြသဖြင့် ရဟန်းပြု၍ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာချည်း ဖြစ်ကြကုန်၏။

ဤဝတ္ထု၌ ဥစ္စာထုပ် ငါးရာ တို့ဖြင့် ဖိထားသော မထေရ်၏ တစုံတရာ မနာမကျင်သော အဖြစ်သည် "သမာဓိဝိပ္ဖါရဣဒ္ဓိတန်ခိုး" မည်၏။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ဒု-၄၁-ဣဒ္ဓိ-၁၂)

---

## မြတ်စွာဘုရားသည် အာဝိဘာဝပြာဋိဟာကို ပြဆိုခြင်း

"ဤ အာဝိဘာဝပြာဋိဟာကို အဘယ်သူပြဘူး သနည်း" ဟူမူ.... မြတ်စွာဘုရားပြဘူး၏။ ထိုစကားမှန်၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အနာထပိဏ် သေဌေး၏သမီး "စူဠသုဘဒ္ဒါ" ပင့်လျှောက်အပ်သည် ဖြစ်၍ သာဝတ္ထိပြည်မှ ၇-နှစ်ယူဇနာ ဝေးကွာသော သာကေတမြို့သို့ ဝိသကြုံမ်နတ်သား ဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာတို့ဖြင့် ကြွတော်မူရာ၌ ထို အခြင်းအရာ ဖြင့် ဓိဋ္ဌာန်တော်မူခြင်းကြောင့် သာကေတမြို့၌ နေကုန်သောသူတို့သည် သာဝတ္ထိပြည်သူတို့ကို မြင်ရကုန်၏၊ သာဝတ္ထိပြည်သူတို့သည်လည်း သာကေတမြို့၌ နေသူတို့ကို မြင်ရကုန်၏။ သာကေတမြို့လယ်၌ ဆင်းသက်တော်မူ၍ မြေကို နှစ်ခြမ်းခွဲပြီးလျှင် အဝီစိ တိုင်အောင် ပြတော်မူ၏။ ကောင်းကင်ကိုလည်း နှစ်ဖြာ ဖယ်ရှားပြီး လျှင် ဗြဟ္မာ့ပြည်တိုင်အောင် ပြတော်မူ၏။

ထိုမှတပါး တာဝတိံသာမှ သက်တော် မူသော အခါ ပြတော်မူသော ပြာဋိဟာဖြင့်လည်း ဤအချက်ကို ထင်ရှားစေအပ်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရေမီး အစုံအစုံဖြစ်သော ယမိုက်ပြာဋိဟာကို ပြ၍ ရှစ်သောင်း လေးထောင် ကုန်သော သတ္တဝါတို့ကို ကိလေသာ အနှောင်အဖွဲ့မှ လွတ်စေတော် မူပြီးလျှင် ရှေးနှောင်း တော်ဘုရားတို့သည် ယမိုက်ပြာဋိဟာကို ပြပြီးသော အဆုံး၌ ဘယ်အရပ်သို့ ကြွတော်မူသနည်းဟု ဆင်ခြင် တော်မူလတ်သော် တာဝတိံသာနတ်ပြည်သို့ ကြွတော် မူကြသည်ကို မြင်တော်မူလေ၏။ ထိုအခါ လက်ဝဲ ခြေ ဖဝါးတော်ဖြင့် မြေပြင်ကိုနင်း၍ လက်ယာခြေဖဝါး တော်ကို ယုဂန္ဓိုရ်တောင်ထိပ်၌ တည်စေတော်မူ၍ တဖန် လက်ယာခြေဖဝါးတော်ကို ချီ၍ မြင်းမိုရ်တောင် ထိပ်၌ နင်းတော်မူပြီးလျှင် ထိုတာဝတိံသာနတ်ပြည်၌ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ အပြင်ဝယ် ဝါကပ်တော် မူလျက် စကြဝဠာတသောင်းမှ စည်းဝေး ရောက်လှာ ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ"အစရှိ သော အဘိဓမ္မာဒေသနာတော်ကို အစမှ အဆုံးတိုင်

ဟောတော်မူ၏။ ဆွမ်းခံချိန်၌ကား ဖန်ဆင်းအပ်သော နိမ္မိတဘုရားက ကိုယ်တော်စား ဟောတော်မူ၏။

မြတ်စွာဘုရားသည် နဂါးပြည်မှဖြစ်သော နွယ်ဒန်ပူကိုသုံးဆောင်တော်မူ၍ အနဝတတ်အိုင်၌ မျက်နှာသစ်တော်မူပြီးလျှင်မြောက်ကျွန်း၌ဆွမ်းခံ၍အနဝတတ်အိုင်ကမ်းပါး စန္ဒကူးတော ဆေးဒန်းမြင်းသိလာကျောက်ဖျာထက်၌ ဆွမ်းဘုဉ်းပေးတော်မူ၏။ အရှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ကြွ၍ ရှိခိုးဝတ်ပြုလေ၏။ "သာရိပုတြာ ယနေ့ ဤရွေ့ဤမျှလောက်သော တရားကို ငါဟောခဲ့ပြီ"ဟု အရှင်သာရိပုတြာမထေရ်အား မြတ်စွာဘုရားသည်နည်းပေးသဘောဟောတော်မူ၏။ ဤသို့ ဝါတွင်းသုံးလပတ်လုံး နေ့ညမပြတ် အဘိဓမ္မာတရားကို ဟောတော်မူ၏။ ထို အဘိဓမ္မာတရားကို ကြားနာကြရသဖြင့် ကုဋေရှစ်သန်းသော နတ်ဗြဟ္မာတို့သည် အကျွတ်တရား ရကြကုန်၏။

ဒေသနာဝသာနေ အသီတိ၊
ကောဋိသဟဿာနံ ဒေဝတာနံ။
ဓမ္မာဘိသမယော အဟောသိ၊
မဟာမာယာပိ သောတာပတ္တိဖလေ ပတိဋ္ဌဟိ။

ဒေသနာ၀ဿာနေ၊အဘိဓမ္မာ ဒေသနာ၏အဆုံး၌။ အသီတိကောဋိသဟဿာနံ၊ ကုဋေ့ရှစ်သန်းကုန်သော။ ဒေ၀တာနံ၊နတ်တို့အား။ ဓမ္မာဘိသမယော၊သစ္စာလေးပါးတရားကို သိသည်။ အဟောသိ၊ဖြစ်၏။ မဟာမာယာမိ၊မယ်တော်မာယာသည်လည်း။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်လေသတည်း။

ဒေသနာတော်၏အဆုံး၌ ကုဋေ့ရှစ်သန်းမျှလောက်ကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား သစ္စာလေးပါးတရားကို ပိုင်းခြားသိမြင်သဖြင့် အကျွတ်တရားကို ရခြင်းဖြစ်လေ၏။ မယ်တော်မာယာ ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒအဋ္ဌကထာ ဒေဝေါရောဟနဝတ္ထု၊ ၁၄၅-မှ)

ထိုပရိသတ်ကို စူဠအနာထပိဏ် သေဋ္ဌေးသည် အလုံးစုံသော ပစ္စည်းတို့ဖြင့် လုပ်ကျွေး၏။ "မြတ်စွာဘုရား အဘယ်အရပ်သို့ ကြွတော်မူသနည်း" ဟု သိခြင်းငှါ လူအပေါင်းတို့သည် အရှင်အနုရုဒ္ဓါမထေရ်ထံ တောင်းပန်ကြကုန်၏။ အရှင်အနုရုဒ္ဓါမထေရ်သည် အလောက ကသိုဏ်းကို ပွားစေတော်မူ၍ တာဝတိံ

သာနတ်ပြည်၌ ဝါကပ်တော်မူသော မြတ်စွာဘုရားကို ဒိဗ္ဗစက္ခုဖြင့်မြင်၍ လူတို့အား ပြောကြားလေ၏။

ထိုလူတို့သည် မြတ်စွာဘုရားအား ဖူးမျှော်ရရန် အရှင်မဟာမောဂ္ဂလ္လာန်ကို တောင်းပန်ကြ ပြန်ကုန်၏။

အရှင်မဟာမောဂ္ဂလ္လာန်သည် ပရိသတ် အလယ်မှ လျှင် မြေ၌ငုတ်လျှိုး၍ မြင်းမိုရ်တောင်ကို ထွင်းဖောက် သွားပြီးလျှင် မြတ်စွာဘုရားခြေရင်း၌ မြတ်စွာဘုရား၏ ခြေတော်စုံကို ရှိခိုးလျက် ပေါ်၍ "အရှင်ဘုရား....ဇမ္ဗူ ဒိပ်ကျွန်းသူ လူအပေါင်းတို့သည် မြတ်စွာဘုရား၏ ခြေတော်ကို ဖူးမျှော်ပြီးမှသာ ပြန်သွားလိုကြပါသည်" ဟု လျှောက်၏။ မြတ်စွာဘုရားသည် "အိုု-ချစ်သား မောဂ္ဂလ္လာန်....သင့်နောင်တော် တရားစစ်သူကြီး သာရိ ပုတြာသည် အဘယ်အရပ်၌နေသနည်း"ဟု မေးတော် မူ၏။ "သင်္ကဿနဂိုရ်မြို့မှာ နေပါသည်ဘုရား" ဟု လျှောက်၏။ "အိုု-ချစ်သားမောဂ္ဂလ္လာန်....ငါဘုရားကို ဖူးမျှော်လိုသူတို့သည် နက်ဖြန် သင်္ကဿနဂိုရ်မြို့ ရောက် ကြစေကုန်၊ နက်ဖြန် သီတင်းကျွတ်လပြည့် မဟာပဝါ ရဏာနေ့၌ သင်္ကဿနဂိုရ်မြို့သို့ ငါဘုရား ဆင်းသက် တော်မူအံ့"ဟု မိန့်တော်မူလိုက်၏။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် "ကောင်းလှ ပါပြီဘုရား"ဟု ဝန်ခံ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင်

လာခဲ့သော မြင်းမိုရ်တောင် အတွင်းခရီးဖြင့်ပင် သက်ဆင်း၍ လူတို့ထံသို့ ခဏခြင်း ရောက်လှာ၏။သွားသော အခါ လာသောအခါ၌လည်း ပတ္တမြားအတွင်း မြဲကြိုး သွင်းသကဲ့သို့ လင်းလင်းထင်ထင် ဝင်သွားရာ မြင်းမိုရ် တောင်ကို လူအပေါင်းတို့ ကောင်းစွာ မြင်နိုင်သော အခြင်းအရာဖြင့် မိဋ္ဌာန်တော်မူ၏။ ဤ အာဝိဘာဝ အရာ၌ အရှင်မဟာမောဂ္ဂလ္လာန်သည် အပိတ်အပင်မရှိ သော ဤပြာဋိဟာကို ရှေးဦးစွာ ပြတော်မူ၏။ထိုအရှင် မဟာမောဂ္ဂလ္လာန်သည် ဆိုခဲ့ပြီးသောနည်းဖြင့် ကြွလှာ ၍ ထိုဘုရားအမိန့်တော် အတိုင်း လူတို့အား ပြော ကြား၍ "ဝေးသည်ဟု မအောက်မေ့ကြလင့်၊ နံနက် ထမင်းစားပြီးလျှင် သင်္ကဿနဂိုရ်ပြည်မှ ထွက်ကြ"ဟု အမိန့် ပေးတော်မူ၏။

မြတ်စွာဘုရားသည် သိကြားမင်းအား "အိုသိကြား ငါဘုရား နက်ဖြန် လူ့ပြည်သို့ ကြွအံ့"ဟု မိန့်ကြား တော်မူ၏။သိကြားမင်းသည်လည်း ဝိသကြုံမိနတ်သား ကို "အမောင်နတ်သား မြတ်စွာဘုရားသည် လူ့ပြည် သို့ နက်ဖြန် ကြွတော်မူလတ္တံ့၊ ရွှေစောင်းတန်းတခု, ငွေစောင်းတန်းတခု, ပတ္တမြားစောင်းတန်းတခု ဤသုံး သွယ်သော စောင်းတန်းအစဉ်တို့ကို ဖန်ဆင်းချေ"ဟု အမိန့်ပေး၏။ ဝိသကြုံမိနတ်သားသည် သိကြားမင်း

အမိန့်ရှိသည့်အတိုင်း ဖန်ဆင်း၏။ မြတ်စွာဘုရားသည် နောက်တနေ့၌ မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ အရှေ့လောကဓာတ်ကို ကြည့်တော်မူလျှင် စကြဝဠာ တသောင်းတို့သည် ဟင်းလင်းပွင့်၍ တခုတည်းသော အပြင်ကဲ့သို့ ထင်ထင်ရှားရှား မြင်နိုင်ကြကုန်၏။ အရှေ့ မျက်နှာ အရပ်၌ ဟင်းလင်းအပြင် မြင်ရသကဲ့သို့ အနောက်မျက်နှာအရပ်, မြောက်မျက်နှာအရပ်, တောင် မျက်နှာအရပ်တို့၌လည်း အလုံးစုံသော စကြဝဠာကို ဟင်းလင်းအပြင် မြင်ကြရကုန်၏။ အောက်ကိုလည်း အဝီစိတိုင်အောင် အထက်ကို ဘဝဂ်တိုင်အောင် မပိတ် မပင် ဟင်းလင်း မြင်ကြရကုန်၏။ ထိုနေ့၌ အဆီးအတား မရှိ ဟင်းလင်းပွင့်သော လောကဝိဝရဏ ပြာဋိဟာ မည်သည် ဖြစ်သတတ်။

လူတို့သည်လည်း နတ်တို့ကို မြင်ရကုန်၏။ နတ်တို့ သည်လည်း လူတို့ကို မြင်ရကုန်၏။ ထိုသို့ မြင်ကြရာ၌ လူတို့ကလည်း အထက်သို့မော်၍မကြည့်ရကုန်၊ နတ်တို့ ကလည်း ငုံ့၍မကြည့်ရကုန်။လူနတ်အားလုံးပင် ရှေးရှု တူရူ မျက်မှောက် အချင်းချင်း မြင်ကြရကုန်၏။ မြတ်စွာ ဘုရားသည် အလယ်ဖြစ်သော ပတ္တမြားစောင်းတန်း ဖြင့် ဆင်းသက်တော်မူ၏။နတ်ပြည်ခြောက်ထပ်မှ နတ် တို့သည် လက်ဝဲဖက် ငွေစောင်းတန်းဖြင့် ဆင်းသက်

ကုန်၏။ သုဒ္ဓါဝါသ ဗြဟ္မာတို့သည်၎င်း, သဟမ္ပတိစသော မဟာဗြဟ္မာတို့သည်၎င်း လက်ယာ ရွှေစောင်းတန်းဖြင့် ဆင်းသက်ကုန်၏။ သိကြားမင်းသည် သပိတ်သက်န်းတော်ကို လွယ်၍ သဟမ္ပတိဗြဟ္မာကြီးသည် သုံးယူဇနာရှိသော ထီးဖြူကို ဆောင်းမိုးလျက် လိုက်ပါ၏။သုယာမနတ်မင်းသည် စာမရီသားမြီးယပ်ဖြင့် ယပ်ခပ်လျက် လိုက်ပါ၏။ပဉ္စသိခနတ်သားသည် သုံးဂါဝုတ်ရှိသော ဗေလုဝစောင်းကိုပိုက်၍ စောင်းသံဖြင့် ပူဇော်လျက် ဆင်းသက်၏။ထိုနေရာ၌ ဘုရားကို ဖူးမြင်ရသူတို့သည် ဘုရားဆုမတောင်းသူ မရှိ။ ဤအရာ၌ မြတ်စွာဘုရားသည် အာဝိဘာဝပြာဋိဟာကို ပြတော်မူ၏။

(ဆင္မူ-ဝိသုဒ္ဓိမဂ္ဂ—ဒု-ဌ-၁၉-၂၀-အထိ၊ဋီ-၂၄)

---

## အဓိဋ္ဌာန်ခမ္မဒိန္နမထေရ်ကို ပြဆိုခြင်း

သီဟိုဠ်ကျွန်း ဝါလကာရအရပ်၌ သီတင်းသုံးသော ဓမ္မဒိန္နမထေရ်သည်လည်း တိဿကျောင်း စေတီပြင်၌ နေ၍"တိဟိ ဘိက္ခဝေ ဓမ္မေဟိ မန္နာဂတော ဘိက္ခု အပဏ္ဏကပဋိပဒံ ပဋိပန္နော ဟောတိ" အစရှိသော အပဏ္ဏကသုတ်ကို ဟောလျက် ယပ်တောင်ကို ချထားလိုက်၏။ အဝီစိတိုင်အောင် တပြင်တည်းကဲ့သို့ ဟင်း

လင်းပွင့်၏။ ထိုနောက် ယပ်တောင်ကို အထက်သို့ မြှောက်လိုက်သောအခါ မြဟ္မာ့ပြည်တိုင်အောင် တပြင်တည်း ဟင်းလင်းပွင့်၏။ အရှင်မဟာဒိန္နမထေရ်သည် ငရဲဘေးဖြင့် ခြိမ်းခြောက်၍၎င်း,နတ်ပြည်ချမ်းသာဖြင့် ဖြားယောင်း၍၎င်း တရားဟောတော်မူ၏။ အချို့သောသူတို့သည် သောတာပန်ဖြစ်ကုန်၏။ အချို့သကဒါဂါမ်, အနာဂါမ်,ရဟန္တာတို့ ဖြစ်ကြကုန်၏။

မြတ်စွာဘုရားသည် ယသသတို့သားကို အနီး၌နေပါလျက်ပင် ဖခင်သေဋ္ဌေးကြီး မမြင်အောင် ပြုတော်မူ၏။ထိုမှတပါး ယူဇနာ တရာ့နှစ်ဆယ် တိုင်အောင် မဟာကပ္ပိနမင်းအား ဆီးကြို၍ ထိုမင်းကို အနာဂါမိဖိုလ်၌၎င်း, အမတ်တထောင်ကိုလည်း သောတာပတ္တိဖိုလ်၌၎င်း တည်စေပြီး၍ ထိုမင်း၏ ခရီးစဉ်အတိုင်း လိုက်လာသော အမတ်ကတော်ကထောင် ခြံရံသော အနောဇာ မိဖုရားသည် လာ၍ မင်း၏အနီး၌ နေသော်လည်း မိမိအခြံအရံနှင့်တကွ ဖြစ်သော မင်းကို မမြင်အောင် ပြုထားတော်မူသဖြင့် "အရှင်ဘုရား မဟာကပ္ပိနမင်းကို မြင်တော်မူပါသလော"ဟု မေးလျှောက်ရာ "အို-အနောဇာမိဖုရား....သင်တို့သည် မင်းကို ရှာခြင်းက မြတ်သလော....,သို့မဟုတ် မိမိကိုယ်ကို ရှာခြင်းက မြတ်သလော"ဟု မေးတော်မူရာ "အရှင်ဘုရား....

မိမိကိုယ်ကို ရှုခြင်းကမြတ်ပါသည်ဘုရား”ဟုလျှောက်ကြား၍ ထိုင်နေသော ထိုအနေ့ာဇာ မိဖုရားအား အကြင်သို့သော အခြင်းအရာဖြင့် တရားဟောသည်ရှိသော် ထို အနေ့ာဇာ မိဖုရားသည် အမတ်ကတော် တထောင်နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်ရာ၏။ ထိုသို့သော အခြင်းအရာအားဖြင့် တရားကိုဟောတော်မူ၏။ အမတ်တထောင်တို့သည် အနာဂါမိဖိုလ်၌တည်၏။ မဟာကပ္ပိနမင်းသည် အရဟတ္တဖိုလ်၌ တည်၏။ ဤသို့ မြတ်စွာဘုရား ပြုတော်မူဘူး၏။

(ဆဒ္ဒမူ-ဝိသုဒ္ဓိမဂ္ဂ-ဒု-ဌ-၂၁)

## စူဠသမုဒ္ဒမထေရ်ကို ပြဆိုခြင်း

သီဟိုဠ်ကျွန်း၌ စူဠသမုဒ္ဒမထေရ်သည်လည်း ပြဘူး၏။သီဟိုဠ်ကျွန်းတွင် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်သောအခါ နံနက်စောစောကပင်လျှင် စူဠသမုဒ္ဒမထေရ်၏ အထံသို့ ရဟန်းခုနစ်ရာတို့ ရောက်ကုန်၏။မထေရ်သည် “ရဟန်းအပေါင်းသည် အလွန်များလှ၏၊ အဘယ် အရပ်၌ ဆွမ်းခံရွာ ဖြစ်ပါအံ့နည်း”ဟု ကြံသည်ရှိသော် သီဟိုဠ်ကျွန်း၌မမြင်၍“ဇမ္ဗူဒိပ်ကျွန်း ပါဋလိပုတ်ပြည်၌ဆွမ်းခံရွာဖြစ်လတ္တံ့”ဟု မြင်တော်မူ၍ ရဟန်းတို့အား မိမိတို့

သပိတ်သက်နိုးတို့ကို ယူစေ၍ "အို-ငါ့ရှင်တို့....လာကြ ဆွမ်းခံရွာသို့ ကြွအံ့"ဟု ဆို၍ မြေကြောရှုံ့၍ ပါဋလိပုတ်ပြည်သို့ ချက်ခြင်းရောက်တော်မူ၏။

ရဟန်းတို့က "အရှင်ဘုရား ဤမြို့သည် အဘယ်မြို့နည်း"ဟု မေးလျှောက်ရာ "ပါဋလိပုတ်ပြည်တည်း"ဟု မိန့်တော်မူလေသော် "အရှင်ဘုရား ပါဋလိပုတ်ပြည်သည် ဝေးလှသည်မဟုတ်လော"ဟု လျှောက်ကြပြန်သဖြင့်"အို-ငါ့ရှင်တို့....ခေါင်းဆောင်ဦးစီး မထေရ်ကြီးတို့မည်သည်ကား ဝေးသော အရပ်ကိုလည်း နီးအောင်ပြုတတ်ကုန်၏"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား မဟာသမုဒ္ဒာအဘယ်မှာနည်း"ဟုမေးလျှောက်ကြပြန်ရာ "အို-ငါ့ရှင်တို့....ပါဋလိပုတ်ပြည်သို့ ရောက်ခါနီး ခရီးအကြား၌ အဆင်းညိုသော မြောင်းတခုကို ကျော်၍ လာခဲ့ကြသည် မဟုတ်လော"ဟုမိန့်တော်မူ၏။ "အရှင်ဘုရား မြောင်းငယ်ကလေးကို ကျော်၍ လာခဲ့ရသည် မှန်ပါ၏၊ သို့သော်လည်း မဟာသမုဒ္ဒာကား အလွန်ကြီးသည် မဟုတ်ပါလော"ဟု စောကြောကြပြန်သော် "အို-ငါ့ရှင်တို့.... သက်ကြီးရဟန်းအိုတို့ မည်သည်ကား ကြီးသည်ကိုလည်း ငယ်အောင် ပြုနိုင်ကုန်၏"ဟု မိန့်တော်မူ၏။

ဤ၌ အရှင်စူဠသမုဒ္ဒမထေရ်နည်းတူ အရှင်တိဿဒတ္တမထေရ်သည်လည်း ညချမ်းအခါ ရေသပ္ပါယ်၍ သင်းပိုင် ကိုယ်ဝတ်တို့ကို ဝတ်ပြီးသော် အပရာဇိတပလ္လင်တည်ရာ မဟာဗောဓိပင်ကို ရှိခိုးအံ့ဟု စိတ်ဖြစ်သည်နှင့် တပြိုင်နက် မဟာဗောဓိပင်ကို နီးအောင်ပြု၏။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ဒု-ဋ္ဌ နံပါတ် ၃၂၄ ၃၀-၃၁)

---

## ဥက္ကလိသည်းဘွဲ့ အကြေရာ ဝတ္ထုကို ပြဆိုခြင်း

ဥက္ကလိသသေဋ္ဌေး ဝတ္ထု၌လည်း— အရှင်မဟာမောဂ္ဂလ္လာန်သည် အနည်းငယ်ကို များအောင်ပြုတော်မူ၏။

ကာကဝလိယဝတ္ထု၌လည်း— မြတ်စွာဘုရားသည် အနည်းငယ်ကို များအောင်ပြုတော်မူ၏။ အရှင်မဟာကဿပမထေရ်သည် နိရောဓသမာပတ်ဖြင့် ခုနစ်ရက်လွန်စေ၍ ဆင်းရဲသူအား ချီးမြှောက်လိုသဖြင့် ကာကဝလိယမည်သော သူဆင်းရဲ၏ အိမ်တံခါး၌ ရပ်တော်မူ၏။ ထိုမောင်ကာက၏ ဇနီးသည် မထေရ်ကိုမြင်၍ လင့်အတွက် ချက်အပ်သော ဆားကင်းသည့် ဟင်းစပ်ယာဂုကို သပိတ်၌ လောင်း၏၊ မထေရ်သည် ထိုယာဂုကိုယူ၍ မြတ်စွာဘုရား၏ ရှေ့လက်တော်သို့ ကပ်၏။

မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းအား မျှလောက်အောင်ပြု၍ မိန့်တော်မူ၏၊ သပိတ်တလုံးဖြင့်ဆောင်ခဲ့သော ယာဂုသည် ကျောင်းတော်ရှိရဟန်းအကုန် လောက်င၏။ မောင်ကာကသည်လည်းခုနစ်ရက်မြောက်သောနေ့၌ သေခြင်းအရာကို ရလေ၏။

အရှင်မဟာအနုလမထေရ်သည် ရဟန်းများစွာတို့ဆွမ်းခံရာမှ ဟင်းလျာမပါ ဆွမ်းချည်းသာ ရ၍ ဂင်္ဂါမြစ်နား၌ ဘုဉ်းပေးနေကြသော ရဟန်း တို့ကိုမြင်သဖြင့် "ဤဂင်္ဂါရေသည် ထောပတ်ကြည် ဖြစ်စေ"ဟု မိန့်၍ထောပတ်ကိုမြင်အောင် သာမဏေတို့အား အမှတ်သညာကို ပေးတော်မူ၏။ ထိုသာမဏေတို့သည် ခွက်တို့ဖြင့် ယူဆောင်၍ ရဟန်းသံဃာတော်တို့အား ကပ်ကုန်၏၊ရဟန်းသာမဏေ အားလုံးတို့သည် ကောင်းမွန်သော ထောပတ်ကြည်ဖြင့် သုံးဆောင်ကြကုန်၏။

(ဆဋ္ဌမူ-ဝိသုဒ္ဓိမဂ္ဂ-ဒု-ဌ ၃၃)

---

## အရှင်သောဏမထေရ်ကို ပြဆိုခြင်း

ငါတို့ဘုရားရှင်ပွင့်တော်မူ၍ ရာဇဂြိုဟ်ပြည်၌ စံနေတော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် မိမိနှင့်အဆွေခင်ပွန်း ဖြစ်ကြသော သောဏ သတို့သား

အား ဘုရားသခင်ကို ဖူးမျှော်စေခြင်းငှါ "တထာ ဂတော လောကေ သမုပ္ပန္နော" စသော ဂါထာကို ရတနာရွှေပေဖြင့် ရေးသား၍ သတင်းစကား ကြား စေ၏။ သတို့သားလည်း "ဘုရား"ဟူသော အသံကို ကြားရလျှင် အားရဝမ်းသာစွာဖြစ်၍ ရှစ်သောင်းမျှ လောက်သော ဂါမိယပရိသတ်တို့နှင့် တကွ ဘုရား အထံတော်သို့ လာခဲ့၏၊ အထံတော်သို့ရောက်၍ တရား တော်ကို နာရလျှင် သာသနာ၌ သဒ္ဓါခြင်း အလွန်ရှိ သည်ဖြစ်၍ ရဟန်းပြုခြင်းငှါ အခွင့်တောင်း၏။ ဘုရား သခင်လည်း "အချင်း သောဏ အမိအဖတို့သည် အနူး အညွတ် ခွင့်မလွှတ်သောသားကို ဘုရားရှင်တို့ ရဟန်း ပြုတော်မမူကုန်"ဟု ပယ်တော်မူ၏။ ထိုစကားကို ကြား သော် သောဏသတို့သားလည်း မိဖတို့၏ ထံသို့ ပြန် လေ၏။ ဘုရားသာသနာ၌ ရဟန်းပြုလိုပါကြောင်းဖြင့် အခွင့်တောင်း၏။ မိဖသေဋ္ဌေးတို့ကလည်း "ချစ်သား သောဏ သင်ကား ငါတို့၏ တယောက်တည်းသော သားတည်း၊ အလွန်လည်း ချစ်ခင်စွာ၏၊ နှစ်လို့စုံမက် အသက်ပမာ ငါတို့အောက်မေ့ကုန်၏၊သေမင်းခွဲမှ မလွဲ စသာ ကွဲရပါအံ့၊ ငါတို့မျက်မြင် အသက်ရှင်စဉ်ပင်လျှင် သင်ချစ်သားကို အသို့ ခွင့်ပေးနိုင်အံ့နည်း"ဟုဆိုသော် ထို သောဏလည်း ခ-ယရှိသေစွာ သုံးကြိမ်တိုင်အောင်

ပင် ခွင့်တောင်း၏။မိဖတို့ကလည်း အဆအရာ လွန်စွာ ပိတ်ပင်လေသော် (ရှင်သုဒိန်ကဲ့သို့) ခုနစ်ရက်ပတ်လုံး ထမင်း အာဟာရကိုမျှ မစားဘဲ အိပ်ရာ၌ အလျား မှောက်၍“ရဟန်းမပြုရမူ ဤဌာန၌ပင် သေတော့အံ့” ဟု နေ၏။မိခင်ဖခင်တို့ ပုံပြင်နည်းနာဖြင့် များစွာ ချော့မော့ ပြောဆိုသော်လည်း မတုန်မလှုပ်ဘဲ နေလေလျှင် “သင်အလိုရှိတိုင်း ပြုပါလော့” ဟု ခွင့်ပေးရ၏။ ထိုအခါမှ အားရဝမ်းသာ ထ၍ ထမင်း အာဟာရတို့ဖြင့် ကိုယ်လက်ဖြည့်တင်းလျက် သုံးရက်လေးရက်ခန့် နေပြီးသော် ရှင်တော်ဘုရားထံသို့လာ၍ ရဟန်းပြုလေ၏။ (ရဟန်းပြုရာ အကျယ်ဝိတ္ထာရစကားကို လိုမူ ဝိနည်းပါဠိတော်မှာ ယူပါလေ)။

ယင်းသို့ ရဟန်းပြုပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ရှိကုန်သော အရှင်သောဏ၏ လူ့ဘအဆွေအမျိုးဖြစ်ကုန်သော သေဌေး သူကြွယ်တို့သည်၎င်း, [၁]သန္ဒိဋ္ဌ [၂]သမ္ဘတ္တ ဖြစ်ကုန်သော အဆွေခင်ပွန်းတို့သည်၎င်း အထူးထူးသော ပူဇော်သက္ကာရတို့ဖြင့် နေ့ညမပြတ် ဆည်းကပ်

---

၁ သန္ဒိဋ္ဌ- တကွမြင်ဘူးသော အဆွေခင်ပွန်း။

၂ သမ္ဘတ္တ- အတူတကွ သုံးဆောင်စားသောက်ဘူးသော အဆွေခင်ပွန်း။

ပူဇော်လှာကြကုန်၏။ သိမ်မွေ့သပ္ပါယ် တင့်တယ်လှသော အဆင်းအရောင်ကို ရှုလိုကြသော သူတပါးတို့သည်လည်း တိုးဝှေမအားမျှ လာကြကုန်သတည်း။ ထိုအခါ အရှင်သောဏသည် ဤသို့ကြံ၏ "များစွာသောလူတို့သည် ငါ့ထံသို့သာ လာကြသဖြင့် ကမ္မဋ္ဌာန်းသမထဝိပဿနာကို စီးဖြန်းရာ အခွင့် မရနိုင်ပြီ၊ ဤအရပ်၌ ငါနေ၍ မဂ်ဖိုလ်ချမ်းသာကို အဘယ်မှာ ရချေတုံအံ့နည်း၊ လူတို့စက်ဆုပ်အပ်သော ယင်းတိုက်တောသုသာန်သို့သွား၍ ရဟန်းတရားကို အားထုတ်မှသာ ငါ၏ကိစ္စ ပြီးမြောက်တော့အံ့"ဟု ကြံ၍ ဘုရားထံ၌ ကမ္မဋ္ဌာန်းကို ယူပြီးလျှင် မြို့နှင့် မနီးမဝေးသော ယင်းတိုက်တောသုသာန်သို့ သွားလေ၏။ ထိုသို့ရောက်သောအခါ "ငါကား အလွန်သိမ်မွေ့နူးညံ့၏၊ လောကီချမ်းသာကို ခံစားလိုသဖြင့် ထို့ထက်လွန်မြတ်သော လောကုတ္တရာချမ်းသာသို့ မရောက်နိုင်ရာ၊ ဤ ခန္ဓာကိုယ်ကို ပင်ပန်းစေလျက် ရဟန်းတရားကို အားထုတ်အံ့"ဟု ကြံပြီးလျှင် အိပ်ခြင်းဣရိယာပုထ်ကို ပယ်၍ ထိုင်ခြင်း, ရပ်ခြင်းဖြင့်သာလျှင် ဘာဝနာကိုပွားစေ၏၊ ရပ်ပင်ပန်းသောကာလ ထိနမိဒ္ဓဖြစ်လာလျှင် ထို ထိနမိဒ္ဓကို ဖျောက်ခြင်းငှါ စင်္ကြံသွားဖန်များသဖြင့် ဖဝါးနှစ်ဖက်တို့သည် ဖူးရရှူးထ၍ ပေါက်ပြဲ ကွဲအက်ကုန်ရကား

စကြီသွားရာဖြစ်သော မြေတလင်းသည် ခြင်းခြင်းနီမျှ သွေးတို့ဖြင့် ပြွမ်းကုန်၏။

ဤသို့သောလျှင် ဝါတွင်း သုံးလပတ်လုံး လွန်စွာ အားထုတ်ပါသော်လည်း ဈာန်သမာပတ် မြတ်သော တရားတို့၏ အရိပ်နိမိတ်ကိုမျှ မထင်သောကြောင့် ဤသို့ ဆင်ခြင်ပြန်၏ "သူတပါးတို့သည် ရဟန်းတရားကို အလွန်အားထုတ်၏ ဟူသော်လည်း ငါနှင့်တူရုံသာ ရှိသည်၊ သို့စင် အားထုတ်ပါလျက် ဩဘာသမျှ ငါ့အား မထင်နိုင်ချေ၊ အကျဉ်းပြလျှင် အကျယ်မြင်သော ဥဂ္ဃဋိတညူပုဂ္ဂိုလ်, အကျယ်ဟောကြားမှ တရားကိုသိတတ်သော ဝိပဉ္စိတညူပုဂ္ဂိုလ်, တခုသောပုဒ်ကို [1]ဥဒ္ဒေသ [2]နိဒ္ဒေသ [3]ပဋိနိဒ္ဒေသ အားဖြင့် ဖွင့်၍ပြမှ သိစွမ်းနိုင်ကြသော နေယျပုဂ္ဂိုလ်, ဟောသမျှသာ မှတ်နိုင်စွာသော ပဒပရမ ပုဂ္ဂိုလ်အားဖြင့် လေးပါးသော ပုဂ္ဂိုလ်စုတွင် ငါသည် ပဒပရမပုဂ္ဂိုလ်သာ ဖြစ်ရာလတ္တံ့၊ ထို့ကြောင့် ရဟန်းပြု၍နေသဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း၊ လူထွက်၍ ကြီးမြတ်သော လောကီ စည်းစိမ်ကိုပင် ခံစားဦးအံ့"ဟု အကြံဖြစ်၏။ ထိုအကြံကို ဘုရားသခင်

၁ ဥဒ္ဒေသ-အကျဉ်း၊ ၂ နိဒ္ဒေသ-အကျယ်၊
၃ ပဋိနိဒ္ဒေသ-တဖန်အကျယ်၊

သိမြင်တော်မူ၍ ထိုနေ့ ညချမ်းသောအခါ၀ယ် သံဃာတော်အပေါင်း ခြံရံလျက် ယင်းတိုက်တောသုသာန်သို့ ကြွတော်မူလေ၍ မြေပြင်အလုံး၌ ခြင်းခြင်းနီသောသွေးတို့ဖြင့် လိမ်းကျံသည်ကိုမြင်တော်မူလျှင် အရှင်သောဏမထေရ်ကို ခေါ်စေ၍ "သောဏ ဆိတ်ငြိမ်ရာသို့ကပ်လျက် တပါးတည်းကိန်းအောင်းနေသော အသင့်အား 'ထက်သန်သော ဝိရိယ ရှိကုန်သည်ဖြစ်၍ နေကြသည့် မြတ်စွာဘုရား၏ တပည့်သာဝက ဟူသမျှတို့တွင် ငါသည် တပါးအပါအဝင်ဖြစ်၏၊ သို့ဖြစ်ပါလျက် ငါ၏ စိတ်သည် တဏှာ,ဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကိုမစွဲလမ်း ဟူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်ချေ၊ငါ၏စည်းစိမ်ဥစ္စာတို့သည် ရှိကုန်၏၊ စည်းစိမ်ဥစ္စာတို့ကို ခံစားရန် ကောင်းမှုတို့ကိုပြုရန် တတ်နိုင်၏၊ ငါသည် သိက္ခာချ၍ လူထွက်ပြီးလျှင် စည်းစိမ် ဥစ္စာတို့ကိုလည်း ခံစားရမူ ကောင်းမှု ကုသိုလ်တို့ကိုလည်း ပြုရမူ ကောင်းလေစွ'ဟု စိတ်အကြံဖြစ်သည်မဟုတ်လော"ဟု မေးတော်မူ၏။ "မှန်ပါသည်အရှင်ဘုရား"။ "သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ရှေးအခါ လူဖြစ်စဉ်က စောင်းတီးမှု၌ လိမ္မာသည် မဟုတ်ပါလော"ဟု မေးတော်မူ၏။ "မှန်ပါသည် အရှင်ဘုရား"။ "သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်

သနည်း၊ သင်၏စောင်းညို့ကြိုးတို့ တင်းလွန်းသော အခါ သင်၏စောင်းသည် အသံ သာပါမည်လော၊ တီးရန်လည်း ကောင်းပါမည်လော" ဟု မေးတော်မူ၏။ "အရှင်ဘုရား မကောင်းပါဘုရား"ဟု လျှောက်၏။ "သောဏ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်၏စောင်းညို့ကြိုးတို့ လျော့လွန်းသောအခါ သင်၏ စောင်းသည် အသံ သာပါမည်လော၊ တီးရန်လည်း ကောင်းပါမည်လော"ဟု မေးတော်မူ၏။ "အရှင်ဘုရား မကောင်းပါ"။ "သောဏ ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း၊ သင်၏ စောင်းညို့ကြိုးတို့သည် မတင်း လွန်း မလျော့လွန်းမူ၍ ညီမျှသော ကြိုးအဖြစ်၌ တည်သောအခါ သင်၏စောင်းသည် အသံ သာပါမည် လော၊ တီးရန်လည်း ကောင်းပါမည်လော"ဟု မေး တော်မူ၏။ "အရှင်ဘုရား ကောင်းပါ၏ ဘုရား"။ "သောဏ ဤအတူသာလျှင် ထက်သန်လွန်းသော ဝီရိယသည် ပျံ့လွင့်ရန် ဖြစ်၏၊ လျော့လွန်းသော ဝီရိယ သည် ပျင်းရိရန်ဖြစ်၏၊ မတင်းလွန်း မလျော့လွန်းပြု လော့"ဟု တီးသောစောင်းဥပမာဖြင့် ဩဝါဒပေးခဲ့၍ ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

အရှင်သောဏလည်း ဘုရားရှင် ဆုံးမတော်မူသည့် အတိုင်း ဝီရိယနှင့်သမာဓိ သတိနှင့်ပညာ ကို မျှစေလျက်

အားထုတ်တော်မူသဖြင့် မရှည်မြင့် မကြာမြင့်မီပင် ပဋိသမ္ဘိဒါလေးပါး,အဘိညာဉ်ခြောက်ပါး,သမာပတ်ရှစ်ပါးတရားအထူးနှင့်တကွသောအရဟတ္တဖိုလ်သို့ရောက်ပေ၏။ထို အရှင်သောဏကို ဇေတဝန်ကျောင်းတော်သို့ရောက်၍ သာဝကတို့ကို အရာဌာန အသီးသီး၌ ထားတော်မူသောအခါ "အာရဒ္ဓဝီရိယ ဧတဒဂ်" အရာ၌ထားတော်မူသည်။

ယခု အထက်ကပြခဲ့ပြီးသော သောဏမထေရ်ကဲ့သို့ သမထဝိပဿနာတရား အားထုတ်ပုံကို ယခု ယောဂီပုဂ္ဂိုလ်များသည် စင်စစ် သည်းမခံနိုင်သော ယောဂီတို့သည် ဣရိယာပုထ်လေးပါးရှိသည်ကိုတော့ သတိပြုပါလေ။ယခုတော့ ဣရိယာပုထ်ကို ဘယ်ပြောင်းညာပြန် မှောက်လှန်လူးလဲ တန္တိုးန္တိုးအိပ်သော ယောဂီပုဂ္ဂိုလ်မှာ သမာဓိမဖြစ်၊တရားထူး တရားမြတ် မတွေ့။ စားကောင်း အိပ်ကောင်းသော ပုဂ္ဂိုလ်သည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးလေ၏ ဟူလို။

(ဆဋ္ဌမူ၊အံ၊ဒု၊ဆက္ကနိပါတပါဠိ မဟာဝဂ်၊
သောဏသုတ္တ ၃၂၉၊ဋ္ဌ-၁၂၃၊ဋီ-၁၂၀)

## ရဟန်းတို့တရားလေးမျိုးကို ပြခြင်း

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသောရဟန်း သည် ဆုတ်ယုတ်ခြင်းငှါ မထိုက်၊ နိဗ္ဗာန်၏ အနီး၌သာ ဖြစ်၏။

အဘယ် လေးမျိုးတို့နည်းဟူမူ.... ရဟန်းတို့ ဤသာ သနာတော်၌ ရဟန်းသည်—

(က) သီလနှင့်ပြည့်စုံ၏။

( ခ ) ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိ၏။

( ဂ ) အစားအစာ၌ အတိုင်းအရှည်ကို သိ၏။

(ဃ) နိုးကြားခြင်း၌ ယှဉ်၏။

(က) ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီလနှင့်ပြည့်စုံသနည်း....ရဟန်းတို့ဤသာသနာတော်၌ ရဟန်းသည်သီလရှိ၏၊ပါတိမောက္ခသံဝရသီလကိုစောင့် စည်း၍ နေ၏၊ အကျင့်အာစာရ ကျက်စားရာ ဂေါစရ နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌ သော် လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့ကို ကောင်းစွာဆောက်တည်၍ ကျင့်၏။ ရဟန်းတို့ ဤသို့ လျှင် ရဟန်းသည် သီလနှင့် ပြည့်စုံ၏။

(ခ) ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသနည်း.... ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော ယောကျ်ား, မိန်းမ ဟူသော အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ ခြေ,လက် စသော အမှတ်နိမိတ်လက္ခဏာငယ်ကိုစွဲယူလေ့မရှိ၊အကြင်အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း အဘိဇ္ဈာ,နှလုံးမသာခြင်း ဒေါမနဿ ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်း၌ ကျင့်၏၊စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ နားဖြင့် သဒ္ဒါရုံကိုကြားသော်။ပ။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်။ ပ။ လျှာဖြင့် ရသာရုံကို လျက်သော်။ပ။ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့သော်။ပ။စိတ်ဖြင့် ဓမ္မာရုံကို သိသော် ယောကျ်ား,မိန်းမ ဟူသော အမှတ်နိမိတ်ကိုစွဲယူလေ့မရှိ၊လက်,ခြေစသော အမှတ်လက္ခဏာငယ်ကိုစွဲယူလေ့မရှိ၊အကြင်အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း အဘိဇ္ဈာ, နှလုံး မသာခြင်း ဒေါမနဿ ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ရာ၏။ထိုမနိန္ဒြေကို

စောင့်စည်းခြင်းငှါကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့,ဤသို့လျှင် ရဟန်းသည် ဣန္ဒြေတို့၌ပိတ်ထားသောတံခါးရှိ၏။

(ဂ) ရဟန်းတို့, အဘယ်သို့လျှင် ရဟန်းသည် အစားအစာ၌ အတိုင်းအရှည်ကို သိသနည်း....ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် သင့်လျော်သော အကြောင်းအားဖြင့် ဆင်ခြင်၍ အစာအာဟာရကို စားမျို၏၊ မြူးထူးရန် မာန်ယစ်ရန် တန်းဆာဆင်ရန် မစား၊ အရေအဆင်းဖွံ့ဖြိုး တိုးပွားရန် မစား၊ ဤခန္ဓာကိုယ် ကြာမြင့်စွာ တည်တန့်ရန်မျှသာ၊ ဆာလောင်မွတ်သိပ်၍ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန်မျှသာ၊မြတ်သောအကျင့်ကို ချီးမြှောက်ရန်မျှသာ အစာအာဟာရကို စားမျို၏။ ဤသို့စားမျိုခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်၎င်း အပြစ်မရှိခြင်းနှင့် ချမ်းသာစွာနေရခြင်းသည် ဖြစ်ပေလိမ့်မည်”ဟု အစာအာဟာရကို စားမျို၏။ရဟန်းတို့,ဤသို့လျှင် ရဟန်းသည် အစားအစာ၌ အတိုင်းအရှည်ကို သိ၏။

(ဃ) ရဟန်းတို့, အဘယ်သို့လျှင် ရဟန်းသည် နိုးကြားခြင်း၌ ယှဉ်သနည်း....ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် နေ့အခါ စင်္ကြံသွားခြင်းဖြင့်

ထိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော နီဝရဏတရားတို့မှ စိတ်ကို သုတ်သင်၏၊ညည့်ဦးယာမ်၌ စင်္ကြံသွားခြင်းဖြင့် ထိုင်ခြင်းဖြင့် ကုသိုလ် တရားတို့ကို ပိတ်ပင်တတ်ကုန်သော နီဝရဏတရားတို့မှ စိတ်ကို သုတ်သင်၏၊သန်ကောင်ယာမ်၌ ခြေတဖက်၌ ခြေတဖက် ကို စဉ်းငယ်လွန်ကာတင်ထား၍ သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ထအံ့ဟူသောအမှတ်သညာကို နှလုံး သွင်းလျက် လက်ျာနံတောင်းဖြင့် မြတ်သောအိပ်ခြင်းကို ပြု၏၊မိုးသောက်ယာမ်၌ စောစောထ၍ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော နီဝရဏတရားတို့မှ စိတ်ကို သုတ်သင်၏။ ရဟန်းတို့, ဤသို့လျှင် ရဟန်းသည် နိုးကြားခြင်းနှင့် ယှဉ်၏။ရဟန်း တို့, ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဆုတ်ယုတ်ခြင်းငှါ မထိုက်၊နိဗ္ဗာန်၏အနီး၌သာဖြစ်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံ-ပ-၇၊ အပရိဟာနိယသုတ်–၃၄၀၊ဋ္ဌ ၃၀၀၊ဋီ-၂၉၃)

---

### အားထုတ်ခြင်း လေးမျိုးကို ပြဆိုခြင်း

ရဟန်းတို့, အားထုတ်ခြင်းတို့သည် ဤ လေးမျိုးတို့ တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ....

(က) စောင့်စည်းရန် အားထုတ်ခြင်း။
(ခ) ပယ်ရန် အားထုတ်ခြင်း။
(ဂ) ပွားများရန် အားထုတ်ခြင်း။
(ဃ) အစဉ်စောင့်ရှောက်ရန် အားထုတ်ခြင်း တို့တည်း။

(က) ရဟန်းတို့, စောင့်စည်းရန် အားထုတ်ခြင်း ဟူသည် အဘယ်နည်း.... ရဟန်းတို့,ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ပေါ်သေးသော အကုသိုလ် တရားယုတ်တို့ကို မဖြစ်စေရန် အလိုဆန္ဒကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှင့်တင်၏၊ ဆောက်တည်ထား၏။ ရဟန်းတို့, ဤသည်ကို စောင့်စည်းရန် အားထုတ်ခြင်းဟု ဆိုအပ်၏။

(ခ) ရဟန်းတို့, ပယ်ရန် အားထုတ်ခြင်း ဟူသည် အဘယ်နည်း....ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပြီးသောအကုသိုလ်တရားတို့ကိုပယ်ရန် အလိုဆန္ဒကိုဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှင့်တင်၏၊ ဆောက်တည်ထား၏။ ရဟန်းတို့, ဤသည်ကို ပယ်ရန် အားထုတ်ခြင်းဟု ဆိုအပ်၏။

(ဂ) ရဟန်းတို့, ပွားများရန် အားထုတ်ခြင်းဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤသာသနာတော်၌

ရဟန်းသည် မဖြစ်သေးသော ကုသိုလ်တရား တို့ကို ဖြစ်စေရန် အလိုဆန္ဒကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လ ထုတ်၏၊ စိတ်ကို မြှင့်တင်၏၊ ဆောက်တည် ထား၏။ ရဟန်းတို့, ဤသည်ကို ပွားများရန် အားထုတ်ခြင်း ဟု ဆိုအပ်၏။

(ဃ) ရဟန်းတို့, အစဉ်စောင့်ရှောက်ရန် အား ထုတ်ခြင်း ဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤ သာသနာတော်၌ ရဟန်းသည် ဖြစ်ပြီးသော ကုသိုလ် တရားတို့ကို တည်စေရန် မမေ့ပျောက်စေရန် လွန်စွာ ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများစေရန် ပြည့်စုံ စေရန် အလိုဆန္ဒကို ဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ် ၏၊ စိတ်ကိုမြှင့်တင်၏၊ ဆောက်တည်ထား၏။ ရဟန်းတို့, ဤသည်ကို အစဉ်စောင့်ရှောက်ရန် အားထုတ်ခြင်းဟု ဆိုအပ်၏။ ရဟန်းတို့, အားထုတ်ခြင်းတို့သည် ဤလေး မျိုးတို့တည်းဟု မိန့်တော်မူ၏။

စောင့်စည်းခြင်းငှါ, ပယ်ခြင်းငှါ, ပွားများခြင်း ငှါ, အစဉ်စောင့်ရှောက်ခြင်းငှါ ဤအားထုတ်ခြင်း လေးမျိုးတို့ကို နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ် ကုန်၏။ ဤသာသနာတော်၌ အကြင်ရဟန်းသည် ပြင်းစွာအား

ထုတ်သော လုံ့လရှိ၏၊ ထိုရဟန်းသည် ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်ရလေသတည်း။

ဤအထက်က မြတ်စွာဘုရား ဟောကြားဆိုးမသော အတိုင်း တရားအားထုတ်ခဲ့လျှင် မကြာခင် သမာဓိ ဖြစ်၍ ဝိပဿနာရောက်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ အမြန်ရောက်နိုင်ပါ၏။

(ဆဋ္ဌမူ၊ပ၊အံ ၉၊ပဇာနသုတ္တ ၃၈၅၊ဒု ဋ္ဌ-၃၁၇၊ဒု ဋီ ၃၁၂)

---

## ပဋိပဒါအကျင့် လေးမျိုးကို ပြဆိုခြင်း

ရဟန်းတို့, အကျင့်တို့သည် ဤ လေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ....

(က) ဆင်းရဲပြင်းပြင်းစွာကျင့်ရ၍ နှန့်နှေးသောအသိဉာဏ်ရှိသော အကျင့်။
(ခ) ဆင်းရဲပြင်းပြင်းစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်။
(ဂ) ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်။
(ဃ) ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်တို့တည်း။

"စတသော ဣမာ ဘိက္ခဝေ ပဋိပဒါ။ ကတမာ စတသော-ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာ, သုခါပဋိပဒါ ဒန္ဓာဘိညာ, သုခါပဋိပဒါ ခိပ္ပါဘိညာ" ဤလေးမျိုးကိုဆိုသည်။

(က) ရဟန်းတို့, ဆင်းရဲပြုပြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့် ဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤလောက၌ အချို့သောသူသည် ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ရာဂသဘောရှိ၏၊ ရာဂကြောင့်ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်ခံစားရ၏။ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ဒေါသသဘောရှိ၏၊ ဒေါသကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းတို့ကို မပြတ်ခံစားရ၏။ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော မောဟသဘောရှိ၏၊ မောဟကြောင့်ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်ခံစားရ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ,ဝီရိယိန္ဒြေ,သတိန္ဒြေ,သမာဓိန္ဒြေ, ပညိန္ဒြေ အားဖြင့် ဤနှန့်သော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ နှန့်ခြင်းကြောင့် အာသဝေါတရားတို့ကုန်ခြင်း၄ါ မိမိ၏ အခြားမဲ့၌ အကျိုးပေးတတ်သော မဂ်သမာဓိသို့ နှန့်

နှေးစွာရောက်၏။ ရဟန်းတို့,ဤအကျင့်ကို ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်ဟု ဆိုအပ်၏။ (ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာခေါ်၏)။

(ခ) ရဟန်းတို့,ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤလောက၌ အချို့သောသူသည် ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ရာဂသဘောရှိ၏၊ ရာဂကြောင့်ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်ခံစားရ၏။ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ဒေါသသဘောရှိ၏၊ ဒေါသကြောင့်ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်ခံစားရ၏။ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော မောဟသဘောရှိ၏၊ မောဟကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်း မပြတ်ခံစားရ၏။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ,ဝီရိယိန္ဒြေ,သတိန္ဒြေ,သမာဓိန္ဒြေ,ပညိန္ဒြေအားဖြင့် ဤလွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခြင်းငှါ မိမိ၏ အခြားမဲ့၌အကျိုးပေးတတ်သော မဂ်သမာဓိသို့ လျင်မြန်စွာရောက်၏။ ရဟန်းတို့, ဤအကျင့်ကို ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော

အကျင့်ဟု ဆိုအပ်၏။ (ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ခေါ်၏)။

(ဂ) ရဟန်းတို့, ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ရာဂသဘော မရှိ၊ ရာဂကြောင့်ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်မခံစားရ။ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ဒေါသသဘော မရှိ၊ ဒေါသကြောင့် ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ။ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော မောဟသဘော မရှိ၊မောဟကြောင့်ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ်မခံစားရ။ ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ။ပ။ပညိန္ဒြေအားဖြင့် ဤနှန့်သော ဣန္ဒြေငါးပါး တို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ နှန့်ခြင်းကြောင့် အာသဝေါတရားတို့ကုန်ခြင်းငှါ မိမိအခြားမဲ့၌အကျိုးပေးတတ်သော မဂ်သမာဓိသို့ နှန့်နှေးစွာ ရောက်၏။ ရဟန်းတို့, ဤအကျင့်ကို ချမ်းသာလွယ်ကူစွာကျင့်ရ၍ နှန့်နှေးသော အသိဉာဏ်ရှိသော အကျင့်ဟူ၍ ဆိုအပ်၏။ (သုခါပဋိပဒါ ဒန္ဓာဘိညာခေါ်၏)။

(ဃ) ရဟန်းတို့, ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့် ဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ရာဂသဘော မရှိ၊ရာဂကြောင့်ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ။ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော ဒေါသသဘော မရှိ၊ ဒေါသကြောင့်ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ။ ပင်ကိုယ်သဘောအားဖြင့်လည်း ပြင်းထန်သော မောဟသဘော မရှိ၊ မောဟကြောင့်ဖြစ်သော ကိုယ်၏ဆင်းရဲခြင်း နှလုံးမသာခြင်းကို မပြတ် မခံစားရ။ထိုပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ,ဝိရိယိန္ဒြေ, သတိန္ဒြေ,သမာဓိန္ဒြေ, ပညိန္ဒြေ အားဖြင့် ဤလွန်ကဲသော ဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် အာသဝေါတရားတို့ ကုန်ခြင်းငှါ မိမိ၏ အခြားမဲ့၌ အကျိုးပေးတတ်သော မဂ်သမာဓိသို့ လျင်မြန်စွာ ရောက်၏။ ရဟန်းတို့, ဤအကျင့်ကို ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ဟု ဆိုအပ်၏။

ရဟန်းတို့, အကျင့်တို့သည် ဤ လေးမျိုးတို့တည်း ဟု မိန့်တော်မူ၏။ (သုခါပဋိပဒါ ဒိဗ္ဗါဘိညာခေါ်၏)။
(ဆဋ္ဌမူ အံ၊ပ-၂၊ဝိတ္ထာရသုတ္တ ၃၊အသုဘသုတ္တ ၆၊ဥဘယသုတ္တ အထိ ၄၆၇၊ဋ္ဌ-၃၄၃၊ဒုဋ္ဌိ ၃၄၀)

---

## အကျင့်တရား လေးမျိုးကို ပြဆိုခြင်း

ရဟန်းတို့, အကျင့်တို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ....

(က) သည်းမခံခြင်း ဟူသောအကျင့်။
(ခ) သည်းခံခြင်း ဟူသော အကျင့်။
(ဂ) ဆုံးမခြင်း ဟူသော အကျင့်။
(ဃ) ငြိမ်းစေခြင်း ဟူသော အကျင့်တို့တည်း။

(က) ရဟန်းတို့, သည်းမခံခြင်း ဟူသော အကျင့် ဟူသည် အဘယ်နည်း....ရဟန်းတို့, ဤလောက၌ အချို့ သောသူသည် အချမ်း,အပူ,ဆာလောင်ခြင်း, မွတ်သိပ် ခြင်း,မှက်,ခြင်,လေ,နေပူ,မြွေကင်းသန်း တို့၏ ကိုက်ခဲ ခြင်း အတွေ့ အထိတို့ကိုရင်း, မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုရင်း သည်းမခံနိုင်။ ကိုယ်၌ဖြစ်သော ပြင်းထန်ကြမ်းကြုတ်

စပ်ရှားကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းမခံနိုင်သောသဘောရှိ၏။ရဟန်းတို့, ဤအကျင့်ကို သည်းမခံခြင်း ဟူသော အကျင့်ဟု ဆိုအပ်၏။(သမာဓိမဖြစ်ပုံ)။

(ခ) ရဟန်းတို့, သည်းခံခြင်း ဟူသော အကျင့် ဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤလောက၌ အချို့သောသူသည် အချမ်း,အပူ,ဆာလောင်ခြင်း, မွတ်သိပ်ခြင်း,မှက်,ခြင်,လေ,နေပူ,မြွေကင်းသန်း တို့၏ ကိုက်ခဲခြင်း အတွေ့တို့ကိုငင်း, မကောင်းသဖြင့် ဆိုအပ် မကောင်းသဖြင့် ရောက်လာသော စကားတို့ကိုငင်း သည်းခံနိုင်၏။ ကိုယ်၌ဖြစ်သော ပြင်းထန်ကြမ်းကြုတ် စပ်ရှားကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ် ဖြစ်သော သေလောက်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘောရှိ၏။ရဟန်းတို့, ဤအကျင့်ကို သည်းခံခြင်း ဟူသော အကျင့်ဟု ဆိုအပ်၏။ (သမာဓိဖြစ်ပုံ)။

(ဂ) ရဟန်းတို့, ဆုံးမခြင်းဟူသော အကျင့် ဟူသည် အဘယ်နည်း....ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သော် မိန်းမ,ယောကျ်ား စသော သဏ္ဍာန်နိမိတ်ကို စွဲယူလေ့ မရှိ။ပ။ နားဖြင့် အသံ သဒ္ဒါရုံကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့ ဂန္ဓာရုံကို နမ်းသော်။ပ။ လျှာဖြင့်

အရသာ ရသာရုံကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံကို တွေ့သော်။ပ။စိတ်ဖြင့် သဘော ဓမ္မာရုံကို သိသော် မိန်းမ,ယောကျ်ား စသော သဏ္ဍာန်နိမိတ်ကို စွဲယူလေ့ မရှိ၊ လက်,ခြေ စသောအင်္ဂါ, ပြုံးဟန် ရယ်ဟန် စသော အမူအရာ အမှတ်လက္ခဏာကို စွဲယူလေ့ မရှိ။အကယ်၍ မနိန္ဒြေကို မစောင့်စည်းဘဲ နေလျှင် ယင်း မနိန္ဒြေကို မစောင့်စည်းခြင်း ဟူသော အကြောင်းကြောင့် မက်မောခြင်း အဘိဇ္ဈာ,နှလုံးမသာခြင်း ဒေါမနဿ ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို မစောင့်စည်းခြင်းကို လိုက်၍ နှိပ်စက်ကုန်ရာ၏။ ထိုကြောင့် ရဟန်းသည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ရောက်၏။ ရဟန်းတို့, ဤအကျင့်ကို ဆုံးမခြင်း ဟူသော အကျင့်ဟု ဆိုအပ်၏။ (သမာဓိဖြစ်၍ တရားထူး တရားမြတ် တွေ့ရာသည် ဟူလို)။

(ဃ) ရဟန်းတို့, ငြိမ်းစေခြင်း ဟူသော အကျင့် ဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမဝိတက်ကို သည်းမခံ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ငြိမ်းစေ၏၊ ကင်းအောင်ပြု၏၊ တဖန်မဖြစ်ခြင်းသို့ ရောက်စေ၏။ ဖြစ်ပေါ်လာသော ဗျာပါဒ ဝိတက်ကို။ပ။ ဖြစ်ပေါ်လာ

သော ဝိပဿိသဝိတက်ကို ဖြစ်တိုင်းဖြစ်တိုင်း ကုန်သော အကုသိုလ်တရားယုတ်တို့ကို သည်းမခံ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ငြိမ်းစေ၏၊ ကင်းအောင်ပြု၏၊ တဖန်မဖြစ်ခြင်းသို့ ရောက်စေ၏။ ရဟန်းတို့, ဤအကျင့်ကို ငြိမ်းစေခြင်းဟူသော အကျင့်ဟူ၍ဆိုအပ်၏။ ရဟန်းတို့,အကျင့်တို့သည် ဤလေးမျိုးတို့တည်းဟု မိန့်တော်မူ၏။ (သမာဓိဖြစ်၍ တရားထူး တရားမြတ် ရနိုင်၏)။

(ဆဋ္ဌမူပ အံ၊ဒုတိယာမသုတ္တ ၄၇၀-၄၇၁)

---

## သမဏသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဤသာသနာတော်၌သာလျှင်—

(က) ပဌမ သမဏမျိုး။

( ခ ) ဒုတိယ သမဏမျိုး။

( ဂ ) တတိယ သမဏမျိုး။

(ဃ) စတုတ္ထ သမဏမျိုး ကို ရနိုင်ကုန်၏။

သာသနာပြင်ပ အယူဝါဒတို့သည် ထိုဆိုခဲ့ပြီးသော သမဏလေးမျိုးတို့မှ ဆိတ်သုဉ်းကုန်၏။ ရဟန်းတို့, ဤသို့ ရဲရင့်သော စကားကို ကြွေးဝါးကြကုန်လော့။

(က) ရဟန်းတို့,ပဌမ သမဏမျိုးဟူသည် အဘယ်နည်း.... ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်

သံယောဇဉ် သုံးမျိုးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏။ ရဟန်းတို့ ဤသည်ကား ပဌမသမဏမျိုးတည်း။

(ခ) ရဟန်းတို့ ဒုတိယသမဏမျိုးဟူသည်အဘယ်နည်း.... ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သံယောဇဉ်သုံးမျိုးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့်၎င်း တပ်မက်ခြင်း ရာဂ, ပြစ်မှားခြင်း ဒေါသ, တွေဝေခြင်း မောဟ တို့၏ ခေါင်းပါးခြင်းကြောင့်၎င်း ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏အဆုံးကိုပြုသော သကဒါဂါမ် ဖြစ်၏။ ရဟန်းတို့ ဤသည်ကား ဒုတိယ သမဏမျိုး တည်း။

(ဂ) ရဟန်းတို့ တတိယသမဏမျိုးဟူသည်အဘယ်နည်း.... ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အောက်ပိုင်းသံယောဇဉ် ငါးမျိုးတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ်ဖြစ်၏။ ရဟန်းတို့ ဤသည်ကား တတိယသမဏမျိုးတည်း။

(ဃ) ရဟန်းတို့ စတုတ္ထသမဏမျိုး ဟူသည် အဘယ်နည်း....ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း

သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏။ ရဟန်းတို့, ဤသည်ကား စတုတ္ထသမဏမျိုးတည်း။

ရဟန်းတို့, ဤသာသနာတော်၌ သာလျှင် ပဌမသမဏမျိုး, ဒုတိယသမဏမျိုး, တတိယသမဏမျိုး, စတုတ္ထသမဏမျိုးကို ရအပ်၏။ သာသနာပြင်ပ အယူဝါဒတို့သည် ဤဆိုခဲ့ပြီး သမဏလေးမျိုးတို့မှ ဆိတ်သုဉ်းကုန်၏။ ရဟန်းတို့, ဤသို့ ရဲရင့်သောစကားကို ကြုံးဝါးကြကုန်လော့ ဟု မိန့်တော်မူ၏။

(ဆင္ဃမူ၊ပ၊အံ ၁၀၊သမဏသုတ္တ ၅၆၀၊၅၆၁၊ ဋ္ဌ ဒု ၃၉၂၊ဒုဋီ-၃၇၉)

---

## အဘိညာသုတ် အသိဉာဏ်လေးပါးကို ပြဆိုခြင်း

ရဟန်းတို့, တရားတို့သည် ဤလေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်း ဟူမူ....

(က) ရဟန်းတို့, ဉာဏ်ဖြင့်သိ၍ ပိုင်းခြားသိထိုက်သော တရားတို့သည် ရှိကုန်၏။

(ခ) ရဟန်းတို့, ဉာဏ်ဖြင့်သိ၍ ပယ်ထိုက်သော တရားတို့သည် ရှိကုန်၏။

(ဂ) ရဟန်းတို့, ဉာဏ်ဖြင့်သိ၍ ပွားများထိုက်သော တရားတို့သည် ရှိကုန်၏။

(ဃ) ရဟန်းတို့, ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုထိုက်သော တရားတို့သည် ရှိကုန်၏။

(က) ရဟန်းတို့, ဉာဏ်ဖြင့်သိ၍ ပိုင်းခြားသိထိုက်သော တရားတို့ဟူသည် အဘယ်နည်း.... ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့တည်း။ ရဟန်းတို့, ဤတရားတို့ကို ဉာဏ်ဖြင့်သိ၍ ပိုင်းခြား သိထိုက်သော တရားတို့ ဟူ၍ ဆိုအပ်၏။

(ခ) ရဟန်းတို့, ဉာဏ်ဖြင့်သိ၍ ပယ်ထိုက်သော တရားတို့ဟူသည် အဘယ်နည်း.... မသိမှု အဝိဇ္ဇာနှင့် ဘဝကိုတပ်မက်ခြင်း ဘဝတဏှာ တို့တည်း။ရဟန်းတို့, ဤတရားတို့ကို ဉာဏ်ဖြင့်သိ၍ ပယ်ထိုက်သော တရားတို့ ဟူ၍ ဆိုအပ်၏။

(ဂ) ရဟန်းတို့,ဉာဏ်ဖြင့်သိ၍ ပွားများထိုက်သော တရားတို့ဟူသည် အဘယ်နည်း....ကိလေသာငြိမ်းစေမှု "သမထ"နှင့် အထူးထူးရှုမှု "ဝိပဿနာ" တို့တည်း။ ရဟန်းတို့, ဤတရားတို့ကို ဉာဏ်ဖြင့်သိ၍ ပွားများထိုက် သော တရားတို့ဟူ၍ ဆိုအပ်၏။

(ဃ) ရဟန်းတို့ ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုထိုက်သော တရားတို့ဟူသည် အဘယ်နည်း၊ အသိဉာဏ် "ဝိဇ္ဇာ" နှင့် ကိလေသာမှလွတ်မြောက်မှု "ဝိမုတ္တိ" တို့တည်း။ ရဟန်းတို့၊ ဤတို့ကို ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုထိုက်သော တရားတို့ဟူ၍ ဆိုအပ်ကုန်၏။ ရဟန်းတို့၊ တရားတို့သည် ဤလေးမျိုးတို့တည်းဟု မိန့်တော်မူ၏။

(ဆင့်မူ-အံ ပ—အဘိညာသုတ် ၅၇၀၊ ဋ္ဌ-ဒု-၃၉၆၊ ဋီ-၃၉၅)

---

## ယုံကြည်မှုသဒ္ဓါ တည်မှု-ပျက်မှုတို့ကို ပြဆိုခြင်း

(က) ရဟန်းတို့၊ ယုံကြည်မှု သဒ္ဓါသည် ကုသိုလ်တရားတို့၌ တည်နေသမျှ ကာလပတ်လုံး အကုသိုလ် မဖြစ်ပေါ်နိုင်။ ရဟန်းတို့၊ ယုံကြည်မှုသဒ္ဓါပျောက်ကွယ်၍ မယုံကြည်မှု မြေးယှက် တည်နေသော အခါ၌မူကား အကုသိုလ် ဖြစ်ပေါ်လာ၏။

(ခ) ရဟန်းတို့၊ ရှက်မှု ဟိရိသည် ကုသိုလ်တရားတို့၌ တည်နေသမျှ ကာလပတ်လုံး အကုသိုလ် မဖြစ်ပေါ်နိုင်။ ရဟန်းတို့၊ ရှက်မှု ဟိရိပျောက်ကွယ်၍ မရှက်မှု အဟိရိက တည်နေသောအခါ၌ မူကား အကုသိုလ် ဖြစ်ပေါ်လာ၏။

(ဂ) ရဟန်းတို့,ကြောက်လန့်မှု ဩတ္တပ္ပသည် ကုသိုလ်တရားတို့၌ တည်နေသမျှ ကာလပတ်လုံး အကုသိုလ်မပေါ်နိုင်။ရဟန်းတို့,ကြောက်လန့်မှုဩတ္တပ္ပ ပျောက်ကွယ်၍ မကြောက်လန့်မှု အနောတ္တပ္ပ မြေးယှက် တည်နေသောအခါ၌ မူကား အကုသိုလ် ဖြစ်ပေါ်လာ၏။

(ဃ) ရဟန်းတို့, အားထုတ်မှု ဝီရိယသည် ကုသိုလ်တရားတို့၌ တည်နေသမျှ ကာလပတ်လုံး အကုသိုလ် မဖြစ်ပေါ်နိုင်။ရဟန်းတို့,အားထုတ်မှု ဝီရိယ ပျောက်ကွယ်၍ ပျင်းရိမှု မြေးယှက်တည်နေသော အခါ၌မူကား အကုသိုလ် ဖြစ်ပေါ်လာ၏။

(င) ရဟန်းတို့, သိမှု ပညာသည် ကုသိုလ်တရားတို့၌ တည်နေသမျှ ကာလပတ်လုံး အကုသိုလ် မဖြစ်ပေါ်နိုင်။ ရဟန်းတို့, သိမှုပညာ ပျောက်ကွယ်၍ မသိမှု မြေးယှက် တည်နေသော အခါ၌ မူကား အကုသိုလ် ဖြစ်ပေါ်လာ၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံဒု ဗ၊ သမာပတ္တိသုတ္တ ၄-၅၊၄-တ ၂၄မိမဖွင့်)

---

### ယုံကြည်မှုသဒ္ဓါ ၅-မဂ္ဂကို ဖြန့်ခြင်း

ရဟန်းတို့,တရားငါးမျိုးနှင့် ပြည့်စုံ၍ ရှိသေမှု တုပ်ဝပ်မှု မရှိသော ရဟန်းသည် ဤဓမ္မဝိနယ သာသနာ

တော်၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်ချေ။အဘယ်တရား ၅ မျိုးတို့နည်း ဟူမူ....

(က) ရဟန်းတို့,ယုံကြည်မှု သဒ္ဓါမရှိ၍ ရှိသောမှုတပ်ဝပ်မှု မရှိသော ရဟန်းသည် ဤဓမ္မဝိနယသာသနာတော်၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

(ခ) ရှက်မှု ဟိရီ မရှိ၍ ရှိသောမှု တုပ်ဝပ်မှု မရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

(ဂ) ကြောက်လန့်မှု ဩတ္တပ္ပ မရှိ၍ ရှိသေမှု တုပ်ဝပ်မှု မရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

(ဃ) ပျင်းရိ၍ ရှိသေမှု တုပ်ဝပ်မှု မရှိသောရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

(င) သိမှု ပညာ မရှိ၍ ရှိသေမှု တုပ်ဝပ်မှု မရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်။

ရဟန်းတို့ ဤတရားငါးမျိုးနှင့် ပြည့်စုံ၍ ရှိသေမှု တုပ်ဝပ်မှု မရှိသော ရဟန်းသည် ဤဓမ္မဝိနယ သာသနာတော်၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် မထိုက်တန်ချေ။

ရဟန်းတို့, တရားငါးမျိုးနှင့် ပြည့်စုံ၍ ရှိသေမှု တုပ်ဝပ်မှု ရှိသောရဟန်းသည် ဤဓမ္မဝိနယသာသနာတော်၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

အဘယ်တရား ၅-မျိုးတို့နည်း ဟူမူ ...

(က) ရဟန်းတို့, ယုံကြည်မှုသဒ္ဓါရှိ၍ ရှိသေမှု တုပ်ဝပ်မှု ရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွားစည် ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

(ခ) ရှက်မှု ဟိရိ ရှိ၍ ရှိသေမှု တုပ်ဝပ်မှုရှိသောရဟန်း သည် ဤဓမ္မဝိနယ၌ ကြီးပွားစည်ပင် ပြန့်ပြော ခြင်းသို့ ရောက်ရန် ထိုက်တန်၏။

(ဂ) ကြောင့်လန့်မှု ဩတ္တပ္ပ ရှိ၍ ရှိသေမှု တုပ်ဝပ်မှု ရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွားစည် ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

(ဃ) ထက်သန်သော ဝီရိယရှိ၍ ရှိသေမှု တုပ်ဝပ်မှု ရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွားစည် ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

(င) သိမှု ပညာ ရှိ၍ ရိုသေမှု၊ တုပ်ဝပ်မှု၊ ရှိသော ရဟန်းသည် ဤဓမ္မဝိနယ၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏။

ရဟန်းတို့, ဤ တရားငါးမျိုးနှင့် ပြည့်စုံ၍ ရိုသေမှု၊ တုပ်ဝပ်မှု၊ ရှိသော ရဟန်းသည် ဓမ္မဝိနယသာသနာတော်၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရန် ထိုက်တန်၏ဟု မိန့်တော်မူ၏။

အထက်ကပြတဲ့ ဘုရားဟောနှင့် ယောဂီပုဂ္ဂိုလ် ညီတယ် မညီဘူး ဆိုတာ သေချာအောင် စဉ်းစား ကြည့်ရှု၊ ယခုဘဝမဂ်ဖိုလ်ရမဲ့ပုဂ္ဂိုလ်,မရမဲ့ပုဂ္ဂိုလ် ထွက် လာလိမ့်မည်။

(ဆဋ္ဌမူ ဒု အံ ၁၀၊ဒုတိယ အဂါရဝသုတ္တ ၇၊အဋ္ဌ ၃၊ဋီ ၃-၄)

## အား ၅ မျိုးကို ပြဆိုခြင်း

ရဟန်းတို့, အားတို့သည် ဤ ၅-မျိုးတို့တည်း။ အဘယ် ၅-မျိုးတို့နည်း ဟူမူ...

(က) ယုံကြည်မှု သဒ္ဓါအား။

(ခ) အားထုတ်မှု ဝီရိယအား။

(ဂ) အောက်မေ့မှု သတိအား။

(ဃ) တည်ကြည်မှု သမာဓိအား။
(င) သိမှု ပညာ အားတို့တည်း။

(က) ရဟန်းတို့, အဘယ်တို့၌ ယုံကြည်မှု သဒ္ဓါအားကို အကြီးအမှူးဟူ၍ မှတ်အပ်သနည်း.... သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးမျိုးတို့၌ ယုံကြည်မှု သဒ္ဓါအားကို အကြီးအမှူးဟူ၍ မှတ်အပ်၏။

(ခ) ရဟန်းတို့, အဘယ်တို့၌ အားထုတ်မှု ဝီရိယအားကိုမှတ်သနည်း.... သမ္မပ္ပဓာန် လေးပါးတို့၌ အားထုတ်မှု ဝီရိယအားကို မှတ်အပ်၏။

(ဂ) ရဟန်းတို့,အဘယ်တို့၌ အောက်မေ့မှု သတိအားကို မှတ်အပ်သနည်း.... သတိပဋ္ဌာန်လေးပါးတို့၌ အောက်မေ့မှု သတိအားကို မှတ်အပ်၏။

(ဃ) ရဟန်းတို့, အဘယ်တို့၌ တည်ကြည်မှု သမာဓိအားကို မှတ်အပ်သနည်း.... ဈာန်လေးပါးတို့၌ တည်ကြည်မှု သမာဓိအားကို မှတ်အပ်၏။

(င) ရဟန်းတို့,အဘယ်တို့၌ သိမှု ပညာအားကို မှတ်အပ်သနည်း.... အရိယသစ္စာ လေးပါးတို့၌ သိမှု ပညာအားကို မှတ်အပ်၏။

ရဟန်းတို့, အားတို့သည် ဤငါးမျိုးတို့တည်း ဟု မိန့်တော်မူ၏။

အသက်က ဘုရားဟောနှင့် ယောဂီပုဂ္ဂိုလ်များ သေချာအောင် စဉ်းစားကြည့်ပါလေ။ မယုံကြည်လို့ အရိယာမဖြစ်၊ယုံကြည်တဲ့ပုဂ္ဂိုလ်များ အရိယာဖြစ်တာ တထစ်ချမှတ်လိုက်ပါ။ငါးပါးလုံးညီရင်ဖြစ်မယ်ဆိုတာ မလွဲဘူးလေ။

(ဆင္ခမူ-အံ-ဒု-၅၊ ဒင္ခဗ္ဗသုတ္တ-နံပါတ် ၁၀၊ ဋ္ဌ-က ၄၊ တ ဋ္ဌီ-၅-၆)

---

## ဥပဇ္ဈာယ်ဆရာကို ပြုဆိုခြင်း

ထိုအခါရဟန်းတပါးသည် မိမိဥပဇ္ဈာယ်ဆရာထံသို့ ချဉ်းကပ်၍“အရှင်ဘုရား ယခုအခါ၌ အကျွန်ုပ်၏ကိုယ်သည် လေးလံနေပါ၏၊ အရပ်ရှစ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား မထင်ပါကုန်၊ တရားတို့သည် အကျွန်ုပ်အား မထင်လာပါကုန်၊လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည်လည်း အကျွန်ုပ်၏စိတ်ကို သိမ်းကျုံးယူ၍ တည်နေပါ၏၊မမွေ့လျော်ပါပဲလျက်လည်း မြတ်သောအကျင့်ကို ကျင့်၍ နေရပါ၏၊တရားတို့၌ မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာသည်လည်း အကျွန်ုပ်အား ရှိပါ၏”ဟု လျှောက်၏။

ထိုအခါ ထိုဆရာဥပဇ္ဈာယ်ရဟန်းသည် ထိုအတူနေ တပည့်ရဟန်းကိုခေါ်ကာ မြတ်စွာဘုရားထံသို့ချဉ်းကပ် ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေလျက် မြတ်စွာ

ဘုရားအား "အရှင်ဘုရား ဤရဟန်းသည် ဤသို့ ပြော ဆိုပါ၏၊ 'အရှင်ဘုရား ယခုအခါ၌ အကျွန်ုပ်၏ ကိုယ် သည် လေးလံနေပါ၏၊ အရပ်ရှစ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား မထင်ပါကုန်၊ တရားတို့သည်လည်း အကျွန်ုပ်အား မထင်လှာပါကုန်၊ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည်လည်း အကျွန်ုပ်၏ စိတ်ကို သိမ်းကျုံး၍ တည်နေပါ၏၊ မမွေ့လျော်ပါပဲလျက်လည်း မြတ်သော အကျင့်ကို ကျင့်၍ နေရပါ၏၊ တရားတို့၌ မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာသည်လည်း အကျွန်ုပ်အား ရှိပါ၏'ဟု ဆိုပါ ၏"ဟု လျှောက်၏။

"ရဟန်း ဤစကားသည် ဤအတိုင်းပင် ဟုတ်၏။ ဣန္ဒြေတို့၌ မစောင့်ရှောက် မလုံခြုံသော တံခါးရှိသည် ဖြစ်၍ ဘောဇဉ်တို့၌ အတိုင်းအရှည်ကို မသိသော နိုးကြားမှုကို အားမထုတ်သော ကုသိုလ်တရားတို့ကို မရှုမူ၍ ညဉ့်၏ ရှေ့ပိုင်း နောက်ပိုင်း၌ ဗောဓိပက္ခိယ တရား ပွားများအားထုတ်မှုကို အားမထုတ်မူ၍ နေ သော ရဟန်းအား ကိုယ်သည် လေးလံနေ၏၊ အရပ် ရှစ်မျက်နှာတို့သည်လည်း ထိုရဟန်းအား မထင်ကုန်၊ တရားတို့သည်လည်း ထိုရဟန်းအား မထင်လှာကုန်၊ လေးလံ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည်လည်း ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ တည်နေ၏၊ မမွေ့လျော်ပဲလျက်

လည်း မြတ်သောအကျင့်ကို ကျင့်၍ နေရ၏၊ ထိုရဟန်း အား တရားတို့၌လည်း မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာသည် ဖြစ်၏"။

"ရဟန်း ထိုအကြောင်းကြောင့် သင်သည် ဤသို့ ကျင့်ရမည်။ 'ငါသည် ရှေ့မြွေတို့၌ စောင့်ရှောက် လုံခြုံ သော တံခါးရှိသူ ဖြစ်အံ့,ဘောဇဉ်တို့၌ အတိုင်းအရှည် ကို သိသူ, နိုးကြားမှု၌ အားထုတ်သူ, ကုသိုလ်တရား တို့ကို ရှုသူ,ညဉ့်၏ ရှေ့ပိုင်းနောက်ပိုင်း၌ ဗောဓိပက္ခိယ တရား ပွားများအားထုတ်မှုကို အားထုတ်သူ ဖြစ်၍ နေအံ့' ဟု ကျင့်ရမည်။ ရဟန်း ဤသို့လျှင် သင်သည် ကျင့်ရမည်" ဟုမိန့်တော်မူ၏။

ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရား ဤအဆုံး အမတော်ဖြင့် ဆုံးမအပ်သည်ဖြစ်၍ နေရာမှ ထပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် အရိအသေပြုကာ ဖဲသွား လေ၏။

ထိုအခါ ထိုရဟန်းသည် တယောက်တည်း ဆိတ် ငြိမ်ရာသို့ ကပ်ပြီးလျှင် မမေ့မလျော့ ပြင်းစွာ အားထုတ် လျက် တည်ကြည်သောစိတ် ရှိသည်ဖြစ်၍ နေသည်ရှိ သော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်း ဘောင်သို့ ဝင်ရောက်ကြသော အမျိုးကောင်းသားတို့ လိုလားအပ်သော အတုမရှိသော မြတ်သော အကျင့်၏

အဆုံးဖြစ်သော အရဟတ္တဖိုလ် အကျိုးကို မကြာမီ ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏။ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ တဆဲ့ခြောက်ပါးသော မဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ ဟုသိ၏။ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

ထို့နောက် ထိုရဟန်းသည် အရဟတ္တဖိုလ်သို့ရောက်လတ်သော် မိမိဉပဇ္ဈာယ်ဆရာထံသို့ ချဉ်းကပ်၍ "အရှင်ဘုရား ယခုအခါ၌ အကျွန်ုပ်၏ ကိုယ်သည် လေးလံခြင်း မဖြစ်တော့ပါ၊ အရပ်ရှစ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား ထင်ပါကုန်၏၊ တရားတို့သည်လည်း အကျွန်ုပ်အား ထင်လာပါကုန်၏၊ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည်လည်း အကျွန်ုပ်၏ စိတ်ကို သိမ်းကျုံး၍ မတည်တော့ပါ၊ မွေ့လျော်စွာလည်း မြတ်သောအကျင့်ကို ကျင့်ရပါ၏၊ တရားတို့၌ မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာသည်လည်း အကျွန်ုပ်အားမရှိတော့ပါ"ဟုလျှောက်၏။

ထိုအခါ ထိုဆရာဉပဇ္ဈာယ် ရဟန်းသည် ထိုအတူနေ တပည့်ရဟန်းကို ခေါ်ကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အရှင်ဘုရား

ဤရဟန်းသည် ဤသို့ပြောဆိုပါ၏ 'အရှင်ဘုရား ယခု အခါ၌ အကျွန်ုပ်၏ ကိုယ်သည် လေးလံခြင်း မဖြစ်တော့ ပါ၊အရပ်ရှစ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား ထင် ပါကုန်၏၊တရားတို့သည်လည်း အကျွန်ုပ်အား ထင်လှာ ပါကုန်၏၊ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည်လည်း အကျွန်ုပ်၏ စိတ်ကို သိမ်းကျုံး၍ မတည်တော့ပါ၊မွေ့ လျော်စွာလည်း မြတ်သော အကျင့်ကို ကျင့်ရပါ၏၊ တရားတို့၌ မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာ သည်လည်း အကျွန်ုပ်အား မရှိတော့ပါ' ဟု ပြောဆိုပါ၏" ဟု လျှောက်၏။

"ရဟန်း,ဤစကားသည် ဤတိုင်းပင်ဟုတ်၏။ဣန္ဒြေ တို့၌ စောင့်ရှောက် လုံခြုံသော တံခါးရှိသည် ဖြစ်၍ ဘောဇဉ်တို့၌ အတိုင်းအရှည်ကိုသိသော နိုးကြားမှု ကို အားထုတ်သော ကုသိုလ်တရားတို့ကို ရှုသည်ဖြစ်၍ ညဉ့်၏ရှေ့ပိုင်း နောက်ပိုင်း၌ ဗောဓိပက္ခိယတရား ပွား များအားထုတ်မှုကို အားထုတ်၍နေသောရဟန်းအား ကိုယ်သည် လေးလံမနေပေ၊ အရပ်ရှစ်မျက်နှာတို့သည် လည်း ထိုရဟန်းအား ထင်ကုန်၏၊တရားတို့သည်လည်း ထိုရဟန်းအား ထင်လှာကုန်၏၊ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓသည်လည်း ထိုရဟန်း၏ စိတ်ကို သိမ်းကျုံး၍ မတည်၊မွေ့လျော်စွာလည်း မြတ်သောအကျင့်ကို ကျင့်

ရ၏၊ထိုရဟန်းအား တရားတို့၌လည်း မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာသည်မဖြစ်တော့ပေ။ရဟန်းတို့ ထိုအကြောင်း ကြောင့် သင်တို့သည် ဤသို့ကျင့်ရမည် 'ငါတို့သည် ဇာနေ့တို့၌ စောင့်ရှောက်လုံခြုံသော တံခါးရှိသူ ဖြစ် ကုန်အံ့၊ဘောဇဥ်တို့၌ အတိုင်းအရှည်ကို သိသူ၊နိုးကြား မှု၌ အားထုတ်သူ၊ ကုသိုလ်တရားတို့ကို ရှုသူ၊ ညဉ့်၏ ရှေ့ပိုင်း နောက်ပိုင်း၌ ဗောဓိပက္ခိယတရား ပွားများ အားထုတ်မှုကို အားထုတ်သူ ဖြစ်၍ နေကုန်အံ့' ဟု ကျင့်ရမည်။ရဟန်းတို့,ဤသို့လျှင် သင်တို့ ကျင့်ရမည်''ဟု မိန့်တော်မူ၏။

ယခုမြတ်စွာဘုရားဟောကြားတော်မူတိုင်း ကျင့်ကြံ အားထုတ်သော ယောဂီပုဂ္ဂိုလ်များသည် မကြာခင် သမာဓိဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ပါသည် သူတော် ကောင်းအပေါင်းတို့။

(ဆဋ္ဌမူအံ ဒု ၆၊ ဥပဏ္ဏာယသုတ္တ ၆၁၊ ဋ္ဌ တ ၂၀၊တဋ္ဌီ-၂၅)

## ပဋ္ဌမအနာဂတ်ဘေး ငါးမျိုးကို ပြဆိုခြင်း

ရဟန်းတို့,ဤအနာဂတ်ဘေးငါးမျိုးတို့ကို ကောင်း စွာ မြင်သော တောနေရဟန်းသည် မရောက်သေး သည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်

မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာ အားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည် ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

အဘယ် ၅-မျိုးတို့နည်း ဟူမူ....

(က) ရဟန်းတို့, ဤသာသနာတော်၌ တောနေရဟန်းသည် ဤသို့ ဆင်ခြင်၏၊ "ယခုအခါ၌ ငါသည် တယောက်တည်း တော၌နေသော ငါ့ကို မြွေမူလည်း ကိုက်ရာ၏၊ ကင်းမြီးကောက် မူလည်း ကိုက်ရာ၏၊ ကင်းခြေများမူလည်း ကိုက်ရာ၏၊ ထို မြွေ,ကင်းတို့၏ကိုက်ခြင်းသည် ငါ့အားအန္တရာယ် ဖြစ်ရာ၏။ ယခုအခါ၌ ငါသည်မရောက်သေးသည့် ချွန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ချွန် မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ် တော့အံ့" ဟု ဆင်ခြင်၏။

ရဟန်းတို့, ပဋ္ဌမအနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောနေရဟန်းသည် မရောက်သေးသည့် ချွန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ချွန်မဂ်ဖိုလ် ကို ရရန်၊ မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကို မျက်

မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာ အားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည် ဖြစ်၍ နေခြင်းငှါသင့်လျော်သည်သာလျှင်တည်း။(ယခုကာလ တောနေရဟန်းများ စဉ်းစားရန်အချက်တည်း)။

(ခ) ရဟန်းတို့,နောက်တမျိုးကား.... တောနေရဟန်း သည် ဤသို့ ဆင်ခြင်၏၊ "ယခုအခါ ငါသည် တယောက်တည်း တော၌ နေ၏၊ တယောက် တည်း တော၌နေသော ငါသည် ချွတ်ချော်၍မူ လည်း ကျရာ၏၊စားပြီးသော အစာသည်မူလည်း ငါ့အား ဖောက်ပြန်ရာ၏၊ သည်းခြေမူလည်း ငါ့ အားပျက်ရာ၏၊သလိပ်မူလည်းငါ့အားပျက်ရာ၏၊ လေသင်ဓုန်းသည်မူလည်း ငါ့အား ဖြတ်ရာ၏၊ ထို့ကြောင့် ငါ့အား သေဆုံးခြင်းသည် ဖြစ်ရာ၏၊ ထိုချွတ်ချော်၍ ကျခြင်းစသည် ငါ့အား အန္တရာယ် ဖြစ်ရာ၏။ ယခုအခါ၌ ငါသည် မရောက်သေး သည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကိုရရန်၊မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ် တော့အံ့"ဟု ဆင်ခြင်၏။

ရဟန်းတို့,ဤသို့ ဒုတိယအနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောကျောင်းနေရဟန်းသည် မရောက်သေး

သည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည် ဖြစ်၍ နေခြင်းငှါ သင့်လျော် သည်သာလျှင်တည်း။

(ဂ) ရဟန်းတို့, နောက်တမျိုးကား.... တောနေရဟန်း သည် ဤသို့ ဆင်ခြင်၏၊ "ယခုအခါ ငါသည် တယောက်တည်း တော၌နေ၏၊ တယောက်တည်း တော၌နေသော ငါသည် သားရဲတို့နှင့် တွေ့ကြုံ ရာ၏၊ ခြသေ့နှင့်သော်၎င်း, ကျားနှင့်သော်၎င်း, သစ်နှင့်သော်၎င်း, ဝံနှင့်သော်၎င်း, အောင်းနှင့် သော်၎င်း တွေ့ကြုံရာ၏၊ ထိုသားရဲ သတ္တဝါတို့ သည် ငါ့အား သတ်ကုန်ရာ၏၊ ထို့ကြောင့် ငါ သည် သေဆုံးခြင်းဖြစ်ရာ၏၊ ထိုသားရဲ သတ္တဝါ ဘေးသည် ငါ့အား အန္တရာယ် ဖြစ်ရာ၏။ ယခု အခါ၌ ငါသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ် သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကိုရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက် မှောက်ပြုရန် လုံ့လကို အားထုတ်တော့အံ့" ဟု ဆင်ခြင်၏။

ရဟန်းတို့, ဤတတိယအနာဂတ်ဘေးကို ကောင်းစွာမြင်သော တောကျောင်းနေ ရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက် မပြုရ သေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

(ဃ) ရဟန်းတို့, နောက်တမျိုးကား....တောနေရဟန်းသည် ဤသို့ဆင်ခြင်၏၊ "ယခုအခါ ငါသည် တယောက်တည်းတော၌နေ၏၊တယောက်တည်း တော၌နေသော ငါသည် ဖြစ်မှုကို ကျူးလွန်ပြီးသည်လည်းဖြစ်ကုန်သော မကျူးလွန်ရသေးသည်လည်း ဖြစ်ကုန်သော လူဆိုးတို့နှင့် တွေ့ဆုံမိရာ၏၊ ထိုလူဆိုးတို့သည် ငါ့ကို သတ်ကုန်ရာ၏၊ ထို့ကြောင့် ငါ့အား သေဆုံးခြင်း ဖြစ်ရာ၏၊ထိုလူဆိုးဘေးသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏။ ယခုအခါ၌ ငါသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်တော့အံ့" ဟု ဆင်ခြင်၏။

ရဟန်းတို့,ဤစတုတ္ထအနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောနေရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

(၄) ရဟန်းတို့, နောက်တမျိုးကား.... တောနေရဟန်းသည် ဤသို့ဆင်ခြင်၏၊ "ယခုအခါ ငါသည် တယောက်တည်း တော၌နေ၏၊ကြမ်းကြုတ်သော ဘီလူးတို့သည် တောအရပ်၌ ရှိကုန်၏၊ ထိုဘီလူးတို့သည် ငါ့ကို သတ်ကုန်ရာ၏၊ ထို ဘီလူးဘေးကြောင့် ငါ့အား သေဆုံးခြင်း ဖြစ်ရာ၏၊ထိုဘီလူးဘေးသည် ငါ့အား အန္တရာယ် ဖြစ်ရာ၏။ ယခုအခါ၌ ငါသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကိုရရန် မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လုံ့လကို အားထုတ်တော့အံ့"ဟု ဆင်ခြင်၏။

ရဟန်းတို့, ဤပဉ္စမ အနာဂတ်ဘေးကို ကောင်းစွာ မြင်သော တောနေရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍ နေခြင်းငှါ သင့်လျော်သည် သာလျှင်တည်း ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ အံ ဒု ၇၊ ပဉ္စမအနာဂတဘယသုတ္တ ဂဂ၊ ဋ္ဌ ၃၆၊ ဋီ ၃၀)

---

## ဒုတိယ အနာဂတ်ဘေး ငါးမျိုးကို ပြဆိုခြင်း

ရဟန်းတို့, အနာဂတ်ဘေး ငါးမျိုးတို့ကို ကောင်းစွာ မြင်သော ရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

အဘယ် ၅-မျိုးတို့နည်း ဟူမူ....

(က) ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် ဤသို့ ဆင်ခြင်၏၊ "ယခုအခါ ငါသည်ကား ပျိုမျစ်နုနယ် ငယ်ရွယ်၍ မည်းနက်သော ဆံပင် ရှိသေး၏၊ ပဌမအရွယ် ဖြစ်သော ကောင်းသော အရွယ်နှင့် ပြည့်စုံသေး၏၊ ဤကိုယ်သို့ အိုခြင်း ဇရာ ထိရောက်သောအခါသည် ဖြစ်လာလိမ့်ဦးမည်၊ အိုခြင်း ဇရာ နှိပ်စက်သည်ဖြစ်၍ အိုသူသည် ဘုရားရှင်တို့၏ အဆုံးအမတော်ကို နှလုံး သွင်းရန် မလွယ်ကူ၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော ထိုသဘောတရားများသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက် ပြုရန် ယခု စောစောကပင် လုံ့လကို အားထုတ်တော့မည်၊ ငါသည် ယင်းဈာန်မဂ်ဖိုလ် တရားနှင့် ပြည့်စုံပါမူ အိုသော်လည်း ချမ်းသာစွာ နေရပေလိမ့်မည်" ဟု ဆင်ခြင်၏။

ရဟန်းတို့, ဤပဌမအနာဂတ်ဘေးကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်

ဖိုလ်သို့ ရောက်ရန်၊မရသေးသည့် ဈာန်မဂ်ဖိုလ်ကိုရရန်၊ မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာ အားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

(ခ) ရဟန်းတို့, နောက်တမျိုးကား....ရဟန်းသည် ဤသို့ ဆင်ခြင်၏၊"ယခုအခါ ငါသည် အနာကင်း၏၊ ရောဂါကင်း၏၊ မအေးလွန်း မပူလွန်း အလယ်အလတ် ဖြစ်၍ ကမ္မဋ္ဌာန်း စီးဖြန်းရန် ခံ့သော အစာကို အညီအမျှ ကြေကျက်စေတတ်သည့် ဝမ်းမီးနှင့်ပြည့်စုံ၏၊ဤကိုယ်သို့နာခြင်းဗျာဓိ ထိရောက်သော အခါသည် ဖြစ်လာလိမ့်ဦးမည်၊ နာခြင်းဗျာဓိ နှိပ်စက်သည်ဖြစ်၍ နာသူသည် ဘုရားရှင်တို့၏ အဆုံးအမတော်ကို နှလုံးသွင်းရန် မလွယ်ကူ၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော ထိုသဘောများသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက် မပြုရသေးသည့်

နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ယခု စောစောကပင် လုံ့လကို အားထုတ်တော့မည်။ ငါသည် ယင်း ဈာန်မဂ်ဖိုလ် တရားနှင့် ပြည့်စုံပါမူ နာသော်လည်း ချမ်းသာစွာ နေရပေလိမ့်မည်”ဟု ဆင်ခြင်၏။

ရဟန်းတို့,ဤဒုတိယအနာဂတ်ဘေးကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်ကို ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကိုရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

(၃) ရဟန်းတို့,နောက်တမျိုးကား....ရဟန်းသည်ဤသို့ ဆင်ခြင်၏၊ “ယခုအခါ ငါသည် ဝပြော၏၊ ကောက်စပါး ကောင်းမွန်၏၊ ဆွမ်း ရလွယ်၏၊ သပိတ်လက်စွဲလျက် ဆွမ်းခံခြင်းဖြင့်မျှတရန် လွယ်ကူ၏၊ငတ်မွတ်ခေါင်းပါး ကောက်စပါး မကောင်း၍ ဆွမ်းရခဲသော သပိတ်လက်စွဲလျက် ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူသည့် အခါမျိုးသည် ဖြစ်လာလိမ့်ဦးမည်၊ ငတ်မွတ် ခေါင်းပါးသော

အခါ၌ကား လူတို့သည် ဝပြောရာသို့ ပြောင်းရွှေ့ချဉ်းကပ်ကြကုန်၏၊ ထိုအရပ်၌ အပေါင်းအဖော်တို့နှင့် နေရ၏၊ ရောပြွမ်း၍ နေရ၏၊ အပေါင်းအဖော်တို့နှင့် နေရခြင်း,ရောပြွမ်း၍ နေရခြင်း ဖြစ်ခဲ့သော် ဘုရားရှင်တို့၏ အဆုံးအမတော်ကို နှလုံးသွင်းရန် မလွယ်ကူ၊အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိအပ်မနှစ်သက်အပ် မမြတ်နိုးအပ်သော ထိုင်တော်မွတ်ခေါင်းပါးခြင်းသဘောသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ရောက်ရန်၊မရသေးသည့် ဈာန်မဂ်ဖိုလ်ကိုရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန်၊ယခု စောစောကပင် လုံ့လကို အားထုတ်တော့မည်။ငါသည် ယင်းဈာန်မဂ်ဖိုလ်တရားနှင့် ပြည့်စုံပါမူ ငတ်မွတ် ခေါင်းပါးသောအခါ၌လည်း ချမ်းသာစွာ နေရပေလိမ့်မည်”ဟု ဆင်ခြင်၏။

ရဟန်းတို့, ဤတတိယအနာဂတ်ဘေးကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြု

ရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်း ငှါ သင့်လျော်သည်သာလျှင်တည်း။

(ဃ) ရဟန်းတို့, နောက်တမျိုးကား.... ရဟန်းသည် ဤသို့ဆင်ခြင်၏၊ "ယခုအခါ၌ လူတို့သည် ညီညွတ်ကုန်၏၊ ဝမ်းမြောက်ကြကုန်၏၊ ခိုက်ရန်ငြင်းခုံခြင်း မရှိကြကုန်ပဲ နို့နှင့်ရေ ရောနှောသကဲ့သို့ ဖြစ်ကုန်၏၊ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကြည့်၍ နေထိုင်ကုန်၏၊ တောပုန်း ခားပြတို့ ထကြွသောင်းကျန်းသည် ဖြစ်၍ ဇနပုဒ် နေသူတို့သည်လည်း လှည်းရထား ယာဉ်တို့သို့ တက်စီးကုန်လျက် ပြေးလွှားကြရသည့် ဘေးရန်ဖြစ်သော အခါမျိုးသည် ဖြစ်လာလိမ့်ဦးမည်၊ ဘေးဖြစ်လာသည် ရှိသော် လူတို့သည် ဧးချမ်းရာအရပ်သို့ ပြောင်းရွှေ့ ချဉ်းကပ်ကြကုန်၏၊ ထိုအရပ်၌ အပေါင်းအဖော်တို့နှင့် နေရ၏၊ ရောပြွမ်း၍ နေရ၏၊ အပေါင်းအဖော်တို့ တို့နှင့် နေရခြင်း,ရောပြွမ်း၍ နေရခြင်း ဖြစ်ခဲ့သော် ဘုရားရှင်တို့၏ အဆုံးအမတော်ကို နှလုံးသွင်းရန် မလွယ်ကူ၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိအပ် မနှစ်သက်

အပ် မမြတ်နိုးအပ်သော ထိုမြို့ရွာသောင်းကျန်းမှု သဘောတရားသည် ငါ့ထံသို့ မရောက်လာမီ ငါသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ယခုစောစောကပင် လုံ့လကို အားထုတ်တော့မည်။ ငါသည် ယင်း ဈာန်မဂ်ဖိုလ်တရားနှင့်ပြည့်စုံသည် ရှိသော် သောင်းကျန်းမှုဘေး ဖြစ်ပေါ်လာသော်လည်း ချမ်းသာစွာ နေရပေလိမ့်မည်”ဟု ဆင်ခြင်၏။

ရဟန်းတို့,ဤစတုတ္ထ အနာဂတ်ဘေးကို ကောင်းစွာ မြင်သော ရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကိုရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

(င) ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းသည် ဤသို့ ဆင်ခြင်၏၊ “ယခုအခါ၌ကား သံဃာသည် ညီညွတ်၏၊ ဝမ်းမြောက်ဝမ်းသာ ရှိသည်ဖြစ်၍

နိုက်ရန် ပြင်းခုံခြင်းမရှိဘဲ ပါတိမောက် အတူ ပြ လျက် ချမ်းသာစွာနေ၏၊ သံဃာ ကွဲပြားသော အခါသည် ဖြစ်လာလိမ့်ဦးမည်၊ သံဃာ ကွဲပြား သည်ရှိသော် ဘုရားရှင်၏ အဆုံးအမတော်ကို နှလုံးသွင်းရန် မလွယ်ကူ၊ အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲရန် မလွယ်ကူ၊ အလိုမရှိ အပ် မနှစ်သက်အပ် မမြတ်နိုးအပ်သော သံဃာ ကွဲပြားမှု သဘောတရားသည် ငါ့ထံသို့ မရောက် လာမီ ငါသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ် သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက်မပြုရသေးသည့် နိဗ္ဗာန်ကို မျက် မှောက်ပြုရန် ယခုစောစောကပင် လုံ့လကို အား ထုတ်တော့မည်။ ငါသည် ယင်းဈာန်မဂ်ဖိုလ်တရား နှင့် ပြည့်စုံသည်ရှိသော် သံဃာ ကွဲပြားသော် လည်း ချမ်းသာစွာ နေရပေလိမ့်မည်” ဟု ဆင် ခြင်၏။

ရဟန်းတို့, ဤပဉ္စမအနာဂတ်ဘေးကို ကောင်းစွာ မြင်သော ရဟန်းသည် မရောက်သေးသည့် ဈာန်မဂ် ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက် မပြုရ သေးသည့် နိဗ္ဗာန်ကို မျက်မှောက် ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လ

ဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း။

"ရဟန်းတို့, ဤအနာဂတ်ဘေး ငါးမျိုးတို့ကို ကောင်းစွာမြင်သော ရဟန်းသည် မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက်မှောက်မပြုရသေးသည့်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော်သည်သာလျှင်တည်း" ဟု မိန့်တော်မူ၏။

ယခုမြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်နှင့် ယောဂီအပေါင်း ညီ-မညီ စစ်ဆေးကြည့်ပါလေ။

## ဒုတိယ အနာဂတ်ဘေး ငါးမျိုးကို ပြသနိုင်ခြင်း

ရဟန်းတို့, ဤအနာဂတ်ဘေး ငါးမျိုးတို့သည် ယခုအခါ မဖြစ်သေးကုန်၊ နောင်အခါတို့၌ ဖြစ်ပေါ်ကုန်လိမ့်မည်၊ထိုဘေးတို့ကို သင်တို့သိရမည်၊ သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်။

အဘယ် ငါးမျိုးတို့နည်း ဟူမူ....

(က) ရဟန်းတို့, အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွားများသူ၊ သီလကို မပွားများသူ၊ စိတ်သမာဓိကို မပွားများသူ၊ပညာကို မပွားများသူတို့ ဖြစ်ကြလိမ့်မည်။

ရဟန်းတို့သည် မိမိတို့က ကိုယ်ကိုမပွားများ၊ သီလကို မပွားများ၊ စိတ်သမာဓိကို မပွားများ၊ ပညာကို မပွားများကုန်သည်ဖြစ်ပါလျက် သူတပါးတို့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးလိမ့်ဦးမည်။ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော ထိုဆရာတို့သည်လည်း လွန်မြတ်သောသီလ,လွန်မြတ်သောစိတ်, လွန်မြတ်သော ပညာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်။

ဤသို့သော ဆရာတို့ထံ ပဉ္စင်းခံကြကုန်သော ထို တပည့်ရဟန်းတို့သည်လည်း ကိုယ်ကို မပွားများသူ၊သီလကို မပွားများသူ၊စိတ်ကို မပွားများသူ၊ ပညာကို မပွားများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။

ထိုတပည့်ဖြစ်သူ ရဟန်းတို့သည် မိမိက ကိုယ်ကို မပွားများ၊သီလကို မပွားများ၊ စိတ်ကို မပွားများ၊ပညာကို မပွားများကြကုန်သည်ဖြစ်ပါလျက်

အခြားသူတို့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကြကုန်လိမ့်ဦးမည်။

ထိုရဟန်းတို့သည်လည်း လွန်မြတ်သော သီလ, လွန်မြတ်သောစိတ်, လွန်မြတ်သော ပညာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်ကြလိမ့်မည် မဟုတ်ကုန်။ ထိုတပည့်ရဟန်းတို့သည်လည်း ကိုယ်ကို မပွားများသူ၊ သီလကို မပွားများသူ၊ စိတ်ကိုမပွားများသူ၊ ပညာကို မပွားများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။

ရဟန်းတို့, ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏၊ ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

ရဟန်းတို့,ဤပဥ္စမ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊နောင်အခါ၌ဖြစ်ပေါ်လာလိမ့်ဦးမည်။ ထိုဘေးကို သင်တို့သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

(ခ) ရဟန်းတို့, နောက်တမျိုးကား.... အနာဂတ် ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွားများသူ၊သီလကို မပွားများသူ၊ပညာကို မပွားများသူတို့ဖြစ်ကြလိမ့်ဦးမည်။

ထိုရဟန်းတို့သည် မိမိတို့က ကိုယ်ကို မပွား များ၊သီလကိုမပွားများ၊စိတ်ကို မပွားများ၊ပညာ ကို မပွားများကြကုန်သည် ဖြစ်ပါလျက် အခြား သူတို့အား နိဿရည်း ပေးကြကုန်လိမ့် ဦးမည်။ နိဿရည်းဆရာပြုလုပ်သူ ထိုဆရာတို့သည်လည်း လွန်မြတ်သော သီလ,လွန်မြတ်သောစိတ်သမာဓိ, လွန်မြတ်သော ပညာ၌ ဆုံးမခြင်းငှါ စွမ်းနိုင်ကြ လိမ့်မည် မဟုတ်ကုန်။

ဤသို့သောဆရာတို့ထံ နိဿရည်းခံယူကြကုန် သော ထိုတပည့်တို့သည်လည်း ကိုယ်ကို မပွား များသူ၊သီလကို မပွားများသူ၊ စိတ်ကို မပွားများ သူ၊ ပညာကို မပွားများသူတို့ ဖြစ်ကြကုန်လိမ့် ဦးမည်။

ထိုရဟန်းတို့သည် မိမိက ကိုယ်ကို မပွားများသူ၊ သီလကို မပွားများသူ၊စိတ်သမာဓိကို မပွားများ သူ၊ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက် အခြားသူတို့ကို နိဿရည်း ပေးကြကုန်လိမ့်ဦး မည်။

ထိုရဟန်းတို့သည်လည်း လွန်မြတ်သောသီလ, လွန်မြတ်သော စိတ်သမာဓိ,လွန်မြတ်သောပညာ ၌ ဆုံးမခြင်းငှါ စွမ်းနိုင်လိမ့်မည် မဟုတ်ကုန်။

ထို တပည့်ရဟန်းတို့သည်လည်း ကိုယ်ကို မပွားများသူ၊ သီလကို မပွားများသူ၊ စိတ်သမာဓိကို မပွားများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။

ရဟန်းတို့, ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်း ပျက်စီး၏၊ ဝိနည်းပျက်စီးခြင်းကြောင့် တရား ပျက်စီး၏။

ရဟန်းတို့, ဤဒုတိယ အနာဂတ်ဘေးသည် ယခုအခါမဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုဘေးကို သင်တို့သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

(ဂ) ရဟန်းတို့, နောက်တမျိုးကား.... အနာဂတ် ကာလ၌ ရဟန်းတို့သည် ကိုယ်ကို မပွားများသူ၊သီလကို မပွားများသူ၊ စိတ်သမာဓိကို မပွားများသူ၊ ပညာကို မပွားများသူတို့ ဖြစ်ကြကုန်လိမ့်ဦးမည်။
ထိုရဟန်းတို့သည်လည်း မိမိတို့က ကိုယ်ကို မပွားများ၊ သီလကို မပွားများ၊ စိတ်သမာဓိကို မပွားများ၊ ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက် သီလ စသော အဘိဓမ္မာကထာနှင့် ဝေဒလ္လကထာကို ပြောဟောကုန်လျက် မည်းညစ်

သော အကုသိုလ်တရားသို့ သက်ရောက်ကုန်သည် ဖြစ်၍ သိမြင်နိုင်ကြလိမ့်မည် မဟုတ်ကုန်။

ရဟန်းတို့, ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏၊ ဝိနည်း ပျက်စီးခြင်းကြောင့် တရား ပျက်စီး၏။

ရဟန်းတို့, ဤတတိယ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

(ဃ) ရဟန်းတို့,နောက်တမျိုးကား....အနာဂတ်ကာလ၌ ရဟန်းတို့သည် ကိုယ်ကိုမပွားများသူ၊သီလကို မပွားများသူ၊ စိတ်သမာဓိကို မပွားများသူ၊ ပညာကို မပွားများသူတို့ ဖြစ်ကြကုန်လိမ့်မည်။

ထိုရဟန်းတို့သည် မိမိတို့က ကိုယ်ကို မပွားများ, သီလကို မပွားများ, စိတ်သမာဓိကို မပွားများ,ပညာကို မပွားများကြကုန်သည် ဖြစ်လျက် မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော နက်နဲကုန်သော နက်နဲသော အနက် ရှိကုန်သော လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်လျက် အဖွဲ့မှ ဆိတ်သုဉ်းခြင်းနှင့် ယှဉ်ကုန်သော သုတ္တန်

တရားတို့ကို ဟောအပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကြလိမ့်မည်မဟုတ်ကုန်၊ နားထောင်ကြလိမ့်မည် မဟုတ်ကုန်၊သိရှိ နားလည်လိုသောစိတ်ကို ဖြစ်စေကြလိမ့်မည် မဟုတ်ကုန်၊ ထိုသုတ္တန်တရားတို့ကို သင်ယူအပ် အဖန်တလဲလဲ လေ့လာအပ်၏ ဟူ၍ မှတ်ထင်ကြလိမ့်မည် မဟုတ်ကုန်။ ကဗျာဆရာတို့ ပြုအပ်ကုန်၍ ကဗျာဆရာတို့၏ ဥစ္စာဖြစ်ကုန်သော ဆန်းကြယ်သော အက္ခရာ သဒ္ဒါ ပုဒ် ဗျည်း ရှိကုန်လျက် သာသနာတော်မှ အပဖြစ်ကုန်၍ သာသနာပ ဆရာတို့၏ တပည့် ဟောသုတ္တန်ပါဠိတို့ကိုဟောအပ်ကုန်သည်ရှိသော် ကောင်းစွာ နာယူကြလိမ့်မည်၊ သိရှိ နားလည်လိုသော စိတ်ကို ဖြစ်စေကြကုန်လိမ့်မည်၊ ထိုသုတ္တန်တရားတို့ကို သင်ယူအပ် အဖန်တလဲလဲ လေ့လာအပ်၏ ဟူ၍ မှတ်ထင်ကြကုန်လိမ့်မည်။

ရဟန်းတို့, ဤသို့လျှင် တရားပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏၊ ဝိနည်းပျက်စီးခြင်းကြောင့် တရားပျက်စီး၏။

ရဟန်းတို့, ဤစတုတ္ထ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦး

မည်။ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထို ဘေးကို ပယ်ရန် အားထုတ်ရမည်။

(င) ရဟန်းတို့, နောက်တမျိုးကား.... ရဟန်းတို့သည် ကိုယ်ကို မပွားများသူ၊သီလကို မပွားများသူ၊စိတ် သမာဓိကို မပွားများသူ၊ ပညာကို မပွားများသူ တို့ ဖြစ်ကြကုန်လိမ့်မည်။

ထိုရဟန်းတို့သည် မိမိက ကိုယ်ကိုမပွားများ၊ သီလကို မပွားများ၊ စိတ်သမာဓိကို မပွားများ၊ ပညာကို မပွားများကြကုန်သည် ဖြစ်ပါလျက် မထေရ်ကြီး ရဟန်းတို့သည် ပစ္စည်း များရန်သာ ကျင့်ကြကုန်လိမ့်မည်။သိက္ခာကို လျော့လျော့ ပေါ့ ပေါ့သာကျင့်ကြကုန်လိမ့်မည်။ အောက်သို့သက်စေ တတ်သော တရား၌ရှေ့သွားဖြစ်ကြကုန်လိမ့်မည်။ ဥပဓိဝိဝေက နိဗ္ဗာန်၌ တာဝန်မဲ့ ဖြစ်ကြကုန်လိမ့် မည်။ မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ရောက် ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကို ရရန်၊ မျက် မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက် ပြုရန် လုံ့လဝီရိယကို အားထုတ်ကြကုန်လိမ့်မည် မဟုတ်ကုန်။

နောင်လာ နောက်သား လူအများတို့သည် မြင်ရသော ဆရာ့အပြုအမူသို့ အစဉ်တစိုက် လိုက်ကြကုန်လိမ့်မည်။ ထို နောင်လာ နောက်သား လူအများတို့သည်လည်း ပစ္စည်း ပေါများရန်သာ ကျင့်ကြကုန်လိမ့်မည်။ သိက္ခာကို လျော့လျော့ပေါ့ပေါ့ ကျင့်ကြကုန်လိမ့်မည်။အောက်သို့ သက်စေတတ်သော တရား၌ ရှေ့သွားဖြစ်ကြကုန်လိမ့်မည်။ဥပဓိဝိဝေက နိဗ္ဗာန်၌ တာဝန်မဲ့ ဖြစ်ကြကုန်လိမ့်မည်။ မရောက်သေးသည့် ဈာန်မဂ်ဖိုလ်သို့ ရောက်ရန်၊ မရသေးသည့် ဈာန်မဂ်ဖိုလ်ကိုရရန်၊ မျက်မှောက် မပြုရသေးသည့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လုံ့လဝီရိယကို အားထုတ်ကြလိမ့်မည် မဟုတ်ကုန်။

ရဟန်းတို့, ဤသို့လျှင် တရား ပျက်စီးခြင်းကြောင့် ဝိနည်းပျက်စီး၏၊ ဝိနည်း ပျက်စီးခြင်းကြောင့် တရား ပျက်စီး၏။

ရဟန်းတို့, ဤပဉ္စမ အနာဂတ်ဘေးသည် အခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့, ဤအနာဂတ်ဘေး ငါးမျိုးတို့သည် ယခု အခါ မဖြစ်ပေါ်သေးကုန်၊ နောင်အခါ၌ ဖြစ်ပေါ်ကုန် လိမ့်ဦးမည်။ ထိုဘေးတို့ကို သင်တို့သိရမည်၊ သိပြီး၍ လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်ဟု မိန့် တော်မူ၏။

(ဆဋ္ဌမူ၊အံ ဒု ၉၄၊ဋ္ဌ-၃၆၊ဋီ-၃၁)

---

## စတုတ္ထအနာဂတ်ဘေး ငါးမျိုးကို ပြဆိုခြင်း

ရဟန်းတို့, ဤအနာဂတ်ဘေး ငါးမျိုးတို့သည် ယခု အခါ မဖြစ်ပေါ်သေးကုန်၊ နောင်အခါ၌ ဖြစ်ပေါ်ကုန် လိမ့်ဦးမည်၊ ထိုဘေးတို့ကို သင်တို့သိရမည်၊ သိပြီး၍ လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်။

အဘယ် ငါးမျိုးတို့နည်း ဟူမူ....

(က) ရဟန်းတို့, အနာဂတ်ကာလ၌ ရဟန်းတို့သည် သင်္ကန်း၌ ကောင်းသည်ကို အလိုရှိကြကုန်လိမ့် မည်။ ထို ရဟန်းတို့သည် သင်္ကန်း၌ ကောင်းသည် ကို အလိုရှိကြကုန်သည်ဖြစ်၍ ပံသုကူစုတင်ဆောင် ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်။ အစွန်အဖျားကျ သော တောကျောင်းတို့ကို စွန့်လွှတ်ကြကုန်လိမ့် မည်။ ရွာနိဂုံး မင်းနေပြည်တို့၌ ဝင်ရောက်၍ နေ

ကြကုန်လိမ့်မည်။ သက်နိုး ဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော များလှစွာသော မအပ်သော ပစ္စည်းရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။

ရဟန်းတို့, ဤပဥ္စမ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

(ခ) ရဟန်းတို့, နောက်တမျိုးကား.... အနာဂတ်ကာလ၌ ရဟန်းတို့သည် ဆွမ်း၌ ကောင်းသည်ကို အလိုရှိကြကုန်လိမ့်မည်။ ထိုရဟန်းတို့သည် ဆွမ်း၌ ကောင်းသည်ကို အလိုရှိကြကုန်သည်ဖြစ်၍ ပိဏ္ဍပါတ် ဓုတင် ဆောင်ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်။ အစွန်အဖျားကျသော တောကျောင်းတို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်။ ရွာနိဂုံး မင်းနေပြည်တို့၌ ဝင်ရောက်၍ လျှာဖျားမြက်မြက်ဖြစ်သော အရသာတို့ကို ရှာမှီးကုန်လျက် နေကြကုန်လိမ့်မည်။ ဆွမ်း ဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော များလှစွာသော မအပ်သော ပစ္စည်းရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။

ရဟန်းတို့,ဤဒုတိယအနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

(ဂ) ရဟန်းတို့, နောက်တမျိုးကား.... အနာဂတ် ကာလ၌ ရဟန်းတို့သည် ကျောင်း၌ ကောင်းသည်ကို အလို ရှိကြ ကုန်လိမ့်မည်။ ထို ရဟန်းတို့သည် ကျောင်း၌ ကောင်းသည်ကို အလိုရှိကြကုန်သည် ဖြစ်၍ (သစ်ပင်ရင်း၌ နေခြင်းဟု ဆိုအပ်သော) ရုက္ခမူဓုတင် ဆောင်ခြင်းကို စွန့်လွှတ်ကြကုန်လိမ့်မည်။ အစွန်အဖျားကျသော တောကျောင်းတို့ကို စွန့်လွှတ်ကြကုန်လိမ့်မည်။ ရွာနိဂုံး မင်းနေပြည်တို့၌ ဝင်ရောက်၍ နေကြကုန်လိမ့်မည်။ ကျောင်းဟူသော အကြောင်းကြောင့်လည်း မလျောက်ပတ်သော များလှစွာသော မအပ်သော ပစ္စည်းရှာမှီးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။

ရဟန်းတို့, ဤတတိယ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

(ဿ) ရဟန်းတို့, နောက်တမျိုးကား....အနာဂတ် ကာလ၌ ရဟန်းတို့သည် ဘိက္ခုနီ, သိက္ခမာန်, သာမဏေတို့နှင့် ရောနှော၍ နေကြ ကုန်လိမ့်မည်။ ရဟန်းတို့ ဘိက္ခုနီ,သိက္ခမာန်,သာမဏေ တို့နှင့် ရောနှော၍ နေသည်ရှိသော် မမွေ့လျော်သည် ဖြစ်၍လည်း မြတ်သောအကျင့်ကို ကျင့်ကြကုန် လိမ့်မည်။ ညစ်နွမ်းသော အာပတ် တခုခုသို့မူလည်း ရောက်ကြ ကုန်လိမ့်မည်။ သိက္ခာချ၍မူလည်း လူထွက်ကြကုန်လိမ့်မည် ဟူသော အကျိုးမချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏။

ရဟန်းတို့, ဤစတုတ္ထ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်။ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

(င) ရဟန်းတို့,နောက်တမျိုးကား.... အနာဂတ် ကာလ၌ ရဟန်းတို့သည် အရံစောင့် သာမဏေတို့နှင့် ရောနှော၍ နေကြကုန်လိမ့်မည်။ ရဟန်းတို့ အရံစောင့် သာမဏေတို့နှင့် ရောနှော၍ နေသည်ရှိသော် များစွာသော သိုမှီး သုံးဆောင်ခြင်း လုံ့လပြု၍ နေကြကုန်လိမ့်မည်။ မြေကြီး၌ရင်း, စိမ်း

သောသစ်ပင်စု၌ငှင်း ရှန့်ရင်း သိသာသောနိမိတ်
အမှတ်ကိုလည်း ပြုကြကုန်လိမ့်မည် ဟူသော
အကျိုးကို မချွတ်ရလိမ့်မည်ဟု မြွက်လင့်အပ်၏။

ရဟန်းတို့၊ဤပဉ္စမ အနာဂတ်ဘေးသည် ယခုအခါ မဖြစ်ပေါ်သေး၊နောင်အခါ၌ ဖြစ်ပေါ်လိမ့်မည်။ ထိုဘေးကို သင်တို့ သိရမည်၊ သိပြီး၍လည်း ထိုဘေးကို ပယ်ရန် အားထုတ်ရမည်။

ရဟန်းတို့၊ဤအနာဂတ်ဘေး ငါးမျိုးတို့သည် ယခုအခါ မဖြစ်ပေါ်သေးကုန်၊နောင်အခါ၌ ဖြစ်ပေါ်ကုန်လိမ့်မည်။ထိုဘေးတို့ကို သင်တို့ သိရမည်၊သိပြီး၍လည်း ထိုဘေးတို့ကို ပယ်ရန် အားထုတ်ရမည်ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ၊အံ ဒု ဂဂ ၂-၆၇၊တဋ္ဌ ၃၆-၃၇၊ ဋ္ဌီ ၃၀-၃၄)

---

## ဆုတ်ယုတ်သော ကျင့်ဆဲ သေက္ခ ငါးမျိုး

ရဟန်းတို့၊ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား အထက်အထက် ဂုဏ်တို့မှ ဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ်ငါးမျိုးတို့နည်း ဟူမူ....

(က) ရဟန်းတို့, ဤသာသနာတော်၌ ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် ကိစ္စများ၏၊ ပြုဖွယ်များ၏၊ အဘယ် အမှုကို ပြုရအံ့နည်းဟု မေးမြန်း၍ ပြုအပ်သော အမှုတို့၌လိမ္မာ၏၊တယောက်တည်း ကိန်းအောင်း ခြင်းကို စွန့်၏၊မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ'ကို အားမထုတ်။

ရဟန်းတို့, ဤပဌမ တရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန်ဖြစ်၏။

(ခ) ရဟန်းတို့,နောက်တမျိုးကား.... ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် အနည်းငယ်မျှသော အမှုဖြင့် နေ့ကို ကုန်လွန်စေ၏၊ တယောက်တည်း ကိန်းအောင်း ခြင်းကို စွန့်၏၊ မိမိသန္တာန်၌ စိတ်၏ငြိမ်းကြောင်း 'သမထ'ကို အားမထုတ်။

ရဟန်းတို့, ဤဒုတိယတရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန်ဖြစ်၏။

(ဂ) ရဟန်းတို့, နောက်တမျိုးကား.... ကျင့်ဆဲ'သေက္ခ' ရဟန်းသည် သာသနာတော်အား မလျော်က် ပတ်သော လူတို့၏ဆက်ဆံခြင်းမျိုးဖြင့် လူရဟန်း တို့နှင့် ဆက်ဆံ၍ နေ၏၊တယောက်တည်း ကိန်း

အောင်းခြင်းကို စွန့်၍၊မိမိသန္တာန်၌ စိတ်၏ ငြိမ်း ကြောင်း 'သမထ'ကို အားမထုတ်။

ရဟန်းတို့,ဤတတိယ တရားသည် ကျင့်ဆဲ'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန် ဖြစ်၏။

(ဃ) ရဟန်းတို့, နောက်တမျိုးကား....ကျင့်ဆဲ'သေက္ခ' ရဟန်းသည် အခါမဟုတ်သည်၌ ရွာသို့ဝင်၏၊ အလွန် နေမြင့်မှ ပြန်၏၊ တယောက်တည်း ကိန်း အောင်းခြင်းကို စွန့်၍၊မိမိသန္တာန်၌ စိတ်၏ ငြိမ်း ကြောင်း 'သမထ'ကို အားမထုတ်။

ရဟန်းတို့,ဤ စတုတ္ထ တရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန်ဖြစ်၏။

(င) ရဟန်းတို့, နောက်တမျိုးကား....ကျင့်ဆဲ'သေက္ခ' ရဟန်းသည် အလိုနည်းမှုနှင့် စပ်သော စကား, ရောင့်ရဲလွယ်မှုနှင့်စပ်သော စကား,ဆိတ်ငြိမ်မှုနှင့် စပ်သော စကား,မနှီးနှောမှုနှင့်စပ်သော စကား, လုံ့လအားထုတ်မှုနှင့် စပ်သော စကား,သီလနှင့် စပ်သော စကား, သမာဓိနှင့် စပ်သော စကား, ပညာနှင့် စပ်သော စကား, ကိလေသာမှ လွတ် မြောက်မှုနှင့်စပ်သော စကား,ကိလေသာမှ လွတ်

ပြောက်မှု အရဟတ္တဖိုလ်၌ ဖြစ်သော ဉာဏ်အမြင် ပစ္စဝေက္ခဏာ ဉာဏ်နှင့် စပ်သော စကား ဟူ သော ကိလေသာကို လွန်စွာခေါင်းပါးစေတတ် သော စိတ်၏ပွင့်လင်းကြောင်း သမထ ဝိပဿနာ အား လျောက်ပတ်သော သဘောရှိသည့် စကား မျိုးကို အလိုရှိတိုင်း ရသည်မဟုတ်၊ မငြိုမငြင် ရ သည်မဟုတ်၊မပင်မပန်း ရသည်မဟုတ်၊ တယောံ တည်း ကိန်းအောင်းခြင်းကို စွန့်၍၊မိမိသန္တာန်၌ စိတ်၏ငြိမ်းကြောင်း 'သမထ'ကို အားမထုတ်။

ရဟန်းတို့, ဤပဉ္စမ တရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ရန်ဖြစ်၏။

## မဆုတ်ယုတ်သော ကျင့်ဆဲ သေက္ခ ငါးမျိုး

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ကျင့်ဆဲ'သေက္ခ' ရဟန်းအား အထက် အထက် ဖြစ်သော ဂုဏ်တို့မှ မဆုတ်ယုတ်ရန် ဖြစ်ကုန်၏။

အဘယ် ငါးမျိုးတို့နည်း ဟူမူ....

(က) ရဟန်းတို့,ဤသာသနာ၌ ကျင့်ဆဲ 'သေက္ခ'ရဟန်း သည် ကိစ္စမများ၊ ပြုဖွယ်မများ၊ အဘယ် အမှုကို ပြုရအံ့နည်းဟု မေး၍ ပြုအပ်သော အမှုတို့၌

လိမ္မာ၏၊ တယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း'သမထ' ကို အားထုတ်၏။

ရဟန်းတို့, ဤပဌမ တရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏။

(ခ) ရဟန်းတို့,နောက်တမျိုးကား.... ကျင့်ဆဲ'သေက္ခ' ရဟန်းသည် အနည်းငယ်မျှသော အမှုဖြင့် နေ့ကို မကုန်လွန်စေ၊ တယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ'ကို အားထုတ်၏။

ရဟန်းတို့, ဤ ဒုတိယ တရားသည် ကျင့်ဆဲ'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏။

(ဂ) ရဟန်းတို့,နောက်တမျိုးကား.... ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် သာသနာတော်အား မလျောက်ပတ်သော လူ၏ဆက်ဆံခြင်းမျိုးဖြင့် လူရဟန်းတို့နှင့် ဆက်ဆံ၍ မနေ၊ တယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း'သမထ'ကို အားထုတ်၏။

ရဟန်းတို့,ဤတတိယ တရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏။

(ဿ) ရဟန်းတို့,နောက်တမျိုးကား.... ကျင့်ဆဲ 'သေက္ခ' ရဟန်းသည် အခါမဟုတ်သည်၌ ရွာတွင်းသို့ မဝင်၊ အလွန်နေမြင့်မှ မပြန်၊ တယောက်တည်း ကိန်းအောင်းခြင်းကို မစွန့်၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း 'သမထ'ကို အားထုတ်၏။

ရဟန်းတို့,ဤစတုတ္ထ တရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏။

( င) ရဟန်းတို့,နောက်တမျိုးကား.... ကျင့်ဆဲ'သေက္ခ' ရဟန်းသည် အလိုနည်းခြင်းနှင့် စပ်သောစကား, ရောင့်ရဲလွယ်မှုနှင့် စပ်သော စကား, ဆိတ်ငြိမ်မှုနှင့် စပ်သော စကား, မနှီးနှောမှုနှင့် စပ်သော စကား, လုံ့လအားထုတ်မှုနှင့်စပ်သော စကား, ကိလေသာမှ လွတ်မြောက်မှုနှင့်စပ်သောစကား, ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်၌ ဖြစ်သော ဉာဏ်အမြင် ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သော စကား ဟူသော ကိလေသာကို လွန်စွာ ခေါင်းပါးစေတတ်သော စိတ်၏ပွင့်လင်းကြောင်း သမထဝိပဿနာအား လျောက်ပတ်သော သဘောရှိသည့် စကားမျိုးကို အလိုရှိတိုင်းရ၏၊ မငြို မငြင် ရ၏၊ မပင်မပန်း ရ၏၊ တယောက်တည်း

ကိန်းအောင်းခြင်းကို မစွန့်၊ မိမိသန္တာန်၌ စိတ်၏ ငြိမ်းကြောင်း'သမထ'ကို အားထုတ်၏။

ရဟန်းတို့, ဤပဉ္စမ တရားသည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏။ ရဟန်းတို့, ဤ တရား ငါးမျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံ ၃-ဒုတိယသေက္ခသုတ္တ ၁၀၂၊ တဋ္ဌ-၃၉၊ ၃၇)

---

## အာရညကသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို ကြိမ်ဖန်များစွာ အလေ့ အလာ ပြုသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တဖိုလ် ကို ထိုးထွင်း၍ သိနိုင်၏။

အဘယ် ငါးမျိုးတို့နည်း ဟူမူ....

(၁) ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည် အမှုသစ်ကိုအားထုတ်မှု နည်းပါး၏၊ကိစ္စ နည်း ပါး၏၊ မွေးမြူလွယ်၏၊ အသက်၏ အဆောက် အဦဖြစ်သော ပစ္စည်းတို့၌ ရောင့်ရဲလွယ်၏။

(၂) အစားအသောက် နည်းပါး၍၊ ဝမ်းရေး အား မထုတ်။

(၃) အအိပ်နည်းပါး၍၊ နိုးကြားမှု၌ အားထုတ်၍။

(၄) တောသို့နေ၍၊ အစွန်အဖျား ကျသော ကျောင်း သျှင် နေရာရှိ၍။

(၅) ကိလေသာမှ လွတ်မြောက်တိုင်းသော စိတ်ကို ဆင်ခြင်၍။

ရဟန်းတို့, ဤတရား ငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အာနာပါနဿတိကို ကြိမ်ဖန် များစွာ အလေ့အလာပြုသည်ရှိသော် မကြာမြင့်မီပင် အရဟတ္တ ဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏ဟု မိန့်တော်မူ၏။

အထက်က ပြသော ဘုရားဟောနှင့် မညီညွတ်မှု သမာဓိမဖြစ်ဟု အမြဲသာမှတ်ထားရန် အချက်တည်း။

(ဆဋ္ဌမူ-အံဒုဂ၊ အာရညကသုတ္တ ၁၀၆၊ ဌ-ဋ္ဌမဖွင့်)

---

တောနေရဟန်း ငါးမျိုးကို ပြဆိုခြင်း

ရဟန်းတို့, တောနေရဟန်းတို့သည် ဤငါးမျိုးတို့ ဘည်း။ အဘယ်ငါးမျိုးတို့နည်း ဟူမူ....

(၁) ပညာ နုန့်သည်၏အဖြစ်, တွေဝေသည်၏အဖြစ် ကြောင့် တောသို့နေ၏။

(၂) ယုတ်ညံ့သော အလိုရှိ၍ အလိုဆိုး နှိပ်စက်အပ်သည်ဖြစ်၍ တောသွနေ၏။

(၃) ရူးသွပ်ခြင်း, စိတ်ပျံ့လွင့်ခြင်းကြောင့် တောသွနေ၏။

(၄) မြတ်စွာဘုရား တို့သည်၎င်း, မြတ်စွာဘုရား၏ တပည့်သာဝကတို့သည်၎င်း ချီးမွမ်းအပ်၏ ဟု နှလုံးသွင်း၍ တောသွနေ၏။

(၅) အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုကိုသာလျှင် မှီ၍ အကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင်မှီ၍ တောသွနေ၏။

ရဟန်းတို့, တောသွနေသော ရဟန်းတို့သည် ဤငါးမျိုးတို့တည်း။ ရဟန်းတို့, ဤတောသနေရဟန်းငါးမျိုးတို့တွင် အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှု ဤအကျင့်ဖြင့် အကျိုးရှိမှုကိုသာလျှင် မှီ၍ တောသွနေသော ရဟန်းသည် လွန်ကဲ၏၊ မြတ်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ မြင့်မြတ်၏၊ လွန်မြတ်၏။

ရဟန်းတို့, နွားမှ နို့ရည်၊ နို့ရည်မှ နို့ဓမ်း၊ နို့ဓမ်းမှ ဆီဦး၊ ဆီဦးမှ ထောပတ်၊ ထောပတ်မှ ထောပတ်ကြည်ဖြစ်၏။ ထိုသို့ဖြစ်ရာ၌ 'ထောပတ်ကြည်သည်မြတ်၏' ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူသာလျှင် ဤတော

နေရဟန်း ငါးမျိုးတို့တွင် အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှု အကျင့်ဖြင့် အကျိုးရှိမှုကိုသာ လျှင် မှီ၍ တော၌နေသော ရဟန်းသည် လွန်ကဲ၏၊ မြတ်၏၊အကြီးအမှူးလည်း ဖြစ်၏၊ မြင့်မြတ်၏၊လွန်မြတ် ၏ ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံ-ဒု-၄၊ အရညဝဂ္ဂ ၁၊အာရညိကသုတ္တ ၁၈၃၊ ကဋ္ဌ ၆၄-၆၅၊ တ ဋ္ဌ-၅၆)

---

## တရားခြောက်မျိုးကို မပယ်မှု၍ အနာဂါမိဖိုလ် မရခြင်းကို ပြဆိုခြင်း

ရဟန်းတို့,တရားခြောက်မျိုးတို့ကို မပယ်မူ၍ အနာ ဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူ....

(၁) ယုံကြည်ခြင်း သဒ္ဓါ မရှိ။

(၂) ဒုစရိုက်မှ မရှက်မှု။

(၃) ဒုစရိုက်မှ မလန့်မှု။

(၄) ပျင်းရိမှု။

(၅) သတိ လွတ်ကင်းမှု။

(၆) ပညာ မဲ့မှုတို့တည်း။

ရဟန်းတို့, ဤတရား ခြောက်မျိုးတို့ကို မပယ်မူ၍ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ မထိုက်။

## အနာဂါမိဖိုလ်ကို ရခြင်း

ရဟန်းတို့,တရားခြောက်မျိုးတို့ကို ပယ်သဖြင့် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏။ အဘယ်ခြောက်မျိုးတို့နည်း ဟူမူ....

(၁) ယုံကြည်ခြင်းသဒ္ဓါ မရှိမှု။
(၂) ဒုစရိုက်မှ မရှက်မှု။
(၃) ဒုစရိုက်မှ မလန့်မှု။
(၄) ပျင်းရိမှု။
(၅) သတိ လွတ်ကင်းမှု။
(၆) ပညာ မဲ့မှုတို့တည်း။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့ကို ပယ်သဖြင့် အနာဂါမိဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ ထိုက်၏ ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူအံ ဒု ၇၊ ဒေဝတာဝဂ္ဂ ၁၊ အနာဂါမိဖလသုတ္တ ၃၆၈၊ တ ဋ္ဌ ၁၃၇၊တဋ္ဌီ-၁၄၂)

---

## တရားခြောက်မျိုးကို မပယ်မူ၍ အရဟတ္တဖိုလ် မရခြင်းကို ပြဆိုခြင်း

ရဟန်းတို့,ဤတရားခြောက်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ မထိုက်။ အဘယ်ခြောက်မျိုးတို့နည်း ဟူမူ....

(၁) စိတ်၏ ထိုင်းမှိုင်းမှု။
(၂) စေတသိက်တို့၏ လေးလံမှု။
(၃) ပျံ့လွင့်မှု။
(၄) နောင်တ ပူပန်မှု။
(၅) ယုံကြည်ခြင်းသဒ္ဓါ မရှိမှု။
(၆) မေ့လျော့မှု တို့တည်း။

ရဟန်းတို့, ဤတရား ခြောက်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ မထိုက်။(သမာဓိ ကောင်းကောင်း မဖြစ်၍ ဝိပဿနာ မတည်ငြိမ်သော ပုဂ္ဂိုလ်များဟု ခေါ်ဆိုပါ၏)။

## အရဟတ္တဖိုလ်ကို ရခြင်း

ရဟန်းတို့,တရားခြောက်မျိုးတို့ကို ပယ်သဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏။ အဘယ် ခြောက်မျိုးတို့နည်းဟူမူ....

(၁) စိတ်၏ထိုင်းမှိုင်းမှု။
(၂) စေတသိက်တို့၏ လေးလံမှု။
(၃) ပျံ့လွင့်မှု။
(၄) နောင်တ ပူပန်မှု။
(၅) ယုံကြည်ခြင်းသဒ္ဓါ မရှိမှု။
(၆) မေ့လျော့မှု တို့တည်း။

ရဟန်းတို့, ဤ တရားခြောက်မျိုးကိုကို ပယ်သဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏ဟု မိန့်တော်မူ၏။ (သမာဓိအားကောင်း၍ ဝိပဿနာဉာဏ် အမြင်သန်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန် အမြန်ရ၏ဟု ဆိုသည်)။

(ဆဋ္ဌမူ အံဒု ၇၊ဒေဝတာဝဂ္ဂ ၂၊အရဟတ္တသုတ္တ
နံပါတ် ၃၆၀-တဋ္ဌ ၁၃၉)

---

## တရားခြောက်မျိုး မဆုတ်ယုတ်ခြင်းကို ပြဆိုခြင်း

ဤတရား ခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

(၁) မြတ်စွာဘုရား၌ ရိုသေမှု။
(၂) တရားတော်၌ ရိုသေမှု။
(၃) သံဃာတော်၌ ရိုသေမှု။
(၄) အကျင့်သိက္ခာ၌ ရိုသေမှု။
(၅) ဆိုဆုံးမလွယ်သော စကားရှိမှု။
(၆) အဆွေခင်ပွန်းကောင်း ရှိမှု တို့တည်း။

ဤတရားခြောက်မျိုးတို့သည် ရဟန်းအား မဆုတ်ယုတ်ရန် ဖြစ်ပါကုန်၏။(ဤတရားခြောက်မျိုးနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ် အပေါင်းသည် မဂ်ဖိုလ် နိဗ္ဗာန် ရထိုက်၏။ဤတရား ခြောက်မျိုးနှင့်မပြည့်စုံသောယောဂီပုဂ္ဂိုလ်များသည် မဂ်ဖိုလ်နိဗ္ဗာန် မရထိုက် ဟူ၍ အမြဲမှတ်သားထားရန် အချက်ပေတည်း)။

(ဆဋ္ဌမူ၊အံ ဒု ၇၊ဒေဝတာဝဂ္ဂ·ဒေဝတာသုတ္တ ၃၇၀၊တဋ္ဌ ၁၃၇)

---

## တရားခြောက်မျိုးနှင့် ပြည့်စုံ၍ သမာဓိ အားမရှိပုံကို ပြဆိုခြင်း

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သမာဓိ၌ အားရှိသည်၏ အဖြစ်သို့ရောက်ရန် မထိုက်။ အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) သမာဓိဝင်စားမှု၌ မလိမ္မာ။

(၂) သမာဓိ၏ တည်မှု၌ မလိမ္မာ။

(၃) သမာဓိမှ ထမှု၌ မလိမ္မာ။

(၄) ကောင်းစွာ ပြုအပ်သည်ကိုလည်း ပြုလေ့မရှိ။

(၅) အမြဲ ပြုခြင်းလည်း မရှိ။

(၆) လျောက်ပတ်သည်ကိုလည်း ပြုလေ့မရှိ။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သမာဓိ၌ အားရှိသည်၏အဖြစ်သို့ ရောက်ရန် မထိုက်။

## သမာဓိ အားရှိပုံ

ရဟန်းတို့,ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သမာဓိ၌ အားရှိသည်၏အဖြစ်သို့ရောက်ရန် ထိုက်၏။ အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) သမာဓိကို ဝင်စားမှု၌ လိမ္မာ၏။

(၂) သမာဓိ၏ တည်မှု၌ လိမ္မာ၏။

(၃) သမာဓိမှ ထမှု၌ လိမ္မာ၏။

(၄) ကောင်းစွာ ပြုအပ်သည်ကိုလည်း ပြုလေ့ရှိ၏။

(၅) အမြဲ ပြုခြင်းလည်း ရှိ၏။

(၆) လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိ၏။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် သမာဓိ၌ အားရှိသည်၏ အဖြစ်သို့ ရောက်ရန် ထိုက်၏ဟု မိန့်တော်မူ၏။

(ဘုရားဟောတော်မူသော အတိုင်း ဝင်စားမှု မလိမ္မာသော ယောဂီ, ဝင်စားမှု လိမ္မာသောယောဂီ ဟု နှစ်မျိုးရှိပါသည်။ အထူးသတိပြုရန် အချက်ပေတည်း)။

(ဆဋ္ဌမူ အံ ဒု ၇၊ဒေဝတာဝဂ္ဂ ဂ၊ဗလသုတ္တ ၃၇၃)

---

## တရားခြောက်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ် မရခြင်းကို ပြဆိုခြင်း

ရဟန်းတို့, တရားခြောက်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

(၁) မာန်မူမှု။
(၂) ယုတ်သော မာန်မူမှု။
(၃) အလွန် မာန်မူမှု။
(၄) အထင်ကြီးမှု။
(၅) ခက်ထန်မှု။
(၆) အလွန် နှိမ့်ချမှု တို့တည်း။

ရဟန်းတို့,တရားခြောက်မျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့ကို ပယ်သည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုထိုက်၏ ဟု မိန့်တော်မူ၏။

ဘုရားဟောတော်မူသောအတိုင်း မလိုက်နာသော ယောဂီပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်နှင့် မထိုက်တန်ပါလေ။ လိုက်နာကျင့်ကြံသော ယောဂီပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို အနှေးနှင့်အမြန် ရထိုက်ပါသည်။

(ဆဋ္ဌမူ-အံ-ဒု-ဂ၊ အရဟတ္တဝဂ္ဂ ၂၊အရဟတ္တသုတ္တ ၃၇၅'၌ ၁၃၉)

---

## ဥတ္တရိမနုဿဓမ္မသုတ်ကို ပြဆိုခြင်း

ရဟန်းတို့,တရားခြောက်မျိုးတို့ကို မပယ်မူ၍ ကိလေသာကို ဖျက်ဆီးရန် စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင် အထူးရှိသော လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်သော ဈာန်မဂ်ဖိုလ်တရားကို မျက်မှောက်ပြုရန်မလိုက်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

(၁) သတိ လွတ်ကင်းမှု။
(၂) ဆင်ခြင်ဉာဏ်မရှိမှု။
(၃) ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားမှု။

(၄) စားဖွယ်၌ အတိုင်းအရှည်ကို မသိမှု။
(၅) ပလွှား ဝါကြွားမှု။
(၆) မြှောက်ပင့် ရှုတ်ချ၍ ဟောပြောမှု တို့တည်း။

ရဟန်းတို့, ဤ တရားခြောက်မျိုးတို့ကို မပယ်မူ၍ ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင် အထူးရှိသော လူတို့၏ ကုသိုလ်ကမ္မပထ တရားထက် လွန်သော ဈာန်မဂ်ဖိုလ်တရားကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့ကို ပယ်ခြင်းကြောင့်လည်း ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သောဉာဏ်အမြင် အထူးရှိသော လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်သော ဈာန်မဂ်ဖိုလ်တရားကို မျက်မှောက်ပြုရန် ထိုက်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံဒု ၃၊ဥတ္တရိမနုဿဓမ္မသုတ္တ ၃၇၅၊တဋ္ဌ-၁၃၆)

## အဂ္ဂဓမ္မသုတ်ကို ပြဆိုခြင်း

ရဟန်းတို့,တရားခြောက်မျိုးတို့နှင့် ပြည့်စုံသောရဟန်းသည် မြတ်သော တရားဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

အဘယ် ခြောက်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) ယုံကြည်မှု သဒ္ဓါ မရှိ။
(၂) ရှက်မှု ဟိရီ မရှိ။
(၃) ကြောက်လန့်မှု ဩတ္တပ္ပ မရှိ။
(၄) ပျင်းရိ၏။
(၅) ပညာ မဲ့၏။
(၆) ကိုယ်နှင့် အသက်တို့၌ ငဲ့ကွက်မှု ရှိ၏။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်သောတရားဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်သောတရားဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။

အဘယ် ခြောက်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) ယုံကြည်မှု သဒ္ဓါ ရှိ၏။
(၂) ရှက်မှု ဟိရီ ရှိ၏။

(၃) ကြောက်လန့်မှု ဩတ္တပ္ပ ရှိ၏။
(၄) ထက်သန်သော လုံ့လ ရှိ၏။
(၅) ပညာ ရှိ၏။
(၆) ကိုယ်နှင့် အသက်တို့၌ ငဲ့ကွက်မှု မရှိ။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် မြတ်သောတရားဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏ဟု မိန့်တော်မူ၏။ (ဆဋ္ဌမူ-အံဒု အဂ္ဂဓမ္မသုတ္တ ၃၇၇)

---

## ရတ္တိန္ဒိဝသသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား ရောက်လာသော ညဉ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုကိုသာလျှင် မချွတ် ရလိမ့်မည်ဟု မြော်လင့်အပ်၏၊ တိုးပွားမှုကို မမြော်လင့်အပ်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) အလိုရမက် ကြီးမား၏၊ ပင်ပန်းခြင်းရှိ၏၊ရတတ်သမျှသော သင်္ကန်း, ဆွမ်း, ကျောင်း အိပ်ရာနေရာ,သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် မရောင့်ရဲနိုင်။

(၂) ယုံကြည်မှု သဒ္ဓါ မရှိ။
(၃) သီလ မရှိ။
(၄) ပျင်းရိ၏။
(၅) သတိ လွတ်ကင်း၏။
(၆) ပညာမဲ့၏။

ရဟန်းတို့,ဤတရားခြောက်မျိုးနှင့်ပြည့်စုံသော ရဟန်းအား ရောက်လာသော ညဉ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ ဆုတ်ယုတ်မှုကိုသာလျှင် မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏၊ တိုးပွားမှုကို မမြော်လင့်အပ်။

ရဟန်းတို့,ဤတရားခြောက်မျိုးတို့နှင့်ပြည့်စုံသောရဟန်းအား ရောက်လာသော နေ့ညဉ့်တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွားမှုကိုသာလျှင်မချွတ်ရလိမ့်မည်ဟုမြော်လင့်အပ်၏၊ဆုတ်ယုတ်မှုကို မမြော်လင့်အပ်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့,ဤသာသနာတော်၌ ရဟန်းသည်—

(၁) အလိုရမက် မကြီးမား၊ ပင်ပန်းခြင်း မရှိ၊ ရတတ်သမျှသော သင်္ကန်း,ဆွမ်း,ကျောင်း အိပ်ရာနေရာ, သူနာ၏ အထောက်အပံ့ အသုံးအဆောင်ဖြင့် ရောင့်ရဲလွယ်၏။

(၂) ယုံကြည်မှု သဒ္ဓါတရား ရှိ၏။
(၃) ထက်သန်သော ဝီရိယ ရှိ၏။
(၄) သီလ ရှိ၏။
(၅) သတိ ရှိ၏။
(၆) ပညာ ရှိ၏။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းအား ရောက်လာသော ညဉ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွားမှုကိုသာလျှင် မချွတ် ရလိမ့်မည်ဟု မြှော်လင့်အပ်၏၊ ဆုတ်ယုတ်မှုကို မမြှော်လင့်အပ်ဟု မိန့်တော်မူ၏။ (ဆဋ္ဌမူ၊အံ-ဒု ရတ္တိံဒိဝသသုတ္တ ၃၇၈)

---

## ဦတိဘာဝေသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့်အဖြစ် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မထိုက်တန်။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) စိတ်ကို နှိမ့်ချသင့်သောအခါ၌ စိတ်ကို မနှိမ့်ချ။

(၂) စိတ်ကို ချီးမြှောက်သင့်သောအခါ၌ စိတ်ကို မချီးမြှောက်။
(၃) စိတ်ကို ရွှင်စေတတ်သောအခါ၌ စိတ်ကို မရွှင်စေ။
(၄) စိတ်ကို လျစ်လျူရှုသင့်သောအခါ၌ စိတ်ကို လျစ်လျူမရှု။
(၅) နှလုံးသွင်းလည်း ယုတ်ညံ့၏။
(၆) ခန္ဓာငါးပါး သက္ကာယ၌လည်း မွေ့လျော်၏။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့်အဖြစ် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မထိုက်တန်။(အမြဲမှတ်သားထားရန် အချက်တည်း)။

ရဟန်းတို့,ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့်အဖြစ် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ထိုက်တန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့,ဤသာသနာတော်၌ ရဟန်းသည်—

(၁) စိတ်ကို နှိမ့်ချသင့်သော အခါ၌ စိတ်ကို နှိမ့်ချ၏။

(၂) စိတ်ကို ချီးမြှောက်သင့်သော အခါ၌ စိတ်ကို ချီးမြှောက်၏။
(၃) စိတ်ကို ရွှင်စေတတ်သောအခါ၌ စိတ်ကို ရွှင်စေ၏။
(၄) စိတ်ကို လျစ်လျူရှုသင့်သောအခါ၌ စိတ်ကို လျစ်လျူရှု၏။
(၅) နှလုံးသွင်းလည်း မွန်မြတ်၏။
(၆) နိဗ္ဗာန်၌လည်း မွေ့လျော်၏။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အတုမဲ့ အေးချမ်းသည့်အဖြစ် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ထိုက်တန်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံဒု ၉၊သီတိဝဂ္ဂ ၁၊ သီတိဘာဝသုတ္တ ၃၇၉၊ တင္ဃ ၁၄၀၊တဋ္ဌီ ၁၄၆)

---

## အာဝရဏသုတ်ကို ပြဆိုခြင်း

ရဟန်းတို့,ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော သူသည် သူတော်ကောင်း တရားကို ကြားနာရသော်လည်း ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမမဂ်သို့ သက်ဝင်ရန် မထိုက်တန်။ အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

(၁) ဈာန်မဂ်ဖိုလ်နတ်ရွာကို တားမြစ်တတ်သော ပဉ္စာနန္တရိယကံနှင့် ပြည့်စုံ၏။
(၂) တားမြစ်တတ်သော နိယတမိစ္ဆာဒိဋ္ဌိကိလေသာနှင့် ပြည့်စုံ၏။
(၃) တားမြစ်တတ်သော ဒွိဟိတ်, အဟိတ် ပဋိသန္ဓေ ဝိပါကနှင့် ပြည့်စုံ၏။
(၄) ယုံကြည်မှု သဒ္ဓါလည်း မရှိ။
(၅) ကုသိုလ်ရေး၌ ပြုလိုမှု ဆန္ဒလည်း မရှိ။
(၆) ပညာလည်း ကင်းမဲ့၏။

ရဟန်းတို့,ဤ တရားခြောက်မျိုးတို့နှင့် ပြည့်စုံသော သူသည် သူတော်ကောင်း တရားကို ကြားနာရသော်လည်း ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမမဂ်သို့ သက်ဝင်ရန် မထိုက်တန်။

ရဟန်းတို့,ဤတရားခြောက်မျိုးတို့နှင့်ပြည့်စုံသောသူသည် သူတော်ကောင်းတရားကိုကြားနာရသည်ရှိသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သော သဘောဟု ဆိုအပ်သော နိယာမမဂ်သို့ သက်ဝင်ရန် ထိုက်တန်၏။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

(၁) ဈာန်မဂ်ဖိုလ် နတ်ရွာကို တားမြစ် တတ်သော ပဉ္စာနန္တရိယကံနှင့် ပြည့်စုံသူမဟုတ်။

(၂) တားမြစ် တတ်သော နိယတ မိစ္ဆာဒိဋ္ဌိ ကိလေသာနှင့် ပြည့်စုံသူ မဟုတ်။
(၃) တားမြစ်တတ်သော ဋ္ဌိဟိတ်, အဟိတ် ပဋိသန္ဓေ ဝိပါက်နှင့် ပြည့်စုံသူ မဟုတ်။
(၄) ယုံကြည်မှု သဒ္ဓါ ရှိ၏။
(၅) ကုသိုလ်ရေး၌ ပြုလိုမှု ဆန္ဒရှိ၏။
(၆) ပညာလည်း ရှိ၏။

ရဟန်းတို့, ဤတရားခြောက်မျိုးတို့နှင့် ပြည့်စုံသော သူသည် သူတော်ကောင်းတရားကို ကြားနာရသည် ရှိသော် ကုသိုလ်တရားတို့၌ မဖောက်ပြန်သောသဘော ဟု ဆိုအပ်သော နိယာမမဂ်သို့ သက်ဝင်ရန် ထိုက်တန်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ၊ အံဒု ၂၊ အာဝရဏသုတ္တ ၃၇၉-၅-၁၄၀၊ ဋီ-၁၄၇)

---

### ပဉ္စမ အဘဗ္ဗာဋ္ဌာနသုတ်ကို ပြခြင်း

ရဟန်းတို့, သောတာပန်ပုဂ္ဂိုလ်အား မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

(၁) ဉာဏ်အမြင်နှင့်ပြည့်စုံသော သောတာပန် ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ မရိုသေမတုပ် ဝပ်ပဲနေရန် မထိုက်။

(၂) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တရား၌ မရှိသေ မတုပ်ဝပ်ပဲ နေရန်မထိုက်။
(၃) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သံဃာ၌ မရှိသေမတုပ်ဝပ်ပဲ နေရန်မထိုက်။
(၄) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အကျင့်သိက္ခာ၌ မရှိသေ မတုပ်ဝပ်ပဲ နေရန် မထိုက်။
(၅) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မကပ်ရောက်အပ်သည့် အကြောင်း (ကံငါး ပါး, ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး) သို့ တဖန် ကပ်ရောက်ရန် မထိုက်။
(၆) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှစ်ကြိမ်မြောက် (ကာမသုဂတိ) ဘဝကို ဖြစ်စေရန် မထိုက်။

ရဟန်းတို့, သောတာပန်ပုဂ္ဂိုလ်အား မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်းဟု မိန့်တော်မူ၏။

### ဒုတိယ အဘာဗ္ဗဋ္ဌာနသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, သောတာပန်ပုဂ္ဂိုလ်အား မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်း။

အဘယ်ခြောက်မျိုးတို့နည်း ဟူမူကား....

(၁) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရ တရားကို မြဲသော အားဖြင့် ကပ်၍ ရှုရန် မထိုက်။

(၂) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို သုခအားဖြင့် ကပ်၍ ရှုရန် မထိုက်။

(၃) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တစုံတခုသော သင်္ခါရတရားကို အတ္တအားဖြင့် ကပ်၍ ရှုရန် မထိုက်။

(၄) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အနန္တရိယကံကို ပြုရန် မထိုက်။

(၅) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဒိဋ္ဌသုတ မင်္ဂလာဖြင့် စင်ကြယ်ခြင်းသို့ တဖန် ကပ်ရောက်ရန် မထိုက်။

(၆) ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤသာသနာတော်မှ အပ၌ အလှူခံပုဂ္ဂိုလ်ကို ရှာမှီးရန် မထိုက်။

ရဟန်းတို့, သောတာပန်ပုဂ္ဂိုလ်အား မထိုက်သော တရားတို့သည် ဤခြောက်မျိုးတို့တည်းဟု မိန့်တော်မူ၏။ (ဆဋ္ဌမူ-အံ ဒု ဂ၊ ပဌမ အဘဗ္ဗဋ္ဌာနသုတ္တာ, ဒု, စတုတ္ထအထိ အဆက်ကြည့်ပါ-၃၀၂၊တဋ္ဌ ၁၄၀)

---

## သံဃိတ္တမလသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဗိုလ်တို့သည် ဤ ခုနစ်မျိုးတို့တည်း။ အဘယ်ခုနစ်မျိုးတို့နည်း ဟူမူကား....

(၁) ယုံကြည်မှု သဒ္ဓါဗိုလ်။
(၂) အားထုတ်မှု ဝီရိယဗိုလ်။
(၃) ရှက်မှု ဟိရိဗိုလ်။
(၄) ကြောက်လန့်မှု ဩတ္တပ္ပဗိုလ်။
(၅) အောက်မေ့မှု သတိဗိုလ်။
(၆) တည်ကြည်မှု သမာဓိဗိုလ်။
(၇) သိမှု ပညာဗိုလ် တို့တည်း။

ရဟန်းတို့,ဗိုလ်တို့သည် ဤခုနစ်မျိုးတို့တည်းဟု မိန့်တော်မူ၏။

ထိုဗိုလ်ခုနစ်မျိုးတို့ဖြင့် အားရှိသော ပညာရှိရဟန်းသည် ချမ်းသာစွာ အသက်မွေးရ၏၊ သင့်လျော်သော အကြောင်းအားဖြင့် သစ္စာလေးပါးတရားကို စုံစမ်း

ဆင်ခြင်နိုင်၏၊ ဝိပဿနာ ပညာဖြင့် သစ္စာ လေးပါး တရား တည်းဟူသော အနက်ကို ရှုနိုင်၏၊ ဆိမိးလျှံ၏ ငြိမ်းအေးခြင်းကဲ့သို့ အဆုံးစွန်သောစိတ်၏ ဝဋ္ဋ၊အာရုံ တို့မှ လွတ်မြောက်မှု ဖြစ်လေသတည်း။

## သံခိတ္တနေသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, သူတော်ကောင်းဥစ္စာတို့သည် ၇ ခုနစ် မျိုးတို့တည်း။ အဘယ်ခုနစ်မျိုးတို့နည်း ဟူမူကား....

(၁) ယုံကြည်မှု သဒ္ဓါ ဥစ္စာ။
(၂) စောင့်ထိန်းမှု သီလဥစ္စာ။
(၃) ရှက်မှု ဟိရိဥစ္စာ။
(၄) ကြောက်လန့်မှု ဩတ္တပ္ပ ဥစ္စာ။
(၅) အကြားအမြင်များမှု သုတဥစ္စာ။
(၆) စွန့်ကြဲမှု စာဂဥစ္စာ။
(၇) သိမှု ပညာဥစ္စာ တို့တည်း။

ရဟန်းတို့, သူတော်ကောင်းဥစ္စာတို့သည် ၇ခုနစ် မျိုးတို့တည်းဟု မိန့်တော်မူ၏။

(ဆင့်မူ-အံဒု ၃၊သံခိတ္တဗလသုတ္တ ၅၊ သံခိတ္တဓနသုတ္တ၊ ၃၉၆-၃၉၇)

## နိဒ္ဒသဝတ္ထုသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, နိဒ္ဒသဝတ္ထုသည် ဤ ခုနစ်မျိုးတို့တည်း။ အဘယ်ခုနစ်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) သိက္ခာသုံးပါးကို ဆောက်တည်မှု၌ ထက်သန်သော အလိုဆန္ဒရှိ၏၊ နောင်အခါ သိက္ခာသုံးပါးကို ဆောက်တည်ခြင်း၌လည်း မကင်းသော မြတ်နိုးခြင်း ရှိ၏။

(၂) အနိစ္စ စသော အခြင်းအရာအားဖြင့် တေဘူမက တရားတို့ကို စုံစမ်းရာ၌ ထက်သန်သော အလိုဆန္ဒရှိ၏၊ နောင်အခါ အနိစ္စ စသော အခြင်းအရာဖြင့် တေဘူမက တရားတို့ကို စုံစမ်းရာ၌လည်း မကင်းသော မြတ်နိုးခြင်း ရှိ၏။

(၃) တဏှာကို ဖျက်ဆီးမှု၌ ထက်သန်သော အလိုဆန္ဒ ရှိ၏၊ နောင်အခါ တဏှာကို ဖျက်ဆီးခြင်း၌လည်း မကင်းသော မြတ်နိုးခြင်း ရှိ၏။

(၄) တယောက်တည်း ကိန်းအောင်းမှု၌ ထက်သန်သော အလိုဆန္ဒ ရှိ၏၊ နောင်အခါ တယောက်တည်း ကိန်းအောင်းမှု၌လည်း မကင်းသော မြတ်နိုးခြင်း ရှိ၏။

(၅) ဝီရိယကို အားထုတ်ရာ၌လည်း ထက်သန်သော အလိုဆန္ဒ ရှိ၏၊ နောင်အခါ ဝီရိယကို အားထုတ်ရာ၌လည်း မကင်းသော မြတ်နိုးခြင်း ရှိ၏။

(၆) အောက်မေ့မှု သတိ, ရင့်ကျက်မှု ပညာ၌ ထက်သန်သော အလိုဆန္ဒ ရှိ၏၊ နောင်အခါ အောက်မေ့မှု သတိ, ရင့်ကျက်မှု ပညာ၌ လည်း မကင်းသော မြတ်နိုးခြင်း ရှိ၏။

(၇) သမ္မာဒိဋ္ဌိကို ထိုးထွင်း၍ သိရာ၌လည်း ထက်သသော အလိုဆန္ဒရှိ၏၊ နောင်အခါ သမ္မာဒိဋ္ဌိကို ထိုးထွင်း၍သိရာ၌လည်း မကင်းသော မြတ်နိုးခြင်း ရှိ၏။

ရဟန်းတို့,နိဒ္ဒသဝတ္ထုတို့သည် ဤ ခုနစ်မျိုးတို့တည်းဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံ-ဒု-၁၀၊နိဒ္ဒသဝတ္ထုသုတ္တ ၄၀၇၊တဋ္ဌ ၁၅၀၊တဋ္ဌ-၁၅၈)

## ဒုတိယ သစ္စကသုတ်ကို ပြဆိုခြင်း

ရဟန်းတို့,သင်တို့အား မဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား ခုနစ်ပါးတို့ကို ငါဟောအံ့–ထို တရားကို ကြားနာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့ ။ပ။ ရဟန်းတို့, မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါးတို့ ဟူသည် အဘယ်တို့နည်း ဟူမူကား....

(၁) ရဟန်းတို့, ရဟန်းတို့သည် အမှုသစ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၂) ရဟန်းတို့, ရဟန်းတို့သည် စကားပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၃) အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ဆုတ်ယုတ်ရန်ကား မရှိပေ။

(၄) အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်မှု၌ မွေ့လျော်ပျော်မိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၅) မရှိသောဂုဏ်ကို ဖော်ပြတတ်သော အလိုဆိုးမှ ကင်းကုန်လျက် အလိုဆိုးတို့ ဆွဲဆောင်ရာသို့ မလိုက်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ဆုတ်ယုတ်ရန်ကား မရှိပေ။

(၆) ယုတ်ညံ့သော အဆွေခင်ပွန်း အပေါင်းအဖော် မရှိမူ၍ ယုတ်ညံ့သူတို့၌ မကိုင်းညွတ်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၇) အနည်းငယ်သော တရားထူးကို ရကာမျှဖြင့် (အရဟတ္တဖိုလ်သို့ မရောက်မီ) လမ်းခုလပ်၌ ရပ်စဲ၍မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့, ဤမဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည် ဤမဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား

ခုနစ်ပါးတို့ကိုကျင့်သုံးနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု မိန့်တော်မူ၏။

(ဘုရားဟောတော်မူသော ဆန္ဒကောင်း လုံ့လ ဝီရိယရှိသော ယောဂီပုဂ္ဂိုလ်သည် အနေ့းနှင့် အမြန် မဂ်ဖိုလ်နိဗ္ဗာန် မလွဲနိုင်ပါလေ)။

(ဆဋ္ဌမူ အံ ဒု ၄၊ ဒုတိယသတ္တက သုတ္တ ၄၁၃၊ တဋ္ဌ ၁၆၀၊ တဋီ ၁၆၅)

---

## တတိယ သတ္တကသုတ်ကို ပြဆိုခြင်း

ရဟန်းတို့,သင်တို့အား မဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား ခုနစ်ပါးတို့ကို ငါဟောအံ့— ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။ပ။ရဟန်းတို့, မဆုတ်ယုတ်ကြောင်းတရား ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း ဟူမူကား....

(၁) ရဟန်းတို့, ရဟန်းတို့သည် ယုံကြည်မှု သဒ္ဓါတရား နှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၂) ရဟန်းတို့, ရဟန်းတို့သည် မကောင်းမှုမှရှက်မှု ဟိရီ ရှိကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၃) မကောင်းမှုမှ ကြောက်လန့်မှု ဩတ္တပ္ပ ရှိကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၄) များသော အကြားအမြင် ဗဟုဿုတ ရှိကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၅) ထက်သန်သော လုံ့လရှိသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၆) အောက်မေ့မှု သတိနှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၇) ရဟန်းတို့, ရဟန်းတို့သည် ဝိပဿနာပညာနှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့, ဤ မဆုတ်ယုတ်ကြောင်း အပရိဟာနိယ တရား ခုနစ်ပါးတို့သည် ရဟန်းတို့၌တည်၍ ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား ခုနစ်ပါး တို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့ အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိ ပေဟု မိန့်တော်မူ၏။

(၃-ဝဇ္ဇီတသတ္တကဝဂ်၊ ၅-တတိယသတ္တကသုတ္တ ၄၁၅)

---

## သညာသုတ်ကို ပြဆိုခြင်း

ရဟန်းတို့,သင်တို့အား မဆုတ်ယုတ်ကြောင်း အပရိ ဟာနိယတရား ခုနစ်ပါးတို့ကို ငါဟောအံ့— ထိုတရား ကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန် လော့။ပ။ ရဟန်းတို့, မဆုတ်ယုတ်ကြောင်း အပရိဟာ နိယတရား ခုနစ်ပါးတို့ ဟူသည် အဘယ်တို့နည်း ဟူမူ ကား....

(၁) ရဟန်းတို့, ရဟန်းတို့သည် မမြဲဟု မှတ်သားမှု အနိစ္စသညာကို ပွားများနေကြသမျှ ကာလ ပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၂) ရဟန်းတို့, ရဟန်းတို့သည် အဗ္ဘောကာသပဟုတ်ဟု မှတ်သားမှု အနတ္တသညာကို ပွားများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၃) မတင့်တယ်ဟု မှတ်သားမှု အသုဘသညာကို ပွားများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၄) အပြစ်ကို မှတ်သားမှု အာဒီနဝသညာကို ပွားများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၅) ပယ်ရန် မှတ်သားမှု ပဟာနသညာကို ပွားများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၆) တပ်မက်မှုကင်းရန် မှတ်သားမှု ဝိရာဂသညာကို ပွားများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

(၇) ရဟန်းတို့,ရဟန်းတို့သည် ချုပ်မှုကို မှတ်သားမှုနိရောဓသညာကို ပွားများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။

ရဟန်းတို့, ဤမဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်၍ ရဟန်းတို့သည် ဤမဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား ခုနစ်ပါး တို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ၊အံဒု ၃၊ဝဇ္ဇီသတ္တကဝဂ် ၇၊သညာသုတ္တ ၄၁၄၊ဋ္ဌ-၁၆၆)

---

## ပဌမ ဝဿသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဤ တရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စိတ်ကို မိမိအလို၌ ဖြစ်စေနိုင်၏၊ ရဟန်းသည်ကား စိတ်၏ အလိုဖြင့် မဖြစ်။ အဘယ် ခုနစ်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့,ဤသာသနာတော်၌ ရဟန်းသည်—

(၁) သမာဓိ၌ လိမ္မာ၏။

(၂) သမာဓိကို ဝင်စားမှု၌ လိမ္မာ၏။

(၃) သမာဓိ၏ တည်မှု၌ လိမ္မာ၏။
(၄) သမာဓိမှ ထမှု၌ လိမ္မာ၏။
(၅) သမာဓိ၏ ခိုင်ခံ့ကောင်းမွန်မှု၌ လိမ္မာ၏။
(၆) သမာဓိ၏ ကျက်စားရာ အာရုံ၌ လိမ္မာ၏။
(၇) သမာဓိကို အာရုံသို့ ရှေးရှု ဆောင်မှု၌ လိမ္မာ၏။

ရဟန်းတို့, ဤတရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် စိတ်ကို မိမိအလို၌ ဖြစ်စေနိုင်၏၊ ရဟန်းသည်ကား စိတ်၏အလိုဖြင့် မဖြစ်ဟု မိန့်တော်မူ၏။

## ဒုတိယ ဝသသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဤ တရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော သာရိပုတြာသည် စိတ်ကို မိမိအလို၌ ဖြစ်စေနိုင်၏၊ သာရိပုတြာသည်ကား စိတ်၏အလိုဖြင့် မဖြစ်။ အဘယ် ခုနစ်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့,ဤသာသနာတော်၌ သာရိပုတြာသည်—

(၁) သမာဓိ၌ လိမ္မာ၏။
(၂) သမာဓိကို ဝင်စားမှု၌ လိမ္မာ၏။
(၃) သမာဓိ၏ တည်မှု၌ လိမ္မာ၏။
(၄) သမာဓိမှ ထမှု၌ လိမ္မာ၏။

(၅) သမာဓိ၏ နိုင်ခံ့ကောင်းမွန်မှု၌ လိမ္မာ၏။
(၆) သမာဓိ၏ ကျက်စားရာ အာရုံ၌ လိမ္မာ၏။
(၇) သမာဓိကို အာရုံသို့ ရှေးရှုဆောင်မှု၌ လိမ္မာ၏။

ရဟန်းတို့, ဤ တရား ခုနစ်မျိုး တို့နှင့် ပြည့်စုံသော သာရိပုတြာသည် စိတ်ကို မိမိအလို၌ ဖြစ်စေနိုင်၏၊ သာရိပုတြာသည်ကား စိတ်၏ အလိုဖြင့် မဖြစ်ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံဒု ၉၊ပဥ္စမ-ဒုတိယ ဝသသုတ္တဆက်ရေး၏ ၄၂၃)

---

## ဝိနယဓရသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဤ တရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းဓိုရ်ဖြစ်၏။

အဘယ် ခုနစ်မျိုးတို့နည်း ဟူမူကား....

(၁) အာပတ် ဟုတ်သည်ကို သိ၏၊
(၂) အာပတ် မဟုတ်သည်ကို သိ၏။
(၃) လဟုက အာပတ်ကို သိ၏။
(၄) ဂရုက အာပတ်ကို သိ၏။
(၅) သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လျက် နေ၏၊အကျင့်အာစာရ၏ ကျက်စား

ရာ ဂေါစရနှင့်ပြည့်စုံ၏၊ အနည်းငယ်မျှလောက်သောအပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ သိက္ခာပုဒ်တို့၌ဆောက်တည်၍ကျင့်၏။

(၆) လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရကြောင်း ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ရ၏၊ မပင် မပန်း ရ၏။

(၇) အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို ယခု ဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့, ဤ တရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းမိုရ်ဖြစ်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံဒု ဂ၊ ဝိနယဝဂ္ဂ-ဝိနယဓရသုတ္တ ပ-ဒု-တ-စ
ဆက်ကြည့်ပါ ၅၀၄၊ ၄ ၁၉၈)

ရဟန်းတို့, ဤ တရား ရှစ်မျိုးတို့သည် ကျင့်ဆဲသော 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူကား....

(၁) အမှုသစ်၌ မွေ့လျော်မှု။
(၂) စကားပြောခြင်း၌ မွေ့လျော်မှု။
(၃) အိပ်ခြင်း၌ မွေ့လျော်မှု။
(၄) အပေါင်းအဖော်၌ မွေ့လျော်မှု။
(၅) ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါး မရှိမှု။
(၆) စားဖွယ်၌ အတိုင်း အရှည်ကို မသိမှု။
(၇) ရောနှောခြင်း၌ မွေ့လျော်မှု။
(၈) သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စ တရား၌ မွေ့လျော်မှု တို့တည်း။

ရဟန်းတို့, ဤ တရားရှစ်မျိုးတို့သည် ကျင့်ဆဲသော 'သေက္ခ' ရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။

(ဤ ယောဂီပုဂ္ဂိုလ်မျိုးသည် သမာဓိမရှိ၊ ဝိပဿနာ မရောက်သေးသူဟု ခေါ်ဆိုရာ၏)။

ရဟန်းတို့, ဤတရားရှစ်မျိုးတို့သည် ကျင့်ဆဲ 'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ် ရှစ်မျိုးတို့နည်း ဟူမူကား....

ရာ ဝေါစရနှင့်ပြည့်စုံ၏၊ အနည်းငယ်မျှလောက်သောအပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ သိက္ခာပုဒ်တို့၌ဆောက်တည်၍ကျင့်၏။

(၆) လွန်မြတ်သော စိတ်၌ ဖြစ်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရကြောင်း ဖြစ်ကုန်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရ၏၊ မငြိုမငြင်ရ၏၊ မပင် မပန်း ရ၏။

(၇) အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို ယခု ဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့, ဤ တရား ခုနစ်မျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဝိနည်းမှုရှိဖြစ်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံဒု ဂ၊ ဝိနယဝဂ္ဂ၊ ဝိနယဓရသုတ္တ ပ-ဒု-တ-စ ဆက်ကြည့်ပါ ၅၀၄၊ ၌ ၁၉၈)

## ပရိဟာနဲ-အပရိဟာနဲ သုတ်ကို ပြခြင်း

ရဟန်းတို့, ဤ တရား ရှစ်မျိုးတို့သည် ကျင့်ဆဲသော 'သေက္ခ'ရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။

အဘယ်ရှစ်မျိုးတို့နည်း ဟူမူကား....

(၁) အမှုသစ်၌ မွေ့လျော်မှု။
(၂) စကားပြောခြင်း၌ မွေ့လျော်မှု။
(၃) အိပ်ခြင်း၌ မွေ့လျော်မှု။
(၄) အပေါင်းအဖော်၌ မွေ့လျော်မှု။
(၅) ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါး မရှိမှု။
(၆) စားဖွယ်၌ အတိုင်း အရှည်ကို မသိမှု။
(၇) ရောနှောခြင်း၌ မွေ့လျော်မှု။
(၈) သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စ တရား၌ မွေ့လျော်မှု တို့တည်း။

ရဟန်းတို့, ဤ တရားရှစ်မျိုးတို့သည် ကျင့်ဆဲသော 'သေက္ခ'ရဟန်းအား ဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။

(ဤ ယောဂီပုဂ္ဂိုလ်မျိုးသည် သမာဓိမရှိ၊ ဝိပဿနာ မရောက်သောသူဟု ခေါ်ဆိုရာ၏)။

ရဟန်းတို့, ဤတရားရှစ်မျိုးတို့သည် ကျင့်ဆဲ'သေက္ခ' ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ် ရှစ်မျိုးတို့နည်း ဟူမူကား....

(၁) အမှုသစ်၌ မမွေ့လျော်မှု။
(၂) စကားပြောခြင်း၌ မမွေ့လျော်မှု။
(၃) အိပ်ခြင်း၌ မမွေ့လျော်မှု။
(၄) အပေါင်းအဖော်၌ မမွေ့လျော်မှု။
(၅) ဣန္ဒြေတို့၌ စောင့်စည်းအပ်သော တံခါးရှိမှု။
(၆) စားဖွယ်၌ အတိုင်းအရှည်ကို သိမှု။
(၇) နှိုးနှောခြင်း၌ မမွေ့လျော်မှု။
(၈) သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စတရား၌ မမွေ့လျော်မှု တို့တည်း။

ရဟန်းတို့, ဤတရား ရှစ်မျိုးတို့နှင့် ပြည့်စုံသော ကျင့်ဆဲ'သေက္ခ'ရဟန်းအား မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏ဟု မိန့်တော်မူ၏။

(ဤယောဂီပုဂ္ဂိုလ်ဖြစ်သောသူသည် သမာဓိ ဖြစ်၍ ဝိပဿနာဖြစ်နိုင်သော ပုဂ္ဂိုလ်ဟု ခေါ်နိုင်၏။)

(ဆဋ္ဌမူ၊အံ-တ ၃၊ယမကဝဂ္ဂ·ပရိဟာနသုတ္တ ၁၄၇)

---

### ကုသီတာရမ္ဘဝတ္ထုသုတ်ကို ပြဆိုခြင်း
### (ပျင်းရိခြင်း၏အကြောင်း)

ရဟန်းတို့, ပျင်းရိခြင်း၏ အကြောင်းတို့သည် ဤ ရှစ်မျိုးတို့တည်း။ အဘယ်ရှစ်မျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) အမှုကိစ္စကို ပြုလုပ်ရမည်ဖြစ်၏၊ ထိုရဟန်းအား "ငါသည် အမှုကိစ္စကို ပြုလုပ်ရတော့မည်၊ အမှုကိစ္စကို ပြုလုပ်သော ငါ၏ကိုယ်သည် ပင်ပန်းလိမ့်မည်၊ ယခု ငါသည် အိပ်ဦးမည်"ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည် အိပ်၏။ မရောက်ရသေးသော တရားသို့ ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊ မျက်မှောက်မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့, ဤသည်ကား ပဌမ ပျင်းရိခြင်း၏ အကြောင်းတည်း။

(၂) ရဟန်းတို့,နောက်တမျိုးကား....ရဟန်းသည် အမှုကိစ္စကို ပြုပြီးဖြစ်၏၊ထိုရဟန်းအား "ငါသည် အမှုကိစ္စကို ပြုလုပ်ပြီးပြီ၊ အမှုကိစ္စကို ပြုလုပ်ပြီးသော ငါ၏ကိုယ်သည် ပင်ပန်း၏၊ ယခု ငါသည် အိပ်ဦးမည်"ဟု စိတ်ဖြစ်၏၊ထိုရဟန်းသည် အိပ်၏။မရောက်ရသေးသော တရားသို့ ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့, ဤသည်ကား ဒုတိယ ပျင်းရိခြင်း၏ အကြောင်းတည်း။

(၃) ရဟန်းတို့,နောက်တမျိုးကား....ရဟန်းသည် ခရီးသွားရတော့မည် ဖြစ်၏၊ ထိုရဟန်းအား “ငါသည် ခရီးသွားရတော့မည်၊ ခရီးသွားနေသော ငါ၏ ကိုယ်သည် ပင်ပန်းလိမ့်မည်၊ယခု ငါသည် အိပ်ဦးမည်” ဟု စိတ်ဖြစ်၏၊ထိုရဟန်းသည် အိပ်၏။ မရောက်သေးသည့် တရားသို့ ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့, ဤသည်ကား တတိယ ပျင်းရိခြင်း၏ အကြောင်းတည်း။

(၄) ရဟန်းတို့, နောက်တမျိုးကား....ရဟန်းသည် ခရီးသွားပြီး ဖြစ်၏၊ ထိုရဟန်းအား“ငါသည် ခရီးသွားပြီးပြီ၊ ခရီးသွားပြီးသော ငါ၏ကိုယ်သည် ပင်ပန်း၏၊ ယခု ငါသည် အိပ်ဦးမည်”ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည် အိပ်၏။မရောက်ရသေးသောတရားသို့ ရောက်ရန်၊ မရသေးသော တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့, ဤသည်ကား စတုတ္ထ ပျင်းရိခြင်း၏ အကြောင်းတည်း။

(၅) ရဟန်းတို့,နောက်တမျိုးကား....ရဟန်းသည် ရွာသို့ဖြစ်စေ, နိဂုံးသို့ဖြစ်စေ ဆွမ်းခံ သွားသည် ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်း ဖြစ်သော

ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရ၊ ထို ရဟန်းအား "ငါသည် ရွာသို့ရင်း, နိဂုံးသို့ရင်း ဆွမ်းခံသွားသည် ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရခဲ့၊ ဆွမ်းခံသွားသော ထိုငါ၏ ကိုယ် သည် ပင်ပန်း၏၊ အမှုကိစ္စ ပြုလုပ်ရန် မလျောက်ပတ် သေး၊ ယခုအခါ ငါသည် အိပ်ဦးမည်"ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည် အိပ်၏။ မရောက်ရသေးသော တရားသို့ ရောက်ရန်၊ မရသောတရားကို ရရန်၊ မျက်မှောက်မပြုရ သေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အား မထုတ်။ ရဟန်းတို့, ဤသည်ကား ပဉ္စမ ပျင်းရိခြင်း၏ အကြောင်းတည်း။

(၆) ရဟန်းတို့, နောက်တမျိုးကား ...ရဟန်းသည် ရွာသို့ရင်း, နိဂုံးသို့ရင်း ဆွမ်းခံ သွားသည် ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ ထိုရဟန်းအား "ငါသည် ရွာသို့ရင်း, နိဂုံးသို့ရင်း ဆွမ်းခံ သွားသည် ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းကို အလိုရှိတိုင်း ပြည့်စုံ အောင် ရခဲ့၏၊ ထိုငါ၏ ကိုယ်သည် လေး၏၊ အမှုကိစ္စကို ပြုလုပ်ရန် မလျောက်ပတ်သေး၊ စိုစွတ်သော ပဲကဲ့သို့

လေး၏၊ယခု ငါသည် အိပ်ဦးမည်”ဟု စိတ်ဖြစ်၏၊ ထို ရဟန်းသည် အိပ်၏။ မရောက်ရသေးသော တရားသို့ ရောက်ရန်၊ မရသေးသော တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့, ဤသည်ကား ဆဋ္ဌ ပျင်းရိခြင်း ၏ အကြောင်းတည်း။

(၇) ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းအား အနည်းငယ်မျှသော အနာရောဂါသည် ဖြစ်၏၊ ထို ရဟန်းအား “ငါသည်အနည်းငယ်မျှသော အနာရော ဂါသည်ဖြစ်၏၊အိပ်ခြင်းငှါ လျောက်ပတ်၏၊ယခုငါသည် အိပ်ဦးမည်”ဟု စိတ်ဖြစ်၏၊ ထိုရဟန်းသည် အိပ်၏။ မရောက်ရသေးသော တရားသို့ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့, ဤသည်ကား သတ္တမ ပျင်းရိခြင်း၏ အကြောင်းတည်း။

(၈) ရဟန်းတို့, နောက်တမျိုးကား....ရဟန်းသည် အနာရောဂါမှ ထမြောက်၏၊အနာရောဂါမှထမြောက်၍ မကြာသေး၊ ထိုရဟန်းအား “ငါသည် အနာရောဂါမှ ထမြောက်၏၊အနာရောဂါမှ ထမြောက်၍ မကြာသေး၊ ထိုငါ၏ကိုယ်သည် အားမရှိ၊အမှုကိစ္စပြုလုပ်ရန် မလျော်ပတ်သေး၊ယခု ငါအိပ်ဦးမည်”ဟု စိတ်ဖြစ်၏၊ထိုရဟန်း

သည့်အခိုက်၌။ မရောက်ရသေးသည့် တရားသို့ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားမထုတ်။ ရဟန်းတို့, ဤသည်ကား အဋ္ဌမ ပျင်းရိခြင်း၏ အကြောင်းတည်း။ ရဟန်းတို့,ပျင်းရိခြင်း၏အကြောင်းတို့သည် ဤရှစ်မျိုးတို့တည်း။

## အားထုတ်ခြင်း၏ အကြောင်း

ရဟန်းတို့, အားထုတ်ခြင်း၏ အကြောင်းတို့သည် ဤရှစ်မျိုးတို့တည်း။ အဘယ် ရှစ်မျိုးတို့နည်းဟူမူကား....

ရဟန်းတို့,ဤသာသနာတော်၌ ရဟန်းသည်—

(၁) အမှုကိစ္စကို ပြုလုပ်ရမည် ဖြစ်၏၊ ထိုရဟန်းအား "ငါသည် အမှုကိစ္စကို ပြုလုပ်ရတော့မည်၊ အမှုကိစ္စကို ပြုလုပ်သော ငါသည် မြတ်စွာဘုရား တို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခု ငါသည် မရောက်ရသေးသောတရားသို့ ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် စောစောကပင် ဝီရိယကို အားထုတ်ဦးမည်"ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် မရောက်ရသေးသော တရားသို့ ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်

မှောက်ပြုရန် ဝီရိယကို အားထုတ်၏။ရဟန်းတို့,ဤသည်ကား ပဌမ အားထုတ်ခြင်း၏ အကြောင်းတည်း။

(၂) ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းသည် အမှုကိစ္စကို ပြုလုပ်ပြီးပြီ ဖြစ်၏၊ထိုရဟန်းအား"ငါသည် အမှုကိစ္စကို ပြုလုပ်ပြီးပြီ၊အမှုကိစ္စပြုလုပ်ပြီးသောငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခု ငါသည် ဝီရိယကို အားထုတ်ဦးမည်"ဟု စိတ်ဖြစ်၏။ထိုရဟန်းသည် မရောက်ရသေးသော တရားသို့ ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကိုအားထုတ်၏။ရဟန်းတို့, ဤသည်ကား ဒုတိယ အားထုတ်ခြင်း၏ အကြောင်းတည်း။

(၃) ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းသည် ခရီးသွားရမည် ဖြစ်၏၊ ထိုရဟန်းအား"ငါသည် ခရီးသွားရတော့မည်၊ ခရီးသွားသော ငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မလွယ်၊ ယခု ငါသည် ဝီရိယကို အားထုတ်ဦးမည်"ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် မရောက်ရသေးသောတရားသို့ ရောက်ရန်၊ မရသေးသော တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့်တရားသို့ မျက်မှောက်ပြုရန် စောစောကပင်

ဝိရိယကို အားထုတ်၏။ ရဟန်းတို့, ဤသည်ကား တတိယ အားထုတ်ခြင်း၏ အကြောင်းတည်း။

(၄) ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းသည် ခရီးသွားပြီး ဖြစ်၏၊ထိုရဟန်းအား"ငါသည် ခရီးသွား ပြီးပြီ၊ ခရီးသွားပြီးသောငါသည် မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ယခု ငါသည် ဝိရိယကို အားထုတ်တော့မည်" ဟု စိတ်ဖြစ်၏။ ထို ရဟန်းသည် မရောက်ရသေးသောတရားသို့ရောက်ရန်၊ မရသေးသော တရားကို ရရန်၊ မျက်မှောက် မပြုရသေး သည့် တရားကို မျက်မှောက်ပြုရန် စောစောကပင် ဝိရိယကို အားထုတ်၏။ရဟန်းတို့,ဤသည်ကား စတုတ္ထ အားထုတ်ခြင်း၏ အကြောင်းတည်း။

(၅) ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းသည် ရွာသို့ဝင်း,နိဂုံးသို့ဝင် ဆွမ်းခံ သွားသည်ရှိသော် ကြမ်း သည်လည်းဖြစ်သော နူသည်လည်းဖြစ်သော ဆွမ်း ဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရ၊ ထိုရဟန်း အား "ငါသည် ရွာသို့ဝင်း,နိဂုံးသို့ဝင်း ဆွမ်းခံ သွား သည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နူသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် မရ၊ထိုငါ၏ကိုယ်သည် ပေါ့၏၊အမှုကိစ္စတို့ကို ပြုလုပ်ရန်

လျှော့ပတ်၏၊ ယခု ငါသည် ဝိရိယကို အားထုတ်တော့မည်”ဟု စိတ်ဖြစ်၏။ ယခု ငါသည် မရောက်ရသေးသော တရားသို့ ရောက်ရန်၊ မရသေးသည့် တရားကို ရရန်၊မျက်မှောက် မပြုရသေးသော တရားသို့ မျက်မှောက်ပြုရန် စောစောကပင် ဝိရိယကို အားထုတ်တော့မည်ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် မရောက်ရသေးသောတရားသို့ရောက်ရန်၊မရသေးသည့် တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝိရိယကို အားထုတ်၏။ ရဟန်းတို့, ဤသည်ကား ပဉ္စမ အားထုတ်ခြင်း၏အကြောင်းတည်း။

(၆) ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းသည် ရွာသို့ဝင်း, နိဂုံးသို့ဝင်း ဆွမ်းခံ သွားသည်ရှိသော် ကြမ်းသည်လည်း ဖြစ်သော နုသည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင်ရ၏၊ ထိုရဟန်းအား “ငါသည် ရွာသို့ဝင်း, နိဂုံးသို့ဝင်း ဆွမ်းခံသွားသည်ရှိသော် ကြမ်းသည်လည်းဖြစ်သော နုသည်လည်းဖြစ်သော ဆွမ်းဘောဇဉ်ကို အလိုရှိတိုင်း ပြည့်စုံအောင် ရခဲ့၏၊ထိုငါ၏ ကိုယ်သည် အားရှိ၏၊အမှုကိစ္စကို ပြုလုပ်ရန် လျှော့ပတ်၏၊ယခု ငါသည် ဝိရိယကို အားထုတ်တော့မည်” ဟု စိတ်ဖြစ်၏။ ထို ရဟန်းသည် မရောက်သေးသော တရားသို့ ရောက်ရန်၊မရသေးသည့်

တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် စောစောကပင် ဝီရိယကို အားထုတ်တော့မည်ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် မရောက်ရသေးသော တရားသို့ ရောက်ရန်၊ မရသေးသော တရားကို ရရန်၊မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အားထုတ်၏။ရဟန်းတို့,ဤသည်ကား ဆဋ္ဌ အားထုတ်ခြင်း၏ အကြောင်းတည်း။

(၇) ရဟန်းတို့,နောက်တမျိုးကား....ရဟန်းအား အနည်းငယ်မျှသော အနာရောဂါသည် ဖြစ်၏၊ ထိုရဟန်းအား“ငါ့အား အနည်းငယ်မျှသော အနာသည် ဖြစ်၏၊ ငါ၏အနာရောဂါသည် တိုးပွားရာသော အကြောင်းရှိ၏၊ ယခု ငါသည် စောစောကပင် ဝီရိယကို အားထုတ်တော့မည်”ဟု စိတ်ဖြစ်၏။ပ။ ရဟန်းတို့, ဤသည်ကား သတ္တမ အားထုတ်ခြင်း၏ အကြောင်းတည်း။

(၈) ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းသည် အနာရောဂါမှ ထမြောက်၏၊အနာရောဂါမှ ထမြောက်၍ မကြာသေး၊ ထိုရဟန်းအား“ငါသည် အနာရောဂါမှ ထမြောက်၏၊အနာရောဂါမှ ထမြောက်၍ မကြာသေး၊ ငါ့အား အနာရောဂါသည်ဖြစ်ပြန်ရာသော အကြောင်းရှိ၏၊ ယခု ငါသည် မရောက်ရသေးသော တရားသို့

ရောက်ရန်၊မရသေးသည့် တရားကို ရရန်၊ မျက်မှောက် မပြုရသေးသည့် တရားကို မျက်မှောက်ပြုရန် စောစော ကပင် ဝီရိယကို အားထုတ်တော့မည်" ဟု စိတ်ဖြစ်၏။ ထိုရဟန်းသည် မရောက်ရသေးသော တရားသို့ ရောက် ရန်၊ မရသေးသည့် တရားကို ရရန်၊ မျက်မှောက်မပြုရ သေးသည့် တရားကို မျက်မှောက်ပြုရန် ဝီရိယကို အား ထုတ်၏။ ရဟန်းတို့, ဤသည်ကား အဋ္ဌမ အားထုတ် ခြင်း၏ အကြောင်းတည်း။ ရဟန်းတို့,အားထုတ်ခြင်း၏ အကြောင်းတို့သည် ဤ ရှစ်မျိုးတို့တည်းဟု မိန့်တော် မူ၏။

(ဆဋ္ဌမူ၊အံ၊တ ၃၊ယမကဝဂ္ဂ၊ကုသီတာရမ္ဘဝတ္ထုသုတ္တ ၁၄၇၊ ဋ္ဌ၂၅၂)

---

**တရားကိုးမျိုးကို မပယ်မူ၍ အရဟတ္တဖိုလ်ကိုမရခြင်းကို ပြဆိုခြင်း**

ရဟန်းတို့,တရားကိုးမျိုးကိုမပယ်မူ၍ အရဟတ္တဖိုလ် ကို မျက်မှောက်ပြုရန် မထိုက်။

အဘယ် ကိုးမျိုးတို့နည်း ဟူမူကား....

(၁) တပ်မက်မှု ရာဂ။

(၂) ပြစ်မှားမှု ဒေါသ။

(၃) တွေဝေမှု မောဟ။

(၄) အမျက်ထွက်မှု ကောဓ။

(၅) ရန်ငြိုးဖွဲ့မှု ဥပနာဟ။
(၆) သူ့ကျေးဇူးကို ချေဖျက်မှု မက္ခ။
(၇) ဂုဏ်ပြိုင်မှု ပဠာသ။
(၈) ငြူစူမှု ဣဿာ။
(၉) ဝန်တိုမှု မစ္ဆရိယ တို့တည်း။

ရဟန်းတို့, ဤတရားကိုးမျိုးတို့ကို မပယ်မူ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် မထိုက်။

ရဟန်းတို့,ဤတရား ကိုးမျိုးတို့ကိုပယ်လျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏။

အဘယ်ကိုးမျိုးတို့နည်း ဟူမူကား....

(၁) တပ်စွန်းမှု ရာဂ။
(၂) ပြစ်မှားမှု ဒေါသ။
(၃) တွေဝေမှု မောဟ။
(၄) အမျက်ထွက်မှု ကောဓ။
(၅) ရန်ငြိုးဖွဲ့မှု ဥပနာဟ။
(၆) သူ့ကျေးဇူးကို ချေဖျက်မှု မက္ခ။
(၇) ဂုဏ်ပြိုင်မှု ပဠာသ။
(၈) ငြူစူမှု ဣဿာ။
(၉) ဝန်တိုမှု မစ္ဆရိယ တို့တည်း။

ရဟန်းတို့ ဤတရားကိုးမျိုးတို့ကိုပယ်လျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ထိုက်၏ဟု မိန့်တော်မူ၏။
(ဆဋ္ဌမူ-အံ တ ခေမဝဂ္ဂ အဆုံး ၁၁၊ အဘဗ္ဗသုတ္တ ၂၄၉)

---

## သိက္ခာသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဤအကျင့်သိက္ခာ၏ အားနည်းကြောင်းငါးမျိုးတို့ကို ပယ်ရန် ကောင်းစွာ အားထုတ်မှု သမ္မပ္ပဓာန် လေးပါးကို ပွားများအပ်ကုန်၏။ အဘယ်လေးမျိုးတို့နည်း ဟူမူကား....

ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းသည်—

(၁) မဖြစ်သေးသော ယုတ်ညံ့ကုန်သော အကုသိုလ် တရားတို့ကို မဖြစ်စိမ့်သောငှါ အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏။

(၂) ဖြစ်ပြီးသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ပယ်ဖျောက်ရန် အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏။

(၃) မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စိမ့်သောငှါ အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏။

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်စိမ့်သောငှါ, မပျောက်စိမ့်သောငှါ, လွန်စွာဖြစ်စေခြင်းငှါ, ပြန့်ပြောစေခြင်းငှါ, ပွားစေခြင်းငှါ, ပြည့်စုံစေခြင်းငှါ အလိုကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို ဖြစ်စေ၏၊ စိတ်ကို ချီးမြှောက်၏၊ အားထုတ်၏။

ရဟန်းတို့, ဤအကျင့်သိက္ခာ၏ အားနည်းကြောင်း ငါးမျိုးတို့ကို ပယ်ရန် ဤသမ္မပ္ပဓာန် လေးပါး တို့ကို ပွားများအပ်ကုန်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ အံ တ ၃၊ သမ္မပ္ပဓာနဝဂ္ဂ ၁၊ သိက္ခာသုတ္တ ၂၅၄)

---

## သေနာသနသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဤအင်္ဂါငါးမျိုးနှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါငါးမျိုးနှင့် ပြည့်စုံသော ကျောင်းကို မှီဝဲ ဆည်းကပ်နေရသော် မကြာမီပင် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော လွတ်မြောက်သော အရဟတ္တဖိုလ် စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူး

သောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေရာ၏။ ရဟန်းတို့, အဘယ်သို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးနှင့် ပြည့်စုံသနည်း ဟူမူကား....

(၁) ဤသာသနာတော်၌ ရဟန်းသည် သဒ္ဓါတရားရှိ၏၊ မြတ်စွာဘုရားသည် ပူဇော်ရာ အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော် မူ၏ ။ပ။ ဘုန်းတော် ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ ဟု မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်၏။

(၂) အနာကင်းသူ၊ ဆင်းရဲကင်းသူ၊ အစာကို အညီအမျှ ကြေကျက်စေတတ်သည့် မအေးလွန်း မပူလွန်းသော ကမ္မဇတေဇာဓာတ်နှင့် ပြည့်စုံသူ ဖြစ်၏။

(၃) မစဉ်းလဲသူ၊ မလှည့်ပတ်သူ၊ ဆရာ၌သော်၎င်း, သိ-ကြား လိမ္မာသော သီတင်း သုံးဖော်တို့၌သော်၎င်း ဟုတ်တိုင်းမှန်စွာ မိမိကိုယ်ကို ထင်စွာပြုတတ်သူ ဖြစ်၏။

(၄) အကုသိုလ် တရားတို့ကို ပယ်ရန်, ကုသိုလ် တရားတို့ကို ဖြစ်စေရန် ထက်သန်သော လုံ့လ ရှိသည် ဖြစ်၍နေ၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ မြဲမြံသော လုံ့လ ရှိ၏၊ ကုသိုလ်တရားတို့၌တာဝန်ကိုပစ်ချထားသူမဟုတ်။

(၅) ပညာရှိ၏၊ အဖြစ်,အပျက်ကို သိသော ကိလေသာကိုဖောက်ထွင်းနိုင်သော ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်နိုင်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။ ရဟန်းတို့, ဤသို့လျှင် ရဟန်းသည် အင်္ဂါငါးမျိုးနှင့် ပြည့်စုံ၏။

ရဟန်းတို့, အဘယ်သို့လျှင် ကျောင်းသည် အင်္ဂါငါးမျိုးနှင့် ပြည့်စုံသနည်း ဟူမူကား....

(၁) ရဟန်းတို့, ဤသာသနာတော်၌ ကျောင်းသည် ရွာနှင့် မဝေးလွန်း မနီးလွန်း ဖြစ်၏၊ အသွားအလာ လွယ်ကူ၏၊ နေ့အခါ လူမပြွမ်း၊ ညချမ်းအခါ အသံတိတ်ဆိတ်၏၊ ဆူဆူညံညံ မရှိ၊မှက် ခြင် လေ နေပူ မြွေကင်းသန်းတို့၏ အတွေ့အထိ နည်းပါး၏။

(၂) ထိုကျောင်း၌ နေသူ ရဟန်းအား သင်္ကန်း, ဆွမ်း, ကျောင်း အိပ်ရာနေရာ, သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင် တို့သည် မငြိုငြင် သဖြင့် ဖြစ်ပေါ်ကုန်၏။

(၃) ထိုကျောင်း၌ အကြားအမြင်များကုန်သော ပါဠိတော်ကို နှုတ်ငုံ ဆောင်ကုန်သော တရားတော် ဝိနည်းတော်ကို ဆောင်ကုန်သော ပါတိမောက်ကို ဆောင်ကုန်သော မထေရ်ကြီးတို့သည် နေကုန်၏။

(၄) ထိုမထေရ်ကြီးတို့သို့ ရံခါရံခါ ချဉ်းကပ်၍ "အရှင်ဘုရား, ဤတရားကား အဘယ်သို့ပါနည်း၊ ဤတရား၏ အနက် အဓိပ္ပါယ်ကား အဘယ်သို့ပါနည်း" ဟု မေး၏၊ပြဿနာလျှောက်ရ၏။

(၅) ထိုရဟန်းအား ထိုအရှင်မြတ်တို့သည် မဖွင့်သည်ကိုလည်း ဖွင့်ပြကုန်၏၊ မပေါ်လွင်သည်ကိုလည်း ပေါ်လွင်အောင် ပြကုန်၏၊ တပါးမက များစွာကုန်သော ယုံမှားကြောင်း တရားတို့၌ ယုံမှားခြင်းကို ပယ်ဖျောက်ကုန်၏။ ရဟန်းတို့, ဤသို့လျှင် ကျောင်းသည် အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံ၏။

ရဟန်းတို့, အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော ကျောင်းကို မှီ၍ ဆည်းကပ်ရသော် မကြာမီပင် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါမရှိသော အရဟတ္တဖိုလ် စိတ်နှင့် အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုကာ ရောက်နေရ၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-အံ၊တ ၂၊နာထဝဂ္ဂ ၁၊ သေနာသနသုတ္တ ၂၆၀၊ ၄ ၂၇၉၊ ဍ ၃၁၆)

## အပ္ပမာဒသုတ်ကို ပြဆိုခြင်း

ရဟန်းတို့,ဤကုသိုလ်တရား အားလုံးတို့သည် မမေ့လျော့မှု အပ္ပမာဒလျှင် အခြေခံရှိကုန်၏၊ မမေ့လျော့မှု အပ္ပမာဒသို့ ပေါင်းဆုံကုန်၏၊ ကုသိုလ်တရားတို့တွင် မမေ့လျော့မှု အပ္ပမာဒကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့, ကုန်းမြေ၌ ကျက်စားသွားလာကြကုန်သောသတ္တဝါတို့၏ ခြေရာ ဟူသမျှတို့သည် ဆင်ခြေရာ၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန်သကဲ့သို့ ထိုခြေရာတို့တွင် ဆင်ခြေရာကို ကြီးသော သဘောကြောင့် အသာဆုံးဟု ဆိုအပ်သကဲ့သို့၊ ရဟန်းတို့, ဤအတူပင် ကုသိုလ်တရား အားလုံးတို့သည် မမေ့လျော့မှု အပ္ပမာဒလျှင် အခြေခံ ရှိကုန်၏၊မမေ့လျော့မှု အပ္ပမာဒသို့ ပေါင်းဆုံကုန်၏၊ထိုကုသိုလ်တရားတို့တွင် မမေ့လျော့မှု အပ္ပမာဒတရားကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့,အထွတ်တပ်သောအိမ်၏ အခြင်(ရနံယ်) အားလုံးတို့သည် အထွတ်သို့ ရောက်ကုန်၏၊ အထွတ်သို့ ညွတ်ကုန်၏၊ အထွတ်သို့ ပေါင်းဆုံကုန်သကဲ့သို့ ထို အခြင် (ရနံယ်)တို့ထက် အထွတ်ကို အမြတ်ဆုံး ဟု ဆိုအပ်သကဲ့သို့၊ ရဟန်းတို့, ဤအတူပင် ကုသိုလ်တရား အားလုံး တို့သည် မမေ့လျော့မှု အပ္ပမာဒ သာလျှင် အခြေခံ ရှိကုန်၏၊မမေ့လျော့မှု အပ္ပမာဒသို့ ပေါင်းဆုံ

ကုန်၏၊ထိုကုသိုလ်တရားတို့တွင် မမေ့လျော့မှု အပ္ပမာဒကို အမြတ်ဆုံးဟု ဆိုအပ်၏။ (အကျယ်ကိုလိုမူ ဆက်ကြည့်ပါလေ)။

(ဆဋ္ဌမူ၊အံ-တ ၅၊အပ္ပမာဒသုတ္တ ၂၄၃၊ဋ္ဌ ၂၇၆၊ဋီ ၃၀၇)

---

## တိရစ္ဆာနကထာဝတ္ထု၊သုတ်ကို ပြဆိုခြင်း

တိရစ္ဆာနကထာ 'မဂ်ဖိုလ်မှ ဖိလာစကား' ကို ယောဂီပုဂ္ဂိုလ်တိုင်း မပြောမဆိုရသောစကားတို့တည်း။ မင်းနှင့် စပ်သောစကား၊ ခိုးသူနှင့် စပ်သောစကား၊ အမတ်ကြီးနှင့် စပ်သောစကား၊စစ်သည် ရဲမက်ဗိုလ်ပါ ပုလိပ်အမှုထမ်းနှင့် စပ်သောစကား၊ ကြောက်ဖွယ်ရာ အဖြာဖြာသော ဘေးရန်နှင့် စပ်သော စကား၊ စစ်ဆင် စစ်တက် စစ်မက် ဒရိမ်း အစိမ်းထိုးခုတ် သတ်ပုတ် ညှဉ်းဆဲခြင်းနှင့် စပ်သောစကား၊ ထမင်းဟင်းနှင့် စပ်သောစကား၊ သောက်ဖွယ်ရာရာ အဖျော်ယမကာနှင့် စပ်သောစကား၊ အဝတ်ပုဆိုး ထမီအင်္ကျီနှင့် စပ်သောစကား၊အိပ်ရာနေရာနှင့် စပ်သောစကား၊ ပန်းနှင့် စပ်သောစကား၊နံ့သာနှင့် စပ်သောစကား၊အဆွေ အမျိုးနှင့် စပ်သောစကား၊လှည်း လှေ ရထား ကား စသော ယာဉ်နှင့်စပ်သောစကား၊ရွာနှင့် စပ်သောစကား၊နိဂုံး

နှင့် စပ်သောစကား၊မြို့နှင့် စပ်သောစကား၊ ဇနပုဒ်နှင့် စပ်သောစကား၊မိန်းမနှင့် စပ်သောစကား၊ယောကျ်ား နှင့် စပ်သောစကား၊ သေတင်းကုတ်နှင့် စပ်သော စကား၊ ခရီးလမ်းဆုံ လမ်းမ လမ်းလေးခွနှင့် စပ်သော စကား၊အိုးထိန်းသည် အိုးလုပ်ရာနှင့် စပ်သောစကား၊ ဝါ-ရေဆိပ်နှင့် စပ်သောစကား၊ ကွယ်လွန်ပြီးသော အဘိုး အဘေးနှင့် စပ်သောစကား၊ ဝါ-ဤမည်သော သူသည် သေ၍ ဤမည်သော ပြိတ္တာ,တစ္ဆေ,မြေဘုတ် ဖြစ်သည်ဟု ပြောသောစကား၊ အထူးထူး အထွေထွေ သော အမျိုးအမည်တို့ဖြင့် ဘုရားဟောဖော် စကား တော်နှင့် ဖီလာကန့်လန့်ဖြစ်သော စကား၊ လောက အကြောင်းနှင့် စပ်သော စကား၊ သမုဒ္ဒရာ ပင်လယ် စသည်နှင့် စပ်သောစကား၊ ဤသို့သော အကြောင်း ကြောင့် ဖြစ်၏,ဤသို့သော အကြောင်းကြောင့် မဖြစ်ဟု ပြောဆိုသောစကား၊ဤသည်တို့တည်း။မဂ်ဖိုလ်မှ ဖီလာ ကန့်လန့် ဖြစ်သော စကားတို့ မည်ကုန်၏။

ယောဂီပုဂ္ဂိုလ်များ ပြောဆိုကောင်းသော ကထာ ဆယ်မျိုးတို့ကား....

ရဟန်းတို့, စီးပွားချမ်းသာ၏ အကြောင်းဖြစ်သော စကားတို့သည် ဤဆယ်မျိုးတို့တည်း။

အဘယ် ဆယ်မျိုးတို့နည်း ဟူမူကား....

(၁) အလိုနည်းမှုနှင့် စပ်သော စကား။
(၂) ရောင့်ရဲမှုနှင့် စပ်သော စကား။
(၃) ကင်းဆိတ်မှုနှင့် စပ်သော စကား။
(၄) မရောနှောမှုနှင့် စပ်သော စကား။
(၅) ဝီရိယ အားထုတ်မှုနှင့် စပ်သော စကား။
(၆) သီလနှင့် စပ်သော စကား။
(၇) သမာဓိနှင့် စပ်သော စကား။
(၈) ပညာနှင့် စပ်သော စကား။
(၉) လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် စပ်သော စကား။
(၁၀) လွတ်မြောက်မှုကို ဆင်ခြင်သော ဉာဏ်အမြင်နှင့် စပ်သော စကားတို့တည်း။

ရဟန်းတို့, စိုးပွားချမ်းသာ၏ အကြောင်းဖြစ်သော စကားတို့သည် ဤဆယ်မျိုးတို့တည်း။

ရဟန်းတို့,အကယ်၍ သင်တို့သည် ဤစကား စီးပွားချမ်းသာခြင်း၏ ဆယ်မျိုးတို့ကို ထောက်ဆ၍ စကားကို ပြောဆိုကြပါမူ ဤသို့ တန်ခိုးကြီးသော ဤသို့ အာနုဘော်ကြီးသော ဤ လ-နေ တို့၏ အစွမ်းကိုသော်လည်း မိမိအစွမ်းဖြင့် ကုန်ခန်းစေနိုင်ရာ၏၊ သာသနာတော်မှ

တပါးသော အယူရှိသည့် ပရိဗိုဇ်တို့၏ အစွမ်းကို ကုန်ခန်းစေရာ၌ကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း ဟု မိန့်တော်မူ၏။

(ဆင္ဂမူ-အံ့တ ဇုပေဥမကထာဝတ္ထုသုတ္တ ၃၅၈၊ ဋ္ဌ ၃၁၈၊ ဋီ ၃၃၈)

---

## ကိံဒဒသုတ်ကို ပြဆိုခြင်း

(၁) အဘယ်အရာကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်ပါသနည်း။
(၂) အဘယ်အရာကို ပေးလှူသူသည် အဆင်းကို ပေးလှူသည် မည်ပါသနည်း။
(၃) အဘယ်အရာကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်ပါသနည်း။
(၄) အဘယ်အရာကို ပေးလှူသူသည် မျက်စိကို ပေးလှူသည် မည်ပါသနည်း။
(၅) အဘယ်သူသည် အလုံးစုံသော အရာကို ပေးလှူသည် မည်ပါသနည်း—

ဤသို့ မေးအပ်သော အကျွန်ုပ်အား ထိုအကြောင်းကို ဟောကြားတော်မူပါလော့ ဟု လျှောက်၏။

(၁) ဆွမ်းကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်၏။

(၂) အဝတ်,သင်္ကန်းကို ပေးလှူသူသည် အဆင်းကို ပေးလှူသည် မည်၏။

(၃) ယာဉ်ကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်၏။

(၄) ဆီမီးကို ပေးလှူသူသည် မျက်စိကို ပေးလှူသည် မည်၏။

(၅) နေရာ,ကျောင်း စသည်ကို ပေးလှူသူသည်ကား အလုံးစုံကို ပေးလှူသည် မည်၏။

(၆) တရားကို ပြသဟောပြောသောသူသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည် မည်၏-ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ-သံ-ပ ၅၊အာဒိတ္တဝဂ္ဂ ၂၊ကိံဒဒသုတ္တ ၂၉၊ဋ္ဌ ၇၀၊ဋ္ဌီ ၁၀၇)

---

## ဝိဝေကာသုတ်ကို ပြဆိုခြင်း

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်.... အခါ တပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏။ ထိုအခါ ရဟန်းသည် နေသန့်စင်ရာသို့ ကပ်သည်ရှိသော် ယုတ်ညံ့သော တဏှာအိမ်ကို မှီ၍ ဖြစ်သော အကုသိုလ် အကြံအစည်တို့ကို ကြံ၏။ထို အခါ ထိုတောအုပ်၌ စိုးအုပ်၍နေသော နတ်သည် ထို

ရဟန်းအား အစဥ်သနားသည် ဖြစ်၍ အကျိုးစီးပွားကို လိုသောကြောင့် ထိုရဟန်းကို ထိတ်လန့်စေလိုရကား ထိုရဟန်းထံသို့ ချဥ်းကပ်ပြီးလျှင် ဂါထာတို့ဖြင့် ရွတ်ဆို လျှောက်ထား၏။

"ရဟန်း သင်သည် ဆိတ်ငြိမ်မှုဝိဝေကကိုတောင့်တ သည် ဖြစ်၍ တောသို့ ဝင်၏၊ သို့ဖြစ်လျက် သင်၏ စိတ် သည် အပဖြစ်သော အာရုံတို့၌ ကျက်စားဘိ၏၊ လူဖြစ် သော သင်သည် အခြား လူဖြစ်သောသူ၌ အလိုဆန္ဒ ကို ပယ်ဖျောက်လော့၊ ယင်းသို့ ပယ်ဖျောက်ခြင်း ကြောင့် ရာဂကင်းသည်ဖြစ်၍ ချမ်းသာခြင်းရှိသူ ဖြစ်ရ လတ္တံ့။ သင်သည် မမွေ့လျော်ခြင်းကို စွန့်ပါလော့၊ သတိရှိသူ ဖြစ်ပါလော့၊ သတိနှင့် ပြည့်စုံသော သင့်ကို ငါတို့ အောက်မေ့လိုပါကုန်၏။ ထိုစကားမှန်၏၊တည် ရာ မရှိသော ကိလေသာမြူကို လွန်နိုင်ခဲ၏၊ သင့်ကို ကာမမြူသည် အပါယ်သို့ မဆောင်ပါစေလင့်။ မြေမှုန့် ကပ်သော ငှက်သည် ကပ်သော မြူကို ခါထွက်၍ ကျစေ သကဲ့သို့ ထို့အတူ-ရဟန်းသည် လုံ့လနှင့် ပြည့်စုံသည် သတိနှင့် ပြည့်စုံသည် ဖြစ်၍ ကပ်သော ကိလေသာမြူ ကို ခါထွက်၍ ကျစေပါလော့"ဟု ရွတ်ဆို လျှောက် ထား၏။

ထို နတ် ထိတ်လန့်စေအပ်သော ထို ရဟန်းသည် ထိတ်လန့်ခြင်းသို့ ရောက်၏။

(ဆင္ဒမူ သံ-ပ ဝနသံယုတ္တ ၁၊ ဝိဝေကသုတ္တ ၁၉၉'၌ ၂၆၃-၂၉၇)

---

## ဥပဍ္ဍာနသုတ်ကို ပြဆိုခြင်း

အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏။ ထိုအခါ ထိုရဟန်းသည် နေ့သန့်စင်ရာသို့ကပ်လျက် အိပ်၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍ နေသော နတ်သည် ထိုရဟန်းအား အစဉ်သနားသည်ဖြစ်၍ အကျိုးစီးပွားကို လိုသောကြောင့် ထိုရဟန်းကို ထိတ်လန့်စေလိုရကား ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာတို့ဖြင့် ရွတ်ဆိုလျှောက်၏။

"ရဟန်း, ထလော့ အဘယ်ကြောင့် အိပ်သနည်း၊ အိပ်ခြင်းကြောင့် အဘယ်အကျိုးရှိအံ့နည်း။ ထိုစကားမှန်၏၊ ကိလေသာဟူသော နာကျင်ခြင်းရှိသော တဏှာမြှား စူးဝင်အပ်သည် ဖြစ်၍ ထိခိုက်အပ်သည် ဖြစ်၍ ထိခိုက်သောသင့်အား အိပ်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။ အကြင် ယုံကြည်မှု သဒ္ဓါတရားဖြင့် လူ၏ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြု၏၊ ထို ယုံကြည်မှု

သဒ္ဓါတရားကိုသာလျှင် ပွားစေလော့၊အိပ်ခြင်း၏အလို နိုင်ငံသို့ မလိုက်ပါလင့်”ဟု ရွတ်ဆိုလျှောက်ထား၏။

“နတ်သား,ကာမဂုဏ်တို့သည်အမြဲမရှိကုန်၊မတည် တံ့ကုန်၊ ယင်း ကာမဂုဏ်တို့၌ ပညာနည်းသောသူ သည်သာ ငြင်းစွာတွေဝေ၏၊ အနှောင်အဖွဲ့တို့မှ လွတ် ပြီးသော တဏှာ,ဒိဋ္ဌိအမှီဖြင့် မမှီသောရဟန်းကို နှေ့၌ အိပ်ခြင်းသည် အဘယ့်ကြောင့် ပူပန်စေနိုင်အံ့နည်း။ နတ်သား, ငြင်းစွာ တပ်မက်မှု ဆန္ဒရာဂကို ပယ်ခြင်း ကြောင့် မသိမှု အဝိဇ္ဇာကို လွန်မြောက်ခြင်းကြောင့် လွန်စွာ စင်ကြယ်ခြင်းရှိသော စတုသစ္စဉာဏ်နှင့် ပြည့်စုံ သော ထိုရဟန်းကို နေ့၌ အိပ်ခြင်းသည် အဘယ့် ကြောင့် ပူပန်စေနိုင်အံ့နည်း။

နတ်သား, မသိမှု‘အဝိဇ္ဇာ’ကို သိမှု‘ဝိဇ္ဇာ’ဖြင့် ဖြတ် တောက်၍ အာသဝတရားတို့၏ ကုန်ခြင်းကြောင့် ပူဆွေးမှု မရှိသော ငြင်းစွာပူပန်မှု မရှိသော ရဟန်းကို နေ့၌ အိပ်ခြင်းသည် အဘယ့်ကြောင့် ပူပန်စေနိုင်အံ့ နည်း။ နတ်သား,ထက်သန်သော လုံ့လရှိသော နိဗ္ဗာန် သို့ စေလွှတ်သော စိတ်ရှိသော မြဲမြံ ကြံ့ခိုင်သော လုံ့လရှိသော နိဗ္ဗာန်ကို တောင့်တသော ရဟန်းကို

နေ့၌ အိပ်ခြင်းသည် အဘယ့်ကြောင့် ပူပန်စေနိုင်အံ့နည်း”ဟု မိန့်ဆို၏။
(ဆဋ္ဌမူ-သံ ပ ၂၊ဥပဍ္ဍနသုတ္တ ၁၉၉၊ဌ ၂၆၃၊ဋီ ၂၉၇)

---

## ကဿပဂေါတ္တသုတ်ကို ပြဆိုခြင်း

အခါတပါး၌ အရှင်ကဿပဂေါတ္တသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏။ ထိုအခါ အရှင်ကဿပဂေါတ္တသည် နေ့သန့်စင်ရာသို့ ကပ်၍ သားမုဆိုးတယောက်ကို ဆုံးမ၏၊ ထိုအခါ ထိုတောအုပ်၌နေသော နတ်သည် အရှင်ကဿပဂေါတ္တအား ထိတ်လန့်စေလိုသည် ဖြစ်၍ ထိုအရှင်ကဿပဂေါတ္တထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာတို့ဖြင့် ရွတ်ဆို၏။

“ရဟန်း, တောင်ချောက်ကြား၌ သွားလာနေသော ပညာမဲ့၍ အကြောင်းအကျိုး သိနိုင်သည့် စိတ်မရှိသော မုဆိုးကို အခါမဟုတ်သည်၌ ဆုံးမသော ရဟန်းသည် နုံ့နှေး မိုက်မဲသူကဲ့သို့ အကျွန်ုပ်ညာဏ်၌ ထင်ပါ၏။ မုဆိုးမိုက်လည်း နားထောင်၏၊ သိကား မသိ။ ကြည့်၏၊ မြင်ကား မမြင်။ တရားဟောသော်လည်း အနက်အဓိပ္ပါယ်ကို မသိနိုင်။ ကဿပ,သင်သည် ဆယ်တိုင်သော မီးတို့ကို ညှိထွန်းစေကာမူ ထိုသားမုဆိုး

သည် အဆင်းတို့ကို မမြင်ရလတ္တံ့၊ ထိုသားမှုဆိုးအား ပညာမျက်စိ မရှိသည်သာတည်း”ဟု ရွတ်ဆို၏။

ထိုအခါ အရှင်ကဿပဂေါတ္တသည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်၏။

(ဆဋ္ဌမူ၊ သံ-ပ၊ဝနသံယုတ္တ ၃၊ ကဿပဂေါတ္တသုတ္တ ၂၀၀၊ ဋ္ဌ ၂၆၄၊ ဋီ ၂၉၇)

---

## အာနန္ဒသုတ်ကို ပြဆိုခြင်း

အခါတပါး၌ အရှင်အာနန္ဒာသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ထိုအခါ အရှင်အာနန္ဒာသည် လူတို့ကိုသိစေခြင်း များသည်ဖြစ်၍ အချိန်လွန်စွာ နေ၏၊ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍နေသော နတ်သည် အရှင်အာနန္ဒာအား အစဉ်သနားသည်ဖြစ်၍ အကျိုးစီးပွားကို လိုသောကြောင့် အရှင်အာနန္ဒာကို ထိတ်လန့်စေလိုရကား အရှင်အာနန္ဒာထံသို့ ချဉ်းကပ်လျက် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏။

“ဂေါတမအနွယ်ဖြစ်သော အရှင်အာနန္ဒာ,သစ်ပင်ရင်း တောချုံသို့ သက်ဝင်ကာ နိဗ္ဗာန်ကို စိတ်နှလုံး၌ ထည့်သွင်းထား၍ ဈာန်ဝင်စားပါလော့၊ မေ့လျော့ခြင်း မဖြစ်ပါစေလင့်၊ အရှင်ဘုရားအား ဗလစ်ဗလစ်

ပြောဆိုခြင်းသည် အဘယ်ပြုလတ္တံ့နည်း” ဟုလျှောက်၏။ ထိုအခါ အရှင်အာနန္ဒာသည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်၏။

(ဆဋ္ဌမူ၊သံ-ပ ၅၊အာနန္ဒသုတ္တ ၂၀၁၊ ဋ္ဌ ၂၆၆၊ ဋီ-၂၉၉)

---

## အရှင်နာဂဒတ္တသုတ်ကို ပြဆိုခြင်း

အခါတပါး၌ အရှင်နာဂဒတ္တသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ၌ အရှင်နာဂဒတ္တသည် အလွန်စောလွန်းစွာ ရွာသို့ဝင်၏၊ အလွန်နေမြင့်မှ ပြန်ခဲ့၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍နေသော နတ်သည် အရှင်နာဂဒတ္တအား အစဉ်သနားခြင်း ရှိသည်ဖြစ်၍ အကျိုးစီးပွားကို လိုသောကြောင့် အရှင်နာဂဒတ္တကို ထိတ်လန့်စေလိုရကား ထိုအရှင်နာဂဒတ္တထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာတို့ဖြင့် ရွတ်ဆိုလျှောက်ထား၏။

“နာဂဒတ္တ, နံနက်စောစော ရွာသို့ဝင်၏၊ နေမြင့်မှ ပြန်လာသည့်ပြင် အချိန်လွန်မှ အကျင့်ကိုကျင့်လေ့ရှိကာ လူတို့နှင့် တူမျှသော ချမ်းသာဆင်းရဲရှိသည်ဖြစ်၍ လူတို့နှင့် ရောနှောဘိ၏၊ဒါယကာတို့၌ ဖွဲ့သော စိတ်ရှိသော လွန်စွာခက်ထန်သော နာဂဒတ္တကို အကျွန်ုပ် ကြောက်

လှပါ၏၊ တခုသော ဘ၀၏ အဆုံးကို ပြုတတ်သော ခွန်အားကြီးသော သေမင်း၏ အလိုနိုင်ငံသို့ မလိုက်ပါလင့်”ဟု ရွတ်ဆို၏။

ထိုအခါ၌ အရှင်နာဂဒတ္တသည် ထိုနတ် ထိတ်လန့်စေအပ်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ရောက်၏။

(ဆင္ဂမူ၊သံ-ပ ၇၊နာဂဒတ္တသုတ္တ ၂၀၂၊ ဋ္ဌ ၂၆၀၊ဋီ ၃၀၀)

---

## သဉ္ဈာယသုတ်ကို ပြဆိုခြင်း

အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ ထိုရဟန်းသည် ရှေးက သရဇ္ဈာယ်ခြင်း များသည်ဖြစ်၏၊ အချိန်ကြာမြင့်စွာ နေခဲ့ပြီးမှ နောက်အခါ၌ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေလျက် ဖလသမာပတ် ချမ်းသာဖြင့် ကာလကို လွန်စေ၏၊ ထိုအခါ ထိုတောအုပ်၌ စိုးအုပ်၍ နေသော နတ်သည် ထိုရဟန်း၏ သရဇ္ဈာယ်သော တရားတော်ကို မကြားရသည်ဖြစ်၍ ထိုရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာဖြင့် ရွတ်ဆိုလျှောက်ထား၏။

“ရဟန်း, သင်သည် အဘယ်ကြောင့် တရားတော်ကို မသရဇ္ဈာယ်သနည်း၊ ရဟန်းတို့နှင့် ပေါင်းဖော်သောသူသည် တရားကို နာရသောကြောင့် မျက်မှောက်

ဘဝ၌ ကြည်ညိုခြင်းကိုလည်း ရပါ၏၊ ချီးမွမ်းခြင်းကို လည်း ခံရပါ၏”ဟု လျှောက်ထား၏။

“ငါတို့သည် အရိယာမဂ်သို့ မရောက်သေးမီ ရှေး အခါက တရားတော်တို့၌ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၌ ဆန္ဒ ဖြစ်ပေါ်ခဲ့ပြီ၊ အရိယာမဂ်သို့ ရောက်ပြီးသော အခါ၌ မူကား မြင်အပ် ကြားအပ် တွေ့ထိအပ်သော တရားအားလုံးကို သိ၍ စွန့်လွှတ်ခြင်းကို သူတော် ကောင်းတို့ ချီးမွမ်းကုန်၏”ဟု ရဟန်းက မိန့်တော်မူ၏။

(ဆင္ဒမူ-သံ ပ၊သဇ္ဈာယသုတ္တ ၂၀၄၊၌ ၂၇၀၊ရှိ ၃၀၃)

---

## ဂန္ဓတ္ထေနသုတ်ကို ပြဆိုခြင်း

အခါတပါး၌ ရဟန်းတပါးသည် ကောသလတိုင်း တောအုပ်တခု၌ နေ၏၊ ထိုအခါ ထိုရဟန်းသည် ဆွမ်း စားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ရေကန်သို့ သက်ဆင်း၍ ပဒုမာကြာကို နမ်း၏၊ ထိုအခါ ထိုတော အုပ်၌ စိုးအုပ်၍နေသော နတ်သည် ထိုရဟန်းအား အစဉ့်သနားခြင်း ရှိသည်ဖြစ်၍ အကျိုးစီးပွားကို လို သောကြောင့် ထိုရဟန်းကို ထိတ်လန့်စေရကား ထို ရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် ဂါထာဖြင့် ရွတ်ဆို လျှောက်ထား၏။

"အချင်း,သင်သည် အရှင်မပေးအပ်သော ကြာပန်းကို နမ်းဘိ၏၊ ထို နမ်းခြင်းသည် ခိုးခြင်းတို့တွင် အင်္ဂါတပါးတည်း၊ အချင်းသည် အနံ့သူခိုးတည်း" ဟု လျှောက်၏။ "နတ်သား, ငါသည် ပဒုမာကြာကို ယူလည်း မယူ၊ ချိုးလည်း မချိုး၊ အဝေးမှကား နမ်းမိ၏၊ သို့ဖြစ်လျက် အဘယ် အကြောင်းကြောင့် အနံ့သူခိုး ဟူ၍ ဆိုအပ်သနည်း။ အကြင်သူသည် ကြာစွယ်တို့ကို တူး၏၊ ကြာဖူးပွင့်တို့ကို ချိုးဖဲ့ ဖျက်ဆီး၏၊ မစင်ကြယ်သော အကျင့်ရှိသော ထိုသူကိုမူကား ကြာသူခိုး ဟူ၍ အဘယ့်ကြောင့် မဆိုသနည်း" ဟု ရဟန်းက ပြန်မေး၏။ "ယောကျ်ားသည် မကောင်းမှု အမျိုးမျိုးဖြင့် ပွမ်း၍ နေ၏၊ နို့ထိန်းသည်၏ အဝတ်ကဲ့သို့ အညစ်အကြေးတို့ဖြင့် အလိမ်းလိမ်းကပ်နေ၏၊ ထိုသူ၌ ငါ့အား ဆိုဖွယ် စကား မရှိ၊ သင့်ကိုသာလျှင် ဆိုထိုက်၏။ ကိလေသာ မရှိသော အမြဲစင်ကြယ်ခြင်းကို ရှာမှီးလေ့ရှိသော ယောကျ်ားအား သားမြီးဖျားမျှလောက် ရှိသော မကောင်းမှုသည် တိမ်တိုက်ကဲ့သို့ ထင်၏" ဟု နတ်က လျှောက်၏။

"တောစောင့်နတ်, စင်စစ် သင်သည် ငါ့ကို စင်ကြယ်၏ဟု သိပေ၏၊ သင်သည် ငါ့ကို အစဉ်သနား စောင့်ရှောက်ပေ၏၊ အကြင်အခါ၌ ဤသို့ သဘောရှိ

သော အမှုကို သင်မြင်၏ ထိုအခါ၌လည်း နောက်ထပ် ဆိုလှည့်ပါလော့”ဟု ရဟန်းကဖိတ်၏။“ရဟန်း,ငါတို့ သည် သင့်ကိုမှီ၍ အသက်မမွေးကုန်၊ သင်၏ အခစား မဟုတ်ကုန်၊အကြင်အမှုဖြင့် သုဂတိဘုံသို့ ရောက်ရာ၏၊ ထိုအမှုကို သင်သည်သာလျှင် သိလေလော့”ဟု လျှော်လေ၏။ ထိုအခါ ရဟန်းသည် ထိုနတ် ထိတ်လန့်စေ အပ်သည် ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်လေ၏။

(ဆဋ္ဌမူ သံ-ပ ဝနသံယုတ္တ- ဂန္ဓတ္ထေနသုတ္တ ၂၀၆၊ ဌ ၂၇၂'ဋီ-၃၀၅)

---

## ဒုတိယ ဒသဗလသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, မြတ်စွာဘုရားသည် အားတော် ဆယ်ပါးနှင့် ပြည့်စုံခြင်းကြောင့်၎င်း, လေးပါးသော ရဲရင့်ခြင်းတို့နှင့် ပြည့်စုံတော် မူခြင်းကြောင့်၎င်း မြတ်သော အရာ၌ တည်၏ဟု ဝန်ခံတော်မူ၏။ပရိသတ်တို့၌ ခြင်္သေ့သံကဲ့သို့ ကြုံးဝါးတော်မူ၏၊ မြတ်သော တရားစက်ကို လည်စေတော်မူ၏။ ဤသည်ကား ရုပ်တည်း၊ ဤသို့ ရုပ်ဖြစ်ပေါ်၏၊ ဤသို့ ရုပ်ချုပ်၏။ ဤသည်ကား ဝေဒနာတည်း၊ ဤသို့ ဝေဒနာ ဖြစ်ပေါ်၏၊ ဤသို့ ဝေဒနာချုပ်၏။ ဤသည်ကား သညာတည်း၊ ဤသို့ သညာဖြစ်ပေါ်

လာ၏၊ ဤသို့ သညာချုပ်၏။ ဤသည်ကား သင်္ခါရတို့ တည်း၊ ဤသို့ သင်္ခါရတို့ ဖြစ်ပေါ်လာ၏၊ ဤသို့သင်္ခါရတို့ ချုပ်ကုန်၏။ ဤသည်ကား ဝိညာဉ်တည်း၊ ဤသို့ ဝိညာဉ် ဖြစ်ပေါ်လာ၏၊ ဤသို့ ဝိညာဉ်ချုပ်၏။ ဤသို့ ဤ အကြောင်းတရား ရှိခဲ့သော် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်းတရား ဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်းတရား မရှိခဲ့သော် ဤအကျိုးတရား မဖြစ်၊ ဤအကြောင်းတရား ချုပ်ခြင်းကြောင့် ဤအကျိုး တရား ချုပ်၏။ ယင်းသို့ အကြောင်းတရား ဖြစ်ပုံ ချုပ်ပုံ ကား မသိမှု 'အဝိဇ္ဇာ'အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ဖြစ်ကုန်၏ ။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။ မသိမှု'အဝိဇ္ဇာ'၏သာလျှင် အရ- ဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ကုန်၏၊ ပြုစီရင်မှု သင်္ခါရတို့ ချုပ်ခြင်း ကြောင့် သိမှု 'ဝိညာဉ်'ချုပ်၏။ပ။ဤသို့လျှင် အလုံးစုံ သော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့, ငါဘုရားသည် တရားကို ဤသို့ ကောင်း စွာ ဟောအပ်၏၊ ပေါ်လွင်စေအပ်၏၊ ဖွင့်လှစ်အပ်၏၊ အစုတ်အပြတ် အချုပ်အဖာ မရှိသော ပုဆိုးသစ်ကဲ့သို့ ဝေဘန် ပြအပ်၏။

ရဟန်းတို့, ငါသည် ဤသို့ ပဋိစ္စသမုပ္ပါဒ် တရားကို ကောင်းစွာဟောအပ်၊ ပေါ်လွင်စေအပ်၊ ဖွင့်လှစ်အပ်၏။ အစုတ်အပြတ် အချုပ်အဖာ မရှိသော ပုဆိုးသစ်ကဲ့သို့ ဝေဘန်ပြအပ်သည်ရှိသော် သဒ္ဓါတရားဖြင့် ရဟန်းပြုသော အမျိုးကောင်းသားသည် အရေ အကြော အရိုးသာ ကြွင်း၍ ကိုယ်၌ အသား အသွေး ကုန်ခန်းခြောက်သွေ့စေဦးတော့ ယောကျ်ားတို့ အားအစွမ်း ယောကျ်ားတို့၏ လုံ့လ ရပ်တန့်ခြင်း မဖြစ်အံ့ဟု အားထုတ်ခြင်းငှါ သင့်သည်သာလျှင်တည်း။

ရဟန်းတို့, ပျင်းရိသော သူသည် ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ဖြင့် ရောပြွမ်းသည်ဖြစ်၍ ဆင်းရဲစွာ နေရ၏၊ ကြီးမားလှသော မိမိအကျိုးကိုလည်း ဆုတ်ယုတ်စေ၏။ ရဟန်းတို့, ထက်သန်သော လုံ့လရှိသူသည်ကား ယုတ်ညံ့သော အကုသိုလ်တရားတို့မှလည်း ကင်းဆိတ်သည် ဖြစ်၍ ချမ်းသာစွာ နေရ၏၊ ကြီးမားလှသော မိမိအကျိုးကိုလည်း ပြည့်စုံစေ၏။ ရဟန်းတို့, ယုတ်သော လုံ့လဖြင့် မြတ်သော အရဟတ္တဖိုလ်သို့ မရောက်နိုင်၊ မြတ်သော လုံ့လဖြင့်သာ မြတ်သော အရဟတ္တဖိုလ်သို့ ရောက်နိုင်၏။ ရဟန်းတို့,ဤမြတ်သော အကျင့်သည် ကြည်လင်သော သောက်ဖွယ် ဖြစ်၏၊ မြတ်စွာဘုရားသည်လည်း မျက်မှောက်ရှိ၏။ရဟန်းတို့,

ထို့ကြောင့် ဤသာသနာတော်၌ မရောက်သေးသည့် အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ရောက်ရန်၊ မရသေးသည်ကို ရရန်၊ မျက်မှောက် မပြုရသေးသည်ကို မျက်မှောက်ပြု ရန် လုံ့လကို အားထုတ်ကြကုန်လော့။

ဤသို့လျှင် ငါတို့၏ ဤရဟန်းအဖြစ်သည် ငါတို့အား မမြုံသည့်အကျိုးရှိသည် ကြီးပွားခြင်းရှိသည်ဖြစ်လတ္တံ့။ အကြင်သူတို့၏ သင်္ကန်း,ဆွမ်း,ကျောင်း အိပ်ရာနေရာ, သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ကို ငါတို့ သုံးဆောင် မှီဝဲအပ်ကုန်၏။ ငါတို့၌ ပြုအပ်ကုန် သော ထိုသူတို့၏ ကောင်းမှုတို့သည် ကြီးသော အကျိုး အာနိသင် ရှိကုန်လတ္တံ့ဟု အားထုတ်ကြ ကုန်လော့။ ရဟန်းတို့, ဤသို့ ကျင့်ရမည်၊ ရဟန်းတို့, မိမိအကျိုးကို ၎င်း သူတပါးတို့၏ အကျိုးကို၎င်း,မိမိအကျိုး သူတပါး အကျိုး နှစ်ပါးစုံကို၎င်း ကောင်းစွာ မြင်သောသူသည် မမေ့မလျော့မှု အပ္ပမာဒတရားနှင့် ပြည့်စုံစေခြင်းငှါ သင့်သည်သာလျှင်တည်းဟု ဟောတော်မူ၏။ (နိဒါန ဝဂ္ဂ)။

(ဆဋ္ဌမူ-သံပ ၃၊ဒသဗလဝဂ္ဂ ၂၊ဒုတိယဒသဗလသုတ္တ ၂၆၆၊ ဋ္ဌ ဒု ၄၁၊ဋီ ဒု ၅၃)

## ဥပနိသသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဖြစ်,ပျက် သိသောသူ၊ ဖြစ်,ပျက် မြင်သောသူအားသာ အာသဝတို့၏ ကုန်ခြင်းကို ငါဆို၏၊ ဖြစ်,ပျက် မသိသောသူ၊ ဖြစ်,ပျက် မမြင်သောသူအား အာသဝတို့၏ ကုန်ခြင်းကို ငါမဆို။ ရဟန်းတို့, အဘယ်သို့ ဖြစ်,ပျက် သိသောသူ၊ ဖြစ်,ပျက် မြင်သောသူအား အာသဝတို့ ကုန်ခြင်း ဖြစ်သနည်း....ဤသည်ကား ဖြစ်,ပျက် ရုပ်တည်း၊ ဤသို့ ဖြစ်,ပျက်ရုပ် ဖြစ်ပေါ်၏၊ ဤသို့ ဖြစ်,ပျက်ရုပ် ချုပ်၏။ ဤသည်ကား ဖြစ်,ပျက် ဝေဒနာတည်း။ပ။ဤသည်ကား ဖြစ်,ပျက် သညာတည်း။ ဤသည်ကား ဖြစ်,ပျက် သင်္ခါရတို့တည်း။ ဤသည်ကား ဖြစ်,ပျက် ဝိညာဉ်တည်း။ ဤသို့ ဖြစ်,ပျက် ဝိညာဉ်ဖြစ်ပေါ်၏၊ဤသို့ ဖြစ်,ပျက် ဝိညာဉ် ချုပ်၏ဟု ဤသို့ ဖြစ်, ပျက် သိသူ ဤသို့ ဖြစ်,ပျက် မြင်သူအား အာသဝတို့ ကုန်ခြင်း ဖြစ်၏။

ရဟန်းတို့, ဖြစ်,ပျက် သိသူ ဖြစ်,ပျက် မြင်သူအား အာသဝတို့ ကုန်ရာ အရဟတ္တဖိုလ် ဖြစ်လတ်သော် အာသဝတို့ကုန်ရာ အရဟတ္တဖိုလ်၌ သိသော ပစ္စဝေက္ခဏာဉာဏ်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့,

အာသဝတို့ ကုန်ရာ အရဟတ္တဖိုလ်၌ သိသော ပစ္စဝေက္ခဏာဉာဏ်၏အကြောင်းကား အဘယ်နည်း....အာသဝတို့မှ လွတ်မြောက်မှု အရဟတ္တဖိုလ် ဟူ၍ ဆိုရာ၏။ ရဟန်းတို့, လွတ်မြောက်မှု အရဟတ္တဖိုလ်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့,လွတ်မြောက်မှု အရဟတ္တဖိုလ်၏အကြောင်းကား အဘယ်နည်း....ရဟန်းတို့,တပ်ခြင်း ကင်းမှု အရဟတ္တမဂ်တည်း။ ရဟန်းတို့, တပ်ခြင်းကင်းမှု အရဟတ္တမဂ်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟုငါဆို၏၊အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ရဟန်းတို့, တပ်ခြင်းကင်းမှု အရဟတ္တမဂ်၏ အကြောင်းကား အဘယ်နည်း....ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်တည်း။ရဟန်းတို့, ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ကိုလည်း အကြောင်းနှင့် တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့, ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်၏ အကြောင်းကား အဘယ်နည်း.... ဟုတ်တိုင်းမှန်စွာ သိမြင်သော ဉာဏ်အမြင်တည်း။ ရဟန်းတို့,ဟုတ်တိုင်းမှန်စွာ သိမြင်သော ဉာဏ်အမြင်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့, ဟုတ်တိုင်းမှန်စွာသိမြင်သောဉာဏ်အမြင်၏အကြောင်းကား အဘယ်နည်း.... တည်ကြည်မှု သမာဓိတည်း။

ရဟန်းတို့, တည်ကြည်မှု သမာဓိကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့,တည်ကြည်မှု သမာဓိ၏ အကြောင်းကား အဘယ်နည်း....ချမ်းသာခြင်း သုခတည်း။ရဟန်းတို့, ချမ်းသာခြင်း သုခကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့, ချမ်းသာခြင်း သုခ၏ အကြောင်းကား အဘယ်နည်း.... ငြိမ်းချမ်းမှု ပဿဒ္ဓိတည်း။ ရဟန်းတို့, ငြိမ်းချမ်းမှု ပဿဒ္ဓိကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့, ငြိမ်းချမ်းမှု ပဿဒ္ဓိ၏ အကြောင်းကား အဘယ်နည်း....နှစ်သက်မှု ပီတိတည်း။ ရဟန်းတို့, နှစ်သက်မှု ပီတိကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ရဟန်းတို့,နှစ်သက်မှု ပီတိ၏ အကြောင်းကား အဘယ်နည်း....ဝမ်းမြောက်မှု ပါမောဇ္ဇတည်း။ရဟန်းတို့, ဝမ်းမြောက်မှု ပါမောဇ္ဇကိုလည်း အကြောင်းနှင့် တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့, ဝမ်းမြောက်မှု ပါမောဇ္ဇ၏အကြောင်းကားအဘယ်နည်း.... ယုံကြည်မှု သဒ္ဓါတည်း။ ရဟန်းတို့,ယုံကြည်မှုသဒ္ဓါကိုလည်းအကြောင်းနှင့်တကွဖြစ်၏ဟုငါဆို၏၊အကြောင်း

မရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့,ယုံကြည်မှု သဒ္ဒါ၏ အကြောင်းကား အဘယ်နည်း.... ဆင်းရဲခြင်း ဒုက္ခ တည်း။ ရဟန်းတို့, ဆင်းရဲခြင်း ဒုက္ခ ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။

ရဟန်းတို့, ဆင်းရဲခြင်း ဒုက္ခ၏ အကြောင်းကား အဘယ်နည်း....ပဋိသန္ဓေနေမှု ဇာတိတည်း။ရဟန်းတို့, ဇာတိကိုလည်း အကြောင်းနှင့် တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲ ဖြစ်၏ဟုငါမဆို။ ရဟန်းတို့, ဇာတိ၏ အကြောင်းကားအဘယ်နည်း....ဘဝတည်း။ရဟန်းတို့, ဘဝကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊ အကြောင်းမရှိပဲဖြစ်၏ဟု ငါမဆို။ ရဟန်းတို့, ဘဝ၏ အကြောင်းကား အဘယ်နည်း.... ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်တည်း။

ရဟန်းတို့, ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်ကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ရဟန်းတို့,ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်၏ အကြောင်းကား အဘယ်နည်း....တပ်မက်မှု တဏှာ တည်း။ ရဟန်းတို့, တပ်မက်မှု တဏှာကိုလည်း အကြောင်းနှင့်တကွ ဖြစ်၏ဟု ငါဆို၏၊အကြောင်းမရှိပဲ ဖြစ်၏ဟု ငါမဆို။ ရဟန်းတို့, တပ်မက်မှု တဏှာ၏

အကြောင်းကား အဘယ်နည်း.... ခံစားမှု ဝေဒနာ တည်း။ပ။တွေ့ထိမှု ဖဿတည်း။ တည်ရာ အာယတန ခြောက်ပါးတည်း။ နာမ်ရုပ်တည်း၊ ဝိညာဉ်တည်း၊ သင်္ခါရတို့တည်း။ ရဟန်းတို့,ပြုစီရင်မှု သင်္ခါရကိုလည်း အကြောင်းနှင့် တကွ ဖြစ်၏ဟု ငါဆို၏၊အကြောင်းမရှိဘဲ ဖြစ်၏ဟု ငါမဆို။သင်္ခါရတို့၏အကြောင်းကား အဘယ် နည်း....မသိမှု အဝိဇ္ဇာတည်း။ ရဟန်းတို့, ပြုစီရင်မှု သင်္ခါရတို့သည် မသိမှု အဝိဇ္ဇာလျှင် အကြောင်းရှိကုန် ၏။ သိမှုဝိညာဉ်သည်ကား သင်္ခါရတို့လျှင် အကြောင်း ရှိ၏။နာမ်ရုပ်သည် ဝိညာဉ်လျှင် အကြောင်းရှိ၏။တည် ရာ အာယတနခြောက်ပါး သဠာယတနသည် နာမ် ရုပ်လျှင် အကြောင်းရှိ၏။ ဖဿသည် သဠာယတနလျှင် အကြောင်းရှိ၏။ ခံစားမှု ဝေဒနာသည် တွေ့ထိမှု ဖဿ လျှင် အကြောင်းရှိ၏။ တပ်မက်မှု တဏှာသည် ဝေဒနာ လျှင် အကြောင်းရှိ၏။ ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်သည် တဏှာလျှင် အကြောင်းရှိ၏။ ဘဝသည် ဥပါဒါန် လျှင် အကြောင်းရှိ၏။ပဋိသန္ဓေနေမှု ဇာတိသည် ဘဝ လျှင် အကြောင်းရှိ၏။ ဆင်းရဲခြင်း ဒုက္ခသည် ပဋိသန္ဓေ နေမှု ဇာတိလျှင် အကြောင်းရှိ၏။ယုံကြည်မှု သဒ္ဓါသည် ဆင်းရဲခြင်း ဒုက္ခလျှင် အကြောင်းရှိ၏။ဝမ်းမြောက်ခြင်း ပါမောဇ္ဇသည် သဒ္ဓါလျှင် အကြောင်းရှိ၏။နှစ်သက်ခြင်း

ပီတိသည် ပါမောဇ္ဇလျှင် အကြောင်းရှိ၏။ ငြိမ်းအေးခြင်း ပဿဒ္ဓိသည် ပီတိလျှင် အကြောင်းရှိ၏။ ချမ်းသာခြင်း သုခသည် ပဿဒ္ဓိလျှင် အကြောင်းရှိ၏။ တည်ကြည်မှု သမာဓိသည် သုခလျှင် အကြောင်းရှိ၏။ ယထာဘူတ ဉာဏ်အမြင်သည် သမာဓိလျှင်အကြောင်းရှိ၏။ နိဗ္ဗိဒါဉာဏ်သည် ယထာဘူတလျှင် အကြောင်းရှိ၏။ တပ်ခြင်း ကင်းမှု အရဟတ္တမဂ်သည် နိဗ္ဗိဒါဉာဏ်လျှင် အကြောင်းရှိ၏။ ဝိမုတ္တိဟူသော အရဟတ္တဖိုလ်သည် တပ်ခြင်း ကင်းမှု အရဟတ္တဖိုလ်လျှင် အကြောင်းရှိ၏။ အာသဝေါတရားတို့ ကုန်ခြင်း၌ သိသော ပစ္စဝေက္ခဏာဉာဏ်သည် ဝိမုတ္တိဟူသော အရဟတ္တဖိုလ်လျှင် အကြောင်းရှိ၏။ (အကျယ်အလိုရှိမူ ရှေ့ဆက်ယူကြည့်ပါလေ)။

(ဆဋ္ဌမူ သံ-ပ ၃၊ ဒသဗလဝဂ္ဂ ၃၊ ဥပနိသသုတ္တ ၂၈၇၊ ဋ္ဌဒု ၄၉၊ ဋ္ဌီ ဒု ၆၃)

---

## ဥပါဒါနသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဥပါဒါန်တို့၏ အကြောင်းဖြစ်သော တေဘူမကတရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှုတဏှာ ပွား၏၊ တပ်မက်မှု

တဏှာကြောင့် ပြင်းစွာ စွဲလမ်းမှု ဉပါဒါန် ဖြစ်၏၊ ဉပါဒါန် အကြောင်းခံကြောင့် ဘဝဖြစ်၏၊ ဘဝ အကြောင်းခံကြောင့် ပဋိသန္ဓေနေမှု ဇာတိ ဖြစ်၏၊ ဇာတိ အကြောင်းခံကြောင့် အိုခြင်း ဇရာ, သေခြင်း မရဏ, စိုးရိမ်ခြင်း သောက,ငိုကြွေးခြင်း ပရိဒေဝ, ဆင်းရဲခြင်း ဒုက္ခ, နှလုံးမသာခြင်း ဒေါမနဿ,ပြင်းစွာပင်ပန်းခြင်း ဉပါယာသတို့ ဖြစ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဋ္ဌ ဖြစ်၏။

ရဟန်းတို့,ဉပမာသော်ကား....လှည်း ဆယ်စီးတိုက် အစီးနှစ်ဆယ်တိုက် အစီးသုံးဆယ်တိုက် အစီးလေး ဆယ်တိုက် ထင်းမီးပုံကြီးသည် တောက်လောင်၍ နေရာ၏၊ ထိုမီးပုံကြီး၌ ယောကျ်ားသည် မြက်ခြောက်တို့ကို ၎င်း, နွားချေးခြောက်တို့ကို၎င်း, ထင်းခြောက်တို့ကို၎င်း အခါအားလျော်စွာ ထည့်ရာ၏၊ ရဟန်းတို့, ဤသို့ ထည့်သော် ထိုမီးပုံကြီးသည် ထိုမြက်ခြောက် စသော အစာရှိသည် ဖြစ်၍ မြက်ခြောက် စသော လောင်စာ ရှိသည်ဖြစ်၍ ကြာမြင့်စွာသောကာလပတ်လုံး တောက်လောင်နေရာ၏။ ရဟန်းတို့, ဤအတူသာလျှင် ဉပါဒါန် ၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌သာ လျှင် သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှု တဏှာပွား၏၊ တဏှာ အကြောင်းခံကြောင့်

ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့,ဥပါဒါန်တို့၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန် ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု ဇာတိချုပ်၏၊ဇာတိချုပ်ခြင်းကြောင့် အိုခြင်း ဇရာ, သေခြင်း မရဏ, စိုးရိမ်ခြင်း သောက, ငိုကြွေးခြင်း ပရိဒေဝ, ဆင်းရဲခြင်း ဒုက္ခ, နှလုံးမသာခြင်း ဒေါမနဿ, ပြင်းစွာ ပင်ပန်းခြင်း ဥပါယာသတို့ ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့,ဥပမာသော်ကား....လှည်း ဆယ်စီးတိုက် အစီးနှစ်ဆယ်တိုက် အစီးသုံးဆယ်တိုက် အစီးလေးဆယ်တိုက် ထင်းမီးပုံကြီးသည် တောက်လောင်၍ နေရာ၏၊ထိုမီးပုံကြီး၌ ယောကျ်ားသည် မြက်ခြောက်တို့ကိုင်း,နွားချေးခြောက်တို့ကိုင်း, ထင်းခြောက်တို့ကိုင်း အခါအားလျော်စွာ မထည့်တော့ချေ၊ ရဟန်းတို့,ဤသို့ မထည့်သည်ရှိသော် ထိုမီးပုံကြီးသည် ရှေးကဖြစ်သော မီးစွဲငြိရာ ထင်း၏ ကုန်ခြင်းကြောင့်ငင်း, အခြားလောင်စာကိုလည်း မရခြင်းကြောင့်ငင်း လောင်စာမရှိမူ၍

ငြိမ်းအေးလေရာ၏။ ရဟန်းတို့, ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှု တဏှာ ချုပ်၏၊တဏှာချုပ်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန် ချုပ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

(ဆဋ္ဌမူ-သံ ပ၊ဒုက္ခဝဂ္ဂ ၂၊ ဥပါဒါနသုတ္တ ၃၀၀၊
ဋ္ဌဒု ၇၅၊ဋီဒု ၉၆)

---

### သံယောဇနသုတ်ကို ပြဆိုခြင်း

ရဟန်းတို့,နှောင်ဖွဲ့ကြောင်း သံယောဇဉ်၏အကြောင်း ဖြစ်သော တေဘူမက တရားတို့၌ သာယာဖွယ် ဟု ရှုသည်ဖြစ်၍ နေသောသူအား တပ်မက်မှု တဏှာ ပွား ၏၊ တဏှာ၏ အကြောင်းခံကြောင့် ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်ဖြစ်၏၊ဥပါဒါန်အကြောင်းခံကြောင့် ဘဝဖြစ်၏၊ ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု ဇာတိ ဖြစ်၏၊ ဇာတိ အကြောင်းခံကြောင့် အိုခြင်း ဇရာ, သေခြင်း မရဏ, စိုးရိမ်ခြင်း သောက, ငိုကြွေးခြင်း ပရိဒေဝ, ဆင်းရဲခြင်း ဒုက္ခ, နှလုံးမသာခြင်း ဒေါမနဿ, ပြင်းစွာ

ပင်ပန်းခြင်း ဥပါယာသတို့ ဖြစ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု၌ ဖြစ်၏။

ရဟန်းတို့,ဥပမာသော်ကား.... ဆီကိုငင်း မီးစာကိုငင်း စွဲ၍ ဆီမီးသည် တောက်လောင် နေ၏၊ထိုဆီမီး၌ ယောကျာ်းသည် အခါအားလျော်စွာ ဆီကို သွန်းလောင်းရာ၏၊ မီးစာကိုလည်း ထည့်ပေးရာ၏၊ ရဟန်းတို့, ဤသို့ဖြစ်သည်ရှိသော် ထိုဆီမီးသည် အစာရှိသည် ဖြစ်၍ငင်း ထိုမီးစာလျှင် စွဲလောင်ရာ ရှိသည်ဖြစ်၍ငင်း ကြာရှည်စွာသော ကာလပတ်လုံး တောက်လောင်နေရာ၏။ ရဟန်းတို့, ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာပွား၏၊ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏၊ဥပါဒါန် အကြောင်းခံကြောင့် ဘဝဖြစ်၏၊ ဘဝအကြောင်းခံကြောင့် ဇာတိဖြစ်၏၊ဇာတိ အကြောင်းခံကြောင့် အိုခြင်း ဇရာ,သေခြင်း မရဏ,စိုးရိမ်ခြင်းသောက,ငိုကြွေးခြင်း ပရိဒေဝ,ဆင်းရဲခြင်း ဒုက္ခ, နှလုံးမသာခြင်း ဒေါမနဿ,ပြင်းစွာပင်ပန်းခြင်း ဥပါယာသတို့ ဖြစ်ကုန်၏၊ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့, သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမကတရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသော

သူအား တဏှာ ချုပ်၏၊တဏှာချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏၊ ဇာတိ ချုပ်ခြင်းကြောင့် အိုခြင်း ဇရာ, သေခြင်း မရဏ, စိုးရိမ်ခြင်း သောက,ငိုကြွေးခြင်း ပရိဒေဝ,ဆင်းရဲခြင်း ဒုက္ခ, နှလုံး မသာခြင်း ဒေါမနဿ,ပြင်းစွာပင်ပန်းခြင်း ဥပါယာသ တို့ ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့,ဥပမာသော်ကား....ဆီကိုငှဲ, မီးစာကို ငှဲ စွဲ၍ ဆီမီးသည် တောက်လောင်နေရာ၏၊ထိုဆီမီး၌ ယောကျ်ားသည် အခါအားလျော်စွာ ဆီကို မသွန်း လောင်း၊မီးစာကိုလည်း မပေးတော့ချေ။ ရဟန်းတို့, ဤသို့ဖြစ်သည်ရှိသော် ထိုဆီမီးသည် ရှေးဖြစ်သော မီးစာ၏ ကုန်ခြင်းကြောင့်ငှဲ တပါးသော မီးစာကိုမရ ခြင်းကြောင့်ငှဲ လောင်စာ မရှိသည်ဖြစ်၍ ငြိမ်းအေး ရာ၏။ ရဟန်းတို့, ဤအတူသာလျှင် သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာချုပ်၏၊ တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်၏။ပ။ ဤသို့လျှင် အလုံး စုံသော ဆင်းရဲအစု ချုပ်၏ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ၊သံ-ပ ဒုက္ခဝဂ္ဂ ၃၊ သံယောဇနသုတ္တ ၁၁၂၊ဋ္ဌဒု ၇၇)

ရဟန်းတို့,ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ပွား၏၊ တဏှာ အကြောင်းခံကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန် အကြောင်းခံကြောင့် ဘဝ ဖြစ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့, ဥပမာသော်ကား.... သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုသစ်ပင်ကြီး၏ အောက်သို့ရှိုင်း ဖီလာကန့်လန့်သို့ရှိုင်း သွားကုန်သော အလုံးစုံသော အမြစ်တို့သည် အထက်သို့ ဩဇာဓာတ်ကိုဆောင်ကုန်၏၊ ရဟန်းတို့,ဤသို့ ဆောင်သည်ရှိသော် ထိုသစ်ပင်ကြီးသည် ထိုဩဇာဓာတ်လျှင် အစာရှိသည်ဖြစ်၍ ထိုဩဇာဓာတ်လျှင် စွဲယူရာ ရှိသည်ဖြစ်၍ ကြာရှည်စွာသော ကာလပတ်လုံး တည်ရာ၏။ရဟန်းတို့, ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ပွား၏၊တဏှာ အကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။

ရဟန်းတို့, ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူ

အား တဏှာချုပ်၏၊တဏှာချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏၊ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏။

ရဟန်းတို့, ဥပမာသော်ကား.... သစ်ပင်ကြီးသည် ရှိရာ၏၊ ထိုအခါ ယောကျ်ားသည် ပေါက်တူး, ခြင်းတောင်းကို ယူပြီးသော် ထိုသစ်ပင်ကို အရင်း၌ ဖြတ်ရာ၏၊အရင်းကို ဖြတ်ပြီး၍ မြေကို တူးရာ၏၊မြေကို တူးပြီး၍ အမြစ်တို့ကို ထုတ်ရာ၏၊ အယုတ်သဖြင့် ပန်းရင်းရိုးမျှလောက်သောအမြစ်ညှောက်ကလေးတို့ကိုသော်လည်း နုတ်ပစ်ရာ၏၊ထိုယောကျ်ားသည် ထိုသစ်ပင်ကို အပိုင်းအပိုင်း ဖြတ်ရာ၏၊ အပိုင်းအပိုင်း ဖြတ်ပြီး၍ ခွဲရာ၏၊ ခွဲပြီး၍ အစိတ်အစိတ်ပြုရာ၏၊အစိတ်အစိတ်ပြုပြီး၍ လေ နေပူ၌ ခြောက်သွေ့စေရာ၏၊လေ နေပူ၌ ခြောက်သွေ့စေပြီး၍ မီးဖြင့် ရှို့ရာ၏၊မီးဖြင့် ရှို့ပြီး၍ ပြာကိုပြုရာ၏၊ ပြာဖြစ်အောင် ပြုပြီး၍ ပြင်းစွာလာသော လေ၌မူလည်း လွှင့်ရာ၏၊လျင်မြန်သော ရေအယဉ်ရှိသော မြစ်၌သော်လည်း မျှောရာ၏၊ ရဟန်းတို့,ဤသို့ ပြုသည်ရှိသော် ထိုသစ်ပင်ကြီးသည် အရင်းပြတ်သည်မူလည်း ဖြစ်ရာ၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးသည်, တဖန်မဖြစ်ခြင်းကို ပြုပြီးသည်, နောင်အခါ၌ တဖန်မဖြစ်ခြင်းသဘော ရှိသည် ဖြစ်ရာ၏။ ရဟန်းတို့, ဤအတူသာလျှင် ဥပါဒါန်၏

အကြောင်းဖြစ်သော တေဘူမက တရားတို့၌ အပြစ်ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ချုပ်၏၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏၊ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝ ချုပ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ-သံပ ဒုက္ခဝဂ်၊ မဟာရုက္ခသုတ္တ ၁၁၄၊ ဋ္ဌ ဒု ၇၇၊ ဋီ ဒု ၉၇)

## နိဒါနသုတ်ကို ပြခြင်း

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ နေထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ "အရှင်ဘုရား အံ့ဖွယ်ရှိစွ တကား၊ အရှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်စွ တကား၊ အရှင်ဘုရား ဤပဋိစ္စသမုပ္ပါဒ်သည် အလွန်လည်း နက်နဲပါ၏၊ နက်နဲသော အရိပ်အရောင်လည်း ထင်ပါ၏၊ ထိုသို့ပင် ဖြစ်ပါသော်လည်း အကျွန်ုပ်အား တိမ်သကဲ့သို့ ထင်ပါ၏"ဟု လျှောက်၏။

အာနန္ဒာ, ဤသို့ မဆိုလင့်၊ အာနန္ဒာ, ဤပဋိစ္စသမုပ္ပါဒ်သည် နက်လည်းနက်နဲ၏၊ နက်နဲသော အရိပ်အရောင်လည်းရှိ၏၊ အာနန္ဒာ, ဤပဋိစ္စသမုပ္ပါဒ်တရားကိုလျော်စွာ

မသိနိုင်သောကြောင့် ဤသတ္တဝါအပေါင်းသည် ရက်ကန်းချည်ထွေးကဲ့သို့၎င်း စာပေါင်းသိုက်ကဲ့သို့၎င်း မြူဆံမြက် ပြိန်းမြက်ကဲ့သို့၎င်း ဖြစ်၍ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး ကျရောက်ရာ ဖြစ်သော သံသရာကို မလွန်မြောက်နိုင်။

အာနန္ဒာ,ဥပါဒါန်၏ အကြောင်းဖြစ်သော တောဘူမက တရားတို့၌ သာယာဖွယ်ဟု ရှုသည်ဖြစ်၍ နေသော သူအား တပ်မက်မှု တဏှာသည် ပွား၏၊ တဏှာ အကြောင်းခံကြောင့် ပြင်းစွာ စွဲလမ်းမှု ဥပါဒါန် ဖြစ်၏၊ ဥပါဒါန် အကြောင်းခံကြောင့် ဘဝ ဖြစ်၏၊ ဘဝ အကြောင်းခံကြောင့် ပဋိသန္ဓေနေမှု ဇာတိ ဖြစ်၏၊ ဇာတိ အကြောင်းခံကြောင့် အိုခြင်း ဇရာ, သေခြင်း မရဏ, စိုးရိမ်ခြင်း သောက, ငိုကြွေးခြင်း ပရိဒေဝ, ဆင်းရဲခြင်း ဒုက္ခ,နှလုံးမသာခြင်း ဒေါမနဿ, ပြင်းစွာ ပင်ပန်းခြင်း ဥပါယာသတို့ ဖြစ်ကုန်ရာ၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု၌ ဖြစ်၏။

အာနန္ဒာ, ဥပမာသော်ကား.... သစ်ပင်ကြီးသည် ရှိရာ၏၊ထိုသစ်ပင်၏ အောက်သို့၎င်း, ဖီလာကန့်လန့်သို့၎င်း သွားကုန်သော အလုံးစုံသော အမြစ်တို့သည် အထက်သို့ သြဇာဓာတ်ကို ဆောင်ကုန်၏၊ အာနန္ဒာ,

ဤသို့ ဖြစ်သည့်ရှိသော် ထိုသစ်ပင်ကြီးသည် ထိုဩဇာ ဓာတ်လျှင် အစာ ရှိသည်ဖြစ်၍ ထိုဩဇာ ဓာတ်လျှင် စွဲယူရာ ရှိသည်ဖြစ်၍ ကြာရှည်စွာသော ကာလပတ်လုံး တည်ရာ၏၊ အာနန္ဒာ, ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ သာယာ ဖွယ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာပွား၏၊ တဏှာအကြောင်းခံကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန် အကြောင်းခံကြောင့် ဘဝ ဖြစ်၏။ပ။ဤသို့လျှင် အလုံးစုံ သော ဆင်းရဲအစု ဖြစ်၏။

အာနန္ဒာ,ဥပမာသော်ကား-သစ်ပင်ကြီးသည်ရှိရာ၏၊ ထိုအခါ၌ ယောကျ်ားသည် ပေါက်တူး,ခြင်းတောင်းကို ယူ၍လာရာ၏၊ထိုယောကျ်ားသည်ထိုသစ်ပင်ကိုအရင်း၌ ဖြတ်ရာ၏၊ အရင်း၌ ဖြတ်ပြီး၍ မြေကိုတူးရာ၏၊ မြေကို တူးပြီး၍ အမြစ်တို့ကိုထုတ်ရာ၏၊အယုတ်သဖြင့် ပန်းရင်း ရိုးမျှလောက်ဖြစ်သော အမြစ် အညှောက်ကလေးကို ပင် သော်လည်း နုတ်ရာ၏၊ထိုယောကျ်ားသည် သစ်ပင် ကို အပိုင်းအပိုင်း ဖြတ်ရာ၏၊ အပိုင်းအပိုင်း ဖြတ်ပြီး၍ ခွဲရာ၏၊ခွဲပြီး၍ အစိတ်အစိတ် ပြုရာ၏၊ အစိတ်အစိတ်ပြု ပြီး၍ လေ နေပူ၌ ခြောက်သွေ့စေရာ၏၊ လေ နေပူ၌ ခြောက်သွေ့စေပြီး၍ မီးဖြင့် ရှို့ရာ၏၊ မီးဖြင့် ရှို့ပြီး၍

ပြာပြုရာ၏၊ ပြာဖြစ်အောင် ပြုပြီး၍ ပြင်းစွာ လာသော လေ၌မူလည်း လွင့်ရာ၏၊ လျင်မြန်သော ရေအယဉ်ရှိသော မြစ်၌မူလည်း မျှောရာ၏၊အာနန္ဒာ,ဤသို့ပြုသည်ရှိသော် ထိုသစ်ပင်ကြီးသည် အရင်းပြတ်သည်မူလည်း ဖြစ်ရာ၏၊ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးသည် တဖန်မဖြစ်ခြင်းကိုပြုပြီးသည် နောင်အခါ၌ တဖန်မဖြစ်ခြင်းသဘောရှိသည် ဖြစ်ရာ၏။ အာနန္ဒာ,ဤအတူသာလျှင် ဥပါဒါန်၏ အကြောင်းဖြစ်သော တေဘူမက တရားတို့၌ အပြစ်ဟု ရှုသည်ဖြစ်၍ နေသောသူအား တဏှာ ချုပ်၏၊ တဏှာ ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏၊ ဇာတိ ချုပ်ခြင်းကြောင့် အိုခြင်း ဇရာ, သေခြင်း မရဏ, စိုးရိမ်ခြင်း သောက, ငိုကြွေးခြင်း ပရိဒေဝ, ဆင်းရဲခြင်း ဒုက္ခ, နှလုံးမသာခြင်း ဒေါမနဿ,ပြင်းစွာ ပင်ပန်းခြင်း ဥပါယာသတို့ ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်၏ဟု ဟောတော်မူ၏။

(ဆင္ဓမူ သံ-ပ ဒုက္ခဝဂ္ဂ-နိဒါနသုတ္တ ၃၀၇၊ ဋ္ဌဒု ၇၉၊
ဋီ ဒု ၉၀-၁၀၄-ထိ)

အဘယ် လေးမျိုးတို့နည်း ဟူမူကား....

(၁) ကြမ်းတမ်းသည်လည်းဖြစ်စေ၊ နူးညံ့သည်လည်း ဖြစ်စေ အလုပ်အလွေးကို ပြု၍ မျိုအပ်သော ကဗဠိကာရ အာဟာရ။

(၂) နှစ်ခုမြောက် ဖြစ်သော ဖဿာဟာရ။

(၃) သုံးခုမြောက် ဖြစ်သော မနောသဉ္စေတနာဟာရ။

(၄) လေးခုမြောက် ဖြစ်သော ဝိညာဏာဟာရ တို့ တည်း။

ရဟန်းတို့၊ ဖြစ်ပြီး သတ္တဝါတို့ တည်ခြင်းငှါလည်း၊ ဖြစ်ဆဲ သတ္တဝါတို့အား ချီးမြှောက် ထောက်ပံ့ခြင်းငှါလည်း ဖြစ်ကုန်သော ဆောင်တတ်သော အာဟာရတို့သည် ဤလေးမျိုးတို့တည်း။

(၁) ရဟန်းတို့၊ ကဗဠိကာရ အာဟာရကို အဘယ်သို့ မှတ်အပ်သနည်း— ရဟန်းတို့၊ ဥပမာသော်ကား.... လင်မယား နှစ်ယောက် တို့သည် အနည်းငယ်သော ရိက္ခာကို ယူ၍ သွားလာမှု ခက်သော ခရီးခဲသို့ သွားကုန်ရာ၏၊ ထိုလင်မယားနှစ်ယောက်တို့အား ချစ်ခင်အပ် နှလုံးကို ပွားစေတတ်သော တယောက်တည်းသော သားငယ်သည်လည်း ရှိရာ၏၊ ရဟန်းတို့၊ ထိုအခါ ခရီးခဲ သို့ သွားကုန်သော ထိုလင်မယား နှစ်ယောက်တို့အား

အနည်းငယ်သော စားနပ် ရိက္ခာသည် ကုန်ခြင်းသို့ ရောက်ရာ၏၊ ထိုလင်မယား နှစ်ယောက်တို့အား မကူး မြောက်ကြရသေးသော ဤခရီးခဲသည်လည်း ကြွင်းကျန် သေး၏၊ရဟန်းတို့,ထိုအခါ ထိုလင်မယား နှစ်ယောက် တို့အား ဤသို့သော အကြံသည် ဖြစ်၏၊ "ငါတို့အား အနည်းငယ်မျှသော ရိက္ခာသည်လည်း ကုန်ခန်းပြီ၊ မကူးမြောက်ကြရသေးသော ခရီးခဲသည်လည်း ကြွင်း ကျန်သေး၏၊အကယ်၍ ငါတို့သည် ချစ်ခင်အပ် နှလုံး ကို ပွားစေတတ်သော တယောက်တည်းသော သား ငယ်ကို သတ်၍ အသားညှပ် အသားတုံး ပြုပြီးလျှင် သားငယ်၏ အသားတို့ကို စားကုန်လျက် ကြွင်းကျန် သေးသော ခရီးခဲကို ကူးမြောက်ကြရမူကား ကောင်း လေရာ၏၊ သုံးယောက်စလုံး မပျက်စီးပါစေကုန်လင့်" ဟု အကြံဖြစ်၏။ ရဟန်းတို့, ထိုအခါ လင်မယား နှစ်ယောက်တို့သည် ချစ်ခင်အပ် နှလုံးကို ပွားစေတတ် သော ထိုတယောက်တည်းသော သားငယ်ကို သတ်၍ အသားညှပ် အသားတုံး ပြုပြီးလျှင် သားငယ်၏ အသားတို့ကို စားကုန်လျက် ဤသို့ ကြွင်းကျန်သေး သော ထိုခရီးခဲကို ကူးမြောက်ကုန်ရာ၏၊ ထိုလင်မယား နှစ်ယောက်တို့သည် သားငယ်၏ အသားတို့ကို စား လည်း စားကုန်၏။ "တယောက်တည်းသော သား

ကလေး အဘယ်မှာနည်း၊ တယောက်တည်းသော သားကလေး အဘယ်မှာနည်း” ဟု ဆို၍ ရင်တို့ကို လည်း ထုကုန်ရာ၏။

ရဟန်းတို့, ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန် သနည်း.... ထိုလင်မယား နှစ်ယောက်တို့သည် မြူးထူး ခြင်းငှါလည်း အာဟာရကိုသုံးဆောင်ကုန်ရာသလော၊ မာန်ယစ်ခြင်းငှါလည်း အာဟာရကို သုံးဆောင်ကုန်ရာ သလော၊ တန်းဆာဆင်ခြင်းငှါလည်း အာဟာရကို သုံးဆောင်ကုန်ရာသလော၊ အပြေအပြစ် ပြုခြင်းငှါ လည်း အာဟာရကို သုံးဆောင်ကုန်ရာသလော ဟု မေးတော်မူ၏။အရှင်ဘုရား,ဤသို့မဟုတ်ပါ။ ရဟန်းတို့, ထိုလင်မယား နှစ်ယောက်တို့သည် ခရီးခဲကို ကူး မြောက်ရုံငှါသာလျှင် အာဟာရကို သုံးဆောင်ကြကုန် သည် မဟုတ်ပါလောဟု မေးတော်မူ၏။ အရှင်ဘုရား, ဟုတ်ပါ၏။ ရဟန်းတို့, ဤအတူသာလျှင် ကဗဠီကာရ အာဟာရကို မှတ်အပ်၏ဟူ၍ ငါဘုရားဟောတော် မူ၏။ ရဟန်းတို့, ကဗဠီကာရ အာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် ကာမဂုဏ်ငါးပါး၌ တပ်မက်မှု ကာမ ရာဂကို ပိုင်းခြား၍ သိနိုင်၏၊ ကာမဂုဏ်ငါးပါး၌ တပ် မက်မှု ကာမရာဂကို ပိုင်းခြား၍ သိသည်ရှိသော် အရိ ယာ တပည့်သည် အကြင် ကာမဂုဏ်၌ တပ်မက်မှု

နှောင်ဖွဲ့မှု ကာမရာဂသံယောဇဉ်နှင့် ယှဉ်သည်ဖြစ်၍ တဖန် ဤကာမဂုဏ်လောကသို့ လာရောက်၏၊ ထို နှောင်ဖွဲ့မှု သံယောဇဉ်သည် မရှိ။

(၂) ရဟန်းတို့, ဖဿာဟာရကို အဘယ်သို့ မှတ်အပ်သနည်း— ရဟန်းတို့, ဥပမာသော်ကား.... အရေ မရှိသော နွားမသည် နံရံကိုမှီ၍ တည်ငြားအံ့, နံရံကို မှီ၍ နေကုန်သော သတ္တဝါတို့သည် ထိုနွားမကို ကိုက်ခဲ ကုန်ရာ၏၊အကယ်၍ သစ်ပင်ကိုမှီ၍ တည်ငြားအံ့, ထို အရပ်ကို မှီ၍ နေကုန်သော သတ္တဝါတို့သည် နွားမကို ကိုက်ခဲကုန်ရာ၏၊အကယ်၍လဟာပြင်ကိုမှီ၍ တည်ငြား အံ့, လဟာပြင်ကို မှီ၍ နေကုန်သော သတ္တဝါတို့သည် ထိုနွားမကို ကိုက်ခဲကုန်ရာ၏၊ ရဟန်းတို့, မည်သည့် အရပ်မဆို တခုခုသော အရပ်ကို မှီ၍ တည်ငြားအံ့, ထိုအရပ်ကို မှီ၍ နေကုန်သော သတ္တဝါတို့သည် ထို နွားမကို ကိုက်ခဲကုန်ရာ၏။ ရဟန်းတို့, ဤအတူပင်လျှင် ဖဿာဟာရကို မှတ်အပ်၏ ဟူ၍ ငါဘုရား ဟောတော် မူ၏။ရဟန်းတို့, ဖဿာဟာရကို ပိုင်းခြား၍ သိသည်ရှိ သော် ဝေဒနာ သုံးပါးတို့ကို ပိုင်းခြား၍ သိနိုင်၏၊ ဝေဒနာ သုံးပါးတို့ကို ပိုင်းခြား၍ သိသည်ရှိသော် အရိယာတပည့်အား အထက်၌ ပြုဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပြီဟု ငါဘုရား ဟောတော်မူ၏။

(၃) ရဟန်းတို့,မနောသဉ္စေတနာဟာရကို အဘယ်သို့ မှတ်အပ်သနည်း— ရဟန်းတို့,ဥပမာသော်ကား.... တသူ(လက်ခုပ်တဖောင်)ကျော်မျှရှိသော မီးကျီးတွင်းသည် အခိုးအလျှံကင်းသော မီးကျီးတို့ဖြင့် ပြည့်ရာ၏၊ ထိုအခါ အသက်ရှည်လိုသော မသေလိုသော ချမ်းသာကို အလိုရှိသော ဆင်းရဲကို စက်ဆုပ်သော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားကို အားကြီးကုန်သော ယောကျ်ားနှစ်ယောက်တို့သည် လက်မောင်း အသီးအသီးတို့၌ ကိုင်၍ ထိုမီးကျီးတွင်းသို့ ဆွဲငင်ကုန်ရာ၏၊ ရဟန်းတို့,ထိုအခါ ထိုယောကျ်ားအား မီးကျီးစုမှ ဝေးလိုသော စေတနာ, ဝေးလိုသော တောင့်တမှု, ဝေးလိုသော ဆောက်တည်မှုသည် ဖြစ်ရာ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း- ရဟန်းတို့, ထိုယောကျ်ားအား "ငါသည် အကယ်၍ ဤမီးကျီးတွင်းသို့ ကျအံ့, ထိုမီးကျီးတွင်းသို့ ကျခြင်းကြောင့် သေခြင်းသို့သော်၎င်း သေလောက်နီးပါး ဆင်းရဲခြင်းသို့သော်၎င်း ရောက်လိမ့်မည်" ဟု ဤအကြံသည် ဖြစ်ရာသောကြောင့်တည်း။ ရဟန်းတို့,ဤအတူသာလျှင် မနောသဉ္စေတနာဟာရကို မှတ်အပ်၏ ဟူ၍ ငါဘုရား ဟောတော်မူ၏။ ရဟန်းတို့, မနောသဉ္စေတနာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် တဏှာသုံးပါးတို့ကို ပိုင်းခြား၍ သိနိုင်၏၊

တဏှာသုံးပါးတို့ကို ပိုင်းခြား၍ သိသည်ရှိသော် အရိယာ တပည့်အား အထက်၌ ပြုဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပြီဟု ငါဘုရား ဟောတော်မူ၏။

(၄) ရဟန်းတို့, ဝိညာဏာဟာရကို အဘယ်သို့ မှတ်အပ်သနည်း— ရဟန်းတို့, ဥပမာသော်ကား.... ယုတ်ညံ့သော အကျင့်ရှိသော သူခိုးကို ဖမ်း၍ "အရှင်မင်း,ဤသူသည် ယုတ်ညံ့သော အကျင့်ရှိသော သူခိုးပါတည်၊ ဤသူအား အရှင်မင်းကြီး အလိုရှိတိုင်းသော ဒဏ်ကို စီရင်တော်မူပါလော့"ဟု မင်းအား ပြကုန်၏၊ ထိုမင်းချင်းယောကျ်ားတို့ကို မင်းသည် "အချင်းတို့ သွားကြကုန်လော့၊ဤယောကျ်ားကို နံနက်အခါ၌ လှံပေါင်း တရာတို့ဖြင့် ထိုးသတ်လော့"ဟု ဆို၏၊ ထို ယောကျ်ားကို နံနက်အခါ၌ လှံပေါင်း တရာတို့ဖြင့် ထိုးသတ်ကုန်ရာ၏၊ ထိုအခါ မင်းကြီးသည် နေ့လယ် အခါ၌ "မင်းချင်းတို့, ထိုယောကျ်ားသည် အဘယ်သို့ ရှိလေသနည်း"ဟု မေးရာ၏၊"မင်းမြတ်,ထိုအတိုင်း ပင် လျှင် အသက်ရှင်လျက် နေပါ၏"ဟု လျှောက်ကုန်၏၊ ထိုမင်းချင်းယောကျ်ားတို့ကို မင်းသည် "အချင်းတို့, သွားကြကုန် ထိုယောကျ်ားကို နေ့လယ်အခါ၌ လှံပေါင်း တရာတို့ဖြင့် ထိုးသတ်ကုန်ရာ၏"၊ ထိုနောက်

"မင်းမြတ်,ထိုအတိုင်းပင်လျှင် အသက်ရှင်လျက် နေပါ၏"ဟု လျှောက်၏၊ ထိုမင်းချင်းယောက်ျားတို့ကို မင်းသည် "အချင်းတို့ သွားကြကုန် ညချမ်းအခါ၌ လှံပေါင်း တရာတို့ဖြင့် ထိုးသတ်ကုန်ရာ၏"။ ရဟန်းတို့, ထိုအရာကို အဘယ်သို့မှတ်ထင်ကြကုန်သနည်း....တနေ့တည်း၌ လှံပေါင်း သုံးရာတို့ဖြင့် ထိုးသတ် ညှဉ်းဆဲအပ်သည်ရှိသော် ထိုလှံပေါင်း သုံးရာတို့ဖြင့် ထိုးခြင်းတည်းဟူသော အကြောင်းကြောင့် ထိုယောက်ျားသည် ဆင်းရဲခြင်း နှလုံးမသာခြင်း ဒုက္ခဝေဒနာကို ခံစားရာသလော"။အရှင်ဘုရား တချောင်းသော လှံဖြင့်ပင် လည်ပင်း ထိုးသတ် ညှဉ်းဆဲသည်ရှိသော် ထိုအကြောင်းကြောင့် ဆင်းရဲခြင်း နှလုံးမသာခြင်း ဝေဒနာကို ခံစားရရာ၏၊လှံပေါင်း သုံးရာတို့ဖြင့် ထိုးသတ်ညှဉ်းဆဲအပ်သော်ကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါတော့အံ့နည်းဟု လျှောက်ကြကုန်၏။ရဟန်းတို့,ဤအတူပင်လျှင် ဝိညာဏာဟာရကို မှတ်အပ်၏ ဟူ၍ ငါဘုရား ဟောတော်မူ၏။ ရဟန်းတို့,ဝိညာဏာဟာရကို ပိုင်းခြား၍ သိသည်ရှိသော် နာမ်ရုပ်ကို ပိုင်းခြား၍ သိနိုင်၏၊နာမ်ရုပ်ကို ပိုင်းခြား၍ သိသည်ရှိသော် အရိ

ယာ တပည့်အား အထက်၌ ပြဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပြီဟု ငါဘုရား မိန့်တော်မူ၏။

(ဆဠာယတနသံယုတ် ပါဠိတော် ၁၊ စတုတ္ထပညာ ၁၂၂၊ ဋီကာ ၉၄၊ ၁၀၉-၁၁၃ ထိ)

( ပဋိစ္စသမုပ္ပါဒ် ပြီး၏ )

---

## နခသိခါသုတ်ကို ပြဆိုခြင်း

ထိုအခါ မြတ်စွာဘုရားသည် လက်သည်းဖျား၌ မြေမှုန့် အနည်းငယ်ကို တင်၍ ရဟန်းတို့ကို မိန့်တော်မူ၏။ အရှင်ဘုရား, ထိုမြေကြီးသည်သာလျှင် အလွန်များလှပါ၏၊ လက်သည်းဖျား၌ မြတ်စွာဘုရား တင်ထားအပ်သော နည်းပါးလှသော မြေမှုန့် အနည်းငယ်မျှသာတည်း၊ မြတ်စွာဘုရား လက်သည်းဖျား၌ တင်ထားအပ်သော မြေမှုန့် အနည်းငယ်သည် ဤမြေကြီးကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမှီနိုင်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမှီနိုင်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမှီနိုင်ပါဘုရား။

ရဟန်းတို့, ဤအတူသာလျှင် အရိယာ တပည့်ဖြစ်သော ညာဏ်အမြင်နှင့် ပြည့်စုံသော သတ္တဝါလေးပါး

တရားတို့ကို ထိုးထွင်း၍ သိပြီးသော ပုဂ္ဂိုလ်အား ကုန်ပြီး ဆုံးပြီးဖြစ်သော ဆင်းရဲဒုက္ခသည်သာလျှင် အလွန်များ၏၊ ကြွင်းကျန်သော ဆင်းရဲဒုက္ခသည် အနည်းငယ်သာတည်း၊ ခုနစ်ဘဝ အတိုင်းအရှည်ရှိသောဆင်းရဲဒုက္ခသည် ရှေး၌ ကုန်ဆုံးပြီးသော ဆင်းရဲအစုကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမီနိုင်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမီနိုင်။ ရဟန်းတို့, သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းသည် ဤသို့ အကျိုးရှိလှ၏၊ ရဟန်းတို့, တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးရှိလှ၏ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ သံ-ပ အဘိသမယသံယုတ္တ ၁၊ နခသိခါသုတ္တ ၃၅၂၊ ဋ္ဌဒု ၁၁၉၊ ဋီဒု-၁၂၇)

---

## ပေါက္ခရဏီသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဥပမာသော်ကား.... အလျား ယူဇနာငါးဆယ်, အနံ ယူဇနာ ငါးဆယ်, အစောက် ယူဇနာ ငါးဆယ် ရှိသော ရေကန်သည် ရေဖြင့် ပြည့်၏၊ ကမ်းနှင့်အမျှ ဖြစ်၏၊ ကျီးသောက်နိုင်လောက်၏၊ ယောကျ်ား

သည် ထိုရေကန်မှ ရေကို သမန်းမြက်ဖျားဖြင့် ထုတ်ယူရာ၏၊ရဟန်းတို့,ထိုအရာကို အဘယ်သို့မှတ်ထင် ကုန်သနည်း.... သမန်းမြက်ဖျားဖြင့် ထုတ်ယူအပ်သော ရေနှင့် ရေကန်တွင်း၌ ရှိသောရေသည် အဘယ်က ပို၍ များသနည်းဟု မိန့်တော်မူ၏။

အရှင်ဘုရား, ရေကန်တွင်း၌ရှိသော ရေသည်သာ လျှင် များလှပါ၏၊ သမန်းမြက်ဖျားဖြင့် ထုတ်ယူအပ် သော ရေသည် နည်းလှပါ၏၊ သမန်းမြက်ဖျားဖြင့် ထုတ်ယူအပ်သော ရေသည် ရေကန်၌ရှိသော ရေကို ထောက်ထားလျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှမမှီ နိုင်၊အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမှီနိုင်၊အစိတ် တသိန်းစိတ်၍ တစိတ်ကိုမျှ မမှီနိုင်ပါဘုရား။

ရဟန်းတို့, ဤအတူသာလျှင် အရိယာတပည့် ဖြစ် သော ဉာဏ်အမြင်နှင့် ပြည့်စုံသော သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိပြီးသော ပုဂ္ဂိုလ်အား ပြီးဆုံး ပြီးသော ဆင်းရဲဒုက္ခသည်သာလျှင် အလွန် များ၏၊ ကြွင်းကျန်သော ဆင်းရဲဒုက္ခသည် အနည်းငယ်မျှသာ တည်း၊ခုနစ်ဘဝ အတိုင်းအရှည်ရှိသော ဆင်းရဲစုသည် ရှေး၌ ကုန်ဆုံးပြီးသော ဆင်းရဲအစုကို ထောက်ထား လျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမှီနိုင်၊ အစိတ် တထောင်စိတ်၍ တစိတ်ကိုမျှ မမှီနိုင်၊ အစိတ်တသိန်း

စိတ်၍ တစိတ်ကိုမျှ မမှီနိုင်၊ ရဟန်းတို့, သစ္စာလေးပါး တရားကို သိခြင်းသည် ဤသို့ အကျိုးကြီးလှ၏၊ တရား မျက်စိ သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ၊သံ·ပ ၂၊ပေါက္ခရဏီသုတ္တ ၃၅၂၊ဋ္ဌဒု ၁၁၉)

---

## ပဗ္ဗတသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဥပမာသော်ကား.... ယောကျ်ားသည် မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခု တို့ကို ဟိမဝန္တာတောင်မင်း၏ အနီး၌ ချထားရာ၏၊ ရဟန်းတို့,ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း အနီး၌ ချထားအပ်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခဲတို့နှင့် ဟိမဝန္တာတောင်မင်း သည် အဘယ်ကပို၍ များသနည်းဟု မိန့်တော်မူ၏။

အရှင်ဘုရား, ဟိမဝန္တာတောင်မင်းသည် များလှ ပါ၏၊ အနီး၌ ချထားအပ်သော မုန်ညင်းစေ့မျှလောက် သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည် နည်းလှပါကုန် ၏၊ အနီး၌ ချထားအပ်သော မုန်ညင်းစေ့မျှလောက် သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည် ဟိမဝန္တာတောင် မင်းကို ထောက်လျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ

မဓိနိုင်ကုန်၊အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မဓိနိုင်ကုန်၊အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မဓိနိုင်ပါကုန်။

ရဟန်းတို့, ဤအတူသာလျှင်။ ပ။ တရားမျက်စိသောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုကို ရခြင်းသည် ဤသို့အကျိုးကြီးလှ၏ဟု မိန့်တော်မူ၏။

## ဒုတိယ ပဗ္ဗတသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ဥပမာသော်ကား.... မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခဲတို့သာ ကြွင်းကျန်၍ ဟိမဝန္တာတောင်မင်းသည် ကုန်ခန်းရာ၏၊ ရဟန်းတို့,ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း ဟိမဝန္တာတောင်မင်း၏ ကုန်ခန်းပြီး မြေနှင့် ကြွင်းကျန်သော မုန်ညင်းစေ့ မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည် အဘယ်က ပို၍ များသနည်းဟု မေးတော်မူ၏။

အရှင်ဘုရား, ဟိမဝန္တာတောင်မင်း၏ ကုန်ခန်းသောမြေသည်သာလျှင် များလှပါ၏၊ ကြွင်းကျန်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည် နည်းပါကုန်၏၊ကြွင်းကျန်ကုန်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ခုနစ်ခုတို့သည်

ဟိမဝန္တာတောင်မင်း၏ ကုန်ခန်းသောမြေကို ထောက်ထား၍လျှင် အစိတ်တရာစိတ်၍ တစိတ်ကိုမျှ မမှီနိုင်ကုန်၊ အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမှီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမှီနိုင်ပါကုန်။

ရဟန်းတို့, ဤအတူသာလျှင် အရိယာတပည့်ဖြစ်သော ဉာဏ်အမြင်နှင့် ပြည့်စုံသော သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိပြီးသော ပုဂ္ဂိုလ်အား ကုန်ဆုံးခြင်းသို့ ရောက်သော ဆင်းရဲမှုဒုက္ခ သည်သာလျှင် များလှ၏၊ ကြွင်းကျန်သော ဆင်းရဲဒုက္ခ သည်ကား အနည်းငယ်မျှသာတည်း။ ခုနစ်ဘဝ အတိုင်းအရှည်ရှိသော ဆင်းရဲအစုသည် ရှေး၌ ကုန်ဆုံးပြီးသော ဆင်းရဲအစုနှင့် နှိုင်းစာသော် အစိတ်တရာ စိတ်၍ တစိတ်ကိုမျှ မမှီနိုင်၊အစိတ်တထောင်စိတ်၍ တစိတ်ကိုမျှ မမှီနိုင်ကုန်၊ အစိတ်တသိန်းစိတ်၍ တစိတ်ကိုမျှ မမှီနိုင်ကုန်၊ရဟန်းတို့, သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိခြင်းသည် ဤသို့ အကျိုးကြီးလှ၏၊ တရားမျက်စိသောတာပတ္တိမဂ်ဉာဏ် မြေစကျွုကို ရခြင်းသည် ဤသို့ အကျိုးကြီးလှ၏ဟု ဟောတော်မူ၏။

(ဆင္ဂမူ-သံ ပ ဒုတိယပဗ္ဗတသုတ္တ ၃၅၆)

## သဒ္ဓမ္မပ္ပဋိရူပကသုတ်ကို ပြဆိုခြင်း

ထိုအခါ အရှင်မဟာကဿပသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခု သောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤ စကားကို လျှောက်၏၊ "အရှင်ဘုရား, ရှေးက သိက္ခာ ပုဒ်တို့သည် အလွန်နည်းလှသည်သာလျှင် ဖြစ်ကုန်၏၊ များစွာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏၊အကြောင်း အထောက်အပံ့ကား အဘယ် ပါနည်း....၊ အရှင်ဘုရား,ယခုအခါ၌ သိက္ခာပုဒ်တို့သည် အလွန်များသည်သာလျှင် ဖြစ်ကုန်၏၊အလွန်နည်းသည် သာလျှင် ဖြစ်ကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကြကုန်၏၊ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု လျှောက်၏။

ကဿပ, ထိုအရာသည် ဤသို့ဖြစ်၏၊ သတ္တဝါတို့ ဆုတ်ယုတ်ကုန်သည်ရှိသော်, သူတော်ကောင်းတရား ကွယ်သည်ရှိသော် သိက္ခာပုဒ်တို့သည် အလွန်များသည် သာလျှင် ဖြစ်ကုန်၏၊ အလွန်နည်းသည်သာလျှင်ဖြစ်ကုန် သော ရဟန်းတို့သည်လည်း အရဟတ္တဖိုလ်၌ တည် ကုန်၏။ ကဿပ, အကြင်မျှလောက် ကာလပတ်လုံး လောက၌ တရားအတုအယောင် မဖြစ်ပေါ်လာသေး,

ထိုမျှလောက်သော ကာလပတ်လုံး သူတော်ကောင်း တရားမကွယ်သေး၊ ကဿပ, အကြင် အခါ၌ကား လောက၌သူတော်ကောင်းတရားအတုအယောင်သည် ဖြစ်ပေါ်လာ၏၊ ထိုအခါ၌ သူတော်ကောင်းတရား ကွယ်ခြင်းသည် ဖြစ်၏။

ကဿပ, ဥပမာသော်ကား.... အကြင်မျှလောက် ကာလပတ်လုံး လောက၌ ရွှေတုသည် မဖြစ်ပေါ်လာသေး, ထိုမျှလောက်ကာလပတ်လုံး ရွှေစစ်မကွယ်သေး၊ ကဿပ, အကြင်အခါ လောက၌ ရွှေတုသည် ဖြစ်ပေါ်လာ၏၊ ထိုအခါ၌ ရွှေစစ်၏ ကွယ်ခြင်းသည် ဖြစ်ပေါ်လာ၏။ ကဿပ, ဤအတူသာလျှင် အကြင်မျှလောက် ကာလပတ်လုံး လောက၌ သူတော်ကောင်း တရား အတုအယောင်သည် မဖြစ်ပေါ်လာသေး, ထိုမျှလောက်သော ကာလပတ်လုံး သူတော်ကောင်း တရား မကွယ်သေး၊ ကဿပ, အကြင်အခါ လောက၌ သူတော်ကောင်းတရား အတုအယောင်သည် ဖြစ်ပေါ်လာ၏၊ထိုအခါ၌ သူတော်ကောင်းတရား၏ ကွယ်ခြင်းသည် ဖြစ်၏။

ကဿပ, ပထဝီဓာတ်သည် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊အာပေါဓာတ်သည် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ တေဇော

ခတ်သည့် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ ဝါယောခတ်သည့် သူတော်ကောင်းတရားကို မကွယ်ပျောက်စေနိုင်၊ စင်စစ်သော်ကား— အကြင်ယောကျ်ားတို့သည် ဤသူတော်ကောင်းတရားကို ကွယ်စေကုန်၏၊ မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်ကုန်သော ထိုယောကျ်ားတို့သည် သာသနာတော်၌သာ ဖြစ်ပေါ်ကုန်၏၊ လှေသည် ဝန်ကို ယူဆောင်ခြင်းဖြင့်သာလျှင် နစ်မြုပ်ရသကဲ့သို့ ကဿပ,ဤအတူသာလျှင် သူတော်ကောင်းတရား၏ ကွယ်ခြင်းသည် မဖြစ်။

ကဿပ, အောက်သို့ သက်စေတတ်ကုန်သော ဤတရား ငါးမျိုးတို့သည် သူတော်ကောင်းတရား မှေးမှိန်ခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ငါးမျိုးတို့နည်း ဟူမူကား....

(၁) ကဿပ, ဤ သာသနာတော်၌ ရဟန်းယောကျ်ား,ရဟန်းမိန်းမ၊ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ တို့သည် မြတ်စွာဘုရား၌ မရိုသေ မတုပ်ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏။

(၂) တရားတော်၌ မရိုသေ မတုပ်ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏။

(၃) သံဃာတော်၌ မရိုသေ မတုပ်ဝပ်ကုန်သည်ဖြစ်၍ နေကုန်၏။
(၄) အကျင့်သိက္ခာ၌ မရိုသေ မတုပ်ဝပ်ကုန်သည် ဖြစ်၍ နေကုန်၏။
(၅) သမာဓိ၌ မရိုသေ မတုပ်ဝပ်ကုန်သည် ဖြစ်၍ နေကုန်၏။

ကဿပ, အောက်သို့သက်စေတတ်ကုန်သော ဤတရား ငါးမျိုးတို့သည် သူတော်ကောင်းတရား ဓမှးမှိန်ခြင်းငှါ ကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏။

ကဿပ, ဤသာသနာတော်၌ တရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်ခြင်းငှါ မမှေးမှိန်ခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ငါးမျိုးတို့နည်း....ဟူမူကား—

(၁) ကဿပ,ဤသာသနာတော်၌ရဟန်းယောကျ်ား ရဟန်းမိန်းမ၊ဥပါသကာယောကျ်ား,ဥပါသိကာ မိန်းမ တို့သည် မြတ်စွာဘုရား၌ ရိုသေ တုပ်ဝပ်ကုန်သည် ဖြစ်၍ နေကုန်၏။
(၂) တရားတော်၌ ရိုသေ တုပ်ဝပ် ကုန်သည် ဖြစ်၍ နေကုန်၏။

(၃) သံဃာတော်၌ ရှိသေ တုပ်ဝပ် ကုန်သည်ဖြစ်၍ နေကုန်၏။

(၄) အကျင့်သိက္ခာ၌ ရှိသေ တုပ်ဝပ်ကုန်သည် ဖြစ်၍ နေကုန်၏။

(၅) သမာဓိ၌ ရှိသေ တုပ်ဝပ် ကုန်သည်ဖြစ်၍ နေကုန်၏။

ကဿပ, ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရား တည်ခြင်းငှါ မမေ့မှိန်ခြင်းငှါ မကွယ်ပျောက်ခြင်းငှါ ဖြစ်ကုန်၏ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ-သံ ပ ကဿပသံယုတ္တ သဒ္ဓမ္မပ္ပတိရူပကသုတ္တ ၄၂၂၊ ဋ္ဌ ၁၈၆၊ ဋီ ၁၇၀)

---

## ဗန္ဓီသသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ခက်ထန်၏၊ထက်မြက်ကြမ်းတမ်း၏၊ အတုမရှိမှု၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကိုရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။

ရဟန်းတို့, ဥပမာသော်ကား.... တံငါသည်သည် အစာတပ်သော ငါးမျှားချိတ်ကို နက်သော ရေအိုင်၌ ပစ်ချရာ၏၊အစာကိုမြင်သော ငါးသည် ထိုငါးမျှားချိတ်

ကို မျိုရာ၏၊ ရဟန်းတို့, တံငါသည်၏ ငါးမျှားချိတ်ကို မျိုမိသော ထိုငါးသည် ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်၏၊ တံငါသည်၏ အလိုရှိတိုင်း ပြုနိုင်သည့် အဖြစ်သို့ ရောက်၏။

ရဟန်းတို့, 'တံငါသည်' ဟူသော ဤအမည်သည် ယုတ်ညံ့သော ကိလေသာမာန်၏ အမည်တည်း။ ရဟန်းတို့, 'ငါးမျှားချိတ်' ဟူသော ဤအမည်သည် လာဘ်ပူဇော်သက္ကာ အကျော်အစော၏ အမည်တည်း။

ရဟန်းတို့, ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောကို သာယာသူ အလိုရှိသူ မည်သည့် ရဟန်းကိုမဆို ကိလေသာမာန်၏ ငါးမျှားချိတ်ကို မျိုသည်ဖြစ်၍ ဆင်းရဲခြင်း ပျက်စီးခြင်းသို့ ရောက်သူ,ယုတ်မာသော ကိလေသာမာန်၏ အလိုရှိတိုင်း ပြုနိုင်သည့် အဖြစ်သို့ ရောက်သူ ရဟန်းဟူ၍ ဆိုအပ်၏။ ရဟန်းတို့, စင်စစ်လျှင် လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ဤသို့ ခက်ထန်၏၊ ထက်မြက်၏၊ ကြမ်းတမ်း၏၊ အတုမရှိမူ၍ ယောဂ၏ ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။

ရဟန်းတို့, ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည်၊ "ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောကို စွန့်ကုန်အံ့၊ ဖြစ်ပေါ်လာသော

လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ငါတို့စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတ္တံ့”ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ သံ-ပ လာဘသက္ကာရသံယုတ္တ ၂၊ ဗဠိသသုတ္တ ၄၂၄၊
ဋ္ဌဒု ၁၉၀၊ ဋီဒု ၁၇၃)

---

## မိဠှကသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ခက်ထန်၏။ပ။ရခြင်း၏အန္တရာယ်ကို ပြုတတ်၏။

ရဟန်းတို့, ဥပမာသော်ကား.... ကျင်ကြီးကိုစားသော မစင်ပိုးသည် ကျင်ကြီးဖြင့် ပြည့်နှက်၏၊ ထိုပိုး၏ ရှေ့မှလည်း ကျင်ကြီးပုံကြီးသည် ရှိ၏၊ ထို ကျင်ကြီးစားသော မစင်ပိုးသည် ထိုကျင်ကြီးဖြင့် တပါးသော မစင်ပိုးတို့ကို“ငါသည် ကျင်ကြီးကိုစား၏၊ကျင်ကြီးဖြင့် ပြည့်နှက်၏၊ ငါ၏ရှေ့မှလည်း ကျင်ကြီးပုံကြီးသည် ရှိ၏”ဟု မထိမဲ့မြင်ပြုရာ၏။ရဟန်းတို့,ဤအတူသာလျှင် ဤသာသနာတော်၌အချို့သောရဟန်းသည် လာဘ်ပူဇော်သက္ကာ အကျော်အစော နှိပ်စက်အပ်သည် သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ နံနက်အခါ ကောင်းစွာဝတ်ရုံလျက် သပိတ်,သင်္ကန်းကို ဆောင်ယူပြီးလျှင် ရွာသို့ဖြစ်

စေ,နိဂုံးသို့ဖြစ်စေ ဆွမ်းအလို့ငှါဝင်၏၊ထိုရဟန်းသည် ထိုရွာ၌ အလိုရှိတိုင်း ဆွမ်းစားပြီးသည်လည်း ဖြစ်၏၊ နက်ဖြန်စားရန်အလို့ငှါ ဖိတ်အပ်သော ဆွမ်းသည် လည်း ရှိ၏၊ ထိုရဟန်းအား သပိတ်ပြည့်သော ဆွမ်း လည်း ရှိ၏၊ ကျောင်းအရံသို့ သွား၍ ရဟန်းအပေါင်း တို့အလယ်၌ "ငါသည် ဆွမ်းကို အလိုရှိတိုင်း စားပြီးပြီ၊ နက်ဖြန်စားရန်အလို့ငှါ ဖိတ်ထားသောဆွမ်းလည်း ရှိ သေး၏၊ သပိတ်ပြည့်သော ဆွမ်းလည်း ရှိ၏၊ သင်္ကန်း, ဆွမ်း,ကျောင်း အိပ်ရာနေရာ, သူနာတို့၏ အထောက် အပံ့ ဆေး အသုံးအဆောင်တို့ကိုလည်း ရ၏၊ တပါး ကုန်သော ဤရဟန်းတို့သည်ကား နည်းသော ဘုန်းကံ ရှိကုန်၏၊ နည်းသော ကန်ခိုးရှိကုန်၏၊ သင်္ကန်း,ဆွမ်း, ကျောင်း အိပ်ရာနေရာ, သူနာတို့၏ အထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို မရကုန်"ဟု ကြွားဝါး၏။ ထို ရဟန်းသည် ထို လာဘ်ပူဇော်သက္ကာ အကျော် အစောဖြင့် နှိပ်စက်အပ်သည် သိမ်းကျုံး ယူငင်အပ် သော စိတ်ရှိသည်ဖြစ်၍ သီလ,သမာဓိ ရှိကုန်သော အခြားရဟန်းတို့ကို မထီမဲ့မြင် ပြု၏၊ ရဟန်းတို့, ထိုသို့ မှတ်ခြင်းသည် ထို မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျာ်းအား ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး အစီးအပွား မရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်၏။

ရဟန်းတို့,ဤသို့လျှင်လာဘ်ပူဇော်သက္ကာ အကျော် အစောသည် ခက်ထန်၏။ပ။ရဟန်းတို့, ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု ဟောတော်မူ၏။

(ဆင္ဒမူ-သံ ပ၊ မိဠ္ဌကသုတ္တ ၄၂၆၊ ဋ္ဌဒု ၁၉၁)

---

## ဘိက္ခုသုတ်ကို ပြခိုခြင်း

ရဟန်းတို့, လာဘ်ပူဇော်သက္ကာ အကျော်အစောသည် "အာသဝေါကုန်ပြီးသော ရဟန္တာအားသော်လည်း အန္တရာယ်ကို ပြုရန် ဖြစ်နိုင်၏"ဟူ၍ ငါဆို၏ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည့်ရှိသော် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား "အရှင်ဘုရား လာဘ်ပူဇော်သက္ကာ အကျော်အစောသည် အဘယ်သို့လျှင် အာသဝေါကုန်ပြီးသော ရဟန္တာအား အန္တရာယ်ပြုရန် ဖြစ်ပါသနည်း"ဟု လျှောက်၏။

အာနန္ဒာ,လာဘ်ပူဇော်သက္ကာ အကျော်အစောကို ထိုရဟန္တာပုဂ္ဂိုလ်၏ မပျက်စီးနိုင်သော ကိလေသာမှ လွတ်မြောက်ရာ အရဟတ္တဖိုလ် သမာဓိ၏ အန္တရာယ်ကို ပြုရန်ဖြစ်၏ဟူ၍ ငါဆိုသည် မဟုတ်၊ အာနန္ဒာ,လာဘ်ပူဇော်သက္ကာ အကျော်အစောကို မမေ့လျော့ ကိလေ

သာကို ပူပန်စေတတ်သော လုံ့လရှိလျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသော ရဟန္တာ ပုဂ္ဂိုလ်သည် ရအပ် ရောက်အပ်ကုန်သော မျက်မှောက် ဘဝ၌ ချမ်းသာစွာနေမှု (ဖလသမာပတ်) တို့၏ အနွံ ရာယ်ပြုရန် ဖြစ်၏ဟူ၍ ငါဆို၏။ အာနန္ဒာ, ဤသို့လျှင် လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ခက်ထန် ၏၊ထက်မြက်၏၊ကြမ်းတမ်း၏၊အတုမရှိသော ယောဂ၏ ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏။

အာနန္ဒာ,ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ ကျင့်ရမည်၊ "ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောကို စွန့်ကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော်သက္ကာ အကျော်အစောသည် ငါ့စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတ္တံ့" ဟူ၍ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု ဟောတော်မူ၏။

(ဆင္ဒမူ သံ-ပ ၁၀၊ဘိက္ခုသုတ္တ ၄၃၄၊ဋ္ဌ ၁၉၄)

---

## နခသိခသုတ်ကို ပြဆိုခြင်း

ထိုအခါ မြတ်စွာဘုရားသည် လက်သည်းဖျား၌ မြေမှုန့် အနည်းငယ်ကို တင်၍ ရဟန်းတို့ကို မိန့်တော်

မူ၏၊ "ရဟန်းတို့, ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း.... လက်သည်းဖျား၌ ငါတင်ထားအပ်သော မြေမှုန့်အနည်းငယ်နှင့် မဟာပထဝီမြေကြီးသည် အဘယ်က ပိုမိုများသနည်း"ဟု မိန့်တော်မူ၏။

အရှင်ဘုရား, ထိုမဟာပထဝီ မြေကြီးသည်သာလျှင် များလှပါ၏၊ လက်သည်းဖျား၌ မြတ်စွာဘုရား တင်ထားအပ်သော မြေမှုန့်သည်ကား အနည်းငယ်မျှသာတည်း၊ မဟာပထဝီမြေကြီးကိုထောက်ဆ၍ လက်သည်းဖျား၌ မြတ်စွာဘုရား တင်ထားအပ်သော အနည်းငယ်မျှသော မြေမှုန့်သည် အရေအတွက်သို့လည်း မရောက်ပါ၊ အထောက်အထားသို့လည်း မရောက်ပါ၊ အစိတ်အပိုင်းသို့လည်း မရောက်ပါဟု လျှောက်ကြကုန်၏။

ရဟန်းတို့, ဤအတူသာလျှင် လူတို့၌ လူပြန်ဖြစ်သော သတ္တဝါတို့သည် နည်းလှကုန်၏၊ စင်စစ်သော်ကား လူ့အဖြစ်မှတပါး အပါယ်ဘုံတို့၌ ဖြစ်ကြသော သတ္တဝါတို့သည်သာလျှင် အလွန်များကုန်၏၊ ရဟန်းတို့, ထို့ကြောင့် "မမေ့လျော့သည်ဖြစ်၍ နေကုန်အံ့"ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ၊ သံ-ပ ဩပမ္မသံယုတ္တ နခသိခသုတ္တ ၄၅၄၊ ဋ္ဌဒု ၂၀၆ ဋ္ဌဒု ၁၀၇)

# ကသင်္ဂရသုတ်ကို ပြဆိုခြင်း

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏.... ရဟန်းတို့, ယခုအခါ လိစ္ဆဝီမင်းတို့သည် အတတ်သင်ခြင်း၌ မမေ့မလျော့ကြမူ၍ သည်းကပ်ခြင်း၌ ပြင်းစွာအားထုတ်ကုန်သည်ဖြစ်၍ သစ်သားတုံးကို ခေါင်းအုံးပြု၍ နေကြကုန်၏၊ မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းသည် ထိုလိစ္ဆဝီမင်းတို့အား နိုင်အံ့သောအခွင့်အရေးကို မရနိုင်၊ နိုင်အံ့သောအကြောင်းကို မရနိုင်။ ရဟန်းတို့, နောင် အနာဂတ်ကာလ၌ လိစ္ဆဝီမင်းတို့သည် သိမ်မွေ့ကုန်သည် သိမ်မွေ့နူးညံ့သော လက်ခြေ ရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ထိုလိစ္ဆဝီမင်းတို့သည် လဲမို့ခေါင်းအုံး ရှိကုန်သော နူးညံ့သော အိပ်ရာတို့၌ နေထွက်သည်တိုင်အောင် အိပ်ကုန်လတ္တံ့၊ မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားတော် အဇာတသတ်မင်းသည် ထိုလိစ္ဆဝီမင်းတို့အား နိုင်အံ့သော အခွင့်အရေးကိုရလတ္တံ့၊နိုင်အံ့သောအကြောင်းကို ရလတ္တံ့။

ရဟန်းတို့,ယခုအခါ၌ရဟန်းတို့သည် မမေ့မလျော့ကြမူ၍ ကမ္မဋ္ဌာန်းအားထုတ်မှု၌ ပြင်းစွာအားထုတ်ကုန်သည်ဖြစ်လျက် သစ်သားတို့ကို ခေါင်းအုံးပြု၍ နေကြကုန်၏၊ယုတ်မာသော ကိလေသာမာန်သည် ထိုရဟန်း

တို့အား အခွင့်အရေးကို မရနိုင်၊အကြောင်းကို မရနိုင်။ ရဟန်းတို့, နောင် အနာဂတ်ကာလ၌ ရဟန်းတို့သည် သိမ်မွေ့ကုန်သည် သိမ်မွေ့နူးညံ့သော လက်ခြေရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ထိုရဟန်းတို့သည် လဲမှို့ခေါင်းအုံးရှိကုန်သော နူးညံ့သော အိပ်ရာတို့၌ နေထွက်သည်တိုင်အောင် အိပ်ကုန်လတ္တံ့၊ယုတ်မာသောကိလေသာမာန်သည် ထိုရဟန်းတို့အား အခွင့်အရေးကို ရလတ္တံ့၊အကြောင်းကိုရလတ္တံ့။ ရဟန်းတို့, ထို့ကြောင့် ဤသာသနာတော်၌ မမေ့မလျော့မှု၍ ကမ္မဋ္ဌာန်းအလုပ်၌ ပြင်းစွာအားထုတ်ကုန်သည်ဖြစ်လျက် သစ်သားတုံးကို ခေါင်းအုံးပြု၍ နေကုန်အံ့ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ-သံပ ဩပမ္မသံယုတ္တ ကလိင်္ဂရသုတ္တ ၄၅၃၊ ဋ္ဌ ဒု ၂၁၁၊ဋီ ဒု ၁၉၁)

---

## မိစ္ဆာရသတ်ကို ပြန်နိုင်ခြင်း

ထိုအခါ ရဟန်းတပါးသည် အလွန်အချိန်ကြာမြင့်စွာ ဒါယကာအိမ်တို့၌ လှည့်လည်၏၊ ထိုရဟန်းကို "အရှင်သည် အလွန်အချိန်ကြာမြင့်စွာ ဒါယကာအိမ်တို့၌ မလှည့်လည်ပါနှင့်" ဟု ရဟန်းတို့ ပြောဆိုကြ

ကုန်၏၊ရဟန်းတို့က ပြောဆိုအပ်သော်လည်း ထိုရဟန်းသည် မရှောင်ကြဉ်။

ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသော နေရာ၌ ထိုင်နေကြကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြကုန်၏။ "အရှင်ဘုရား, ရဟန်းတပါးသည် အလွန်အချိန်ကြာမြင့်စွာ ဒါယကာအိမ်တို့၌ လှည့်လည်ပါ၏၊ထိုရဟန်းကို 'အရှင်သည် အလွန်အချိန်ကြာမြင့်စွာ ဒါယကာအိမ်တို့၌ မလှည့်လည်ပါလင့်'ဟု ဆိုကြပါကုန်၏၊ရဟန်းတို့က ဆိုဆုံးမအပ်သော်လည်း ထိုရဟန်းသည် မရှောင်ကြဉ်ပါ"ဟု လျှောက်ကုန်၏။

ရဟန်းတို့, ရှေးကဖြစ်ဘူးသည်ကား....ကြောင်သည် "ဤကြွက်ငယ်သည် အကြင်အခါ အစာရှာ ထွက်လာလတ္တံ့၊ ထိုအခါ ထိုထွက်လာရာအရပ်၌ပင် ထိုကြွက်ငယ်ကို ဖမ်း၍ စားအံ့"ဟု ကြွက်ငယ်ကို ရှာသည်ဖြစ်၍ အိမ်ခြစပ် အညစ်အကြေးရှိရာ အမှိုက်ပုံ၌ ရပ်တည်၍ နေ၏။ရဟန်းတို့, ထိုအခါ ထိုကြွက်ငယ်သည် အစာရှာရန် သွား၏၊ထိုကြွက်ငယ်ကို ကြောင်သည် ဖမ်းယူလျက် ကောင်းစွာမစားဘဲ အဆောတလျင် မျိုချလိုက်၏။ ထိုကြွက်ငယ်သည် ထိုကြောင်၏ အူမကိုရင်း,အူသိမ်ကိုရင်း

ကိုက်ခဲ၏၊ ထိုကြောင်သည် ထိုကြွက်ကြောင့် သေခြင်းသို့လည်း ရောက်ရာ၏၊ သေလောက်သော ဆင်းရဲသို့လည်း ရောက်ရာ၏။

ရဟန်းတို့, ဤအတူသာလျှင် အချို့သောရဟန်းသည် နံနက်အခါ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် မစောင့်စည်းသောကိုယ်, မစောင့်စည်းသော နှုတ်, မစောင့်စည်းသော စိတ်, မထင်သော သတိ, မပိတ်ဆို့အပ်ကုန်သော ဣန္ဒြေတို့ဖြင့် ရွာသို့ဖြစ်စေ, နိဂုံးသို့ဖြစ်စေ ဆွမ်းခံဝင်၏၊ ထိုရဟန်းသည် ထိုရွာ၌ မလုံမလဲ ဝတ်ရုံသော မာတုဂါမကို မြင်ရသောကြောင့် တပ်စွန်းခြင်း ရာဂသည် ထိုရဟန်း၏ စိတ်ကို ဖျက်ဆီး၏၊ ထိုရဟန်းသည် တပ်စွန်းခြင်း ရာဂ ဖျက်ဆီးအပ်သော စိတ်ဖြင့် သေခြင်းသို့လည်းရောက်ရာ၏၊ သေလောက်သော ဆင်းရဲသို့လည်းရောက်ရာ၏။

ရဟန်းတို့, အကြင်ရဟန်းသည်သိက္ခာချ၍ လူထွက်၏၊ ထိုရဟန်း၏ ဤလူထွက်ခြင်းသည် အရိယာ၏ အဆုံးအမ၌ သေသည် မည်၏၊ ရဟန်းတို့, ဤ ဝုဋ္ဌာနကံ သံဃာဒိသိက် အာပတ်တို့တွင် တပါးပါးသော နွမ်းညစ်သော အာပတ်သို့ ရောက်ခြင်းသည် သေလောက်သော ဆင်းရဲမည်၏၊ ရဟန်းတို့, ထို့ကြောင့် ဤ သာ-

သနာတော်၌ စောင့်စည်းအပ်သော ကိုယ်,စောင့်စည်း အပ်သော နှုတ်,စောင့်စည်းအပ်သော စိတ်, ထင်သော သတိဖြင့် ပိတ်ဆို့အပ်သော ဣန္ဒြေတို့ဖြင့် ရွာသို့ဖြစ် စေ, နိဂုံးသို့ဖြစ်စေ ဆွမ်းခံဝင်ကုန်အံ့ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု ဟောတော်မူ၏။

(ဆဋ္ဌမူ·သံ ၅ ဗိဠာရသုတ္တ ၄၅၉၊ ဋ္ဌဒု ၂၁၃၊ ဋီဒု ၁၉၂)

---

## နဝသုတ်ကို ပြဆိုခြင်း

ထိုအခါ ရဟန်းသစ် တပါးသည် ဆွမ်းစားပြီး နောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ကျောင်းသို့ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ် နေထိုင်၏၊ သင်္ကန်းချုပ်ရာ အခါသမယ၌ ရဟန်းတို့၏ အမှုကြီးငယ်ကို မပြုလုပ်။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ကြကုန်၍ မြတ်စွာဘုရားကို ရှိခိုးကြကုန် လျက် တခုသော နေရာ၌ ထိုင်နေကြကုန်ပြီးသော် မြတ်စွာဘုရားအား "အရှင်ဘုရား, ရဟန်းသစ်တပါး သည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ကျောင်းသို့ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ် နေထိုင်ပါ ၏၊ သင်္ကန်းချုပ်ရာ အခါသမယ၌ ရဟန်းတို့၏ အမှု ကြီးငယ်ကို မပြုလုပ်ပါ"ဟု လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို "ရဟန်း,သင်သည် လာလော့ ငါဘုရား၏စကားဖြင့် ထိုရဟန်းသစ်ကို ခေါ်ချေလော့၊'ငါ့ရှင် မြတ်စွာဘုရားသည် သင့်ကို ခေါ်တော်မူ၏'ဟု ဆိုချေလော့"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား, ကောင်းပါပြီ"ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ပြန်လျှောက်ပြီးလျှင် ထိုရဟန်းသစ်ထံသို့ ချဉ်းကပ်၍ ထိုရဟန်းသစ်အား "ငါ့ရှင်,မြတ်စွာဘုရားသည် သင့်ကို ခေါ်တော်မူ၏" ဟု ဆို၏။ "ငါ့ရှင်,ကောင်းပါပြီ"ဟု ထိုရဟန်းသစ်သည် ထိုလာခေါ်သော ရဟန်းအား ဝန်ခံကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်နေသော ထိုရဟန်းအား မြတ်စွာဘုရားသည် "ရဟန်း သင်သည် 'ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ကျောင်းသို့ဝင်၍ ကြောင့်ကြမဲ့ ဆိတ်ဆိတ်နေ၏၊ သင်္ကန်းချုပ်ရာ အခါသမယ၌ ရဟန်းတို့၏ အမှုကြီးငယ်ကို မပြုလုပ်'ဟူသည် မှန်သလော"ဟု မိန့်တော်မူ၏။ထိုအခါ ရဟန်းသစ်က "အရှင်ဘုရား, အကျွန်ုပ်အား မိမိကိစ္စကို ပြုပါသည်"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်း၏စိတ်ကို မိမိစိတ်ဖြင့်သိ၍ "ရဟန်းတို့, သင်တို့သည် ဤရဟန်းကို

မကဲ့ရဲ့ကုန်လင့်၊ ရဟန်းတို့,ဤရဟန်းသည် အလွန်မြတ်သော စိတ်ကို မှီ၍ ဖြစ်ကုန်သော မျက်မှောက်၌ ချမ်းသာစွာ နေကြောင်းဖြစ်ကုန်သော လေးပါးသောစျာန်တို့ကို အလိုရှိတိုင်း ရ၏၊မငြိုမငြင်ရ၏၊မပင်မပန်းသဖြင့် ရ၏၊လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုကုန်သော အမျိုးသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏”ဟူသော စကားကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏။

“အလုံးစုံသော ဆင်းရဲတို့မှလွတ်ရာဖြစ်သော ဤနိဗ္ဗာန်သို့ ပေါ့ပေါ့လျော့လျော့ အားထုတ်ခြင်းကြောင့် မရောက်နိုင်ရာ၊ အနည်းငယ်သာဖြစ်သော အားအစွမ်းဖြင့်ဤနိဗ္ဗာန်သို့မရောက်၊ ဤသူသည်ကား ရဟန်းသစ်တည်း၊ ဤသူကား ယောကျ်ားမြတ်တည်း၊ စစ်သည် မိုလ်ပါနှင့်တကွသော မာရ်ကို အောင်နိုင်ခြင်းကြောင့် အဆုံးစွန်သော ကိုယ်ကို ဆောင်၏”ဟု ဟောတော်မူ၏။

အခမ်ိပ္ပါယ်ကား—အဋ္ဌကထာဆရာမြတ်တို့ မနေအပ်ဟု ပယ်အပ်သော ဤ တဆယ့်ရှစ်ရပ်သော ကျောင်းတို့၌လည်း ပဓာနအမှုကို ပြုလုပ်ခွင့်မရအောင် နှောင့်ရှက် ဖျက်ဆီးမည့်ဘေးအန္တရာယ်ကို မြင်၍ မနေအပ်ဟု ပယ်တော်မူကြသည်။ အကယ်၍ ကလျာဏမိတ်ကောင်းကို ရ၍သော်၎င်း, မိမိ၏အစွမ်းဖြင့်သော်၎င်း ထိုဘေးရန် အန္တရာယ်တို့ကို ကာဆီး ပယ်ရှား တားမြစ်နိုင်၍ ပဓာနအမှုကို ပြုလုပ်ခွင့် ရငြားအံ့,နေအပ်၏၊ နေရာ၏။ မနေရဘူး ဆိုတာ လှေနံဓားထစ် တထစ်ချကေန္ဒိက မမှတ်အပ်ပါ။ အားထုတ်ခွင့် ရသည်သာ လိုရင်းတည်း။

ဘုရားရှင် ရွှေလက်ထက်တော်က မဟာဝါသဖြစ်သော ကျောင်းတိုက်ကြီးထဲ၌ ရဟန်းငယ်တပါးသည် တိုက်တာဝေယျာဝစ္စ, သံဃာ့ဝေယျာဝစ္စ အမှုကိစ္စတို့ကို ဘာကိုမျှ မပြုပဲ မိမိဆွမ်းကလေး ခံစားပြီးလျှင် သပိတ်ဆေး၍ သိမ်းဆည်းပြီးလျှင် ကျောင်းခန်းထဲသို့ ဝင်၍ တရားကိုသာလျှင် အားထုတ်လျက်နေ၏၊ တိုက်တာ သံဃာ မထေရ်ကြီးများက ကဲ့ရဲ့ကြငြားသော်လည်း ထိုကဲ့ရဲ့ကြသည်ကို မြက်ခြောက်မှိုက် တခုလောက်မျှ အမှုမထား ပစ်ပေ၍ တရားကိုသာလျှင် အားထုတ်၍နေ၏။နောက် တနေ့သ၌ "ဤရဟန်းသစ်

ကလေးဟာ အလွန် ပျင်းတယ်ဘုရား၊ အလိုက်မသိတတ်ဘူး၊တိုက်သံဃာ၏ အမှုကိစ္စကို ဘာကိုမျှမပြုဘူး၊ စားပြီးလျှင် ကျောင်းခန်းထဲဝင် အိပ်နေတာပဲ ဘုရား" ဟု လျှောက်ကြလေလျှင်"ချစ်သား သင် ယခုလျှောက်ကြသောအတိုင်း ဟုတ်ပါသလော" ဟု မေး၏။ ထိုရဟန်းသစ်ကို ဘုရားရှင်က စစ်မေးလေလျှင် "ဘုရားတပည့်တော်လဲ ဘုရားတပည့်တော်၏ အလုပ်ကို လုပ်ရတယ်ဘုရား"ဟု လျှောက်လေ၏။

ထိုအခါ ဘုရားရှင်သည် ပရစိတ္တဝိဇာနနဉာဏ်ဖြင့် ထိုရဟန်းသစ်၏ စိတ်ဓာတ်ကို အလုပ်ကို ကြည့်လတ်သော် မြင်တော်မူ၍ "ချစ်သားတို့, ဤရဟန်းသစ်ကလေးကို မကဲ့ရဲ့ကြနှင့်၊ အလွန် အလုပ်အကိုင်ကောင်းတဲ့ အလွန် ဝီရိယရှိတဲ့ ယောက်ျားမြတ်ကလေး ပေတည်း၊ ဤ ရဟန်းသစ်ကလေး မဝင်စားနိုင်သော ဈာန်သမာပတ်, ဖလသမာပတ် ဟူ၍ ငါဘုရားကြည့်မမြင်တော့ပြီ၊ မရှိတော့ပြီ။ သင်ချစ်သားတို့သည်လည်း ဤရဟန်းသစ်ကလေးကဲ့သို့ လုံ့လဝီရိယ ရှိကြ၊ ကိုယ့်အလုပ်ကိုသာ လုပ်ကြ"ဟု ဆုံးမတော်မူ၏၊

(ယခု အချို့ဆရာများ အလိုက် မသိတာ များ၏၊ အချို့တပည့်များလဲ အလိုက်မသိတတ်တာ များ၏)။

(ဆင္ဂမူ-သံ ပ ဘိက္ခုသံယုတ္တ နဝသုတ္တ ၄၆၅၊
ဋ္ဌဒို ၂၁၆၊ဋီဒု ၁၉၅)

## ရေ့ဘ္ဘွရှိရေ့ဘ္ဘွရဲ့ ပေါ့ပေါ့ဆဆ အားထုတ်ခြင်းကို ပြဆိုခြင်း

အပြင်းအထန် ကြိုးစားအားထုတ်မှ နိဗ္ဗာန်ရောက်မည်၊ ရေ့ဘ္ဘွရှိရေ့ဘ္ဘွရဲ့ ပေါ့ပေါ့ဆဆ အားထုတ်၍ မဂ်ဖိုလ်နိဗ္ဗာန် မရောက်နိုင်၊ ချောင်ချိသက်သာ လွယ်လွယ်ကူကူနှင့် ဘယ်နံ့ရောအခါမှ ရနိုင် ရောက်နိုင်မည်မဟုတ်ချေ။ ဂါထာအနက်ကို ကြည့်ကြပါလေ။

နယိဒံ သိထိလ'မာရဗ္ဘ၊
နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊
သဗ္ဗဒုက္ခပမောစနံ။
"အယဉ္စ ဒဟရော ဘိက္ခု၊
အယ'မုတ္တမပုရိသော။
ဓာရေတိ အန္တိမံ ဒေဟံ၊
ဇေတွာ မာရံ ဘဝါဟိနိ"န္တိ။

ဘိက္ခဝေ၊ သံသရာ ဝဋ်ဇာတ်ဘေးမှ လွတ်လပ်ရေး လမ်းစကို တမ်းတလေငြား အို....ချစ်သားတို့။ သဗ္ဗဒုက္ခပမောစနံ၊ ဆင်းရဲဥဿုံ အလုံးစုံသာ လွတ်မြောက်ရာဖြစ်သော အို,နာ,သေရေး ဒုက္ခဘေးတို့ ကင်းဝေး

ပျက်ပြုန်း အညွန့်တုံး၍ ကုန်ဆုံးရာမှန် ဤမြတ်နိဗ္ဗာန်သို့။ သိထိလမာရန္တူ၊ ရေ့ဝဲရဲ့ပေါ့ပေါ့ဆဆ အားထုတ်ကာမျှဖြင့်။ နှ အမိဂန္တဗ္ဗံ၊ ချောင်ချိသက်သာ လွယ်ကူစွာနှင့် ဘယ်အခါမျှ ရနိုင် ရောက်နိုင်မည် မဟုတ်ချေ။ ဣဒံ နိဗ္ဗာနံ၊ အာသဝလေးတန် ကင်းရာမှန်သော သိဝံ အောင်ခန်း နိဗ္ဗာန ခတ်နန်းသို့။ အခပ္ပန ထာမသာ၊ နည်းငယ်ဝီရိယ အားစွမ်းမျှဖြင့်။ နှ အမိဂန္တဗ္ဗံ၊ ရရိုး ရောက်ရိုး ထုံးမျိုးစဉ်လာ မရှိရာ။

အဓိပ္ပါယ်ကား— သံသရာဘေး လာမည့်ရေးကို မြော်တွေးငံ့စား အို....ချစ်သားတို့၊ ဒုက္ခခပ်သိမ်း ငြိမ်းရဲ့ ဇာတ်သိမ်းရာမှန် မြတ်နိဗ္ဗာန်ကို (ဝါ) မြတ်နိဗ္ဗာန်သို့ ရေ့ဝဲရဲ့ ပေါ့ပေါ့ဆဆ အားထုတ်ကာမျှဖြင့် ချောင်ချိသက်သာ လွယ်လွယ်ကူကူနှင့် ဘယ်နံရေအခါမျှ ရနိုင် ရောက်နိုင်မည် မဟုတ်ချေ။

အို, နာ, သေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်သို့ အနည်းငယ်သော လုံ့လဥဿာဟ အားအစွမ်းမျှဖြင့် ရရိုး ရောက်ရိုး ထုံးမျိုးစဉ်လာမရှိရာ၊ ဆင်းရဲငြိုငြင်စွာ အပင်ပန်းခံပြီး ပြင်းပြင်း ထန်ထန် အပတ်တကုတ် ကြိုးစားအားထုတ်မှ နိဗ္ဗာနခတ်နန်းသို့ စံမြန်းနိုင်မည် ဟူလို။

ဤအရာ၌ တရားအလုပ်ကိုအားထုတ်သောယောဂီတိုင်း နေ့ညမအား အရေးထား၍ လေးစားသင့်လှ၏၊ ဝါ-တွေးတွေးရှုရှု အလေးပြု၍ ဂရုစိုက်သင့်လှ၏။

— ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် ဤ မြတ်နိဗ္ဗာန်ကို အချောင်နဲ့ ရရိုး ရောက်ရိုး ထုံးမျိုးစဉ်လာ မရှိရာ။

— ချမ်းသာရာမှန် ဤမြတ်နိဗ္ဗာန်ကို ရေ့ရဲန့်န့် အားထုတ်ရုံနှင့် ချောင်ချိသက်သာ လွယ်ကူစွာဖြင့် ဘယ်အခါမှ ရနိုင်မည် ရောက်နိုင်မည် မဟုတ်ချေ။

— မဂ်ဖိုလ်တို့အာရုံ ရွှေဘုံကြငှန်း ဤနိဗ္ဗာန ခေတ်နန်းသို့ အနည်းငယ်သော လုံ့လဥဿာဟ အားအစွမ်းမျှဖြင့် ရနိုင် ရောက်နိုင်မည် မဟုတ်ချေ။

— ငါးဖြာအာရုံ ကာမဂုဏ်ကို တမြုံ့မြုံ့ခံစားပြီး သွားရင်း လာရင်း ဆိုသလို သက်သက်သာသာ လွယ်ကူစွာနဲ့ ရနိုင် ရောက်နိုင်တဲ့ နိဗ္ဗာန်ချမ်းသာ မဟုတ်ချေ။

— အပင်ပန်းခံပြီး ပြင်းပြင်းထန်ထန် အပတ်တကုတ်ကြိုးစားအားထုတ်၍ မဆုတ်မနစ် အဟုတ်အဟုတ်ဖြည့်ကျင့်နိုင်ပါမှ သန္တိသုခ နိဗ္ဗာနခေတ်နန်းသို့စံမြန်းရမည်....ဟူလို။

ဘုန်းတော်ခြောက်ဆင့် ထီးဖြူဖွင့်၍ မင်းမင်းဥသျှောင် အခေါင် ထွတ်ဖျား ရှင်တော်မြတ် ဘုရားကြီးသည့်ပင် လေးသချေ်နှင့် ကမ္ဘာတသိန်း ကာလပတ်လုံး နိမ့်တုံ မြင့်တုံ အဖုံဖုံသောဘဝဇာတ်,အရပ်ရပ်သောဘုံဝေလေ့ တို့နှင့် ကြုံတွေ့ ဆက်ဆံတော်မူလျက် ဆယ်တန်သော ပါရမီ, ငါးလီစာဂ, စရိယသုံးပါး ဘုရားလုပ်ငန်း အခဏ်းခဏ်းတို့ကို ကြိုးပမ်းဆည်းပူးတော်မူ၍၊ဆင်းရဲ ငြိုငြင်စွာ သံသရာလမ်းခရီးမှာ အပန်းတကြီး ကြွလာ တော်မူခဲ့ရသည့်အားလျော်စွာ သတ္တဝါအများ သုံး တိုက်သားတို့အား သနားခြင်းကရုဏာ လွန်စွာဖြစ် တော်မူ၍ ဆင်းရဲဥသုံ အလုံးစုံတို့၏ လွတ်မြောက်ရာ ဖြစ်သော ချမ်းသာရာမှန် ဤမြတ်နိဗ္ဗာန်သို့ ရော့ရှိ ရော့ရဲ ပေါ့ပေါ့ဆဆ အားထုတ်ရုံမျှနှင့်၊(ဝါ)အနည်း ငယ် နာရီပိုင်း အချိန်ကလေးနှင့် လုံ့လဥဿာဟ အားအစွမ်းမျှဖြင့် ရရိုး ရောက်ရိုးထုံးမျိုးစဉ်လာ မရှိရာ၊ ဆင်းရဲငြိုငြင်စွာ အပင်ပန်းခံပြီး မဆုတ်မနစ် ပြင်းပြင်း ထန်ထန် အပတ်တကုတ် ကြိုးစားအားထုတ်မှ နိဗ္ဗာန ဓာတ်နန်းသို့ စံမြန်းနိုင်ပုံကို နိဒါနဝဂ္ဂသံယုတ် ပါဠိ တော် ဒုဝသုတ္တ နံပါတ် ၄၆၅-၄၆၆ မှာ မုဒ္ဓမြတ်စွာ စိန္တေယျာက ဟောကြားတော် မူခဲ့သည်။

## အနိစ္စသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ရုပ်သည် မမြဲ၊ဝေဒနာသည် မမြဲ၊သညာသည် မမြဲ၊သင်္ခါရတို့သည် မမြဲ၊ဝိညာဉ်သည် မမြဲ။ရဟန်းတို့, ဤသို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဉ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏၊ တပ်မက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှလွတ်သော် 'ကိလေသာမှလွတ်ပြီ' ဟု အသိ ဖြစ်၏၊ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။ (အနိစ္စပဌမသုတ္တ)။

ရဟန်းတို့, ရုပ်သည် ဆင်းရဲ၏၊ဝေဒနာသည် ဆင်းရဲ၏၊ သညာသည် ဆင်းရဲ၏၊ သင်္ခါရတို့သည် ဆင်းရဲကုန်၏၊ ဝိညာဉ်သည် ဆင်းရဲ၏။ဤသို့မြင်သော။ပ။ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။ (ဒုက္ခဒုတိယသုတ္တ)။

ရဟန်းတို့, ရုပ်သည် အတ္တ မဟုတ်၊ ဝေဒနာသည် အတ္တ မဟုတ်၊ သညာသည် အတ္တ မဟုတ်၊ သင်္ခါရတို့

သည် အတ္တ မဟုတ်ကုန်၊ ဝိညာဉ်သည် အတ္တ မဟုတ်။ ရဟန်းတို့, ဤသို့ အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဉ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှုကင်း၏၊ တပ်မက်မှုကင်းခြင်းကြောင့် ကိလေသာမှလွတ်၏၊ ကိလေသာမှ လွတ်သော် "ကိလေသာမှ လွတ်ပြီ" ဟု အသိဉာဏ်ဖြစ်၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။ (အနတ္တသုတ္တ တတိယသုတ္တ)။

ရဟန်းတို့, ရုပ်သည် မမြဲ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် အတ္တ မဟုတ်၊ အတ္တ မဟုတ်သော ရုပ်ကို "ဤ ရုပ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တ မဟုတ်" ဟု ဤသို့ဟုတ်မှန်သည့်အတိုင်း မှန်ကန်သောပညာဖြင့် ရှုရမည်။

ဝေဒနာသည် မမြဲ၊ မမြဲသော ဝေဒနာသည် ဆင်းရဲ၏၊ ဆင်းရဲသော ဝေဒနာသည် အတ္တ မဟုတ်၊ အတ္တ မဟုတ်သော ဝေဒနာကို "ဤ ဝေဒနာသည် ငါ့ဥစ္စာ မဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည်

ငါ၏ အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်။

သညာသည် မမြဲ။ပ။ သင်္ခါရတို့သည် မမြဲကုန်။ပ။ ဝိညာဉ်သည် မမြဲ၊ မမြဲသော ဝိညာဉ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဉ်သည် အတ္တ မဟုတ်၊ အတ္တမဟုတ်သော ဝိညာဉ်ကို “ဤဝိညာဉ်သည် ငါ၏ ဥစ္စာမဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ဤဝိညာဉ်သည် ငါ၏ အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့မြင်သော။ပ။ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။ (ယဒနိစ္စသုတ္တ)။

ရဟန်းတို့,ဤရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသောရုပ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ရုပ်ကို “ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ဤရုပ်သည် ငါမဟုတ်၊ဤရုပ်သည် ငါ၏ အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်။

ဝေဒနာသည် ဆင်းရဲ၏၊ သညာသည် ဆင်းရဲ၏၊ သင်္ခါရတို့သည် ဆင်းရဲကုန်၏၊ ဝိညာဉ်သည် ဆင်းရဲ၏၊ အတ္တမဟုတ်၊အတ္တမဟုတ်သော ဝိညာဉ်ကို “ဤဝိညာဉ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ ဤ

ဝိညာဉ်သည် ငါ၏အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သောပညာဖြင့် ရှုရမည်။ ဤသို့မြင်သော။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။(ယံ ဒုက္ခသုတ္တ)။

ရဟန်းတို့,ရုပ်သည် အတ္တ မဟုတ်၊အတ္တမဟုတ်သော ရုပ်ကို “ဤရုပ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤရုပ်သည် ငါ မဟုတ်၊ ဤရုပ်သည် ငါ၏ အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သော ပညာဖြင့် ရှုရမည်။

ဝေဒနာသည် အတ္တ မဟုတ်၊ သညာသည် အတ္တ မဟုတ်၊သင်္ခါရတို့သည် အတ္တ မဟုတ်ကုန်။ဝိညာဉ်သည် အတ္တ မဟုတ်၊အတ္တမဟုတ်သော ဝိညာဉ်ကို“ဤဝိညာဉ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ ဤဝိညာဉ်သည် ငါ၏ အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်မှန်သည့်အတိုင်း မှန်ကန်သောပညာဖြင့် ရှုရမည်။ရဟန်းတို့, ဤသို့မြင်သော။ပ။ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။(ယဒနတ္တ သုတ္တ)။

(အကျယ်ကို အလိုရှိမူ ဆဋ္ဌမူ ခန္ဓဝဂ္ဂသံယုတ္တ ပါဠိ ကြည့်ပါလေ)။

(ဆဋ္ဌမူ၊ခန္ဓဝဂ္ဂပါဠိ အနိစ္စဝဂ္ဂ ၁၊ အနိစ္စသုတ္တ နံပါတ် ၁၀)

## အနိစ္စသဘောကို မြင်ခိုင်ခြင်း

ရုပ်ဟာ နီးတို့ ရုပ်သည် မမြဲ၊ မမြဲသော ရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသောရုပ်သည် အတ္တ မဟုတ်၊ အတ္တ မဟုတ်သော ရုပ်ကို "ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏အတ္တမဟုတ်" ဟု ဤသို့သာလျှင် ထိုရုပ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ ထိုရုပ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူ၏စိတ်သည် တပ်မက်မှု ကင်း၏၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်၏။

ဝေဒနာသည် မမြဲ၊ မမြဲသောဝေဒနာသည် ဆင်းရဲ၏၊ ဆင်းရဲသော ဝေဒနာသည် အတ္တ မဟုတ်၊ အတ္တ မဟုတ်သော ဝေဒနာကို "ဤဝေဒနာသည် ငါ့ဥစ္စာ မဟုတ်၊ ဤဝေဒနာသည် ငါ မဟုတ်၊ ဤဝေဒနာသည် ငါ၏ အတ္တ မဟုတ်" ဟု ဤသို့သာလျှင် ထိုဝေဒနာကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ ဝေဒနာကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူ၏ စိတ်သည် တပ်မက်မှု ကင်း၏၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်၏။

သညာသည် မမြဲ၊ မမြဲသောသညာသည် ဆင်းရဲ၏၊ ဆင်းရဲသော သညာသည် အတ္တ မဟုတ်၊ အတ္တ မဟုတ်

သောသညာကို "ဤသညာသည် ငါ့ဥစ္စာ မဟုတ်၊ ဤသညာသည် ငါမဟုတ်၊ ဤသညာသည် ငါ၏အတ္တ မဟုတ်"ဟု ဤသို့သာလျှင် ထိုသညာကို ဟုတ်တိုင်း မှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။ ဤသို့ သညာကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသော သူ၏စိတ်သည် တပ်မက်မှုကင်း၏၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်၏။

သင်္ခါရတို့သည် မမြဲ၊မမြဲသော သင်္ခါရတို့သည် ဆင်းရဲ၏၊ ဆင်းရဲသော သင်္ခါရတို့သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော သင်္ခါရတို့ကို "ဤသင်္ခါရတို့သည် ငါ့ဥစ္စာ မဟုတ်၊ ဤသင်္ခါရတို့သည် ငါမဟုတ်၊ ဤသင်္ခါရတို့သည် ငါ၏အတ္တမဟုတ်"ဟု ဤသို့သာလျှင်ထိုသင်္ခါရတို့ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ ထိုသင်္ခါရတို့ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူ၏ စိတ်သည် တပ်မက်မှု ကင်း၏၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်၏။

ဝိညာဉ်သည် မမြဲ၊မမြဲသောဝိညာဉ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဉ်သည် အတ္တမဟုတ်၊ အတ္တမဟုတ်သော ဝိညာဉ်ကို "ဤဝိညာဉ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ဤဝိညာဉ်သည် ငါ၏ အတ္တ မဟုတ်"ဟု ဤသို့သာလျှင် ထိုဝိညာဉ်ကို ဟုတ်တိုင်း

မှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။ ဤသို့ ထို ဝိညာဉ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူ၏စိတ်သည် တပ်မက်မှုကင်း၏၊ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်၏။

ရဟန်းတို့,ရုပ်ခတ်၌ ရဟန်း၏စိတ်သည် အကယ်၍ တပ်မက်မှု ကင်းပြေးအံ့, မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏။

ရဟန်းတို့, ဝေဒနာခတ်၌ ရဟန်း၏ စိတ်သည် အကယ်၍ တပ်မက်မှု ကင်းပြေးအံ့,မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏။

ရဟန်းတို့, သညာခတ်၌ ရဟန်း၏ စိတ်သည် အကယ်၍ တက်မက်မှု ကင်းပြေးအံ့,မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏။

ရဟန်းတို့, သင်္ခါရခတ်၌ ရဟန်း၏ စိတ်သည် အကယ်၍ တပ်မက်မှုကင်းပြေးအံ့,မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏။

ရဟန်းတို့, ဝိညာဏခတ်၌ ရဟန်း၏ စိတ်သည် အကယ်၍ တပ်မက်မှု ကင်းပြေးအံ့, မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏၊ လွတ်မြောက်ခြင်းကြောင့် တည်တံ့၏၊ တည်တံ့ခြင်းကြောင့် ရောင့်ရဲ၏၊ ရောင့်ရဲခြင်းကြောင့် မတောင့်တ၊ မတောင့်တသည်ရှိသော်

မျက်မှောက်ဌ်သာလျှင် ငြိမ်းအေး၏၊ ပဋိသန္ဓေ နေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိ တော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။ (အနိစ္စသုတ္တ)။

ရဟန်းတို့, ရုပ်သည် မမြဲ၊မမြဲသောရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် အတ္တ မဟုတ်၊ အတ္တမဟုတ်သော ရုပ်ကို"ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါ မဟုတ်၊ဤရုပ်သည် ငါ၏ အတ္တမဟုတ်" ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ဝေဒနာသည် မမြဲ၊ မမြဲသော ဝေဒနာသည် ဆင်းရဲ၏၊ ဆင်းရဲသော ဝေဒနာသည် အတ္တ မဟုတ်၊ အတ္တ မဟုတ်သော ဝေဒနာကို "ဤဝေဒနာသည် ငါ့ဥစ္စာ မဟုတ်၊ ဤဝေဒနာသည် ငါ မဟုတ်၊ ဤဝေဒနာသည် ငါ၏ အတ္တမဟုတ်"ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

သညာသည် မမြဲ၊ မမြဲသော သညာသည် ဆင်းရဲ၏၊ ဆင်းရဲသော သညာသည် အတ္တ မဟုတ်၊ အတ္တ မဟုတ်သော သညာကို "ဤသညာသည် ငါ့ဥစ္စာမဟုတ်၊ ဤသညာသည် ငါမဟုတ်၊ ဤသညာသည် ငါ၏ အတ္တ မဟုတ်"ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

သင်္ခါရတို့သည် မမြဲကုန်၊ မမြဲသော သင်္ခါရတို့သည် ဆင်းရဲ၏၊ ဆင်းရဲသော သင်္ခါရတို့သည် အတ္တ မဟုတ်၊ အတ္တ မဟုတ်သော သင်္ခါရတို့ကို "ဤသင်္ခါရတို့သည် ငါ့ဥစ္စာမဟုတ်၊ဤသင်္ခါရတို့သည် ငါမဟုတ်၊ ဤသင်္ခါရတို့သည် ငါ၏ အတ္တ မဟုတ်"ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ဝိညာဉ်သည် မမြဲ၊မမြဲသော ဝိညာဉ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဉ်သည် အတ္တ မဟုတ်၊ အတ္တ မဟုတ်သော ဝိညာဉ်ကို "ဤဝိညာဉ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ ဤဝိညာဉ်သည် ငါ၏အတ္တ မဟုတ်"ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ဤသို့ ထိုဝိညာဉ်ကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုသောသူအား ရှေ့အဖို့ကို စွဲယူသော အယူတို့သည် မဖြစ်နိုင်ကုန်၊ ရှေ့အဖို့ကို စွဲယူသော အယူတို့ မရှိသော် နောက်အဖို့ကိုစွဲယူသောအယူတို့သည် မဖြစ်နိုင်ကုန်၊ နောက်အဖို့ကို စွဲယူသော အယူတို့ မရှိသော် ဒဠှအားအစွမ်းသည်၎င်း, အမှားသုံးသပ်ခြင်းသည်၎င်း မဖြစ်နိုင်၊ ဒဠှအားအစွမ်းသည်၎င်း, အမှားသုံးသပ်ခြင်းသည်၎င်း မရှိခဲ့သော် ရုပ်၌ ဝေဒနာ၌ သညာ၌ သင်္ခါရတို့၌ ဝိညာဉ်၌ စိတ်သည် တပ်မက်ခြင်း ကင်း၏၊

မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်၏၊ လွတ်ခြင်းကြောင့် တည်တံ့၏၊တည်တံ့ခြင်းကြောင့် ရောင့်ရဲ၏၊ရောင့်ရဲခြင်းကြောင့် မတောင့်တ၊ မတောင့်တသည်ရှိသော် မျက်မှောက်၌သာလျှင် ငြိမ်းအေး၏၊ပဋိသန္ဓေနေမှု ကုန်ပြီ၊အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။ (ဒု-အနိစ္စသုတ္တ)။

ပါးစပ် အပြောအဟော မဟုတ်ပဲ သမထဝိပဿနာတရား အားထုတ်၍ သမာဓိအားကောင်းသောကြောင့် မိမိဉာဏ်မျက်စိထဲ၌ ထင်ထင်ရှားရှား အသိအမြင် ဆိုပါသည် ယောဂီအပေါင်းတို့။

(ဆဋ္ဌမူ-သံဒု အတ္တဒီပဝဂ္ဂ-အနိစ္စသုတ္တ ၃၆-၃၇၊ ဋ္ဌ-ဒု ၂၄၀၊ဋီ-ဒု ၂၂၀)

---

## အနတ္တလက္ခဏာသုတ်ကို ပြဆိုခြင်း

မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို "ရဟန်းတို့" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား"ဟု ထို ရဟန်းတို့

သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား ကုန်၏။

ရဟန်းတို့, ရုပ်သည် အတ္တ မဟုတ်၊ ရဟန်းတို့, ရုပ်သည် အတ္တ ဖြစ်ခဲ့ငြားအံ့, ဤရုပ်သည် နာကျင်ခြင်းငှါ မဖြစ်ရာ၊ "ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ ရုပ်သည် ဤသို့မဖြစ်စေလင့်"ဟု ရုပ်၌တောင့်တမှုကို ရကောင်းရာ၏။ ရဟန်းတို့, ရုပ်သည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှါဖြစ်၏၊ "ငါ၏ ရုပ်သည် ဤသို့ ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်"ဟု ရုပ်၌ တောင့်တမှုကို ရလည်း မရ။

ဝေဒနာသည် အတ္တ မဟုတ်၊ ရဟန်းတို့, ဝေဒနာသည် အတ္တ ဖြစ်ခဲ့ငြားအံ့,ဤဝေဒနာသည် နာကျင်ခြင်းငှါ မဖြစ်ရာ၊ "ငါ၏ ဝေဒနာသည် ဤသို့ဖြစ်စေ၊ ငါ၏ ဝေဒနာသည် ဤသို့ မဖြစ်စေလင့်"ဟု ဝေဒနာ၌ တောင့်တမှုကို ရကောင်းရာ၏။ ရဟန်းတို့, ဝေဒနာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှါဖြစ်၏၊ "ငါ၏ ဝေဒနာသည် ဤသို့ ဖြစ်စေ၊ ငါ၏ဝေဒနာသည် ဤသို့ မဖြစ်စေလင့်"ဟု ဝေဒနာ၌ တောင့်တမှုကို ရလည်း မရ။

သညာသည် အတ္တ မဟုတ်၊ ရဟန်းတို့,သညာသည် အတ္တ ဖြစ်ခဲ့ငြားအံ့, ဤသညာသည် နာကျင်ခြင်းငှါ

မဖြစ်ရာ၊ "ငါ၏သညာသည် ဤသို့ဖြစ်စေ၊ ငါ၏သညာသည် ဤသို့ မဖြစ်စေလင့်"ဟု သညာ၌ တောင့်တမှုကို ရကောင်းရာ၏။ ရဟန်းတို့,သညာသည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှါဖြစ်၏၊ "ငါ၏သညာသည် ဤသို့ ဖြစ်စေ၊ငါ၏သညာသည် ဤသို့ မဖြစ်စေလင့်"ဟု သညာ၌ တောင့်တမှုကို ရလည်း မရ။

သင်္ခါရတို့သည် အတ္တမဟုတ်ကုန်၊ရဟန်းတို့,သင်္ခါရတို့သည်အတ္တဖြစ်ခဲ့ကုန်ငြားအံ့,နာကျင်ခြင်းငှါမဖြစ်ကုန်ရာ၊ "ငါ၏ သင်္ခါရတို့သည် ဤသို့ဖြစ်စေကုန်သတည်း၊ ငါ၏ သင်္ခါရတို့သည် ဤသို့ မဖြစ်စေကုန်သတည်း"ဟု သင်္ခါရတို့၌ တောင့်တမှုကို ရကောင်းရာ၏။ ရဟန်းတို့, သင်္ခါရတို့သည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှါ ဖြစ်ကုန်၏၊ "ငါ၏သင်္ခါရတို့သည် ဤသို့ဖြစ်စေကုန်သတည်း၊ ငါ၏သင်္ခါရတို့သည် ဤသို့ မဖြစ်စေကုန်သတည်း"ဟု သင်္ခါရတို့၌ တောင့်တမှုကို ရလည်း မရ။

ဝိညာဉ်သည် အတ္တ မဟုတ်၊ရဟန်းတို့,ဝိညာဉ်သည် အတ္တ ဖြစ်ခဲ့ငြားအံ့, နာကျင်ခြင်းငှါ မဖြစ်ရာ၊ "ငါ၏ ဝိညာဉ်သည် ဤသို့ဖြစ်စေ၊ ငါ၏ ဝိညာဉ်သည် ဤသို့ မဖြစ်စေလင့်"ဟု ဝိညာဉ်၌ တောင့်တမှုကို ရကောင်းရာ၏။ ရဟန်းတို့, ဝိညာဉ်သည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှါ ဖြစ်၏၊ "ငါ၏ ဝိညာဉ်သည်

ဤသို့ ဖြစ်စေ၊ ငါ၏ဝိညာဉ်သည် ဤသို့မဖြစ်စေလင့်"ဟု ဝိညာဉ်၌ တောင့်တမှုကို ရလည်း မရ။

ရဟန်းတို့, ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း— ရုပ်သည် မြဲသလော မမြဲသလော။ မမြဲပါ အရှင်ဘုရား။ မမြဲသောရုပ်သည် ဆင်းရဲလော၊ ချမ်းသာလော။ ဆင်းရဲပါ အရှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ရုပ်ကို "ဤရုပ်သည် ငါ့ဥစ္စာဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ် အတ္တတည်း"ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။ မသင့်လျော်ပါ အရှင်ဘုရား။ ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဉ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါ အရှင်ဘုရား။မမြဲသော ဝိညာဉ်သည် ဆင်းရဲလော၊ချမ်းသာလော။ ဆင်းရဲပါ အရှင်ဘုရား။ မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဉ်ကို "ဤဝိညာဉ်သည် ငါ့ဥစ္စာဖြစ်၏၊ဤဝိညာဉ်သည် ငါဖြစ်၏၊ ဤဝိညာဉ်သည် ငါ၏ကိုယ် အတ္တတည်း"ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော။မသင့်လျော်ပါ အရှင်ဘုရား။

ရဟန်းတို့, ထိုသို့ဖြစ်သောကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော၊ အတွင်း အပြင်လည်း ဖြစ်သော, အကြမ်း အနုလည်း ဖြစ်သော, အယုတ်

အမြတ်လည်း ဖြစ်သော,အဝေး အနီးလည်း ဖြစ်သော အလုံးစုံသော ရုပ်ကို"ဤရုပ်သည် ငါ့ဉစ္စာ မဟုတ်၊ ဤရုပ်သည် ငါ မဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော, အတွင်း အပြင်လည်း ဖြစ်သော, အကြမ်း အနုလည်း ဖြစ်သော, အယုတ် အမြတ်လည်း ဖြစ်သော, အဝေး အနီးလည်း ဖြစ်သော အလုံးစုံသော ဝေဒနာကို "ဤဝေဒနာသည် ငါ့ဉစ္စာမဟုတ်၊ဤဝေဒနာသည်ငါမဟုတ် ဤဝေဒနာသည် ငါ၏ ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော,အတွင်း အပြင်လည်း ဖြစ်သော, အကြမ်း အနုလည်း ဖြစ်သော, အယုတ် အမြတ်လည်း ဖြစ်သော, အဝေး အနီးလည်း ဖြစ်သော အလုံးစုံသော သညာကို"ဤသညာသည် ငါ့ဉစ္စာ မဟုတ်၊ဤသညာသည် ငါ မဟုတ်၊ဤသညာသည် ငါ၏ ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော, အတွင်း အပြင်လည်း ဖြစ်သော, အကြမ်း အနုလည်း

ဖြစ်သော,အယုတ် အမြတ်လည်းဖြစ်သော,အဝေး အနီး လည်းဖြစ်သော အလုံးစုံသော သင်္ခါရတို့ကို "ဤ သင်္ခါရတို့သည် ငါ့ဥစ္စာမဟုတ်ကုန်၊ ဤသင်္ခါရတို့သည် ငါမဟုတ်ကုန်၊ ဤသင်္ခါရတို့သည် ငါ၏ကိုယ် အတ္တ မဟုတ်ကုန်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

အတိတ် အနာဂတ် ပစ္စုပ္ပန်လည်း ဖြစ်သော, အတွင်း အပြင်လည်းဖြစ်သော,အကြမ်း အနုလည်းဖြစ် သော, အယုတ် အမြတ်လည်းဖြစ်သော, အဝေး အနီး လည်း ဖြစ်သော အလုံးစုံသော ဝိညာဉ်ကို "ဤဝိညာဉ် သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ ဤ ဝိညာဉ်သည် ငါ၏ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ် တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့, ဤသို့ ရှုသော အကြား အမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌ လည်း ငြီးငွေ့၏၊သညာ၌လည်း ငြီးငွေ့၏၊ သင်္ခါရတို့၌ လည်း ငြီးငွေ့၏၊ဝိညာဉ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ကိလေသာမှ လွတ်မြောက်သော် "ကိလေ သာမှ လွတ်မြောက်ပြီ"ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ ပဋိ သန္ဓေနေမှု ကုန်ပြီ၊အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်

ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု ဟောတော်မူ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရား မိန့်တော်မူသော စကားကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာခံယူကုန်ပြီ။

ဤဂါထာမဖက် သက်သက်သော ဒေသနာကို ဟောတော်မူအပ်သည် ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့၏ စိတ်တို့သည် မစွဲလမ်းမူ၍ အာသဝေါတို့မှလွတ်မြောက် ကုန်၏။

(ဆဋ္ဌမူ-သံ ဒု ဥပယဝဂ္ဂ-အနတ္တလက္ခဏသုတ္တ ၅၅၊ ဋ္ဌဒု ၂၅၆၊ ဋီဒု ၂၂၇)

---

## အာဒိတ္တသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ရုပ်သည် ပြောင်ပြောင် တောက်လောင်၏၊ ဝေဒနာသည် ပြောင်ပြောင် တောက်လောင်၏၊ သညာသည် ပြောင်ပြောင် တောက်လောင်၏၊ သင်္ခါရတို့သည် ပြောင်ပြောင် တောက်လောင်၏၊ ဝိညာဉ်သည် ပြောင်ပြောင် တောက်လောင်၏၊ ရဟန်းတို့, ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊

သညာ၌လည်း ငြီးငွေ့၏၊သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဉ်လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် "ကိလေသာမှ လွတ်မြောက်ပြီ"ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။

(ဆင့်မူ၊သံ-ဒု ဉ၂ယဝဂ္ဂ အာဒိသုတ္တ ၅၈)

## အရဟတ္တသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ရုပ်သည် မမြဲ၊မမြဲသောရုပ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ရုပ်သည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော ရုပ်ကို "ဤရုပ်သည် ငါ့၏ ဥစ္စာ မဟုတ်၊ဤရုပ်သည် ငါ မဟုတ်၊ဤရုပ်သည် ငါ၏ ကိုယ် အတ္တမဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ဝေဒနာသည် မမြဲ၊ မမြဲသော ဝေဒနာသည် ဆင်းရဲ၏၊ ဆင်းရဲသော ဝေဒနာသည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော ဝေဒနာကို "ဤဝေဒနာသည်

ငါ့၏ဥစ္စာ မဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ၏ကိုယ် အတ္တမဟုတ်”ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ရှုရမည်။

သညာသည် မမြဲ၊ မမြဲသော သညာသည် ဆင်းရဲ၏၊ ဆင်းရဲသော သညာသည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော သညာကို “ဤသညာသည် ငါ၏ ဥစ္စာမဟုတ်၊ ဤသညာသည် ငါမဟုတ်၊ဤသညာသည် ငါ၏ ကိုယ် အတ္တမဟုတ်”ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

သင်္ခါရတို့သည် မမြဲကုန်၊ မမြဲသော သင်္ခါရတို့သည် ဆင်းရဲ၏၊ ဆင်းရဲသော သင်္ခါရတို့သည် ကိုယ် အတ္တ မဟုတ်ကုန်၊ ကိုယ် အတ္တ မဟုတ်သော သင်္ခါရတို့ကို “ဤသင်္ခါရတို့သည် ငါ့၏ဥစ္စာမဟုတ်ကုန်၊ဤသင်္ခါရတို့သည် ငါမဟုတ်ကုန်၊ ဤသင်္ခါရတို့သည် ငါ၏ ကိုယ် အတ္တ မဟုတ်ကုန်”ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ဝိညာဉ်သည် မမြဲ၊မမြဲသော ဝိညာဉ်သည် ဆင်းရဲ၏၊ ဆင်းရဲသော ဝိညာဉ်သည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော ဝိညာဉ်ကို “ဤဝိညာဉ်သည် ငါ၏ ဥစ္စာ မဟုတ်၊ ဤဝိညာဉ်သည် ငါမဟုတ်၊ ဤဝိညာဉ်

သည် ငါ၏ ကိုယ် အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်တိုင်း မှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့, ဤသို့ ရှုသော အရိယာတပည့်သည် ရုပ်၌လည်း ငြီးငွေ့၏၊ ဝေဒနာ၌လည်း ငြီးငွေ့၏၊ သညာ၌လည်း ငြီးငွေ့၏၊သင်္ခါရတို့၌လည်း ငြီးငွေ့၏၊ ဝိညာဉ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် “လွတ်မြောက်ပြီ”ဟု အသိဉာဏ်ဖြစ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏။ ရဟန်းတို့, ထိုရဟန္တာတို့သည် သတ္တဝါတို့၏ နေရာရှိသမျှ ဘဝဂ်တိုင်အောင် လောက၌ အမြတ်ဆုံး ဖြစ်ကုန်၏၊အချီးမွမ်းထိုက်ဆုံးဖြစ်ကုန်၏။မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူ၏။

ရဟန္တာတို့သည် ချမ်းသာကုန်စွ တကား၊
ထိုရဟန္တာတို့အား တဏှာသည် မရှိ၊ငါဖြစ်၏
ဟူသော မာနကိုကောင်းစွာ ဖြင်အပ်ပြီ၊မောဟ
တည်းဟူသော ကွန်ရက်တို့ ဖျက်ဆီးအပ်ပြီ။

ရဟန္တာတို့သည် တဏှာမရှိရာသို့ ရောက်ကုန်ပြီ၊ ထို ရဟန္တာတို့၏ စိတ်သည် နောက်ကျုခြင်း မရှိ၊ ထို ရဟန္တာတို့သည် လောက၌ ကိလေသာတို့ မလိမ်းကျံကုန်၊ မြတ်သောသူတို့ ဖြစ်ကုန်၏၊အာသဝေါ ကုန်ခန်းကုန်ပြီ။

ထို ရဟန္တာတို့သည် ခန္ဓာငါးမျိုးတို့ကို ပိုင်းခြားသိ၍ သူတော်ကောင်းတရား ခုနစ်ပါးလျှင် အာရုံရှိကုန်၏၊ ချီးမွမ်းထိုက်ကုန်၏၊ သူတော်ကောင်း ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ ရင်၌ဖြစ်သော သားတော်တို့ ဖြစ်ကုန်၏။

ကြီးသော လုံ့လရှိသော ထို ရဟန္တာတို့သည် ရတနာခုနစ်ပါးနှင့် ပြည့်စုံကုန်၏၊ ကျင့်ဖွယ် သုံးမျိုးတို့၌ ကျင့်ပြီးဖြစ်ကုန်၏၊ ဘေးငယ် ဘေးကြီးတို့ကို ပယ်ပြီးဖြစ်ကုန်၍ လှည့်လည်ကုန်၏။

ထို ရဟန္တာတို့သည် အင်္ဂါဆယ်ပါးတို့နှင့် ပြည့်စုံကုန်၏၊ ဆင်ပြောင်ကြီးသဖွယ် ကြီးကျယ်မြင့်မြတ်ကုန်၏၊ တည်ကြည်ကုန်၏၊ လောက၌ မြတ်ကုန်၏၊ ထို ရဟန္တာတို့အား တဏှာသည် မရှိ။

ထိုရဟန္တာပုဂ္ဂိုလ်တို့အား အသေက္ခပုဂ္ဂိုလ်တို့၏ ဉာဏ်သည် ဖြစ်ပေါ်ပြီ၊ ဤခန္ဓာကိုယ်သည် နောက်ဆုံး ဖြစ်၏၊ အကျင့်မြတ်အနှစ်ဖြစ်သော အရိယာဖိုလ်၌ သူတပါးကို အားထားဖွယ် မရှိပြီ။

သုံးပါးသော မာနအဖို့တို့ကြောင့် မတုန်လှုပ်ကုန်၊ တဖန် ဘဝသစ်၌ ဖြစ်ခြင်းမှလွတ်ရ၏၊ ယဉ်ကျေးသောဘုံ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ ထိုရဟန္တာတို့သည် လောက၌ ရန်အပေါင်းကို အောင်ပြီးသူတို့ ဖြစ်ကုန်၏။

ထိုရဟန္တာတို့အား အတိတ် အနာဂတ် ပစ္စုပ္ပန်ဘဝတို့၌ နှစ်သက်မှု တဏှာသည် မရှိ၊ လောက၌ မြတ်စွာဘုရားတို့သည် အတုမရှိကုန်ဟု ထိုရဟန္တာတို့သည် ရဲရဲရင့်ရင့် စကားကို ကြုံးဝါးကုန်၏....ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-သံဒု ခဇ္ဇနီယဝဂ္ဂ-အရဟန္တသုတ္တ ၆၀၊ ဌဒု ၂၅၉၊ ဋီဒု ၂၃၁)

## ဖေဏာပိဏ္ဍူပမသုတ်ကို ပြဆိုခြင်း

မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူပြီး နောက် ထိုမှတပါးသော ဤဂါထာကို ဟောတော် မူပြန်၏။

ဖေဏပိဏ္ဍူပမံ ရူပံ၊
ဝေဒနာ ပုဗ္ဗုဠုပမာ။
မရီစိကူပမာ သညာ၊
သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊
ဒေသိတာဒိစ္စဗန္ဓုနာ။

ရုပ်ကို ရေမြှုပ်စိုင်နှင့် တူ၏ ဟူ၍၎င်း, ဝေဒနာကို ရေပွက်နှင့် တူ၏ ဟူ၍၎င်း, သညာကို တံလျှပ်နှင့် တူ၏ ဟူ၍၎င်း, သင်္ခါရကို ငှက်ပျောတုံးနှင့် တူ၏ ဟူ၍၎င်း, ဝိညာဏ်ကို မျက်လှည့်နှင့် တူ၏ ဟူ၍၎င်း နေမင်း၏ အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟော တော်မူအပ်၏။

အကြင် ပညာရှိသည် ထိုခန္ဓာငါးပါးကို အကြင် အကြင် အခြင်းအရာအားဖြင့် ဟုတ်တိုင်းမှန်စွာ တစိမ့် စိမ့်ရှု၏၊အသင့်အားဖြင့် ဆင်ခြင်၏၊ ထိုထို အခြင်းအရာ

အားဖြင့် ဟုတ်တိုင်းမှန်စွာ ကြည့်ရှုဆင်ခြင်သော် ထို ပညာရှိအား ထိုခန္ဓာငါးပါးသည် အသုံးမဝင်မှု၍သာ ထင်၏၊ အချည်းနှီး ဟူ၍သာ ထင်၏။

ဤခန္ဓာကိုယ်ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူ၏၊ တရားသုံးပါးတို့၏ ကင်းပျောက်ခြင်း ကြောင့် စွန့်ပစ်အပ်သော ရုပ်ကို ရှုကြကုန်လော့—

ဇီဝိတိန္ဒြေ ဟူသော အသက်, ကမ္မဇတေဇော ဟူသော အခိုးအငွေ့, ဝိညာဉ်ဤတရား သုံးပါးတို့သည် ဤကိုယ်ကို စွန့်သွားကြသောအခါ ဤခန္ဓာကိုယ်သည် စွန့်ပစ်အပ်သည်ဖြစ်၍ စိတ်စေတနာ စေ့ဆော်မှု မရှိပဲ ပိုးလောက် စသည်တို့၏ အစာဖြစ်၍ နေရ၏။

ဤခန္ဓာကိုယ်သည် ဤသို့သဘောရှိ၏၊ဝိညာဏက္ခန္ဓာ သည် လူမိုက်တို့ကို ယောင်မှား ပြောဆိုစေသော မျက်လှည့်သည် ဖြစ်၏၊ ဤခန္ဓာကိုယ်ကို သူသတ်သမားဟု ဆိုရ၏၊ ဤခန္ဓာတို့၌ အနှစ် ဟူ၍ မရှိ။

ထက်သန်သော လုံ့လရှိသော ရဟန်းသည် နေ့၌ ဖြစ်စေ,ညဉ့်၌ဖြစ်စေ ဆင်ခြင်ဉာဏ်ရှိသည် အောက်မေ့ မှု သတိရှိသည်ဖြစ်၍ ခန္ဓာတို့ကို ဤသို့ရှုဆင်ခြင်ရာ၏။

သေခြင်းမရှိသောနိဗ္ဗာန်ကို တောင့်တသောရဟန်း သည် အနှောင်အဖွဲ့ သံယောဇဉ် အားလုံးကို ပယ်စွန့်

ရာ၏၊ မိမိ၏ ကိုးကွယ်ရာ အားထားရာကို ပြုရာ၏၊ ဦးထိပ်၌ မီးလောင်နေသော သူကဲ့သို့ ကျင့်ရာ၏ ဟု မိန့်တော်မူ၏။

(ဆင့်မူ-သံဒု ဖေဏပိဏ္ဍူပမသုတ္တ ၁၁၄၊ ဋ္ဌဒု ၂၉၃)
(ဋ္ဌီဒု ၂၄၉)

---

## စက္ခုသုတ်ကို ပြဆိုခြင်း

ရဟန်းတို့....

— မျက်စိသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ အမျိုးတပုံ ဖြစ်တတ်၏။

— နားသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတပုံ ဖြစ်တတ်၏။

— နှာခေါင်းသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုး တပုံ ဖြစ်တတ်၏။

— လျှာသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတပုံ ဖြစ်တတ်၏။

— ကိုယ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတပုံ ဖြစ်တတ်၏။

— စိတ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတပုံ ဖြစ်တတ်၏။

ရဟန်းတို့, ဤတရားတို့ကို ဤသို့ ယုံကြည်သက်ဝင်သူကို "သဒ္ဓါသို့ အစဉ်လျောက်၍ မဖောက်မပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့ ဖြစ်ရာဘုံကို လွန်မြောက်သူ၊ ငရဲ,တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ မထိုက်သူ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲ သေခြင်းငှါလည်း မထိုက်သူ" ဟု ဆိုအပ်၏။

ရဟန်းတို့, ဤတရားတို့ကို ဤသို့ ပညာ၏ အတိုင်းအရှည်အားဖြင့် ကပ်ရောက်၍ရှုနိုင်သူကို "ပညာသို့ အစဉ်လျောက်၍ မဖောက်ပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်သူ၊ ငရဲ,တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ မထိုက်သူ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက် မပြုရပဲ သေခြင်းငှါလည်း မထိုက်သူ" ဟု ဆိုအပ်၏။

ရဟန်းတို့, ဤတရားတို့ကို ဤသို့သိသူ ဤသို့မြင်သူကို "အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လားရာ ရှိသော သောတာပန်' ဟု ဆိုအပ်၏" ဟု မိန့်တော်မူ၏။

(ဆင့်မူ-သံဒုဿြက္ကန္တသံယုတ္တ-စက္ခုသုတ္တ ၁၈၆၊ ဋ္ဌ-ဒု၃၀၇၊ ဋ္ဌိဒု ၂၄၃)

## ရူပသုတ်ကို ပြဆိုခြင်း

ရဟန်းတို့....

— အဆင်းတို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏။

— အသံတို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏။

— အနံ့တို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏။

— အရသာတို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏။

— အတွေ့တို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုး တဖုံ ဖြစ်တတ်ကုန်၏။

— သဘောတရားတို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏။

ရဟန်းတို့ ဤသို့ ယုံကြည် သက်ဝင်သူကို "သဒ္ဓါသို့ အစဉ်လျှောက်၍ မဖောက်မပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့ ဖြစ်ရာဘုံကို လွန်မြောက်သူ၊

ငရဲ,တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ မထိုက်သူ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲ သေခြင်းငှါလည်း မထိုက်သူ"ဟု ဆိုအပ်၏။

ရဟန်းတို့, ဤတရားတို့ကို ဤသို့ ပညာ၏ အတိုင်းအရှည်အားဖြင့် ကပ်ရောက်၍ ရှုနိုင်သူကို "ပညာသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့ ဖြစ်ရာဘုံကို လွန်မြောက်သူ၊ ငရဲ, တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ မထိုက်သူ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက် မပြုရပဲ သေခြင်းငှါလည်း မထိုက်သူ"ဟု ဆိုအပ်၏။

ရဟန်းတို့,ဤတရားတို့ကို ဤသို့သိသူ ဤသို့မြင်သူကို "အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော 'သောတာပန်'ဟု ဆိုအပ်၏"ဟု မိန့်တော်မူ၏။

---

## ခန္ဓသုတ်ကို ပြဆိုခြင်း

ရဟန်းတို့....

— ရုပ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။

— ဝေဒနာသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။
— သညာသည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။
— သင်္ခါရတို့သည် မမြဲကုန်၊ ဖောက်ပြန်တတ်ကုန်၏၊ တမျိုးတဖုံ ဖြစ်တတ်ကုန်၏။
— ဝိညာဉ်သည် မမြဲ၊ ဖောက်ပြန်တတ်၏၊ တမျိုးတဖုံ ဖြစ်တတ်၏။

ရဟန်းတို့၊ ဤတရားတို့ကို ဤသို့ ယုံကြည် သက်ဝင်သူကို "သဒ္ဓါသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏ အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊ သူတော်ကောင်းတို့ ဖြစ်ရာဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်သူ၊ ငရဲ၊ တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ မထိုက်သူ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲသေခြင်းငှါလည်း မထိုက်သူ"ဟုဆိုအပ်၏။

ရဟန်းတို့၊ ဤတရားတို့ကို ဤသို့ ပညာ၏ အတိုင်းအရှည်အားဖြင့် ကပ်ရောက်၍ ရှုနိုင်သူကို "ပညာသို့ အစဉ်လျှောက်၍ မဖောက်ပြန်သည်၏အဖြစ်ဖြင့် မြဲခြင်းသို့ သက်ဝင်သူ၊သူတော်ကောင်းတို့၏ဖြစ်ရာဘုံသို့ သက်ဝင်သူ၊ ပုထုဇဉ်တို့ဖြစ်ရာဘုံကို လွန်မြောက်သူ၊ ငရဲ၊ တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့၌ ဖြစ်ရမည့်ကံကို ပြုခြင်းငှါ

မထိုက်သူ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရပဲ သေခြင်းငှါလည်း မထိုက်သူ"ဟု ဆိုအပ်၏။

ဤသို့သိသူ ဤသို့မြင်သူကို "အပါယ်သို့ ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါး လျှင် လားရာရှိသော 'သောတာပန်'ဟု ဆိုအပ်၏"ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ၊သံ-ဒု ခန္ဓသုတ္တ-ဩက္ကန္တသံယုတ္တ ၁ဂဂ-အဆုံး)

---

## အဇ္ဈတ္တာနိစ္စသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, မျက်စိသည် မမြဲ၊ မမြဲသော မျက်စိသည် ဆင်းရဲ၏၊ဆင်းရဲသော မျက်စိသည် ကိုယ် အတ္တမဟုတ်၊ ကိုယ် အတ္တ မဟုတ်သော မျက်စိကို"ဤမျက်စိသည် ငါ့ ဥစ္စာမဟုတ်၊ဤမျက်စိသည် ငါ မဟုတ်၊ ဤမျက်စိသည် ငါ၏ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

နားသည် မမြဲ၊မမြဲသော နားသည် ဆင်းရဲ၏၊ဆင်းရဲသော နားသည် ကိုယ် အတ္တမဟုတ်၊ ကိုယ် အတ္တ မဟုတ်သော နားကို "ဤနားသည် ငါ့ဥစ္စာ မဟုတ်၊ ဤနားသည် ငါ မဟုတ်၊ဤနားသည် ငါ၏ ကိုယ် အတ္တ

မဟုတ်”ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

နှာခေါင်းသည် မမြဲ၊မမြဲသော နှာခေါင်းသည်ဆင်းရဲ၏၊ဆင်းရဲသော နှာခေါင်းသည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော နှာခေါင်းကို “ဤနှာခေါင်းသည် ငါ့ဥစ္စာ မဟုတ်၊ ဤနှာခေါင်းသည် ငါ မဟုတ်၊ ဤနှာခေါင်းသည် ငါ၏ကိုယ် အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

လျှာသည် မမြဲ၊ မမြဲသော လျှာသည် ဆင်းရဲ၏၊ ဆင်းရဲသောလျှာသည် ကိုယ် အတ္တ မဟုတ်၊ကိုယ် အတ္တ မဟုတ်သော လျှာကို “ဤလျှာသည် ငါ့ဥစ္စာ မဟုတ်၊ ဤလျှာသည် ငါ မဟုတ်၊ဤလျှာသည် ငါ၏ ကိုယ် အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့, ကိုယ်သည် မမြဲ၊ မမြဲသော ကိုယ်သည် ဆင်းရဲ၏၊ဆင်းရဲသော ကိုယ်သည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော ကိုယ်ကို “ဤကိုယ်သည် ငါ့ ဥစ္စာမဟုတ်၊ ဤကိုယ်သည် ငါ မဟုတ်၊ ဤကိုယ်သည် ငါ၏ ကိုယ် အတ္တ မဟုတ်”ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

စိတ်သည် မမြဲ၊ မမြဲသော စိတ်သည် ဆင်းရဲ၏၊ဆင်းရဲသော စိတ်သည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော စိတ်ကို "ဤစိတ်သည် ငါ့ဥစ္စာ မဟုတ်၊ ဤစိတ်သည် ငါ မဟုတ်၊ဤစိတ်သည် ငါ၏ ကိုယ် အတ္တ မဟုတ်" ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့, ဤသို့ ရှုသောသူ အကြားအမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ နား၌လည်း ငြီးငွေ့၏၊နှာခေါင်း၌လည်း ငြီးငွေ့၏၊ လျှာ၌လည်း ငြီးငွေ့၏၊ ကိုယ်၌လည်း ငြီးငွေ့၏၊စိတ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှလွတ်မြောက်၏၊ကိလေသာမှ လွတ်မြောက်သော် "ကိလေသာမှ လွတ်မြောက်ပြီ" ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ပဋိသန္ဓေနေမှု ကုန်ပြီ၊မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ ဟု သိ၏ဟု မိန့်တော်မူ၏။ (အဇ္ဈတ္တဒုက္ခ,အဇ္ဈတ္တာနတ္တသုတ္တ ဆက်ကြည့်ယူပါလေ)။

(ဆဋ္ဌမူ-သံဒု အနိစ္စဝဂ္ဂ-အဇ္ဈတ္တာနိစ္စသုတ္တ ၂၃၆၊ ဋ္ဌတ ၁၊ ဋီဒု ၂၀၁)

## မာယာဝိရောနိစ္စသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, အဆင်းတို့သည် မမြဲကုန်၊ မမြဲသော အဆင်းသည် ဆင်းရဲ၏၊ ဆင်းရဲသော အဆင်းသည် ကိုယ် အတ္တ မဟုတ်၊ကိုယ် အတ္တ မဟုတ်သော အဆင်း ကို"ဤအဆင်းသည် ငါ့ဥစ္စာ မဟုတ်၊ ဤအဆင်းသည် ငါ မဟုတ်၊ ဤအဆင်းသည် ငါ၏ ကိုယ် အတ္တ မဟုတ်" ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

အသံတို့သည် မမြဲကုန်၊ မမြဲသော အသံတို့သည် ဆင်းရဲ၏၊ဆင်းရဲသော အသံသည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော အသံကို "ဤအသံသည် ငါ့ ဥစ္စာ မဟုတ်၊ ဤအသံသည် ငါ မဟုတ်၊ ဤအသံသည် ငါ၏ ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

အနံ့တို့သည် မမြဲကုန်၊ မမြဲသော အနံ့သည်ဆင်းရဲ ၏၊ ဆင်းရဲသောအနံ့သည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော အနံ့ကို "ဤ အနံ့သည် ငါ့ဥစ္စာ မဟုတ်၊ဤအနံ့သည် ငါ မဟုတ်၊ ဤအနံ့သည် ငါ၏ ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန် ကန်သော ပညာဖြင့် ရှုရမည်။

အရသာတို့သည် မမြဲ၊ မမြဲသော အရသာသည် ဆင်းရဲ၏၊ ဆင်းရဲသော အရသာသည် ကိုယ်အတ္တ မဟုတ်၊ကိုယ် အတ္တ မဟုတ်သော အရသာကို "ဤအရသာသည် ငါ့ဥစ္စာ မဟုတ်၊ဤအရသာသည် ငါ မဟုတ်၊ ဤအရသာသည် ငါ၏ ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

အတွေ့အထိတို့သည် မမြဲကုန်၊ မမြဲသော အတွေ့အထိသည် ဆင်းရဲ၏၊ ဆင်းရဲသော အတွေ့အထိသည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော အတွေ့အထိကို "ဤ အတွေ့အထိသည် ငါ့ဥစ္စာ မဟုတ်၊ ဤအတွေ့အထိသည် ငါမဟုတ်၊ဤအတွေ့အထိသည် ငါ၏ ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

သဘောတရားတို့သည် မမြဲကုန်၊မမြဲသော သဘောတရားသည် ဆင်းရဲ၏၊ ဆင်းရဲသော သဘောတရားသည် ကိုယ် အတ္တ မဟုတ်၊ ကိုယ် အတ္တ မဟုတ်သော သဘောတရားကို "ဤ သဘောတရားသည် ငါ့ဥစ္စာ မဟုတ်၊ဤသဘောတရားသည် ငါမဟုတ်၊ ဤသဘောတရားသည် ငါ၏ ကိုယ် အတ္တ မဟုတ်"ဟု ဤသို့ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်။

ရဟန်းတို့, ဤသို့ ရှုသော အကြား အမြင်ရှိသော အရိယာတပည့်သည် အဆင်းတို့၌လည်း ငြီးငွေ့၏၊ အသံတို့၌လည်း ငြီးငွေ့၏၊ အနံ့တို့၌လည်း ငြီးငွေ့၏၊ အရသာတို့၌လည်း ငြီးငွေ့၏၊ အတွေ့အထိတို့၌လည်း ငြီးငွေ့၏၊သဘောတရားတို့၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှုကင်း၏၊စွဲမက်မှု ကင်းသော် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် "ကိလေသာမှ လွတ်မြောက်ပြီ"ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။ (ဗာဟိရာနိစ္စသုတ္တ ဒုက္ခအနတ္တ ဆက်ကြည့်ပါ)။

(ဆဋ္ဌမူ၊သံ-၃ ဗာဟိရာနိစ္စသုတ္တ ၂၃၇၊ ဌာတ ၂)

---

## အာဒိတ္တသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, အလုံးစုံသည် ပြောင်ပြောင် တောက်လောင်၏၊ ရဟန်းတို့,အဘယ်မည်သော အလုံးစုံသည် ပြောင်ပြောင် တောက်လောင်သနည်း....

— မျက်စိသည် ပြောင်ပြောင် တောက်လောင်၏၊
— အဆင်း တို့သည် ပြောင်ပြောင် တောက်လောင်၏၊
— စက္ခုဝိညာဉ်သည် ပြောင်ပြောင် တောက်လောင်၏။
— စက္ခုသမ္ဖဿသည် ပြောင်ပြောင် တောက်လောင်၏။
— စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ, ဒုက္ခ, ဥပေက္ခာသည်လည်း ပြောင်ပြောင် တောက်လောင်၏။

အဘယ်ဖြင့်ပြောင်ပြောင်တောက်လောင်သနည်း.... စွဲမက်မှု ရာဂမီးဖြင့်, အမျက်ထွက်မှု ဒေါသမီးဖြင့်, တွေဝေမှု မောဟမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊ ပဋိသန္ဓေနေမှု ဇာတိ,အိုမှု ဇရာ,သေမှု မရဏ, စိုးရိမ်မှု သောက, ငိုကြွေးမှု ပရိဒေဝ, ကိုယ်ဆင်းရဲမှု ဒုက္ခ, စိတ်ဆင်းရဲမှု ဒေါမနဿ, ပြင်းစွာ ပင်ပန်းမှု ဥပါယာသတို့ဖြင့် ပြောင်ပြောင် တောက်လောင်၏ဟု ငါဆို၏။ပ။

— လျှာသည် ပြောင်ပြောင် တောက်လောင်၏။
— အရသာတို့သည် ပြောင်ပြောင်တောက်လောင်၏။

— ဇိဝှါဝိညာဉ်သည် ပြောင်ပြောင် တောက်လောင်၏။
— ဇိဝှါ သမ္ဖဿသည် ပြောင်ပြောင် တောက်လောင်၏။
— ဇိဝှါသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ, ဒုက္ခ, ဥပေက္ခာသည်လည်း ပြောင်ပြောင်တောက်လောင်၏။

အဘယ်ဖြင့်ပြောင်ပြောင်တောက်လောင်သနည်း.... စွဲမက်မှု ရာဂမီးဖြင့်, အမျက်ထွက်မှု ဒေါသမီးဖြင့်, တွေဝေမှု မောဟမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊ ပဋိသန္ဓေနေမှု ဇာတိ, အိုမှု ဇရာ, သေမှု မရဏ, စိုးရိမ်မှု သောက, ငိုကြွေးမှု ပရိဒေဝ, ကိုယ်ဆင်းရဲမှု ဒုက္ခ, စိတ်ဆင်းရဲမှု ဒေါမနဿ, ပြင်းစွာ ပင်ပန်းမှု ဥပါယာသတို့ဖြင့် ပြောင်ပြောင် တောက်လောင်၏ဟု ငါဆို၏။ ပ။

— စိတ်သည် ပြောင်ပြောင် တောက်လောင်၏။
— သဘောတရားတို့သည် ပြောင်ပြောင် တောက်လောင်၏။
— မနောဝိညာဉ်သည် ပြောင်ပြောင် တောက်လောင်၏။

— မနောသမ္ဖဿသည် ပြောင်ပြောင် တောက်လောင်၏။

— မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ, ဒုက္ခ, ဥပေက္ခာသည်လည်း ပြောင်ပြောင်တောက်လောင်၏။

အဘယ်ဖြင့်ပြောင်ပြောင်တောက်လောင်သနည်း.... စွဲမက်မှု ရာဂမီးဖြင့်, အမျက်ထွက်မှု ဒေါသမီးဖြင့်,တွေဝေမှု မောဟမီးဖြင့် ပြောင်ပြောင် တောက်လောင်၏၊ ပဋိသန္ဓေနေမှု ဇာတိ,အိုမှု ဇရာ,သေမှု မရဏ, စိုးရိမ်မှု သောက, ငိုကြွေးမှု ပရိဒေဝ, ကိုယ်ဆင်းရဲမှု ဒုက္ခ, စိတ်ဆင်းရဲမှု ဒေါမနဿ,ပြင်းစွာ ပင်ပန်းမှု ဥပါယာသ တို့ဖြင့် ပြောင်ပြောင် တောက်လောင်၏ဟု ငါဆို၏။

ရဟန်းတို့, ဤသို့ရှုသော အကြား အမြင် ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊အဆင်းတို့၌လည်း ငြီးငွေ့၏၊ စက္ခုဝိညာဉ်၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့၏၊ စက္ခုသမ္ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ, ဒုက္ခ, ဥပေက္ခာ၌လည်း ငြီးငွေ့၏။ပ။ မနောသမ္ဖဿ ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ, ဒုက္ခ, ဥပေက္ခာ၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိ

သော် မစွဲမက်မှုကင်း၏၊ မစွဲမက်မှု ကင်းခြင်းကြောင့် ကိလေသာမှ လွတ်မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော်"ကိလေသာမှ လွတ်မြောက်ပြီ"ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားကို နှစ်လိုကုန်သည် ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ခံယူကြလေကုန်၏။ဤစကားပြေ သက်သက် ဒေသနာကို ဟောဆဲကာလမှာပင် ထိုရဟန်းတထောင် တို့၏ စိတ်တို့သည် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်ကြလေကုန်ပြီ ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ၊သံ-ဒု သမ္ဗဝဂ္ဂ အာဒိတ္တသုတ္တ ၂၅၁၊ဋ္ဌတ ဧဋ္ဌိဒု ၂၀၀)

---

## ဥပဝါဏသန္ဒိဋ္ဌိကသုတ်ကို ပြဆိုခြင်း

ဥပဝါဏ,ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်၍ အဆင်းကို သိသူလည်း ဖြစ်၏၊ အဆင်း၌ စွဲမက်သည်ကို သိသူလည်းဖြစ်၏၊မိမိသန္တာန်

ဝယ် ထင်ရှားရှိသော အဆင်းတို့၌ စွဲမက်မှု ရာဂကို "ငါ၏သန္တာန်ဝယ် အဆင်းတို့၌ စွဲမက်မှု ရာဂ ရှိ၏" ဟုလည်း ပိုင်းခြား၍ သိ၏။ ဥပဝါဏ,ယင်းသို့ ရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်၍ အဆင်းကို သိသူလည်းဖြစ်၏၊ အဆင်း၌ စွဲမက်မှု ရာဂကို သိသူလည်း ဖြစ်၏၊မိမိသန္တာန်ဝယ် ထင်ရှားရှိသော စွဲမက်မှုရာဂကို "ငါ၏သန္တာန်ဝယ် အဆင်းတို့၌စွဲမက်မှု ရာဂရှိ၏"ဟုလည်း ပိုင်းခြား၍ သိ၏။ဥပဝါဏ,ဤသို့လျှင် ကိုယ်တိုင် သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော "လာလှည့် ရှုလှည့်" ဟု ပြထိုက်သော မိမိ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော အရိယာ ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သော တရားဖြစ်၏။ ပ။

ဥပဝါဏ,နောက်တမျိုးကား.... ရဟန်းသည် လျှာဖြင့် အရသာကို လျက်၍ အရသာကို သိသူလည်းဖြစ်၏၊ အရသာတို့၌ စွဲမက်မှု ရာဂကို သိသူလည်း ဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသော အရသာတို့၌ စွဲမက်မှု ရာဂကို "ငါ၏သန္တာန်ဝယ် အရသာတို့၌ စွဲမက်မှု ရာဂ ရှိ၏" ဟုလည်း ပိုင်းခြား၍ သိ၏။ ဥပဝါဏ,ယင်းသို့ ရဟန်းသည် လျှာဖြင့် အရသာကို လျက်၍ အရသာဟု သိသူလည်း ဖြစ်၏၊ အရသာတို့၌ စွဲမက်မှု ရာဂကို

သိသူလည်း ဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသော အရသာတို့၌ စွဲမက်မှု ရာဂကို "ငါ၏သန္တာန်ဝယ် အရသာတို့၌ စွဲမက်မှု ရာဂ ရှိ၏"ဟုလည်း ပိုင်းခြား၍ သိ၏။ ဥပဝါဏ,ဤသို့လည်း ကိုယ်တိုင် သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော "လာလှည့် ရှုလှည့်" ဟု ပြထိုက်သော မိမိ၏ ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော အရိယာ ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သော တရား ဖြစ်၏။ ၁။

ဥပဝါဏ,နောက်တမျိုးကား.... ရဟန်းသည် စိတ်ဖြင့် သဘောတရားကို သိ၍ သဘောတရားကို သိသူလည်း ဖြစ်၏၊ သဘောတရားတို့၌ စွဲမက်မှု ရာဂကို သိသူလည်း ဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသော သဘောတရားတို့၌ စွဲမက်မှု ရာဂကို "ငါ၏သန္တာန်ဝယ် သဘောတရားတို့၌ စွဲမက်မှု ရာဂ ရှိ၏"ဟုလည်း ပိုင်းခြား၍ သိ၏။ ဥပဝါဏ, ယင်းသို့ ရဟန်းသည် စိတ်ဖြင့် သဘောတရားကို သိ၍ သဘောတရားကို သိသူလည်း ဖြစ်၏၊ သဘောတရားတို့၌ စွဲမက်မှု ရာဂကို သိသူလည်း ဖြစ်၏၊ မိမိသန္တာန်ဝယ် ထင်ရှားရှိသော သဘောတရားတို့၌ စွဲမက်မှု ရာဂရှိ၏ဟုလည်း ပိုင်းခြား၍ သိ၏။ ဥပဝါဏ, ဤသို့လည်း ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော"လာလှည့်

ရှုလှည့်”ဟုပြထိုက်သော မိမိ၏ကိုယ်ထဲစိတ်ထဲ၌ဆောင် ယူထားထိုက်သော အရိယာပညာရှိတို့သာ ကိုယ်စီ ကိုယ်င သိနိုင် ခံစားနိုင်သော တရားဖြစ်၏။

ဥပဝါဏ, ဤသာသနာတော်၌ ရဟန်းသည် မျက်စိ ဖြင့် အဆင်းကိုမြင်၍ အဆင်းကို သိသူကား ဖြစ်၏၊ အဆင်း၌ စွဲမက်မှု ရာဂကို သိသူကား မဟုတ်ပေ၊ မိမိ သန္တာန်ဝယ် ထင်ရှားမရှိသော အဆင်းတို့၌ စွဲမက်မှု ရာဂကိုလည်း“ငါ၏သန္တာန်ဝယ် အဆင်းတို့၌ စွဲမက်မှု ရာဂ မရှိ”ဟု ပိုင်းခြား၍ သိ၏။ ဥပဝါဏ, ယင်းသို့ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်၍ အဆင်းကို သိသူကား ဖြစ်၏၊ အဆင်းတို့၌ စွဲမက်မှု ရာဂကို သိသူ ကား မဟုတ်ပေ။ မိမိသန္တာန်ဝယ် ထင်ရှားမရှိသော အဆင်းတို့၌ စွဲမက်မှု ရာဂကိုလည်း “ငါ၏ သန္တာန် ဝယ် အဆင်းတို့၌ စွဲမက်မှု ရာဂ မရှိ”ဟုလည်း ပိုင်း ခြား၍ သိ၏။ ဥပဝါဏ, ဤသို့လည်း ကိုယ်တိုင်သိမြင် နိုင်သော အခါမလင့် အကျိုးပေးနိုင်သော“လာလှည့် ရှုလှည့်”ဟု ပြထိုက်သော မိမိ၏ ကိုယ်ထဲ စိတ်ဟု၌ ဆောင်ယူထားထိုက်သော အရိယာ ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သော တရားဖြစ်၏။ပ။

ဥပဝါဏ, နောက်တမျိုးကား....လျှာဖြင့် အရသာ ကို လျက်၍ အရသာကို သိသူကား ဖြစ်၏၊အရသာတို့၌

စွဲမက်မှု ရာဂကို သိသူကား မဟုတ်ပေ၊ မိမိသန္တာန် ဝယ် ထင်ရှားမရှိသော အရသာတို့၌ စွဲမက်မှု ရာဂကို လည်း“ငါ၏သန္တာန်ဝယ် အရသာတို့၌ စွဲမက်မှု ရာဂ မရှိ”ဟု ပိုင်းခြား၍ သိ၏။ပ။

ဥပဝါဏ, နောက်တမျိုးကား.... ရဟန်းသည် စိတ် ဖြင့် သဘောတရားကို သိ၍ သဘောတရားတို့ကို သိသူ ကား ဖြစ်၏၊သဘောတရားတို့၌ စွဲမက်မှု ရာဂကို သိသူ ကား မဟုတ်ပေ၊ မိမိသန္တာန်ဝယ် ထင်ရှားမရှိသော သဘောတရားတို့၌ စွဲမက်မှု ရာဂကိုလည်း “ငါ၏ သန္တာန်ဝယ် သဘောတရားတို့၌ စွဲမက်မှု ရာဂမရှိ”ဟု ပိုင်းခြား၍ သိ၏။ဥပဝါဏ,ယင်းသို့ ရဟန်းသည် စိတ် ဖြင့် သဘောတရားကို သိ၍ သဘောတရားကို သိသူ ကား ဖြစ်၏၊သဘောတရားတို့၌ စွဲမက်မှု ရာဂကို သိသူ ကား မဟုတ်ပေ၊ မိမိသန္တာန်ဝယ် ထင်ရှားမရှိသော သဘောတရားတို့၌ စွဲမက်မှု ရာဂကိုလည်း “ငါ၏ သန္တာန်ဝယ် သဘောတရားတို့၌ စွဲမက်မှု ရာဂမရှိ”ဟု လည်း ပိုင်းခြား၍ သိ၏။ ဥပဝါဏ,ဤသို့လည်း ကိုယ် တိုင် သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော “လာလှည့် ရှုလှည့်”ဟု ပြထိုက်သော မိမိ၏ကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူထားထိုက်သော အရိယာပုညာရှိ

တို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သော တရား ဖြစ်၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-သံ၊ ဒု မိဂဇာလဝဂ္ဂ-ဥပဝါဏသန္ဒိဋ္ဌိကသုတ္တ ၂၆၀ ဋ္ဌတ ၁၅၊ ဋီ ဒု ၂၉၃)

---

## ဣဿာနသုတ်ကို ပြဆိုခြင်း

"မြတ်စွာဘုရား.... ဤမည်သောကျောင်း၌ မထင်ရှားသော ရဟန်းငယ်တပါးသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် သည်းထန်စွာ မကျန်းမမာ ဖြစ်နေပါ၏ အရှင်ဘုရား,တောင်းပန်ပါ၏ မြတ်စွာဘုရားသည် ထိုရဟန်းထံသို့ သနားသည်ကို အကြောင်းပြု၍ ကြွတော်မူစေလိုပါ၏"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် 'အငယ်' ဟူသော စကားကိုင်း, 'သူနာ' ဟူသော စကားကိုင်း ကြားရသဖြင့် သူနာရဟန်းသည် မထင်ရှားသော ရဟန်းဟု သိတော်မူ၍ ထိုရဟန်းထံသို့ ကြွတော်မူ၏။

ထိုသူနာရဟန်းသည် မြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှ မြင်ရ၍ ညောင်စောင်းမှ ဆင်းမည့်အယောင် ပြု၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား "ရဟန်း,မသင့်၊သင်သည် ညောင်စောင်းမှ

အောက်သို့ မဆင်းလင့်၊ ခင်းထားပြီးသော ဤနေရာတို့သည် ရှိကုန်၏၊ထိုနေရာတို့၌ ငါ ထိုင်အံ့”ဟု ဤစကားကို မိန့်တော်မူ၍ မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူ၏။

ထိုင်နေတော်မူပြီးနောက် မြတ်စွာဘုရားသည် ထိုသူနာရဟန်းအား “ရဟန်း,သင့်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ကုန်ပါ၏လော၊မတိုးပွားပဲ ရှိပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်၏ဟု ထင်ပါ၏လော၊ တိုးပွား၏ဟု မထင်ပဲ ရှိပါ၏လော”ဟု မိန့်တော်မူ၏။ “အရှင်ဘုရား,တပည့်တော်အား မခန့်ကျန်းပါ၊မမျှတပါ၊ တပည့်တော်အား ပြင်းထန်သော ဆင်းရဲဝေဒနာတို့သည် တိုးပွားပါကုန်၏၊မဆုတ်ယုတ်ပါကုန်၊ဆင်းရဲသော ဝေဒနာတို့သည် တိုးပွား၏ဟု ထင်ပါ၏၊ ဆုတ်ယုတ်၏ဟု မထင်ပါ”ဟု လျှောက်၏။

ရဟန်း,သင့်အား စိုးရိမ်မှု နှလုံးမသာမှုသည်မနည်းလှပါ၊ ရဟန်း, သင့်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲ ရှိပါ၏လော....။ အရှင်ဘုရား,တပည့်တော်ကို သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲ ရှိပါ၏။

ရဟန်း, သီလအားဖြင့် မိမိကိုယ်တိုင် မစွပ်စွဲနိုင်ပဲ ရှိခဲ့မူ သင်၏စိုးရိမ်မှု နှလုံးမသာမှုကားအဘယ်နည်း....။

အရှင်ဘုရား, သီလစင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားသည် တရားကိုဟောအပ်၏ဟု တပည့်တော်မသိပါ။

ရဟန်း, သီလစင်ကြယ်ခြင်း အကျိုးငှါ ငါဘုရားသည် တရားကိုဟောအပ်၏ဟု မသိခဲ့မူ အဘယ်အကျိုးငှါ ငါသည် တရားတော်ကို ဟောအပ်၏ဟု သင်သိသနည်း ...။ အရှင်ဘုရား,တပ်မက်မှု ရာဂကင်းခြင်းအကျိုးငှါ မြတ်စွာဘုရားသည် တရားတော်ကိုဟောအပ်၏ဟု တပည့်တော်သိပါ၏ဟု လျှောက်၏။

ရဟန်း,ကောင်းပေစွ, ကောင်းပေစွ၊ ရဟန်း,တပ်မက်မှု ရာဂကင်းခြင်းအကျိုးငှါ ငါဘုရားသည် တရားကို ဟောထားသည်ကို သင်ကောင်းစွာသိ၏၊ ရဟန်း, ငါဘုရားသည် တပ်မက်မှု ရာဂကင်းခြင်းအကျိုးရှိသော တရားတော်ကို ဟောအပ်၏၊ ရဟန်း, ထိုတရားကို အဘယ်သို့ မှတ်ထင်သနည်း မျက်စိသည် မြဲသလော, မမြဲသလော....။မမြဲပါ အရှင်ဘုရား။ပ။

နားသည် နှာခေါင်းသည် လျှာသည် ကိုယ်သည် စိတ်သည် မြဲသလော,မမြဲသလော....။ မမြဲပါ အရှင်ဘုရား။

မမြဲသော စိတ်သည် ဆင်းရဲလော,ချမ်းသာလော။ ဆင်းရဲပါ အရှင်ဘုရား။

မမြဲသော ဆင်းရဲသော ဖောက်ပြန်သော သဘော ရှိသော စိတ်ကို "ဤစိတ်သည် ငါ့ဉစ္စာ ဖြစ်၏၊ ဤစိတ်သည် ငါ ဖြစ်၏၊ ဤစိတ်သည် ငါ၏ ကိုယ် အတ္တတည်း" ဟု ရှုခြင်းငှါ သင့်လျော်ပါမည်လော...။ မသင့်လျော်ပါ အရှင်ဘုရား။

ရဟန်း,ဤသို့မြင်သော အကြား အမြင်ရှိသော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏၊ နား၌လည်း ငြီးငွေ့၏။ပ။ စိတ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့သော် စွဲမက်မှု ကင်း၏၊ စွဲမက်မှုကင်းခြင်းကြောင့် ကိလေသာမှလွတ် မြောက်၏၊ ကိလေသာမှ လွတ်မြောက်သော် "ကိလေသာမှ လွတ်မြောက်ပြီ" ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ ဟု သိ၏ဟု မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ထိုသူနာရဟန်းသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန် နှစ်သက် ဝမ်းမြောက်လေပြီ။ ဤ ဇုဏှိယ စကားပြေကို ဟောပြသည်ရှိသော် ထိုသူနာ ရဟန်း အား "ဖြစ်ပေါ်ခြင်းသဘောရှိသော တရားမှန်သမျှ သည် ချုပ်ခြင်း ပျောက်ခြင်း သဘောရှိ၏" ဟု ကိလေ

သာမြတ်ကောင်းသော အညှစ်အကြေးကင်းသော တရား မျက်စိ သောတာပတ္တိမဂ်ဉာဏ်သည် ဖြစ်ပေါ်၏။
(ဆင့်မူ-သံယုတ္တ ဖဂ္ဂုန၀ဂ္ဂ၊ပ-ဂိလာနသုတ္တ ၂၇၂၊ဋ္ဌကထာ ၁၆၊တဋီ ၂၉၄)

---

## ဖဂ္ဂုနသုတ်ကို ပြဆိုခြင်း

ထိုအခါ အရှင်ဖဂ္ဂုနသည် အနာနှိပ်စက်အပ်သည် ဖြစ်၍ ဆင်းရဲလျက် ပြင်းထန်စွာ မကျန်းမမာဖြစ်၏၊ ထို အခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်း ကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေ ရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အရှင်ဘုရား, ဖဂ္ဂုနသည် အနာနှိပ်စက်သည် ဖြစ်၍ ဆင်းရဲလျက် ပြင်းပြစွာ မကျန်းမမာပါ အရှင်ဘုရား, တောင်းပန် ပါ၏၊ မြတ်စွာဘုရားသည် သနားတော်မူသည်ကို အကြောင်းပြု၍ အရှင်ဖဂ္ဂုန၏ထံသို့ ကြွတော်မူစေချင် ပါသည်"ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ် ဆိတ် နေသဖြင့် လက်ခံတော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထလျက် အရှင် ဖဂ္ဂုနထံသို့ ချဉ်းကပ်တော်မူ၏။ အရှင်ဖဂ္ဂုနသည် ကြွလာတော်မူသော မြတ်စွာဘုရားကို အဝေးမှမြင်၍ ညောင်စောင်းမှ ထအံ့သော အမူအရာကို ပြု၏။ ထို

အခါ မြတ်စွာဘုရားသည် အရှင်ဖဂ္ဂုနအား "ဖဂ္ဂုန မသင့်၊ သင်သည် ညောင်စောင်းမှ မရွေ့မပြောင်းနှင့်၊ သူတပါးတို့ ပြင်ပြီးနေရာတို့ ရှိရာ ထိုနေရာတို့၌ ထိုင်တော်မူမည်"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးလျှင် အရှင်ဖဂ္ဂုနအား "ဖဂ္ဂုန, အသို့နည်း.... သင့်အား ခံ့ကျန်း၏လော၊ မျှတ၏လော၊ ဆင်းရဲဝေဒနာတို့ ဆုတ်ယုတ်ကုန်၏လော၊ မတိုးပဲ ရှိ၏လော၊ ဆုတ်ယုတ်သော အခြေအနေသည် ထင်၏လော၊ တိုးတက်သော အခြေအနေသည် မထင်ပဲ ရှိ၏လော" ဟု မေးတော်မူ၏။

—"အရှင်ဘုရား, အကျွန်ုပ်အား မခံ့ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းပြကုန်သော ဆင်းရဲဝေဒနာတို့သည် တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ။

—အရှင်ဘုရား, ခွန်အားရှိသော ယောကျ်ားသည် ထက်လှစွာသော စူးဖြင့် ထိပ်၌ နှက်ဘိသကဲ့သို့ ဤအတူသာလျှင် ပြင်းထန်ကုန်သော လေတို့သည် ဦးထိပ်၌ နှိပ်စက်ပါကုန်၏၊ အရှင်ဘုရား,အကျွန်ုပ်အား မခံ့ကျန်းပါ၊ မမျှတပါ၊အကျွန်ုပ်အား ဆင်းရဲဝေဒနာ

တို့ တိုးတက်ပါကုန်၏၊မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ။

—အရှင်ဘုရား, ခွန်အားရှိသော ယောကျ်ားသည် မြဲမြံလှစွာသော ကြိုးလွန်းပိုင်းဖြင့် ဦးခေါင်း၌ ရစ်ပတ်သကဲ့သို့ ထို့အတူသာလျှင် အကျွန်ုပ်အား ဦးခေါင်း၌ ခေါင်းကိုက်ဝေဒနာတို့သည် ဖြစ်ပါကုန်၏၊ အရှင်ဘုရား, အကျွန်ုပ်အား မခံ့ကျန်းပါ၊ အကျွန်ုပ်အား မမျှတပါ၊ အကျွန်ုပ်အား ဆင်းရဲဝေဒနာတို့ တိုးတက်ပါကုန်၏၊မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ။

—အရှင်ဘုရား,ကျွမ်းကျင်သော နွားသတ်ယောကျ်ားသည်၎င်း, နွားသတ်ယောကျ်ား၏ တပည့်သည်၎င်း, ထက်လှစွာသော သားလှီးဓားဖြင့် ဝမ်းကို မွှမ်းဘိသကဲ့သို့ ဤအတူသာလျှင် ပြင်းထန်သော လေတို့သည် ဝမ်းကို ထိုးကျင့်ပါကုန်၏။အရှင်ဘုရား,အကျွန်ုပ်အား မခံ့ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်ကုန်သော ဆင်းရဲဝေဒနာတို့သည် တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ။

—အရှင်ဘုရား, အားကြီးသော ယောကျ်ား နှစ်ယောက်တို့သည် အားနည်းလှသော ယောကျ်ားကို အသီးအသီးသော လက်မောင်းတို့၌ ဆွဲကိုင်၍ မီးကျီး၌ ကင်ကြကုန်သကဲ့သို့ ဤအတူသာလျှင် ကိုယ်၌ အလွန်ပူပါ၏၊ အရှင်ဘုရား, အကျွန်ုပ်အား မခံ့ကျန်းပါ၊ မမျှတပါ၊ အကျွန်ုပ်အား ပြင်းထန်သော ဆင်းရဲဝေဒနာတို့ တိုးတက်ပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ တိုးတက်သော အခြေအနေသာ ထင်ပါ၏၊ ဆုတ်ယုတ်သော အခြေအနေသည် မထင်ပါ"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်ဖဂ္ဂုနအား တရားနှင့်လျော်သော စကားဖြင့် အကျိုးစီးပွားကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရှင်လန်း စေပြီးလျှင် နေရာမှ ထကာ ဖဲခွါ ကြွသွားတော်မူ၏။

ထိုနောက် အရှင်ဖဂ္ဂုနသည် မြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီပင် ကွယ်လွန်လေ၏၊ ထိုဖဂ္ဂုနမထေရ်၏ ထိုသေခါနည်းကာလ၌ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးလျှင် မြတ်စွာဘုရားအား "အရှင်

ဘုရား, အရှင်ဖဂ္ဂုနသည် မြတ်စွာဘုရား ကြွသွား၍ မကြာမြင့်မီပင် ကွယ်လွန်ပါသည်၊ ထိုဖဂ္ဂုန၏ ထိုသေခါနီးအခါ၌ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ပါ၏”ဟုလျှောက်၏။အာနန္ဒာ,ဖဂ္ဂုနရဟန်း၏ ဣန္ဒြေတို့သည် အဘယ့်ကြောင့် အထူးသဖြင့် မကြည်လင်ဘဲ ရှိကုန်လိမ့်မည်နည်း၊အာနန္ဒာ,ဖဂ္ဂုနရဟန်း၏စိတ်သည် ထိုတရားဒေသနာကို ကြားနာရ၍ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့မှ လွတ်မြောက်၏၊အရဟတ္တဖိုလ်သို့ ရောက်သွားလေ၏။

မှတ်ချက်— ယခုအခါ ယောဂီပုဂ္ဂိုလ်များ သေခါနီး ရောဂါဝေဒနာ ဆိုက်ရောက်လာလျှင် ဝိပဿနာတရား ကို အနိစ္စ-မမြဲမှုသဘော,ဒုက္ခ-ဆင်းမှုသဘော, အနတ္တ-အစိုးမရမှုသဘော အနားကနေပြီး အမြဲသတိပေးရာသည်။ ဝိညာဉ်ချုပ်ခါနီးမှာ မမြဲတဲ့သဘော,ဆင်းရဲတဲ့သဘော,အစိုးမရတဲ့သဘောကို ကြည့်နေရသည်၊ ကြည့်ရုံသာ ကြည့်ရသည်၊ အနားက သတိပေးရသည်၊ ချုပ်သွားသည်တိုင်အောင် သတိပေးပါလေ၊ ဖဂ္ဂုနမထေရ်ကဲ့သို့ ဖြစ်သွားလိမ့်မည်။

အနန္ဒာ,သင့်လျော်လျောက်ပတ်သောအခါ တရားကို နာခြင်းနှင့် သင့်လျော် လျောက်ပတ်သောအခါ အကျိုးအကြောင်းကို ဆင်ခြင်ခြင်း၌ အကျိုးတို့သည် ၆ခြောက်မျိုးတို့တည်း။

အဘယ် ခြောက်မျိုးတို့နည်း....ဟူမူကား—

(၁) အာနန္ဒာ,ဤသာသနာတော်၌ ရဟန်းအား အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီးအခါ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့် ရ၏၊ ထိုရဟန်းအား မြတ်စွာဘုရားသည် အစ၏ကောင်း ခြင်း,အလယ်၏ ကောင်းခြင်း, အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုတရားဒေသနာကို ရဟန်း၏စိတ်သည် ကြားနာရ၍ အောက်ပိုင်း သံယောဇဉ်ငါးပါးတို့မှလွတ်မြောက်၏။အာနန္ဒာ, ဤသည်ကား သင့်လျော် လျောက်ပတ်သော အခါ တရားကိုနာရခြင်း၌ ပဌမအကျိုးတည်း။

(၂) အာနန္ဒာ,နောက်တမျိုးကား.... ရဟန်းအား အောက်ပိုင်းသံယောဇဉ်ငါးပါးတို့မှ စိတ်သည်မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီးအခါ၌

မြတ်စွာဘုရားကို ဖူးမျှော်ခွင့်မရ၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ တပည့်သာဝကကို ဖူးမျှော်ခွင့် ရ၏၊ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုရဟန်းအား အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ ကောင်းခြင်း ရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏၊အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြ၏၊ ထို တရားဒေသနာကို ကြားနာရ၍ ထိုရဟန်း၏ စိတ်သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်၏။အာနန္ဒာ,ဤသည်ကား သင့်လျော်လျောက်ပတ်သော အခါ တရားကိုနာရခြင်း၌ ဒုတိယအကျိုး တည်း။

(၃) အာနန္ဒာ,နောက်တမျိုးကား.... ရဟန်းအား အောက်ပိုင်းသံယောဇဉ်ငါးပါးတို့မှ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့် မရ၊ မြတ်စွာဘုရား၏ တပည့်သာဝကကိုလည်း ဖူးမျှော်ခွင့် မရ၊ စင်စစ်သော်ကား ကြားနာဘူး, တရားအားထုတ်ဘူးသည့်အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြည့်ရှု၏၊ အဖန်ဖန် သုံးသပ်၏၊စိတ်ဖြင့် အဖန်ဖန် ရှုကြည့်၏၊ တရားအားထုတ်ဘူးသည့်အတိုင်း တရားကို အဖန်ဖန် စိတ်ဖြင့် ကြည့်ရှု

သော အဖန်ဖန် သုံးသပ်ဆင်ခြင်သော စိတ်ဖြင့် အဖန်ဖန် ကြည့်ရှုသော ရဟန်း၏ စိတ်သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်၏။ အာနန္ဒာ, ဤသည်ကား သင့်လျော်လျောက်ပတ်သော အခါ၌ အကြောင်းအကျိုးကို ဆင်ခြင်ခြင်း၌ တတိယ အကျိုး တည်း။

(၄) အာနန္ဒာ,ဤသာသနာတော်၌ ရဟန်းအား အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏၊ အတုမရှိသော ဥပဓိ၏ ကုန်ရာ နိဗ္ဗာန်၌ စိတ်သည် အရဟတ္တဖိုလ်ဖြင့် မလွတ်မြောက်သေး၊ ထို ရဟန်းသည် ထို သေခါနီးအခါ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့် ရ၏၊ မြတ်စွာဘုရားသည် ထိုရဟန်းအား အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ ကောင်းခြင်း ရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသောတရားကို ဟောတော်မူ၏၊အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထို တရားဒေသနာကို ကြားနာရ၍ ထို ရဟန်း၏စိတ်သည် အတုမရှိသော ဥပဓိ၏ ကုန်ရာ နိဗ္ဗာန်၌ အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်၏၊ လွတ်မြောက်မှု ပုဂ္ဂိုလ်မှဖြစ်၏။ အာနန္ဒာ,ဤသည်ကား သင့်

လျော် လျောက်ပတ်သောအခါ တရားကို နာရခြင်း၌ စတုတ္ထ အကျိုးတည်း။

(၅) အာနန္ဒာ, နောက်တမျိုးကား... ရဟန်းအား အောက်ပိုင်းသံယောဇဉ် ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏၊ အတုမရှိသော ဥပဓိ၏ ကုန်ရာ နိဗ္ဗာန်၌ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့် မရ၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ တပည့်သာဝကကို ဖူးမျှော်ခွင့် ရ၏၊ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုရဟန်းအား အစ၏ ကောင်းခြင်း, အလယ်၏ ကောင်းခြင်း, အဆုံး၏ကောင်းခြင်း ရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသောတရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံ၍ စင်ကြယ်သော မြတ်သော အကျင့်ကို ပြ၏၊ ထိုတရားဒေသနာကို ကြားနာရ၍ ထိုရဟန်း၏ စိတ်သည် အတုမရှိမြတ်သော ဥပဓိ၏ကုန်ရာ နိဗ္ဗာန်၌ အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်၏။ အာနန္ဒာ, ဤသည်ကား သင့်လျော်လျောက်ပတ်သောအခါ တရားကို နာရခြင်း၌ ပဉ္စမအကျိုးတည်း။

(၆) အာနန္ဒာ, နောက်တမျိုးကား....ရဟန်းအား, အောက်ပိုင်း သံယောဇဉ်ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏၊ အတုမရှိသော ဥပဓိ၏ကုန်ရာ နိဗ္ဗာန်၌ စိတ်

သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသောခါ၌ နီး အခါ၌ မြတ်စွာဘုရားကိုလည်း ဖူးမျှော်ခွင့် မရ၊ မြတ်စွာ ဘုရား၏ တပည့်သာဝကကိုလည်း ဖူးမျှော်ခွင့်မရ၊ စင်စစ် သော်ကား ကြားနာဘူးသည့် ဝိပဿနာတရား အားထုတ်ဘူးသည့်အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြည့်ရှု၏၊ အဖန်ဖန် သုံးသပ် ကြည့်ရှု၏၊ စိတ်ဖြင့် အဖန် ဖန် ဖြစ်ပျက် ကြည့်ရှု၏၊ ကြားနာဘူးသည့် ဝိပဿနာ တရား အားထုတ်ဘူးသည့် အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ဖြစ်ပျက်သော အဖန်ဖန်စိတ်ဖြင့် သုံးသပ် သော စိတ်ဖြင့် ဖြစ်ပျက် အဖန်ဖန်ကြည့်ရှုသော ထို ရဟန်း၏စိတ်သည်အတုမရှိသော ဥပဓိကုန်ရာ နိဗ္ဗာန်၌ အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်၏။ အာနန္ဒာ, ဤသည် ကား သင့်လျော်လျောက်ပတ်သောအခါ၌ အကြောင်း အကျိုးကို ဆင်ခြင်ခြင်း၌ ဆဋ္ဌအကျိုးတည်း။

အာနန္ဒာ, သင့်လျော် လျောက်ပတ်သောအခါ တရားနာခြင်းနှင့် သင့်လျော် လျောက်ပတ်သောအခါ အကြောင်းအကျိုးကို ဆင်ခြင်ခြင်း၌ အကျိုးတို့သည် ဤခြောက်မျိုးတို့တည်းဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ၊ အံ-ဒု ၆၊ မဟာဝဂ္ဂ ၂၊ ဖဂ္ဂုနသုတ္တ ၃၃၃၊ ဌတ ၁၂၆၊ ငွေ့တ ၁၂၁-၁၂၅)

## ကုဋဌောပမသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, ရှေး၌ဖြစ်ဘူးသည်ကား.... အခွံရှိလိပ်သည် ညနေချမ်းအခါ မြစ်ကမ်းအနီး၌ လှည့်လည်ကျက်စား၏၊ ရဟန်းတို့,မြေခွေးသည်လည်း ညနေချမ်းအခါ မြစ်ကမ်းအနီး၌ လှည့်လည်ကျက်စား၏။ ရဟန်းတို့,အခွံရှိသော လိပ်သည် လှည့်လည်ကျက်စားသော မြေခွေးကို အဝေးမှမြင်လျှင် ခေါင်းလျှင် ငါးခုမြောက်ရှိသော အင်္ဂါတို့ကို မိမိပိုင် အခွံတွင်းသို့ ထည့်သွင်းပြီးလျှင် ကြောင့်ကြမဲ့ ဆိတ်ဆိတ် နေ၏။ ရဟန်းတို့, မြေခွေးသည်လည်း လှည့်လည်ကျက်စားသော အခွံရှိသော လိပ်ကို အဝေးမှပင် မြင်လေလျှင် အခွံရှိသော လိပ်ထံသို့ ချဉ်းကပ်၍ "ဤအခွံရှိလိပ်သည် ခေါင်းလျှင် ငါးခုမြောက်ရှိသော အင်္ဂါတို့တွင် တခုခုသော အင်္ဂါကို ထုတ်သောအခါ ထိုလိပ်ကို ဖမ်းယူပြီးလျှင် ခွါ၍ စားအံ့"ဟု အခွံရှိလိပ်၏ အနီးသို့ ကပ်၍ ရပ်လေ၏။ ထိုအခွံရှိသော လိပ်သည် ခေါင်းလျှင် ငါးခုမြောက်ရှိသော အင်္ဂါတို့တွင် တခုခုသောအင်္ဂါကိုမျှ မထုတ်သောအခါ မြေခွေးသည် အခွင့်မရမူ၍ မညှဉ်းဆဲနိုင်ပဲ လိပ်ထံမှ ဖဲသွားလေ၏။

ရဟန်းတို့၊ ဤအတူ“ငါသည် ဤရဟန်းတို့၏ မျက်စိမှသော်လည်း အခွင့်ရရာ၏။ပ။လျှာမှသော်လည်းအခွင့်ရရာ၏။ပ။ စိတ်မှသော်လည်း အခွင့်ရရာ၏”ဟု မာရ် ယုတ်သည် အမြဲမပြတ် သင်တို့၏အနီး၌ ရပ်တည်လျက်ရှိ၏၊ ရဟန်းတို့၊ ထိုသို့ဖြစ်သောကြောင့် ဤရွေ့တို့၌ လုံခြုံသော တံခါးရှိသည်ဖြစ်၍ နေကြကုန်သော မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သော် မိန်းမ,ယောကျ်ား စသော သဏ္ဌာန်နိမိတ်ကို မစွဲယူကြကုန်လင့်၊ လက်ခြေ စသော အင်္ဂါ, ပြုံးဟန် ရယ်ဟန် စသော အမူအရာ အမှတ် လက္ခဏာကို မစွဲယူကြကုန်လင့်၊ စက္ခုန္ဒြေကို မစောင့် စည်းပဲ နေလျှင် ယင်းစက္ခုန္ဒြေ ဟူသော အကြောင်း ကြောင့် မက်မောခြင်း အဘိဇ္ဈာ, နှလုံးမသာခြင်း ဒေါ မနဿ ဟူသော ယုတ်ညံ့သော အကုသိုလ်တရားတို့ သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ သောကြောင့် သင်တို့သည် ထိုစက္ခုန္ဒြေကို စောင့်စည်း ခြင်းငှါ ကျင့်ကြကုန်လော့၊ စက္ခုန္ဒြေကို စောင့်စည်းကြ ကုန်လော့၊ စက္ခုန္ဒြေကို စောင့်စည်းခြင်းသို့ ရောက်ကြ ကုန်လော့။

နားဖြင့် အသံ သဒ္ဒါရုံကို ကြားသော်။ပ။ နှာခေါင်း ဖြင့် အနံ့ ဂန္ဓာရုံကို နမ်းရှူသော်။ပ။ လျှာဖြင့် အရသာ

ရသာရုံကို လျက်သော်။ပ။ ကိုယ်ဖြင့် အတွေ့ အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်။ပ။စိတ်ဖြင့် သဘောတရား ဓမ္မာရုံကိုသိသော် မိန်းမ ယောက်ျား စသော သဏ္ဍာန် နိမိတ်ကို မစွဲယူကြကုန်လင့်၊ လက်ခြေစသော အင်္ဂါ, ပြုံးဟန် ရယ်ဟန် စသော အမူအရာ အမှတ်လက္ခဏာ ကို မစွဲယူကြကုန်လင့်။မနိန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်းသို့ မနိန္ဒြေ ဟူသောအကြောင်းကြောင့် မက်မော ခြင်း အဘိဇ္ဈာ,နှလုံးမသာခြင်း ဒေါမနဿ ဟူသော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် ထိုမစောင့် စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာသောကြောင့် သင် တို့သည် ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်ကြကုန် လော့၊ မနိန္ဒြေကို စောင့်စည်းကြကုန်လော့၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်ကြကုန်လော့။ ရဟန်းတို့, သင်တို့သည် အကြင်အခါ ဣန္ဒြေတရားတို့၌ လုံခြုံ သော တံခါးရှိကုန်သည်ဖြစ်၍ နေကုန်လတ္တံ့၊ ထိုအခါ လိပ်ထံမှ မြေခွေး ဖဲသွားသကဲ့သို့ သင်တို့ထံမှလည်း မာရ်ယုတ်သည် အခွင့်မရသည်ဖြစ်၍ မညှဉ်းဆဲနိုင်ပဲ ဖဲသွားလတ္တံ့ဟု ဟောတော်မူ၏။

လိပ်သည် အင်္ဂါတို့ကို မိမိပိုင် အခွံတွင်း၌သွတ်သွင်း ထားသကဲ့သို့ ရဟန်းတို့သည် စိတ်အကြံအစည်ကို ကောင်းစွာ ထိန်းသားကြပါလျှင် တဏှာ,ဒိဋ္ဌိ အမှီမခံ

ရ၀ တပါးပုဂ္ဂိုလ်ကို မထိခိုက် မညှဉ်းဆဲမူ၍ ချုပ်ငြိမ်းရာ၏၊ တစုံတယောက်ကိုမျှ မစွပ်စွဲ မပြောဆိုရာ၏။
(ဆင့္မ္မ သံဒု ၄၊ အာသိဝိသဝဂ္ဂ-ကုမ္မောပမာသုတ္တ ၃၇၅၊ ဋ္ဌတ ၇၃၊ ဋ္ဌိဒု ၃၃၁)

## ပဋ္ဌမဋ္ဌယသုတ်ကို ပြဆိုခြင်း

ဋ္ဌယံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ တံ သုဏာထ၊ ကိဉ္စ ဘိက္ခဝေ ဋ္ဌယံ- စက္ခုဉ္စေဝ ရူပါ စ, သောတဉ္စေဝ သဒ္ဒါ စ, ဃာနဉ္စေဝ ဂန္ဓာ စ, ဇိဝှါ စေဝ ရသာ စ, ကာယော စေဝ ဖောဋ္ဌဗ္ဗာ စ, မနော စေဝ ဓမ္မာ စ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဋ္ဌယံ။

ရဟန်းတို့,သင်တို့အား နှစ်ခုနှစ်ခုသော အစုတရားကို ဟောပေအံ့၊ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့, နှစ်ခုသော အစုတရားဟူသည် အဘယ်နည်း.... မျက်စိနှင့် အဆင်းတို့ပေါင်း, နားနှင့် အသံတို့ပေါင်း, နှာခေါင်းနှင့် အနံ့တို့ပေါင်း,လျှာနှင့် အရသာတို့ပေါင်း, ကိုယ်နှင့် အတွေ့အထိတို့ပေါင်း, စိတ်နှင့် သဘောတရားတို့ပေါင်းတည်း။ ရဟန်းတို့, ဤဆိုအပ်ပြီးသည်ကို နှစ်ခုနှစ်ခုသော အစုတရားဟု ဆိုအပ်၏။

ရဟန်းတို့, ဤနှစ်ခုနှစ်ခုသော အစုတရားကို ဖယ်ထား၍ အခြားသော နှစ်ခုနှစ်ခုသော အစုတရားကို ငါပညတ်၏ဟု တဦးတယောက်သောသူသည် ဤသို့ ဆိုခဲ့ပါမူ ထိုသူ၏ ထိုစကားသည်စကားမျှသာဖြစ်ရာ၏၊ မေးသည်ရှိသော် မဖြေဆိုနိုင်ရုံသာမက ပင်ပန်းခြင်းသို့ ရောက်ရာ၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း.... ရဟန်းတို့, အရာမဟုတ်သောကြောင့်တည်းဟု မိန့်တော်မူ၏။

ရဟန်းတို့, နှစ်ခုနှစ်ခုသော အစုတရားကို စွဲ၍ ဝိညာဉ်ဖြစ်၏၊ ရဟန်းတို့, အဘယ်သို့လျှင် နှစ်ခုနှစ်ခုသော အစုတရားကို စွဲ၍ ဝိညာဉ်ဖြစ်သနည်း.... မျက်စိနှင့် အဆင်းကို စွဲ၍ စက္ခုဝိညာဉ်ဖြစ်ပေါ်၏၊ မျက်စိသည် မမြဲ၊ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ အဆင်းတို့သည် မမြဲကုန်၊ဖောက်ပြန်လေ့ရှိကုန်၏၊တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ ဤသို့ သဘောရှိသော တရားနှစ်ခုအစုသည် တုန်လှုပ်လည်း တုန်လှုပ်တတ်၏၊ ပျက်စီးလည်း ပျက်စီးတတ်၏၊ မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ ရှိ၏။ စက္ခုဝိညာဉ်သည် မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ စက္ခုဝိညာဉ် ဖြစ်ပေါ်လာရန် အကြောင်းအထောက်အပံ့သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံ

ဖြစ်လေ့ရှိ၏၊ ရဟန်းတို့ မမြဲသောအကြောင်းကို စွဲ၍ ဖြစ်ပေါ်လာသော စက္ခုဝိညာဉ်သည်ကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။

ရဟန်းတို့ မျက်စိ၊အဆင်း၊စက္ခုဝိညာဉ် ဤသုံးပါးတို့၏ ပေါင်းဆုံစုဝေး အညီအညွတ် ဖြစ်မှုကို စက္ခုသမ္ဖဿ ဟုဆိုအပ်၏။ စက္ခုသမ္ဖဿသည်လည်း မမြဲ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ စက္ခုသမ္ဖဿ ဖြစ်ပေါ်လာရန် အကြောင်းအထောက်အပံ့သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ ရဟန်းတို့ မမြဲသောအကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော စက္ခုသမ္ဖဿသည်ကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။

ရဟန်းတို့ တွေ့ထိမှုရှိသောသူသည် ခံစား၏၊ တွေ့ထိမှုရှိသောသူသည် စေ့ဆော်၏၊ တွေ့ထိမှုရှိသောသူသည် မှတ်သား၏၊ဤသို့သဘောရှိသော တရားတို့သည် တုန်လှုပ်တတ်ကုန်၏၊ပျက်စီးလည်းပျက်စီးတတ်ကုန်၏၊ မမြဲကုန်၊ဖောက်ပြန်လေ့ရှိကုန်၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိကုန်၏။ပ။

လျှာနှင့် အရသာတို့ကိုစွဲ၍ ဇိဝှါဝိညာဉ်ဖြစ်ပေါ်၏၊ လျှာသည် မမြဲ၊ဖောက်ပြန်လေ့ရှိ၏၊တမျိုးတဖုံဖြစ်လေ့

ရှိ၏။အရသာတို့သည် မမြဲကုန်၊ ဖောက်ပြန်လေ့ရှိကုန်၏၊ တမျိုးတဖုံဖြစ်လေ့ရှိကုန်၏။ ဤသို့ သဘောရှိသော တရားနှစ်ခုအစုသည် တုန်လှုပ်လည်း တုန်လှုပ်တတ်၏၊ ပျက်စီးလည်း ပျက်စီးတတ်၏၊မမြဲ၊ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ဇိဝှါဝိညာဉ်သည် မမြဲ၊ဖောက်ပြန်လေ့ရှိ၏၊တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ဇိဝှါဝိညာဉ် ဖြစ်ပေါ်လာရန် အကြောင်းအထောက်အပံ့ သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ ရဟန်းတို့, မမြဲသောအကြောင်းကို စွဲ၍ ဖြစ်ပေါ်လာသော ဇိဝှါဝိညာဉ်သည်ကား အဘယ်မှာမြဲနိုင်လိမ့်မည်နည်း။

ရဟန်းတို့ လျှာ, အရသာ, ဇိဝှါဝိညာဉ် ဤတရားသုံးမျိုးတို့၏ ပေါင်းဆုံစုဝေး အညီအညွတ် ဖြစ်မှုကို ဇိဝှါသမ္ဖဿဟု ဆိုအပ်၏၊ဇိဝှါသမ္ဖဿသည်လည်းမမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏။ ဇိဝှါသမ္ဖဿဖြစ်ပေါ်လာရန် အကြောင်း အထောက် အပံ့ သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ ရဟန်းတို့, မမြဲသောအကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာသော ဇိဝှါသမ္ဖဿသည်ကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။

ရဟန်းတို့,တွေ့ထိမှုရှိသောသူသည် ခံစား၏၊တွေ့ထိမှု ရှိသောသူသည် စေ့ဆော်၏၊ တွေ့ထိမှုရှိသောသူသည် မှတ်သား၏၊ဤသို့သဘောရှိသော တရားတို့သည် တုန်လှုပ်လည်း တုန်လှုပ်တတ်ကုန်၏၊ ပျက်စီးလည်း ပျက်စီးတတ်ကုန်၏၊မမြဲကုန်၊ဖောက်ပြန်လေ့ရှိကုန်၏၊ တမျိုးတဖုံ ဖြစ်လေ့ ရှိကုန်၏။ပ။

စိတ်သည် သဘောတရားတို့ကို စွဲ၍ မနောဝိညာဉ် ဖြစ်ပေါ်၏၊ စိတ်သည် မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ သဘောတရားတို့သည် မမြဲကုန်၊ ဖောက်ပြန်လေ့ရှိကုန်၏၊ တမျိုးတဖုံ ဖြစ်လေ့ ရှိကုန်၏၊ ဤသို့သဘောရှိသော တရားအစုသည် တုန်လှုပ်လည်း တုန်လှုပ်တတ်၏၊ ပျက်စီးလည်း ပျက်စီးတတ်၏၊မမြဲ၊ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ ရှိ၏။မနောဝိညာဉ်သည် မမြဲ၊ ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ မနောဝိညာဉ် ဖြစ်ပေါ်လာရန် အကြောင်း အထောက်အပံ့ သည်လည်း မမြဲ၊ ဖောက်ပြန်လေ့ရှိ၏၊တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ရဟန်းတို့ မမြဲသောအကြောင်းကို စွဲ၍ ဖြစ်ပေါ်လာသော မနောဝိညာဉ်သည်ကား အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။

ရဟန်းတို့, စိတ်,သဘောတရား,မနောဝိညာဉ်, ဤ တရားသုံးပါးတို့၏ ပေါင်းဆုံစုဝေး အညီအညွတ်ဖြစ်မှု

ကို မနောသမ္ဘဿဟု ဆိုအပ်၏၊ မနောသမ္ဘဿ သည်လည်း မမြဲ ဖောက်ပြန်လေ့ရှိ၏၊ တမျိုးတဖုံ ဖြစ်လေ့ရှိ၏၊ မနောသမ္ဘဿ ဖြစ်ပေါ်လာရန် အကြောင်းအထောက်အပံ့သည်လည်း မမြဲ၊ဖောက်ပြန်လေ့ ရှိ၏၊ တမျိုးတဖုံဖြစ်လေ့ရှိ၏၊ ရဟန်းတို့,မမြဲသောအကြောင်းကို စွဲ၍ ဖြစ်ပေါ်လာသော မနောသမ္ဘဿသည်အဘယ်မှာ မြဲနိုင်လိမ့်မည်နည်း။

ရဟန်းတို့,တွေ့ထိမှုရှိသောသူသည် ခံစား၏၊တွေ့ထိမှု ရှိသောသူသည် စေ့ဆော်၏၊ တွေ့ထိမှုရှိသော သူသည် မှတ်သား၏၊ဤသို့သဘောရှိသော တရားတို့သည် တုန်လှုပ်လည်း တုန်လှုပ်ဘတ်ကုန်၏၊မမြဲကုန်၊ ဖောက်ပြန်လေ့ရှိကုန်၏၊တမျိုးတဖုံ ဖြစ်လေ့ရှိကုန်၏၊ ရဟန်းတို့,ဤသို့ နှစ်ခုနှစ်ခု အစုကို စွဲ၍ ဝိညာဉ် ဖြစ်ပေါ်၏ဟု မိန့်တော်မူ၏။

(ဆင္ဂမူ၊သံ-ဒု ဆန္ဒဝဂ္ဂ ဒုတိယဒွယသုတ္တ၁၉၁၊
ဋ္ဌတ ၂၆၊ ဋီဒု ၂၉၉)

## အန္တော ဝါသိကာသုတ်ကို ပြဆိုခြင်း

ရဟန်းတို့, အတွင်းနေ့တပည့်မရှိပဲ ဆရာမရှိပဲ ဤ အကျင့်မြတ်ကို ကျင့်သုံးနေအပ်၏။

— ရဟန်းတို့, အတွင်းနေတပည့်ရှိသော ဆရာရှိသော ရဟန်းသည် ဆင်းဆင်းရဲရဲ နေရ၏။

— ရဟန်းတို့, အတွင်းနေတပည့် မရှိသော ဆရာ မရှိသော ရဟန်းသည် ချမ်းချမ်းသာသာ နေရ၏။

ရဟန်းတို့, အဘယ်သို့လျှင် အတွင်းနေ တပည့်ရှိသော ဆရာရှိသောရဟန်း ဆင်းဆင်းရဲရဲနေရသနည်း- ရဟန်းတို့, ဤသာသနာတော်၌ ရဟန်းအား မျက်စိဖြင့် အဆင်းကို မြင်သော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထို အကုသိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌ နေကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌ နေကုန်သောကြောင့် "အတွင်းနေတပည့်ရှိသူ" ဟု ဆိုအပ်၏။အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို

ရဟန်းကို လွှမ်းမိုးကုန်သောကြောင့် "ဆရာရှိသူ"ဟု ဆိုအပ်၏။ ပ။

ရဟန်းတို့,နောက်တမျိုးကား.... ရဟန်းအား လျှာဖြင့် အရသာကို လျက်သော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌ နေကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌ နေကုန်သောကြောင့်"အတွင်းနေတပည့်ရှိသူ"ဟု ဆိုအပ်၏။ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်သောကြောင့် "ဆရာရှိသူ"ဟု ဆိုအပ်၏။

ရဟန်းတို့,နောက်တမျိုးကား....ရဟန်းအား စိတ်ဖြင့် သဘောတရားကို သိသော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ကြောင်း ဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌ နေကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏အတွင်း၌ နေကုန်သောကြောင့်"အတွင်းနေတပည့်ရှိသူ"ဟု ဆိုအပ်၏။ ထိုအကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုး

ကုန်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထို ရဟန်းကို လွှမ်းမိုးကုန်သောကြောင့် "ဆရာရှိသူ"ဟု ဆိုအပ်၏။ ရဟန်းတို့,ဤသို့လျှင် အတွင်းနေ တပည့်ရှိသော ဆရာရှိသောရဟန်းသည် ဆင်းဆင်းရဲရဲ နေရ၏။

ရဟန်းတို့, အဘယ်သို့လျှင် အတွင်းနေတပည့်မရှိသော ဆရာမရှိသော ရဟန်းသည် ချမ်းချမ်းသာသာ နေရသနည်း....ရဟန်းတို့, ဤသာသနာတော်၌ ရဟန်း အား မျက်စိဖြင့် အဆင်းကိုမြင်သော် ပြေးသွား ကြံ စည်တတ်ကုန် နှောင်ဖွဲ့ကြောင်းဖြစ်ကုန်သော ယုတ်ညံ့ သော အကုသိုလ်တရားတို့သည် မဖြစ်ကုန်၊ ထို အကု သိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌ မနေကုန်၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟန်း၏ အတွင်း၌ မနေကုန်သောကြောင့် "အတွင်းနေတပည့် မရှိသူ"ဟု ဆိုအပ်၏။ ထိုအကုသိုလ်တရားတို့သည် ထို ရဟန်းကို မလွှမ်းမိုးကုန်၊ ယုတ်ညံ့သော အကုသိုလ် တရားသည် ထိုရဟန်းကို မလွှမ်းမိုးကုန်သောကြောင့် "ဆရာမရှိသူ"ဟု ဆိုအပ်၏။ပ။

ရဟန်းတို့,နောက်တမျိုးကား.... လျှာဖြင့် အရသာ ကို လျက်သော် ပြေးသွားကြံစည်တတ်ကုန် နှောင်ဖွဲ့ ကြောင်း ဖြစ်ကုန်သော ယုတ်ညံ့သော အကုသိုလ် တရားတို့သည် မဖြစ်ကုန်၊ ထိုအကုသိုလ်တရားတို့သည်

ထိုရဟာန်း၏အတွင်း၌ မနေကုန်၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟာန်း၏အတွင်း၌ မနေကုန်သောကြောင့်“အတွင်းနေတပည့်မရှိသူ”ဟု ဆိုအပ်၏။ ထိုအကုသိုလ်တရားတို့သည် ထိုရဟာန်းကို မလွှမ်းမိုးကုန်၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟာန်းကို မလွှမ်းမိုးကုန်သောကြောင့်“ဆရာမရှိသူ”ဟု ဆိုအပ်၏။ပ။

ရဟာန်းတို့,နောက်တမျိုးကား.... ရဟာန်းအား စိတ်ဖြင့် သဘောတရားကိုသိသော် ပြေးသွားကြံစည်ကုန်နှောင်ဖွဲ့ကြောင်းဖြစ်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် မဖြစ်ကုန်၊ ထိုအကုသိုလ်တရားတို့သည် ထိုရဟာန်း၏ အတွင်း၌ မနေကုန်၊ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟာန်း၏အတွင်း၌ မနေကုန်သောကြောင့် “အတွင်းနေတပည့်မရှိသူ”ဟုဆိုအပ်၏။ ထိုအကုသိုလ်တရားတို့သည် ထိုရဟာန်းကို မလွှမ်းမိုးကုန်၊ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ထိုရဟာန်းကို မလွှမ်းမိုးကုန်သောကြောင့် “ဆရာမရှိသူ”ဟု ဆိုအပ်၏။ရဟာန်းတို့,ဤသို့လျှင် အတွင်းနေတပည့်မရှိသော ဆရာမရှိသော ရဟာန်းသည် ချမ်းချမ်းသာသာ နေရ၏။

ရဟာန်းတို့, အတွင်းနေတပည့်မရှိပဲ ဆရာမရှိပဲ ဤအကျင့်မြတ်ကို ကျင့်သုံးအပ်၏။ ရဟာန်းတို့,အတွင်းနေ

တပည့်ရှိသော ဆရာရှိသော ရဟန်းသည် ဆင်းဆင်းရဲရဲ နေရ၏။ ရဟန်းတို့ အတွင်းနေတပည့် မရှိသော ဆရာမရှိသော ရဟန်းသည် ချမ်းချမ်းသာသာ နေရ၏ဟု မိန့်တော်မူ၏။

(ဆဋ္ဌမူ-သံ၃ နဝပုရာဏဝဂ္ဂ ၆၊ အန္တေဝါသိကသုတ္တ ၃၄၉၊
ဋ္ဌ၂ ၄၆၊ ဋ္ဌီ၃ ၃၁၆)

---

## အာနာပါနဿတိအားထုတ်ခြင်းကို ပြဆိုခြင်း

သမာဓိဆိုင်ရာ သမထအခန်း၌ အားထုတ်အပ် အားထုတ်သင့်သော သမထလေးဆယ်တို့ကို ဆိုင်ရာဆိုင်ရာ စရိုက်နှင့်တကွ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, သင်္ဂဟအဋ္ဌကထာတို့တွင် လာသည့်အတိုင်း ပြဆိုခဲ့ပြီ။ ထိုသို့ ပြဆိုခဲ့ရာဝယ် သတ္တဝါမှန်သမျှ စရိုက်ခြောက်ပါးတွင် တပါးပါး၌ ကေန်သက်ဝင်ရမည်ဖြစ်၍ "မိမိသည် မည်သည့်စရိုက် အားကြီးသနည်း၊ မည်သည့်ဖက်သို့ ဝါသနာအား အများကြီး ပါသနည်း"ဟု စဉ်းစားပြီးလျှင် မိမိနှင့် သပ္ပါယဖြစ်ရာ ကမ္မဋ္ဌာန်းတပါးပါးကို လက်တွေ့ ကိုယ်တွေ့ ဆရာ့ထံ နည်းနာခံ၍ ကျင့်ကြံအားထုတ်အပ်၏၊ ဤကျမ်းကား အာနာပါနကမ္မဋ္ဌာန်းကို

သာ ရေးသားပေတော့အံ့၊ အဘယ့်ကြောင့် ရေးရ သနည်း ဟူမူကား—

ပုထုဇဉ် သတ္တဝါ မှန်သမျှတို့သည် တဏှာတန်း လန်းနှင့် ရှိနေကြကုန်၏၊ ထို တဏှာသည်လည်း ကြိ စည်ခြင်းဟု ဆိုအပ်သော ဝိတက်လျှင် အကြောင်းရှိ၏၊ ထိုသို့"တဏှာ"ဟူသော တရားဆိုသည်ကား"ဝိတက်" ဟူသော ကြံစည်ခြင်းမှ ပေါက်ပွားလာပုံ အရင်းခံပုံကို မြတ်စွာဘုရားရှင်သည် ဒီဃနိကာယ သုတ်မဟာဝါ ပါဠိ သက္ကပဉှသုတ္တန်ဒေသနာတော်၌ ဤသို့ ဟော တော်မူ၏။

ဘုရားရှင်သည် တခါတပါး ရာဇဂြိုဟ်မြို့၏ အရှေ့ ဖက် အမ္ဗသဏ္ဍ ပုဏ္ဏားရွာသည် ရှိ၏၊ ထိုပုဏ္ဏားရွာ၏ မြောက်ဖက် မနီးမဝေး ဒေသတွင် မြစိမ်းရောင်အဆင်း ကဲ့သို့ "ဝေဒိယက" မည်သော တောင်သည် ရှိ၏၊ ထို တောင်ပေါ်ရှိ ဣန္ဒသာလဂူဝယ် (ဂူပေါက်ဝ၌ နဘဲပင် ရှိသောကြောင့်"ဣန္ဒသာလဂူ"ဟု တွင်၏) သီတင်းသုံး နေတော်မူစဉ် သိကြားမင်းသည် မိမိစုတေအံ့သော အဖြစ်ကိုသိ၍ထိတ်လန့်ကြောက်ရွံ့ခြင်းပြင်းစွာနှိပ်စက် ရကား ပဉ္စသိခနတ်သားအား ရှေ့သွားခေါင်းဆောင် ပြုလျက် မိမိ၌ သို့လောသို့လောဟု ယုံမှားခြင်း 'ဝိစိ ကိစ္ဆာ'ကို တဆဲ့လေးချက်သော ပြဿနာ တို့ဖြင့်

ဘုရားရှင်အား မေးလျှောက်လေရာ မဟာကရုဏာရှင် ဖြစ်တော်မူသော ဘုရားရှင်သည်လည်း မေးလျှောက်တိုင်းသော ပြဿနာတို့ကို အလုံးစုံ ဖြေကြားတော်မူ၏၊ ထိုပြဿနာ တဆဲ့လေးချက်တို့တွင် ပဌမမြောက်သော ဝိဿဇ္ဇနာ၏ အဆုံး၌ အောက်သို့ လည်စေတတ်သော သံယောဇဉ်သုံးပါးနှင့်တကွ ဝိစိကိစ္ဆာတွေကုန်ခန်းလျက် စုတေပြီးလျှင် ထို ဘုရားရှေ့တော်၌ပင် ဥပပတ်ပဋိသန္ဓေ အားဖြင့် သိကြားမင်း၏ အဖြစ်ကို တဖန်ပြန်၍ ရလေ၏၊ ဤကဲ့သို့ စုတေ၍ သိကြားတဖန်ဖြစ်ရခြင်းကို တန်ခိုးကြီးသော နတ်တို့မှတပါး မည်သူမျှ မသိလိုက်ကြပေ၊ ဘုရားရှင်နှင့်တကွ ရှစ်သောင်းသော နတ်ပရိသတ်ဝယ် အချို့ တန်ခိုးကြီးသော နတ်တို့သည်သာလျှင် ဒုတိယသိကြားမှန်းကို သိကြကုန်၏၊ ထိုပြဿနာ တဆဲ့လေးရပ်တို့တွင် စတုတ္ထမြောက် သိကြားမင်း လျှောက်ထားသော ပြဿနာကား—

"ဆန္ဒော ပန မာရိသ ကိံ နိဒါနော, ကိံ သမုဒယော, ကိံ ဇာတိကော, ကိံ ပဘဝေါ, ကိသ္မိံ သတိ ဆန္ဒော ဟောတိ, ကိသ္မိံ အသတိ ဆန္ဒော န ဟောတီ"တိ။

အနက်။ ။မာရိသ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဆန္ဒော၊တဏှာသည်။ ကိံ နိဒါနော၊ အဘယ်လျှင် အကြောင်းရင်း ရှိသနည်း။ ကိံ သမုဒယော၊ အဘယ်တရားကြောင့် ဖြစ်ပေါ်လာသနည်း။ ကိံ ဇာတိကော၊ အဘယ်တရားမှ ပေါက်ပွားလာသနည်း။ ကိံ ပဘဝေါ၊ အဘယ်တရားလျှင် အစ အမွန် ရှိသနည်း။ ကိသ္မိံ၊အဘယ်တရားသည်။ သတိ၊ ထင်ရှားရှိသော်။ဆန္ဒော၊တဏှာသည်။ ဟောတိ၊ဖြစ်ပါသနည်း။ ကိသ္မိံ၊ အဘယ်တရားသည်။ အသတိ၊ ထင်ရှားမရှိခဲ့သော်။ ဆန္ဒော၊တဏှာသည်။ န ဟောတိ၊မဖြစ်ပါသနည်း အရှင်ဘုရား။

ဘုရားရှင် ဖြေတော်မူပုံကား....

“ဆန္ဒော ခေါ ဒေဝါနမိန္ဒ ဝိတက္ကနိဒါနော, ဝိတက္ကသမုဒယော, ဝိတက္ကဇာတိကော, ဝိတက္ကပဘဝေါ, ဝိတက္ကေ သတိ ဆန္ဒော ဟောတိ, ဝိတက္ကေ အသတိ ဆန္ဒော န ဟောတီ”တိ။

အနက်။ ။ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော သိကြားမင်း။ ဆန္ဒော၊တဏှာသည်။ ဝိတက္ကနိဒါနော၊ ဝိတက် ဟုဆိုအပ်သော ကြံစည်ခြင်းလျှင် အကြောင်း

ရင်းရှိ၏။ ဝိတက္ကသမုဒယော၊ ဝိတက် ဟုဆိုအပ်သော ကြံစည်ခြင်းကြောင့် ဖြစ်၏။ ဝိတက္ကဇာတိကော၊ဝိတက် ဟုဆိုအပ်သော ကြံစည်ခြင်းမှ ပေါ်ပွားလာ၏။ ဝိတက္ကပဘဝေါ၊ ဝိတက် ဟုဆိုအပ်သော ကြံစည်ခြင်း လျှင် အစ အမွန်ရှိ၏။ ဝိတက္ကေ၊ဝိတက် ဟုဆိုအပ်သော ကြံစည်ခြင်းသည်။ သတိ၊ ထင်ရှားရှိခဲ့သော်။ ဆန္ဒော၊ တဏှာသည်။ ဟောတိ၊ ဖြစ်၏။ ဝိတက္ကေ၊ ဝိတက် ဟု ဆိုအပ်သော ကြံစည်ခြင်းသည်။ အသတိ၊ ထင်ရှားမရှိ ခဲ့သော်။ ဆန္ဒော၊တဏှာသည်။ န ဟောတိ၊မဖြစ်တော့ ဘူး သိကြားမင်း။

(ဆင္ခမူ-ဒီဃနိကာယ မဟာဝဂ္ဂပါဠိ ၂၂၁၊ ဌာ-၃၁၂၊ ဋီ ၂၅၇)

ဤကဲ့သို့ သိကြားမင်းအား ဘုရားရှင် ဖြေကြား တော်မူသည်ကို ထောက်၍ တဏှာ ဟူသော တရားဆိုး သည် မောဟတရားလျှင် ရှေ့သွား ခေါင်းဆောင်ရှိ သော ကာမဝိတက်,ဗျာပါဒဝိတက်,ဝိဟိံသဝိတက်ဟု ဆိုအပ်သော မကောင်းသည့် အကြံအစည်ကြောင့် ဖြစ်ပေါ်လာမှု ထင်ရှားရကား ထိုဝိတက်ဆိုးတို့ကို သာသနာတော်အတွင်း၌ ရဟန်း ရှင် လူ ဖြစ်သည့် အချိန်ဝယ် နှိပ်ကွပ်နိုင်မှ တဏှာသက်သာမည်၊တဏှာ သက်သာမှ ဘဝကြီးငယ် အသွယ်သွယ်တို့၌ ရပ်သစ် နာမ်သစ် ဉာဏ်မျက်စိထဲ၌ ဖြစ်ပေါ်မှု ပူမှု အိုမှု နာမှု

သေမှုတို့ ယုတ်လျော့၍ မြန်မြန်ကြီး ဘဝဇာတ်သိမ်းမည်ကို တထစ်ချ မှတ်ယူအပ်၏၊ ထိုသို့ ယုံကြည်မှတ်ယူသည့်အတိုင်း—

"အာနာပါနံ....မောဟစရိတဿ
ဝိတက္ကစရိတဿ စ"

ဟု (အဘိဓမ္မတ္ထသင်္ဂဟ)လာသည်နှင့်အညီ အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် မောဟထူပြောမ်းသောသူ, ဝိတက် ထူပြောမ်းသောသူတို့အား အထူးသင့်လျော်သော ကြောင့်ရင်း ပုထုဇဉ် ဟူသမျှသည်လည်း အနည်းနှင့်အများ မောဟတရား, ဝိတက်တရားတို့မှ မကင်းရှင်းနိုင်ကြ၍ ထိုတရားတို့မှ သက်သာခွင့်ရစေရန် အာနာပါနဿတိကမ္မဋ္ဌာန်းကို သက်စွန့်ကြိုးပမ်း အားထုတ်စေလိုသော သမ္မာဆန္ဒကောင်းဖြင့် တိုက်တွန်းလိုက်ရပါကြောင်း စိတ်စေတနာကောင်းဖြင့် ရေးပြလိုက်ပါ၏။

---

## ဝိဝိဘသက်မဲ့ကျက်ခြင်းကို ပြဆိုခြင်း

ပုရာမံ သော ဓမ္မော အာဂစ္ဆတိတိ ယာဝ
သော ဓမ္မော မံ န ဥပဂစ္ဆတိ တာဝ အဟံ
ပုရေတရမေဝ ဝိရိယံ အာရဘာမိ။

**အနက်**—ယာဝ ယတ္ထကံ ကာလံ၊အကြင်မျှလောက်သော ကာလပတ်လုံး။ မံ၊ ငါသို့။သော ဓမ္မော၊ ထိုသေခြင်းသဘောသည်။ န ဥပဂစ္ဆတိ၊ မရောက်လှာသေးဘူး။ တာဝ တတ္ထကံ ကာလံ၊ထိုမျှလောက်သောကာလပတ်လုံး။ အဟံ၊ ငါသည်။ ပုရေတရမေဝ၊ သေမင်းမရောက်မီ ကာလကလျှင်။ အပ္ပတ္တသာ၊ ကမ္ဘာအဆက်ဆက် အိပ်မက်၌တုံသော်လည်း တကြိမ်တခေါက်မျှမရောက်စဘူး ထူးမြတ်သောဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်သို့။ပတ္တိယာ၊ရောက်စေခြင်းအကျိုးငှါ။ ဝီရိယံ၊မပြုစဘူး ထူးမြတ်သော လုံ့လကို။ အာရဘာမိ၊ ကိုယ်အသက်၌ ငဲ့ကွက်ခြင်းမရှိမူ၍ လုံ့လပြုပေအံ့။

ကိုယ်ကျိုး ဧကန္တ ပြီးစီးရာဖြစ်သော ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရှာနိုင် ရှာဝံ့မည့်သူ ရှားဘိစွ၊အဘယ့်ကြောင့်တုံနည်း....ဟူလျှင် အဝိဇ္ဇာနှင့် တဏှာသခင် အရှင်နှစ်ဦးတို့က အခွင့်မပေးသောကြောင့် ဟူလို။ အဝိဇ္ဇာနှင့် တဏှာသခင် အရှင်နှစ်ဦးတို့၏ အလိုသို့လိုက်၍ ကမ္ဘာအဆက်ဆက် ဟိုက်မောကြီး မောလှပြီ၊အဝိဇ္ဇာနှင့် တဏှာကို ပုန်ကန်၍ နိဗ္ဗာန်ရွှေနန်းသို့ ရောက်စေခြင်းငှါ ကရုဏာနှင့် မေတ္တာတော်ကို ပြဋ္ဌာန်း၍ ခန့်ထားတော်မူသော အမှုတော်ကို

ပြေကုန်အောင် ထမ်းမှ ချမ်းသာမည် ဟု မှတ်လေ။ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းစွာ ကျင့်စေခြင်းငှါ ဆိုလိုက်သည်ဟု မှတ်လေ။

(ဆဋ္ဌမူ အံဒု ယောခေဇ်ဝဂ္ဂ-ဒုတိယအနာဂတဘယသုတ္တ ၉၀-၉၁၊ ဋ္ဌတ ၃၆၊ တဋ္ဌီ ၂၉)

---

## ဘကြောင်းဘည်းသောခရီးကို ပြဆိုခြင်း

ထိုသို့ အထူးထူးအပြားပြား နိဗ္ဗာန်လမ်းခရီးသည် များစွာ ဖြစ်ကုန်သော်လည်း နိဗ္ဗာန်ပြည်ကြီးသို့သာ လျှင် ရောက်ကြောင်း အတူတူဖြစ်၍ နိဗ္ဗာန်ပြည်ကြီးသို့ သာ အတူတူ အသီးအသီး ရောက်လေကုန်၏။

မဂ္ဂကုသလပုရိသ၏အဖြစ်ကို ဝန်ခံတော်မူသော သဗ္ဗညုဘုရားသခင်သည် နိဗ္ဗာန်ပြည်ကြီးသို့ ရောက်စေခြင်းငှါ ခရီးလမ်းကို အဘယ်ကဲ့သို့ ညွှန်ပြချေတော်မူ သနည်း ဟူအံ့—

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ<br>
သတ္တာနံ ဝိသုဒ္ဓိယာ,<br>
သောကပရိဒေဝါနံ သမတိက္ကမာယ,<br>
ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ,

ဉာယဿ အဓိဂမာယ,
နိဗ္ဗာနဿ သစ္ဆိကိရိယာယ,
ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

အနက်—ဘိက္ခဝေ၊ရဟန်းတို့။ စတ္တာရော၊လေးပါးကုန်သော။ ယဒိဒံ ယေ ဣမေ သတိပဋ္ဌာနာ၊ အကြင်သတိပဋ္ဌာန်တို့သည်။ အတ္ထိ သန္တိ၊ရှိကုန်၏။ ဧကာယနော၊ နိဗ္ဗာန်သို့သာ ရောက်ကြောင်းဖြစ်၍ တခုသော ခရီးဟု ဆိုအပ်သော။ အယံ မဂ္ဂေါ၊ ဤ သတိ ဟူသော ခရီးသည်။ဝါ၊မမေ့မလျော့ခြင်း လက္ခဏာရှိသော သတိ ဟူသော အပ္ပမာဒ ခရီးလမ်းသည်။ သတ္တာနံ၊သတ္တဝါတို့အား။ ဝိသုဒ္ဓိယာ၊ ရာဂ,ဒေါသ,မောဟအစရှိသော အညစ်အကြေးမတင် သန့်ရှင်းစင်ကြယ် တင့်တယ်စေခြင်းငှါ။သံဝတ္တတိ၊ဖြစ်၏။

ဘိက္ခဝေ၊ရဟန်းတို့။ အယံ မဂ္ဂေါ၊ ဤ သတိပဋ္ဌာန် ဟူသော ခရီးသည်။ သတ္တာနံ၊ သတ္တဝါတို့အား။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း ဟူသော သောက, ငိုမြည်တမ်းခြင်း ဟူသော ပရိဒေဝတို့ကို။ သမတိက္ကမာယ၊ပယ်ဖျောက်လွှတ်စေခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ရဟန်းတို့။ အယံ မဂ္ဂေါ၊ ဤ သတိပဋ္ဌာန်ဟူသော ခရီးသည်။ သတ္တာနံ၊သတ္တဝါတို့၏။ ဒုက္ခဒေါ-

မနဿာနံ၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း ဟူသော ဒုက္ခ,ဒေါမနဿတို့ကို။ အတ္ထင်္ဂမာယ၊ကင်းလွတ်စေခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ လောကိယော၊လောကီဖြစ်သော။အယံ မဂ္ဂေါ၊ဤ သတိပဋ္ဌာန် ဟူသော ခရီးသည်။ ဉာယဿ၊ အရိယာမဂ်ကို။ အဓိဂမာယ၊ရစေခြင်းငှါ။ သံဝတ္တတိ၊ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။အယံ မဂ္ဂေါ၊ ဤ လောကီမဂ္ဂင်ဟူသော ခရီးလမ်းသည်။ နိဗ္ဗာနဿ၊ ဒုက္ခခပ်သိမ်းတို့၏ ကင်းရာကုန်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ လေးတန်သော မဂ်ဉာဏ်, လေးတန်သော ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့် ထင်ထင်မြင်ခြင်းငှါ။သံဝတ္တတိ၊ ဖြစ်၏။

(ဆဋ္ဌမူ၊ပ-မူလပဏ္ဏာသပါဠိ မဟာသတိပဋ္ဌာနသုတ္တ ဥဒ္ဒေသ ၇၀၊ ဋ္ဌ ၂၇၂၊ဋီ ၃၇၀၊ဒီဃ မဟာဝဂ္ဂပါဠိ ၂၃၁၊ဋ္ဌ ၃၃၅၊ဋီ ၂၇၉ မှ)

---

## အာနာပါနစေတီက ကမ္မဋ္ဌာန်းကို ပြဆိုခြင်း

ထိုတွင်မျှမကသေး....ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းသည် အလုံးစုံသော ကမ္မဋ္ဌာန်းတို့တွင် အရေးအကြီးဆုံး ဖြစ်သဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌

သိတင်းသုံး နေတော်မူစဉ် ဘုရားရှင်သည် ကမ္မဋ္ဌာန်း တရားအားထုတ်လိုသော ရဟန်းတို့ကို ခေါ်တော်မူ၍-

ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟပ္ဖလော ဟောတိ မဟာနိသံသော ကတမော ဧကဓမ္မော အာနာပါနဿတိ။

အနက်—ဘိက္ခဝေ၊ ရဟန်းများတို့။ ဧကဓမ္မော၊ တခုတည်းသော တရားကို။ ဘာဝိတော၊ ပွားများအားထုတ်အပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်ကြိမ် အထပ်ထပ် လေ့လာအပ်သည်ရှိသော်။ မဟပ္ဖလော၊ ကြီးသော အကျိုးရင်းရှိသည်။ မဟာနိသံသော၊ ကြီးသော အကျိုးအများရှိသည်။ ဝါ၊ မျက်မှောက်အကျိုးရှိသည်။ ဝါ၊ မျက်ကွယ်၌ ဆက်၍ပေးသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧကဓမ္မော၊ တခုတည်းသော တရားသည်။ ကတမော၊ အဘယ်တရားနည်းဟူမူကား။ အာနာပါနဿတိ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းတရားပေတည်း။ (ဆင့်မူ ဧက-ဓမ္မဝဂ္ဂ ဧကဓမ္မသုတ္တ အာနာပါနသံယုတ္တ ၂၇၁၊ ဌ ၂၉၅)။

ဤကဲ့သို့ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် အာနာပါနဿတိ ကမ္မဋ္ဌာန်းကိုသာ တခုတည်းသော

အရေးကြီးသော တရား ဟူ၍ လက်ညှိုးညွှန်တော်မူပြီးနောက် ထိုအာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သူတို့အား ခံစားရသော အကျိုးကျေးဇူးတို့ကို ဝေဖန်၍ တဖန်ဟောတော်မူပြန်၏။

"ဧဝံ ဘာဝိတာယ ခေါ ဘိက္ခဝေ အာနာ-
ပါနဿတိယာ ဧဝံ ဗဟုလီကတာယ ဒွိန္နံ
ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ
အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိ
တာ"တိ။

**အနက်** — ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့ပြဆိုခဲ့သည်အတိုင်း။ ခေါ၊ စင်စစ်အားဖြင့်။ အာနာပါနဿတိယာ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ ဘာဝိတာယ၊ ပွားများအားထုတ်ခြင်းကြောင့်။ ဧဝံ၊ ဤသို့ ပြဆိုခဲ့သည့်အတိုင်း။ ဗဟုလီကတာယ၊ အကြိမ်ကြိမ်အထပ်ထပ် လေ့လာအားထုတ်ခြင်းကြောင့်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ ဥပါဒိသေသေ အနာဂါမိတာ ဝါ၊ ဥပါဒါန်ကြွင်းသေးသော အနာဂါမိဖိုလ်သည်၎င်း။ ဝါ၊ ရူပပဋိသန္ဓေ ကြွင်းသေးသော အနာဂါမိဖိုလ်သည်၎င်း။ ဒွိန္နံ ဖလာနံ၊ နှစ်ပါးသောအကျိုးတရားတို့တွင်။ အညတရံ၊

တပါးပါးသော။ဖလံ၊အကျိုးကို။ ပါဋိကင်္ခ၊အလိုရှိအပ်၏။ ဝါ၊ရအပ်၏။

(ဆင္ဌမူ သံ-တ ပဌမဖလသုတ် ၂၇၃)

ဧဝံ ဘာဝိတာယ ခေါ ဘိက္ခဝေ အာနာပါ-
နဿတိယာ ဧဝံ ဗာဟုလီကတာယ သတ္တ-
ဖလာ သတ္တာနိသံသာ ပါဋိကင်္ခါ၊ ကတမေ
သတ္တဖလာ, သတ္တာနိသံသာ.... ဒိဋ္ဌေဝဓမ္မေ
ပဋိကစ္စ အညံ အာရာဓေတိ။ပ။ဥပဟစ္စပရိ-
နိဗ္ဗာယီဟောတိ၊အသင်္ခါရပရိနိဗ္ဗာယီ ဟောတိ၊
သသင်္ခါရပရိနိဗ္ဗာယီ ဟောတိ၊ ဥဒ္ဓံသောတော
ဟောတိ အကနိဋ္ဌဂါမီ။

ဟူ၍ ဟောတော်မူ၏။

(ဆဋ္ဌမူ-သံတ ကေဝမ္မငဂ္ဂ ဒုတိယဖလသုတ္တ ၂၇၃)

**အနက်**—ဘိက္ခဝေ၊ရဟန်းများတို့။ ဧဝံ၊ဤသို့ ပြဆိုခဲ့သည့်အတိုင်း။ခေါ၊ စင်စစ်အားဖြင့်။ အာနာပါနဿတိယာ၊အာနာပါနဿတိကမ္မဋ္ဌာန်းကို။ ဘာဝိတာ၊ ပွားများ အားထုတ်ခြင်းကြောင့်။ ဧဝံ၊ ဤသို့ ပြဆိုခဲ့သည့်အတိုင်း။ ဗာဟုလီကတာယ၊ အကြိမ်ကြိမ် အထပ်ထပ် လေ့လာ အားထုတ်ခြင်းကြောင့်။သတ္တဖလာဝါ၊ ခုနစ်ပါးသော အကျိုးရင်းတို့ကိုရင်း။သတ္တာနိသံသာဝါ၊ခုနစ်

ပါးသောအကျိုးများတို့ကိုရင်း။ ပါဋိကင်္ခါ၊အလိုရှိအပ်ကုန်၏။ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်ဘဝ၌ပင်လျှင်။ ပဋိကစ္စံ၊ ရှေးဦးစွာလျှင်။အညံ၊အရဟတ္တဖိုလ်ကို။ ဝါ၊ အရဟတ္တဖိုလ်သည်။ အာရာဓေတိ၊ ပြီးမြောက်စေ၏။ အထ၊ ထိုသို့ မဟုတ်မူ၍။ မရဏကာလေ၊ သေသောအခါ၌။ အညံ၊ အရဟတ္တဖိုလ်ကို။ ဝါ၊အရဟတ္တဖိုလ်သည်။ အာရာဓေတိ၊ပြီးမြောက်စေ၏။ ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်ဘဝ၌။ ပဋိကစ္စံ၊ရှေးဦးစွာလျှင်။အညံ၊အရဟတ္တဖိုလ်ကို။ ဝါ၊ အရဟတ္တဖိုလ်သည်။ နော စေ အာရာဓေတိ၊ အကယ်၍ မပြီးမြောက်စေသည်ဖြစ်အံ့။မရဏကာလေ၊ သေသောအခါ၌။နော စေ၊ အကယ်၍ မပြီးမြောက်စေသည် ဖြစ်အံ့။အထ၊ထိုသို့ မဟုတ်မူ၍။ပဉ္စန္နံ၊ငါးပါးကုန်သော။ ဩရမ္ဘာဂိယာနံ၊ အောက်ကာမဘုံ၌ ကျင်လည်စေတတ်ကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တရားတို့၏။ပရိက္ခယာယ၊ကုန်ခန်းခြင်းကြောင့်။ အန္တရပရိနိဗ္ဗာယီ၊ ဗြဟ္မာတို့၏ အသက်ပိုင်း ထက်ဝက်၏ အတွင်း၌ ကိလေသာပရိနိဗ္ဗာန်ပြုရသည်။ ဟောတိ၊ဖြစ်၏။ (ထို ပရိနိဗ္ဗာန်ပြုသော အနာဂါမ်တို့တွင် ဗြဟ္မာ့ပြည်တွင် ဖြစ်ပေါ်ပြီး အခြားမဲ့၌ရင်း, အသက်ပိုင်း၏ ထက်ဝက် မရောက်မီရင်း,အသက်ပိုင်း၏ထက်ဝက်သို့ရောက်လျှင်ရင်း ကိလေသာပရိနိဗ္ဗာန်ပြုမှု သုံးမျိုးရှိ၏)။ဥပဟစ္စ

ပရိနိဗ္ဗာယီ၊အသက်၏ ထက်ဝက်ကို လွန်၍ငင်း,အသက်၏ စုတေခြင်းသို့ ကပ်၍ငင်း ကိလေသာပရိနိဗ္ဗာန် ပြုရာသည်။ ဟောတိ၊ ဖြစ်၏။ အသင်္ခါရပရိနိဗ္ဗာယီ၊လွန်ကဲသော ပယောဂကို မပြုမူ၍ ကိလေသာပရိနိဗ္ဗာန် ပြုရသည်။ ဟောတိ၊ ဖြစ်၏။ သသင်္ခါရပရိနိဗ္ဗာယီ၊ ငြိုငြင်ပင်ပန်း ဆင်းရဲစွာ လွန်ကဲသော ပယောဂကို ပြု၍ ကိလေသာ ပရိနိဗ္ဗာန် ပြုရသည်။ ဟောတိ၊ ဖြစ်၏။ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ၊ အဝိဟာဘုံမှစ၍ လေးပါးသော မြဟ္မာ့ဘုံတို့တွင် တဆင့်တဆင့် တကျောဝင့်ကြွင်းတို့ကို သုတ်သင်ရှင်းလင်း၍ အကနိဋ္ဌဘုံသို့ ရောက်လျှင် ကိလေသာပရိနိဗ္ဗာန်ပြုရသည်။ ဟောတိ၊ဖြစ်၏။

---

## အာနန္ဒာကို ဝေသာလီပြည်၌ မြတ်စွာဘုရား အာနာပါနဟောပုံ

ထိုမှတပါး ဤအာနာပါနသတိကမ္မဋ္ဌာန်း၏ နူးညံ့သိမ်မွေ့ပုံ မြင့်မြတ်ပုံ စသည်တို့ကို ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော၌ စုလစ်မွန်တို့ဖြင့် ဖေ ဆင်လျက်ရှိသော စံကျောင်း၌ သီတင်းသုံးနေတေ်မူစဉ် ညီတော်အာနန္ဒာကို အမှူးပြု၍ ဝေသာလီပြင သီတင်းသုံးနေကြကုန်သော ရဟန်းများကို စည်းငေ

စေပြီးလျှင် အောက်ပါအတိုင်း အထူးချီးမွမ်း၍ ဟောတော်မူသည်။

အယံမ္ပိ ခေါ ဘိက္ခဝေ အာနာပါနဿတိ
သမာဓိ ဘာဝိတော ဗဟုလီကတော သန္တော
စေဝ ပဏီတော စ အသေစနကော စ သုခေါ စ
ဝိဟာရော ဥပ္ပန္နုပ္ပန္နေ စ ပါပကေ အကု-
သလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပ
သမေတိ။

အနက် — ဘိက္ခဝေ၊ ရဟန်းများတို့။ ခေါ၊ စင်စစ်အားဖြင့်။ အယံ အာနာပါနဿတိ သမာဓိ၊ ဤ အာနာပါနဟုဆိုအပ်သော ထွက်သက် ဝင်သက် လေကို သိမ်းဆည်းသော သတိနှင့်တကွယှဉ်၍ ဖြစ်သော သမာဓိသည်။ ပိ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို အားထုတ်၍ရသော သမာဓိသည်။ ဘာဝိတော၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်ကြိမ်အထပ်ထပ် လေ့ ...ာ ပွားများအပ်သည်ရှိသော်။ သန္တောစေဝ၊ အာရုံ ... သက်သည်၏ အဖြစ်ကြောင့်ရင်း, ပဋိဝေဓ ဟုဆိုအပ် ...ာ အင်္ဂါ၏ငြိမ်သက်သည်၏အဖြစ်ကြောင့်ရင်း, အသု ... စသော ကမ္မဋ္ဌာန်းတို့ထက် ငြိမ်လည်း ငြိမ့်သက်၏။

ပဏီတော၈၊ ဆိုခဲ့သည့်အတိုင်း မြတ်လည်း မြတ်၏။ အသေစနကော၈၊ တခြားတပါးသော အာရုံပရိကံတို့ဖြင့် မရောပြွမ်းသည်ဖြစ်၍ အသီးအခြား တည်နေသောကြောင့်လည်းကောင်း။ဝါ၊အသုဘ စသော ကမ္မဋ္ဌာန်းတို့ကဲ့သို့ ပရိကံပြုစရာ ရှာဖွေ ကြံစည်ခြင်းလည်း မလိုထသော။ ဝါ၊ သဘာဝအားဖြင့် အလိုရှိအပ်သောအတိုင်း ပွားများအားထုတ်ရန် ပရိကံအားဖြင့် လုံလောက်ပြီးထသော။ ဝါ၊သဘာဝအားဖြင့် အလိုရှိအပ်သောအတိုင်း ပွားများအားထုတ်ရန် ပရိကံအားဖြင့် လုံလောက်ပြီးထသော။ ဝါ၊ဘာဝတခုမျှ ဖြည့်စွက်ဖို့မလိုပဲ နှာခေါင်းမှ သဘာဝအားဖြင့် ဖြစ်သော ထွက်လေ ဝင်လေနှင့် လုံလောက်ပြီးပေထသော။သုခေါ စ ဝိဟာရော၊ ပွားများတိုင်း ပွားများတိုင်း ခဏာဌ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကိုလည်း ရစေတတ်၏။ ဥပ္ပန္နုပ္ပန္နေ စ၊ဈာန်အားဖြင့် မခွါအပ်မိ အခါဌပင်လျှင်။ ဝါ၊ အာရုံစူးစိုက်ဆဲ အခါဌပင်လျှင်။ ပါပကေ၊ယုတ်မာလှကုန်သော။အကုသလေ ဓမ္မေ၊ အကုသိုလ်ဖြစ်ကုန်သော တရားတို့ကို။ ဝါ၊အဝိဇ္ဇာတဏှာ ဖြစ်ကုန်သော တရားတို့ကို။ ဌာနသော အန္တရဓာပေတိ၊ ထိုခဏာဌပင်လျှင် ကွယ်ပျောက်စေတတ်၏။ဝူပသမေတိ၊ငြိမ်းစေတတ်၏။

(အဋ္ဌကထာအတိုင်း သဘောပေါက်လွယ်အောင် အနက်ပေးလိုက်သည်၊ အကျယ်ကိုလိုမူ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသနှင့် ၎င်းမဟာဋီကာတို့တွင် ကြည့်လေ)။
( ဋ္ဌပ ၂၅၀၊ ဋီ ၃၁၁ )။

သေယျထာပိ ဘိက္ခဝေ ဂိမှာနံ ပစ္ဆိမေ
မာသေ ဥဂ္ဃာတံ ရဇောဇလ္လံ တမေနံ မဟာ-
အကာလမေဃော ဌာနသော အန္တရဓာပေ-
တိ ဝူပသမေတိ။

အနက်— ဘိက္ခဝေ၊ရဟန်းများတို့။ သေယျထာပိ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ဂိမှာနံ၊နွေလတို့၏။ပစ္ဆိ-မေ မာသေ၊နောက်ပိုင်းဖြစ်သော နယုန်လ၌။ ဥဂ္ဃာတံ ရဇောဇလ္လံ၊အထက်သို့တက်အပ်သော မြူမှုန်အစိုင်အခဲသည်။ဝါ၊မှိုင်းလျက်နေသော မြူမှုန်သည်။ အတ္ထိ၊ ရှိ၏။ တမေနံ တံ ဧနံ၊ ထိုမြူမှုန်ကို။ မဟာအကာလမေဃော၊ အချိန်မဟုတ်ပဲ သည်းထန်စွာရွာသော မိုးကြီးသည်။ ဌာနသော အန္တရဓာပေတိ၊ရွာဆဲခဏ၌ ကွယ်ပျောက်စေသကဲ့သို့တည်း။ဝူပသမေတိ၊ငြိမ်းစေသကဲ့သို့တည်း။
(ဆဋ္ဌမူ သံတ ကေမ္မဝဂ္ဂ-ဝေသာလီသုတ္တ ၂၇၉-၂၈၀၊
ဋ္ဌ ၃၀၀-၃၀၁၊ ဋီ-၅၂၀)

ဤတွင်မျှမကသော ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် သတိပဋ္ဌာန်လေးပါး, ဗောဇ္ဈင်ခုနစ်ပါး, ဝိဇ္ဇာဝိမုတ္တိ နှစ်ပါး တို့ကို ပြည့်စေနိုင်ကြောင်းကိုလည်း ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ညီတော်အာနန္ဒာက "တခုတည်းသော တရားကို ပွားများ အားထုတ်ခြင်းဖြင့် လေးပါးသောတရား, ခုနစ်ပါးသောတရား, နှစ်ပါးသောတရားတို့ကို တပြိုင်နက်ပြည့်စုံနိုင်ပါသလော" ဟု လျှောက်ထားသဖြင့် ဤသို့ ဟောကြားတော်မူ၏။ ဟောကြားတော်မူပုံကို မဟာဝဂ္ဂသံယုတ် ပါဠိတော် အာနာပါနသံယုတ် ဒုတိယဝဂ်၌ရင်း, ဤပါဠိတော်နှင့် သဘောချင်းတူ၍ သဒ္ဒါတူသော စကားတော်ကိုလည်း ရဟန်းတော်များအား သာဝတ္ထိပြည်၏ အရှေ့မျက်နှာအရပ်၌ ဝိသာခါ ဒါယိကာမသည် ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရာမ ကျောင်းတော်ဝယ် ဟောပြောတော်မူသည်၊ 'အာနန္ဒာ' နှင့် 'ဘိက္ခဝေ' သဒ္ဒါနှစ်လုံးသာ ကွဲသည်၊ ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိ သုတ္တန်ဒေသနာတော်၌ ကြည့်ရှုကြ ပါလော့။

"အာနန္ဒ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော စတ္တာရော ဓမ္မေ ပရိပူရေတိ၊ စတ္တာရော ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဓမ္မေ ပရိပူရေန္တိ၊ သတ္တ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ ဒွေ ဓမ္မေ ပရိပူရေန္တိ"တိ။

အာနာပါနဿတိ သမာဓိ ခေါ အာနန္ဒ ဧကဓမ္မော ဘာဝိတော ဗဟုလီကတော စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ၊ သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။

(သံယုတ္တ-သံတ ဒုတိယဝဂ္ဂ ပဌမအာနန္ဒသုတ္တ ၂၈၇၊ ဋ္ဌ ၃၀၅၊ ဋီ ၅၂၅)

**အနက်**— အာနန္ဒာ၊ ချစ်သားအာနန္ဒ။ ဘာဝိတော၊ ပွားများအပ်သော။ ဗဟုလီကတော၊ အကြိမ်ကြိမ် အထပ်ထပ် လေ့လာအပ်သော။ ဧကဓမ္မော၊ တခုတည်းသော ကမ္မဋ္ဌာန်းဖြစ်သော။ အာနာပါနဿတိသမာဓိ၊ ထွက်သက်ဝင်သက်နှင့် ယှဉ်သော သမာဓိသည်။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန် တရားတို့ကို။ ပရိပူရေန္တိ၊ ပြည့်စုံစေကုန်၏။ စတ္တာ

ရော **ဿ**တိပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန်တရားတို့ကို။ ဘာဝိတာ၊ ပွားများ အားထုတ်ခဲ့သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်ကြိမ် အထပ်ထပ် လေ့လာခဲ့သည်ရှိသော်။ သတ္တဗောဇ္ဈင်္ဂေ၊ ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို။ ပရိပူရေန္တိ၊ ပြည့်စုံစေကုန်၏။ သတ္တဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို။ ဘာဝိတာ၊ ပွားများ အားထုတ်ခဲ့သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်ကြိမ်အထပ်ထပ် လေ့လာခဲ့သည်ရှိသော်။ ဝိဇ္ဇာဝိမုတ္တိံ၊ ဝိဇ္ဇာ, ဝိမုတ္တိ ဟူသော တရားနှစ်ပါးကို။ ပရိပူရေန္တိ၊ ပြည့်စုံစေကုန်၏။ ဝါ၊ မဂ်ဖိုလ်ကို ရစေကုန်၏။

(ဆင္ဒမှု-ပ-ဥပရိပဏ္ဏာသပါဠိ အာနာပါနဿတိသုတ္တ ၁၂၄ ပါရှိပုံ၊ ၃-၉၀)

---

## မြတ်စွာဘုရား အာနာပါနဿတိတရား အားထုတ်ပုံကို ပြဆိုခြင်း

ထိုမှတပါး ဘုရားရှင်သည် သံသရာဝဋ်မှ ကျွတ်လွတ်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက် ပြုလိုကြကုန်သော ပုဂ္ဂိုလ်တို့အား မိမိကိုယ်တော်တိုင် အားထုတ်ခဲ့ပုံကို စံနမူနာတင်၍ မိမိနှင့်ထပ်တူ အားထုတ်စေလို

သော အာသီသတော်ဖြင့် ဤသို့ ဟောကြားတိုက်တွန်းတော်မူ၏။

အဟာမ္ဘိ သုဒံ ဘိက္ခဝေ ပုဗ္ဗေဝ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓေါ ဗောဓိသတ္တောဝ သမာနော ဣမိနာ ဝိဟာရေန ဗဟုလံ ဝိဟာရာမိ၊ တဿ မယှံ ဘိက္ခဝေ ဣမိနာ ဝိဟာရေန ဗဟုလံ ဝိဟရတော နေဝ ကာယော ကိလမတိ၊ န စက္ခူနိ အနုပါဒါယာစ မေ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။

**အနက်**—ဘိက္ခဝေ၊ရဟန်းများတို့။ အဟမ္ဘိ၊ သင်တို့ဆရာ ငါဘုရားသည်လည်း။(သုဒံ-အနက်မရှိ)။ ပုဗ္ဗေဝ သမ္ဗောဓာ၊ သမ္ဗုညုတဉာဏ်ကို မရမီ ရှေးအဖို့၌ပင်လျှင်။ အနဘိသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးကို မသိသေးသော။ ဗောဓိသတ္တောဝ သမာနော၊ ဘုရားအလောင်းတော်ဘဝနှင့် ထင်ရှားဖြစ်ပါလျက်နှင့်။ ဝါ၊ပါရမီဖြည့်ဆည်းတုန်း ဖြစ်ပါလျက်။ ဤမိနာ ဝိဟာရေန၊ ဤ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ခြင်းဖြင့်။ ဗဟုလံ၊အကြိမ်များစွာ။ ဝါ၊နေ့ရောညဉ့်ပါ။ ဝိဟာရာမိ၊ အားထုတ်နေခဲ့ဘူးပါ၏။ ဘိက္ခဝေ၊ ရဟန်းများတို့။ တဿ မယှံ ထို ငါဘုရားအလောင်းအား။ ဣမိနာ

ဝိဟာရေနု၊ ဤသို့ အားထုတ်နေခြင်းဖြင့်။ ဗဟုလံ ဝိဟာရတော၊ အကြိမ်ကြိမ်အထပ်ထပ် ပွားများ အားထုတ်ခြင်းကြောင့်။ ဝါ၊ အားထုတ်မှုကို အစွဲပြု၍။ ကာယော၊ ကရဇကာယသည်။ ဝါ၊ ခန္ဓာကိုယ်သည်။ နေဝ ကိလမတိ၊ ပင်ပန်းညောင်းညာမှု မရှိသည်သာလျှင်တည်း။ စက္ခူနိ၊ မျက်စိတို့သည်။ န ကိလမန္တိ၊ ကျိန်းစပ် ပူလောင်ခြင်း မဖြစ်ပေကုန်။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ အနုပါဒါယ၊ တဏှာ, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့မှ။ ဝိမုစ္စိ၊ ကောင်းစွာကျွတ်လွတ်လေပြီ။

တသ္မာတိဟ ဘိက္ခဝေ ဘိက္ခု၊ စေပိ အာ-
ကင်္ခေယျ နေဝ မေ ကာယော ကိလမေယျုံ န
စက္ခူနိ အနုပါဒါယ စမေ အာသဝေဟိ စိတ္တံ
ဝိမုစ္စေယျာတိ အယမေဝ အာနာပါနသတိ-
သမာဓိ သာဓုကံ မနသိကာတဗ္ဗော။

အနက်—တသ္မာ၊ ထို့ကြောင့်။ ဘိက္ခဝေ၊ ရဟန်းများတို့။ ဣဟ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ သံသရာဘေးမှ လွတ်မြောက်လိုသော ရဟန်းသည်။ ဝါ၊ ယောဂါဝစရ ပုဂ္ဂိုလ်သည်။ "မေ၊ ငါ၏။ ကာယောပိ၊ ခန္ဓာကိုယ်သည်လည်း။ န ကိလမေယျ၊ ညောင်းညာ ပင်ပန်း

ခြင်း မဖြစ်ပါစေသတည်း။ စက္ခူနိ၊ မျက်စိတို့သည်။ န ကိလမေယျုံ၊ ကျိန်းစပ် ပူလောင်ခြင်း မဖြစ်ပါစေကုန်ရာ။ မေ၊ငါ၏။ စိတ္တံ၊စိတ်သည်။ အနုပါဒါယ၊ဥပါဒါန်တရားတို့ဖြင့် မစွဲလမ်းမူ၍။ အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့မှ။ ဝိမုစ္စေယျ၊ကျွတ်လွတ်ပါစေသတည်း”။ ဣတိ၊ဤသို့။ စေ၊အကယ်၍။ အာကင်္ခေယျ၊ အလိုရှိရာ၏။ ဝါ၊အလိုရှိမူကား။ အယမေဝ အာနာပါနဿတိသမာဓိ၊ ဤ အာနာပါနဿတိ အလုပ်ကိုသာလျှင်။ သာဓုကံ၊ကောင်းစွာ။ မနသိကာတဗ္ဗော၊ နှလုံးသွင်း အားထုတ်အပ်၏။ ဝါ၊ နှလုံးသွင်း အားထုတ်ပွားများပါလေ့။

ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းကို အကျွန်ုပ်တို့၏ အားထားမှီခိုရာ ဖြစ်တော်မူသော ဂေါတမမြတ်စွာ ဘုရားသည်သာလျှင် အားထုတ်ပွားများသည်မဟုတ်၊ အလုံးစုံသော သဗ္ဗညုဗုဒ္ဓ အလောင်းတော်တို့သည်လည်း ဤအာနာပါနဿတိကမ္မဋ္ဌာန်းဖြင့်သာ သဗ္ဗ-ညုတဉာဏ်တော် တည်းဟူသော အထွတ်အထိပ်သို့ ရောက်တော်မူကြပေပြီ။

(ဆဋ္ဌမူ-သံ၊တ အာနာပါန ပဒီပေါပမသုတ္တ ကေဓမ္မဝဂ္ဂ-၂၇၆၊
ဋ္ဌ ၂၆၅၊ ဋ္ဌ ၅၁၈)

## အလုံးစုံသော သဗ္ဗညုဗုဒ္ဓအလောင်းတော်တို့ အာနာပါနကို အားထုတ်ပုံ

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ အာနာပါ-နဿတိကထာ ၁-ဂဏနဝါရဝဏ္ဏနာ၌—

သဗ္ဗသမာဓိဘာဝနာသု စ သဗ္ဗသဗ္ဗညုဗောဓိသတ္တာနံ ဗောဓိမူလေ ဣမိနာဝ သမာဓိ-နာ သမာဟိတစိတ္တာနံ ယထာဘူတာဝဗောဓတော အယမေဝ သမာဓိဘာဝနာ ပဓာ-နာတိ စ။

အနက်—စ၊အာနာပါနဿတိကမ္မဋ္ဌာန်း၏ အကျိုး ကို ဆက်၍ဆိုဦးအံ့— သဗ္ဗသမာဓိဘာဝနာသု၊အလုံးစုံ သော သမာဓိကို ဖြစ်စေတတ်သော ဘာဝနာတို့တွင်။ သဗ္ဗသဗ္ဗညုဗောဓိသတ္တာနံ၊အလုံးစုံသော သဗ္ဗညုဘုရား အလောင်းတော်တို့အား။ ဗောဓိမူလေ၊သစ္စာလေးပါး ကို သိမြင်တော်မူရာဖြစ်သော ဗောဓိပင်ရင်း၌။ ဣမိ-နာဝ သမာဓိနာ၊ ဤအာနာပါနဿတိ သမာဓိဖြင့်သာ လျှင်။သမာဟိတစိတ္တာနံ၊တည်ကြည်ပြီးသော စိတ်တော် တို့၏။ ယထာဘူတာဝဗောဓတော၊ ဟုတ်တိုင်းမှန်ရာ အလင်းဉာဏ်သို့ ပေါက်ရောက်သည်၏ အဖြစ်ကြောင့်။

ဝ ါ၊ဖြစ်နိုင်သည်၏ အဖြစ်ကြောင့်သာလျှင်။ အယမေဝ-သမာဓိဘာဝနာ၊ ဤအာနာပါနဿတိ သမာဓိကိုသာ။ ပဓာနာတိ၊ အကြီးဥက္ကဋ္ဌ လိုရင်းတရားကြီး ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

(ဆင္မူ၊ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ အာနာပါနဿတိကထာ ၁-ဂဏနဝါရဝဏ္ဏနာ ၆၉)

"ဣမမေဝ ဟိ ကမ္မဋ္ဌာနံ ဘာဝေတွာ သဗ္ဗေပိ သမ္မာသမ္ဗုဒ္ဓါ သမ္မာသမ္ဗောဓိံ အဓိ-ဂစ္ဆန္တိ၊ အရိယမဂ္ဂဿ ပါဒကဘူတော အယံ-သမာဓိ အနုက္ကမေန ဝဍ္ဎိတွာ အရိယမဂ္ဂဘာဝံ ဥပဂတော ဝိယ ဟောတီတိ အာဟ အနု-ပုဗ္ဗေန အရိယမဂ္ဂဝုဍ္ဍိပ္ပတ္တော"တိ။

**အနက်**— ဟိ၊ အာနာပါနကမ္မဋ္ဌာန်း၏ အကျိုးကို ချဲ့ဦးအံ့— သဗ္ဗေပိ သမ္မာသမ္ဗုဒ္ဓါ၊သစ္စာလေးပါး မြတ်တရားကို ဆရာမကူ သယမ္ဘူဉာဏ်တော်မြတ်ဖြင့် မိမိအလိုကို ကိုယ်တော်တိုင် သိမြင်တော်မူကြကုန်သော အလုံးစုံသော ဘုရားရှင်တို့သည်။ ဣမမေဝ ကမ္မဋ္ဌာနံ၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်းကိုသာလျှင်။ဘာဝေတွာ၊ ပွားများ အားထုတ်ကြကုန်၍။ သမ္မာသမ္ဗောဓိံ၊ဆရာမကူပဲ ကိုယ်တော်တိုင် ကောင်းစွာသိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်သို့။ အဓိဂစ္ဆန္တိ၊ ရောက်တော်

**ရ**တော်မူကြကုန်၏။ အရိယမဂ္ဂသာ၊ အရိယမဂ်၏။ ပါဒက ဘူတော၊ မူရင်းအခြေခံ ဖြစ်၍ဖြစ်သော။ အယံ သမာဓိ၊ ဤ အာနာပါနဿတိကိုစွဲ၍ ဖြစ်ပေါ်သော သမာဓိ သည်။ အနုက္ကမေန၊ အစဉ်တစိုက်အားဖြင့်။ ဝဍ္ဎိတွာ၊ ပွားစီး၍။ ဝါ၊ တဆင့်ထက်တဆင့် တိုးပွား၍။ အရိယ-မဂ္ဂဘာဝံ၊ အရိယမဂ်အဖြစ်သို့။ ဥပဂတော ဝိယ၊ ကပ်ရောက်ရသကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုသို့ အစဉ်အားဖြင့် အရိယမဂ်သို့ကပ်ရောက်ရသည်၏အဖြစ် ကြောင့်။ တေံ ကမ္မဋ္ဌာနံ၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်း ကို။ (ထည့်)။ အနုပုဗ္ဗေန အရိယမဂ္ဂဝုဍ္ဍိပ္ပတ္တော တိ၊ အရိယမဂ္ဂဝုဍ္ဍိပ္ပတ္တော ဟူ၍။ အာဟ၊ ဟောတော်မူ၏။

(ဆင့္ဂမူ၊ ဝိသုဒ္ဓိမဂ္ဂဋီကာ၊ အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ အာနာပါနဿတိအဖွင့် ၁၄)

အာနာပါနဿတိသမာဓိကို ပြည့်စုံစွာ မပွားများ သေးသော ပုဂ္ဂိုလ်၏ ကိုယ်သော်လည်း တုန်လှုပ်၏၊ စိတ်သော်လည်း တုန်လှုပ်၏၊ ကိုယ်သော်လည်း စဉ်း ငယ်တုန်လှုပ်၏။ စိတ်သော်လည်း စဉ်းငယ်တုန်လှုပ်၏။

အာနာပါနဿတိသမာဓိကို ပြည့်စုံကောင်းမွန်စွာ ပွားများသောပုဂ္ဂိုလ်၏ ကိုယ်သော်လည်း မတုန်လှုပ်၊

စိတ်သော်လည်း မတုန်လှုပ်၊ကိုယ်သော်လည်းစဉ်းငယ် မတုန်လှုပ်၊စိတ်သော်လည်း စဉ်းငယ်မတုန်လှုပ်.... ဟု မြန်မာပြန်၍ ထား၏။

(အာနာပါနဿတိသမာဓိ မရခင် ခြေ, လက်, ခေါင်း တုန်လှုပ် လှုပ်ရှားပါ၏၊ သမာဓိအားကောင်း လျှင် မဖြစ်ပါလေ၊လက်တွေ့ ဆရာကောင်း လိုပါ၏)။

(ဆဋ္ဌမူ-ပဋိသမ္ဘိဒါမဂ္ဂပါဠိ နံပါတ် ၁၆၆-မှာ ပြထား၏)။

---

## အာနာပါနဿတိ၏အကျိုး ခံစားရခြင်းကို ပြဆိုခြင်း

ဣဓ ဘိက္ခု အာနာပါနဿတိအနုယုတ္တော ကောသနေ နိသိန္နောဝ သမ္ဘာသဝေ ခေပေ-တွာ အရဟတ္တံ ပါပုဏာတိ။ တထာ အသ-က္ကောန္တော မရဏကာလေ သမသီသီ ဟော-တိ၊ တထာ အသက္ကောန္တော ဒေဝလောကေ နိဗ္ဗတ္တိတွာ ဓမ္မကထိကဒေဝပုတ္တဿ ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏာတိ၊တတောဝိရဒ္ဓေါ အနုပ္ပ-န္နေ ဗုဒ္ဓုပ္ပါဒေ ပစ္စေကဗောဓိံ သစ္ဆိကရော-တိ၊တံ အသစ္ဆိကရောန္တော ဗုဒ္ဓါနံ သမ္မုခီ-ဘာဝေ ဗာဟိယတ္ထေရာဒယော ဝိယ ခိပ္ပါ-ဘိညော ဟောတိ။

**အနက်**— ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာနာပါနဿတိအနုယုတ္တော၊ အာနာပါနဿတိနှင့် ယှဉ်သည်ဖြစ်၍။ ဧကာသနေ၊ တထိုင်တည်းသော နေရာ၌။ နိသိန္နောဝ၊ နေလျက်သာလျှင်။ သမ္မာသဝေ၊ အလုံးစုံသော အာသဝေါတရားတို့ကို။ ခေပေတွာ၊ ကုန်စေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်စေနိုင်၏။ တထာ၊ ထိုသို့သောအတိုင်း။ အသက္ကောန္တော၊ မရောက်နိုင်သေးသည်ရှိသော်။ မရဏကာလေ၊ သေခါနီးကာလ၌။ သမသီသီ၊ သမသီသီ ရဟန္တာသည်။ ဟောတိ၊ ဖြစ်နိုင်၏။ တထာ၊ ထို ဆိုအပ်ခဲ့ပြီးအတိုင်း။ အသက္ကောန္တော၊ မရောက်သေးသည်ရှိသော်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဓမ္မကထိကဒေဝပုတ္တဿ၊ ဓမ္မကထိကနတ်သား၏။ ဓမ္မံ၊ တရားတော်ကို။ သုတွာ၊ ကြားနာရ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ တတော၊ ထို နတ်ပြည်မှ။ ဝိရဒ္ဓေါ၊ ချွတ်လွဲခဲ့သည်ရှိသော်။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားရှင်တို့၏ဖြစ်ရာ ခေတ်အခါသည်။ အနုပ္ပန္နေ၊ မဖြစ်မကြုံခဲ့သည်ရှိသော်။ ပစ္စေကဗောဓိံ၊ ပစ္စေကဗောဓိဉာဏ်တော်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုနိုင်ရပါ၏။ ပစ္စေကဗောဓိံ၊ ပစ္စေကဗောဓိဉာဏ်ကို။ အသစ္ဆိကရောန္တော၊ မျက်မှောက် မပြုနိုင်သေးသည် ရှိသော်။

ဗုဒ္ဓါနံ၊ ပွင့်တော်မူလတ္တံ့ကုန်သော ဘုရားရှင်တို့၏။ သမ္မုခီဘာဝေ၊ မျက်မှောက်သော အဖြစ်၌။ ဗာဟိယတ္တေရာဒယော ဝိယ၊ ဗာဟိယထေရ် အစရှိသည်တို့ ကဲ့သို့။ ခိပ္ပါဘိညော၊ လျင်သော အဘိညာဉ်ရှိသော။ ခိဏာသဝေါ၊ ရဟန္တာသည်။ ဟောတိ၊ ဖြစ်နိုင်၏။

ဆင္ဒမူ မဇ္ဈိမပဏ္ဏာသ၊ ဋ္ဌဒ္ဓ မဟာရာဟုလောဝါဒသုတ္တ ၉၆)

## ပရိယတ္တိသင်ကြားမှု ချနေသော ပုဂ္ဂိုလ်ကို ပြဆိုခြင်း

အဘယ့်ကြောင့်ဆိုသော် ဆင္ဒမူ စတုက္ကနိပါတပါဠိ မဟာဝဂ္ဂ သောတာနုဂတသုတ် နံပါတ် (၅၀၅)မှာ—

ပရိယတ်ဆောင်သော ဝေဒလ္လရဟန်းတို့ သေ၍ နတ်ပြည်သို့ရောက်လျှင် ပရိယတ်တရားတွေ အလိုလို ပေါ်၍သော်၎င်း, ဓမ္မကထိက ပုဂ္ဂိုလ်များက ဟော ကြား၍ သော်၎င်း တရားသဘောတွေ သတိရသဖြင့် အရိယာဖြစ်နိုင်ကြောင်းကို ဟောထားပါသဖြင့် ပရိ ယတ် ပုဂ္ဂိုလ်များမှာ နတ်ပြည်ကျလျှင် သာ၍ပင် ပေါ် လွင်လွယ်မည် ဆိုတာ မငြင်းသာပါလေ၊ သာ၍ လျင် မြန်ပါသည်၊ အကျိုးသတိပြု၍ ထားပါလေ။

တဿ တတ္ထ သုခိနော ဓမ္မပဒါ ပ္လဝန္တိ၊
ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော
သတ္တော ခိပ္ပံယေဝ ဝိသေသဂါမီ ဟောတိ၊

**အနက်**— ဘိက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ချမ်းသာသဖြင့်ရောက်သော။ တဿ၊ ထိုပညာရှိ ပုဂ္ဂိုလ်အား။ ဓမ္မပဒါနိ၊ လူ့ဘဝက လေ့လာ သင်ကြား ပို့ချ အားထုတ်၍ထားသော တရားသဘောတွေသည်။ ပ္လဝန္တိ၊ ညဉ့်ကအိပ်မက်တွေ နံနက်နိုးသော အခါ ပေါ်၍ လာဘိသကဲ့သို့ ပေါ်၍ လာကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပါဒေါ၊ လူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ ရောက်လာတာပါကလားဟု သိမှု သတိ၏ ဖြစ်ခြင်းသည်။ ဒန္ဓော၊ နုံ့နှေး၍ နောက်ကျ၍ နေရာ သေး၏။ အထ ခေါ၊ စင်စစ်သော်ကား။ သော သတ္တော၊ ထိုပုဂ္ဂိုလ်သည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ဝိသေသ ဂါမီ၊ မဂ်ဖိုလ်တရားထူးကို ရခြင်း အဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(ဆဋ္ဌမူ၊ အံပ မဟာဝဂ္ဂ သောတာနုဂတသုတ္တ ၅၀၅၊
ဋ္ဌ ၃၆၄၊ ဋီ ၃၆-၃၆၂)

**အထူးအဓိပ္ပါယ်**—ဤပါဠိသည် မိမိတို့၏ ကိုယ်တိုင် တွေ့ကြုံရခြင်းနှင့် ကိုက်ညီ၍ နေတတ်၏၊ အသို့တုံနည်း

ဟူမှုကား.... မိမိကိုယ်တိုင် စာကျက်သောအခါ စာကို မရမခြင်း အခွင့်ရတိုင်း စိတ်ဖြင့် ရွတ်ဆို၍ နေလေ့ရှိ၏၊ အိပ်ရာ၌လည်း စိတ်ဖြင့် ရွတ်ရင်းပင် အိပ်ပျော်သွား၏၊ နိုးသောအခါ ထိုစာမှာ ကောင်းစွာရလျက် ဆက်၍ စိတ်ဖြင့် ရွတ်လျက် နေမိပြီးသား ဖြစ်၍နေ၏။ ထို့အတူ ဝိပဿနာတရားကို အားထုတ်ရာတွင်လည်း ဝိပဿနာ အနိစ္စ ဖြစ်ပျက် ရှုလျက်ပင် ဖြစ်နေ၏၊ မိုးလင်းခါနီး၌ လူသံ သူသံတွေကို ကြားရတော့မှ "ဒီအသံတွေဟာ မိုးလင်းခါနီး၌သာလျှင် ဖြစ်ပေါ်လေ့ရှိသော အသံတွေ ပါတကား" ဟု သတိရ၏၊ မိမိစိတ်၌မူကား အိပ်၍ မပျော်မိက ဝိပဿနာ ဖြစ်ပျက် အနိစ္စ ရှုနေတာနှင့် အိပ်ရာကနိုးမှ ဖြစ်ပျက် အနိစ္စရှုသော အချိန်နှင့် ခုသည် တဆက်တည်းပဲဟု ထင်ပြီး အိပ်ပျော်သောအချိန်ကို သတိမရှိသဖြင့် "ငါသည် ဝိပဿနာ ဖြစ်ပျက်ကို အနိစ္စ ရှုနေတာ ခဏ ကလေးပင် ရှိသေးတယ် မိုးကလည်း လင်းလွယ်လှချည်တကား" ဟူ၍တောင် အောက်မေ့ မိ၏၊ ဤကဲ့သို့ ပုဂ္ဂိုလ်များလည်း ရှိတတ်သေး၏။

## အသက်ကို မငဲ့ဘဲ ဘာဝနာကို ပွားသော ရဟန်းဝတ္ထုကို ပြဆိုခြင်း

သမ္မာသမ္ဗုဒ္ဓဘုရား ထင်ရှား ရှိတော်မူသော အခါတွင် မထင်ရှားသော ရဟန်းတပါးအား "ရာဂ, ဒေါသ, မောဟ တို့နှင့်တကွ သေရသောအချက်ကား ရှက်ဖွယ် လိလိ ရွံရှာဖွယ်ရှိ၏"ဟူ၍ရင်း"ဘုံသုံးဆဲ့ဟစ်၌ ဖြစ်ဖြစ် သမျှ ဒုက္ခပူပြင်း ဆင်းရဲခြင်း ဟူသမျှသည် ဘဝ၌ ပဋိ သန္ဓေ နေခြင်းကြောင့်ချည်း ဖြစ်သည်၊ ပဋိသန္ဓေ နေရ သော အချက်ကား ရှက်ဖွယ်လိလိ ရွံရှာဖွယ် ရှိ၏" ဟူ၍ရင်း ကြိစည်ထောက်ဆလျက် ဤဘဝတွင် နိဗ္ဗာန် သို့ ဝင်အံ့ဟု မတွံ့သောလုံ့လဖြင့် နေ့ညဥ့် မယုတ် အားထုတ်အပ်သော ဘာဝနာရှိ၏၊ ဤသို့သော အား ထုတ်ခြင်းဖြင့် ပြင်းစွာ လေထလျက် ရုတ်တရက် သေ လေ၍ တာဝတိံသာနတ်ပြည် တံခါး၏အနီး၌ ဖြစ် လေ၏၊ မိမိ၏ ရဟန်းအဖြစ်မှ စုတေ၍ နတ်ပြည်၌ဖြစ် ကြောင်းကို မသိ၊ ပကတိရှေးအတိုင်း ရဟန်းဟု စိတ် တမ်း၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်ပင် နေ၏။

ထိုအခါ နတ်သမီးအပေါင်းလာ၍ တူရိယာမျိုးစုံ တီးမှုတ်လျက် ရံကုန်၏၊ ဤသို့ တီးမှုတ်ကြသော အသံ ကို ကြားသော်လည်း နွားကျောင်း ကျွဲကျောင်း သူငယ်

မများ ကျီစားသမှု ပြက်ရယ်ပြုကြသည်ဟု ဂရုမစိုက်ပဲ ရှေး၌ နှလုံးသွင်းမြဲ ကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်းလျက် နေ၏၊ တချက်မျှ မေ့၍မကြည့်။ ထိုအခါ နတ်သမီးတို့သည် "ဤနတ်သားကား ကြီးမားသော လုံ့လဖြင့် ရှေးဘဝက ရဟန်းတရားကို အားထုတ်လျက် ရတ်တရက် စုတေ၍ နတ်ပြည်၌ ဖြစ်သည်ကို မသိ၊ ယခုထက်ထိ ရဟန်းဟု စိတ်ဘမ်း၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် နေသည်ဟု ထင်၏၊ နတ်အသွင်ကို သိစေအံ့"ဟု ကြံ၍ မှန်ကြီးကို မျက်နှာအောက်သို့ ချလိုက်၏၊ ထိုခဏ မှန်၌ အရိပ်ကိုမြင်မှ ရဟန်းဘဝက စုတေ၍ နတ်ပြည်တွင် ဖြစ်ကြောင်းကို သိ၍ ပကတိသီလဖြင့် ဘဝ၏ဆုံးရာ နိဗ္ဗာန်ကို ရှာခြင်းငှါ မြတ်စွာဘုရားထံတော်သို့ သွား၍ တရားနာရသော် ကောင်း၏ဟု ကြံ၏၊ ထလျက် မပျက်သောသီလဖြင့် ဘုရားထံတော်သို့သွား၍ တရားနာရန် လျှောက်ထား၏၊ နတ်သမီးများလည်း နောက်နားက လိုက်သွား၏၊ တရားတော်ကို နာ၏။

မြတ်စွာဘုရားလည်း နတ်သားအလို ကြည့်တော်မူလျက် အရဟတ္တမဂ်,အရဟတ္တဖိုလ် အထွတ်တပ်၍ မြင့်မြတ်သော ဒေသနာတော်ကို ဟောတော်မူ၏၊ အမိသည် ပါသမျှလက်တွင်းသို့ ထမင်းလုပ်ကြီးစွာယူ၍ သူငယ်၏ခံတွင်းသို့ ဝစေခြင်းအကျိုးငှါ သွင်းသော်

လည်း ခံတွင်းရှိသလောက်သာ ဝင်သကဲ့သို့ သုံးလှူ့ထွတ်တင် ဘုရားရှင်သည် အရဟတ္တဖိုလ်တိုင်အောင် ဟောပြောသော်လည်း နတ်သား အစွမ်းရှိသမျှသာ သောတာပန် ဖြစ်၏၊မာတုဂါမတွေကို စက်ဆုပ် ရွံမုန်း ငြီးငွေ့သည်ဟု ဆိုသော ရဟန်းကြီးသည် (ဝါ)ရဟန်းဘဝမှ နတ်ကြီးသည် နတ်သွီးတွေပါ သောတာပန် ဖြစ်၏၊ စင်စစ် ဘဝကို စက်ဆုပ်ပြောသော်လည်း နတ်သွီးတွေနှင့် နတ်စည်းစိမ်ကို ကြောင့်ကြလွှတ်ကင်း ယခုထက်ထိ ခံစားခြင်းကြီး ခံစား၍ နေလေသတည်း။

ဤကား ကိုယ်အသက်ကို ငဲ့ကွက်မညှာ ဘာဝနာကို အားထုတ်သော ရဟန်းတော်၏ ဝတ္ထုသက်သေတည်း။

(သံ-ပ-၃ ဒေဝတာသံယုတ္တ ၆၊ အစ္ဆရာသုတ္တဝဏ္ဏနာ
အာဒိတ္တဝဂ္ဂ ၈၀-၈၁)

---

## တရားအားမထုတ်ခင် အနန္တငါးပါးရှိခိုးရန်
## အနန္တငါးပါးရှိခိုး

(၁) "ဗုဒ္ဓဂုဏော အနန္တော"ဟု၊ ကျော်စော ထင်ရှား၊ သုံးပါးရပ်သူ၊ နတ်,လူ,ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန်သောင်သို့၊ ရွှေဖောင်မဂ္ဂင်၊

သဘောဝယာဉ်နှင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူသည့်၊ နတ်လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊ စိန္တေယျာ-ဟု၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၂) "ဓမ္မဂုဏော အနန္တော"ဟု၊ တည်သော ကမ္ဘာ၊ သတ္တဝါလူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာသံယော၊ ကိလေသာမှ၊ ဆေးကြောသုတ်သင်၊ မြူမတင်အောင်၊ ရှောင်ကြဉ်ပေတတ်၊ တရားမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၃) "သံဃဂုဏော အနန္တော"ဟု၊ လောဘ,ဒေါသ၊ မောဟကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်မြိုက်မပျော်၊ မမွေ့လျော်ပဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည့်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွ၊ အနန္တကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၄) "မာတာပိတုဂုဏော အနန္တော"ဟု၊ အပြောကျယ်စွာ၊ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဖတို့၊ ရေကြည်ကလလ၊ တည်ဦးစက၊ ချိုချဉ်ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊ မိဖတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊

နို့ချိပေး၍၊ ကျွေးသည့်မိခင်၊ မွေးဖခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

(၅) "အာစရိယဂုဏော အနန္တော" ဟု၊မိန့်ဟော အရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အကျိုးများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုက်မာ၊ အဖြာဖြာကို၊ ခေမာဘူမိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြသွန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

အရကျက်၍ထားပါ၊ညဥ့် နံနက် အမြဲဘုရားရှိခိုးပါ၊ တရားသဘော အမြန်တွေ့မြင်လာပါလိမ့်မည်။ မိမိတို့ ဘုရားဂုဏ်တော် ကိုးပါး, တရားဂုဏ်တော် ခြောက်ပါး, သံဃာ့ဂုဏ်တော် ကိုးပါး ရခဲ့လျှင် သာ၍ကောင်းပါသည်၊(ခပ်တိုးတိုး ဘုရားရှိခိုးပါလေ)။

(၁) မိမိတို့ ကြိုက်နှစ်သက်ရာ သီလများကို ခံယူဆောက်တည်ခြင်း။

(၂) ဗုဒ္ဓါနုဿတိ ဘုရားဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်း။

(၃) မေတ္တာ အတိုင်းမသိသော သတ္တဝါတို့အား မေတ္တာပို့သခြင်း၊ အမျှဝေခြင်း။

(၄) သုံးဆဲ့တဘုံရှိ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း သူတော်ကောင်းတို့ ပို့သသော မေတ္တာကို ခံယူခြင်း၊ "အကျွန်ုပ်က ခံယူပါ၏၊ သာဓု သာဓု သာဓု" ဟု ခေါ်လေ။

(၅) အသုဘ မိမိကိုယ်ကို မတင့်တယ်ဟု နှလုံးသွင်း ပွားများ အားထုတ်ခြင်း။

(၆) မရဏာနုဿတိ မိမိ၏ သေခြင်းတရားကို အဖန် တလဲလဲ အောက်မေ့ ပွားများခြင်း။

ဤကဲ့သို့ ပြုပြီးနောက် မိမိကိုယ်ခန္ဓာကို ရတနာ သုံးပါးနှင့် မိမိ၏ ကမ္မဋ္ဌာန်းဆရာများအား စွန့်လှူလေ။ ဤကဲ့သို့ မိမိအဓိဋ္ဌာန်ပြုသည့် အချိန်အတွင်း စွန့်လှူထား ခဲ့သည်ရှိသော် မိမိခန္ဓာကိုယ်အား စွန့်လှူပြီးဖြစ်သဖြင့် တကျော်သံယောဇဉ် သက်သာ၏၊ ဆရာသမားကလည်း တပည့်အပေါ်၌ အမှားရှိလျှင် မညှာမတာ ရက်ရက် ရောရော ဆုံးမပဲ့ပြင်နိုင်သဖြင့် သောဝစဿတာ ဂုဏ်

နှင့်လည်း ပြည့်စုံပါ၏၊ ပါဠိအဆိုနှင့်လည်း လျှော်ဒါန်း လိုလျှင် လျှော်ဒါန်းနိုင်၏၊မြန်မာသက်သက်လည်း လျှော်ဒါန်း နိုင်ပါ၏။

ပါဠိအဆိုနှင့် လျှော်ဒါန်းလိုလျှင်—

(၁) ဣမာဟံ အတ္တဘာဝံ ဗုဒ္ဓဿ ဒမ္မိ။
(၂) ဣမာဟံ အတ္တဘာဝံ ဓမ္မဿ ဒမ္မိ။
(၃) ဣမာဟံ အတ္တဘာဝံ သံဃဿ ဒမ္မိ။
(၄) ဣမာဟံ အတ္တဘာဝံ အာစရိယဿ ဒမ္မိ။

**အနက်**— အဟံ၊ အကျွန်ုပ်သည်။ ဣမံ အတ္တဘာဝံ၊ ဤခန္ဓာငါးပါး ရုပ်နာမ် ၂ပါးဟု ဆိုအပ်သော အတ္တ ဘောကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒမ္မိ၊ လျှော်ဒါန်း ပါ၏။

(၂) ဓမ္မဿ၊ တရားတော်အား။ ဒမ္မိ၊ လျှော်ဒါန်းပါ၏။
(၃) သံဃဿ၊သံဃာတော်အား။ဒမ္မိ၊လျှော်ဒါန်းပါ၏။
(၄) အာစရိယဿ၊ ဆရာသခင် ကျေးဇူးရှင်အား။ ဒမ္မိ၊လျှော်ဒါန်းပါ၏။

ဤသို့ ဆို၍ လျှော်ဒါန်းပါလေ။ တရားအားထုတ်တိုင်း အားထုတ်တိုင်း လျှော်ဒါန်းရပါသည်။

အရိယာပုဂ္ဂိုလ်တို့အား ကဲ့ရဲ့စွပ်စွဲဘူးသော ဥပဝါဒန္တရာယ်များရှိက ကင်းပျောက်စေရန် တောင်းပန် ကန်တော့ရပုံကား— တရားအားထုတ်တော့မည်ဟု ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် အရိယာပုဂ္ဂိုလ်တို့အား အမှတ်မဲ့ ကဲ့ရဲ့စွပ်စွဲဘူးသော အရိယူပဝါဒန္တရာယ်များ ရှိနေပါလျှင် ဘယ်လိုပင် တရားကို ယခုဘဝ၌ အားထုတ်သော်လည်း တရားထူးမတွေ့နိုင် မရနိုင်သောကြောင့် ထိုအရိယူပဝါဒန္တရာယ်များ ကင်းငြိမ်း ပြေပျောက်စေရန် ဝန်ချ တောင်းပန် ကန်တော့ရသည်။

ဝန်ချတောင်းပန် ကန်တော့ပုံကား—

"သူတော်ကောင်း သူမြတ်အပေါင်းတို့.... အသင်တို့အား အကျွန်ုပ်ကသည် အနမတဂ္ဂ သံသရာမှစ၍ ယခုဘဝ ယခုအချိန်အထိ ကာယကံ,ဝစီကံ,မနောကံ ဟု ဆိုအပ်သော သုံးပါးသော ကံတို့တွင် တပါးပါးသော ကံဖြင့် ကဲ့ရဲ့စွပ်စွဲ ပြစ်မှားမိသည်ရှိသော် ထိုကံများ ကင်းပျောက်စေခြင်းအကျိုးငှါ အကျွန်ုပ်သည် ဝန်ချပါ၏၊ ကန်တော့ပါ၏၊ တောင်းပန်ပါ၏၊ အကျွန်ုပ်အား သနားသဖြင့် သည်းခံ ကျေနပ်တော်မူကြပါကုန်"။

"အသင် သူတော်ကောင်းတို့က အကျွန်ုပ်အား ပြစ်မှားမိသော ကာယကံ,ဝစီကံ,မနောကံများ ရှိခဲ့လျှင်လည်း ထိုကံတို့ကို အကျွန်ုပ် သည်းခံပါ၏၊ ကျေနပ်ပါ၏"-

ဟူ၍ သည်းခံကျေနပ်စေပြီးမှ တရားကို အားထုတ်ရသည်၊ သို့မှသာ လွယ်လွယ်နှင့် တရားတွေ့လွယ်သည်ဟု အမြဲမှတ်ယူပါလေ။

---

## ယောဂီများမြတ်တို့၏လက်စွဲ အာနာပါနသတိ ကမ္မဋ္ဌာန်း

မြတ်စွာဘုရား ဟောကြားဆုံးမခဲ့သည့် ပိဋကတ်သုံးပုံ တရားတော်မြတ်အစုံတွင် အဆီညှစ်၍ အနှစ်ကို ထုတ်သော် "ဝိမုတ္တိရသ" နိဗ္ဗာန်ချမ်းသာ တခုသာ ရလေ၏။နိဗ္ဗာန်သို့ရောက်ရန် ကမ္မဋ္ဌာန်းလေးဆယ်နှင့် သမထဝိပဿနာတရား ကြိုးစားအားထုတ်သော် ရုပ်နာမ် နှစ်ပါး မူလထား၍ သုံးသပ်ဆင်ခြင် ပွားများအားထုတ်နိုင်ကြောင်း အတိအကျ ညွှန်ပြခဲ့လေ၏။

ဤတွင် ဝိသေသ ထူးခြားလှသည့် အာနာပါနကမ္မဋ္ဌာန်းဖြင့် သမ္ဗုဒ္ဓဝံသ် အချိုးကျအောင် ရှုရှိုက်အားထုတ်ခဲ့လျှင် သတိပဋ္ဌာန်လေးပါး ပြည့်စုံ၍

မောဇ္ဈင်ခုနစ်ပါး ပြည့်စုံပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ရောက်နိုင်ကြောင်းကို ဥပရိပဏ္ဏာသပါဠိတော် အာနာပါနသုတ် ဓမ္မကွန်မှ ထုတ်ပြန် ပြခဲ့ပါ၏၊ ဤအာနာပါနကမ္မဋ္ဌာန်းကိုသာ မြတ်စွာဘုရားတိုင်း ဘုရားတိုင်းလေ့ကျင့် ပွားများ အားထုတ် ပရိကံပြု၍ သာလျှင်သမ္ဗောဓိညာဏ် ရွှေညာဏ်တော်ကိုရရှိခဲ့ကြလေ၏၊ဘုရားတိုင်းပစ္စေကဗုဒ္ဓါတိုင်း များသောအားဖြင့် သာဝကရဟန္တာတိုင်း အလေးတယူ အားထုတ်သည့် မဟာပုရိသဘူမိယောကျာ်းမြတ်တို့၏လက်စွဲလက်သုံးအာနာပါနဿတိကမ္မဋ္ဌာန်းမြတ်ကြီး ဖြစ်ခဲ့လေ၏။ ၎င်း အာနာပါနနှင့်ပတ်သက်၍ တရားဒေသနာတွင် ရှာဖွေသောအခါဥပရိပဏ္ဏာသ ပါဠိ, ဋ္ဌ,ဋီ အာနာပါနသုတ်၊ မဇ္ဈိမပဏ္ဏာသ ရာဟုလောဝါဒသုတ် အာနာပါန ပါဠိ, ဋ္ဌ,ဋီ၊ ပါရာဇိက ပါဠိ, ဋ္ဌ,ဋီ၊ သုတ်မဟာဝါ ပါဠိ,ဋ္ဌ,ဋီ၊ မဟာဝဂ္ဂသံယုတ်ဧကဓမ္မဝဂ္ဂ ပါဠိ,ဋ္ဌ,ဋီ၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိ, ဋ္ဌ,ဋီ၊ ဝိသုဒ္ဓိမဂ္ဂ ဋ္ဌ,ဋီ၊ ဋီကာကျော် ဋီကာဟောင်း ကျမ်းပေါင်း ၃၅-ကျမ်း ကျော်သေး၏။

ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် ဟူသော သုံးပါးသောဝိတက်နှင့် အကုသိုလ် ဟူသမျှမှာ အကုန်ဖက်သည့် အနာမျက်ကျယ် ပင်လယ်နှင့်တူသော မောဟကို နိုင်စေလိုက အာနာပါန ဤသို့

စသည်ဖြင့် အနာနှင့်ဆေး သင့်ရာပေး၍ သမားလိမ္မာကုသရာ၏၊ မောဟနှင့် ဝိတက်ကို လွှလွှကြီး နိုင်လိုက "ဆင်မှာ ချွန်း၊မြင်းမှာ ဇက်၊မင်းမှာ လက်"ဆိုသကဲ့သို့ အာနာပါနဝါယော မဟာဘုတ် ဘူတရုပ်ကို အဟုတ်တကယ် အသက်ကို မညှာပဲ ပွားများ အားထုတ်လျှင် သတိပဋ္ဌာန်လေးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ်လေးပါး, ဖိုလ်လေးပါးသို့ မမှားရောက်စေနိုင်၏။ ထို့ကြောင့် ဤ အာနာပါနကမ္မဋ္ဌာန်းကို ကမ္မဋ္ဌာန်း လေးဆယ်ထဲတွင် အကောင်းဆုံး အမြတ်ဆုံး သဘာဝအကျဆုံးဟု ဘုရားရဟန္တာများမှစ၍ အားထုတ်တော်မူကြကုန်၏။

---

## သမထ အာနာပါနဿတိ အားထုတ်ခြင်းကို မြွက်ဆိုခြင်း

ဤကဲ့သို့ အာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ပုဂ္ဂိုလ်အား ခန္ဓာကိုယ် သည်ငြိမ်, စိတ်သည်ငြိမ် သမာဓိ မနိုင်သေးသော မတည်ကြည်သေးသောယောဂီပုဂ္ဂိုလ်အားတုန်လှုပ်ချောက်ချားမှု ရှိတတ်၏၊သမာဓိနိုင်နင်းသော ယောဂီပုဂ္ဂိုလ်အား တုန်လှုပ်ချောက်ချားမှု မရှိကြောင်းကိုလည်း ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် အဋ္ဌကထာ၌—

(၁) "အာနာပါနဿတိ ယဿ၊
ပရိပုဏ္ဏာ အဘာဝိတာ။
ကာယောပိ ဣဉ္ဇိတော ဟောတိ၊
စိတ္တမ္ပိ ဟောတိ ဣဉ္ဇိတံ။
ကာယောပိ ဖန္ဒိတော ဟောတိ၊
စိတ္တမ္ပိ ဟောတိ ဖန္ဒိတံ။

(၂) အာနာပါနဿတိ ယဿ၊
ပရိပုဏ္ဏာ သုဘာဝိတာ။
ကာယောပိ အနိဉ္ဇိတော ဟောတိ၊
စိတ္တမ္ပိ ဟောတိ အနိဉ္ဇိတံ။
ကာယောပိ အဖန္ဒိတော ဟောတိ၊
စိတ္တမ္ပိ ဟောတိ အဖန္ဒိတ"န္တိ။

ပါဠိ ၁၁၆၊ ဋ္ဌ-ဒု ၇၄၊ မြန်မာပြန်ဆို၏။

အာနာပါနဿတိ သမာဓိကို ပြည့်စုံစွာ မပွားများသေးသော ပုဂ္ဂိုလ်၏ ကိုယ်သော်လည်း တုန်လှုပ်၏၊ စိတ်သော်လည်း တုန်လှုပ်၏၊ ကိုယ်သော်လည်း စဉ်းငယ် တုန်လှုပ်၏၊ စိတ်သော်လည်း စဉ်းငယ် တုန်လှုပ်၏။

အာနာပါနဿတိသမာဓိကို ပြည့်စုံကောင်း မွန်စွာ ပွားများသော ပုဂ္ဂိုလ်၏ ကိုယ်သော်လည်း မတုန်လှုပ်၊ စိတ်သော်လည်း မတုန်လှုပ်၊ ကိုယ်သော်လည်း စဉ်းငယ် မတုန်လှုပ်၊ စိတ်သော်လည်း စဉ်းငယ် မတုန်လှုပ်။

---

## နှာခေါင်းက ထွက်သွားပုံနှင့် သမာဓိမရပုံ-ရပုံ

နှာခေါင်းက မလွတ်ပုံနှင့် သမာဓိအားရှိပုံ များပုံကို ပြဆိုလိုက်ပါ၏။

လက်တွေ့ ဆရာကောင်းမရှိလျှင် မဖြစ်နိုင်ပါလေ၊ လက်တွေ့ဆရာရှိလျှင် ဖြစ်တတ်ပါ၏၊ ဒီနေရာမှာ လက်တွေ့ဆရာ လိုပါသည်၊ဆရာတိုင်း မဖြစ်ပါလေ။

ဆောက်တည်ပြီးသော သီလ, ဖြောင့်စင်းအပ်ပြီးသော သမ္မာဒိဋ္ဌိ, ပယ်အပ်ပြီးသော ပလိဗောဓ, ဘုရားကို လှူဒါန်း, ကမ္မဋ္ဌာန်းဆရာကိုလှူဒါန်း သုတ်သင်ပြီး၍ တရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် မိမိတို့ ကြာရှည်စွာ နေနိုင်သော ဣရိယာပုထ်ကို သမာဓိဖြစ်အောင် နေရာ၏၊တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်ပြီးလျှင် ရတနာသုံးပါး ဆရာသမားတို့အား ကန်တော့ပြီး၍ တရားအားထုတ်ရာ၏၊အားထုတ်ပါလေ။

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခ- မူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီ- ဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ပန၊ ဤသာသနာတော် တွင်း၌။ ဘိက္ခု၊ သံသရာဘေးကို မြော်မြင်နိုင်သော သူ သည်။ အရညဂတော ဝါ၊ တောအရပ်၌ တည်၍သော် ၎င်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်း၌တည်၍သော် ၎င်း။သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာ ကျောင်း အိမ် ဘုံနန်း တိုက်ခန်းနေရာ၌ တည်၍သော်၎င်း။ ပလ္လင်္ကံ၊ ထက်ဝယ်ပလ္လင်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ ထိုင်နေ၍။ ကာယံ၊ ဥပရိဘာဂ ကိုယ်ကို။ဥဇုံ၊ ဖြောင့်ဖြောင့် မတ် မတ်။ ပဏိဓာယ၊ ထား၍။ သတိံ၊ ထွက်သက် ဝင်သက် မှတ်သော သတိကို။ ဝါ၊ ဖောဋ္ဌဗ္ဗကာယ၌ မှတ်သော သတိကို။ပရိမုခံ၊ ကမ္မဋ္ဌာန်းအချက် ထွက်သက် ဝင်သက် သို့ ရှေးရှု။ဥပဋ္ဌပေတွာ၊ ခိုင်မြဲစွာ စိုက်ထား၍။နိသီဒတိ၊ နေ၏။

ထက်ဝယ်ဖွဲ့ခွေ ထိုင်နေမှုသည် ကမ္မဋ္ဌာန်းအလုပ် နှင့် အထူးသင့်လျော်သောကြောင့် "ပလ္လင်္ကံ အာ- ဘုဇိတွာ" ဟူ၍ ဟောတော်မူသည်၊ စင်စစ်သော်ကား ဣရိယာပုထ်လေးပါး၌ မလှုပ်မရှားပဲ နေရာမပြင်ပဲ

ကြာကြာနေနိုင်သော ဣရိယာပုထ်က သမာဓိဖြစ်လွယ်သည်၊ ခဏခဏ ဣရိယာပုထ်ပြောင်းခဲ့လျှင် သမာဓိမဖြစ်သည့်ပြင် ဝိတက်တွေ များလာတတ်သည်၊ဝိတက်များပြီးတော့ စိတ်ကလေး ဟိုရောက် ဒီရောက် ပြေးနေတတ်သည်၊ လက်တွေ့ တရားအားထုတ်ဘူးသော ယောဂီပုဂ္ဂိုလ်များ သိနိုင်ပါ၏။

(ဆဋ္ဌမူ၊မဟာဝဂ္ဂ သံ၊တ ကေဝမ္မဝဂ္ဂ ကေဝမ္မသုတ္တ
အာနာပါနသံယုတ္တ ၂၇၁-၂၇၂-၄ အထိ)

---

## အာနာပါနသဿတိသုတ်အရကို ပြဆိုခြင်း

၁-ပဋ္ဌမ သော သတောဝ အဿသတိ၊
သတောဝ ပဿသတိ။

**အနက်**—သော၊ထို ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးသော ယောဂီပုဂ္ဂိုလ်သည်။ သတောဝ၊မလစ်စေမူ သတိပြု၍သာလျှင်။ အဿသတိ၊ထွက်သက်လွှတ်၏။ သတောဝ၊မလစ်စေမူ သတိပြု၍သာလျှင်။ ပဿသတိ၊ဝင်သက်ရှူ၏။

**အဓိပ္ပါယ်ကား**—ပဋ္ဌမခဏ်းမှာ နှာသီးဖျား၌သော်၎င်း အထက်နှုတ်ခမ်းဖျား၌သော်၎င်း ထွက်တိုင်း ဝင်တိုင်း သိအောင် အားထုတ်ရသည်၊အကြိမ်ကြိမ် အဖန်ဖန် သမာဓိရအောင် အားထုတ်ရသည်၊ အချိန်နာရီ

မပိုင်းမခြားပဲ အားထုတ်သွားရင် သာ၍ ကောင်းသည်၊ အသက်အရွယ် ကြီးရင့်ပြီးသော ယောဂီပုဂ္ဂိုလ်များမှာ တနာရီကစ၍ ၃-နာရီ ၆-နာရီအထိ အသိစိပ်အောင် တဖြေးဖြေး သဒ္ဓါ, ဝီရိယ, သတိ ထက်ထက် သန်သန်နှင့် သမာဓိရအောင် အားထုတ်နိုင်သမျှ ကာလပတ်လုံး ဤသို့ စိတ်သည် ချည်နှောင်ထားဘိသကဲ့သို့ ခိုင်မြဲစွာထား၍ ထွက်သက် ဝင်သက် ထွက်သမျှ ဝင်သမျှကို တခုမှ အသိမလွတ်အောင် သတိကောင်းထား၍ ပိုင်ပိုင်နိုင်နိုင် မိအောင် အားထုတ်ရသည်၊ မှန်မှန်ကလေး အားထုတ်မှ သမာဓိဖြစ်အောင် အားထုတ်ရသည်၊ ရှေ့လောမကြီးရပေ၊ သဘောသိရုံ အားထုတ်ရ၏။ (ပဌမခဏ်း ပြီး၏)။

၂-ဒုတိယ ဒီဃံ ဝါ အဿသန္တော "ဒီဃံ အဿသာမိ"တိ ပဇာနာတိ။
ဒီဃံ ဝါ ပဿသန္တော "ဒီဃံ ပဿသာမိ"တိ ပဇာနာတိ။
ရဿံ ဝါ အဿသန္တော "ရဿံ အဿသာမိ"တိ ပဇာနာတိ။
ရဿံ ဝါ ပဿသန္တော "ရဿံ ပဿသာမိ"တိ ပဇာနာတိ။

**အနက်**— ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ အဿသ-
န္တော၊ ထွက်သက် လွှတ်သည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။
အဿသာမိတိ၊ ထွက်သက် ငါလွှတ်၏ဟူ၍။ ပဇာနာတိ၊
သိ၏။ ဒီဃံ ဝါ၊ ရှည်စွာမူလည်း။ ပဿသန္တော၊ ဝင်သက်
ရှူသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမိတိ၊ ဝင်သက်
ငါရှူ၏ ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုစွာမူ
လည်း။ (ရှေ့အတိုင်း အနက်ဆိုလေ)။

**အဓိပ္ပါယ်ကား**— ဤသို့ သိမှု ပိုင်နိုင်ပြီးနောက် မိမိ
ရှူသော ထွက်သက် ဝင်သက်ကို ရှည်လျှင်လည်း ရှည်
မှန်း သိစေရမည်၊ တိုလျှင်လည်း တိုမှန်း သိစေရမည်၊
တရားအားထုတ်သော သူမှာ တထိုင် အတွင်းမှာပင်
ရှည်သည့်အလှည့် တိုသည့်အလှည့် ရှိ၏၊ ရှည်မှု တိုမှုကို
တခုမှ မလွတ်အောင် သိအောင် အားထုတ်ရသည်။
ထွက်သက် ဝင်သက် အထွက် အဝင် နှေးသည်ကို
"အရှည်"ဆိုသည်၊ လျင်မြန်သည်ကို"အတို"ဆိုသည်၊
နှေးလျှင် နှေးမှု, မြန်လျှင် မြန်မှုကို သမာဓိရအောင်
သိစေရမည်ဟု သဒ္ဒါ,ဝိရိယ,သတိ ရှေ့ထား၍ အား
ထုတ်ပါလေ၊ ရှေ့လောမကြီးနှင့် သမာဓိ ပျက်တတ်ပါ
သည်၊ အထူးသတိပြုပါလေ။ (ဒုတိယခဏ်းပြီး၏)။

၃-ဘာဝီယ "သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီ"တိ သိက္ခတိ။
"သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီ"တိ သိက္ခတိ။

**အနက်**— သဗ္ဗကာယပဋိသံဝေဒီ၊ထွက်သက်၏အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ အဿသိဿာမိ၊ထွက်သက် လွှတ်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊အားထုတ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ ဝင်သက်၏ အစ,အလယ်,အဆုံး အကုန်လုံးထင်လင်းသည်။ဟုတ္တာ၊ဖြစ်၍။ ပဿသိဿာမိ၊ဝင်သက်ရှူပေအံ့။ ဣတိ၊ဤသို့။သိက္ခတိ၊အားထုတ်၏။

**အဓိပ္ပါယ်ကား**— ထိုသို့ အရှည် အတိုသိမှု ပိုင်နိုင်ပြီးနောက် ဤထွက်သက်၏ အစ အလယ် အဆုံးကိုရင်း, ဝင်သက်၏ အစ အလယ် အဆုံးကိုရင်း ထင်ရှားအောင် အားထုတ်၍ ကျင့်ရမည် ဆိုသောကြောင့် ထွက်သက်လေ၏ အစကား ချက်၊ အလယ်ကား ရင်ချိုင့်၊ အဆုံးကား နှာသီးဝ၊ ဝင်သက်၏ အစကား နှာသီးဝ၊ အလယ်ကား ရင်ချိုင့်၊ အဆုံးကားချက်၊ ဤသို့သော သုံးပါး သုံးပါး တို့ကို ထင်ရှားအောင် ဝမ်းတွင်းသို့ စိတ်ကို စေလွှတ်၍ ကြည့်ရှုရမည် မဟုတ်၊ နှာသီးဝမှ ပြင်ဖက်သို့ စိတ်ကို စေလွှတ်၍ ကြည့်ရှုရမည်လည်း

မဟုတ်။ ဥပမာ အားဖြင့်- ဒေါလာဥ်ပုခက် လွှဲသော ယောကျ်ားသည် ဒေါလာဥ်တိုင်ကို မှီလျက် တဖက်သော ဒေါလာဥ်ပုခက်တိုင်ကို မြဲမြဲစေ့စေ့ ကြည့်ရှု၍ နေလျှင် တောင်မြောက် စသည်ဖြင့် ပြေးသွားသော ဒေါလာဥ် ပုခက် ပျဉ်ချပ်တို့၏ အစကိုင်း,အလယ်ကိုင်း,အဆုံး ကိုင်း ထင်ရှားစွာ မြင်ရသကဲ့သို့ ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည်လည်း ထွက်သက်လေ ဝင်သက်လေ နှစ်ပါး တို့၏ တိုးထိရာ နာသီးဝ၌ စိတ်ကို စိုက်၍ အမြဲထား လျှင် ထွက်သက်လေ၏ အစ,အလယ်,အဆုံး သုံးပါး ကိုင်း ဝင်သက်လေ၏ အစ,အလယ်,အဆုံး သုံးပါးကို ငင်း ထင်ရှားစွာ သိနိုင် မြင်နိုင်ပါ၏၊ ရှေ့လောမကြီး နှင့် မှန်မှန်ကလေး တရားအားထုတ်ပါလေ။ (တတိယ ခဏ်း ပြီး၏)။

၄-စတုတ္ထ—"ပဿမ္ဘယံ ကာယသင်္ခါရံ အဿ-
သိဿာမိ"တိ သိက္ခတိ။
"ပဿမ္ဘယံ ကာယသင်္ခါရံ ပဿ-
သိဿာမိ"တိ သိက္ခတိ။

အနက်— ကာယသင်္ခါရံ၊ ထွက်သက် ဟူသော ကာယသင်္ခါရကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ အစဉ် အတိုင်း ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ၊ ထွက်သက်

လွှတ်ပေဒံ့။ ဇုတိ၊ဤသို့။ သိက္ခတိ၊အားထုတ်၏။ကာယ-
သင်္ခါရံ၊ဝင်သက် ဟူသော ကာယသင်္ခါရကို။(တူပြီ)။

အဓိပ္ပါယ်ကား—ထိုသို့ အစ အလယ် အဆုံး အကုန်
လုံး ထင်လင်း ပိုင်နိုင်ပြီးနောက် ရှန့်ရှင်းစွာသော ထွက်
သက် ဝင်သက်လေတို့ကို အဆင့်ဆင့် သိမ်မွေ့၍သွား
အောင် အားထုတ်ရသည်။ ငါ့ဌ ထွက်သက် ဝင်သက်
လေသည် နှာခေါင်းပေါက်ထဲ၌ ဝင်လိုက် ထွက်လိုက်
ဝင်လိုက် ထွက်လိုက်နှင့် သမာဓိ အားကောင်းလျှင်
ဉာဏ်မျက်စိထဲမှာ ထင်ထင်ရှားရှားကြီး မြင်ရသည်၊
ဆရာက ပြုပြင်၍ မပေးသမျှ ဒီနေရာက မလွှတ်ရပါလေ၊
ဆက်၍ တရားအားထုတ်နေရ၏။ ဤသို့ တရားအား
ထုတ်တိုင်း သိမြင်အောင် အားထုတ်ရသည်ဟု မှတ်
ထားရာ အချက်ပေတည်း။ (ဤကား ပဌမမှစ၍စတုတ္ထ
ပါဠိတော်မြတ်၏ အဓိပ္ပါယ်တည်း)။

ပဌမတရား အားထုတ်၍ သမာဓိ မရပဲ နေသော
ယောဂီပုဂ္ဂိုလ်မှာ ရှေးဒုတိယတရား အားထုတ်၍
သမာဓိမရပဲ နေခဲ့ပြန်သော် တတိယတရား အားထုတ်
ရသည်၊အကယ်၍ သမာဓိမရပဲ နေပြန်သော် စတုတ္ထ
တရား အားထုတ်ရသည်၊ အမြဲမှတ်ရန်အချက်တည်း။

အချို့သော ယောဂီပုဂ္ဂိုလ်များမှာ ပဌမနည်းတွင် သမာဓိရတာများပါ၏၊ ဒုတိယ၊ တတိယ ရောက်အောင် တရားအားထုတ်ရတာ နည်းပါသည်။ သတိ မြဲမြဲမှ အဆင်ခြင်ဉာဏ်ရှိမှ ဒီလို ယောဂီပုဂ္ဂိုလ် များပါသည် သူတော်ကောင်းအပေါင်းတို့။

---

## ထပနာသပ္ပါယ အပ္ပနာကောသလ္လကို ပြဆိုခြင်း

“ထပနာ” ဆိုသည်ကား— ပဋိဘာဂနိမိတ်မည်သည် ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ဖြစ်ပြန်၏၊ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်သည်၊ ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တဖန်ဆင်ခြင်ရန်အမှုလည်း ခက်ခဲတတ်၏၊ ထို့ကြောင့် ထင်မြင်လာသော ထိုပဋိဘာဂ နိမိတ်ကို မကွယ်စေမူ၍ တနေ့တခြား ထင်ရှားပွင့်လင်း၍ သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက် ဖိစီး၍ စိတ်ကိုထားခြင်းသည် “ထပနာ”မည်၏။ ထပနာနည်းသို့ ရောက်နေသော ယောဂီပုဂ္ဂိုလ်၌မူကား အသပ္ပါယ ခုနစ်ပါးကို ကြဉ်ရှောင်၍ သပ္ပါယ ခုနစ်ပါးကို မှီဝဲရာ၏၊ အပ္ပနာကောသလ္လ ဆယ်ပါးကို ပြည့်စုံစေရာ၏။

**အသပ္ပါယ ခုနစ်ပါး ဆိုသည်ကား....** (၁) ဘာဝနာမှု၏ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန (၂)ဆွမ်းခံရွာ (၃)စကားများမှု (၄)အပေါင်းအဖော်၌ မွေ့လျော်မှု(၅)ဘောဇဉ် (၆)ဥတု (၇)ဣရိယာပုထ် ဟူ၍ ခုနစ်ပါးတည်း။

**သပ္ပါယ ခုနစ်ပါး ဆိုသည်ကား....** ဘာဝနာမှု၏ တိုးပွားကြောင်းဖြစ်သော ကြီးပွားကြောင်းဖြစ်သော ထို ခုနစ်ပါးပင်တည်း။

**အပ္ပနာကောသလ္လ ဆယ်ပါးဆိုသည်ကား....**(၁)ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင်ဝတ္ထုမျိုး သန့်ရှင်းမှု (၂)ဣန္ဒြေငါးပါးကို ညီညွတ်အောင် ပြုမှု (၃)ထွက်သက် ဝင်သက်ဟူသော အာရုံနိမိတ်၌ လိမ္မာမှု (၄) တက်ကြွလွန်းသောစိတ်ကို နှိမ့်ချမှု (၅)ဆုတ်နစ်လွန်းသော စိတ်ကို ချီးပင့်မှု (၆)တွေဝေလွန်းသောစိတ်ကို ရွှင်စေမှု (၇)ညီညွတ်သောစိတ်ကို လျစ်လျူရှုမှု (၈) သမာဓိမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု (၉)သမာဓိရှိသောပုဂ္ဂိုလ်ကို အမြဲမှီဝဲမှု(၁၀)အပ္ပနာဈာန်ကိုရခြင်းငှါ အမြဲညွတ်သော စိတ်ရှိမှု ဤဆယ်ပါးတည်း။

ဤသို့သောအမှုတို့ကို ပြည့်စုံစွာပြု၍ ထိုပဋိဘာဂနိမိတ်၌ စိတ်ကို အစွဲကြီးစွဲ၍ အမြဲကြီး မြဲလေအောင်

နေ့ရှည်လများ ပွားများရှိသောအားဖြင့် ပွားများစေရာ၏၊အဘယ်မျှလောက်ကြာမြင့်၍ ထပနာနည်း အားဖြင့် ပွားများ အားထုတ်ရသနည်း ဟူမူကား မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် အားထုတ်ရာ၏။ ဤကား ယောဂီသူတော်ကောင်းတို့ အမြဲ မှတ်သားထားအပ်သော အချက်ပေတည်း။

---

## အထူးမှတ်သားထားချက် သမထအားထုတ်ပုံ

အချို့သော ယောဂီပုဂ္ဂိုလ်များသည် တရားအားထုတ်သောအခါမှာ တရားထူးတွေ့အောင် ယူဆလျက် ပြင်းပြင်းထန်ထန်ပင် ကြိုးစား၏၊ ဒီတနာရီမှာ မရလျှင် နောက်တနာရီမှာ ရရမည်၊ဒီညဉ့်မှာမရလျှင် နောက်နေ့ နံနက်မှာ ရရမည်၊ နံနက်မှာ မရလျှင် နေ့လယ် ညချမ်းအချိန်မှာ ရရမည် ဟူသော ဇောကပ်လျက် အကြွတ်အနယ် အားထုတ်၏။ (လွဲသွားတတ်ပုံ)။ တရားအားထုတ်တယ်ဆိုတာဟာ သူ့သဘောသူဆောင်ဘို့ အားထုတ်တာမျိုးပါ၊ ငါ့သဘောမပါအောင် အရေးကြီးသည်၊ငါသဘောဆောင်ပြီး ဒီညတရားရမည်၊နံနက်ကျရင် ရရမှာပဲ၊မရလျှင်မနေဘူးဟု ငါလုပ်ယူမည်ဆိုတာမျိုးနှင့် သဘာဝကိုက်တဲ့ သတိကို လက်ကိုင်မပြုပဲနှင့်

သုံးသပ် ဆင်ခြင်လျှင် တရားသဘောအတိုင်း မကျ၊ သဘာဝလက္ခဏာကို တွေ့မည်မဟုတ်၊ အပြေးပြိုင်တာ မျိုးလို တရှူးတိုး အားစိုက်ပြေးသွားရတာမျိုးမဟုတ်ပဲ ဝီရိယနှင့် သမာဓိ သဒ္ဓါနှင့်ပညာ မျှတအောင် တစ တစ ထိန်းသိမ်းစောင့်ရှောက်သင့်သည်။ သဒ္ဓါ ဝီရိယ ဇောာ အလွန်အားကြီးနေလျှင် ပင်ပန်းခြင်းသာ အဖတ် တင်တတ်သည်၊သတိပြုစေရန် တိုက်တွန်းလိုက်ပါ၏။

---

## ပဉ္စမ သမထဝိပဿနာကို ပြဆိုခြင်း

(က) အချို့သောယောဂီပုဂ္ဂိုလ်များသည် သမထ တရား အားထုတ်သောအခါမှာ နှာသီးဝမှာ စိတ်ကို ကပ်၍ ထွက်လေဝင်လေ တိုးထိရာ၌ တချက်တချက် လစ်ခနဲ လစ်ခနဲ လစ်ခနဲ စိတ်ကလေး ထွက်ပြေးတတ် သည်၊သမာဓိမရခင် ထွက်ပြေးတတ်ပါသည်၊ထွက်ပြေး ကြောင်း သိရရင် ကြာကြာမထားနှင့် နှာသီးဖျားမှာ စိတ်ကပ်၍ထားပါ၊အတိတ်အာရုံကိုဖြစ်စေ အနာဂတ် အာရုံကိုဖြစ်စေ တခုခုစဉ်းစားနေက ထွက်တိုင်း ဝင် တိုင်း စိတ်ကလေး မသိတော့ချေ၊နှာသီးဖျားမှ စိတ်က လေး လွတ်လွတ်သွားတော့၏၊ ထို့ကြောင့် သမာဓိ မဖြစ်နိုင်၊ ဥဒ္ဓစ္စ စိတ်၏မငြိမ်သက်မှု ပျံ့လွင့်မှုသာ

ဖြစ်တော့၏၊ထို့ကြောင့် သမာဓိဖြစ်အောင်ဘာမျှမစဉ်းစားပဲ မကြိုစည် မတွေးတောပဲ အထိနှင့်အသိ တပြိုင်နက် ကပ်ကပ်သွားပါစေ သတိစပ်သွားပါစေ။

နှာသီးဖျား ထွက်တိုင်းဝင်တိုင်း အထိ,အသိ ကပ်သွားသောအခါမှာ သမာဓိ ရလေသောအခါ၌ လွတ်ထွက်သွားပုံကား—နိမိတ်အမျိုးမျိုးကို မြင်၍ ကြည့်နေတတ်သည်၊နိမိတ်ပျောက်သွားမှ သတိရ၍ နှာသီးဖျားပြန်လာပြီး ထွက်လေဝင်လေ အထိ အသိ ကပ်သွားအောင် အားထုတ်တတ်သည်၊ သတိပြုပါ။ နှာသီးဖျားထွက်တိုင်းဝင်တိုင်း အသိကပ်ကပ် အားထုတ်သွား၍ နိမိတ်အမျိုးမျိုးကို အာရုံမပြုပဲ ထွက်လေဝင်လေ ထိသိအာရုံပြုနေသောအခါ၌ ဥဂ္ဂဟနိမိတ်မျိုးမြင်တတ်သည်။ အချို့ယောဂီပုဂ္ဂိုလ်မှာ ပဋိဘာဂနိမိတ်ကျအောင် မြင်တတ်သည်။ နှာခေါင်း နှာတံသော်၎င်း မျက်နှာတခုလုံးသော်၎င်း တကိုယ်လုံးသော်၎င်း(ဒီနေရာမှာ လက်တွေ့ဆရာရှိလျှင် ဝိပဿနာသို့ ရောက်နိုင်ပါသည်)၊ပိုးရွတွေ့ တက်နေ ထင်မှတ်ပြီး တရွရွ သွားနေထင်တတ်၏၊ အမှတ်မရှိ တနေရာရာက ဇတ်ခနဲ့, ဇတ်ခနဲ တွေ့လိုက်သလို၊အပ်ကလေးနှင့် ဇတ်ခနဲ့,ဇတ်ခနဲ ဆွလိုက်သလို ထင်နေရသည်။ တချက်တချက် သတိလစ်တိုင်း ဖြစ်တတ်ပါသည်။နှာသီးဖျား စိတ်ရောက်လိုက်သောအခါ

မှာ သတိလစ်သွားသော် သည်းမခံနိုင်အောင် များလာ၏၊ လက်နှင့် ခဏာခဏာပွတ်သပ်ပစ်တတ်၏၊ ခဏာခဏာ လက်နှင့် ပွတ်တိုင်းပွတ်တိုင်း သမာဓိ ပျက်တတ်ပါသည်၊နှာသီးဖျားက စိတ်ကလေး လွတ်တိုင်း လွတ်တိုင်း ဖြစ်တတ်၏။ စိတ်ကလေး နှာသီးဖျားမှာ ကပ်ကပ် ထားပါလေ။စိတ်ကလေး လွတ်သွားသော အခါမှာ ယားယံတာက အားကြီးလာလိုက်၊ ခြင်ပုန်းကိုက်သလို တချက်တချက် မြက်ခနဲ မြက်ခနဲ စစ်ခနဲ စစ်ခနဲ ပရွက်ဆိတ်ကိုက်သလို၊တချက်တချက် မြက်ခနဲ မြက်ခနဲ စစ်ခနဲ စစ်ခနဲ အပ်ကလေးများနှင့် ဆွနေသလို စိုးစိုးစစ်စစ်နဲ့ မြိုးမြိုးမြက်မြက် ကိုက်၍နေသည်ဟု ထင်ရ၏။ နှာခေါင်း နှာတံ တခုလုံး, မျက်နှာတခုလုံး ခန္ဓာကိုယ် တခုလုံး ဘယ်မှာမှ မကျန်အောင် တရွရွသွားနေသလို ဖြစ်တတ်သည်။ သည်လိုဖြစ်တာမျိုးကို သည်းမခံနိုင်၍ အဝတ်များယူပြီး ထ၍ ခါပစ်တတ်သည်၊"ပရွက်ဆိတ် ရှိသလား"လို့ ကြည့်တော့ တကောင်မှ ပရွက်ဆိတ် မတွေ့ပဲ ယခုတော့ ဘာမှမရှိဘူး ပြောကြားကြသည်၊ သတိ လစ်တိုင်း ဖြစ်တာမျိုးပါ၊သမာဓိပျက်သွားတတ်ပုံ။

အချို့သော ယောဂီပုဂ္ဂိုလ်များသည် နှာသီးဖျားထွက်တိုင်းဝင်တိုင်း ထိသိ ကပ်ကပ်ထားရာက သတိ

လစ်ပြီးတော့ ဘေးကအသံကြားလိုက် "လာ၍ခေါ် တာဟာ ဘယ်သူပဲ၊ လူသံပဲ၊ နတ်ကပြောတဲ့အသံပဲ၊ ဘာသံ ညာသံပဲ"ဟု ဝေဖန်စဉ်းစား ကြည့်တတ်၏၊ အမျိုးမျိုးအသံကို ကြားနေတတ်၏။

**မှတ်ချက်**—ယောဂီအချင်းချင်း အသံကြားကြောင်း ပြောတတ်၏၊ အိမ်ရောက်သွားတောင် ဖောက်သယ် ချ၍ ပြောတတ်သည်၊ မျောက် မောင်းအပ်ထားသလို ပြောဆိုကြသည်၊ မပြောကောင်း မမှတ်ကောင်းဟု ဆုံးမထားရာ၏။ ပညာရှိပုဂ္ဂိုလ် အထင်အမြင်အသေး ခံရတတ်၏၊ မနှစ်သက်သောသူက အပြစ်တင်စကား အပြောခံရတတ်၏၊ဆရာဟောပြောတိုင်း မလိုက်သော ပုဂ္ဂိုလ် ခေါ်ဆိုရ၏၊ ဒီလိုပုဂ္ဂိုလ်မျိုးလဲ ရှိတတ်သည်၊ တရားထူးမတွေ့ပဲ စကားများ၍ သမာဓိမဖြစ်ပုံ ထို ပုဂ္ဂိုလ်နှင့် အတူတကွနေလျှင် မိမိလဲ သမာဓိပျက်သွား တတ်ပုံ ဘယ်လောက်ပင် ကြိုးကြိုး အလိုက်မသိတတ်ပုံ အမှားအလွဲ ဖြစ်တတ်သည်၊ အထူးသတိပြုရန် အချက် ပေတည်း။

ဆရာက စိတ်ကလေး မလွှတ်စေနှင့်၊ ဒီနေရာက မရွေ့စေနှင့်၊သတိထား၊ဟောပြောပြသရသည်။ တခါ ဆက်၍ အားထုတ်ပါ၊နှာသီးဖျား ထွက်တိုင်းဝင်တိုင်း

ထိသိတဲ့ အပေါ် သတိ ထားရာ၌ အလွန်ကြီးလဲ အားမထုတ်ရပါ၊ လျော့ပြီးလဲ အားမထုတ်ရ၊ မဖြစ် ဖြစ်အောင်လဲ အားမထုတ်ရပါ၊ ဖြစ်အောင်ဟဲ့လို့ အားမထုတ်ရပါဘူး၊ ဖြစ်အောင်ဟဲ့လို့ အတင်းအားထုတ်ခဲ့သော် အမောအပန်းကြီးခံ၍ သမာဓိမရပဲ စိတ်ပင်ပန်းနေတော့သည်၊ ဥဒ္ဓစ္စစိတ်ဖြစ်၍ ပျံ့လွင့်သွားတတ်သည်။ အချို့ယောဂီပုဂ္ဂိုလ်မှာ ဒီနေရာအတင်းအားထုတ်ပြီးလွတ်ထွက်သွား၍ ထပြီးတော့ ငိုနေတော့၏၊ (လက်တွေ့ဖြစ်၏)၊ ပါရမီမရှိဘူး ဆိုပြီးတော့ သာ၍ ငိုသည်၊ ဒီလို ယောဂီပုဂ္ဂိုလ်လဲ ရှိသည်။

တရားဆိုတာကတော့ သူ့သဘောအတိုင်း နှာသီးဖျားမှာ ထွက်တိုင်းဝင်တိုင်း ထိတိုင်း သိတိုင်း အသိစိတ်ကလေး ကပ်ကပ် လာခဲ့လျှင် သမာဓိ ဖြစ်လာတော့၏။ အချို့သော ယောဂီပုဂ္ဂိုလ်များသည် ထွက်တိုင်း ဝင်တိုင်း ထိသိ သဘော အသိစိတ်ကလေးကပ်၍ကပ်၍ အသိများလာသည်၊ ထို အသိကလေး မှန်မှန်သဘောအတိုင်း နေသောအခါမှာ နှာခေါင်းပေါက်ဝအထဲက လေကလေး ဖြူဖြူဖွေးဖွေးကလေးနှင့် ထွက်လိုက် ဝင်လိုက်နှင့် လုံးထွေးလုံးထွေး ထွက်သွားလိုက်ဝင်သွားလိုက် နေတာကို သမာဓိအားကောင်းတော့ဉာဏ်မျက်စိထဲမှာမြင်ရပါသည်။ ခဏာနှာခေါင်းပေါက်

ဝက အသား ထိထိသွားတာကို ငုံ့၍ ငုံ့၍ ဉာဏ်နှင့်စိုက်ခိုင်းရင် လွယ်ပါသည်။(ဆရာမရှိလျှင် မဖြစ်ပဲ နေလိမ့်မည် ဒီနေရာက ဆရာလိုသည်)။

နှာခေါင်းပေါက်ဝ နှာသီးနှာတံရော မျက်နှာကြီးတခုလုံးရော ခန္ဓာကိုယ်တခုလုံးရော တင်းကျပ်ကျပ်ကြီးဖြစ်လာ၏၊ အလွန်အားကြီး၍ ကွဲအက်မတတ် တင်းကျပ်ကျပ်ကြီးဖြစ်လာသည်၊ ဒီနေရာမှာ ဝီရိယ ကောင်းကောင်းနှင့် အောင့်အည်းသည်းခံ၍ နှာခေါင်းပေါက်ကလေးကိုကြည့်ပြီး ထွက်လိုက်ဝင်လိုက်မလွတ်အောင်စိတ်ကလေးရှုနေရာ၌ မိမိခန္ဓာကိုယ်ကြီးက အမှတ်မရှိတနေရာက မွေးညှင်းပေါက်မှ မှုန်မှုန်မွှားမွှား တဖွားဖွား ပေါ်လာ၏၊ ခန္ဓာကိုယ်တခုလုံး အနိစ္စ အနိစ္စ ရှုလိုက်သောအခါမှာ ဖြစ်ပျက်သဘောတွေဟာ ဟုန်းခနဲ ဟုန်းခနဲ မှုန်မှုန်မွှားမွှား တဖွားဖွား တရိပ်ရိပ်နှင့် မိုးဖွဲဆွတ်ဖျန်းနေသလို ဆီးနှင်းများ ကျနေသလို ဖြစ်ပျက်သဘောပေါ်၍ အလွန်မြန်နေတော့သည်၊ ခန္ဓာကိုယ်ရယ်လို့ အရိုးအသားရှာ၍ မတွေ့ရတော့ပဲ ဘယ်မှာပဲကြည့်ကြည့် အနိစ္စရှုလိုက်တိုင်း ဖြစ်ပျက်သဘောဟာ ဉာဏ်မျက်စိထဲမှာ အမြဲမြင်ရတော့၏၊ တဖွားဖွား တရိပ်ရိပ် မှုန်မှုန် မွှားမွှား အလွန်မြန်၍ ဖြစ်ပျက်သဘော မြင်ရ၏။ ဝဏ္ဏဓာတ် အရောင်သည် အချို့ အဖြူ

ရောင်၊ အချို့ အဝါရောင်၊ အချို့ နီပြေပြေအရောင်၊ ပကတိမျက်စိဖြင့် မြင်ရသောအရောင်ကား မဟုတ်ချေ၊ သမာဓိရှိလို့ ဉာဏ်မျက်စိနှင့် မြင်တာမျိုးခေါ်၏။

ခေါင်းကစ၍ ခြေကျအောင်၊ ခြေကစ၍ ခေါင်းကျအောင်(၃၆)ခေါက်ရှုပါလေ၊အလွန်မြန်ရင် ရင်စိုက်၍ အနိစ္စ နိစ္စ မှန်မှန်ကလေးရှုရာ၏။ အဖြစ်အပျက် အားသေးရင် ခေါင်းကစ၍ ခြေကျအောင်၊ခြေကစ၍ခေါင်းကျအောင် အခေါက်ပေါင်းများစွာ အနိစ္စ ရှုသွားပါလေ၊အဖြစ်အပျက် တဖွားဖွား များလာပြန်မှ ရင်စိုက်ရှုရာ၏၊ နာရီဝက် တနာရီကျတော့ ဗဟိဒ္ဓလှည့်ပေးရာ၏၊တပည့် သမာဓိကြည့်ပြီး လှည့်ပေးရာသည်။ ဿနကြေပျောက်၍ ရပ်နာမ်ပေါ်လာပုံ။ ဤကား နည်းရရုံမျှသာတည်း။

---

## ဒုတိယ သမထဝိပဿနာကို ပြဆိုခြင်း

(ခ) ယောဂီပုဂ္ဂိုလ်သည် နှာသီးဖျား စိတ်မလွှတ်အောင် အလွန်ကြီးလဲ အားမထုတ်ရပါ၊ လျော့ပြီးလဲ အားမထုတ်ရပါ၊ သူ့သဘောအတိုင်း မှန်မှန် ထွက်တိုင်း ဝင်တိုင်း အသိစိပ်သွားအောင် အားထုတ်ရပါသည်၊ တရားအားထုတ်စ ယောဂီပုဂ္ဂိုလ်မှာ တချက်

တချက် လစ်ခနဲ လစ်ခနဲ စိတ်ကလေး ထွက်ပြေးတတ်သည်၊ သမာဓိမရခင် ထွက်ပြေးတတ်ပါသည်၊ ထွက်ပြေးမှန်းသိရင် ကြာကြာမထားနှင့် နှာသီးဖျား ထွက်တိုင်း ဝင်တိုင်း အသိစိုက်လာလျှင် သမာဓိလာတော့၏။

**မှတ်ချက်**—အချို့ ယောဂီပုဂ္ဂိုလ်များသည် သမာဓိမဖြစ်တာ နိမိတ်မမြင်တာ အားကြီး ပြောကြသည်၊ နှာသီးဖျား စိတ် မတည်တာ စိတ် မနေတာတော့ မပြောပဲ မိမိနှာသီးဖျား စိတ်မငြိမ်ပဲ စိတ်မတည်ပဲ နေတာ မပြောဘူး၊ သမာဓိမရှိသော ယောဂီများအတွက် အထူးသတိပြုရာ၏။ဥဒ္ဓစ္စစိတ်,ကောသဇ္ဇစိတ်များသော ပုဂ္ဂိုလ် ဒီလိုယောဂီပုဂ္ဂိုလ်ကို အထူးသဖြင့် ရှောင်ကြဉ်ရာသည်၊ အသက် ဘယ်လောက်ပင်ကြီးကြီး မသိတတ်တာ များ၏။ နှာသီးဖျား၌ ထွက်တိုင်း ဝင်တိုင်း အသိစိတ် ကပ်၍ကပ်၍ ရှုမှတ်သောအခါ၌ ထွက်တိုင်းထိသိ, ဝင်တိုင်း ထိသိ အသိစိတ်ကလေး မကွာပဲ နေသောအခါမှာ ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ် ထင်မြင်၍ လာတတ်သည်၊ သမာဓိအလွန်အားကြီးသော ယောဂီပုဂ္ဂိုလ်သည် နိမိတ်အမျိုးမျိုးလဲ ပေါ်လာတတ်သည်။

အချို့ယောဂီသည် မိမိခန္ဓာကိုယ်တခုလုံး တင်းကျပ်ကျပ်ကြီး ဖြစ်လာ၍ သည်းမခံနိုင်အောင် မိမိခန္ဓာကိုယ်ကြီးသည် ကွဲအက်မတတ် ဖြစ်နေ၏၊ နှာသီးဖျား စိတ်

မလွှတ်ပါစေနှင့်၊ သမာဓိအားကောင်းလာလေ ဉာဏ်အမြင် စင်ကြယ်လာလေ ဖြစ်လာတည်၊ မိမိခန္ဓာကိုယ်တခုလုံး တင်းကျပ်ကျပ်ကြီး ပွစိပွစိနှင့် မြင်နေရသည်၊ သာ၍ ထင်ရှားတဲ့နေရာကို ငါးမူးစေ့ဝိုင်းလောက် စိုက်၍ကြည့်ပြီးတော့ အနိစ္စ,အနိစ္စ စိုက်ရှုပါ၊ခန္ဓာကိုယ်ကြီး ကြီးလာလိုက် သေးသွားလိုက်နှင့် ရှေရှေသွားလိုက် တိုတိုသွားလိုက် ဖြစ်နေသည်၊ အလွန်ထင်ရှားသော နေရာ၌ ငါးမူးစေ့ဝိုင်းလောက် စိတ်ကိုစိုက်၍ အဝိုင်းတွင်းကြည့်ပြီး အနိစ္စ,အနိစ္စ ရှုမှတ်ပါ၊ စိတ်ဟိုကြည့် ဒီကြည့် မကြည့်ပါစေနှင့်၊ဒီနေရာမှာ လက်တွေ့ဆရာရှိမှ မြန်ပါသည်၊ ဟိုကြည့် ဒီကြည့် မကြည့်ပါလေနှင့်၊အနိစ္စ,အနိစ္စ ခပ်သွက်သွက်ရှုနေရာက လက်သန်းတလုံး မတိမ်းစေနှင့်၊ သေသေချာချာ ဉာဏ်နှင့် အနိစ္စစိုက်ရှုပါ၊ မျက်စိ ခွတ်ဝင်သွားပြီး သူသွားတဲ့အတိုင်းနောက်ကလိုက်၍ အနိစ္စ,အနိစ္စ ရှု၍လိုက်၊ အရိုးစုကြီးတွေ့၍ ကြောက်နေတတ်သည်၊ ဘာမှမကြောက်နဲ့ဆရာအနားရှိတယ်၊အားမငယ်နဲ့၊အရိုးစုကို တလက်မလောက် စိုက်ကြည့်ရှု၊ အနိစ္စ,အနိစ္စ သေသေချာချာဉာဏ်နှင့်စိုက် ကြည့်ရှုလေ၊ ခေါင်းမရှိတော့ဘူး၊ အရိုးအသားများ ကျန်လေသလား၊ ဘာမှမရှိတော့ဘူး၊ ရွရွသွားနေတာ မြင်သည်၊ လည်ပင်းမှစ၍ ခြေဖျားကျ

အောင် အနိစ္စ,အနိစ္စ လက်မလွှတ်ပါစေနှင့်၊ကြည့်ရှုပါ၊ ဘာမှ မကျန်တော့ဘူး၊ အရိုးအသား ရှိသေးသလား၊ မရှိတော့ဘူး၊ ခြေဖျားကစ၍ ခေါင်းကျအောင် အနိစ္စ ရှုကြည့်ပါလေ။ ခေါင်းကစ၍ အနိစ္စ ရှုကြည့်ပါလေ၊ ရွရွ မှုန်မှုန်မွှားမွှား ရိပ်ရိပ်နှင့် မြင်သည်၊ အရောင် အဆင်း ဘယ်လိုနေသလဲ၊ အချို့က အဝါရောင် စိမ်း လဲ့လဲ့၊ အချို့က အနီရောင်မြင်သည်၊ ဝဏ္ဏခေတ်ခေါ် ၏၊ ခေါင်းကစ၍ ခြေဖျားကျအောင် အနိစ္စရှုလေ၊ ၅-၆ခေါက်လောက် အနိစ္စရှုပါ၊ဖြစ်ပျက် တရွရွ မှုန်မှုန် မွှားမွှား တရိပ်ရိပ် တဖွားဖွား ဖြစ်ပျက်သဘော မြင် လာ၏၊ အဖြစ်အပျက်သဘော မြင်လာလျှင် ရင်စိုက်၍ အနိစ္စရှုပါ၊မှုန်မှုန်ကလေး အနိစ္စကြည့်ရှုလေ၊ တနာရီရှိ လျှင် ဗဟိဒ္ဓသို့လှည့်ပေးပါ၊ နာရီဝက်ကျလျှင် တပည့် အကဲကြည့်၍ လှည့်ပေးလေ၊ မျက်စိအဖွင့်ခိုင်းလေ၊ မျက်စိအဖွင့်ခိုင်းပြီး အနိစ္စကြည့်ရှုပါလေ။ ဿနကြေ ပျောက်၍ ရုပ်နာမ်သဘော ပေါ်ပုံ။

---

## တတိယ သမထဝိပဿနာကို ပြဆိုခြင်း

(၁) အချို့သော ယောဂီပုဂ္ဂိုလ်များသည် နာသီး ဖျား စိတ်မလွှတ်ရအောင် အလွန်ကြိုးလဲ အားမထုတ်ရ၊

လျှော့ပြီးလဲ အားမထုတ်ရ၊ သူ့သဘောအတိုင်း မှန်မှန်ကလေး ထွက်တိုင်း ဝင်တိုင်း ထိတိုင်း အသိစိုက်သွားရအောင် အားထုတ်ရသည်၊ နှာသီးဖျား ထွက်တိုင်းသိ, ဝင်တိုင်းသိ, ထိတိုင်းသိ အသိမှန်လာလျှင် သမာဓိဖြစ်လာတော့၏။ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်, အသုဘနိမိတ် အမျိုးမျိုးထင်လာတတ်၏၊ နှာခေါင်းရော မျက်နှာတခုလုံးရော တကိုယ်လုံးရော ဘယ်နေရာမှမကျန် တင်းကျပ်ကျပ်ကြီး ဖြစ်လာ၏၊ ကွဲအက်မတတ် သည်းမခံနိုင်အောင် ဖြစ်လာ၏၊ နှာသီးဖျား စိတ်ကလေး မလွတ်စေနှင့်၊ သံမှိုနှက်သကဲ့သို့ စိတ်ကလေးမလွတ်အောင် ရှုမှတ်ရာ၏၊ သမာဓိအရိပ်အရောင် စိတ်ထင်ရတတ်သည့် အမှန်မဟုတ်ဘူး၊ နှာခေါင်းကြီး မျက်နှာကြီး ပွလာလိုက်၊ လက်မောင်းကြီး ပွလာလိုက်၊ ပေါင်ခြေသလုံးကြီး ပွလာလိုက်၊ ဗိုက်ကြီး ပွလာလိုက် ထင်ရ၏၊ နှာသီးဖျား စိတ်မလွတ်စေနှင့်၊ ရွှေ လောမကြီးနှင့်၊ သတိပေးမှ လွယ်၏။ ဆက်၍ အားထုတ်ပါ၊ နှာသီးဖျား စိတ်ထား၍ ထွက်တိုင်း ဝင်တိုင်း အသိသဘော စိုက်လာသောအခါ သမာဓိကြီးပွားလာ၏၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်, အသုဘ နိမိတ်များ အမျိုးမျိုး ဉာဏ်မျက်စိထဲမှာ အမြင်သန့်ရှင်း၏၊ သူ့သဘောအတိုင်း ပေါ်လာသည်၊ နှာခေါင်း နှာတံ တင်းကျပ်ကျပ်ကြီး

ပွစိ ပွစိ မြင်၍ရင်း, မျက်နှာတခုလုံး ပျားအုံကဲ့သို့ အပေါက်အပေါက်တွေ မြင်၍သော်ရင်း, အချို့လက် မောင်းကြီးတခုလုံး တင်းကျပ်ကျပ်ကြီး ပွစိ ပွစိ မြင်၍ သော်ရင်း, အချို့ရင်ဘတ်ကြီးကွဲ၍ အူအသဲတွေ သွေး တွေ ထွက်ကျနေတာကို မြင်သည်။ ဒီနေရာမှာ လက်တွေ့ ဆရာရှိမှ လွယ်သည်၊ ဆရာမရှိခဲ့သော် ကြောက်လန့် သွားတတ်သည်၊ နောင်ကရားအားထုတ်ခိုင်း၍ မရပဲ နေတတ်သည်။

**အထူးမှတ်ချက်**— ဆရာလုပ်သူက သွေးထွက်လာ တယ် ဘယ်မလဲ၊ အနိစ္စ,အနိစ္စ သေသေချာချာ စိတ်နှင့် စိုက်၍ကြည့်ရှုပါ၊ အရိုးကသွေးထွက်တာလား၊ အသား က ထွက်တာလား သေသေချာချာ ဉာဏ်နှင့် အနိစ္စ, အနိစ္စ ကြည့်ရှု၊ အားလုံးက ထွက်နေတယ်၊ ဘယ် လောက်များကြီးသလဲ၊ သရက်သီးအလတ်စားလောက် ရှိတယ်၊ အထက်ဖက်က တုံးတိလား၊ အောက်ဖက်က တုံးတိလား၊ အောက်ဖက်က အဖျားချွန်ကလေးက များများပန်းထွက်နေတယ်၊ မှတ်မိအောင် သေသေ ချာချာကြည့်ထား၊ အနိစ္စ,အနိစ္စ ရှုနေပါ၊ နာရီဝက် လောက် ကြာလျှင် မှတ်မိရင် ခါးကစ၍ ခေါင်းကျ အောင် အနိစ္စ,အနိစ္စ ရှုပါလေ၊ ကုန်သွားပြီ၊ ဘာမှ

မကျန်ဘူး၊ ခေါင်းကစ၍ ခြေဖျားကျအောင် အနိစ္စ, အနိစ္စ ရှုကြည့်ပါ၊ သူ ဖြစ်ပျက် သွားသည့် အတိုင်း နောက်ကလိုက်၍ အနိစ္စရှုပါ၊ ရှေ့လောမကြီးနှင့်၊ခြေဖျားရောက်ပြီး ခြေဖျားကစ၍ ခေါင်းကျအောင် အနိစ္စ ကြည့်ရှုလေ၊ ၅-၆ခေါက်လောက် အနိစ္စကြည့်ရှုလေ၊ ဘာမှမရှိပဲ နေ၏၊သေသေချာချာကြည့်ပြောလေ၊မှုန်မှုန် မွှားမွှား တရွရွ တဖွားဖွား မြင်ရတော့၏။ အရောင် အဆင်းက ဘယ်လိုနေသလဲ မေးကြည့်၊ အရောင်က အဝါရောင်, အနီရောင်, စိမ်းလဲ့လဲ့အရောင်, အဖြူလဲ ပါသည်၊ ရင်စိုက်ကြည့်၊မြင်ရဲ့လားလို့ သေသေချာချာ ဉာဏ်စိုက်ကြည့်၍ အနိစ္စကြည့်ပါ၊ မြင်ရပါသည်၊ နာရီ ဝက်ကျတော့ ဗဟိဒ္ဓလှည့်ကြည့်၊ တနာရီတခါ လှည့် ကြည့်၊မြန်လာလျှင် အမြဲရင်စိုက် အနိစ္စကြည့်ရှု၊ မျက်ဝိ လဲ ဖွင့်ကြည့်၊ မြင်ရပါသည်၊ တပည့်အကဲကို ကြည့်ပြီး ရင်စိုက်၊ အနိစ္စမှန်မှန်ကလေး ကြည့်ရှုရသည်။ သမာဓိ အားသေးလျှင် ခေါင်းကစ၍ ခြေကျအောင် အခေါက် ပေါင်း များများ အနိစ္စ ရှုရာ၏၊ အလွန် အားကြီးမှ ရင်စိုက်၍ အနိစ္စ ရှုရာသည်။

ဿနကြေပျောက်၍ ရုပ်နာမ် ပေါ်လာပုံ နိဒဿန နည်းရရုံမျှ ပြလိုက်ပါသည်။

(ဿ) သမထကမ္မဋ္ဌာန်းကို စ၍အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် သီလကိုဆောက်တည်ခြင်း စသော ပုဗ္ဗကိစ္စများ အားလုံးပြီးမြောက်စေပြီး၍ မိမိကြိုက်နှစ်သက်ရာ ကြာကြာနေနိုင်သော ဣရိယာပုထ်ဖြင့် နေ၍ အားထုတ်ခြင်းသည် သာ၍ အကောင်းဆုံး ဖြစ်ပါသည်။သမာဓိ ရလွယ်ပါသည်။ဘုရားရှင် ဟောတော်မူသော တင်ပလ္လင်ခွေထိုင်၍လည်းအားထုတ်နိုင်ပါသည်။ ဣရိယာပုထ်ကတော့ မည်သူမဆို ပက်လက်လှန်၍ ခြေဆင်း လက်နှစ်ဖက်ကို ဘေးတဖက်တချက်မှာ ထား၊ အလိုက်သင့် အားရသလို ချ၍ထားပါ၊ သို့သော် အိပ်ပျော်သွားတတ်ပါသည်၊ မအိပ်ချင်အောင် သတိထားလေ၊ လုံရာမှောင်ခန်းတွင်း၌ မျက်နှာပေါ်မှာ ပဝါ, တဘက်စသည်ကို နှာခေါင်းပေါ်ထားပြီး မျက်စိလုံအောင်ဖုံးအုပ်ထားပါ၊ မျက်စိကိုလည်း မှိတ်ထားပါ။ ယောဂီမများမှာ ထိုင်လျှင် ပုဆစ်တုပ်၍ ထိုင်ပါလေ။

ထွက်လေ ဝင်လေကို မနှေးလွန်း မမြန်လွန်း မှန်မှန်ကလေး သူ့ပကတိအတိုင်း ဖြစ်စေ၍ နှာသီးဖျား၌ စိတ်ကို စိုက်ထားလျက် ထွက်လေ ဝင်လေ ရှုမှတ်၍ ထွက်လေ ထွက်လာလျှင်'ထွက်' ဟု သိပါ၊ ဝင်လေ ဝင်လာလျှင် 'ဝင်' ဟု သိပါ၊ သိရုံသာ သိနေပါ၊ထွက်လေ

ဝင်လေတို့၏ နောက်သို့ စိတ်ကို မပါစေရ၊ ထွက်လေ ဝင်လေ သိရမည်၊ ဘာကိုမှ မကြံစည် မတွေးတောနှင့်၊ ကြွားဘူးသမျှ တွေ့ဘူးသမျှ ဗဟုသုတ အာရုံတွေကို ဖျောက်ထား အာရုံ မပြုနှင့်၊ ဘာရလိမ့်မည်,ညာရလိမ့်မည် ဟူ၍လည်း မကြံစည် မတွေးတောနှင့်၊ "သူ့သဘောအတိုင်းသာ ဖြစ်ပေါ်မှာပဲ၊ ငါ့ပါရမီရှိသည်၊ကောင်းအားထုတ်ရင် ရမှာပဲ"ဟု ယုံယုံကြည်ကြည် စိတ်ထားပြီး နှာသီးဖျား ထွက်လေ ဝင်လေကိုသာ အာရုံပြု၍ သိပါ၊ရံဖန်ရံခါ အသက်ရှူမှားလျှင် မောလာတတ်၏၊ ပြင်၍ရှူပေး၊အားထုတ်ဖန်များလာလျှင် မိမိအလုပ်က မိမိကို သင်ပြပါလိမ့်မည်။ အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် တရားအားထုတ်၍ ၁-ရက် ၂-ရက် ၃-ရက် ၄-ရက် ၅-ရက်၌ နိမိတ်ထင်လာသည် ရှိသည်၊ အချို့ ၁၀-ရက် ၁၅-ရက်၊ တလ,နှစ်လ ကြာမှ သမာဓိဖြစ်၍ နိမိတ်ထင်လာသည် ရှိသည်။ အချို့သော ယောဂီပုဂ္ဂိုလ်သည် နိမိတ်မထင်ပဲ ဝိပဿနာဖြစ်တာလည်း ရှိသည်၊ သို့သော်လည်း အားထုတ်မှုသာ လိုရင်း ဖြစ်သည်။

ထွက်လေ ဝင်လေ သဘောကလေး ထိသိ စိုက်လာသောအခါ သတိတရားသည် ခိုင်မြဲစွာ တည်၏၊ ထွက်လေဝင်လေ ထိသိ အာရုံ၌ စိတ်တည်ငြိမ်လျှင် သမာဓိသည် တိုးပွား၍ လာ၏၊ စိတ်ရှေး စိတ်နောက်တွေသည်

တနေ့တခြား ပျောက်ကင်း၍ ထိုအခါ ကမ္မဋ္ဌာန်း အာရုံ၌ စိတ်ကို စိုက်ထား၍ ဖြောင့်ဖြောင့် တည်ငြိမ် လာတော့သည်။

အချို့ပါရမီရှိသောယောဂီများမှာ တထိုင်ထဲ တနေ့ ရာထဲမှာပင် နာရီဝက် တစ်နာရီ နှစ်နာရီ သုံးနာရီ လေးနာရီ စသည်အတွင်းမှာပင် စိတ်ကြည်မှုသမာဓိကို ရပါတော့သည်။ ထိုသို့ သမာဓိကို ရ၍ မကြာမီပင်လျှင် အချို့မှာ မျက်စိရှေ့နားကဖြစ်စေ တော်တော်ကွာ အဝေးနားက ဖြစ်စေ အခိုးမြူကလေးတွေသော်၎င်း, အခိုးမဲကလေးတွေသော်၎င်း ထင်လာ တတ်သည်၊ တရေးရေးလာလိုက် သွားလိုက်နှင့် ထင်လာတတ် သည်၊ အချို့မှာ ကြယ်ပြောက်ကလေးတွေလို ထင်လာ တတ်သည်၊ အချို့မှာ ရွှေကြယ် ငွေကြယ်မှုန်ကလေးတွေ အခိုးနှင့်ရောပြီး ပျောက်ချီတခါ ပေါ်ချီတလှည့် ထင် လာတတ်သည်။ အချို့မှာ အရောင်ကိုတော့ မမြင်ရပဲ အရောင်ကြောင့် လင်းနေသော အရာကို ထိန်လင်း၍ နေသည်ကို မြင်ရတတ်သည်။ အချို့မှာ သူသေကောင် ခေါင်းပြတ် ခြေပြတ် လက်ပြတ် အရိုးစု အရိုးကောင် စသည် တွေလဲ မြင်လာတတ်သည်၊ ပါရမီ စရိုက်အား လျော်စွာ ပြောလို့မကုန်ရေးလို့မဆုံးနိုင်အောင် အမျိုး

မျိုးပင် ထင်လာသည်၊ သမာဓိအားကောင်းတိုင်း ဥဂ္ဂဟ နိမိတ် အမျိုးမျိုး မြင်နိုင်ပါသည်။

အချို့မှာ လ,နေ,ကြယ် နက္ခတ်တွေလဲ ထင်လာ တတ်သည်၊ အချို့ ဝိသုဒ္ဓိမဂ်၌ နိမိတ်မျိုး တဆဲ့နှစ်မျိုး ထင်ကြောင်း လာ၏၊ သို့ရာတွင် ထိုနိမိတ် အမျိုးအစား တိုင်း ယောဂီပုဂ္ဂိုလ်ဟူသမျှမှာ ထင်မြင်ရမည် ဟူ၍ကား မဆိုလိုပါ၊မိမိတို့ ပါရမီစရိုက်အားလျော်စွာ ထင်ပေါ် လာတတ်ကြကုန်၏။ထိုထင်လာသော အာရုံနိမိတ်များ သည် မျက်စိကို မှိတ်ထားလေ မှောင်ကျလေ ထင်မြင် လာလေ ဖြစ်ပါသည်၊ သမာဓိ နုသေးလျှင် ပျောက်၍ ပျောက်၍ သွားတတ်သည်၊ သမာဓိအားကောင်း၍ ရင့်သန်လာပါလျှင် မပျောက်တော့ပဲ ထင်နေပါလိမ့် မည်၊ ထို့ထက် သန့်ရှင်းထင်ရှားသော ပညတ်အရိပ် နိမိတ်တို့သည် ပေါ်လာတတ်ကုန်၏၊ ထို အာရုံနိမိတ် တို့သည် မျက်စိကို ဖွင့်ကြည့်သော်လည်း ထင်နေတော့ သည်၊နှာသီးဖျားကို လွှတ်၍ ထိုထင်လာသော အာရုံ များသို့ စိတ်ရောက်၍ သွားတတ်ပါသည်၊ သမာဓိနု၍ အာရုံနိမိတ်များ ပျောက်သွားကာ နှာသီးဖျားသို့ စိတ် ကို ပြန်စိုက်၍ နှာသီးဖျား ထွက်တိုင်း ထိသိ, ဝင်တိုင်း ထိသိ, ထိသိကို ရှုမှတ်နေပါ၊ အကြည့်ခံ၍ မပျောက် တော့ပါလေ။ ထိုအာရုံများသည် ဥဂ္ဂဟနိမိတ်များဟု

ဆိုရသည်၊ထို့ထက် ကြည်လင်သန့်ရှင်းလျက် မပျောက်တော့ပဲ ထင်နေပါလျှင် ပဋိဘာဂနိမိတ်သို့ရောက်သည် ဟု ဆိုရပါသည်။

ဤကဲ့သို့ စိတ်နှင့်အာရုံ ငြိမ်၍ သမာဓိအားကောင်းလာသောအခါ ယောဂီပုဂ္ဂိုလ်သည် ရှေးအခါက အိပ်မက်ထဲတောင်မှ မတွေ့မမြင်ဘူးသော အာရုံ ထိုအာရုံနှင့် ချမ်းသာနေမှုကို တွေ့ရှိ ခံစားရသဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်ပြီးလျှင် မိမိကိုယ်ကို မင်္ဂရသလိုလို ဖိုလ်ချမ်းသာကို ခံစားရသလိုလို ထင်လာတတ်၏၊အထင်ကြီး၍ မာနရောက်တတ်၏။ ထို့ကြောင့် နိမိတ်များကို တွေ့တိုင်း ဆရာအား အလုံးစုံ ပြောကြားအပ်၏၊ဆရာကလည်း ကမ္မဋ္ဌာန်းနိမိတ် ဟူ၍ မဝေဖန် မပြောဆိုပဲ "ထပ်၍ကြိုးစားအားထုတ်လော့" ဟူ၍ တိုက်တွန်းအပ်၏။

တနည်း—"ကမ္မဋ္ဌာန်းနိမိတ်ဖြစ်သည်၊ အကြိမ်ကြိမ် အထပ်ထပ် ပွားများအားထုတ်"ဟု ပြောကြားအပ်၏။ အချို့သော ယောဂီများမှာ နားဖြင့်လည်း နတ်သံလူသံ အဆိုး အကောင်း အသံကိုပင် ကြားလာတတ်၏၊ ဆရာကို ကြားရတိုင်း ပြောကြားပါလေ။

နိမိတ်ရမှု ထင်မှု မြင်မှုကို မတော်တအပ်၊ ဆရာမှတပါးသောသူအား မပြောကြားအပ်၊အကယ်၍ ပြော

ကြားခဲ့သော် နိမိတ်မထင်မရသေးသော သူတပါးတို့အားကျ၍ အလုပ်ခွင်မှာ ဝိတက် ဝင်နေတတ်သည်၊ အလုပ်သဘောမှာ ရအောင် ထင်အောင် မြင်အောင် ကြောင့်ကြဗျာပါရ ရှေ့လောကြီးလျက် အားထုတ်လျက်လည်းမရပဲ မရောက်ပဲ ဖြစ်တတ်၏။ နွားသီးဖျားစိတ်ကလေး မှန်မှန်ထားလျက် "သူ့သဘောအတိုင်း အချိန်တန်လျှင် ရလိမ့်မည် ထင်လာလိမ့်မည်"ဟု စိတ်ထား၍ လုံ့လဝိရိယကို မလျော့စေပဲ အားထုတ်ရမည်။

ဆရာလုပ်သူကလည်း "ဘယ်တပည့်တော့ ဆိုရာ ကောင်းသည်၊ဘယ်တပည့်တော့ ဆိုရာမကောင်းဘူး" ဟု တပည့်အများထဲမှာ မပြောကြားအပ်၊ မမေးအပ်။ တပည့်တဦးကို စစ်မေးရာ၌လည်း အခြားသောတပည့် မသိအောင် စစ်မေးရာ၏၊ အခြားတပည့်များသိသွားခဲ့သော် သိသောတပည့်မှာ သညာပါ၍ ဟုတ်သလို မြင်သလို ထင်သလို ဝိတက်ဝင်၍ ယောင်ဝါးဝါး ဖြစ်နေတတ်သည်။

အချို့မှာတော့ "သူတွေ့ရင် ငါလဲတွေ့မှာပဲ" ဟု အထင်ရှိ၍ အမောအပန်းခံ၍ ဝိရိယအားကြီး လောဘအားကြီး၍ အားထုတ်တတ်၏၊ ဤသို့ ဝိရိယလွန် လောဘလွန်နေလျှင် မရပဲ မတွေ့ပဲ မမြင်ပဲ ဖြစ်နေ

တတ်သည်။ အချို့ကတော့ အတူတရားအားထုတ်ရန် လာကြရာ အတူလာသူ တရားတွေ့တဲ့အကြောင်းသိ၍ အကင်း တရားအားထုတ်ရာ၌ တရားထူး မတွေ့ပဲ မမြင်ပဲ နေသည်။ အလွန်လိုချင်သော ဇောသန်၍ မဖြစ်ပဲ အတူအိမ်ပြန်ရင် ရှက်စရာပဲ တိတ်တိတ်အိမ် ပြန်သွားတာလဲ လက်တွေ့ရှိပါသည်၊အထူးသတိပြုရန် အချက်ပေတည်း။

အချို့ ယောဂီပုဂ္ဂိုလ်က မိမိမှာ နဲနဲကလေး ထူးလာတဲ့ နိမိတ်အာရုံကို ရလျှင် မျောက် မောင်းအပ်သလို ဖြစ်ပြီး ဟိုလူ့ပြော ဒီလူ့ပြော လုပ်တတ်သည်၊ဆရာက မပြောရန် ခပ်တင်းတင်း ဆုံးမရာ၏။ အဘယ့်ကြောင့် ဆိုသော် သူတပါးအား ပြောကြားမိလျှင် ပြဆိုခဲ့သော အပြစ်များ ဖြစ်နိုင်သည်။ အမြင် အယုံအကြည် မရှိသူအား ပြောကြားမိပါက ကဲ့ရဲ့ပြစ်တင် ရှုတ်ချ ပြောဆိုခံရသဖြင့် အရိယူပဝါဒန္တရာယ် ဖြစ်တတ်သည်။သို့ဖြစ်သောကြောင့် သီဟိုဠ်၌ သာသနာ ပဌမခေတ်တုံးက မိမိ ဓုတင်ဆောက်တည်မှန်းကို သူတပါး သိမည်စိုး၍ လျှို့ဝှက်ပြီးလျှင် မိမိဆောက်တည်ထားသော ဓုတင်ကိုပင်လျှင် အပျက်ခံဘူးသောထုံး ရှိပေသည်၊ ဤထုံး သာဓကကဲ့သို့ သမထနိမိတ် ထင်လာကြောင်း များကို အဆပေါင်းများစွာ လျှို့ဝှက်ရန် အထူးဆုံးမပါလေ။

ဤသို့ အောက်ကပြဆိုခဲ့သော ဥဂ္ဂဟာနယ်,ပဋိဘာဂ နယ်သို့ ရောက်အောင် ထင်မြင်ခြင်းသို့ ရောက်သော နိမိတ်အာရုံများသည် မိမိအဇ္ဈတ္တ ကိုယ်ကာယ မဟုတ်သောကြောင့် ဗဟိဒ္ဓအာရုံများသာ ဖြစ်ပါသည်၊ ထို ဗဟိဒ္ဓအာရုံ နိမိတ်များသို့ လိုက်နေလျှင် ဝိပဿနာသို့ မရောက်နိုင် မဆိုက်နိုင်ပါလေ၊ ပါရမီ အားကြီးသော နေယျပုဂ္ဂိုလ် အထက်တန်းများပင် ထို ဗဟိဒ္ဓအာရုံမှာ နေ၍ ဝိပဿနာသို့ ကူး၍ မလွယ်ကူပါ၊ ဝိပဿနာသို့ မဆိုက်ပါ၊လောကီ ဈာန်သမာပတ်သို့သာ ရောက်မည် ဆိုလျှင် ရောက်နိုင်ပါသည်၊လမ်းရှည်၍ နေပါလိမ့်မည်၊ ထို့ကြောင့် ဗဟိဒ္ဓနိမိတ်အာရုံများ ကောင်းမွန်စွာ ဖြစ်ပေါ်လာအောင် ကူးယူ၍ နိမိတ် မပျောက်တော့ အောင် ရင့်သန်လျက် ထင်လာပါလျှင် အဇ္ဈတ္တပေါ် လာအောင် ကူးယူ၍ ဝိပဿနာသို့ တက်ခြင်းသာ ကောင်းပါသည်၊ အဇ္ဈတ္တပေါ်မှသာ ဝိပဿနာ ကူး၍ လွယ်ပါသည်။

**အထူးမှတ်သားချက်**—ဤသို့ ဗဟိဒ္ဓမှ အဇ္ဈတ္တ အာရုံ ပေါ်လာအောင် ကူးယူ၍ ဝိပဿနာသို့ တက်ရာ၌ ထင်မြင်လာသော ဗဟိဒ္ဓအာရုံ နိမိတ်များသည် ထင် မြင်သောပုဂ္ဂိုလ်နှင့် ဝေးဝေးလှမ်းလှမ်းက ထင်မြင်နေ

ပါလျှင် ဝေးသလောက် အကူးကြာတတ်ပါသည်၊ နီးနီး ထင်နေပါလျှင် နီးသလောက် အကူး မြန်ပါသည် ဟု ယောဂီတို့၏ လက်တွေ့မှတ်တမ်းမှာ ရှိပါသည်။

"ဝိပဿနာကူး" ဆိုသော်လည်း သူ့သဘော အတိုင်း ဖြစ်ပါသည်၊ ကူးသည် မကူးသည်ကို ဆရာ ကောင်းများထံ လက်တွေ့ အားထုတ်ဘူးမှ သိနိုင်၏၊ ဆရာက ကူးဆို၍ ကူးသည်မဟုတ်ပါလေ၊ မြတ်စွာ ဘုရား၏ တရားတော်သည် အလွန် သိမ်မွေ့ နက်နဲ ခက်ခဲတဲ့ တရားတော်ပါတည်း။

အချို့သော ယောဂီပုဂ္ဂိုလ်များမှာ ဒီနေ့ ညဉ့်ဦးက စ၍ နောက်နေ့ မိုးလင်းအောင် မလျှော်မရှားပဲ အား ထုတ်မှ ဝိပဿနာတရားကို တွေ့ပါသည်။ အချို့မှာ သုံးညဉ့်သုံးရက် ဆက်ပြီး မလျှော်မရှားပဲ ဒလစပ် အား ထုတ်မှ ဝိပဿနာတရားကို တွေ့ပါသည်။ ဤမျှလောက် ဝီရိယ ကောင်းရပါသည်။ ထို့ကြောင့် ကျေးဇူးတော် ရှင် ညောင်လွန့်တောရ ဆရာတော် ဘုရားကြီးက "သံတုံးကို အပ်ဖြစ်အောင် သွေးသော ယောကျ်ားကဲ့ သို့ ကြိုးစားအားထုတ်ရမည်" ဟု ဆုံးမတော် မူခဲ့ပေ သည်။

မြတ်စွာဘုရားရှင် လက်ထက်က ရောဂါဝေဒနာကို ပဓာနမထားပဲ ဝိပဿနာတရားကို မစားမသောက်ပဲ

အသက်နှင့် ခန္ဓာ မငဲ့ကွက်ပဲ နိဗ္ဗာန်ကို ယူသွားသော ဒုကနိပါတ စိတ္တာထေရီ ၇-ရက်တိတိနှင့် နိဗ္ဗာန်ယူသွားသောဝတ္ထု၊ ရှင်တော်ဘုရား လက်ထက်တော်က မစားမသောက် ၇-ရက်တိတိ တရားအားထုတ်သွားသော ဆက္ကနိပါတ ဝိဇယာထေရီ နိဗ္ဗာန်နှင့် ခန္ဓာ အသက်နှင့်လဲယူသွားသောဝတ္ထု ဒီဝတ္ထုသွားကြည့်ပြီး တရားထူး တရားမြတ်ရအောင် အထူးကြိုးစားကြရန် သူတော်ကောင်းတို့အား တိုက်တွန်း သတိပေးလိုက်ပါသည်။

ဤသို့ ပြဆိုခဲ့သည့်အတိုင်း သည်းခံနိုင်၍ ဝိပဿနာသို့ ကူးတက်လိုသော ယောဂီသည် တရားအားထုတ်၍ အာရုံနိမိတ်များ မပျောက်ပဲ မူလသမထ နှာသီးဖျားထွက်လေဝင်လေ ထိသိကလေးကို အမြဲသတိပြု၍ ထွက်တိုင်း ဝင်တိုင်း အသိစိတ် ကပ်ကပ်သွားအောင် တချက်တချက် လစ်ခနဲ လစ်ခနဲ စိတ်ကလေး ထွက်ပြေးတတ်သည်၊သမာဓိမရခင် ထွက်ပြေးတတ်ပါသည်။ထွက်ပြေးမှန်းသိလျှင် ကြာကြာမထားနှင့် နှာသီးဖျားကို စိုက်၍ ထွက်လေဝင်လေ ထိသိကို ရှုပေးပါ။ ထိုထွက်လေဝင်လေ ရှုသောအခါ အလွန်ကြီးလဲ အားမထုတ်နှင့်၊ ရှော့ လောမကြီးနှင့်၊မှန်မှန်ကလေး အားထုတ်ပါလေ။

ထွက်လေဝင်လေကိုရှုမှတ်၍ နိမိတ်အာရုံပေါ်လျှင် ထိုနိမိတ်ထင်မြင်လာသော် မိမိနှာသီးဖျားတိုးထိတာကို ငဲ့၍ကြည့်ရှုပါ၊ သမာဓိအားကောင်း၍တချက်ငဲ့၍ ထိသိ သွားတာ ကြည့်ရှုပါလေ။ ရှုဖန်များသောအခါ မိမိ နှာခေါင်းသော်၎င်း နှာတံသော်၎င်း မျက်စိ,မျက်နှာ သော်၎င်း မိမိမျက်နှာတခုလုံး အပေါက် အပေါက် များသလက်ကွဲသို့၎င်း မိမိခန္ဓာကိုယ် အစ္ဆတ္တကိုယ် အင်္ဂါ အစိတ်အပိုင်း ဟာခုခုသော်၎င်း ကွက်ခနဲ မိမိ ဉာဏ်ဝ၌ ထင်မြင် လာတတ်သည်၊ မထင်မမြင်မခြင်း မလွတ်ပါနှင့်၊ ယင်းသို့ ရှုမှတ်၍ ထင်လာလျှင် ထိုထင် မြင်လာသော အာရုံသည် အကြည့်မခံပဲ ပျောက်သွား တတ်သေးသည်၊ ထိုသို့ပျောက်သွားပါလျှင် မူလ ထွက် လေ ဝင်လေ ထိသိကိုပဲ ပြန်၍ရှုမှတ်ပါ။ယင်းသို့ရှုမှတ်၍ အာရုံနိမိတ်များ ပြန်ပေါ်လာသောအခါ မူလနှာသီး ဖျား နှာခေါင်းပေါက်၌ တိုးထိသော လေစသည်ကိုပဲ ကပ်၍ ငဲ့၍ငဲ့၍ကြည့်ရှုပေးပါ၊ ထင်မြင်လာပါလိမ့်မည်။ ထိုနှာသီးဝ နှာခေါင်းပေါက်၌ တိုးလာသော လေ စသည်ကို ငဲ့ကြည့်၍ ရှုသော် ပါရမီအားလျော်စွာ နှာသီးဝ နှာတံ မျက်စိ မျက်နှာများလည်း ထင်မြင် လာတတ်ပါသည်၊ ဤသို့ အာရုံထင်မြင်၍ မပျောက် တော့ပဲ အကြည့်ခံပါလျှင် ထိုအကြည့်ခံသော နေရာ၌

အထင်အမြင်ဆုံးသော နေရာ၌ ဒင်္ဂါးဝိုင်းခန့် ငါးမူး စေ့ဝိုင်းခန့်မျှ မိမိစိတ်ကို ရှုစိုက်၍ ထားလျက် အနိစ္စ အနိစ္စ ဟူ၍ ကြည့်ရှုပါလေ၊ ဒီနေရာက မလွန်အောင် အနိစ္စ အနိစ္စ ရှုလေ၊ ဟိုကြည့် ဒီကြည့် လိုက်နေလျှင် မပျက်ပဲလဲ နေတတ်၏၊ အနိစ္စရှုတဲ့စိတ် မငြိမ်မှုကြောင့် အနိစ္စ သဘောမပေါ်ပဲ နေတတ်၏၊ အနိစ္စ အနိစ္စကြည့် ရှုရာ၌ ဘယ်ကိုမှ မကြည့်ပဲ ဆရာခိုင်းတဲ့နေရာက လက်သန်းတလုံး မတိမ်းအောင် အနိစ္စ စိုက်၍ စိုက်၍ ကြည့်ရှုလေ၊အမှန်သဘော ဉာဏ်ထဲမှာ ထင်မြင်လာပါလိမ့်မည်။

အကယ်၍ နှာခေါင်းပေါက် မျက်စိဝန်း ပါးစပ်ပေါက် စသော သေးငယ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ထင်မြင်လာပါလျှင် ပမာဏမပြုပဲ ထင်မြင်လာသည့်အတိုင်းသာ သေသေချာချာ စိုက်၍ စိုက်၍ အနိစ္စ အနိစ္စ ကြည့်ရှုလေ။

ဤသို့ ဝိပဿနာ ရှုရာ၌ သတိပြုရန်မှာ— အသက်မှန်မှန်ရှုပါ၊ အသက်မှန်မှန်မရှုပဲ အားစိုက်လွန်းပါလျှင် မောလာတတ်ပါသည်၊ မူးမေ့ သွားတတ်သည်။ ဤသို့ အနိစ္စ ရှုဖန်များသောအခါ ထိုရှုနေသော နေရာ၌ ခွက်၍သော်၎င်း တိုး၍သော်၎င်း ပဲ့၍ပဲ့၍ ကျလျက်သော်၎င်း မျက်စိ နှာခေါင်း စသည် ရွဲ့စောင်းမှု

ရောင်,ပုပ်ပွလျက်သော်၎င်း မွမွ ဖွားဖွား တရိပ်ရိပ် တရွရွ တရွေ့ရွေ့နှင့် ဖြစ်ပျက်လျက်သော်၎င်း မိမိ ဉာဏ်ဝ၌ ထင်မြင်လာလိမ့်မည်။

ဤနေရာ၌ သမာဓိနုသေးလျှင် နုသလောက် အနိစ္စ ဖြစ်ပျက် မထင်မြင်ပဲ တော်တော်ကြာအောင် မလှုပ် မရှားပဲ သည်းခံနေရတတ်ပါသည်။မထင်မြင်တော့ဘူး ဟူ၍ အားလျှော့ပစ်တတ်၏၊ အားမလျှော့ပါနဲ့၊ စိတ် မဆုတ်နစ်ပါနဲ့၊လုံ့လကိုမလျှော့ပဲ ရှုမြဲရှုနေပါ။အနိစ္စ တရားထူးသဘော မထင်မမြင်မခြင်း နောက်မဆုတ် ပါနဲ့၊ အရေးလဲ မကြီးနဲ့၊ ရှေ လော မကြီးပါနဲ့ အနိစ္စ ရှုကြည့်နေပါ၊အချိန်ကျလျှင် ထင်မြင်လာပါလိမ့်မည်။

ဤနေရာ၌ လက်တွေ့ဆရာကောင်း အနားကနေ၍ ကြပ်မတ် တိုက်တွန်းပြသမှသာ နောက်မဆုတ်ပဲ ထင် မြင်လာအောင် အားထုတ်နိုင်ပါသည်။

---

## ဝေဒနာသံယုတ်ကို ပြဆိုခြင်း

ရဟန်းတို့,ခံစားမှု ဝေဒနာကား ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်း ဟူမူကား.... သုခဝေဒနာ,ဒုက္ခ ဝေဒနာ,ဥပေက္ခာဝေဒနာတို့တည်း။ရဟန်းတို့,ဝေဒနာ တို့သည် ဤသုံးမျိုးတို့တည်းဟု မိန့်တော်မူ၏။

ထို ၃-မျိုးတို့တွင်— အကြင်အခါ ရဟန်းသည် သုခဝေဒနာကို ဆင်းရဲအားဖြင့် ရှုမြင်ပြီး ဒုက္ခဝေဒနာကို ဆူးငြောင့်အားဖြင့် ရှုမြင်ပြီး ငြိမ်သက်သော ဥပေက္ခာဝေဒနာကို မမြဲသောအားဖြင့် ရှုမြင်ပြီးဖြစ်၍ ဝေဒနာတို့ကို စင်စစ် ပိုင်းခြား၍ သိ၏၊ထိုရဟန်းသည် ဝေဒနာတို့ကို ပိုင်းခြား၍သိသော် ယခုဘဝ၌ပင် အာသဝေါကင်းကွာနိုင်၏၊လောကုတ္တရာဓမ္မ၌တည်သော ရဟန္တာဖြစ်၍ ခန္ဓာကိုယ် ပျက်စီးသော် ဘဝသုံးပါး၌ ဖြစ်သူဟူသော အရေအတွက်သို့ မရောက်ရတော့ချေ။

---

## သမထအားထုတ်ရာ၌ ဝေဒနာသုံးကြွင်းပေါ်၍ ချုပ်ပုံကို ပြဆိုခြင်း

(ပဥ္စမ)။ ထွက်လေ ဝင်လေကို သတိဖြင့် ရှုမှတ်၍ အားထုတ်ရာ၌ တနာရီလောက်သော်ငင်း တနာရီခွဲလောက်သော်ငင်း ရှိသောအခါမှာ အချို့ယောဂီပုဂ္ဂိုလ်များမှာ ဒူးဆစ်ကဖြစ်စေ ပေါင်ကဖြစ်စေ လက်မောင်းကဖြစ်စေ အမှတ်မရှိ တစုံတခုသော မိမိ၏ကိုယ်အင်္ဂါအရပ်မှစ၍ မနေနိုင်လောက်အောင် ညောင်းညာကိုက်ခဲ၍ ဒုက္ခဝေဒနာများ ပေါ်လာတတ်ပါသည်။

အထူးမှတ်ချက်ကား— ဒုက္ခဝေဒနာသည် (က) ၁-ရက် ၂-ရက် ၃-ရက်အတွင်းရှိမှ သမာဓိအားကြီးလို့ ဖြစ်တဲ့ ဒုက္ခဝေဒနာ၊ (ခ) မိမိ ပင်ကိုယ်ရှိတဲ့ ဒုက္ခဝေဒနာ၊ (ဂ) ဣရိယာပုထ်ကြောင့် ဖြစ်တဲ့ ဒုက္ခဝေဒနာ ဟု သုံးမျိုး သုံးစား ရှိပါသည်။ ဣရိယာပုထ်ပြောင်းလိုက်လျှင် မပျောက်ပဲ ကျန်နေတတ်သည်၊ တော်တော်ကြာမှ ပျော့သွားတတ်ပါ၏။ မိမိပင်ကိုယ်ကရှိတဲ့ ဒုက္ခဝေဒနာလား၊ ဣရိယာပုထ်ကြောင့်ဖြစ်တဲ့ ဒုက္ခဝေဒနာလား စဉ်းစားကြည့်ရသည်။ သမာဓိကြောင့်ဖြစ်တဲ့ ဒုက္ခဝေဒနာသည် ဣရိယာပုထ်ပြောင်းလိုက်လျှင် ဘာမှမရှိပါ၊ နည်းသေးလျှင် ကျန်ရှိ၏။ ဒုက္ခဝေဒနာသည် လက်တွေ့အားထုတ်ဘူးသော ဆရာကောင်းရှိမှ သာကောင်းသည်။ လက်တွေ့ ဒုက္ခဝေဒနာတရားအားထုတ်ဘူးသော ဆရာမှ အပိုင်အနိုင် သိသည်။ မပြတတ်ပဲနှင့် သွားခိုင်းခဲ့လျှင် တပည့်လဲ ဆင်းရဲ,ဆရာလဲ ဒုက္ခရောက်တတ်ပါသည်။ သမာဓိအားကောင်းသောကြောင့် ဖြစ်တဲ့ ဒုက္ခဝေဒနာသည် အချုပ်မြန်တာရှိ၏၊ နှေးတာလဲ ရှိသည်။ သမာဓိကြောင့်ဖြစ်တဲ့ ဒုက္ခဝေဒနာခေါ်သည်။ ဣရိယာပုထ်ကြောင့် ဖြစ်တဲ့ ဒုက္ခဝေဒနာ များသည် မချုပ်ပဲနေတတ်၏၊ တပည့်၏ သမာဓိ အကဲခပ်မကြည့်တတ်လျှင် ဆင်းရဲရုံပဲရှိသည်၊ မှတ်ချက်ပေတည်း။

သုံးရက်လောက်ရှိမှ ထွက်လေ ဝင်လေ ထိသိခိုင်ပြီးမှ တပည့်ယောဂီကို အကဲခပ်ကြည့်ပြီး သဒ္ဒါတရား ထက် ထက် သန်သန်ရှိမှ ဒုက္ခဝေဒနာ အတက်ကြည့်ပြီးတော့ ခိုင်းရာ၏၊ တပည့်ယောဂီက ဒုက္ခဝေဒနာ အတက်မြန် လျှင် မြန်သလောက် အချုပ်မြန်၏။ မနေနိုင်လောက် အောင် ညှောင်းညာကိုက်ခဲ ထုံကျဉ် ခြေလက် ကိုယ် ကြီး လှုပ်၍မရအောင် ဒုက္ခဝေဒနာများ ပေါ်လာတက် သည်၊ ထိုအခါ ထွက်လေဝင်လေ ရှုသောစိတ်ကို တန့် နားစေ၍ ထိုညှောင်းညာကိုက်ခဲသော ဒုက္ခဝေဒနာ၏ ရှေးက မရှိ ယခုမှ ဖြစ်ပေါ်လာသည်ဖြစ်၍ မမြဲသော သဘောကို အာရုံပြု၍"အနိစ္စ အနိစ္စ" ဟူ၍သော်၎င်း, ထို ဒုက္ခဝေဒနာ၏ အထပ်ထပ်ဖြစ်ခြင်းကြောင့် အလွန် နာကျင် ကိုက်ခဲတဲ့နေရာကို စိုက်ပြီးတော့ "ဒုက္ခ ဒုက္ခ" ဟူ၍သော်၎င်း,ထိုဒုက္ခဝေဒနာ၏ နာကျင်ကိုက်ခဲခြင်းငှါ အလိုမရှိပဲလျက် အလွန်နာကျင်ခြင်းကို အစိုးမရ အလို သို့ မလိုက်သည်ကို အာရုံပြု၍ "အနတ္တ အနတ္တ"ဟူ၍ သော်၎င်း အကျဉ်းအားဖြင့် ထို ဝေဒနာ၏ အမြဲမရှိ သော သဘော, ဆင်းရဲ ကျင်နာသော သဘော,အစိုး မရ အလိုသို့မလိုက်သော သဘော ထို သုံးပါးတို့တွင် တပါးပါးကို နှလုံးသွင်း၍ ထိသိ ဟူ၍သော်၎င်း, ဒုက္ခဝေဒနာကို အစဉ်မပြတ် စိုက်၍ရှုလျှင် ထိုကိုက်ခဲ

ညောင်းညာ နာကျင်သော ဒုက္ခဝေဒနာ များသည် တခဏခြင်း ပျောက်ကင်း ချုပ်ငြိမ်း၍ သွားတတ်ပါသည်။

ထို ဒုက္ခဝေဒနာကို အာရုံပြု၍ ရှုခြင်းဖြင့် ကိုက်ခဲ ညောင်းညာခြင်းမရှိ ပကတိဖြစ်လာသော အခါ ထို ဝေဒနာကို အာရုံပြု၍ ရှုခြင်းကို ဟန့်နားစေ၍ မူလ ရှေး ရှုမြဲတိုင်း ထွက်လေ ဝင်လေ များကိုပင် ပြန်၍ အထပ်ထပ် မပြတ်အောင် အာရုံပြု၍ ရှုရမည်။ ဝေဒနာ ချုပ်ငြိမ်းပြီးနောက် ထွက်လေဝင်လေ ထိသိ ကို အဖန် ဖန် အထပ်ထပ် ကြည့်ရှုသုံးသပ်နေသောအခါ တဖန် ပြန်၍ ဝေဒနာများ အမျိုးမျိုး ပေါ်လာတတ်ကုန်၏။ ထိုအခါ၌ ရှေးက ဆိုခဲ့သောအတိုင်းပင် ထွက်လေ ဝင်လေ ထိသိတို့ကို လွှတ်၍ ပေါ်လာသော ဒုက္ခ ဝေဒနာတို့ကို အထင်ရှားဆုံး နေရာ၌ စိတ်ကို စိုက်၍ "ဒုက္ခ ဒုက္ခ"ဟု အထပ်ထပ် ရှုပါ၊ ရှုဖန်များသော အခါမှာ မိမိခန္ဓာကိုယ် တခုလုံး၌ တင်းကျပ်ကျပ်ကြီး ဖြစ်လာပါသည်၊ ထို ဝေဒနာသည် ဟိုနေရာကပို၍ မခံသာအောင်ဖြစ်လိုက် ဒီနေရာက ပို၍ မခံသာအောင် ဖြစ်လိုက်နှင့် တကိုယ်လုံး မခံသာအောင်ချည်း ဖြစ်နေ သော နေရာတကာချည်းပဲ ဖြစ်တတ်သည်။ မခံသာ သော နေရာကို စိတ်ကိုစိုက်၍ ကြည့်ရှုပြီး "ဒုက္ခ ဒုက္ခ"

ဟု ရှုပါ။ ထိုအခါ၌ ဝေဒနာတရားသည် နာရိဝက် သာသာ ချုပ်၍ ရပ်တန့်နေတတ်ပါသည်။

ဤသို့ ချုပ်၍ ရပ်တန့်သွားသော ထွက်လေဝင်လေ ထိသိ ကိုပင် ပြန်ရှုပါ။ ထွက်လေဝင်လေ ရှုဖန်များ သော် ဒုက္ခဝေဒနာတရားတို့တည် ခန္ဓာကိုယ်တကိုယ် လုံးပင် မခံမရပ်နိုင်အောင် ကဲ့သို့ ဖြစ်ပေါ် လာတတ် ပြန်၏၊ အခြားတစုံတခုသော ဒုက္ခဝေဒနာကို ခံရဘိ သကဲ့သို့ မခံမရပ်နိုင်အောင် ပူလာ၏၊နာလာ၏၊ ကျဉ် ထုန် လာ၏၊ ကိုယ်ကြီးဟာ လှုပ်မရ ကြွမရ ခြေလက် သယ်မရ ဖြစ်တတ်ပါသည်။ ဒုက္ခဝေဒနာ သဘောကို အာရုံပြု၍ စိတ်ကို အလွန် နာကျင်သောနေရာ၌ စိုက်၍ စိုက်၍ "ဒုက္ခ ဒုက္ခ"ဟု အဖန်ဖန် အထပ်ထပ် သုံးသပ် ရှုဖန်များလတ်သော် စိတ်သည် အာရုံတပါးသို့ မပြေး သွားတော့ပဲ တည်ကြည်စွာ ဖြစ်လာသော အခါမှာ ဒုက္ခဝေဒနာများသည် တိခနဲ ချုပ်ငြိမ်း၍ သွားကုန်၏။

အစ္ဈတ္တခန္ဓာကိုယ် ဖြစ်ပျက် တဖွားဖွား တရွေ့ရွေ့ တမှားမှား သွားတာကို မိမိဉာဏ်ဝ၌ မြင်လာသော် သူပျက်၍ တဖွားဖွား တရွေ့ရွေ့ သွားတာကို အစဉ် မပြတ်လိုက်၍ အနိစ္စ အနိစ္စ ရှုသွားပါ။ အရိုးအသား စသည် ဘာမျှမကျန်အောင် စိုက်၍ စိုက်၍ အနိစ္စရှု၊ မှန်မှန်ကလေး စိတ်ထား၍ အနိစ္စ ရှုပါလေ၊ ရေ့

လောမကြီးရပါ။ ရှေ့လောကြီး၍ အရှုမမှန်လျှင် မောလာတတ်ပါသည်။ ခြေဖျားကစ၍ တဖွားဖွား ဖြစ်ပျက် ပေါ်သွားလျှင် ခေါင်းဆုံးအောင် အနိစ္စရှုပါ၊ ခေါင်းက ခြေဖျားအထိ ခြေဖျားက ခေါင်းအထိ အနိစ္စ ရှုလိုက်ပါ။ ဤသို့ အနုလုံ ပဋိလုံ ၅-ခေါက် ၆-ခေါက် တပည့်သမာဓိ ကြည့်ပြီးတော့ ရင်ဝ ရင်ချိုင့်၌ စိုက်၍ အနိစ္စ မှန်မှန်ကလေး ကြည့်ရှုပါလေ။ တနာရီလောက် ရှိလျှင် ဗဟိဒ္ဓလှည့်ပေးပါလေ၊ မျက်စိဖွင့်၍ အကြည့် ခိုင်းပါ၊ အမြဲကြည့်ရှုပါလေ။

ဒုက္ခဝေဒနာချုပ်ငြိမ်း၍ ဖြစ်ပျက် ရုပ်နာမ်ပေါ်ပုံ ဃနကြေပျောက်၍ ရုပ်နာမ် အစစ်အမှန် ပေါ်လာပုံ နိဒဿနနည်းရရုံမျှ ပြလိုက်သည်။

---

## သမထအားထုတ်ရာ၌ ဝေဒနာသုံးကြိမ်ပေါ်၍ ချုပ်ပုံကို ပြဆိုခြင်း

(ဒုတိယ)။ ဤသို့ သဠာယတနဝဂ္ဂသံယုတ္တပါဠိ ဝေဒနာသံယုတ္တ လာသည်ကို ဉာဏ်မျက်စိရှိသူ, မရှိသူ နှစ်မျိုး နှစ်စား ရှိပါသည်။ ခံစားမှု ဝေဒနာကို မသိ သည်ဖြစ်၍ သုခဝေဒနာကို ခံစားသော ထွက်မြောက် ရာလမ်းကို မတွေ့မြင်သောသူအား ထိုစွဲမက်မှု ရာဂါ

နသယ ဖြစ်၏၊ တရားထူး မရနိုင်သော ယောဂီပုဂ္ဂိုလ် ခေါ်၏။ လုံ့လရှိသော ယောဂီသည် ဆင်ခြင်ဉာဏ် သမ္ပဇဉ်ကို မစွန့်ခဲ့သော် ထိုပညာရှိ ယောဂီပုဂ္ဂိုလ်သည် ခံစားမှု ဝေဒနာအားလုံးတို့ကို ပိုင်းခြား၍ သိနိုင်၏၊ တရားထူးရသော ယောဂီပုဂ္ဂိုလ် ခေါ်နိုင်၏။ ဒိန္နစ် ယောက် များများကြီး သတိပြုစေရန် အချက်တည်း။

ဝေဒနာတား သုခဝေဒနာဖြစ်လျှင် ပူလှသော ကိုယ်ကို အကြိမ်တရာချက်၍ စစ်အပ်သော ထောပတ်ဖြင့် လောင်းလိုက်ဘိသကဲ့သို့ရင်း, ရေအေးအေးဖြင့် လောင်းလိုက်ဘိသကဲ့သို့ရင်း ကိုယ်အလုံးကို လွှမ်းမိုး ချောက်ချား ပျံ့နှံ့စေ၍ "ခြော်...ချမ်းသာစွ၊ခြော်... ချမ်းသာစွ" ဟု ဆိုစလောက်အောင် ဖြစ်၍ သွားသော ကြောင့် အလွန်ထင်ရှားသည်။

ဒုက္ခဝေဒနာသည်လည်း ဖြစ်ပေါ်လာသောအခါ ပြောင့်တံသင်းဖြင့် ထိုးဝင်ဘိသကဲ့သို့ရင်း, လှံတံကျင်ဖြင့် ထိုးလိုက်သကဲ့သို့ရင်း, လောလောပူသော သံပူရည်ဖြင့် လောင်းလိုက်ဘိသကဲ့သို့ရင်း, သစ်ရွက်, သစ်ခက်ခြောက် တော၌ မီးစွဲလောင်ဘိသကဲ့သို့ရင်း ကိုယ်အလုံးကို ချောက်ချား နှင်းနှယ် ပျံ့နှံ့စေ၍ "ခြော်...ဆင်းရဲစွ၊ ခြော်....ဆင်းရဲစွ" ဟု ဆိုစလောက်အောင် ဖြစ်၍သွား သည်ဖြစ်၍ အလွန်ထင်ရှားသည်။

သမထစ၍ ထွက်လေဝင်လေ ထိသိ အားထုတ်ဖန်များ၍ ကြာလာသော် သမာဓိအားကြီးတဲ့ အခါမှာ မနေနိုင်လောက်အောင် ညောင်းညာကိုက်ခဲ၍ လောလောပူသော သံပူရည်ဖြင့် လောင်းလိုက်ဘိသကဲ့သို့ ဖြစ်လာသည်၊ ထို ဒုက္ခဝေဒနာများ ပေါ်လာခဲ့သော် ထိုအခါ ထွက်လေ ဝင်လေ ရှုတဲ့စိတ်ကို တန့်နားစေ၍ ထိုညောင်းညာ ကိုက်ခဲသော အလွန် ပူလောင်သော နာကျင်တဲ့နေရာကို စိုက်၍ ဒုက္ခဝေဒနာ၏ ရှေးကမရှိယခုမှ ဖြစ်ပေါ်လာသည် ဖြစ်၍ မမြဲသောသဘောကို အာရုံပြု၍ "အနိစ္စ အနိစ္စ" ဟူ၍သော်၎င်း, ထို ဝေဒနာကို အထပ်ထပ်ဖြစ်ခြင်းကြောင့် ပူလောင် နာကျင်သည်ကို အာရုံပြု၍ "ဒုက္ခ ဒုက္ခ" ဟူ၍သော်၎င်း, ထို ဒုက္ခဝေဒနာ၏ ပူလောင် နာကျင်ခြင်းငှါ အလိုမရှိပဲလျက် ပူလောင်နာကျင်ခြင်းကြောင့် အစိုးမရ အလိုသို့မလိုက်သည်ကို အာရုံပြု၍ "အနတ္တ အနတ္တ" ဟူ၍သော်၎င်း ထို သုံးပါးတွင် တပါးပါးကို နှလုံးသွင်း၍ ထိသိ ဟူ၍သော်၎င်း ဝေဒနာကိုအစဉ်မပြတ်ရှုလျှင် ထို ကိုက်ခဲ ညောင်းညာသော ပူလောင် နာကျင်သော ဝေဒနာများသည် တခဏခြင်း ပျောက်ကင်း ချုပ်ငြိမ်း၍ သွားတော့သည်။ ထို ဝေဒနာများကို အာရုံပြု၍ ရှုနေခြင်းကို တန့်နားစေ၍ မူလ ထွက်လေ ဝင်လေ တို့ကိုပင်

ပြန်၍ အဖန်ဖန် အထပ်ထပ် မပြတ်အောင် အာရုံပြု၍ ရှုရမည်။

ဤသို့ ထွက်လေ ဝင်လေ ထိသိ တို့ကို အဖန်ဖန် အထပ်ထပ် သုံးသပ်ဖန်များ၍ စိတ်သည် အာရုံတပါး သို့ မပြေးသွားပဲ တည်ကြည်စွာ ဖြစ်လာသောအခါမှာ နေရောင် လရောင် ဆီမီးရောင်မရှိသော အမှောင်ကျ သော တိုက်ခန်းတွင်း စသည်တို့၌ နေသည်ဖြစ်လျှင် အရောင်အလင်း နိမိတ်များ ဖြစ်ပေါ်၍ လာခြင်းကို ထင်ရှားအောင် မြင်ရလိမ့်မည်။ ထို တရားတို့၏ ဖြစ် ပေါ်၍လာခြင်းမှာ နှာသီးဖျား ဟူသော နိမိတ်,ထွက် လေ ဝင်လေ နှစ်ပါး ၎င်းသုံးပါးတို့ကို စွဲစွဲမြဲမြဲသတိပြု၍ မပြတ်အောင် ရှုနိုင်မှ ဖြစ်ပေါ်၍ လာနိုင်သည်။

ထို့ကြောင့်— ဆဋ္ဌမူ ပဋိသမ္ဘိဒါမဂ္ဂပါဠိ ၁၆၉၊ ဆဋ္ဌမူ ဝိသုဒ္ဓိမဂ် ၂၇၇-၌—

နိမိတ္တံ အဿာသပဿာသာ၊
အနာရမ္မဏမေကစိတ္တဿ။
အဇာနတော တယော ဓမ္မေ၊
ဘာဝနာ နုပလဗ္ဘတိ။
(ပ)ဥပလဗ္ဘတီတိ— ဟု မိန့်တော်မူ၏။

**အဓိပ္ပါယ်ကား—** ထွက်သက်လေ ဝင်သက်လေ နှစ်ပါးတို့၏ တိုးထိရာ နှာသီးဖျားကို သိသောစိတ်ကား တခု, ထွက်လေကို သိသောစိတ်ကား တခု, ဝင်လေကို သိသောစိတ်ကား တခု ဖြစ်သည်။ ယင်းသို့ တခုစီ ဖြစ်ငြားသော်လည်း ၎င်းသုံးပါးလုံးကို ထင်ရှားအောင် သိနိုင် မှတ်နိုင်မှ ၎င်းအရောင်အလင်း အဆင်းနိမိတ်များ ဖြစ်ပေါ်၍ လာခြင်းကြောင့် ဥပစာရစျာန် အပ္ပနာစျာန်တို့ ဆိုက်ရောက်နိုင်သည်ဖြစ်၍ အဿာသပဿာသ ဘာဝနာကို ကောင်းစွာရနိုင်သည် ဟူလို။

ယောဂီပုဂ္ဂိုလ်အား ဒုက္ခဝေဒနာများသည် ချုပ်ငြိမ်း၍သွားကုန်၏၊ ထိုအခါ နေရောင် လရောင် ဆီမီးရောင် မရှိသော မှောင်ကျသော တိုက်ခန်းတွင်း စသည်တို့၌ နေသည်ဖြစ်လျှင် အရောင် အလင်း အဆင်းနိမိတ်အမျိုးမျိုးတို့သည် ဖြစ်ပေါ်၍လာတတ်ကုန်၏။ မိမိ၏ ဉာဏ်ဝ၌ ထင်ထင်ရှားရှား မြင်ရသော ထိုအခါမှာ မိမိ၏ ခန္ဓာကိုယ်ကို ငုံ့၍ ငုံ့၍ တချက်တချက် ကြည့်ပါလေ။ အဖန်ဖန် ကြည့်သောအခါမှာ မိမိ၏ အတွင်းသန္တာန်၌ အနာကောင်,အသေကောင်,အပုပ်ကောင်, အရိုးစု စသည်ကို တနေရာရာ၌ ပကတိအတိုင်းသော်၎င်း,ပျက်စီးလျက်သော်၎င်း ဖြစ်နေသည်ကို ထင်ထင်ရှားရှား မိမိဉာဏ်မျက်စိဖြင့် ထင်လင်းစွာ မြင်ရလတ်

သော် သမာဓိအားကောင်းလေလေ သာ၍ ပို၍ မြင်ရလေလေ ဖြစ်၏။ ပို၍ ထင်ထင်ရှားရှား မြင်သောနေရာ အမျက်ကြီးဆုံးနေရာ၌ ဒဂၤါးပိုင်းလောက် ငါးမူးစေ့ပိုင်းလောက် ကွက်၍ သံမှိုနှက်ဘိသကဲ့သို့ "အနိစ္စ အနိစ္စ"ဟု ခပ်သွက်သွက် မနေမနား ကြိုးစား၍ အနိစ္စရှုရာ ထိုအကွက်၏ အနိစ္စ ရှုအပ်သောနေရာ၌ ခွက်လျက်သော်၎င်း ယိုလျက်သော်၎င်း ဖြစ်ပျက် သဘောတဖွားဖွား တရွှေ့ရွှေ့ သွားသည်ကို မိမိဉာဏ်ဝ၌ မြင်၍လာသည်ရှိသော် သူပျက်၍ တဖွားဖွား တရွှေ့ရွှေ့ သွားတာကို အစဉ်မပြတ်လိုက်၍"အနိစ္စ အနိစ္စ" ရှု၍ လိုက်သွားပါလေ။ အရိုး,အသား စသည် ဘာမျှမကျန်အောင် စိုက်၍ စိုက်၍ မှန်မှန် အနိစ္စရှုလိုက်သွားပါလေ။ သူဖြစ်ပျက်သည့် အတိုင်းသာ နောက်ကလိုက်၍ အနိစ္စရှုပါ၊ မှန်မှန်ထား၍ အနိစ္စရှုပါ၊ ရှေ့လောမကြီးရပါ၊ရှေ့လောကြီး၍ အနိစ္စအရှုမမှန်လျှင် မပျက်ပဲလဲ နေတတ်၏ မောလဲ မောလာတတ်ပါသည်၊ ခြေဖျားကစ၍ တဖွားဖွား ဖြစ်ပျက်တာ ပေါ်သွားလျှင် ခေါင်းဆုံးအောင် အနိစ္စ အနိစ္စ ကြည့်ရှု၍လိုက်ပါ၊ ခေါင်းကတဖန် ခြေဖျားဆုံးအောင် အနိစ္စရှု၍လိုက်ပါလေ။ဤသို့ အနုလုံ ပဋိလုံ ၅-ခေါက် ၆-ခေါက်ရှိလျှင် မိမိတပည့်ကို သမာဓိကြည့်ပြီးတော့ မိမိရင်ဝ

ရင်ချိုင့်၌ စိုက်၍ အနိစ္စ အနိစ္စ မှန်မှန်ကလေး ကြည့်ရှုပါလော။မျက်စိလဲဖွင့် အကြည့်ခိုင်းပါ။ အာရုံနိမိတ်ကား အစ္စတ္တ မိမိကိုယ် ပြောင်းငဲ့၏။ ဝိပဿနာဖြစ်ထင်ပုံ လက်တွေ့အားထုတ်စဉ်တည်း။

ဝေဒနာသုံးခါချုပ်၍ ဝိပဿနာဖြစ်ပုံ, ဿနကြေပျောက်၍ ရုပ် နာမ် ပေါ်လာပုံကို နိဒဿနနည်းရရုံမျှ ပြဆိုလိုက်သည်။

---

## တထိုင်ထဲ ဝေဒနာ ကြိမ်းသာ ပေါ်၍ ချုပ်ပုံ

(တတိယ)။ သဠာယတနဝဂ္ဂသံယုတ္တပါဠိ ဝေဒနာ သံယုတ်၌—

ဉာဏ်အားနည်းသော ဝွမ်းအားနည်းသော အကြွင်းသူသည် ကိုယ်၌ကျရောက်လျက်ရှိသော အသက်ကိုပင် ဆောင်ယူသွားနိုင်လောက်သော ပေါ်ပေါက် လာသော ထိုဒုက္ခဝေဒနာတို့ကို သည်းမခံနိုင်၊ ဝေဒနာတို့ဖြင့် တွေ့ထိခံရသော် တုန်လှုပ်၏၊မြည်တမ်းငိုကြွေးရ၏၊ ထိုသူသည် ဝဲသြဿ၌ မတည်တန့်နိုင်သည်သာမက ထောက်တည်ရာမျှကိုလည်း မရနိုင်။ (တရားထူး တရားမြတ် မရသောပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏)။

အကြင် သူသည်ကား ကိုယ်၌ ကျရောက်လျက်ရှိသော အသက်ကိုပင် ဆောင်ယူသွားနိုင်လောက်သော ပေါ်ပေါက်လာသော ထိုဒုက္ခဝေဒနာတို့ကို သည်းခံနိုင်၏၊ ဝေဒနာတို့ဖြင့် တွေ့ထိခံရသော် မတုန်လှုပ်၊ ထိုသူသည် ဝဲသြဃ၌ တည်တန့်နိုင်သည်သာမက ထောက်တည်ရာကိုလည်း ရနိုင်၏။ (တရားထူး တရားမြတ်ရသော ပုဂ္ဂိုလ်တယောက်ဟု ခေါ်ဆိုရ၏)။

အချို့သော ယောဂီပုဂ္ဂိုလ်များမှာ ထွက်လေဝင်လေ ထိသိကို ရှုမှတ်၍ သမာဓိကြီးလာသောအခါမှာ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတတ်၏၊ထိုအခါ ဝေဒနာအပေါ်ဆုံး အထင်ရှားဆုံး နေရာ၌ စိုက်ပြီး ဆင်းရဲ နာကျင်သော သဘောကိုအာရုံပြု၍"ဒုက္ခ ဒုက္ခ"ဟု အထပ်ထပ် မပြတ်အောင် ရှုရာ၏။ ဒုက္ခဝေဒနာတို့သည် မိမိခန္ဓာကိုယ်၌ ဖြောင့်တံသင်းဖြင့် စူးဝင်ဘိသကဲ့သို့ရင်း, လှံတံကျင်ဖြင့် ထိုးဆွလိုက်ဘိသကဲ့သို့ရင်း, လောလောပူသော သံပူရည်ဖြင့် လောင်းဘိသကဲ့သို့ရင်း, သစ်ရွက်သစ်ခြောက်တော၌ မီးစွဲလောင်ဘိသကဲ့သို့ရင်း ကိုယ်အလုံးကို ချောက်ချား နင်းနယ် ပျံ့နှံ့စေ၍"သြော်.... ဆင်းရဲကြီးစွ၊ ဒုက္ခ ဒုက္ခ"ဟု အထပ်ထပ် အဖန်ဖန်သုံးသပ်၍ ရှုရာ၏။ တကိုယ်လုံး၌ တင်းကျပ်ကျပ်ကြီးဖြစ်လျှင် ဒုက္ခဝေဒနာတရားသည် ကိုနေရာက မခံနိုင်

သည့်နေရာက မခံနိုင် ဖြစ်လိုက်နှင့် အပူ အနာ အား ကြီး၍ မခံနိုင်လောက်အောင် ဖြစ်လာသော နေရာ ချည်းသာ ဖြစ်လာတတ်သည်။ အနာအားကြီးတဲ့နေရာ အပူအားကြီးတဲ့နေရာကို သေသေချာချာစိုက်၍ "ဒုက္ခ ဒုက္ခ"ဟု အဖန်ဖန် ကြည့်ရှုရာ၏။ တကိုယ်လုံးပင် အပ် သွားချစရာမရှိအောင် မခံမရပ်နိုင်အောင်လိုလို ပူ၏၊ နာ၏၊ ထုန်ကျဉ်၏၊ ကိုယ်ကြီးဟာ လှုပ်မရ ကွမရ ခြေ လက်တွေ သေနေတဲ့သကဲ့သို့ ဖြစ်လာ၏။ (ဤနေရာ၌ လက်တွေ့ ဝေဒနာ တရားအားထုတ်ဘူးသော ဆရာ ကောင်း အနားရှိမှ သာ၍ကောင်းပါသည်)။

အချို့သော ယောဂီပုဂ္ဂိုလ်များသည် ဒုက္ခဝေဒနာ ကို သည်းမခံနိုင်၍ အော်ဟစ် ညည်းညူနေတတ်ပြီး အတင်း မရမက ဖျက်ပစ်တတ်သည်။ ဆရာအစောင့် အရှောက် အပြောအဟောကောင်းမှ ဖြစ်သည်။ ဆရာ့ စကားကို နားမထောင်ပဲသော်၎င်း, လက်တွေ့ဆရာ မဟုတ်သော ဆရာက မလိမ္မာသဖြင့် သနား၍ အဖျက် ခိုင်းသော်၎င်း, ဖျက်ပစ်ပါလျှင် ဒုက္ခဝေဒနာ၏ ဒဏ် ချက်ကြောင့် ပူစပ်စပ်နှင့် မနေနိုင်ဖြစ်နေသော ဒုက္ခ ဝေဒနာ၏ အာနိသင်တို့သည် ကျန်တတ်ကုန်၏။ သူ့ အလိုအလျောက် ချုပ်ငြိမ်းမှသာ ကောင်းပါသည်။ ဘာဒုက္ခမှ မကျန်ရစ်ပဲနှင့် ချမ်းချမ်းသာသာနှင့်နေရ၏၊

ပေါ့ပေါ့ပါးပါးဖြစ်ပါသည်။ယုံကြည်တဲ့ သဒ္ဓါ အလွန်များပါသည်။နောက်နောင်၌ ကမ္မဋ္ဌာန်းအလုပ်ကိုမလုပ်လိုပဲ ကြောက်ရွံ့၍ နေတတ်သည်၊ အယုံ အကြည် နဲ့ သွားတတ်ပါသည်၊ တွေ့ဘူးသော ဒုက္ခဝေဒနာသဘောကို လန့်ကြောက်ပြီး ဟောပြော၍ မရပဲ နေတတ်၏။ ဘာ့ကြောင့် ဤသို့ဖြစ်ရသနည်း ဟူမူ.... ဒုက္ခဝေဒနာ ချုပ်ခါနီးမှာ ဖျက်ပစ်သောကြောင့်ဖြစ်ပါသည်။အထူး သတိပြုရန်အချက်တည်း။

အလွန်နာသော ပူသောနေရာ၌ စိတ်ကို စိုက်၍ စိုက်၍"ဒုက္ခ ဒုက္ခ"အထပ်ထပ်ရှုပါလေ၊ဆုတ်နစ်သော စိတ် မဖြစ်စေရပါ၊ ထက်သန်သော သဒ္ဓါတရားရှိသူမှသာ ချုပ်လွယ်ပါသည်။မကြာမကြာ ဆုတ်နစ်စိတ် ဖြစ်နေပါလျှင် မချုပ်ပဲနေတတ်ပါသည်။ ဣရိယာပုထ်ငြိမ်ငြိမ်သက်သက် မလှုပ်ပဲနေမှသာ ဒုက္ခဝေဒနာ အမြန်ကျွတ်လွတ်ပါသည်။တလှုပ်လှုပ်ပြုပြင်နေသော ယောဂီပုဂ္ဂိုလ်မှာ ဝေဒနာရှည်ပြီး မချုပ်ပဲ နေရတတ်သည်။ အထူးသတိပြုပါ။

ယောဂီပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာကို အလွန်တင်ရှားသော နေရာ၌ စိုက်၍ စိုက်၍သာ ဒုက္ခဝေဒနာကို အထပ်ထပ် အဖန်ဖန် ရှုနေပါလေ။ဟိုနေရာက ပို၍မခံနိုင်အောင် ဖြစ်လိုက် ဒီနေရာက ပို၍ မခံနိုင်အောင်

ဖြစ်လိုက်နှင့် နေသော် ထိုနေရာကို "ဒုက္ခ ဒုက္ခ" ဟု စိုက်၍စိုက်၍ ကြည့်ရှုနေပါလျှင် ကြာလာသောအခါ သမာဓိအားကောင်း၍ ဒုက္ခဝေဒနာ သဘောသည် တိတိပြတ် ချုပ်ငြိမ်း၍ သွားပါတော့သည်။ ထိုအခါမှာ မီးခိုးရောင် တိမ်တိုက်ထဲက သက်တန့်ရောင် စသော အမျိုးမျိုးသော အာရုံနိမိတ်များသည် ထင်လာမြင်လာ ကုန်၏၊ ထိုသို့ ထင်လာသောအခါ ယောဂီပုဂ္ဂိုလ်သည် မိမိ၏ ခန္ဓာကိုယ်ကို ငုံ၍ တချက်တချက် ကြည့်ပေးပါ၊ ကြည့်ဖန်များသောအခါ မကြာမီပင် မိမိခန္ဓာကိုယ် ပကတိအတိုင်းဖြစ်၍လာတတ်၏၊ မိမိခန္ဓာကိုယ် တနေရာရာ၌ ဖြစ်ပျက်နေလျက်လည်း မြင်လာတတ်၏၊အနာ ကောင်, အသေကောင်, အပုပ်ကောင်,အရိုးစု စသော အမျိုးမျိုးသော အာရုံတို့သည်လည်း ထင်မြင်လာတတ် ကုန်၏၊ မိမိတို့ပါရမီအလျောက် ပုဂ္ဂိုလ်တယောက်နှင့် တယောက် မတူကြပါပဲ သမာဓိ အားကောင်းလျှင် အားကောင်းသလို အမျိုးမျိုး ထင်လာတတ်ပါသည်။ ထိုသို့ ထင်လာ၍ အကြည့်ခံသောအခါမှာ မိမိအစ္ဈတ္တ ခန္ဓာမှာဖြစ်သော လက်,ခြေ,ဦးခေါင်း စသည် တခုခု သည် တိုလျက် ခွက်လျက် စသည်ဖြင့် တရွရွ တဖွားဖွား ဖြစ်ပျက် မြင်လျက်သော်ငင်း ထင်လာ မြင်လာ

သောအခါ ထိုသို့ ထင်လာပါလျှင် ထိုထင်လာမြင်လာသော အတို အခွက် ဖြစ်ပျက်သော နေရာ၌ပင်"အနိစ္စ အနိစ္စ"ဟု စိုက်၍ကြည့်ရှုပေးပါ။ စိုက်၍ အနိစ္စကြည့်ရှုမိသောအခါမှာ တဖြေးဖြေး ပျက်၍ တဖွားဖွား တရွရွ သွားတာကို မိမိတို့ဉာဏ်ဝ၌ ထင်ရှားလာအောင် မြင်ရပါသည်။ ထိုသို့ ဖြစ်ပျက်၍ သွားသည့်အတိုင်း နောက်က လိုက်၍ အရိုးအသား စသည် ဘာမျှမကျန်ရအောင် စိုက်၍ အနိစ္စ ကြည့်ရှုပါလေ။ တချို့မှာ မြန်မြန်ပျက်တာလည်းရှိ၏၊ တချို့မှာ အလွန်နှေးနှေးပင် ပျက်တာလည်း ရှိ၏။ အနိစ္စ ရှုဖန်များသောအခါ ယမ်းပုံကြီးတွေကို မီးရှို့လိုက်သလို ဟုန်းခနဲ ဟုန်းခနဲ ကွယ်ပျောက်၍ သွားဘိသကဲ့သို့ ပျောက်ပျောက်သွားတတ်၏။ မိမိ၏ ခန္ဓာကိုယ်ကြီး၌ ရုပ်သဘော နာမ်သဘောတွေ ဟုန်းခနဲ ဟုန်းခနဲ ပျောက်၍သွားသည်ကို မိမိဉာဏ်မျက်စိထဲမှာ မြင်ရပါသည်။ မိမိ ခန္ဓာကိုယ်ကြီးသည် ရုပ်ဟောင်းတွေ ရှေ့က ပျောက်၍ ပျောက်၍ ရုပ်သစ်တွေ တရိပ်ရိပ် တဖွားဖွား တရွေ့ရွေ့ ဖြစ်ပျက်နေတာကို မြင်ရသည်။ ဦးခေါင်းက ခြေဖျားအထိ ခြေဖျားက ဦးခေါင်းအထိ အပြန်ပြန် အလှန်လှန် ဉာဏ်နှင့်စိုက်ရှုပါ။ ၅-ခေါက် ၆-ခေါက် ကြည့်ရှုပါ၊ ရုပ်နာမ်သဘောတွေ တရိပ်ရိပ် တဖွားဖွား မြင်အား

ကြီးလာလျှင် ရင်ဝ ရင်ချိုင့်သို့ စိုက်၍ အနိစ္စ မှန်မှန် ကလေး ကြည့်ရှုပါလေ။

ဤကား တထိုင်ထဲ တနေ့ရာထဲ၌ ဒုက္ခဝေဒနာ တကြိမ်သာပေါ်၍ ချုပ်ပြီး အာရုံနိမိတ်များ ပေါ် လာ၍ ဝိပဿနာသို့ သူ့သဘောအတိုင်း ဖြစ်ပေါ် လာပုံ၊ လက်တွေ့ဝေဒနာတရား အားထုတ်စဉ်တည်း။

ဃနကြေပျောက်၍ ရုပ်နာမ်ပေါ်လာပုံကို နိဒဿန နည်းရရုံမျှ ပြလိုက်သည်။

---

## အဋ္ဌတ္တ,ဗဟိဒ္ဓ ဝိပဿနာရှုရန် ပြဆိုခြင်း

ဤသို့ အနိစ္စ ရှုဖန်များသော အခါမှာ မည်သည့် ဗဟိဒ္ဓအာရုံကိုမှ အကောင်အထည် ဟူ၍ ရှာမရ၊ အဖြစ် အပျက်ချည်းသာ မြင်နေရတော့သည်။ လမ်းသွားရင်း တောင် ရပ်၍ ရပ်၍ နေမိတော့၏၊ ထိုင်၍ ထိုင်၍ နေမိ တော့၏၊ နေစရာရှာမရ၊ သွားစရာ ရှာမတွေ့ပဲ ဖြစ်နေ တော့၏။ ဤသို့ ဗဟိဒ္ဓအာရုံသည် အနိစ္စသဘောအား ဖြင့် ဖြစ်ပျက်၍ ကုန်ဆုံးသွားအောင် မြင်နေသောအခါ တဖန် မိမိအဋ္ဌာတ္တသို့ ပြန်၍ ရှေးနည်းအတိုင်း ရှုသွား ပါလေ။ အနိစ္စသဘောအားဖြင့် ဖြစ်ပျက်၍ ကုန်ဆုံး

သွားအောင် ထင်မြင်လာသောအခါ တဖန် ဗဟိဒ္ဓသို့ ပြောင်း၍ အနိစ္စကြည့်ရှုပါလေ။ ဗဟိဒ္ဓသို့ ပြောင်း၍ သုံးသပ်သောအခါ ဗဟိဒ္ဓတရား ဖြစ်ပျက် တဖွားဖွား ထင်ရှား၍ ကုန်ဆုံးသွားပြီးမှ အဇ္ဈတ္တသို့ ရွှေ့ရမည်။ အဇ္ဈတ္တသို့ ပြောင်းရွှေ့၍ သုံးသပ်သောအခါ အဇ္ဈတ္တ တရား ဖြစ်ပျက် တဖွားဖွား ထင်ရှား၍ ကုန်ဆုံးသွား ပြီးမှ ဗဟိဒ္ဓသို့ ရွှေ့ရမည်။ ဤသို့ အဇ္ဈတ္တမှ ဗဟိဒ္ဓသို့ ဗဟိဒ္ဓမှ အဇ္ဈတ္တသို့ ဤသို့အားဖြင့် အနိစ္စ ရှုဖန်များ လတ်သောအခါမှာ လျင်လျင် မြန်မြန် ပြောင်းရွှေ့၍ ရှုနိုင်သည် ထင်မြင်သည်ကို "အဇ္ဈတ္တ,ဗဟိဒ္ဓ နှစ်ပါးစုံ အနိစ္စရှုသည်"ဟူ၍ ဆိုရပါသည်။ ယင်းသို့ တပါးပါး ထင်ရှားလာလျှင် နောက်တပါးသို့ ပြောင်းရွှေ့၍ မနေ မနား ကြိုးစားအားထုတ်ရာ၏။

ဤသို့ အဇ္ဈတ္တ,ဗဟိဒ္ဓ ပြောင်းလဲ၍ အနိစ္စရှုခြင်းကို ယခုကာလ ယောဂီပုဂ္ဂိုလ်သစ်တို့မှာ ယောဘုယျအား ဖြင့် ၁-ရက် ၂-ရက် ၃-ရက် ၄-ရက် အဇ္ဈတ္တ,ဗဟိဒ္ဓ အနိစ္စရှုသော သဘောကို မြတ်စွာဘုရားသည် မဟာ သတိပဋ္ဌာနသုတ်၌—

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊

ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ
ဝိဟာရတိ၊
အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာ-
နုပဿီ ဝိဟာရတိ။

စသည်ဖြင့် ဟောတော်မူ၏။

---

## သမာဓိဘေးရန် ခြောက်ပါး

ဤပစ္စုပ္ပန် ရုပ်နာမ်ကိုသာလျှင် ပစ္စုပ္ပန်သမာဓိဖြင့် ဝိပဿနာရှုသွားရမည်။ သမာဓိ၏ဘေးရန် ၆-ပါးကား (၁)လျော့လွန်းခြင်းတပါး (၂)တင်းလွန်းခြင်းတပါး (၃)အတိတ်အာရုံကို ကြံစည်ခြင်းတပါး (၄)အနာဂတ်အာရုံကို ကြံစည်ခြင်းတပါး (၅)စိတ်ညစ်ခြင်းတပါး (၆)ဝမ်းမြောက်ခြင်းတပါး ဤသို့ အားဖြင့် ၆-ပါးတည်း။ ထိုခြောက်ပါးတို့တွင်—

(၁) လျော့လွန်းခြင်း ဟူသည်မှာ.... ဝိပဿနာရှုနေရင်းပင် ရုံခါ ရှုချင်မှု,မရှုချင်မှုစိတ် ရောနှောလျက် တွန့်တိုမှု ဆုတ်နစ်မှုဖြစ်နေ၏။ ဤသို့ တွန့်တို ဆုတ်နစ်မှု ရောရှုမှု ဖြစ်နေခြင်းသည် လျော့လွန်းခြင်း မည်၏။ တရားကိုယ်မှာ ကောသဇ္ဇဖြစ်မှု ပျင်းရိမှုပေတည်း။

(၂) တင်းလွှန်းခြင်း ဟူသည်မှာ.... တရားမရလျှင် မနေဘူးဟဲ့၊ အခုရအောင် တော်တော်ကြာ ရအောင် အားထုတ်မဟဲ့၊ သူများထက်သာအောင် အားထုတ်မဟဲ့ စသည်ဖြင့် အားထုတ်မှု စိတ်က အလွန်သန်လွန်း နေ၏။ ဤသို့ စိတ်သန်လွန်းခြင်းသည် တင်းလွှန်းခြင်း မည်၏။ တရားကိုယ်မှာ ဥဒ္ဓစ္စဖြစ်မှု ပျံ့လွင့်မှုပေတည်း။

(၃) အတိတ်အာရုံကို ကြံစည်ခြင်း ဟူသည်မှာ.... မြင်ဘူး ကြားဘူး တွေ့ဘူး ကြံဘူးသော အာရုံများကို စာနှင့်ကြံသော်၎င်း အလွတ်သော်၎င်း ကြံစည်စိတ်ကူး နေခြင်းသည် အတိတ်အာရုံကို ကြံစည်စိတ်ကူးခြင်း မည်၏။ တရားကိုယ်မှာ ဝိက္ခေပဖြစ်မှု ပျံ့လွင့်မှုပေ တည်း။

(၄) အနာဂတ်အာရုံကိုကြံစည်ခြင်း ဟူသည်မှာ.... နောင် မြင်ရ ကြားရ တွေ့ကြုံရမည့် အာရုံများကို စာနှင့် ကြံသော်၎င်း အလွတ်သော်၎င်း တခုခုဖြင့် ခဏခဏ ကြံစည်စိတ်ကူးနေ၏။ ဤသို့ ခဏခဏ ကြံစည်စိတ်ကူး နေခြင်းသည် အနာဂတ်အာရုံကို ကြံစည်ခြင်း မည်၏။ တရားကိုယ်မှာ ဝိက္ခေပဖြစ်မှု ပျံ့လွင့်မှုပင်တည်း။

(၅) စိတ်ညစ်ခြင်း ဟူသည်မှာ.... တရားမတွေ့နိုင် သောကြောင့် ဖြစ်စေ စိတ်ညစ်စရာ တစုံတရာကြောင့် ဖြစ်စေ စိတ်မချမ်းသာမှု စိတ်ပျက်မှု ဖြစ်၏။ "ယခုလို

ဖြင့် တရားအားထုတ်ရတာ နေရာမကျဘူး”ဟူ၍ ခဏခဏ ပူပန်မှု ညစ်ညူးမှု ဖြစ်၏။ ဤသို့ ခဏခဏ ပူပန်ခြင်း ညစ်ညူးခြင်းသည် စိတ်ညှဉ်းခြင်း မည်၏။ တရားကိုယ်မှာ ဗျာပါဒဒေါသပေတည်း။

(၆) ဝမ်းမြောက်ခြင်း ဟူသည်မှာ.... တရားတွေ့လွယ်သောကြောင့် ဖြစ်စေ ဝမ်းမြောက်စရာ တစုံတရာကြောင့် ဖြစ်စေ အလွန်သာယာမှု အလွန်နှစ်သက်မှု ဖြစ်၏။ “တရားအားထုတ်ရဒါ နေရာကျလိုက်တာ” စသည်ဖြင့် ခဏခဏ ဝမ်းသာမှု ဖြစ်၏။ ဤသို့ ခဏခဏ သာယာခြင်းသည် ဝမ်းမြောက်ခြင်း မည်၏။ တရားကိုယ်မှာ တဏှာလောဘပေတည်း။

သမာဓိဘေးရန် ၆-ပါးမှ ကင်းလွတ်စေပုံမှာ.... (၁)ဝိပဿနာရှုတဲ့စိတ်ဟာ လျော့လွန်းနေသလားဟု သတိပြု၍ လျော့လွန်းနေလျှင် အနည်းငယ် တင်းပေးရမည်။ တင်းလွန်းနေလျှင် အနည်းငယ် လျှော့ပေးရမည်။ (၂) အတိတ်အာရုံ,အနာဂတ်အာရုံဆီသို့ ခဏခဏ စိတ်ရောက်နေသလား,မရောက်ဘူးလားဟု သတိပြု၍ ခဏခဏ စိတ်ရောက်နေလျှင် စိတ်မရောက်အောင် သတိပြု၍ ပြင်ပြင်ပေးရမည်။ ထိုထို အာရုံသို့ စိတ်မရောက်ပဲ တည်မြဲတည်နေလျှင် အလိုက်သင့် မှန်မှန်ရှုသွားရမည်။ (၃) စိတ်ညစ်နေသသား, ဝမ်းမြောက်

နေသလားဟု သတိပြု၍ စိတ်ညစ်နေပြန်လဲ တရားတွေ့လွယ်မည်မဟုတ်ပေ၊ ဝမ်းမြောက်နေပြန်လဲ တရားတွေ့လွယ်မည်မဟုတ်ပေ၊ စိတ်ညစ်မှုလဲမရှိမှ ဝမ်းမြောက်မှုလဲ မရှိမှ တရားတွေ့လွယ်မည် စသည်ဖြင့် သင့်တော်သလို ဆင်ခြင်၍ စိတ်ညစ်မှု ဝမ်းမြောက်မှုကို ပယ်ရမည်။ စိတ်ညစ်မှုလဲမရှိ ဝမ်းမြောက်မှုလဲမရှိ ပကတိညီမျှနေလျှင် အလိုက်သင့် မှန်မှန် ရှုသွားရမည်။

သမာဓိဘေးရန် ၆-ပါးတို့တွင် ကောသဇ္ဇ ပျံ့လွင့်မှု, ဥဒ္ဒစ္စ ပျံ့လွင့်မှု, ဝိက္ခေပ ပျံ့လွင့်မှု တို့သည် ပျံ့လွင့်မှု အဖြစ်ဖြင့် တူကြကုန်၏။ သို့သော်လဲပဲ ကောသဇ္ဇ ပျံ့လွင့်မှုနှင့် ဥဒ္ဒစ္စ ပျံ့လွင့်မှုမှာ ခဏခဏ ကြောင့်ကြစိုက်မှု အားသစ်မှု စိတ်က ဝင်ဝင်ဖြစ်ခြင်းကြောင့် အာရုံမှ လွင့်တက်နေသလို ခပ်ခွါခွါနေသလို ပျံ့လွင့်မှုဖြစ်၏၊ ထို ပျံ့လွင့်မှုသည် မှတ်အပ် ရှုအပ်သော အာရုံနှင့် နီးကပ် ဆက်စပ်လျက်ဖြစ်သောကြောင့် အာရုံ၏ အတွင်းကျလိုက် အပြင်ကျလိုက်သော ပျံ့လွင့်မှုမည်၏။ ဝိက္ခေပ ပျံ့လွင့်မှုမှာ-ခဏခဏ လွန်ပြီးအာရုံနှင့် မလွန်သေးသော အာရုံဆီသို့ စိတ်က ရောက်ရောက်သွားသောကြောင့် အာရုံမှ အဝေးသို့ ပစ်လွှင့်လိုက်သလို ခုန်လွှား ပျံသွားနေသလို ပျံ့လွင့်မှုဖြစ်၏၊ ထို ပျံ့လွင့်မှုသည် မှတ်အပ် ရှုအပ်သော အာရုံမှ အလွန်ဝေးကွာ

လျက် ဖြစ်သောကြောင့် အာရုံမှ အပြင် ကျရောက်ပျံ့လွင့်မှု မည်၏။

သမာဓိဘေးရန်မလွတ်ပဲ အမြဲဖြစ်နေသော ယောဂီပုဂ္ဂိုလ်သည် နှစ်ပေါင်း လပေါင်း ရက်ပေါင်း ဘယ်လောက် ကြာကြာ မဂ်ဖိုလ်မရဟု အမြဲ တထစ်ချ မှတ်ထားလေ။ အထူးသတိပြုစေရန်ပေတည်း။

ပစ္စုပ္ပန်တဲ့တဲ့ ထိသိ မိခဲ့လျှင် သိတဲ့အပေါ်မှာ မျက်ချေမပြတ် ဉာဏ်အာရုံကလေး ကပ်လိုက်သွားရုံသာရှိသည်။ သို့မှသာ မဂ်ဖိုလ်ရနိုင် ရောက်နိုင်ပါသည် ဟူလို။

---

## ဝိပဿနာတရား အားထုတ်၍ ရဟန္တာဖြစ်ပုံ

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းတပါးက ခြောက်ပါးကုန်သော ဖဿ စသော နာမ်တရားတို့ကို ဝိပဿနာရှု၍ ရဟန္တာဖြစ်လေ၏။ (နာမ်သက်သက်ရှု၍ ရဟန္တာဖြစ်ပုံမှတ်)။ ။တပါးက ဓာတ်ကြီးလေးပါးတို့ကို ဝိပဿနာရှု၍ ရဟန္တာဖြစ်လေ၏။ (ရုပ်သက်သက်ရှု၍ ရဟန္တာဖြစ်ပုံမှတ်)။ ။တပါးက ခန္ဓာငါးပါး,တပါးက ဓာတ် ၁၀-ပါး တို့ကို ဝိပဿနာရှု၍ ရဟန္တာဖြစ်လေကုန်၏။ (ရုပ်နာမ် ၂-ပါးရှု၍ ရဟန္တာဖြစ်ပုံမှတ်)။

ထိုအခါ ရဟန်းတပါးအကြံဖြစ်လေ၏ "ဤရဟန်း လေးပါးတို့၏ ကမ္မဋ္ဌာန်းကတော့ အမျိုးမျိုး နိဗ္ဗာန်က တော့ တခုတည်းဖြစ်နေ၍ ဤရဟန်းတို့ ဘယ်ပုံဘယ် နည်း ရဟန္တာဖြစ်ကြပါကုန်လိမ့်"ဟူသော အကြံဖြစ်၍ ဘုရားလျှောက်တဲ့အခါ "ကိံသုကောပမာသုတ်ကို ဟောတော်မူလေ၏။

အကျယ်ကိုလိုမူ သံ-သဠာယတနဝဂ္ဂပါဠိ၊ ဒု-ဇာ တကဋ္ဌ တို့၌ ရှုပါကုန်။

---

## သင်္ခတပရမတ်, အသင်္ခတပရမတ်

ပရမတ်တရားသည် ဥပါဒ်,ဌီ,ဘင် နှင့်တကွ ဖြစ် သော သင်္ခတပရမတ်၊ ဥပါဒ်, ဌီ, ဘင်မှ ကင်းသော အသင်္ခတပရမတ် ဟူ၍ ၂-မျိုးသာ ရှိ၏။ ထိုတွင် ပဌမ အမျိုးကို ဉာဏ်ထဲ၌ ပဋိဝေဓအားဖြင့် ယထာဘူတ ကျ အောင် သိမြင်ခဲ့ပါလျှင် ကျန်တမျိုးကိုလည်း သိမြင်ပြီး သား ဖြစ်တော့သည်မှတ်။ ပရမတ်အစစ်ကို အဟုတ် အတွင်းသိ ပဋိဝေဓအားဖြင့် ယထာဘူတသိ သိမြင် လျှင် ပညတ်တရားကိုလည်း သိမြင်ပြီး ဖြစ်တော့သည်။ ထို ပရမတ်တရားနှင့် ပညတ်တရားတို့သည် တွဲသည့် အခါ တွဲနေသော်လည်း မူအားဖြင့် ကွဲလျက် နေ၏။

ပရမတ်အစစ်ကို မမြင်နိုင် မသိနိုင်အောင် အပေါ်ယံ၌ ပညတ်တရားကတွဲကာအုပ်ဖုံးလျက်နေ၏၊ပကတိမျက်စိ မှန်ဘီလူး မှန်ပြောင်းနှင့်တကွ လောကီဒိဗ္ဗစက္ခုဉာဏ် ဖြင့်သော်လည်း ဖောက်ထွင်း၍ မြင်ခြင်းငှါ အလွန့် အလွန် ခဲယဉ်း၏။ ဥပမာ—နှမ်းဆီကို အလိုရှိသောသူ သည် နှမ်းကို ဆီဆုံထဲ၌ ထည့်ပြီးလျှင် ရေနွေးကို ခဏ ခဏ ရောလောင်း၍ ကျည်ပွေ့ဖြင့် ကြိတ်ပွတ်၏၊ ဆုံထဲ မှာ နှမ်းနှင့်ရေနွေးသည် ကျည်ပွေ့၏ ကြိတ်နယ်မှု ကြောင့် တွဲကပ်လျက် နေ၏၊ အတန်ငယ်ကြာ၍ ဆီဖြစ် လာသောအခါ ဆီကို ဆုံတွင်းမှခပ်၍ အိုး ခွက် စသည် တို့သို့ ထည့်သောအခါမှာ ပဌမတွဲစပ်နေသောရေနွေး သည် ဆီနောက်သို့ မပါလာမူ၍ အကွဲကြီး ကွဲပြီးလျှင် ဆုံထဲရှိ နှမ်းဖတ်ထဲတွင်သာ ကျန်ရှိနေရတော့၏၊ဆီနှင့် ရောနှော၍ မရတော့ပေ။ (သဘာဝ မတူမှုကြောင့် ဆိုလိုပါ၏)။ ထိုကဲ့သို့ တွဲသည့်အခါ တွဲသော်လဲ မူမတူ သဖြင့် ကွဲသောသဘောကဲ့သို့ ပညတ်အားဖြင့် ခေါ် ဝေါ်သမုတ်ကြသော အမျိုးမျိုးသော သဏ္ဌာန်,နိမိတ် တို့သည်လည်း ပရမတ်နှင့် တဲ့သယောင်ယောင်နှင့် ကွဲ၏၊ ထိုသို့ မူအားဖြင့် မတူသော်လည်း ပရမတ်အစစ် ကို လိုချင်သဖြင့် ပညတ်ကို ဦးစွာအတွဲခံရ၏၊အတွဲခံပြီးမှ ခွါရ၏။ ထိုဥပမာအတူ—သမုတိသစ္စာနယ်၌ရှိကြသော

ဒါန, သီလ, သမထ စသော တရားတို့ကို မှီတည်အခြေခံပြု၍ တွဲ၍ အရင်းပြုကြကုန်လျက် ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင် တို့သည်၎င်း, ပစ္စေကဗုဒ္ဓါ, ရဟန္တာ စသော အရိယာပုဂ္ဂိုလ်တို့သည်၎င်း, ထို သမုတိသစ္စာ ပညတ်အပေါ်၌ တည်လျက် ပရမတ်ကို သိမြင်တော်မူကြပါကုန်သတည်း။

---

## ခန္ဓာငါးပါးအပေါ်၌ အားထုတ်ပုံ

မိမိ အဇ္ဈတ္တ ခန္ဓာငါးပါးတို့၌ ဖြစ်ပျက် ထင်ရှားအောင် ရှာဖွေ၍ ဝိပဿနာရှုပုံကို ဤဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏။

ဖေဏပိဏ္ဍူပမံ ရူပံ၊
ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊
သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊
ဒေသိတာဒိစ္စဗန္ဓုနာ။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ ငါ၏ ကိုယ်ဟု ခေါ်ဆိုပညတ် သမုတ်အပ်သော

ဤရူပကာယ ခန္ဓာကိုယ်ကြီးကို ဉာဏ်ဖြင့် ရှာဖွေစိစစ်၍ အနှစ်ကို ရှာလိုက်လျှင် (၁)ဖောက်ပြန်ခြင်း ရုပ္ပန လက္ခဏာ ရှိသော ရူပက္ခန္ဓာက တစု (၂) အာရုံ၏ သဘောကို ခံစားခြင်း ဝေဒယိတလက္ခဏာ ရှိသော ဝေဒနာက္ခန္ဓာတစု (၃)ကောင်း-မကောင်း, အဖြူ, အနီ စသည်ကို အမှတ်ပြု၍ သိခြင်း လက္ခဏာ ရှိသော သညာက္ခန္ဓာတစု (၄)ရုပ်, ဝေဒနာ,သညာ,ဝိညာဏ် တို့ကို ဖြစ်ပွားအောင် စေ့ဆော် အားထုတ်ခြင်း စေတယိတလက္ခဏာရှိသော သင်္ခါရက္ခန္ဓာတစု(၅)အာရုံ ကို ရှေးရှုရအောင်ယူ၍ အဖြူ,အနီ,အကြောင်,အကျား အစပ်,အဖန် စသည်များကိုလည်း သိခြင်း ဝိဇာနန လက္ခဏာ ရှိသော ဝိညာဏက္ခန္ဓာကတစု၊ ဤသို့တရား ငါးစုကိုသာ ရှာ၍ ရသည်။

ထိုငါးပါးတို့တွင်.... ဘူတရုပ်,ဥပါဒါရုပ် တည်းဟူ သော ရုပ်သည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာစေတသိက် သည် ဝေဒနာက္ခန္ဓာ မည်၏။ ထို ဝေဒနာတို့နှင့် တကွ ဖြစ်သော သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ,သညာမှ ကြွင်းသော ထို ဝေဒနာ, သညာ တို့ နှင့် တကွဖြစ်သော စေတနာ,ဖဿ အစရှိသော ထိုထို စိတ်တို့နှင့် ယှဉ်သည်အားလျော်စွာ ရအပ်သော စေ တသိက်အများသည် သင်္ခါရက္ခန္ဓာ မည်၏။ ထို ဝေဒ-

နာဂက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာတို့နှင့်တကွ မကွေ့မကွာဖြစ်သော စိတ်ဟူ၍ ခေါ်ဝေါ်အပ်သော ဝိညာဉ်သည် ဝိညာဏက္ခန္ဓာ မည်၏။

## ရူပက္ခန္ဓာ ရေမြှုပ်နှင့်တူပုံ

ရူပက္ခန္ဓာသည် ရေမြှုပ်စိုင်နှင့် တူ၏။ အဘယ်သို့တူသနည်းဟူမူ.... ဤခန္ဓာကိုယ်ကြီး၏ အတွင်း၌ ငါတို့က "ငါ၊ငါ့ကိုယ်"ဟူ၍ ခေါ်ဝေါ်ပညတ်သမုတ်အပ်သော ဒြဗ်အထည်ကိုယ် သဏ္ဌာန်အားဖြင့် မျက်စိတွင် ထင်မြင်အပ်သော တရားအစုသည် အစိုးရသော အလိုသို့ လိုက်တတ်သော ငါမဟုတ်၊ ငါ့ကိုယ်မဟုတ်။ စင်စစ်အားဖြင့် ဂင်္ဂါမြစ်ဝ၌ ကျရောက်ဖြစ်ပွားသော ရေမြှုပ်စိုင်သည် တစတစ တဖြေးဖြေး ကြီးပွားသည်ရှိသော် တောင်ငယ်ပမာဏမျှ ရှိလျက် အပေါက် ဗလဖွာရှိသဖြင့် ပွစိစိ အနှစ်မရှိသော ရေမြွေ, တက်တူ စသောများစွာသော ပိုးမျိုးတို့၏ ခိုအောင်းတည်နေရာ ဖြစ်ပြီးလျှင် သမုဒ္ဒရာသို့ ကျရောက်လေလျှင် ငယ်သော စုဠတရင်လှိုင်း,အလတ်ဖြစ်သော မဇ္ဈိမတရင်လှိုင်း,ကြီးမားသော မဟာတရင်လှိုင်းတို့နှင့် တွေ့လေ၍ တောင်ရွေ့ပြောင်းပါ လှုပ်ရှားသောအခါ မိမိက ခိုင်လုံသော အနှစ်မပါသောကြောင့် ဗလစိတ် ဗလမွှာ ဘာကိုမျှ

ရှာမရအောင် ကြေမွ ပျက်ဆုံးရလေသကဲ့သို့ ထို့အတူ ဤရူပကန္တာ တရားအစုသည်လည်း ဂင်္ဂါမြစ်ဝနှင့်တူသော အမိဝမ်းတိုက်၌ ရှေးဦးအစ ကလလရေကြည် တည်သည်က အစပြု၍ တစတစ တဖြေးဖြေး အမြှုပ်, သားတစ်,အခဲစိုင်,ခက်မငါးဖြာ စသည်ဖြင့် ကြီးပွား၍ ဒွါရ ကိုးပေါက် မွေးတွင်းပေါက် တည်းဟူသော အပေါက် ဗလဖွာနှင့် ပိုးမျိုးရှစ်ဆယ်တို့၏ တည်ရာနေခို အောင်းရာ အစာဖြစ်ပြီးလျှင် ရင့်သောအခါ အမိဝမ်းတွင်းမှ သက်ဆင်းဖွားမြင်၍ သမုဒ္ဒရာနှင့်တူသော အပသို့ ရောက်သောအခါ တဖြေးဖြေး ကြီးပွားခြင်း ဆံဖြူခြင်း,သွားကျိုးခြင်း, ခါးကိုင်းခြင်း, နားထိုင်းခြင်း, အရေ တွန့်လိပ် ရှုံ့တွခြင်း, အိုမင်း မှည့်ပျော် ရင့်ရော်ခြင်း ဇရာတရား တည်းဟူသော ခုဒ္ဒတရင်္ဂလှိုင်း၊ ကိုးဆယ် ခြောက်ပါးသော အနာအစရှိသော ဗျာဓိတရား တည်းဟူသော မဇ္ဈိမတရင်္ဂလှိုင်း၊ ပျက်ပြားစုတေ သေရခြင်း မရဏတရား တည်းဟူသော မဟာတရင်္ဂလှိုင်း တို့နှင့် တွေ့လေ၍ ထက်ဝန်းကျင်မှ ဖွေလည် ရစ်ပတ်လျက် တိုက်ခတ်အပ်သောအခါ မိမိ၏ သဘောက မခိုင်မာသည်၏အဖြစ်ကြောင့် ပျက်ပြား စုတေ သေရခြင်းသို့ ရောက်လေသည်ဖြစ်၍ ရူပကန္တာသည် ရေမြှုပ်စိုင်နှင့် တူ၏။

ဤသို့ ရူပကမ္မဋ္ဌာန၏ ရေမြုပ်စိုင်နှင့်အတူ မခိုင်ပဲ ပျက်စီးတတ်သည်၏အဖြစ်ကို သေချာစွာစဉ်းစား နှလုံးထား၍ ရုပ်ကို စေ့စေ့ ဉာဏ်မျက်စိဖြင့် ကြည့်ပြီးလျှင် 'ရူပံ အနိစ္စံ အနိစ္စံ' ဟူ၍သော်၎င်း, မိမိ၏ ဉာဏ်မျက်စိမြင်ရာ ထင်ရာ၌ 'ဒုက္ခ ဒုက္ခ' ဟူ၍သော်၎င်း 'ရူပံ အနတ္တ အနတ္တ' ဟူ၍သော်၎င်း မိမိ၏ဉာဏ်မျက်စိ၌ ထင်မြင်ရာလက္ခဏာကို စူးစိုက်ပြီးလျှင် သံမှိုနှက်သကဲ့သို့ ရုပ်တရား၏အထက်၌ စိတ်ကို အမြဲထား၍ သံတုံးကို အပ်ဖြစ်အောင် သွေးသော ယောက်ျားကဲ့သို့ ပမာမခြား အလားတူစွာ အခါခါ အထပ်ထပ် ဆင်ခြင် သုံးသပ်အပ်၏။ ငါတို့ အောက်က ပြခဲ့ပြီးသော အသိလိုက်ခြင်းဖြင့်သော်လည်း သုံးသပ်အပ်၏။

အပရုပ်ကို ဆင်ခြင်ရာ၌လည်း ဖောက်ပြန်ခြင်းလက္ခဏာကို သေချာစဉ်းစား နှလုံးထား၍ ရုပ်ကို စေ့စေ့ ဉာဏ်မျက်စိဖြင့် ကြည့်ပြီးလျှင် 'ရူပံ အနိစ္စံ အနိစ္စံ' စသည်ဖြင့် အဖန်ဖန် အထပ်ထပ် ဆင်ခြင်သုံးသပ်အပ်၏။

ဤသို့ အဇ္ဈတ္တရုပ်ကို အာရုံပြု၍ ရှုသောအခါ၌၎င်း, ဗဟိဒ္ဓရုပ်ကို အာရုံပြု၍ ရှုသောအခါ၌၎င်း ရုပ်အာရုံတို့သည် ရှေ့က ပြအပ်ခဲ့သည့် အတိုင်း အကြမ်းစား အလတ်စား, အနုစား အားဖြင့် ဉာဏ်မျက်စိ အဝ၌ အာရုံထင်မြင်လာပါကုန်လိမ့်မည်။ မထင်လျှင် မလွတ်

နှင့်၊မထင်မခြင်း တမ်းစွဲ၍ ရှုမြဲတိုင်း အာရုံကိုသာစိုက်၍ ရှုရမည်။ ။ဤကား ရူပကမ္ဘာကို ရှုပုံအကျဉ်းတည်း။

## ဝေဒနာကမ္ဘာ ရေပွက်နှင့် တူပုံ

ဝေဒနာကမ္ဘာသည် ရေပွက်နှင့်တူ၏။ဝေဒနာသည် အဘယ်သို့ ရေပွက်နှင့် တူသနည်း ဟူမူကား....ရေပွက် သည် အနှစ်မရှိသကဲ့သို့ ဝေဒနာသည်လည်း မြဲခြင်း တင့်တယ်ခြင်း ချမ်းသာခြင်း အစိုးရခြင်း ဟုဆိုအပ် သော အနှစ်သာရမှ ကင်း၏။ရေပွက်သည် အလွန်အား နည်း၏၊လက်ဖြင့် ကိုင်ယူခြင်းငှါလည်း မခံ၊ထို ရေပွက် ကို ယူ၍ တစုံတခုသော ပျဉ်ချပ်ကိုဖြစ်စေ နေရာထိုင်ခင်း စသည်ကိုဖြစ်စေ ပြုလုပ်ခြင်းငှါ မရအပ်။ ယူရာ ယူရာ အရပ်၌သာလျှင် ပျက်စီး ပျောက်ကွယ်ခြင်းသို့ ရောက် လေသကဲ့သို့ ထို့အတူ ဝေဒနာသည်လည်း အလွန် အားနည်း၏၊ ကောက်ယူခြင်းငှါ မခံ။ ထို ဝေဒနာကို မပျက်မစီး မရွေ့ရှားပဲ အမြဲတည်စိမ့်သောငှါ မတတ် ကောင်း။ကောက်ယူငြားသော်လည်း ကောက်ယူအပ် သည့်အတိုင်း မတည်နိုင်ပဲ ယူရာယူရာ အရပ်၌သာလျှင် ပျက်စီး ပျောက်ကွယ်ခြင်းသို့သာ ရောက်လေသည်။ ဤသို့ ကောက်ယူခြင်းငှါ မခံသည်ဖြစ်၍လည်း ဝေဒနာ သည် ရေပွက်နှင့် တူ၏။

သည်သာမကသေး—မိုးကြီးရွာ၍ချသောအခါ ရေအပြင်၌ ရေပွက်အပေါင်းသည် များစွာ ဖြစ်လည်း ဖြစ်၍ မနေမနား ပျက်လည်း ပျက်ပြားလေ၏။ရှည်မြင့်စွာလည်း မတည်။ထို့အတူ ဝေဒနာသည်လည်း ဖြစ်၍ ဖြစ်၍ ပျက်စီးလေ၏၊ ရှည်မြင့်စွာမတည်နိုင်။ လက်ဖျစ်တတွက် လျှပ်တပြက် မျက်စိတမှိတ် စသော ကာလအတွင်း၌ပင် ကုဋေတသိန်းမျှလောက် အရေအတွက်ရှိသော ဝေဒနာတရားပေါင်း ရှေ့နောက် အစဉ်အားဖြင့် ဖြစ်ပြီးလျှင် ပျက်စီးချုပ်ငြိမ်း၍ ကုန်လေ၏။ ဤသို့ ရှည်မြင့်စွာ မတည်ခြင်းကြောင့်လည်း ဝေဒနာသည် ရေပွက်နှင့် တူ၏။

သည်သာမကသေး—ရေပွက်သည်(၁)ရေအပြင်ကိုငင်း(၂)မိုးပေါက်ကိုငင်း(၃)ရေညှိကိုငင်း (၄)လေကိုငင်း ယှု၍ ဤ ၄-ပါးသောအကြောင်းတို့ကို စွဲ၍ ဖြစ်သကဲ့သို့ ထို့အတူ ဝေဒနာသည်လည်း (၁)မှီရာဝတ္ထုကိုငင်း(၂)အာရုံကိုငင်း(၃)ကိလေသာတည်းဟူသော မြူကိုငင်း (၄)ဖဿ တည်းဟူသော တွေ့ထိကိုငင်း ဤ ၄-ပါးသောအကြောင်းတို့ကို စွဲ၍ ဖြစ်ရာ၏။ ဤသို့ အကြောင်းကိုစွဲ၍ ဖြစ်ခြင်းကြောင့်လည်း ဝေဒနာသည် ရေပွက်နှင့် အလားတူ၏ ဟူ၍ ရှုဆင်ခြင်ရာ၏။

ထို ဝေဒနာသည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံ,ဣဋ္ဌမဇ္ဈတ္တာရုံ တည်းဟူသော အာရုံ၏သဘောကို ထိုက်သည့်အား လျော်စွာ ခံစားခြင်းလက္ခဏာရှိ၏။ သုခဝေဒနာ,သော မနဿဝေဒနာ ဖြစ်လျှင် အလိုရှိအပ်သော ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိ၏။ ဒုက္ခဝေဒနာ, ဒေါမနဿ ဝေဒနာ ဖြစ်လျှင် အလိုမရှိအပ်သော အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိ၏။ ဥပေက္ခာဝေဒနာ ဖြစ်လျှင် အလိုရှိအပ်သည်လည်း မဟုတ် အလိုမရှိအပ်သည် လည်း မဟုတ်သော ဣဋ္ဌမဇ္ဈတ္တာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ ဤဝေဒနာတို့တွင် တပါးပါး မိမိ ကာယ၌ ထင်ရှားသော ဝေဒနာကို အာရုံပြု၍ ရှေးက ပြခဲ့သော နည်းဖြင့် ရှုဆင်ခြင်ရာ၏။

ဤသို့ ဝေဒနာတရားကို ရှုဆင်ခြင်သော အခါ ဝေဒနာသည် မိမိချည်းဖြစ်သောတရား မဟုတ်၊ကာမ တဆဲ့တဘုံ,အာသညသတ်ကြဉ်သော ရူပါဝစရတဆဲ့ ငါးဘုံတို့၌ စက္ခုစသော ပသာဒ ဝတ္ထုရုပ်, ရင်တွင်း နှလုံးသား၏ အတွင်း၌ တလက်ဖက်မျှလောက်သော နှလုံးသွေး၌ရှိသော ဟဒယဝတ္ထုရုပ်များကို မှီတွယ်၍ မိမိနှင့် အတူဖြစ်သော စိတ်,စေတသိက် အများတို့နှင့် တကွ ပေါင်းဆုံ၍ ဖြစ်ရလေသည်။ သို့ဖြစ်၍ ဝေဒနာ တရားများ ဝိပဿနာဉာဏ်၏ အာရုံဖြစ်၍ ထင်ရှား

သောအခါ ရုပ်ပေါ်မှာ စီး၍ မှီရာရုပ်နှင့်တကွ အပ်တို့၏ အသွားဖြင့် နှိုးသောအဆင်းရှိသော သန္တာလုံးသေးသေးများကို ထိုး၍ထားပြီးလျှင် တကိုယ်လုံးအနံ့စိုက်၍ ထားဘိသကဲ့သို့ ထို့အတူ တကိုယ်လုံးပြန့်နှံ့ရဲ့စွာ နှံ့လျက် ရုပ်ထက်မှာ စီးလျက်လည်း ပေါ်ထင်၍လာတတ်၏။ ရုပ်ကို လွှတ်ပြီးလျှင် ကောင်းကင်၌ ဖြတ်ငယ်ကောင်ကလေးတွေ စု၍ ဝဲသကဲ့သို့ ပြန့်ကြဲ စိတ်မှာလျက် အရောင်တလက်လက်နှင့် သမ္ပယုတ်တရားတို့နှင့်လုံးထွေး ပေါင်းစုလျက်လည်း ထင်လာတတ်၏။ ဤကဲ့သို့ ထင်လာလျှင် ရှေးကပြအပ်ခဲ့ပြီးသည့်အတိုင်း အစဉ်မပြတ်အောင် ကြိုးစား၍ အားထုတ်ရမည်။ ရုပ်, ဝေဒနာတရားများကို အဘယ်မှာလျှင် ထင်ရှားစွာ ဖြစ်နိုင်ပါအံ့နည်း ဟူ၍ မအောက်မေ့ကြကုန်လင့်။

"သမာဟိတော ယထာဘူတံ ပဇာနာတိ"။

အနက်—သမာဟိတော၊ သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်၍ တည်ကြည်သောသမာဓိရှိသော ပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်တိုင်းသော ရုပ်နာမ်တရားကို။ ပဇာနာတိ၊ အပြားအားဖြင့် မြင်၍ သိနိုင်၏။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်ကို ယုံယုံ ကြည်ကြည် မှတ်သား၍ တရားကိုသာ သမာဓိရအောင် ဂရုစိုက်၍ အားထုတ်ကြပါ၊ မုချ ဧကန် အမှန် မြင်ရပါသည်။ ။ဤကား ဝေဒနာက္ခန္ဓာကို အာရုံပြု၍ရှုပုံ အကျဉ်းတည်း။

## သညာက္ခန္ဓာ တံလျှပ်နှင့် တူပုံ

သညာက္ခန္ဓာသည် တံလျှပ်နှင့်တူ၏။ သညာက္ခန္ဓာသည် အဘယ်ကဲ့သို့ တံလျှပ်နှင့် တူလေသနည်း ဟူမူကား.... နွေကာလ နေပူသော အခါဝယ် သဲပြင်၏ အထက်၌ ပုဆိုးဖြူကို ဖြန့်ကြက်၍ ထားသကဲ့သို့ရင်း, ငွေပြားကို ဖြန့်၍ ထားသကဲ့သို့ရင်း,ရေလှိုင်းထသကဲ့သို့ရင်း မျက်စိဖြင့် အရောင်တလက်လက် နေသည်ကို မြင်ရသော တံလျှပ်ဟူ၍ ခေါ်ဝေါ်အပ်သော ဝတ္ထုသည် အနှစ်သာရ ဘာမျှမရှိသကဲ့သို့ ထို့အတူ သတ္တဝါတို့၏ အဇ္ဈတ္တ ကာယတွင် စိတ်ဝိညာဉ်နှင့် တကွဖြစ်သော သညာစေတသိက် တည်းဟူသော အမှတ်ပြု၍သိခြင်း လက္ခဏာရှိသော သညာတရားသည်လည်း မျက်စိဖြင့် မြင်အပ်သော အာရုံ,နှာခေါင်းဖြင့် နံအပ်သော အာရုံ, လျှာဖြင့် လျက်အပ်သော အာရုံ, ကိုယ်ဖြင့် တွေ့ထိအပ်သော အာရုံ,မနောဖြင့် သိအပ်သော အာရုံတို့ကို မဝေ

ဖန်တတ်ပဲ မြင်သည့်အတိုင်း ထင်သည့်အတိုင်း အဖြူ အနီ အကြောင်အကျား ယောကျ်ား မိန်းမ စသည်ဖြင့် တောသမင်သည် လူမဟုတ်သော လူနှင့်အတူ လုပ်၍ ထားအပ်သော ကောက်ရိုးရုပ်ကို လူ-ဟူ၍ အလွဲလွဲ ထင်မှတ်သကဲ့သို့ ထို့အတူ အလွဲလွဲမြင်တိုင်း ထင်တိုင်း ကို မှတ်တတ်သော သညာသည်လည်း မြဲခြင်း တင့် တယ်ခြင်း ချမ်းသာခြင်း အစိုးရခြင်း အလိုသို့ လိုက် ခြင်း ဟူသော အနှစ်သာရမှ ကင်းသည်ဖြစ်၍ တံလျှပ် နှင့် တူ၏။

တံလျှပ်သည် ဖြူဖြူဖွေးဖွေး မျက်စိအမြင်အားဖြင့် အလွန် လှပ တင့်တယ်သည် ဖြစ်၍ သုံးဆောင်ရန် ကောက်ယူပြားသော်လည်း ကောက်ယူခြင်းငှါ မခံ။ ထို တံလျှပ်သည် ရေဖွေးဖွေးနှင့် အလားတူသည် ဖြစ်၍ ရေ-ဟု ထင်မှတ်သောကြောင့် ရေခပ်ခြင်းငှါ တံလျှပ် ရှိရာ သပြင်သို့သွား၍ ရှာပြီးလျှင် အိုးဖြင့် ခပ်ယူမည်ဟု သွားရာ တံလျှပ်ကို ရှာ၍မရ၊ အိုးကိုင်း ခွက်ကိုင်း ပြည့်စေခြင်းငှါ မတတ်ကောင်းသကဲ့သို့ ထို့အတူ သညာကိုလည်း "မြဲ၏၊ တင့်တယ်၏၊ ချမ်းသာ၏၊အစိုး ရ၏၊အလိုသို့လိုက်၏" ဟူ၍ ကောက်ယူ၍ သုံးဆောင် ခြင်းငှါ မတတ်ကောင်းသည်ဖြစ်၍ ဤသညာသည် တံလျှပ်နှင့် အလား တူ၏။

သည်သာမကသေး— တံလျှပ်သည် တုန်လှုပ်လျက် တည်၏၊ ကောင်းစွာဖြစ်သော ရေလှိုင်းများကဲ့သို့ ဖြစ်၍ ထင်ရမြင်ရ၏၊ ထို့အတူ သညာသည်လည်း အညို အရွှေ အဖြူ စသည်ဖြင့် အထူးထူး အပြားပြား အားဖြင့် မှတ်၍ ထင်၍ အထူးထူး အပြားပြားကို သုံးဆောင်ခြင်းငှါ တုန်လှုပ်၏။ ဤသို့ တုန်လှုပ်သည်ဖြစ်၍ လည်း သညာသည် တံလျှပ်နှင့် အလားတူ၏။

သည်သာမကသေး—တံလျှပ်သည် လူများအပေါင်း ကို "ရေပြည့်သော ရေကန်ကြီးနှင့် တူ၏" ဟူ၍၎င်း "ရေပြည့်သော မြစ်ကြီးနှင့် တူ၏" ဟူ၍၎င်း ယောင်ယမ်း၍ ဆိုစေတတ်သကဲ့သို့ ထို့အတူ သညာသည် လည်း ရုပ် နာမ် တရားမှတပါး ဝတ္ထုအထည် မရှိပဲ လျက် "ဤဝတ္ထုသည် ကောင်း၏၊ ဤဝတ္ထုသည် မကောင်း"ဟူ၍၎င်း, မြဲ၏၊ တင့်တယ်၏၊ ချမ်းသာ၏၊ အစိုးရ၏ စသည်ဖြင့်၎င်း 'ညို၏၊ ဖြူ၏' စသည်ဖြင့်၎င်း 'စပ်၏၊ ငန်၏၊ ဖန်၏၊ ခါး၏' စသည်ဖြင့်၎င်း လူများ အပေါင်းကို ယောင်ယမ်း၍ ပြောဆိုစေတတ်၏။ ဤသို့ သညာသည် မဟုတ်မမှန်ပဲလျက် လူများအပေါင်းကို ယောင်ယမ်း တမ်းတအောင် ပြုလုပ်တတ်သောကြောင့် လည်း တံလျှပ်နှင့် အလားတူ၏ ဟူပေ။

ထိုသညာကို အာရုံပြု၍ ဝိပဿနာရှုလိုလျှင် သုခ ဟူ၍၎င်း, ဒုက္ခ ဟူ၍၎င်း မှတ်တတ်သော သညာသည် ထိုသုခဝေဒနာ,ဒုက္ခဝေဒနာတို့ပင် တကွဖြစ်၍ နေသည် ဖြစ်၍ ထို သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ တို့ ထင်ရှားစွာ ဖြစ်ပွားလျက်ရှိသော မိမိ၏ ကိုယ်အရပ် ကို မှတ်၍ ထိုအရပ်၌ သုခဖြစ်လျှင် ထို သုခဝေဒနာနှင့် တကွ ချမ်းသာသည်ဟု မှတ်တတ်သော ၎င်းသုခသညာ သည် ရှိ၏ ဟူ၍၎င်း၊ ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာတို့ ဖြစ်လျှင်လည်း ထို့အတူပင် ထိုဝေဒနာတို့နှင့် တကွ ဆင်းရဲ၏ ဟူ၍၎င်း၊ဆင်းရဲသည်လည်းမဟုတ် ချမ်းသာ သည်လည်းမဟုတ် လျစ်လျူအားဖြင့် မှတ်တတ် သော သညာသည် ရှိ၏ ဟူ၍၎င်း မှတ်၍ သညာရှိရာ အရပ်သို့ စိတ်ကို စေလွှတ်၍ ထိုသညာ၏ အမြဲမရှိခြင်း အနိစ္စလက္ခဏာ, ဆင်းရဲခြင်း ဒုက္ခလက္ခဏာ, အစိုးမရ အလိုသို့မလိုက်ခြင်း အနတ္တလက္ခဏာကို အာရုံပြု၍ "သညာအနိစ္စ,သညာအနိစ္စ"ဟူ၍သော်၎င်း "သညာ ဒုက္ခ, သညာ ဒုက္ခ"ဟူ၍သော်၎င်း "သညာ အနတ္တ, သညာ အနတ္တ"ဟူ၍သော်၎င်း ရှေးကပြအပ်ခဲ့ပြီးသော နည်းဖြင့် သညာ၏ အမြဲမရှိခြင်း အနိစ္စ လက္ခဏာ, ဆင်းရဲခြင်း ဒုက္ခလက္ခဏာ, အစိုးမရ အလိုသို့မလိုက် ခြင်း အနတ္တ လက္ခဏာတို့တွင် တခုခုထင်ရာကို အာရုံ

ပြု၍ သိ-သိ ဟူ၍သော်ငင်း သံတုံးကို အပ်ဖြစ်အောင် သွေးသော ယောက်ျားနှင့် ပမာမခြား အလားတူစွာ အခါခါ အထပ်ထပ် ဆင်ခြင် သုံးသပ် အပ်၏။ ။ ဤကား သညာက္ခန္ဓာကိုအာရုံပြု၍ ရှုပုံအကျဉ်းတည်း။

## သင်္ခါရက္ခန္ဓာ ၄က်ပျောတုံးနှင့် တူပုံ

သင်္ခါရက္ခန္ဓာသည် ၄က်ပျောတုံးနှင့် တူ၏။အဘယ်ကဲ့သို့ သင်္ခါရက္ခန္ဓာသည် ၄က်ပျောတုံးနှင့် တူလေသနည်း ဟူမူကား.... ၄က်ပျောတုံးသည် အနှစ်သာရဘာမျှမရှိသကဲ့သို့ ထို့အတူ ဖဿ စသော တရားတို့၏ အပေါင်းဖြစ်သော သင်္ခါရက္ခန္ဓာသည်လည်း မြဲခြင်း တင့်တယ်ခြင်း ချမ်းသာခြင်း အစိုးရခြင်း အလိုသို့လိုက်ခြင်း ဟူသော အနှစ်သာရမှ ကင်းသည်၏ အဖြစ်ကြောင့်လည်း သင်္ခါရက္ခန္ဓာသည် ၄က်ပျောတုံးနှင့် တူ၏။

သည်သာမကသေး—ကောက်ယူခြင်းငှါလည်းမခံ။ ထို၄က်ပျောတုံးကို ကောက်ယူ၍ အခြင်,ရနယ် စသည်ကို ပြုလုပ်ခြင်းငှါ မတတ်ကောင်း။အခြင်,ရနယ် စသည်တို့၏ အကျိုးငှါ ဆောင်ယူခဲ့အပ်ငြားသော် ထို အခြင် ရနယ် စသည်တို့၏ အကျိုးကို ဆောင်ခြင်းငှါ မတတ်ကောင်းသကဲ့သို့ ထို့အတူ သင်္ခါရက္ခန္ဓာ တရားတို့

သည်လည်း မြဲခြင်း တင့်တယ်ခြင်း ချမ်းသာခြင်း အစိုးရခြင်း အလိုသို့လိုက်ခြင်း ဟူသော အကျိုး၄ါ ယူခြင်း ၄ါ မတတ်ကောင်း။မြဲ၏၊တင့်တယ်၏၊ချမ်းသာ၏၊အလိုသို့လိုက်၏၊အစိုးရ၏ ဟူ၍ ယူအပ်ကုန်သော်လည်း ထိုယူအပ်သည့် အတိုင်း မဖြစ်နိုင်ကုန်။ ထိုကြောင့် သင်္ခါရက္ခန္ဓာသည် ၄က်ပျောတုံးနှင့် တူ၏။

သည်သာမကသေး— ၄က်ပျောတုံးသည် များစွာသော အရွက်အလိပ်တို့၏ အပေါင်းမျှသာ ဖြစ်သကဲ့သို့ ထို့အတူ သင်္ခါရက္ခန္ဓာတခုဟု ဆိုအပ်ပြားသော်လည်း စေတနာ, ဖဿ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ စသော များစွာသော စေတသိက်တို့၏ အပေါင်းမျှသာ ဖြစ်သောကြောင့်လည်း သင်္ခါရက္ခန္ဓာသည် ၄က်ပျောတုံးနှင့် တူ၏။

သည်သာမကသေး— ၄က်ပျောတုံးသည် များစွာသော အရွက်အလိပ်တို့၏ အပေါင်းမျှသာ ဖြစ်၍ အပဖွဲ့တည်သော အရွက် အလိပ်၏ အဆင်း အရောင်ကတခြား, အတွင်း အရွက် အလိပ်၏ အဆင်း အရောင်က တခြား ဖြစ်သကဲ့သို့ ထို့အတူ သင်္ခါရက္ခန္ဓာကိုလည်း စိတ်မှတ်၍ လက္ခဏာကိုရှာလျှင် စေတနာက စေ့ဆော်ခြင်း လက္ခဏာ ရှိ၏၊ ဖဿက တွေ့ထိခြင်း လက္ခဏာ ရှိ၏၊ ဧကဂ္ဂတာက တခုတည်းသော အာရုံကိုသာ

ယူသည့်ဖြစ်၍ တည်ကြည်ခြင်း မပျံ့လွင့်ခြင်း လက္ခဏာ ရှိ၏၊ ဇီဝိတိန္ဒြေက သဟဇာတ်တရားတို့ကို စောင့်ခြင်း အစိုးရခြင်း လက္ခဏာ ရှိ၏၊ ဤသို့ စသည်ဖြင့် များစွာ သော တရားတို့သည် လက္ခဏာအားဖြင့် တခြားစီသော ဖြစ်လေသောကြောင့် သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံး နှင့် တူ၏။ ဤသို့ သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့် တူသည် ဟူ၍ ရှုဆင်ခြင်ရာ၏။

ထို သင်္ခါရက္ခန္ဓာတရားတို့၏ အမြဲမရှိသော အနိစ္စ လက္ခဏာ,ဆင်းရဲခြင်း ဒုက္ခလက္ခဏာ, အစိုးမရ အလို သို့ မလိုက်သော အနတ္တလက္ခဏာတို့တွင် မိမိဉာဏ်၌ ထင်မြင်ရာ တခုခုကို စူးစိုက်၍ ရှုပြီးလျှင်'သင်္ခါရာ အနိစ္စ သင်္ခါရာ အနိစ္စ'ဟူ၍သော်၎င်း 'သင်္ခါရာ ဒုက္ခ,သင်္ခါရာ ဒုက္ခ'ဟူ၍သော်၎င်း 'သင်္ခါရာ အနတ္တ,သင်္ခါရာ အနတ္တ' ဟူ၍သော်၎င်း ထိုလက္ခဏာတို့ကို အာရုံ ပြုပြီးလျှင် သိ-သိ ဟူ၍သော်၎င်း သုံးတုံးကို အပ်ဖြစ်အောင် သွေး သော ယောက်ျားနှင့် ပမာမခြား အလားတူစွာ အခါ ခါ အထပ်ထပ် ဆင်ခြင်သုံးသပ်အပ်၏။

ဤသင်္ခါရက္ခန္ဓာကို သုံးသပ်ဆင်ခြင်ရာ၌ အာရုံ ထင် ပုံမှာလည်း ရှေးဝေဒနာကဲ့သို့ပင် ထင်လာလိမ့်မည်။ ယခုကာလ ပုဂ္ဂိုလ်တို့၏ ဉာဏ်မှာ တခုစီ စိတ်မှာ၍

မထင်လာနိုင်။ ဝိညာဉ်နှင့်တကွ တလုံးတည်းသော ပေါင်း၍ထင်လာနိုင်သည်။ ။ဤကား သင်္ခါရက္ခန္ဓာကို ရှုဆင်ခြင်ပုံ အကျဉ်းတည်း။

## ဝိညာဏက္ခန္ဓာ မျက်လှည့်နှင့် တူပုံ

ဝိညာဏက္ခန္ဓာသည် မျက်လှည့် အတတ်နှင့် တူ၏။ အဘယ်သို့ ဝိညာဏက္ခန္ဓာသည် မျက်လှည့်အတတ်နှင့် တူပါသနည်း ဟူမူကား.... မျက်လှည့်တတ်သော ဆရာကြီးသည်၎င်း, မျက်လှည့်တတ်သော ဆရာကြီး၏ တပည့်သည်၎င်း လမ်းဆုံ လမ်းမ လမ်းလေးခွ၌ မျက်လှည့်ပြ၍ နေသည်ရှိသော် ပညာစက္ခု, မံသစက္ခု နှစ်ပါးနှင့် ပြည့်စုံသော ယောကျ်ားသည် ထိုမျက်လှည့် အမှုကို ကြည့်ရှု၍ ဆင်ခြင်သည်ရှိသော် အထဲက ဟုတ်မှန်သော ဝတ္ထုက တခြား, အပ၌ ပြအပ်သော အမူအရာက တခြား ဖြစ်၍ နေသည်ကို မြင်ရလေ၏။ ထို့ကြောင့် မျက်လှည့်သည်ပြအပ်သော အမှုသည် "ငွေပြားပါ"ဟူ၍ ဆိုပြီးလျှင် ငွေပြားလုပ်၍ ပြငြားသော်လည်း သစ်ရွက်ကို ငွေလုပ်၍ ပြသောကြောင့် စင်စစ် ငွေသုံးမရ အနှစ်သာရ မရှိသကဲ့သို့ ထို့အတူ ဝိညာဏက္ခန္ဓာသည်လည်း မြဲခြင်း တင့်တယ်ခြင်း ချမ်းသာခြင်း အစိုးရခြင်း အလိုသို့လိုက်ခြင်း တည်းဟူသော

အနှစ်သာရမှ ကင်းသည်၏အဖြစ်ကြောင့် မျက်လှည့်နှင့် တူ၏။ မျက်လှည့်သည်ပြအပ်သော ဝတ္ထုကို အသုံးပြုခြင်းငှါ ကောက်ယူ၍ မရနိုင်သကဲ့သို့ ထို့အတူ ဝိညာဏက္ခန္ဓာသည်လည်း ကောက်ယူ၍ တစုံတခုသောအမှုကို ပြုလုပ်ခြင်းငှါ မတတ်ကောင်းသောကြောင့်လည်း ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့် တူ၏။

သည့်သာမကသေး— မျက်လှည့်သည်ပြအပ်သော အမှုသည် ခဏ္ဍမျှသာ တည်၍ ပျက်စီးလေ သကဲ့သို့ ထို့အတူ ဝိညာဏက္ခန္ဓာသည်လည်း ကာလ အရှည် မတည် တိုသည့်ထက် အလွန်တို၏။ ထိုစကားသည် မှန်၏။ ထိုစိတ်ဝိညာဉ်သည် မျက်လှည့်အမှုထက် တိုးတက်၍ မြန်သည်ထက် မြန်၏၊ အလွန် လျင်သည့်ထက် လျင်၏။ လူတို့သည် သွားသောအခါ ထိုင်သောအခါ စသည်တို့၌ အပကြည့်လိုက်လျှင် စိတ်ကတမျိုးတည်းသာ ရှိလိမ့်မည် ထင်ငြားသော်လည်း စင်စစ် အားဖြင့် သွားသောအခါ၌ စိတ်တမျိုး၊ ထိုင်သောအခါ၌ စိတ်တမျိုးစီ ဖြစ်၍ နေ၏။ ထို့ကြောင့် ဝိညာဏက္ခန္ဓာသည် အလွန်တိုသော ကာလရှိသည်၏ အဖြစ်ကြောင့်လည်း ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့်တူ၏။

သည့်သာမကသေး— မျက်လှည့်အမှုသည် ရွှေမဟုတ် ငွေမဟုတ် ပတ္တမြားမဟုတ်သော သစ်ရွက်

သစ်သားပြား ကျောက်ခဲ စသည်ကို ရွှေ,ငွေ,ပတ္တမြား ဟူ၍ ပြုပြီးလျှင် လူအများကို ယုံကြည်အောင် လှည့်ပတ်သကဲ့သို့ ထို့အတူ ဝိညာဏက္ခန္ဓာသည်လည်း လာသောအခါ သွားသောအခါ ထိုင်သောအခါ စသည်တို့၌ စိတ်တမျိုးတည်းသာ ဖြစ်သကဲ့သို့ လူများကို သိစေ မှတ်စေခြင်းသော်လည်း စင်စစ် အားဖြင့် လာသောအခါ၌ စိတ်တမျိုး, သွားသောအခါ၌ စိတ်တမျိုး,ထိုင်သောအခါ၌ စိတ်တမျိုးစီ ဖြစ်ပေ၏ လည်း ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့် တူ၏။

ဤသို့ ဝိညာဉ်သည် အာရုံကိုယူခြင်း အာရုံကိုသိခြင်း လက္ခဏာ ရှိ၏။ထိုဝိညာဉ်၏ အာရုံကိုသိခြင်းလက္ခဏာကို မှတ်၍ ဝိညာဉ်၏တည်ရာအရပ်သို့ စိတ်ကို စေလွှတ်၍ ထိုဝိညာဉ်၏ အမြဲမရှိခြင်း အနိစ္စလက္ခဏာ, ဆင်းရဲခြင်း ဒုက္ခလက္ခဏာ, အစိုးမရခြင်း အလိုသို့ မလိုက်ခြင်း အနတ္တလက္ခဏာတို့တွင် တပါးပါး ထင်ရာကို အာရုံပြု၍ "ဝိညာဏံ အနိစ္စံ, ဝိညာဏံ အနိစ္စံ" ဟူ၍ သော်၎င်း "ဝိညာဏံ ဒုက္ခံ,ဝိညာဏံ ဒုက္ခံ" ဟူ၍သော်၎င်း "ဝိညာဏံ အနတ္တာ,ဝိညာဏံ အနတ္တာ" ဟူ၍သော်၎င်း ရှေးနည်းအတိုင်းရှု။ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ တို့တွင် တပါးပါး ထင်ရာကို နှလုံးသွင်း၍ သိ-သိဟူ၍သော်၎င်း သံတုံးကို အပ်ဖြစ်

အောင် သွေးသော ယောက်ျားကဲ့သို့ ပမာမခြား အလားတူစွာ အခါခါ အထပ်ထပ် ဆင်ခြင်သုံးသပ် အပ်၏။ ။ဤကား ဝိညာဏက္ခန္ဓာကို ရှုဆင်ခြင်ပုံအကျဉ်း တည်း။

## ဝိပဿနာ ရှုသင့်ပုံ

ဧဝံ သင်္ခါရေ သလ္လက္ခိတွာ ဋ္ဌိတဿ ပန
ဘိက္ခုနော ဒဿမလဿ သာသနေ မူလံ
ဩတိဏ္ဏံ နာမ ဟောတိ။

(ဆဋ္ဌမူ သမ္မောဟဝိနောဒနီ ဋ္ဌ ၂၄၂)

**အနက်**– ဧဝံ၊ ဤသို့။ သင်္ခါရေ၊ရုပ်နာမ်သင်္ခါရ ဖြစ်ပျက် တို့ကို။သလ္လက္ခိတွာ၊သိမြင် မှတ်ထင်လျက်။ဋ္ဌိတဿ၊ တည်သော။ ဘိက္ခုနော၊ရဟန်းအား။ ပန၊စင်စစ်အား ဖြင့်။ဒဿမလဿ သာသနေ၊ မြတ်စွာဘုရား သာသနာ တော်၌။ မူလံ၊ ရေသောက်မြစ်သည်။ ဩတိဏ္ဏံ နာမ၊ စွဲသည်မည်သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား**— ဤသို့ ဝိပဿနာဉာဏ် ဖြစ်ပျက် ရုပ်နာမ်ကို သိ၍ သာသနာတွင် ကောင်းစွာ ရေ သောက်မြစ် စွဲရဘူးသော သူသည် အသက်ထက်ဆုံး မြဲ၍ သွားတတ်၏။အဘယ့်ကြောင့် ဆိုသော် ထူးမြတ်

ကောင်းမွန်လှသော အရသာကို တခါစားဘူးသော သူသည် ဤအရသာမျိုးကို နောက်ထပ် မစားရပဲနှင့် နှစ်ပေါင်းများစွာ ကြာ၍နေသော်လည်း သတိရလာ သောအခါ ဟိုတုန်းက စားဘူးသည့် အရသာတိုင်းကို သိနိုင်သကဲ့သို့ ဖြစ်၏။ ထို့အတူ ဥဒယဗ္ဗယဉာဏ် ခန္ဓာ ငါးပါး ဖြစ်ပုံ ပျက်ပုံကို ကောင်းစွာတွေ့မြင်ကြဘူးလျှင် အလွန်တရာ သဒ္ဓါတရားထက်ပြီး ဆက်လက်၍သာ အားထုတ် လိုသော စိတ် ရှိ၏။ စိတ်ရှိသည့်အတိုင်း ဆက်လက်၍ အားထုတ်နိုင်လျှင် တမဂ်တဖိုလ်ကို ရက် တိုတိုနှင့်ပင် ရနိုင်တတ်၏။

အကယ်၍ အကြောင်း တစုံတရာ တခုကြောင့် နေ့ ဆက် ရက်ဆက် အားမထုတ်နိုင်တောင်မှ အခါအခွင့် ရတိုင်း အားထုတ်တတ်၏။ ဤကဲ့သို့ အားထုတ်တတ် သော သူသည် သေခါနီးအခါ၌ ရုပ်, ဝေဒနာတို့၏ ဖြစ် ပျက် ဖောက်ပြန် ခံစားရပုံတို့ကို တွေ့ရပြီး သတိရ၍ ရုပ်, ဝေဒနာတို့၏ ဖောက်ပြန်မှုမှန်း အသိဉာဏ် ပေါ် လာလျှင် တရားကို လက်မလွှတ်ပဲ ရှုလျက်သာ သေရ တတ်၏။ ဤသို့ သေရသောသူမှာ သေခါနီးတွင် ကောင်းသော နိမိတ်များကို မြင်ရ၍ လူနာစောင့်တွေ ကို ပြောပြပြီးမှ သေရတတ်၏။ ဤအတိုင်း သေရသည်

ရှိသော် ယခုဘဝမှာ မဂ်ဖိုလ်ကို မရသေးတောင်မှ ဒုတိယ ဘဝ၌ နတ်ပြည်သို့ရောက်သောအခါ အရိယာ ဖြစ်ဘို့ရာ သေချာ၏။

---

## ဉာဏ် ၁၆-ပါးကို ပြဆိုခြင်း

ရုပ်နာမ် ခန္ဓာတို့၏ ခဏမစဲ ဟသဲသဲ ဖြစ်ပေါ်နေသည်ကို ဉာဏ်ထဲ စိတ်ထဲ စွဲမြဲ၍ ရှုမှတ်နေလျှင် အစဉ်အတိုင်းဖြစ်သော သဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်လာ၏။ ဤသို့ သိမြင်မှုကို 'ဉာဏ်' ဟု ဆိုပေသည်။ ထိုသို့ ဟုတ်တိုင်းမှန်စွာ သိမြင်လာသော 'ဉာဏ်' ဟူသည်ကား....

(၁) နာမရူပပရိစ္ဆေဒဉာဏ်
(၂) ပစ္စယပရိဂ္ဂဟဉာဏ်
(၃) သမ္မသနဉာဏ်
(၄) ဥဒယဗ္ဗယဉာဏ်
(၅) ဘင်ဉာဏ်
(၆) ဘယဉာဏ်
(၇) အာဒီနဝဉာဏ်
(၈) နိဗ္ဗိဒါဉာဏ်
(၉) မုစ္စိတုကမျတာဉာဏ်

(၁၀) ပဋိသင်္ခါဉာဏ်
(၁၁) သင်္ခါရုပေက္ခာဉာဏ်
(၁၂) အနုလောမဉာဏ်
(၁၃) ဂေါတြဘုဉာဏ်
(၁၄) မဂ်ဉာဏ်
(၁၅) ဖိုလ်ဉာဏ်
(၁၆) ပစ္စဝေက္ခဏာဉာဏ်

ဤကား ဉာဏ် ၁၆-ပါး၏ အစဉ်ပေတည်း။

ဤ ဉာဏ် ၁၆ ပါးတို့တွင် အစ ဉာဏ် ၂-ပါးမှာ ဝိပဿနာဉာဏ်၏ အခြေပါဒဖြစ်၏။ အဆုံး ၄-ပါးမှာ လောကုတ္တရာဉာဏ် ဖြစ်၏။ သမ္မသနဉာဏ်အစ အနုလောမဉာဏ်အဆုံး ဤဉာဏ် ၁၀-ပါးကို ဝိပဿနာဉာဏ်ဟု ခေါ်ဆိုပေသည်။

## နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်

ထို ဉာဏ် ၁၆-ပါးတို့တွင်—

(၁) နောက်က ပြဆိုခဲ့သော ဝိပဿနာရှုမှတ်ပုံနည်းအတိုင်း အားထုတ်သဖြင့် ပုဂ္ဂိုလ်,သတ္တဝါ,ငါ, သူတပါး,ယောကျ်ား,မိန်းမ ဟူသော မှတ်သိ စွဲလမ်းခြင်းများ ကင်းပျောက်၍ ပရမတ် ရုပ်နာမ် ၂-ပါးကို

သာ ပိုင်းခြား သိမြင်သော ဉာဏ်သည် "နာမရူပ ပရိစ္ဆေဒဉာဏ်"မည်၏။

(၂) ဤပရမတ် ရုပ်,နာမ် ၂-ပါးတို့၏ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဖဿ, နာမ်, ရုပ် စသော အကြောင်းတရား တို့ကြောင့် ဖြစ်၏ဟု အကြောင်း တရားတို့ကို သိမ်းဆည်းသော ဉာဏ်သည် "ပစ္စယ ပရိဂ္ဂဟဉာဏ်"မည်၏။

ဤဉာဏ် ၂-ပါးသည် ပရမတ်ဖြစ်သော ရုပ်,နာမ် တို့ကို ဟုတ်မှန်သော အတိုင်း သိမြင်သောကြောင့် "ယထာဘူတဉာဏ်"မည်၏။

ဝိပဿနာဉာဏ်အရာ၌ ဤဉာဏ် ၂-ပါးသည် လိုရင်းပေတည်း။ ဤဉာဏ် ၂-ပါး ပိုင်လျှင် အထက် ဉာဏ်တို့၌ လွယ်ကူလေတော့သည်။ ဤဉာဏ် ၂-ပါး နေရာမကျလျှင် အထက်ဉာဏ်များ၌ ယောင်ဝါးဝါး ဖြစ်နေ၍ အချိုးအစား မကျနိုင်ပေ။

## သမ္မသနဉာဏ်

(၃) သမ္မသနဉာဏ် ဆိုသည်ကား... အထက်က မိမိကိုယ်တိုင် အတွင်းသိအားဖြင့် သိမြင်ပြီးသော ရုပ် နာမ် ပ.ရားတို့ကို လက္ခဏာရေးသုံးပါးတို့ဖြင့် ထင်၍ အကြိမ်း သုံးသပ်ဆင်ခြင် ပွားများခြင်းပေတည်း။

လက္ခဏာရေး သုံးပါးတို့ကို ရှုမှတ်ခြင်း ပွားများအားထုတ်မှုဟု ဆိုသော်လည်း"အနိစ္စာနုပဿီ အဿသတိ, အနိစ္စာနုပဿီ ပဿသတိ" ဟူသော ပဥ္စမအချက်နှင့်အညီ အနိစ္စ ဆင်ခြင်မှုသာ လိုရင်း ပဓာနဖြစ်၏။မိမိ၏ ထွက်သက် ဝင်သက်လေဟု ဆိုအပ်သော ရုပ်တရား, ထိုရုပ်တရားကို ဆင်ခြင် သိမြင်သော နာမ်တရား ၂ ပုံသည် ခဏမစဲ ပျက်စီး၍ နေပါတကား ဟူ၍ အနိစ္စသဘောကို ဉာဏ်ထဲ၌ ထင်မြင်လာအောင် ပွားများ ကြည့်ရှုမှုပေတည်း။ ထို ရုပ်တရား နာမ်တရားတို့သည် အတိတ်၌လည်း ပျက်စီးခဲ့ပြီ၊ယခုလည်း ပျက်စီးဆဲ၊ နောင် အနာဂတ်၌လည်း ပျက်စီးလတ္တံ့ ဟူ၍ ကာလသုံးပါးအားဖြင့် ဝေဖန်၍သော်လည်း ရှုလေ။

သို့ရာတွင် အတိတ်,အနာဂတ်ကို ဝေဖန်၍ ရှုသည်ထက် ပစ္စုပ္ပန်ကို အာရုံစိုက်၍ မိမိအဇ္ဈတ္တ ရှုမှုကသာ၍ ခရီးရောက်လွယ်သည်။ ပစ္စုပ္ပန်၌ တကယ်မမြဲမှုအနိစ္စသဘောကို ဉာဏ်ထဲ၌ သိမြင်လျှင် အတိတ်,အနာဂတ် အတွက် ကိစ္စတပါးတည်း ပြီးစီးတော့သည်။

ယောဂီပုဂ္ဂိုလ်သည် တခြားတပါးသော အာရုံသို့ စိတ်ကို မရောက်စေပဲ ဖူးစိုက်လျက်ကြည့်ရှုဖန်များလတ်သော် ပဥ္စမတွေ့သိပြီးခဲ့သော ရုပ်အစစ် နာမ်အစစ်တို့၏ ပျက်ဆုံး ကွယ်ပျောက်မှုကို သိမြင်နိုင်လတ္တံ့။

အနိစ္စ အစစ်ကို သိမြင်လျှင် ကျန်သော ဒုက္ခ,အနတ္တ လက္ခဏာ ၂-ပါးတို့သည်လည်း ယောဂါဝစရ ပုဂ္ဂိုလ်၏ ပါရမီအားလျော်စွာ ဉာဏ်ထဲ၌ ထင်မြင်၍ လာလတ္တံ့။ "ကေသို့ ဝိဇ္ဇ ဒုတရဒ္ဓယမေဝ ဒိဋ္ဌ ယောတိ"ဟူသော ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာကို ထောက်လေ။

ဤ သမ္မာသနုဉာဏ်သည် ရှေ့မဂ်စခန်း ဖိုလ်စခန်းသို့ တက်လှမ်းရန် ပဌမဆုံး လှေခါးထစ် ဖြစ်ခြင်းကြောင့် နာမရူပပရိစ္ဆေဒဉာဏ် တည်းဟူသော အုတ်မြစ်မှ ပစ္စယပရိဂ္ဂဟဉာဏ် တည်းဟူသောလက်ရန်းကို အားပြု ဆွဲကိုင်လျက် တက်လှမ်းခဲ့ရသဖြင့် ခြေစုံရပ်မှု ခြေကုတ်ရမှု အလွန်အရေးကြီးသည်ဖြစ်၍ ရှေ့ လှေခါး ထစ်သို့ မတက်လှမ်းမီ အပန်းဖြေလျက် သမာဓိအားကောင်း၍ အချိန်ရအောင် နေရန် လိုသောကြောင့် အထူးသတိပြု၍ အားထုတ် ပွားများပါလေ။

အဘယ်ကဲ့သို့ ပွားများရမည်နည်း ဟူမူကား.... ယောဂါဝစရပုဂ္ဂိုလ်သည် အကြင်အခါ၌ ဆိတ်ငြိမ်သော အချိန်၌ဖြစ်စေ၊ တောထဲ တောင်ထဲရှိ ကမ္မဋ္ဌာန်းကျောင်းသင်္ချိုင်း, ဂူ, လိုဏ်, ဇရပ် စသည်တို့၌ ဖြစ်စေ အမိဋ္ဌာန်ပြု၍ အားထုတ်သော အချိန်ရောက်က ကိစ္စတို့မှ ခွင့်ရသည်နှင့် တပြိုင်နက် တကိုယ်တည်း ထိုင်နေ

တုန်း ဖြစ်စေ၊ စင်္ကြံလျှောက်နေတုန်း ဖြစ်စေ၊ လည်း
လျောင်းနေတုန်း ဖြစ်စေ၊ အယုတ်သဖြင့် ဝစ္စကုဋီဟု
ခေါ်သော ရေအိမ်သာထဲ၌ ကျင်ကြီး,ကျင်ငယ် စွန့်ဆဲ
တွင် ဖြစ်စေ သတိရသည်နှင့် တချက်တည်း "အနိစ္စ,
အနိစ္စ"ဟူ၍ စိတ်ကိုစူးစိုက်ပြီးလျှင် အလစ်မခံပဲ တခြား
အာရုံတို့ အဝင်မခံပဲ အားထုတ်ပွားများလေ။ အလေး
ပြုဖန် များလာလျှင် တယောက်တည်း နေရသည်နှင့်
တပြိုင်နက် မိမိ အားထုတ်သော ကမ္မဋ္ဌာန်းတို့သည်
သမာဓိအားကောင်း၍ စိတ်တည်သောအခါမှာ အာရုံ
ပြောင်း၍ သွားတတ်ပါသည်။ အလဟဿ အချည်းနှီး
စိတ်ကူး၍ အချိန်ကုန်မည်ကိုငဲ့, ဧည့်သည်များလာ၍
ဧည့်ခံနေရသဖြင့် အချိန်ကုန်မည်ကိုငဲ့ နှမြောသော
စိတ်များ ပေါ်ပေါက်လာတတ်ပါသည်။ တခါတခါ၌
ဖျားနာမှု ခေါင်းကိုက်မှု စသော ရောဂါဝေဒနာကပ်
ရောက်လာသောအချိန်ဝယ် ၌ "အနိစ္စာနုပဿီ အဿ
သတိ, အနိစ္စာနုပဿီ ပဿသတိ" ဟူသော အနိစ္စ
သဘော ကို ဉာဏ်စူးစိုက်၍ ရှုနေပါလျှင် ကပ်ရောက်
နေသော ရောဂါဝေဒနာလည်း သက်သာတတ်ပါ
သည်။ အပျောက်လဲ များတတ်ပါသည်။ စမ်းသပ်၍
ကြည့်ကြပါ။ လက်တွေ့ဖြစ်လာပါလိမ့်မည် ယောဂီ
ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့။

(၄) ဥဒယဗ္ဗယဉာဏ် ဆိုသည်ကား.... ရုပ်တရား နာမ်တရားတို့၏ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာမှု အကြောင်းကုန်ဆုံး၍ ပျက်ချုပ်သွားမှုကို ရှုကြည့်ပွားများသော ပဓာန အလုပ်စခန်းကြီး ပေတည်း။ ဥဒယ = ဖြစ်မှု၊ ဝယ = ပျက်မှု၊ ဖြစ်မှု,ပျက်မှုကို ကြည့်ရှုသော ဉာဏ်ဟု ဆိုလိုသည်။

ဤသမ္မသနဉာဏ်အမြင်သန်လာသောအခါ ဝိပဿနာဉာဏ်သည် လွန်စွာ သန့်ရှင်း ကြည်လင်၍ လာ၏။ ထိုအခါ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပေါ်လာခြင်း ဥပါဒ်အစ, ပျက်စီးသွားခြင်း ဝယ, ဘင် အဆုံး ဤသို့ ဖြစ်ခြင်းသဘော ပျက်ခြင်းသဘောသည်သာလျှင် ဉာဏ်၌ ထင်မြင်လာတော့၏။ ထို ဖြစ်ခြင်း ပျက်ခြင်းမျှ ဖြစ်သော သဘော နှစ်မျိုးတို့သာ ထင်မြင်လာတော့ခြင်းသည် ဥဒယဗ္ဗယဉာဏ် မည်၏။

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ၂-ပါးတို့၏ အထူးမှာ— အတိတ်,အနာဂတ်, ပစ္စုပ္ပန် ဟူသော ကာလ ၃-ပါးတို့၌ဖြစ်သော ရုပ်နာမ်တို့ကို ထင်မြင်မှုသည် သမ္မသနဉာဏ် မည်၏။ ပစ္စုပ္ပန်ကာလ တပါး၌သာ ဖြစ်သော ရုပ်နာမ်တို့ကို ထင်မြင်မှုသည် ဥဒယဗ္ဗယဉာဏ် မည်၏။

ထို ဥဒယဗ္ဗယ ဉာဏ်သည် သမ္မသန ဉာဏ်ထက် သမာဓိ ရင့်သန်လာသဖြင့် ဉာဏ်အမြင်လည်း ကြီးပွား ထက်သန်၍ လာလေတော့၏။ ဥဒယဗ္ဗယဉာဏ် ရင့်သန် ကြီးပွားလာသောအခါ ယောဂီပုဂ္ဂိုလ်ဉာဏ်၌ အသစ် အသစ် ဖြစ်ဆဲဖြစ်သော ရုပ်နာမ်တို့သည် အလွန် အဖြစ် အပျက် လျင်မြန်လှသည်ဖြစ်၍ နေရောင်နှင့်တွေ့သဖြင့် ဆီးနှင်း ပျောက်သကဲ့သို့ရှင်း, ရေပွက်ကဲ့သို့ရှင်း, ရေ၌ တုတ်လှံတံဖြင့် ခြစ်ဆွဲသော အရေးအသားကဲ့သို့ရှင်း, လျှပ်စစ်ပြက်သကဲ့သို့ရှင်း ထင်မြင် လာတတ်ကုန်၏။ တဖန် မျက်လှည့်,တံလှပ်,အိပ်မက်,မီးစက်ကွင်း, ဂန္ဓဗ္ဗ နတ်တို့ မြူးထူးပျော်ပါး ကစားရန် ပြင်ဆင်ထားသော မြို့ကြီးကဲ့သို့ရှင်း, ရေမြှုပ်စိုင်ခဲ,ငှက်ပျောတုံး၏ တာရှည် မခံ အနှစ်သာရမရှိသကဲ့သို့ရှင်း ဤသို့စသည်ဖြင့် ပြော လို့မဖြစ်နိုင်အောင် လွန်စွာ ဆန်းကြယ် ထူးထွေလျက် လျင်မြန်ပုံတွေကို ထင်မြင်လာတတ်ကုန်သည်။

ဤသို့ ရုပ် နာမ် ခန္ဓာတို့၏ ဖြစ်ခြင်းသဘော ပျက် ခြင်းသဘောတို့၌ ရှုမှတ်သော ဥဒယဗ္ဗယဉာဏ် အမြင် သန်၍ ဝိပဿနာဉာဏ် ထက်သန် ကြီးပွား လာသော အခါ ဖြစ်ပေါ်လာဆဲဖြစ်သော ရုပက္ခန္ဓာ တပါးကို ရှုရာ၌ ရုပ်ဖြစ်ခြင်းအကြောင်း ၄-ပါးနှင့်တကွ ရှုမှတ် နေဆဲဖြစ်သော ရုပ် နာမ်ပါ ဥဒယဗ္ဗယ လက္ခဏာ

၁၀-ပါးလုံးကိုပင် တပေါင်းတည်း ထင်မြင်လာပြန်လေ၏။

ဤသို့လျှင် ကြွင်းသော ခန္ဓာ ၄-ပါး တို့၌လည်း ရူပကလာပ်ကဲ့သို့ ဆယ်ပါး ဆယ်ပါ စီ ဖြစ်၍ ဥဒယဗ္ဗယ ဉာဏ် လက္ခဏာ ၅၀- တို့ကိုပင် ထိုးထွင်း၍ သိမြင်နိုင်လေတော့သည်။

ထိုဉာဏ်သည် ဝိပဿနာရှုရာ၌ ရှေးဦးစွာ ပေါ်ပေါက်လာစဖြစ်၍ သေးငယ်နုပျိုလှသဖြင့် "တရုဏဝိပဿနာ"မည်၏။

ဤဉာဏ်သို့ ပေါက်ရောက်လာသောသူကို ဝိပဿနာ အလုပ်၌ တွန့်ဆုတ်ခြင်းမရှိပဲ လွန်စွာ အားထုတ်သော "အာရဒ္ဓဝိပဿကပုဂ္ဂိုလ်"ဟု ခေါ်ဆိုရကြောင်းများကို အဋ္ဌကထာဆရာ မိန့်ဆိုတော်မူသည်။

## ဝိပဿနာ၏ အန္တရာယ် ၁၀-ပါး

ဤကဲ့သို့ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသော ယောဂီ ပုဂ္ဂိုလ်အား ဝိပဿနုပက္ကိလေသ ဟု ဆိုအပ်သော ဆယ်ပါးသော အန္တရာယ်တို့သည် ဖြစ်ပေါ်လာတတ်ကုန်၏။ ထိုကဲ့သို့ ဖြစ်ပေါ်လာသောခါ မဂ်ဟူ၍ အထင် မှားတတ်သောကြောင့် လမ်းမှန် ကျအောင် ပြပေးရန် လက်တွေ့ဆရာကောင်း လို၏။ တွေ့ခဲ့သည့်

အတိုင်း မိမိ၏ ဆရာအား အကုန်အစင် မထိမ်ဝှက်ပဲ ပြောကြားရမည်။ အပေါင်းအဖော် သိတင်းသုံးဖော်ကို မပြောကြားကောင်း။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ တရားကို အားထုတ်ကြရာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ၂-ပါးရှိသည်တွင် သမ္မသနဉာဏ်မှ လွန်မြောက်၍ ဥဒယဗ္ဗယဉာဏ်သို့ ရောက်သောအခါ အန္တရာယ်များ ပေါ်ပေါက်လာတတ်၏။ ထို့ကြောင့် ယခုအခါ ထိုအန္တရာယ် ၁၀-ပါးကို မှတ်သားသိစေရန် ပြဆိုဦးအံ့—

ဩဘာသော, ပီတိ, ပဿဒ္ဓိ၊
အဓိမောက္ခော စ, ပဂ္ဂဟော။
သုခံ, ဉာဏ’မုပဋ္ဌာန၊
မုပေက္ခာ စ, နိကန္တိ စေတိ။

(၁) ဩဘာသ ဟူသည်ကား.... ကိုယ်မှ အရောင်ထွက်ခြင်း။ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်၏ သတ္တိကြောင့် နှလုံးအိမ်၌ အညစ်အကြေး စသော စေတသိက်[?]လတို့သည် ကင်းစင်နေသောကြောင့် သွေးတို့သည်လည်း ကြည်လင်သန့်ရှင်း၍ လာကုန်၏။ ထို

သွေးကို မှီ၍နေသော စိတ်, စေတသိက်, ဝိညာဏဓာတ် တို့သည်လည်း သန့်ရှင်း စင်ကြယ်၍ ပင်ကိုယ် အရောင်ထွက်လာကြကုန်၏။ ထို စိတ်,စေတသိက် နှင့် စပ်၍ နေသော ခန္ဓာကိုယ်သည်လည်း ထိုစိတ်ကို အစွဲပြု၍ အရောင် အလင်းတို့သည် ထွက်လာကုန်၏။ "ပဘာဿရမိဒံ ဘိက္ခဝေ စိတ္တံ"ကို ထောက်လေ။

(၂) ပီတိ ဟူသည်ကား.... ၅-ပါး အပြားရှိသော နှစ်သက်ခြင်းကို ဆိုလိုသည်။ ဥဒယဗ္ဗယဉာဏ်၏ သတ္တိကြောင့် ထိုဉာဏ်၏ အာရုံလျှင် ကိန်းဝပ်သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်၏စိတ်သည် အနည်းငယ် နှစ်သက်ခြင်း ခုဒ္ဒကာပီတိ,တခဏကလေး နှစ်သက်ခြင်း ခဏိကပီတိ, သမုဒ္ဒရာ လှိုင်းတံပိုးထသကဲ့သို သက်လိုက် တက်လိုက် နှစ်သက်ခြင်း ဩက္ကန္တိကာပီတိ, တကိုယ်လုံး ကောင်းကင်သို့ လွင့်စင်လောက်အောင် နှစ်သက်ခြင်း ဥဗ္ဗေဂါ ပီတိ, တကိုယ်လုံးကိုနှံ့သော နှစ်သက်ခြင်း ဖရဏာပီတိ ဝှမ်းဆီထိ ဟူ၍ ရှိနေရင်း ကိုယ်ကြီးသည့် နှင်းပေါက် ကလေးများကျနေသလို အေးစက်စက် ကြီး ဖြစ်၍ နေတာနှင့် တူလှ၏။ မဂ်ဖိုလ်ရပြီလို့ အထင်ကြီးတတ်၏၊ မဂ်ဖိုလ်ကား မဟုတ်။ ဤပီတိ ၅-ပါးတို့တွင် ယောဂီပုဂ္ဂိုလ်အား အထိုက်အလျောက် ၁-ပါးဖြစ်စေ ၂-ပါး ဖြစ်စေ အားလုံးဖြစ်စေ တွေ့ကြုံရတတ်၏။

(၃) ပဿဒ္ဓိ ဟူသည်ကား.... ကိုယ်, စိတ် နှစ်ပါး ငြိမ်းအေးခြင်း။ အကြင်အခါ၌ ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ်၏ ရှေးအဘို့၌ ကိုယ်၏ ပင်ပန်းခြင်း, စိတ်၏ တုန်လှုပ်ခြင်းတို့သည် ရှိကုန်၏။ ထို ကိုယ်စိတ် တို့၏ ပူပန်ခြင်းတို့သည် ဥဒယဗ္ဗယဉာဏ်၏သတ္တိကြောင့် ငြိမ်းအေးခြင်းသို့ ရောက်ကုန်၏။

(၄) အဓိမောက္ခ ဟူသည်ကား.... မိမိ၏အလုပ်၌ အတိုင်းထက် အလွန် သဒ္ဓါတရား ယုံကြည်ခြင်း ထို ယုံကြည်မှု လွန်သောကြောင့် အထက်သို့ တက်လှမ်း၍ အားထုတ်ရလတ္တံ့သော ဉာဏ်စဉ်တို့၌ ခရီးမရောက်ပြီ ဟူလို။

(၅) ပဂ္ဂဟ ဟူသည်ကား.... မိမိ အားထုတ်နေ သော ဥဒယဗ္ဗယဉာဏ် တခုတည်း၌သာ အစွမ်းကုန် ဝိရိယကို ထောက်ပံ့ ခိုင်စေခြင်း။

(၆) သုခ ဟူသည်ကား.... ဝိပဿနာစိတ်နှင့် ယှဉ် သော စေတသိကသုခ ဟု ဆိုအပ်သော လွန်ကဲသော ချမ်းသာခြင်း။

(၇) ဉာဏ ဟူသည်ကား.... ဝိပဿနာဉာဏ် လက္ခဏာရေးသုံးပါးတို့ကို ရှု၍၎င်း, အဖြစ်အပျက်ကို ရှု၍၎င်း ဖြစ်ပေါ်လာသော အလွန် ပြင်းထန်သော ဉာဏ်ကို ဆိုလိုသည်။

(ဂ) ဥပဋ္ဌာန ဟူသည်ကား.... "သတိ"ကို ခေါ်သည်။ ထို သတိသည် ယခု အားထုတ်နေသော ဥဒယဗ္ဗယဉာဏ်၌ ထင်သောသတိကို မဆိုလိုပါ။ အကြင်အခါ၌ ဥဒယဗ္ဗယဉာဏ်၏ သတ္တိထူးကြောင့် အတိတ်ကာလက ပြုခဲ့သော အမှုကြီးငယ်တို့ကို အောက်မေ့တိုင်း အောက်မေ့တိုင်း ဉာဏ်ထဲ၌ ကင်လာသော သတိကိုသာ ခေါ်သည်ဟု မှတ်အပ်၏။ အတိုချုပ်မှာ— မိမိ အားထုတ်နေသော ကမ္မဋ္ဌာန်းကို လွှတ်၍ နောက်နောက်က အမှုကိစ္စတို့ကို စိတ်ကူးတိုင်း သတိပေါ်နေမှုကို ခေါ်ဆိုလိုသည်။

(ဃ) ဥပေက္ခာ ဟူသည်ကား.... လျစ်လျူရှုခြင်းကည်း။ ရပ်နာမ်ဖြစ်ပျက်တို့ကို အမှုမဲ့ အမှတ်မဲ့ ရှု၍ နေတတ်ခြင်း။ ဤ အဖြစ်မျိုးမှာ ရုပ် နာမ် ဖြစ်ပျက် တို့ကို သာမညလောက်သာလျှင် ရှုမြင်ရဘူး၍ ဤမျှလောက် သိရလျှင် ပြီးမြောက်ပြီဟု ထင်၍နေသော ယောဂီများနှင့် ဝိပဿနာကို အားကြိုးမာန်တက် အားထုတ်ပြီး၍ ကျေနပ်လောက်အောင် ရှုမြင်ရဘူးသော သူများတို့သည် နောက်ထပ် ရံခါရံခါ အားထုတ်သောအခါများ၌ သာမညသဘောဖြင့် ပညတ်ရုပ်ကြီးပေါ်၌ ဖြစ်ပျက် ရှိမှန်း သိရရုံလောက် ကိလေသာ မဝင်နိုင်ရုံလောက် ဝတ်ကြေ ဝတ်ကုန်ရှု၍ နေတတ်ခြင်းမျိုးကို

ဆိုလိုသည်။ ဤသို့ ရှုနေခြင်းသည် ရှေ့သို့ မတိုးတက်နိုင်သည် ဖြစ်သောကြောင့် ဝိပဿနုပက္ကိလေသ ဟု ခေါ်၏။

(၁၀) နိကန္တိ ဟူသည်ကား.... ကပ်ငြိခြင်းတည်း။ ဩဘာသ,ပီတိ စသော အရောင်အလင်းတို့ကို နှစ်သက်တပ်မက်နေသော သိမ်မွေ့သော'တဏှာကိုခေါ်သည်။ ဤတဏှာသည် ပဉ္စာရမ္မဏကာမတဏှာတို့ကဲ့သို့ မပြင်းထန်သော်လည်း ရှေးအဘို့၌ တက်လမ်းတွင် အနှောင့်အရှက် အဆီးအတား ဖြစ်နေသောကြောင့် သိဘို့ရန် အလွန်အရေးကြီးပေသည်။

ယောဂီပုဂ္ဂိုလ်သည် ပြဆိုခဲ့ပြီးသော အန္တရာယ် ၁၀-ပါးတို့တွင် များသောအားဖြင့် ဩဘာသ, ပီတိ, သုခ,နိကန္တိတို့နှင့် တွေ့ကြုံသောအခါ မိမိ ကိုယ်ကို "မဂ် ရပြီ"ဟုမှတ်ထင်ပြီးလျှင်"ရှေ့သို့ ငါ၌ ကမ္မဋ္ဌာန်းအလုပ် လုပ်စရာ ကုန်ပြီ၊ လုပ်စရာ မရှိတော့ဘူး" ဟု အထင်ကြီးသော မာန တရားသည် ယစ်မူးစေတတ်သောကြောင့် ဆရာလုပ်သော ပုဂ္ဂိုလ်များက အထူးသတိပြု၍ ဆုံးမရာ၏။ အချို့သော ယောဂီပုဂ္ဂိုလ်၏ သိတင်းသုံးဖော်အထဲမှာ ဤအန္တရာယ်မျိုးကို အဟုတ်ကြီး ထင်နေသောပုဂ္ဂိုလ်တဦးတယောက်ကို တွေ့ဘူး၏။ ထို ပုဂ္ဂိုလ်အား ဩဘာသ,ပီတိ,သုခနှင့်တကွ ဥပဋ္ဌာန

သည် အကြိမ်များစွာ ဖြစ်သဖြင့် ထိုအလုပ်ကို လက်လွှတ်၍ အထက်အဆင့်သို့ တက်ဖို့ရန် တိုက်တွန်းသော ကလျာဏမိတ္တပုဂ္ဂိုလ်ကို အတင်း ငြင်းဆန် နေသဖြင့် ဥဒယဗ္ဗယဉာဏ် စခန်းတွင်ပင်လျှင် ကာလအတော် ကြာသွားသဖြင့် နောက်ဆုံးမှာ ဆရာ့ထံသို့ ခေါ်သွား ပြီးလျှင် တော်တော် တရားဟောပြောရဘူးကြောင်း ကို အထူးသတိပြုစေရန်တည်း။

အမှန် ပြောရမည်ဆိုလျှင် ပုထုဇဉ် ပုဂ္ဂိုလ်အား ရှေးရှေးတုန်းက အိပ်မက်တွင်မျှ မတွေ့ဘူး မမြင်ဘူး သော အတွေ့ထူး အမြင်ထူးကြောင့် စိတ်ဖောက်ပြန်၍ အဟုတ်ဟန်ကျပြီ နေရာကျပြီ မဂ်ဖိုလ် ရပြီဟု အထင် ကြီ မည်ဆိုလျှင်လည်း ကြီးထိုက်ပါပေသည် အပြစ် တင်စရာမဟုတ်ပေ။ သို့သော်လည်း ရှေ့တက်လမ်း စခန်းက အဝေးကြီးရှိသေးသဖြင့်သာ ပြောရပေသည်။ ဤကဲ့သို့ အန္တရာယ်မျိုးနှင့် တွေ့ကြုံရသောပုဂ္ဂိုလ်ပင်လျှင် ယခုခေတ်၌ အတော်ရှားပေလိမ့်မည်။ အန္တရာယ် ဟု ပင် ဆိုရငြားသော်လည်း ပြင်ဖက်က တွေ့နေကျ ဘေး အန္တရာယ်မျိုးကဲ့သို့ မဟုတ်၊ ဝိပဿနာဉာဏ်နှင့် ပတ် သက်၍သာ ဖြစ်ပေါ်လာသောကြောင့် မဂ်ဖိုလ် စခန်း နှင့် နှိုင်းစာ၍သာ အဆိုးဟု ဆိုရပေသည်။ လောကီ အာရုံ ကာမဂုဏ် သုခ ကာမဂုဏ် ပီတိ ကာမဂုဏ်

နိကန္တိ တို့ကဲ့သို့ အပါယ်သို့ သွားစေတတ်သော အကုသိုလ်တရား မဟုတ်သောကြောင့် လောက အတွင်း သူသူငါငါတို့ တွေ့ကြုံနေရသော သုခဆိုး သုခလိမ်တို့ထက် မရေတွက်နိုင်အောင် သာပါသည်ဟု မှတ်ယူအပ်၏။

အချို့ မိမိကိုယ်တိုင် သမထနိမိတ်ကလေးလောက်မျှ မရဘူးပါပဲနှင့် ဟန်တလုံး ပန်တလုံးနှင့် သူတပါးအား ချိုးချိုးဖဲ့ဖဲ့ မပြောကြားအပ်၊ ဓမ္မန္တရာယ်,မဂ္ဂန္တရာယ်, သဂ္ဂန္တရာယ်တို့မှ မကင်းလွတ်နိုင်မည်ကို အထူးသတိ မူနိုင်ကြပါစေသတည်း။ (အကျယ်ကိုလိုမူ ဝိသုဒ္ဓိမဂ်၌ ကြည့်ရှုပါလေ)။

## ဘင်္ဂဉာဏ်

(၅) သင်္ခါရတရားတို့၏ အဖြစ်အပျက်ကို မြင်ရာ၌ အလွန် လျင်မြန်သည်၏ အစွမ်းဖြင့် မြင်လာ ထင်လာ သည် ဖြစ်သောကြောင့် အတည်မရှိရကား ဥပါဒ်ဟုဆို အပ်သောအဖြစ်မျိုး မမြင်ရ၊အပျက်ကိုသာမြင်ရသကဲ့သို့ ဖြစ်သည်ရှိသော် ဥပါဒ်,ဌီတို့ ဉာဏ်၌မထင် အပျက် သာ ထင်သောဉာဏ်သည် ဘင်္ဂဉာဏ် မည်၏။

ဤ ဘင်္ဂါနုပဿနာ ဉာဏ်အရာ၌ ပစ္စုပ္ပန်သင်္ခါရ တရားတို့၏ အပျက်ကို မြင်သောအခါ အတိတ်, အနာ ဂတ် တရားတို့ကိုလည်း ဤနည်းအတူ ပျက်ကုန်သည်

သာတည်း ဟူ၍ ထိုအတိတ်,အနာဂတ် တရားတို့၏ ပျက်သော အခြင်းအရာသည်လည်း ယောဂီပုဂ္ဂိုလ် အား ထင်သည်သာတည်း။

ဘယဉာဏ်

(၆) ဤသို့ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးပါး သောကာလ၌ ဖြစ်သော တရားတို့၏ ဘင်ကို အာရုံပြု၍ အဖန်ဖန် အနိစ္စ, ဒုက္ခ, အနတ္တ ဟူ၍ ရှုသော ယောဂီ ပုဂ္ဂိုလ်အား ဘင်ဉာဏ် အလွန်သန်၍ လာခြင်းကြောင့် အပျက်ကိုသာ မြင်ရကား ထိုဘင်ဉာဏ်မှ ဆက်၍ ထို သင်္ခါရတရားတို့သည် ကြောက်မက်ဖွယ် ရှိကုန်၏ ဟူ၍ ကြောက်မက်ဖွယ် သဘောဖြင့် ထင်လာသော ဉာဏ်သည် ဘယဉာဏ် မည်၏။

ဤ အတိတ်,အနာဂတ်,ပစ္စုပ္ပန် တရားတို့၏ အပျက် ကို မြင်ခြင်းကြောင့် ကြောက်ဖွယ် ထိတ်လန့်ဖွယ် ဟူ၍ ထင်သည် ဟူရာ၌ ဥပမာအားဖြင့် ကာလ ရောဂါ ပလိပ်ရောဂါတွေ ဖြစ်ပွား၍နေသောအခါ၌ လူတို့၏ အသေကောင်တွေကို များစွာမြင်ရလျှင် ၎င်းအနာမျိုး ကို ထိတ်လန့်ဖွယ် ဟူ၍ ထင်သကဲ့သို့တည်း။

ဤသို့ အနိစ္စ ဟူ၍ နှလုံးသွင်းသောသူအား သင်္ခါရ တရားအပေါင်းသည် ကြောက်ဖွယ်ထိတ်လန့်ဖွယ်ဟူ၍ ထင်လာ၏။ ဒုက္ခ ဟူ၍ နှလုံးသွင်းသော သူအား

သံသရာဝဋ် ဖြစ်စဉ်သည် ကြောက်ဖွယ် ထိတ်လန့်ဖွယ် ဟူ၍ ထင်လာ၏။ အနတ္တ ဟူ၍ နှလုံးသွင်းသောသူအား သင်္ခါရတရားတို့သည်၎င်း သံသရာဝဋ်၌ ဖြစ်စဉ်သည် ၎င်း ကြောက်ဖွယ် လန့်ဖွယ်တို့ ဟူ၍ ထင်လာ၏။

## အကြောက် ၃-မျိုး

ဤနေရာ၌ အကြောက် ၃-မျိုးကို ခွဲခြား၍သိရမည်။

(၁) စိတ်ထင်ကြောက်
(၂) သမထကြောက်
(၃) ဝိပဿနာကြောက်

ဤသို့အားဖြင့် ၃-မျိုးရှိပေ၏။ ထိုသုံးမျိုးတို့တွင်—

(၁) စိတ်ထင်ကြောက် ဟူသည်မှာ.... ဆင်ကြီး, ကျားကြီး, ဘီလူးကြီး စသည်ဖြင့် ကြောက်စရာ အာရုံ တခုခုကို စိတ်ညွှတ်မိ၍ ထင်မြင်လာလျှင် ကြောက်မှု လန့်မှု ဖြစ်တတ်၏။ ဤအကြောက်မျိုးသည် စိတ်ထင် (အလွတ်)ကြောက် မည်၏။

(၂) သမထကြောက် ဟူသည်မှာ....သူသေကောင်, အပုပ်ကောင်, အရိုးစု စသည်ဖြင့် သမထ ဆိုင်ရာ ကြောက်စရာ အာရုံ တခုခု ထင်မြင်လာလျှင် ကြောက်မှု

လန့်မှု ဖြစ်တတ်၏။ ဤ အကြောက်မျိုးသည် သမထ ကြောက် မည်၏။

(၃) ဝိပဿနာကြောက် ဟူသည်မှာ....ရေပွက်ပမာ တံလျှပ်ပမာ လျင်မြန်စွာ ဖြစ်ပျက်လျက်နေသော ဖြစ်ပျက် ရုပ်နာမ် ထင်မြင်လာလျှင် ကြောက်မှု လန့်မှု ဆင်ခြင် အောက်မေ့မှု သိမြင်ဆုံးဖြတ်မှုပင် ဖြစ်တတ်၏။ ဤအကြောက်မျိုးသည် ဝိပဿနာကြောက် မည်၏။

## အာဒီနဝဉာဏ်

(၇) ဘယတုပဋ္ဌာနဉာဏ်ကို အဖန်ဖန် ပွားများ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဥပမာအားဖြင့် ကျားကိုကြောက်သော သူသည် ၎င်းကျားကို မြင်သည် ရှိသော် ကြောက်ရအောင် နှလုံးမသွင်းပဲ အလိုလို ကြောက်လာသကဲ့သို့ ထို့အတူ ဘင်ဉာဏ် အထူးအား ကြီး၍ ဘင်ကိုမြင်ခြင်းကြောင့် ဘယဉာဏ် အလိုလို ပေါ်လာပြန်သည်။ ကျားကို မြင်၍ ကြောက်သောသူ အား ထိုကျားသည် ကိုက်တတ် စားတတ်သည်ဟု ကျား၏အပြစ်ကို အလိုလို မြင်လာသကဲ့သို့ ထို့အတူ ဘယဉာဏ်အားကြီးသော ယောဂီပုဂ္ဂိုလ်အားလည်း ထို သင်္ခါရတရားတို့ကို ဆင်းရဲကြောင်းတရား အမှန် ဖြစ်၏ ဟူ၍ သိသောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

ဤ အာဒီနဝဉာဏ်သည် အသီးအခြား အထူးပြုလုပ်၍ အားထုတ်ရသည်မဟုတ်၊ ဘယဉာဏ် ရင့်သန်လာလျှင် အလိုလိုပင် ထင်မြင်ပေါ်ပေါက်လာသည်ဟု ဆိုလို၏။ ဤသို့ ထင်မြင်မှုတို့၌ ဆင်းရဲဒုက္ခဟု ထင်မြင်ခြင်းကို အာဒီနဝဉာဏ်၊ ချမ်းသာသုခဟု ထင်မြင်ခြင်းကို သန္တိပဒဉာဏ် ခေါ်ဆို၏။ ဘေးရန်ဟု ထင်မြင်ခြင်းကို အာဒီနဝဉာဏ်၊ ဘေးရန်မရှိ ဘေးရန်ကင်း၏ဟု ထင်မြင်ခြင်းကို သန္တိပဒဉာဏ်ဟု ခေါ်ဆို၏။

ဤ အာဒီနဝဉာဏ်၌ အပြစ်ဖြစ်သည်ကို မြင်ခြင်း အာဒီနဝဉာဏ်၊ အပြစ်ကင်းသည်ကို မြင်ခြင်း သန္တိပဒဉာဏ်၊ ဤသို့ စသည်ဖြင့် ပဋိပက္ခဖြစ်သော ဆန့်ကျင်ဖက် သဘောကို ယူ၍ အာဒီနဝဉာဏ်၏သဘောအထူးများကို သိမြင်ထင်ရှားအောင် မှတ်သားအပ်ပေသည်။

ပရမတ္ထ သဘာဝအားဖြင့် ရှိနေကြသော ရုပ်နာမ် သင်္ခါရတရားတို့အထဲ၌ မြဲတာ ဟူ၍ မရှိ၊ ချမ်းသာတာ ဟူ၍ မရှိ၊အနှစ်သာရ အတ္တ ဟူ၍ မရှိမှုကို မျက်ဝါးထင်ထင် မြင်ရသကဲ့သို့ ဉာဏ်မျက်စိထဲ၌ ထင်မြင်မှုကြောင့် "ဪ.... သင်္ခါရတရားဆိုတာ ဘာမျှမကောင်းတာတွေပဲ အပြစ်တွေပဲ"ဟု ဉာဏ်မျက်စိထဲ၌ ပေါ်လာမှုပေတည်း။

## နိဗ္ဗိဒါဉာဏ်

(၈) နိဗ္ဗိဒါဉာဏ် ဟူသည်ကား....အာဒီနဝဉာဏ်၌ ပြဆိုခဲ့သောအတိုင်း အလုံးစုံသော သင်္ခါရတရားတို့၌ အပြစ်ဘေးဟု ထင်မြင်သော အာဒီနဝဉာဏ် ထက်သန် အားကြီးလာလျှင် ထို အပြစ်ဘေး ဖြစ်သော သင်္ခါရ တရားစုတို့သည် ပျော်မွေ့ နှစ်သက် သာယာဖွယ် အနည်းငယ်မျှ မရှိ၊စင်စစ်အားဖြင့် ပျင်းမုန်းငြီးငွေ့ဖွယ် ဟု အလိုလိုပင် ဉာဏ်မျက်စိထဲ၌ ထင်မြင်လာတော့ သည်။ ဤသို့ ပျင်းမုန်း ငြီးငွေ့ဖွယ်ဟု အလိုလို ထင်မြင် လာခြင်းသည်ပင်လျှင် နိဗ္ဗိဒါဉာဏ် မည်၏။

ဥပမာအားဖြင့်— ရွှေဟင်္သာမင်းသည် မစင်တွင်း ဒွန်းစဏ္ဍားရွာတို့၌ လွန်စွာစက်ဆုပ် ငြီးငွေ့၍ သီတာ သတ္တရဘန် စသော အိုင်ကြီးတို့၌သာလျှင် ပျော်ပိုက် မွေ့လျော်သကဲ့သို့ရင်း, ကေသရာခြင်္သေ့မင်းကြီးသည် ရွှေချိုင့်၌ လွန်စွာပျင်းမုန်းငြီးငွေ့၍ တောသုံးထောင်၌ သာလျှင် ပျော်ပိုက်မွေ့လျော်သကဲ့သို့ရင်း, ဆဒ္ဒန်ဆင် မင်းသည် မြို့လယ်၌လွန်စွာပျင်းမုန်းငြီးငွေ့၍ ဟိမဝန္တာ ဆဒ္ဒန္တအိုင်၌သာ မွေ့လျော်သကဲ့သို့ရင်း ထို့အတူ နိဗ္ဗိဒါဉာဏ်နှင့်ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်လည်း အလုံးစုံသော တေဘူမက သင်္ခါရတရားတို့၌ မပျော်

ပိုက် မမွေ့လျော် အနိစ္စစသော အနုပဿနာ ၇-ပါး, အနုပဿနာ ၃-ပါး တည်းဟူသော ဘာဝနာတရား တို့၌သာလျှင် ပျော်ပိုက်မွေ့လျော်နိုင်လေသည်။

အထူးမှာ—အထက်တွင် ပြဆိုခဲ့သော ဘယဉာဏ်, အာဒီနဝဉာဏ် နှစ်ပါးနှင့် နိဗ္ဗိဒါဉာဏ် ဤ ၃-ပါးသည် သဒ္ဒါအားဖြင့်သာ ကွဲလွဲထူးခြား၍ အနက်သဘောမှာ တမျိုးတသားတည်း ဖြစ်သည် ဟူ၍ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။

အချို့ ယောဂီ ပုဂ္ဂိုလ်များသည် နိဗ္ဗိဒါဉာဏ်သို့ ရောက်သောအခါမှာ စိတ်ဓာတ် ကျဆင်းပြီး မျက်နှာ ကလေးညှိုးပိန်၍ မသာမယာပဲ စကားမပြောပဲ ဟို သွားချင် ဒီသွားချင် ဖြစ်၍ ထိုသင်္ခါရ တရားတို့နှင့် မပျော်ပိုက်ပဲ စိတ်ဓာတ်ဆုတ်ယုတ်၍ မျက်နှာမသာပဲ ညှိုးပိန်၍ ထိုင်းမှိုင်း ငေးမေ့ နေတတ်သည်။ အချို့က အိမ်သို့ ထွက်ပြေးတတ်သည်။ အိမ်ရောက်တော့လဲ မပျော်မွေ့၊ချက်ခြင်းပဲ ပြန်လာတတ်၏။ အရူးဖြစ်သကဲ့ သို့ ဖြစ်လာတတ်သည်။ ဒီနေရာမှာ ကမ္မဋ္ဌာန်းဆရာ မလိမ္မာခဲ့လျှင် တပည့်ယောဂီမှာ တရားမရ၊ တရား မတွေ့ ဖြစ်တတ်သည်။ တပည့်၏စိတ် ကျနေမှန်းသိလျှင် တပည့်၏ စိတ်ဓာတ် ရွှင်လန်း တက်ကြွ လာအောင် လောကီစကား ရယ်ရွှင်အောင် ပြောဆို ဆုံးမပေးရ၏။

တပည့်၏ မျက်နှာကြည့်ပြီးတော့ ဆုံးမ၍ တပည့်က မျက်နှာ ရွှင်ရွှင်ပျပျဖြစ်၍ တက်ကြွလာမှ တရားအား ထုတ် ခိုင်းရာ၏။ မဂ်ဖိုလ်အမြန်ရပါမည်။ အချိုက ကြာကြာ ဟောပြောမှ ရတာလဲ ရှိ၏။ အချိုက ကမ္မဋ္ဌာန်းဆရာ မလိမ္မာခဲ့လျှင် တပည့်ကို ငေါက်ငမ်း ကြိမ်းမောင်းခဲ့လျှင် ယခုဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ရမဲ့ တပည့် ပျက်စီးသွားတတ်ပါ၏။ ဒီနေရာမှာ လက်တွေ့ဗဟုသုတ ရတဲ့ ဆရာကောင်းလို၏။ နိဗ္ဗိဒါဉာဏ်ရောက်လို့ ဖြစ်တာ တမျိုးပါ။ အဘယ့်ကြောင့် ဖြစ်ပါသလဲဆိုတော့ လျော့လျော့ တရားအားထုတ်သော ပုဂ္ဂိုလ်ဖြစ်တတ်၏၊ ရက်ရှည် လများ တရားအားထုတ်သော ပုဂ္ဂိုလ်များ ဖြစ်တတ်၏။ (အထူးသတိပြုရန် အချက်ပေတည်း)။

### မုစ္စိတုကမျတာဉာဏ်

(၉) မုစ္စိတုကမျတာဉာဏ် ဟူသည်ကား....အထက်တွင် ပြဆိုခဲ့သော နိဗ္ဗိဒါဉာဏ်ရင့်သန်လာသဖြင့် အလုံးစုံသော သင်္ခါရတရားတို့၌ ပျင်းမုန်း ငြီးငွေ့ဖွယ်ဟု ထင်မြင်လာလျှင် ထို သင်္ခါရတရားတို့မှ ထွက်မြောက် ကျွတ်လွတ် လိုသော စိတ်သည် ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်၌ ထင်ရှားစွာဖြစ်ပေါ်လာ၏။ ဤသို့ သင်္ခါရတရားတို့မှ ထွက်မြောက် ကျွတ်လွတ်လိုသော အာသာဆန္ဒ ဖြစ်ပေါ်လာခြင်းသည် မုစ္စိတုကမျတာဉာဏ် မည်၏။

ဥပမာအားဖြင့်— ကွန်ရက်အတွင်းသို့ ကျရောက်သော ငါး, မြွေ၏ခံတွင်းသို့ ကျရောက်သော ဖား, လှောင်ချိုင့်တွင်းသို့ ကျရောက်သော တောကြက်,ကျော့ကွင်းတွင်မိသော သားသမင်, အလမ္ပာယ်၏လက်တွင်းသို့ ကျရောက်သောမြွေ, ညွှန်သို့ ကျရောက်သော ဆင်, ဂဠုန်ခံတွင်းသို့ ကျရောက်သော နဂါး, ရာဟုအသုရိန်၏ ခံတွင်းသို့ ကျရောက်သော လမင်း, ရန်သူဝိုင်းထားသော ယောကျ်ား ဤကဲ့သို့ ငါး-စသော သတ္တဝါတို့သည် မိမိတို့ ကျရောက်သော ထိုထိုနေရာတို့မှ ငုံ့ကွက်တွယ်တာခြင်းမရှိပဲ လျင်မြန်စွာ ထွက်မြောက် ကျွတ်လွတ်ခြင်းငှါ အာသာဆန္ဒနှင့်တကွ များစွာပင်တောင့်တ လိုလားကြလေသည်။ ဤဥပမာအတူ ပျင်းမုန်းငြီးငွေ့ဖွယ်ဟု ထင်မြင်သော တေဘူမက သင်္ခါရတရားတို့မှ ငြီကပ်တွယ်တာခြင်းမရှိနိုင်တော့ပဲ ယောဂီပုဂ္ဂိုလ်၏စိတ်၌ လျင်မြန်စွာထွက်မြောက် ကျွတ်လိုသောစိတ်သည်သာလျှင် အစဉ်စွဲမြဲသောအားဖြင့် အားကြီးစွာ ဖြစ်ပေါ်တည်ရှိ၍ နေလေတော့သည်။ဤသို့သင်္ခါရတရားတို့မှ လျင်မြန်စွာ ကျွတ်လွတ်လိုသော စိတ်ဆန္ဒတရားတို့က ကြီးမားပြင်းထန်စွာ ဖြစ်ပေါ်ခြင်းသည်ပင်လျှင် မုဉ္စိတုကမျတာဉာဏ် မည်၏။

(၁၀) ပဋိသင်္ခါဉာဏ် ဟူသည်ကား.... သင်္ခါရ အပေါင်းတို့မှ ကျွတ်လွတ် ထွက်မြောက်လိုသော မုစ္စိတု ကမျတာဉာဏ် ထက်သန် အားကြီးလာသည် ရှိသော် ထို သင်္ခါရတရား အပေါင်းတို့မှ လွတ်မြောက်ရန် အကြောင်းကို ဆင်ခြင်ရာ အထက်တွင် ပြဆိုပြီးခဲ့သော ဝိပဿနာဉာဏ် ၄၀-၌ အတွင်းဝင်သော လက္ခဏာ ရေးသုံးပါးသည် လွတ်မြောက်ရပေတော့အံ့တည်း ဟူ၍ ထင်မြင်လာ၏။ဤကဲ့သို့ လွတ်မြောက်ရန် အကြောင်းကို ထင်မြင်လာခြင်းသည် ပဋိသင်္ခါဉာဏ် မည်၏။

ထိုအခါ ယောဂီ ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့မှ လျင်မြန်စွာ လွတ်မြောက်စေရန် ဝိပဿနာ ဉာဏ်ဖြင့် လက္ခဏာရေးသုံးပါးသို့ တင်၍ အပြင်းအထန် လွန်ကဲ စွာ စိတ်ဇော ထက်သန်လျက် အဖန်ဖန် အထပ်ထပ် အားထုတ် ရှုလေတော့သည်။

ဥပမာကား—တံငါသည်တယောက်သည် ငါးတို့ကို ဖမ်းအံ့ဟု ငါးအုပ်သော ဆောင်းကို (ဝါ) ငါးထောင် သော မြှုံးကိုယူ၍ ရေ၌ နှစ်သတတ်။ ထို တံငါသည် သည် မြှုံးဝမှလက်ကိုသွင်း၍ ရေထဲ၌ ရေမြွေဟောက် ကို လည်၌ကိုင်ဆုပ်၍ "ငါသည် ငါးကို ဖမ်းမိပြီ"ဟု

နှစ်သက်ရွှင်လန်း ဝမ်းမြောက်၏။ ထိုတံငါသည်သည် "ရောမ ငါးကြီးကို ငါရပေပြီတကား" ဟု လက်ကို မြှောက်ပင့်ချီကြွ၍ ကြည့်ရှုလတ်သော် လည်ရေး သုံးရစ်ကို မြင်သဖြင့် "ရေမြွေဟောက်"ဟု သိလတ်၍ ကြောက်လန့်သဖြင့် ရောက်လတ္တံ့သော အပြစ်ဘေးကို မြင်သောကြောင့် အကြွင်အကြွင် ဖမ်းအပ်သော မြွေကို မစွန့်မူ၍ ယူခြင်း၌ ငြီးငွေ့သည်ဖြစ်၍ လွှတ်လိုသည် ဖြစ်၍ လွှတ်ခြင်း၏အကြောင်းကို ပြုလျက် အမြီးဖျားမှ စ၍ မြွေသည် မိမိကိုယ်ဖြင့် ရစ်ပတ်ထားသော လက်ကို ဖြေ၍ လက်မောင်းကို မြှောက်၍ ဦးခေါင်းအထက်၌ နှစ်ကြိမ်သုံးကြိမ် ပတ်ပတ်လှည့်လျက် မြွေကို အားနည်း အောင် ပြုပြီးမှ "ဟယ် ဆိုးယုတ် ပြက်ချော်သောမြွေ သွားချင်ရာ သွားလေလော့"ဟု စွန့်လွှတ်၍ လျင်မြန် စွာ ကမ်းပေါ်သို့တက်၍ "အို....အချင်းတို့ ငါသည် မြွေဆိုးကြီး၏ ခံတွင်းမှ လွှတ်ရပေပြီတကား"ဟု ဆို၍ လာသော ခရီးကို ကြည့်လျက် တည်၏။

ထို ဥပမာ၌— တံငါသည်၏ ငါးဟူ၍ ရေမြွေ ဟောက်ကို လည်၌ ဆုပ်၍ နှစ်သက်သော အခါကဲ့သို့ ဤယောဂီအားလည်း အစ၌သာလျှင် အတ္တဘောကို ရ၍ နှစ်သက်သော ကာလကို မှတ်အပ်၏။ ထိုတံငါ သည်၏ ဆောင်းဝမှ မြွေဦးခေါင်းကိုထုတ်၍ လည်ရေး

သုံးခုကို မြင်သကဲ့သို့ ဤယောဂီ၏ ဃနသုံးပါး ခွဲခြား ဝေဖန်ခြင်းကိုပြု၍ တေဘူမကသင်္ခါရတို့၌ လက္ခဏာ ရေးသုံးပါးကို မြင်ခြင်းကို မှတ်အပ်၏။ ထို တံငါသည်၏ ကြောက်သောကာလကဲ့သို့ ဤယောဂီ၏ဘယတုပဋ္ဌာန ဉာဏ်ကို မှတ်၏။ ထို မြွေဟောက်ဟု သိသောအခါမှ စ၍ မြွေကြောင့် ဖြစ်လတ္တံ့သော အပြစ်ကို ရှုခြင်းကဲ့သို့ အာဒီနဝါနုပဿနာဉာဏ်ကိုရှုအပ်၏။ ကိုင်သောမြွေကို မလွှတ်မူ၍ ယူခြင်း၌ ငြီးငွေ့သကဲ့သို့ နိဗ္ဗိဒါနုပဿနာ ဉာဏ်ကို မှတ်အပ်၏။ မြွေကို လွှတ်လိုသော အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ လွှတ်ခြင်း၏လွှတ် ရအံ့သောအကြောင်းကိုပြုသကဲ့သို့ ပဋိသင်္ခါနုပဿနာ ဉာဏ်ဖြင့် တေဘူမက သင်္ခါရတို့၌ လက္ခဏာရေး သုံး ပါးကို ထင်ခြင်းကို မှတ်အပ်၏။

ထို့ထက် ထင်ရှားစေဦးအံ့— ထို တံငါသည်မြွေကို ဦးခေါင်းပေါ်၌ ပတ်ပတ်လှည့်၍ အားနည်းအောင် ပြု၍ ပြန်မကိုက်နိုင်အောင်ပြု၍ ကျွတ်ကျွတ်လွှတ်လွှတ် ပစ်သကဲ့သို့ ထို့အတူ ယောဂီသည် လက္ခဏာရေးသုံး ပါးကို ထင်သဖြင့် သင်္ခါရတို့ ပတ်ပတ်မွှေ၍ အားနည်း အောင်ပြု၍ တဖန် နိစ္စ,သုခ,သုဘ,အတ္တ အခြင်းအရာ ဖြင့် ထင်မြင်ခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်သို့ ရောက်

စေ၍ ကျွတ်ကျွတ်လွတ်လွတ် စွန့်လွှတ်၏။ ဥပမာနှင့် ဥပမေယျကို စပ်ယှဉ်၍ ယူကြပါလေ။

## သင်္ခါရုပေက္ခာဉာဏ်

(၁၁) သင်္ခါရုပေက္ခာဉာဏ် ဟူသည်ကား....သင်္ခါရ တရားတို့မှလွတ်ရန် အကြောင်းကို မြင်၍ လျင်စွာ လွတ် မြောက်ရန် အပြင်းအထန် အားထုတ်သဖြင့် ပဋိသင်္ခါ ဉာဏ် ထက်သန်အားကြီးလာသောအခါ ထို သင်္ခါရ တရားတို့၌ ကြောက်ခြင်း နှစ်သက်ခြင်း မပြုပဲ လျစ်လျူ ရှုခြင်း ဥပေက္ခာသဘောသည် ဉာဏ်၌ အလိုလို ပေါ် ပေါက် ထင်မြင်လာ၏၊ ဤသို့ ကြောက်ခြင်း နှစ်သက် ခြင်း မပြုပဲ သင်္ခါရတရား တို့၌ လျစ်လျူရှုခြင်း ဥပေက္ခာ သည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

ဥပမာကား... ယောကျ်ားအား အလိုရှိ၍ ရှာမှီးအပ် သော လှန်စွာလှပတင့်တယ် ရှုချင်စဖွယ်သော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံသော မိန်းမ၏ ခင်ပွန်းယောကျ်ား သည် မိမိမယား၌ လွန်စွာနှစ်သက်၍ ချစ်ခင် စုံမက် လေ၏။ ထိုယောကျ်ား ထိုမိန်းကို အခြားတပါးသော ယောကျ်ားနှင့် စကားရပ်သည်ကိုရင်း, ထိုင်သည်ကိုရင်း စကား တီးတိုးပြောခြင်း အတူနေထိုင်ခြင်း စသော ဖောက်ပြန် ကျင့်ကြံသည်ကိုရင်း တွေ့မြင်ရလေလျှင်

အမျက်ထွက်သည်ဖြစ်၍ နှလုံး မသာမယာ ပြင်းစွာသော ဒေါမနဿဝေဒနာကို ခံစားရရာ၏။

ထို ယောကျ်ားသည် အခါတပါး၌ ထို မိန်းမ၏ မစောင့်စည်းသော အဖြစ်ကို မြင်၍ ထို မိန်းမယုတ်၏ လက်မှ လွတ်လိုသည်ဖြစ်၍ ထိုအယုတ်မကို စွန့်ကွာရာ၏။ ထိုမိန်းမယုတ်ကို ငါ့မယား ဟူ၍ မမှတ်တော့ပြီ။ ထိုသို့ မယားမမှတ် ကွာလတ်သည်မှစ၍ ထိုမိန်းမကို အမှတ်မရှိသော ယောကျ်ားနှင့်တကွ တစုံတရာသော အမှု ပြုလေသည်ကို မြင်သော်လည်း အမျက်မထွက်ရာ၊ နှလုံးမသာခြင်းသို့ မရောက်ရာ။ စင်စစ် သော်ကား ချစ်ခြင်း မုန်းခြင်း မပြုပဲ လျစ်လျူရှုသော ဥပေက္ခာ သဘော ဖြစ်လေတော့သည်။ ဤဥပမာဖြင့် ဥပမေယျကို စပ်ယှဉ်၍ သိကြပါလေ။ ။ထို့အတူ— လင်းနို့ ဥပမာ၊ အိမ်ဥပမာ၊ နွားဥပမာ-တို့ကိုလည်း သိပါလေ။ (ဆဋ္ဌမူ-ဝိသုဒ္ဓိ ၂-ဒု ၂၉၄)

အထူးမှာ— မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ဤဉာဏ်သုံးပါးသည် အနက်သဘော တူမျှ၍ သဒ္ဒါမျှ ကွဲပြား ခြားနားသည်ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။ ဤ သင်္ခါရုပေက္ခာဉာဏ်ကို ဝိပဿနာ၏ အထွတ်အထိပ် ဖြစ်သော အကျင့်

တရား၏ အပြီးအဆုံးသို့ ရောက်၍"သိခါပတ္တဝိပဿနာ ဉာဏ်"ဟူ၍လည်း ဝိသုဒ္ဓိမဂ်၌ မိန့်တော်မူ၏။

သင်္ခါရုပေက္ခာဉာဏ်၏ အဓိပ္ပါယ်မှာကား— ဖြစ်ပျက်သင်္ခါရတို့ကို ဥပေက္ခာအနေဖြင့် စူးစိုက် စွဲလမ်း လျက် တည်ငြိမ်စွာ ရှုမြင်နေရခြင်းကို ခေါ်၏။ ဤသို့ ရှုမြင်ရပုံမှာ ပဋိသင်္ခါဉာဏ်ဖြင့် အလုံးစုံသော ကာယ သမ္ဘသ ဖြစ်ပျက်ပုံတို့ကို အညီအညာ ကြာရှည်စွာ ရှုလာသောအခါ ဝိပဿနာသမာဓိသည် အရှိန်ပိုလျက် လွန်စွာအားကောင်း၏။ထိုအခါ စိတ်သည် မရွေ့ရှားပဲ ဟဒယဝတ္ထုရုပ်၏ တည်နေရာမှနေ၍ ရှုနေဘိသကဲ့သို့ ဖြစ်လာ၏။ ထိုအခါ၌ တကိုယ်လုံး၏ ဖြစ်ပျက်နေရာတို့ သို့ စိတ်ကမလိုက်မသွားတော့ပဲ စိတ်ရှိရာသို့သာ ဖြစ် ပျက်တွေက စုဝေးချဉ်းကပ်၍ လာသကဲ့သို့ ဖြစ်လာ တတ်တော့၏။ဤသို့ ဖြစ်လာသောအခါ တကိုယ်လုံး၌ ရှိသော ဖြစ်ပျက်တို့သည် မနောဒွါရတည်ရာ အလယ် ဗဟိုသို့စု၍ ချဉ်းကပ်လာသလို ဖြစ်ရာ ရေသောက် ဖလားလောက်သော်၎င်း,ထို့ထက် များစွာသေးငယ်၍ သော်၎င်း ဖြစ်ပျက် အစုအဝေးကသေး ထင်မြင်လာရ တော့၏။ဖြစ်ပျက် အစုအဝေးကလေး သေးငယ်၍ လာ သော်လည်း ဖြစ်ပျက် ကာယသမ္ဘသမှာ အလွန်တရာ နူးညံ့သိမ်မွေ့လျက် လျင်မြန်လှ၏။ခွက်ငယ်ကလေးတွင်

တည်ရှိနေသော တံလျှပ်ပမာ လွန်စွာတူလှ၏။ တံလျှပ်နှင့် တွေ့ထိနေသကဲ့သို့ ထိတွေ့မှုတွေ ဖြစ်ပျက်နေတော့၏။ တခါတရံ ဖြစ်ပျက်အစုအဝေးကလေး သည် များစွာ ကျဉ်းမြောင်းသေးသိမ် မှေးမှိန်လျက် ပျောက်ကွယ်သွားလှမတတ် ဖြစ်သွား၏။ တခါတရံလဲ သေးသိမ်မှေးမှိန်နေရာမှ ပို၍ နဲနဲကျယ်ပြန့်လာပြီးလျှင် ပို၍ ထင်ရှားလာတတ်၏။ ဤသို့ ပို၍ ထင်မြင်လာလိုက်တလှည့် မှေးမှိန် သေးသိမ်လျက် တလှည့်နှင့် အကြိမ်ကြိမ် အဖန်ဖန် ဒိသာကာက လင်းယဉ်တိုင် ဥပမာအတိုင်း ဖြစ်ရှိလျက် နေတတ်၏။ ဤသို့ ဖြစ်ရှိနေခိုက်၌ ရှုသိနေသော စိတ်သည် ဗဟိဒ္ဓမှနေ၍ သိရှိနေသကဲ့သို့ မဟုတ်တော့ပဲ မိမိအဇ္ဈတ္တ ပစ္စုပ္ပန်တဲ့တဲ့ ဟဒယဝတ္ထုနေရာမှသာလျှင်နေလျက် သိရှိနေရသည်ဟု အဘိဓမ္မာဒေသနာတော်အတိုင်း တထပ်တည်း ကျနေသည်ကို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်မျက်စိထဲမှာ သဘာဝအတိုင်း ထင်မြင်ပုံ အထူးမှတ်သားထားရန် အချက်ပေတည်း။

သိုရာတွင် "ဟဒယဝတ္ထု နေရာ၌" ဟု ဆိုခြင်းသည် ကား ရှုနေတုန်းက ဟဒယဝတ္ထုရယ်လို့ ခွဲခြမ်းဝေဖန်နိုင်တာမဟုတ်ပဲ ပြီးလို့ သတိရလာတော့မှပဲ "ခြောက်ခုနက ဖြစ်ပျက်တွေ စုဝေး ဖြစ်ပျက်နေတာဟာ ဟဒယဝတ္ထု နေရာကပင်နေ၍ သိရှိနေရတာကလား" ဟု

ယူဆရ၏။ ဤနေရာ၌ မိမိသိသလို သူတပါးအား နား
လည်အောင် ပြောပြရန် အလွန်ခက်၏။ တရားကို
သေသေကြေကြေ သဘောထား၍ မနေမနား ရက်
ရှည် လများ ကြိုးစားအားထုတ်ပြီး အကြိမ်ကြိမ်အချိန်
နာရီ အပိုင်းအခြားမထားပဲ သိမြင်ရဘူးတဲ့ လူချင်းမှ
သာ ပြောရတာ ကောင်း၏။ သိရသမျှ ရေးပြမည်ဆို
လျှင်လည်း လွန်စွာ များပြား ဆန်းကြယ်သဖြင့် ကျမ်း
ကျယ်လွန်းမည် စိုးရ၏။

ဤသို့ တွေ့မြင် သိရှိရခြင်းသည်လည်း ကာယဝိညာဉ်
ဖြင့်သာ သိရတာမျိုးဖြစ်၏။ စက္ခုဝိညာဉ်ဖြင့် မြင်ရတာ
မျိုး မဟုတ်။ ဤကဲ့သို့ ရုပ်နာမ်သင်္ခါရ ဖြစ်ပျက် နေမှုတို့
ကို ဧကဂ္ဂတာစိတ်မျိုးဖြင့် စွဲမြဲ တည်ငြိမ်လျက် ကြောက်
ဖွယ် လန့်ဖွယ် ငြီးငွေ့ဖွယ် နှစ်သက်ဖွယ် တွယ်တာဖွယ်'
ဟူသော စိတ်မျိုး စသည်တို့ကို ပယ်၍ သူ့သဘော
အတိုင်း သူဖြစ်ချင်သလိုဖြစ်လျက် နေပေစေ ဟူသကဲ့သို့
တမင်တကာ အာရုံပြုသောစိတ် လုံ့လပြုသောစိတ်မျိုး
မဖြစ်နိုင်ပဲ မဖြစ်ပဲ မရှိပဲ ဥပေက္ခာအနေဖြင့် လျစ်လျူ
ရှုလျက် ဧကဂ္ဂတာသမာဓိ ဖြစ်လျက် နေရသည်ဖြစ်၍
သင်္ခါရုပေက္ခာဉာဏ်ဟု ခေါ်၏။ သင်္ခါရုပေက္ခာဉာဏ်
ဖြစ်နေခိုက်၌ အနိစ္စရှုနေသော စိတ်သည် ဟိုရောက်
ဒီရောက်နှင့် မပြောင်းလွဲနိုင်တော့ပြီ။သင်္ခါရအာရုံ တခု

တည်း၌သာလျှင် ဧကဂ္ဂတာသမာဓိ ဖြစ်လျက် ခိုင်မြဲ တည်ငြိမ်စွာ အလိုက်သင့် အနုံစွ ရှုမြင်ရလျက်သာ ဖြစ် ရှိ၍ နေရတော့၏။ ။(အထူး မှတ်သားထားချက် အမိပ္ပါယ်တည်း)။

## အနုလောမဉာဏ်

(၁၂) အနုလောမဉာဏ် ဟူသည်ကား.... သဒ္ဓါ နှင့် ဝီရိယ,သမာဓိနှင့်ပညာတို့ ညီမျှသဖြင့် သတိသည် လွန်စွာထင်၍ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်လာသော အခါ အကြိမ်များစွာပြုသော ယောဂီ ပုဂ္ဂိုလ်အား သက်ဝင်၍ နှလုံးသွင်းတတ်သော သဒ္ဓါသည် အထူး အားကြီးစွာဖြစ်၏။ဝီရိယသည် အမျိုးမြောက်၍ဖြစ်၏။ သတိသည် လွန်စွာ အာရုံသို့ ရှေးရှုတည်၏။ ယခုပင် နိဗ္ဗာန်ကို အာရုံပြုသော သောတာပတ္တိမဂ္ဂ ဝီထိစိတ် သည် ဖြစ်ပေါ်လာ၏။ ဤသို့ မဂ္ဂဝီထိစိတ် ဖြစ်ပေါ်ခြင်း သည်ပင်လျှင် အနုလောမဉာဏ် မည်၏။

ဤ အနုလောမဉာဏ် ဟူသည် ဥဒယဗ္ဗယဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ်အဆုံး ဤ ရှစ်ပါးသော ဉာဏ်နှင့် သဘောအားဖြင့် ညီမျှသောကြောင့် "အနုလောမ ဉာဏ်"မည်၏။ ၎င်းဉာဏ်သည် မဂ်စိတ်ဖြစ်ပေါ်ခြင်းကို ဆိုသဖြင့် ကျင့်ကြံအားထုတ်ရသော ဝိပဿနာဉာဏ်

မျိုး မဟုတ်ပေ။ ဤဉာဏ်သည် သဘောကလေးသက်သက် သစ္စာလေးပါးကို သိမြင်ခြင်းအားလျော်သဖြင့် "သစ္စာနုလောမိကဉာဏ်"ဟူ၍လည်း ခေါ်ဆိုလေ၏။

ဥပမာအားဖြင့်—တရားစောင့်သောမင်း၌ အမတ်ရှစ်ယောက်ရှိ၏။ ထို မင်း,အမတ်တို့ တရားဆုံးဖြတ်ကြရာ အမတ်ရှစ်ယောက် ဆုံးဖြတ်သော သဘောနှင့် မင်းဆုံးဖြတ်သော သဘောသည် ညီမျှ၏။ ဤ ဥပမာ၌ အမတ်ရှစ်ယောက်နှင့် ရှေးဉာဏ်ရှစ်ပါး၊ မင်းနှင့် အနုလောမဉာဏ်၊မြွေသတ်ဖြတ်ထုံး ဥပဒေနှင့် ဗောဓိပက္ခိယစသော တရား၊ ဆုံးဖြတ်ခြင်း ညီမျှသည်နှင့် လက္ခဏာစသော သဘောတို့ လျော်ခြင်း ဖြစ်၏။ဤသို့ စသည်ဖြင့် ဥပမာနှင့် ဥပမေယျကို စပ်ယှဉ်၍ သိရှိကြပါလေ။

## ဂေါတြဘု-မဂ်-ဖိုလ်ဉာဏ်

(၁၃-၁၄-၁၅) သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်တို့ဖြင့် ခန္ဓာငါးပါးတို့ကို ဝိပဿနာဉာဏ် လေးဆယ်တို့ဖြင့် တပါးပါး ထင်မြင်သော အဆုံးသည် "အနုလောမဉာဏ်"မည်၏။ ထိုသဘောတို့ ချုပ်ငြိမ်းခြင်းကို ထင်မြင်မှုသည် "မဂ်မည်၏"ဟု ဆိုလိုသည်။ မီးလျှံ မီးတောက်တို့ ငြိမ်းပျောက်သော်လည်း အရှိန်လောက်မျှ ကြွင်းကျန်သော အပူကို အေးငြိမ်းခြင်းသို့

ရောက်အောင် နောက်ထပ် ရေလောင်းသကဲ့သို့ မဂ်ဉာဏ်ဖြင့် ပယ်ပြီးသော ကိလေသာကို ဖိုလ်ဉာဏ်ဖြင့် ထပ်မံ၍ အေးငြိမ်းစေကြောင်း မဂ်စိတ်နှင့်ဆက်၍ ဖြစ်သော စိတ်ကိုပင် "ဖိုလ်ဉာဏ်" ဟု ခေါ်ဆိုရလေသည်။

ဤဆိုအပ်ခဲ့ပြီးသော ဉာဏ်လေးပါးတို့သည် အနိုက်အတန့် သဘောများကို ခေါ်သောနည်း အမည်အားဖြင့် ပြားသော်လည်း ဖြစ်စဉ်မှာ ဝီထိတချက်တည်းဖြစ်၍ စိတ်အစဉ်မပြတ် အကြားအလပ်မရှိပဲ တချက်တည်း ဆက်စပ်၍ ဖြစ်ကြလေ၏။

အထူးမှတ်ချက် အဓိပ္ပါယ်ကား— အန္တရာယ်လွတ်ပြီးသော ဥဒယဗ္ဗယဉာဏ် တစိတ်မှစ၍ အနုလောမဉာဏ် တိုင်အောင်သော ဉာဏ်များသည် အကျင့် စင်ကြယ်သောကြောင့်"ဉာဏဒဿနဝိသုဒ္ဓိ"မည်၏။ ဂေါတြဘူဉာဏ်သည် ရှေ့နောက် ပဋိပဒါနှစ်ပါး မဝင်ပဲ မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်၏ဟု မှတ်အပ်ပေသည်။

ပြဆိုခဲ့သောစကားအရ ဉာဏ်လေးပါးတို့ ဝီထိတခုတည်း၌ ကျပုံမှာ သင်္ခါရုပေက္ခာဉာဏ် တဖက်ကမ်းရောက်သောသူသည် နိဗ္ဗာန်ကိုမြင်၍ ဖြင့် "အနိစ္စတော"အစ "သံကိလေသိဓမ္မတော" အဆုံး ရှိသော ဝိပဿနာ လေးဆယ် တို့တွင် အနိစ္စတော-၏ အရ မဂ်သို့ရောက်သော ဝိပဿနာဖြစ်သောကြောင့် သင်္ခါရ

ပေက္ခာဉာဏ်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မည်၏။ ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာ မည်သော သင်္ခါရုပေက္ခာဉာဏ် အနိစ္စာနုပဿနာဖြင့် ယခုပင် အနိမိတ္တမဂ်သို့ ဝင်ခြင်းငှါ တပါးပါးသောဒွါရ၌ အာရုံထင်သည် ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ် ဖြစ်ခိုက်ထင်သော နာမ်ရုပ်ကို မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်၍ ဘဝင်သို့ သက်လေ၏။ ထို့နောက် ဘဝင်မှထ၍ မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်ရုပ်ကိုပင် အာဝဇ္ဇန်းဖြင့် ဆင်ခြင်၏။ အဆုံးတိက္ခပုဂ္ဂိုလ်အား နှစ်ကြိမ်,မန္ဒပုဂ္ဂိုလ်အား သုံးကြိမ်-ပရိကံ, ဥပစာ,အနုလုံ မည်သော အနုလောမဉာဏ်ဖြင့် မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်ရုပ်ကိုပင် "မမြဲ, မမြဲ, မမြဲ"ဟု သုံးကြိမ် အာရုံပြု၏။ အနုလောမဉာဏ်၏အဆုံး ပုထုဇဉ်တို့၏အနွယ်ကို ဖြတ်သောအားဖြင့် လွန်၍ အရိယာတို့၏ အနွယ်သို့ ဝင်သောအားဖြင့် သက်၍ ပုထုဇဉ် တဖန်တခေါက် နောက် ပြန်မရောက်သော ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံ ပြု၏။ ဂေါတြဘူဉာဏ်၏အဆုံး၌ ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ, သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ, မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စ

ဤမဂ်ကိစ္စလေးချက်ကို တပြိုင်နက်ပြီးစေလျက် သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။ သောတာပတ္တိမဂ်၏ အဆုံး၌ တိက္ခပုဂ္ဂိုလ်အား သုံးကြိမ်,မန္ဒပုဂ္ဂိုလ်အား နှစ်ကြိမ် သောတာပတ္တိဖိုလ်ဖြင့် အဇ္ဈတ္တ,ဗဟိဒ္ဓမှ ထသော မဂ်ပယောဂ သမ္ပဿဒ္ဓိငြိမ်းသော ပဋိပဿဒ္ဓိပဟာန် ဖိုလ်အကျိုးကို ခံစားခြင်းငှါ နိဗ္ဗာန်ကို နှစ်ကြိမ် သုံးကြိမ် အာရုံပြု၍ ဘဝင်သို့ သက်လေ၏။ ဤသို့ မဂ်ဝိထိအစဉ်ကို သိမြင်အပ်ပေသည်။

အထူးမှာကား— ဤမဂ်စိတ် ဖြစ်ပေါ်သောအခါ သစ္စာလေးချက် တပြိုင်နက်ပြီးသည် ဆိုရာ၌ သစ္စဉာဏ်လေးချက်, ကိစ္စဉာဏ်လေးချက်, ကတဉာဏ်လေးချက်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် မဂ်စိတ်ဖြစ်ပေါ်သော ဝိထိ၌ "ပရိညာ,ပဟာန,သစ္ဆိကိရိယ,ဘာဝနာ" ဟု စိတ်အစဉ်လေးပါးကို မှတ်ထားအပ်ပေ၏။

ထိုလေးပါးတို့တွင် ပရိညာသည် ဖြစ်ပျက်သမျှ ဒုက္ခဟု သိ၏။ ပဟာနသည် သိသောသဘော မဂ်ဟု သိ၏။ သစ္ဆိကိရိယသည် သိသောသဘော မသိပျောက် သမုဒယပယ်၏ဟုသိ၏။ဘာဝနာသည်မသိပျောက်ခြင်းကြောင့် ဖြစ်ပျက်ခြင်းအကျိုးကင်း နိဗ္ဗာန်ဟု သိ၏။ ဤ သိခြင်းသဘောလေးပါးသည် "သစ္စဉာဏ်လေးချက်" မည်၏။

တချက်တည်းဖြစ်သော မဂ်စိတ်သည်.... ဒုက္ခသစ္စာကို ပိုင်းခြားသော ပရိညာကိစ္စ,သမုဒယသစ္စာကို ပယ်သော ပဟာနကိစ္စ, မဂ္ဂသစ္စာကိုပွားသော ဘာဝနာကိစ္စ,နိရောဓသစ္စာကို မျက်မှောက်ပြုသော သစ္ဆိကြိယာကိစ္စ ၄င်းကိစ္စလေးချက်သည် တပြိုင်နက် ဖြစ်၏။ဤကိစ္စ ဉာဏ် လေးပါးသည်"မဂ်ကိစ္စလေးချက်"မည်၏။

ဒုက္ခသစ္စာကို ပိုင်းခြားပြီး-သမုဒယသစ္စာကို ပယ်ပြီး နိရောဓသစ္စာကို မျက်မှောက်ပြုပြီး-မဂ္ဂသစ္စာကို ပွားပြီး ဟု မဂ်ဖိုလ်၏နောက်၌ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်လေးပါးသည်"ကတဉာဏ်လေးချက်" မည်၏။

ဤသို့ တမဂ်တမဂ်၌ သစ္စဉာဏ်လေးချက်,ကိစ္စဉာဏ်လေးချက်,ကတဉာဏ်လေးချက်အားဖြင့် သုံးပါးလေးလီဖြစ်၍ ဉာဏ်သရုပ်အားဖြင့် တဆဲ့နှစ်ပါး အပြားရှိသည်ကို မှတ်သားအပ်ပေသည်။ ထို့ကြောင့် တရားထူးရသော ယောဂီ၏ ဉာဏ်၌ ကွဲပြားခြားနား၍ မသိနိုင်ပေ။မသိနိုင်တာကိုလည်း သိရဘိသကဲ့သို့ ရေးပြရန်မဝံ့၊ ဘုရားသခင်၏ ရွှေဉာဏ်တော်အရသာ ဖြစ်၏။

### ဝေဒနာသဘော ပေါ်လာပုံ

ဤကဲ့သို့ ပျက်တာတွေကို အနိစ္စရှုနေရင်း ရုပ်နာမ်သင်္ခါရ တဖွားဖွား မှုန်မှုန်မွှားမွှား ကလေးတွေကို

အနိစ္စရှိနေသည်ကို ပူ၍လာတတ်၏။ ရုပ်နာမ် သင်္ခါရ ခန္ဓာငါးပါးဆိုတာ ပရမတ်သဘော ခေါ်၏။ ပုဂ္ဂိုလ်, သတ္တဝါ, ကိုယ်ကောင်ကြီးဆိုတာ ပညတ်ဟု မှတ်ကြပါလေ။ ပူ၍လာသောအခါ တကိုယ်လုံးပင် မခံမရပ်နိုင်အောင်ကဲ့သို့လည်း ပူလာတတ်၏။ စိတ်ကလည်း ဒုက္ခကြီးထင်၍ ငြီးငွေ့လျက် နေ၏။ ဤကဲ့သို့ ထင်လျက်နေရင်း ရုပ်နာမ်သင်္ခါရ တဖွားဖွား တဒိတ်ဒိတ်တို့သည် ဝေဒနာ ခံရဘိ သကဲ့သို့ ဖြစ်နေ၏။ မခံရပ်နိုင်အောင်လိုလို ပူ၏။ နာ၏။ ထုံကျဉ်၏။ ရေနွေးနှင့်ပြုတ်ထားသကဲ့သို့ ဖြစ်နေ၏။ ဝေဒနာ ဥပေက္ခာဖြစ်၍နေ၏။ အမျိုးမျိုးဖြစ်တာကို ခံနေရ၏။ရေတွက်ခြင်းငှါ ပြောပြခြင်းငှါ မစွမ်းနိုင်လောက်အောင် များ၏။ကိုယ်ကြီးဟာ လှုပ်မရ ကြွမရ ခြေလက်တွေ သေနေ့သကဲ့သို့လည်း ဖြစ်နေတတ်၏။ ထိုအခါ စိတ်ထဲက အားထုတ်တာကို လျှော့လိုက်ချင်သောစိတ် မကြာမကြာ ပေါ်လာတတ်၏။ မလျှော့အပ်ပါ။အနိစ္စရှိမြဲရှိပါလေ။ လျှော့လိုက်လျှင် ဝိပဿနာအနှောရာယ်ဆိုတဲ့ ဩဘာသ အရောင်အလင်း ပညတ်အမျိုးမျိုးတွေ ပေါ်လာတတ်ပါသည်။ အမှားဖြစ်၏။ မလိုက်ရာ မှတ်ပါလေ။

ဤမျှလောက် မခံသာအောင် ရုပ်နာမ် တဖွားဖွား တဒိတ်ဒိတ်တို့ဖောက်ပြန်နေသောအခါ "ရုပ်နာမ်တို့၏

ဖောက်ပြန်နေမှုမှ လွတ်အောင် အားထုတ်ထားဆို ကောင်းမလား၊ လျှော့လိုက်ရ ကောင်းမလား၊ ဆက်ပြီး အားထုတ်မြဲ အားထုတ်သွားရလျှင် ကောင်းမလား” ဟု ကြံဆတတ်ကြ၏။ ဤကဲ့သို့ လွတ်မြောက်လိုသော သဘောကိုပင် ရှိ၏။ ဤအခါ၌ “နေရာပြင်လိုက်လျှင် ကောင်းမလား၊ မပြင်ပဲနေရလျှင် ကောင်းမလား” ဟု တောင်တွေး မြောက်တွေး တွေးနေလျှင် ဉာဏ်အမြင် လျော့၍ သွားတတ်၏။ ရုပ်နာမ်တဖွားဖွား တဒိတ်ဒိတ် တို့၏ ဖောက်ပြန်မှု သက်သာ၍ကား သွား၏။ သက်သာ သော်လည်း မကောင်း မှတ်ထားပါလေ။ ဆက်၍ အနိစ္စရှုရ၏။ ဆက်၍ အနိစ္စရှုနေလျှင် ကြာတော့ခါ မခံသာအောင် ဖြစ်တဲ့ ဝေဒနာ သဘော တွေဟာ တကိုယ်လုံး အညီအညွတ်ဖြစ်၍ သွားလတ္တံ့။ ညီညွတ် သွားသောအခါ လွန်စွာပူတာတခုပဲ တွေ့လတ္တံ့။ ပူပေမဲ့ တကိုယ်လုံး တညီတညာတည်း ပူ၍ ပျက်နေသော ကြောင့် ခံသာ၏။ ဤကဲ့သို့ အညီအညွတ် အနိစ္စရှုနေ သည်ကို စိတ်၌ မခံသာတာတွေ ညီမျှ၍ အနိစ္စကိုသာ အလိုက်သင့် အာရုံပြု၍ နေရတော့သည်။ ဤကဲ့သို့ အာရုံပြုရင်း ပူသော ဆူသော ဝေဒနာတို့သည် တညီ တညွတ်တည်းပင် တိုး၍ တိုး၍ လာလေ၏။ လာသော် လည်း မခံသာလှဘူး ဟူ၍ မဖြစ်လှာတော့ပေ။ ပူအား

ကြီး၍သာ တကိုယ်လုံးမှ အပူခိုးတွေမှုတ်၍ ပန်းပြီး မိမိကိုယ်ကို လောင်မြှိုက်၍ လောင်မြှိုက်၍ နေသကဲ့သို့ ဖြစ်လာလေ၏။ဖွားဖွားဒိတ်ဒိတ် အနိစ္စစိုက်၍ ရှုမြဲတိုင်း ပင် ရှုပါ။ဤအခါ၌ စိတ်သည် တောင်တောင် မြောက် မြောက်သို့ မကြံမဆ မတွေးတောတော့ပေ။စိတ်၏ပြေး သွားခြင်း မဖြစ်တော့ပေ။စွဲမြဲစွာ ဧကဂ္ဂတာစိတ်မျိုးဖြစ် လျက် အနိစ္စရှု၍ နေလေတော့၏။ ပူသော ဝေဒနာ ပြင်းပြသော ဝေဒနာကား တကိုယ်လုံး ညီမျှသွား၍ ခံသာ၏။ ဝေဒနာဥပေက္ခာဖြစ်၍ နေလေ၏။ ဤသို့ကဲ့ သင်္ခါရဖြစ်ပျက် တဖွားဖွား တဒိတ်ဒိတ်ကို ဥပေက္ခာ စိတ်နှင့်ရှုနေသောအခါ စိတ်၏ရွေ့လျောခြင်း ပြောင်း သွားခြင်းမရှိပဲ တခြား ဘာကိုမျှ မတွေးပဲ ဖြစ်ချင်သလို ဖြစ်နေပေစေဟု အမှတ်တမဲ့ ကြည့်နေသကဲ့သို့ စွဲစွဲမြဲမြဲ အနိစ္စရှုနေရာ၏။ ဤကဲ့သို့ သင်္ခါရ တဖွားဖွား တဒိတ် ဒိတ်ကို ဥပေက္ခာအနေနှင့် အနိစ္စရှုနေတုန်း ထိုရှုနေ သည့် သိမြင်နေသည့် သင်္ခါရ တဖွားဖွား တဒိတ်ဒိတ် သိမ်မွေ့နူးညံ့သော တရားတို့မှ ရုတ်တရက် လွန်မြောံ၍ သွားတတ်၏။အသံပေးပြီး အာရုံသင်္ခါရရော ဝိပဿနာ အသိစိတ်ကလေးရော ချုပ်ငြိမ်း မဲ့ပျောက်သွားတော့ ၏။ တခြား ဘာကိုမှ မသိပဲ နေတော့၏။

အချို့ ယောဂီပုဂ္ဂိုလ်များမှာ သင်္ခါရ တဖွားဖွား တဒိတ်ဒိတ် တဖြေးဖြေး သိမ်မွေ့ နူးညံ့၍ ပျောက်နေတတ်၏။ ဝိပဿနာ အသိစိတ်ကလေး ကျန်နေတတ်သည်။ အသိစိတ် မချုပ်ဟု မှတ်သားထားပါ။ အသိစိတ်ကို အသိစိတ်ချင်း အထပ်ထပ် ထိမိအောင် အနိစ္စရှုနေရာသည်။ ကြာကြာအနိစ္စရှုသောအခါ အသိစိတ်ကလေးလဲ ချုပ်ငြိမ်း မွေ့ပျောက် သွားတော့သည်။ ဝိပဿနာဉာဏ်စဉ် ဆုံးသွားသည် ခေါ်၏။ ဟုတ်သည် မဟုတ်သည် ခဏခဏ ၅-မိနစ် ၁၀-မိနစ် နာရီဝက် တနာရီ ဝင်စားကြည့်ရသည်။ ပဌမ,ဒုတိယ အချိန်နာရီ ပို၍လဲ နေတတ်၏။ လို၍လဲ နေတတ်၏။ အကြိမ်များများ ဝင်စားကြည့်ပါလေ။ ကိုက်ညီလာလျှင် ဤကဲ့သို့ ညီညွတ်လာလျှင် မှန်၏။ မှတ်သားထားရန် အချက်ပေ' တည်း။

**အထူးမှတ်ချက်**— ညောင်လွန့်တောရ ဒုတိယဆရာတော်ကြီး ဆုံးမပုံကား....“ဒုက္ခလက္ခဏာ ထင်လာလျှင် ပင်ပန်းအောင် ဖြစ်လာတတ်သည်၊ စိတ်လည်း မချမ်းမသာ ရှိတတ်သည်၊ ကိုယ်မှာလည်း သေရတော့မတတ် လွန်စွာဆင်းရဲသော ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်၍ လာတတ်သည်၊ ဤဒုက္ခတွေကို မခံနိုင်သည့်အတွက် ဝိပဿနာကို အားမထုတ်နိုင်ပဲ ဖြစ်၍ နေတတ်သည်၊ သတိကို

အလွန်ထား၍ ကြီးစားအားထုတ်နိုင်မှ ဖြစ်သည်၊ အနုသယကိလေသာရန်သူ အားကြီးလျှင် ကြီးသလောက်ပင် အလွန်ဆင်းရဲပါသည်၊ ကိလေသာနှင့် စစ်ထိုးရသော အလွန်ကြီးကျယ်သော စစ်ပွဲကြီး ဖြစ်သည်”ဟု မိန့်တော်မူ၏။(ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ခေါ်ဆိုနိုင်၏)

## ဉာဏ်နယ်ရောက်၍ လွဲတတ်ပုံ

ကိလေသာနယ်လွန်၍ ဉာဏ်နယ်ရောက်ခိုက် ဓမ္မသဘောအရ အာရုံမှန်ဖြစ်နေသော ရုပ် နာမ် အာရုံ အကြမ်းမှ အနုထိ ဆင့်ကာဆင့်ကာ ထင်လာစဉ် ထိုထင်လာခိုက်မျှတွင် မတန့်နားပဲ ထိုအာရုံပေါ်၌ ကျော်နင်းမိခဲ့လျှင် ဝမ်းမြောက်မိလျှင်လဲ ဉာဏ်အာရုံပြောင်းသွား ပျောက်သွားတတ်ပြန်သည်။ “ဩော်....ဒီလိုပါလား၊ ဟိုလိုပါလား”စသည်ဖြင့် စဉ်းစားချက် စိန္တာမယဉာဏ် ဝင်လာပြန်လျှင်လဲ ဉာဏ်အာရုံသည် ပြောင်းသွား ပျောက်သွားပြန်သည်။ ထို့ပြင် အပျက်အာရုံနှင့် ဘေးထင်မှုဝင်လာ၍ အလွန်ကြောက်သွား တွန့်သွားပြန်လျှင်လဲ ဉာဏ်အာရုံသည် ပြောင်းသွား ပျောက်သွားတတ်ပြန်သည်။ ထို့ကြောင့် ဉာဏ်မှာ အာရုံမှန်ထင်နေခိုက်တွင် ဝမ်းလဲ မသာရ၊ ဝမ်းလဲ မနဲရ၊ ကြောက်လဲ သိပ်မကြောက်ရ၊ တွန့်လဲ သိပ်မတွန့်ရ၊ ပိုပြီးလဲ မစဉ်း

စားရ၊ တွေးဆလဲ မနေရပေ။ ပေါ်နေတဲ့ အဇ္ဈတ္တပစ္စုပ္ပန် ရုပ်နာမ် အာရုံပေါ်မှာသာ မျက်ခြေမပြတ်ရုံ အနိစ္စရှု မှတ်နေကာမျှသာ ဖြစ်ရသည်။ မဇ္ဈိမပဋိပဒါခေါ် စိတ် မှန်မှန် ထားလိုက်ရုံသာ ရှိသည်။ "အပိုအလို မလုပ်ရ" ဟု အထူးမှတ်သားထားရန် အချက်ပေတည်း။

အကယ်၍ ဖော်ပြပါသည့်အတိုင်း မဇ္ဈိမပဋိပဒါ မထားမိ၍ ဝမ်းသာမှု စဉ်းစားမှု ဝေဖန်မှု စသည် ဝင် လာလျှင် ဓမ္မသဘောလွတ်ပြီး ငါ့သဘောတွေ ဝင်လာ တော့သည်၊ ငါ့သဘော ဝင်လာခဲ့သော် ဓမ္မသဘော ပျောက်ပြီး မောဟခေါ် အမှောင်ထုတ်ဖုံးမြဲ ပြန်ဖုံး၍ ဝိဇ္ဇာကွယ်ပြီး အဝိဇ္ဇာခြယ်လှယ်တော့၏။ ဤကဲ့သို့ ငါ ဝင်မှုဟာ အလွန် သိမ်မွေ့လှသဖြင့် အတတ်မဆန်းမိ ရန် လိုလှ၏။ ထို့ကြောင့် အာရုံမှန် ပေါ်နေခိုက်မှာ ထို အာရုံအပေါ် စိတ်ကလေး ကပ်လိုက်သွားရုံသာ ရှိစေသင့်သည်။ အလွန်ကြိုးပမ်းမှုလဲ မဖြစ်စေရ၊ သိပ် လျော့ပစ်မှုလဲ မရှိစေရ၊ မှန်မှန်ခေါ်တဲ့ မဇ္ဈိမပဋိပဒါ ဗဟိုစိတ်ထားသဘောမျှကျရုံ အနိစ္စ ရှုနေရ၏။ အလွန် နှင့်အပို အရော့ကိုသာ များစွာရှိသည်။ မဇ္ဈိမပဋိပဒါ မဖြစ်တာ များစွာရှိသည်။ အထူး မှတ်သားထားရန် အချက်ပေတည်း။

။ဉာဏ်နယ်ရောက်၍ လွဲတတ်ပုံ ပြီး၏။

## ဝေဒနာသဘော ပေါ်သောအခါပုံ တမျိုး

ပဉ္စမ သမထတရား စထိုင်၍ တနေ့ထဲ တရားအား ထုတ်သောအခါ ဝိပဿနာဖြစ်ပျက် တဖွားဖွား ဟာဒိတ် ဒိတ် ရောက်သွားသော ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်၍ဝပ်နေပါသည်။ ဘဝင်အဇ္ဈတ္တမှာဖြစ်ပျက်ဖွားဖွား ဒိတ်ဒိတ်ကို အနိစ္စ မှန်မှန်ကလေး စိုက်၍ကြည့်ရှု ရှိနေ တာကို သိမြင်သလို ဖြစ်လာပါသည်။ ထိုအခါ ပို၍သိရန် ဖြစ်ပျက် ဖွားဖွား ဒိတ်ဒိတ် ထားတဲ့စိတ်ကို ဖိ၍ အနိစ္စ ကြည့်ရှုရသည်။ ဖိ၍မရတော့ အနိစ္စကြည့်ရှုရသည်။ ထိုအခါ ဆတ်ဆတ်တုန်လာပါသည်။ အသာ စိတ်ကို ဖော့၍ ထားလိုက်ရသည်။ နေသားတကျဖြစ်၍ အတော် လေး ကြာတော့ကွေးထားတဲ့ ဒူးခေါင်းထဲက ကိုက်လာ ပါသည်။ ခြေမျက်စိတဖက်ကလဲ နာလာပါသည်။ ခါးက လဲပြတ်မတတ်နာ၊ အောံပိုင်းတပိုင်းလုံး တမျိုးပြီးတမျိုး ကိုက်ခဲလှသဖြင့် ဘဝင်အဇ္ဈတ္တ ဖြစ်ပျက် ဖွားဖွား ဒိတ် ဒိတ် ထားသော စိတ်ကို အောင့်အည်း၍ ဖိထားရာက ချွေးသီး ချွေးပေါက်များ ကျဆင်းသည်ကို အောင့် အည်း၍ ခံနေရပါသည်။ အနိုင်မခံ အရှုံးမပေးရုံသာ ဒုက္ခဝေဒနာကြီးကို ဘဝင်က ဖြစ်ပျက် ဖွားဖွား ဒိတ် ဒိတ်ကို မှတ်သောစိတ် မရွေ့အောင် ရှုးရှုးစိုက်စိုက် အနိစ္စ မှန်မှန်ကလေး ကြည့်ရှုသွားရပါသည်။ ဘဝင်

စိတ်ဖြင့် ပစ္စုပ္ပန်နည်းအရ ထိုး၍သွင်းလိုက်ရာ ထိုး၍ ဝင်စတော့ ပိုနာတယ်၊ အလွန်နာတယ်၊ ပူတယ်၊ အလွန်ပူအားကြီးတယ်၊ မလျှော့တမ်း ဖြစ်ချင်ရာဖြစ် ဇွတ်တရွတ် ထိုးလိုက်တော့မှ အောက်ပိုင်းတခုလုံး ကျဉ်ထုံပြီး ဘာမျှမရှိတော့ပါ။ မိမိသည် ဒုက္ခပဋိပဒါပုဂ္ဂိုလ်တွင် ပါဝင်ကြောင်း သိရပါသည်။ မငဲ့မကွက် မထောက်မညှာ အားထုတ်လိုက်သည့်အတွက် ဝေဒနာတရားတော်ကို ပိုင်းပိုင်း ခြားခြားကြီး တွေ့ရှိလာပါသည်။ ဝေဒနာကို နိုင်သောနည်း ရရှိသဖြင့် ဖြစ်ပေါ်လာရာ ဘဝင်အစွန်အဖျား ဖြစ်ပျက် ဖွားဖွား ဒိတ်ဒိတ် နေရာသို့ ထိုးစစ်ဖြင့် တခုပြီးတခု သုတ်သင်လိုက်လျှင် အားလုံး ငြိမ်းချမ်းသွားသဖြင့် ဘဝင်အစွန်အဖျား ဖြစ်ပျက် ဖွားဖွား ဒိတ်ဒိတ်ကို စိတ်ပြန်ထား ရာတွင် ပိုကောင်းလာပါသည်။ ဒီလို ဝေဒနာမျိုးကို ၅-ရက် ၆-ရက် ၇-ရက်လောက် ခံလိုက်ရပါသည်။ ဒီလို ဝေဒနာခံရသည့်အခါ အနေအထား အထိုင်မပျက်ရန် ဣရိယာပုထ် မလှုပ်မရှားပဲ မပျက်ရန် ကြိုးစားရ၏။ မပျက်ပါက ပိုကောင်းပါသည် ဟူ၍ အမြဲမှတ်သားထားပါလေ။ ထိုအခါ စိတ်တွင် "ယခုဘဝ ဒုက္ခထက် နောက်ဖြစ်မဲ့ ဘဝဒုက္ခကကြီးပါတကား" ဟု သတိကြီးစွာရပါသည်။ ဒီလို သံဝေဂဉာဏ် မြင်အောင်ကြည့်၍ တရားကိုအားထုတ်ရာသည်။

ဘဝင်အစွန်အဆွဲ အနိစ္စဖြစ်ပျက် ဖွားဖွား ဒိတ်ဒိတ်ကို ပိုပြီး ထိ၍ ရှု ရှုးစိုက်စိုက် အားထုတ်လိုက်မှပဲ တရားသေစခန်း သို့ ပိုင်းပိုင်းခြားခြား ရောက်သွားပါသည်။ ဇာရိယာ ပုထ် မဖျက်သဖြင့် တန်ဖိုးရှိတယ်။ ဇာရိယာပုထ် ပြင် လိုက်လျှင် အလုပ်စခန်းရွေ၍ အသစ် လုပ်ရလျှင် မကောင်း မှတ်ပါလေ။ထိုအခါ အလယ်ကိုမှန်း၍ ရှူးရှူး စိုက်စိုက်ထားပါ။ဘဝင်အစွန်အဆွဲ ဖြစ်ပျက် ဖွားဖွား ဒိတ် ဒိတ် စိတ်ဖြင့် ဖိ၍ အနိစ္စကြည့်ရှု၊မှန်မှန်ရှု၊သွားပါလေ။

တရားအားထုတ်ရာတွင် ယောဂီများ သတိပြုရန်က တော့... မိမိစိတ်ဖြင့် အပြင်ကနေ၍ ဘဝင်ဖြစ်ပျက် ဖွား ဖွား ဒိတ်ဒိတ်ကို စိတ်ထားခြင်းထက် အတွင်းကျကျ နေ၍ ထားခြင်းက ပိုကောင်းပါသည်။ အထူးမှတ်ချက် ပေတည်း။မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်နည်း ပေ ဟူလို။

ဝိပဿနာတရား အားထုတ်ရာ၌ တရားစထိုင်လိုက် ခြင်း ကိုယ်ပျောက်၍ ဝေဒနာမရှိပါ။ခေါင်း,ခြေ,လက်, ကျော,ပေါင် မတွေ့ မမြင် မသိပါ။ ဘဝင်အစွန်အဆွဲ ဖွား ဖွား ဒိတ်ဒိတ်မှနေ၍ တကိုယ်လုံး လှုပ်လှုပ်ရွရွ မွှားမွှား တွေ့ ဖြစ်ပျက်နေတာတွေကို လျှပ်စစ်ဓာတ်အားလိုက် သလို တွေ့နေရ၏။ ဖြစ်ပျက်တရားတွေက ဘနေ့ထက် တနေ့ ပို၍ ထင်ရှားလာပါ၏။ပြတ်ပြတ်သားသား သိရှိ

လာပါသည်။ဒီအခါမှာ ကိုယ်ကောင်မရှိ တည်ငြိမ်ပြီး ဘဝင်အစွဲတွဲနေရာက ဖျတ်ဖျတ် ဖွားဖွား ဒိတ်ဒိတ်နဲ့ ထိသိနေရပါသည်။ တခါတခါ ကြက်သီး ထထ လာတတ်ပါသည်။ ဖြန်းကနဲ စိမ့်ကနဲ နှစ်ကြိမ် သုံးကြိမ်လောက် ဖြစ်ပေါ်လာတတ်ပါသည်။ လွတ်သွားလို့ ပီတိဝင်တယ်လို့ မှတ်ထားပါလေ။

ဤကဲ့သို့ ၅-ရက် ၆-ရက် ၇-ရက်လောက် တရားထိုင်ရပါသည်။တရားထိုင်၍ မဝနိုင်ပါ။နောက်ရက်များတွင် ပီတိမဖြစ်တော့ပါလေ။ ဘဝင်အစွဲတွဲ ဖွားဖွား ဒိတ်ဒိတ်မှာ စိတ်တည်ငြိမ်နေတာကို မြင်သိနေပါတော့သည်။ငင်းအာရုံကို စိုက်၍ ဧကဂ္ဂတာသမာဓိဖြင့် တည်နေသည့်အခါ အလစ်တွင် ဘဝင်မှာ လျှပ်စီးပြက်သလို လက်ကနဲ အဖြစ်မှာ ဒိတ်ဆို ၂-ကြိမ် ၃-ကြိမ် ဖြစ်၍ အသံပေးပြီးတော့ ကိုယ်ခန္ဓာကြီးဟာ ဘာဖြစ်သွားတယ်လို့မှ မသိပဲ ဘယ်ရောက်နေမှန်းမသိ မေ့ပျောက်နေတော့၏။ ဘာမှ သတိမရပါလေ။ တရားထပြီးမှ အိပ်ရာက နိုးသလို ဖြစ်ပါသည်။ အဖြစ်အပျက်များကို မတွေ့မမြင်ပဲ ဖြစ်သွားပါသည်။ မိမိဟာ ဘာဖြစ်တာတုန်း သတိရ၍ ဘဝင် ဖြစ်ပျက် ဖွားဖွား ဒိတ်ဒိတ် ရှိတဲ့နေရာကို အနိစ္စ စိုက်ပြီး ကြည့်ရှုရာ၌ ဖြစ်ပျက် ဖွားဖွား ဒိတ်ဒိတ်ကလေး သိမ်မွေ့နူးညံ့တာကို မြင်သိလိုက်

သည်နှင့်တပြိုင်တည်း မေ့ပျောက် သွား၏။ ဒီလို ၂-ကြိမ် ၃-ကြိမ် ဆင်ခြင်ကြည့်တော့ သိလာပါသည်။ မေ့၍ သတိမရှိပဲ ၁၅-မိနစ်, နာရီဝက်, တနာရီကြာ တတ်၏။ ဖိုလ်ဇော ကြာကြာကျတာလဲ ရှိသည်။ နည်းနည်း ဖိုလ်ဇောကျတာလဲ ရှိသည်။ပုဂ္ဂိုလ်တိုင်း မတူပါလေ။ဉာဏ်စဉ် ဆုံးသွားပုံတည်း။ ။

အထူးမှတ်သားချက်ကား— ဂေါတြဘူ, မဂ်, ဖိုလ်ဟူသော စိတ်များသည် လောကုတ္တရာဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြု၏၊လောကီအာရုံကိုမပြု။လောကီအာရုံဆိုတာ အဆင်း,အသံ,အနံ့,အရသာ,အထိ မှန်သမျှတို့ကို ခေါ်ဆိုသည်။ ထိုလောကီဖြစ်သော အာရုံတို့မှာ လောကီတရားချည်းဖြစ်သည်။ ရုပ်နာမ် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး စသည် ဝိပဿနာရှုလို့ တွေ့သိရတဲ့ အာရုံသဘော မှန်သမျှတွေလဲပဲ လောကီအာရုံချည်းပဲ ဖြစ်သည်။ နေ့စဉ် တွေ့ကြုံ ပြုလုပ် နေကြသော ပရိယေသနကိစ္စ, ကုသိုလ်, အကုသိုလ်, ဒါန, သီလ,သမထ,ဝိပဿနာ စသည်တို့မှာ လောကီ အာရုံ အာရမ္မဏိကချည်းသာ ဖြစ်သည်။ ဂေါတြဘူ,မဂ်,ဖိုလ် စိတ်တို့မှာ လောကီကို အလျင်းအာရုံမပြု၊ လောကီ အာရုံ ဟူသမျှ လုံးဝမရှိပဲ ကင်းလွတ်သည့် လောကုတ္တရာဟူသော နိဗ္ဗာန်ကိုသာအာရုံပြုသဖြင့် လောကီ

အာရုံနှင့် လောကီမှကင်းသော လောကုတ္တရာ နိဗ္ဗာန် အာရုံမှာ ဆက်စပ်၍ မရ၊ နှိုင်းယှဉ်၍လည်း မဖြစ်။ အထက်ဘဝင် ဖြတ်သွားနှင့် အောက် အဝိစိပမာ လွန်စွာ ပင် ကွာခြား၏။ သို့ဖြစ်သောကြောင့် ဂေါတြဘူ,မဂ်, ဖိုလ်စိတ်တို့ဖြင့် လောကီအာရုံကို လွှတ်၍ နိဗ္ဗာန်ကို အာရုံပြုသွားသောအခါ အလွန်ထူးခြား၍ သိသာလှ ပါ၏ဟု ဆိုခြင်းဖြစ်၏။

ထူးခြားပုံမှာ—ဥဒယဗ္ဗယ အစရှိသော ဝိပဿနာ ဉာဏ်များကို ထင်ထင်ရှားရှား ရှုမြင်၍သွားရင်း အထွတ်အထိပ်ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်ကြီးကို ထိးထိးကြီး အနိစ္စရှုမြင်လျက်နေ့တုန်း စိတ္တက္ခဏာ သုံး ချက်စာမျှသာ အနုလောမဉာဏ် ဟူသော အမည်ကို ခံယူပြီးနောက် ဂေါတြဘူဉာဏ်ဖြင့် မြုန်းကနဲ ရုတ် တရက် ချက်ခြင်း လောကီအာရုံဖြစ်သော ဝိပဿနာ အာရုံတို့ကို လုံးဝအာရုံမပြုတော့ပဲ တိကနဲ ဖြတ် တောက်လျက် လောကီအာရုံဟူသရွေ့ အလျင်းမရှိ သော နိဗ္ဗာန်သို့သာ အာရုံပြု၍ သွားသောကြောင့် တည်း။ ထို့နောက် ချက်ခြင်းဆက်လျက် ဂေါတြဘူ စိတ်နှင့် အလားတူစွာ မဂ်စိတ် ဖိုလ်စိတ်တို့ကလည်း လောကီ အာရုံ ဟူသမျှတို့မှ လုံးဝ လွတ်ကင်းသော

နိဗ္ဗာန်ကိုသာ ဆက်၍ အာရုံပြုသဖြင့် ဝိပဿနာယောဂီ စိတ်၌ လောကီအာရုံတွေကို အလျှင်းမတွေ့ရတော့ပဲ ဖြစ်သွားလေ၏။

ဤကျမ်းတွင် ရေးပြသော သမထဝိပဿနာ ရှုဘွယ် လက်တွေ့ဒိဋ္ဌ အစ္ဆရိယ ရှုနည်းအတိုင်း အနိစ္စရှုသွား သော ယောဂီများမှာ ဂေါတြဘူ, မဂ်, ဖိုလ်, ဖိုလ်ဟူ သော စိတ္တက္ခဏ လေး-ငါးကြိမ်မျှဖြင့် ရပ်၍မနေပဲ ၁၀ မိနစ်၊ မိနစ် ၂၀၊ နာရီဝက်၊ တနာရီ စသည်ဖြင့် ကြာအောင် လောကီအာရုံတို့ကို အာရုံမပြုပဲ နိဗ္ဗာန် ကိုသာ အာရုံပြု၍ သွားတတ်ကြသဖြင့် မဂ်ဉာဏ်,ဖိုလ် ဉာဏ် ဖြစ်၍ ဖိုလ်ဘက်ကျသွားသော ယောဂီတပည့် များ လက်တွေ့ဒိဋ္ဌရှိပါသည်။ ထင်ထင်ရှားရှား ပြသ ဆုံးမဘူးပါ၏။

ဤကဲ့သို့ ဖြစ်ပျက်တို့ကို ထင်ရှားစွာ ရှုမြင်နေရရင်း က ရုတ်တရက် ဖြစ်ပျက်တွေ ချုပ်ငြိမ်းပြီးနောက် လောကီအာရုံများကို တဖန် တွေ့ကြုံသတိရလာသော အခါ ခုနက ရှုမြင်နေရတဲ့ အနိစ္စဖြစ်ပျက် တဖွားဖွား တွေကို မတွေ့ရတော့သဖြင့် ထူးဆန်းသောကြောင့် အံ့အားသင့်သလို ဖြစ်သွားပြီးလျှင် စိတ်သည် ကြည် လင်လျက် နေ၏။

## သောတာပတ္တိမဂ်စိတ်၏လက္ခဏာ

ဤသို့ သောတာပတ္တိမဂ်ခဏ၌ အာဟာရ, ဘာဝ, ဒဿန,သတ္တိ,လဟုက,လက္ခဏာ ဟူသော ဤခြောက်ပါးသော ဂုဏ်ကို ဆောင်ယူတော်မူလျက် နိဗ္ဗာန်မြင်တော်မူ၏။ ထိုနိဗ္ဗာန်ကို အာရုံပြုသော သောတာပတ္တိမဂ်ဉာဏ်၏ အခြားမဲ့၌ ထိုမဂ်ဉာဏ်၏ အကျိုးဖြစ်၍ ဖြစ်ကုန်သော နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့သည် ဖြစ်ကြကုန်၏။ ထို နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့၏ ဖြစ်ခြင်းဟူသည် နိမိတ္တ,ပဝတ္တ ဟူသော အာကာရ၌ ပြခဲ့ပြီးသော အခြင်းအရာ နှစ်ပါးမှ ထမြောက်ခြင်း ဟူသော နိဗ္ဗာန်ကို မြင်လိုက်သော အာရုံ၏ ငြိမ်းခြင်း ပြီးဆုံးခြင်းသည် ဖိုလ်စိတ်တို့ မည်၏။ နိဗ္ဗာန်ကိုမြင်လိုက်သော အာရုံ၏ ရုပ်ကနဲ ငြိမ်း၍ သတိ မေ့ကနဲ ဖြစ်၍ မသိပဲ မေ့ပျောက်၍ အဆုံးသို့ရောက်သော တရားထူး ဟူလို။

"ပယောဂပ္ပဋိပ္ပဿဒ္ဓိ ပညာ ဖလေဉာဏံ"

အနက်— ပယောဂပ္ပဋိပ္ပဿဒ္ဓိ၊ သင်္ခါရ,ပဝတ္တ နှစ်ပါးမှ ထမြောက်ခြင်း ပယောဂ၏ ငြိမ်းခြင်းကြောင့်။ ပဝတ္တာ၊ဖြစ်သော။ ပညာ၊ ပညာသည်။ ဖလေဉာဏံ၊ ဖိုလ်မည်၏။

(၁၆) ထို နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့၏ အဆုံး၌ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၏ စိတ်သည် ဘဝင်သို့ သက်ရာ၏။ ၎င်းဘဝင်အစဉ်ကိုဖြတ်၍ သောတာပန်သည် "ဤ အာရမ္မဏိကဖြစ်သော မဂ်စိတ်ဖြင့် နိဗ္ဗာန်ကို မြင်လျက်လာ၏ တကား"ဟု မဂ်ကို မနောဒွါရဝိထိဖြင့် ဆင်ခြင်၏။

မဂ်ကို ဆင်ခြင်ပြီးသော နောက်မှ ၎င်းသောတာပတ္တိ ဖလဋ္ဌာန် ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မြင်လိုက်သော အာရုံ၏အဆုံး၌ ကိုယ်စိတ်တို့သည် လွန်စွာငြိမ်းချမ်း၏။ ထိုအခါ"ငါသည် ဤနိဗ္ဗာန်အာရုံကိုမြင်ပြီးဆဲဆဲ၌ ငြိမ်းချမ်းသော ဤအကျိုးကို ရအပ်ပေ၏"ဟု အကျိုးမနောဒွါရဖြင့် ဆင်ခြင်၏။

ဤ ပစ္စဝေက္ခဏာဉာဏ်၏အဆုံး၌ ဘဝင်သို့သက်၏။ ဘဝင်မှထ၍ အာဝဇ္ဇန်း၏အခြားမဲ့၌ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။တဖန် ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာကို အားထုတ်သဖြင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်သည်ဖြစ်အံ့ ၎င်းဉာဏ်၏အဆုံး ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ (သို့မဟုတ်) ဝေါဒါန်, သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်, ပစ္စဝေက္ခဏာဉာဏ် အစဉ် အတိုင်း

ဖြစ်၏။ ဤ အတူပင် အနာဂါမိမဂ်, အနာဂါမိဖိုလ်၊ အရဟတ္တမဂ်,အရဟတ္တဖိုလ်၊ပစ္စဝေက္ခဏာဉာဏ် အစဉ် အတိုင်း ဖြစ်၏။ ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး၌ ဘဝင် သို့ သက်၏။ ဘဝင်မှ တစ်ဖန် အာဝဇ္ဇန်း၏ အခြားမဲ့၌ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။ ဤသို့ သောတာပန်, သကဒါဂါမိ, အနာဂါမိ, ရဟန္တာ ဖိုလ်လေးယောက် လုံးပင် မဂ်ဖိုလ်ကို ဆင်ခြင်ပြီး၍ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်မြဲဖြစ်၏။ဤသို့ ဖိုလ်ကို ဆင်ခြင်၏။

ထို့နောက်မှ "ငါသည် ဤမည်သော ကိလေသာ တို့ကို ပယ်အပ်ကုန်ပြီ"ဟု ဤသို့ ပယ်ပြီးသော ကိလေ သာတို့ကို ဆင်ခြင်၏။ ထို့နောက်မှ "ငါ့အား ဤမည် သော ကိလေသာတို့သည် ကြွင်းကျန်ကုန်သေး၏"ဟု ဤသို့ အထက်မဂ်သုံးပါး အပေါင်းသည် သတ်ကုန် သော ကိလေသာတို့ကို ဆင်ခြင်၏။အဆုံး၌လည်း "ဤ တရားကို ငါသည် အာရုံပြုသောအားဖြင့် သိအပ်ပြီ" ဟု ဤသို့ သေခြင်းကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၏။ ထိုသို့လျှင် သောတာပန်ဖြစ်သော အရိယာသာဝက၏ ငါးကြိမ်သော ပစ္စဝေက္ခဏာဇောတို့သည်ဖြစ်ကုန်၏။

သောတာပန်ပုဂ္ဂိုလ်အား ငါးကြိမ်သော ပစ္စဝေက္ခ ဏာဇောတို့သည် ဖြစ်ကုန်သကဲ့သို့လည်း ထို့အတူ သကဒါဂါမိပုဂ္ဂိုလ်, အနာဂါမိပုဂ္ဂိုလ်တို့အားလည်း

ငါးကြိမ်သော ပစ္စဝေက္ခဏာဇောတို့သည် ဖြစ်ကုန်၏။ အထူးကား—ရဟန္တာသခင်အား ကြွင်းသော ကိလေသာကို ဆင်ခြင်ခြင်း မည်သည် မရှိပြီ ဤသို့မှတ်အပ်၏။

ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့် အလုံးစုံကုန်သော ပစ္စဝေက္ခဏာဇော တဆဲ့ကိုးပါးတို့သည် ဖြစ်ကုန်၏။ ပယ်ပြီးသောကိလေသာ, ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်းသည် သေက္ခ ပုဂ္ဂိုလ်တို့အား ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏။

---

## ဖလသမာပတ္တိကို ပြဆိုခြင်း

ဖိုလ်ချမ်းသာ၏အရသာကို ခံစားရခြင်း.... ဟူသည်ကား—ကိလေသာကိုဖျက်ဆီးခြင်း သက်သက်သာလျှင် အကျိုးဆက်အာနိသင် ရှိသည် မဟုတ်သေး၊ အရိယာမဂ်၏ ဖိုလ်အရသာကို ခံစားရခြင်းသည်လည်း (ဝါ) အရိယာဖြစ်သော ဖိုလ်၏ ပဋိပဿဒ္ဓိ ဝိမုတ္တိချမ်းသာ အရသာကို ခံစားရခြင်းသည်လည်း ပညာဘာဝနာ၏ အကျိုးအာနိသင်ပေတည်း။ ထိုစကား မှန်၏။ သောတာပတ္တိဖိုလ် အစရှိသော အရိယာမဂ်၏ ဖိုလ်ကို "အရိယာဖိုလ်" ဟူ၍ ဆိုအပ်၏။ ထိုနိဗ္ဗာန်လျှင် အာရုံရှိသော အရိယာဖိုလ်၏ မဂ္ဂဝီထိဥ္စရင်း, ဖလသမာပတ်၏ အစွမ်း

အားဖြင့် ဖြစ်ခြင်း၌ရင်း ဤသို့ နှစ်ပါးသောအခြင်းအရာတို့ဖြင့် ပဋိပဿဒ္ဓိ ဝိမုတ္တိသုခ ဟူသော အရသာထူး အရသာမြတ်ကို ခံစားရခြင်းသည် ဖြစ်၏။

အရိယာအရှင် ဟူသမျှ အားလုံးတို့သည် မိမိကိုယ်ပိုင်ရသော ဖိုလ်ကို ဝင်စားနိုင်ကြကုန်၏။ အဘယ့်ကြောင့် သမာပတ် ဝင်စားကုန်သနည်း.... ဟူသည်ကား—မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းအကျိုးငှါ သမာပတ်ကို ဝင်စားကုန်၏။ ဥပမာဖြင့် ထင်ရှားစေအံ့— စကြဝတေးမင်းသည် မင်း၏စည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့ရင်း နတ်တို့သည် နတ်၏ စည်းစိမ် ချမ်းသာကို ခံစားသကဲ့သို့ရင်း ထို့အတူ အရိယာသခင်တို့သည် ရာဂစသော အညစ်အကြေးတို့မှ ကင်းဝေးဖြူစင်သဖြင့် မြတ်သော လောကုတ္တရာ ဖိုလ်ချမ်းသာကိုခံစားကုန်အံ့ဟု အခွင့်ကာလပိုင်းခြားခြင်းကိုပြု၍ အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏ၌ ဖလသမာပတ်ကို ဝင်စားကုန်၏။

အဘယ်သို့လျှင် ထိုသမာပတ်ကိုဝင်စားသနည်း....၊ အဘယ်သို့လျှင် တည်ခြင်း ဖြစ်သနည်း....၊ အဘယ်သို့လျှင် သမာပတ်မှ ထသနည်း.... ဟူရာ၌— ရှေးဦးစွာ အကြောင်းနှစ်ပါးတို့ဖြင့် ထိုသမာပတ်ကို ဝင်စားခြင်းသည်ဖြစ်၏။ နိဗ္ဗာန်မှ အခြားတပါးသော အာရုံကို

နှလုံးမသွင်းခြင်းကြောင့်ရင်း နိဗ္ဗာန်ကိုသာ နှလုံးသွင်းခြင်းကြောင့်ရင်း ဤသို့ အကြောင်းအခြင်းအရာနှစ်ပါးတို့ဖြင့် သမာပတ်ကို ဝင်စားခြင်းသည် ဖြစ်၏။

ဤသမာပတ်ကို ဝင်စားရာ၌ ဝင်စားခြင်းအစီအရင်ကား—ဖလသမာပတ်ကို ဝင်စားခြင်းငှါ အလိုရှိသော အရိယာသာဝကသည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် အထူးထူးသောအာရုံမှ ဖဲခွါ၍ တယောက်တည်းသာ ကိန်းအောင်းလျက် ဥဒယဗ္ဗယ ဉာဏ်, ဘင်္ဂဉာဏ် အစရှိသော ဝိပဿနာဉာဏ် ကိုးပါးတို့၏ အစွမ်းအားဖြင့် သင်္ခါရတို့ကို အနိစ္စရှုအပ်ကုန်သည်ရှိသော် ဥဒယဗ္ဗယ ဘင်္ဂ စသော အစဉ်အတိုင်းရှိသော ထိုအရိယာ သာဝက၏ သင်္ခါရလျှင် အာရုံရှိသော "ဂေါ်ဒါန်"ဟု အမည်ရသော ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ ဖလသမာပတ်၏အစွမ်းဖြင့် နိဗ္ဗာန်အာရုံ၌ စိတ်သည် အပ္ပနာချာန်၏ အစွမ်းဖြင့် ဖြစ်၏။ ဆက်ဦးအံ့—ဤ အနုပုဗ္ဗဝိပဿနာ၏ အစွမ်းဖြင့် ဖလသမာပတ်ကို ဝင်စားရာ၌ ဖလသမာပတ်သို့ ညွတ်သည်၏ အဖြစ်ကြောင့် သေက္ခပုဂ္ဂိုလ်အားလည်း ဖိုလ်သည်သာလျှင် ဖြစ်၏။ (မဂ်သည် မဖြစ်)။

အဓိပ္ပါယ်ထပ်၍ ပြဦးအံ့— ထို အရိယာတို့သည် ဝင်စားနိုင်ကုန်သော်လည်း မိမိ မိမိတို့ ရပြီးကာ မတ္တ

ဖြစ်သော ဖိုလ်တို့ကိုသာ အလိုရှိတိုင်းသာလျှင် ဝင်စား နိုင်ကုန်၏။ အောက်အထက်ဖြစ်သော ဖိုလ်တို့ကို မဝင် စားနိုင်ကုန်။ ထို မိမိတို့၏ဖိုလ်ကို ဝင်စားလိုလတ်သော် ဖလဋ္ဌာန်ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ပျက်သင်္ခါရ ဟု ဆိုအပ် သော ဥဒယဗ္ဗယဉာဏ် စသည်တို့၏အစွမ်းအားဖြင့် မိမိ အရှင်က ရပြီး ချုပ်တဲ့နေရာကို စိုက်၍ အနိစ္စ အနိစ္စ ကြည့်ရှုသောအခါ အထက် ဉာဏ်စဉ်တို့ကို အစဉ် အတိုင်း အားထုတ်ပြီးမှ အကြာကြီးမဟုတ်ပဲ ၃-မိနစ်၊ ၅-မိနစ်ခန့် ဖြစ်၍ ဖိုလ်ဇောကျလျက် နိဗ္ဗာန်ကို စိတ် သန်သလောက် မျက်မှောက်ပြု၍ ချုပ်သွားလေတော့ ၏။အသိရောသင်္ခါရနိမိတ်ရော ချုပ်ပျောက် မေ့ပျောက် လေတော့၏။

---

## ဝဋ္ဋဥ္ဆနဖိုလ်ကို ပြဆိုခြင်း

မိမိတို့ရရှိပြီးသောဖိုလ်ဇောကို အကြိမ်ကြိမ် များစွာ ဝင်စားနိုင်မှ စိတ်ချရသည်။ ဒီလိုဖိုလ်ကို "ဝဋ္ဋဥ္ဆနဖိုလ်" ဟု ခေါ်ဆိုသည်။အကြိမ်များစွာ ဝင်စားသော ယောဂီ ပုဂ္ဂိုလ်မှာ ရှေးက မရသေး မရောက်သေးသော မဂ် ဖိုလ်များကို လျင်မြန်စွာ ရနိုင်တာက တကြောင်း,

သမာဓိမပျက်ပဲသမာဓိအားကောင်းတာကတကြောင်း အကြိမ်များစွာ ဝင်စားရသည့် မိမိတို့ အချိန်နာရီ ရသလောက် ဝင်စားနိုင်တာက တကြောင်း မိမိတို့အမှုကိစ္စ အချိန်အားလပ်တဲ့အခါ ကြည့်ပြီးတော့ အရှည်-အတို တို့ကို ဝင်စားရ၏။

"အရှည်"ဆိုသည်ကား.... နေ့ ၁၂-နာရီအချိန်က စ၍ ည ၅-၆ နာရီအထိ ဝင်စားရ၏။နေ့ ၁၂-နာရီက စ၍ နံနက် ၅-၆ နာရီအထိ ဝင်စားနိုင်၏။တဖြေးဖြေး တိုး၍ တိုး၍ ဝင်စားရာ၏။ ၁-ရက် ၂-ရက်မှ စ၍ ၇-ရက်အထိ ဝင်စားနိုင်၏။ ကျမ်းဂန်လဲ ရှိကြောင်း မဇ္ဈိမနိကာယ်မူဋ္ဌပဏ္ဏာသပါဠိ ဗူဋ္ဌဒုက္ခက္ခန္ဓသုတ္တနံပါတ် ၁၃၂-ရှုပါ။

"အတို"ဆိုတာကတော့.... ၅-မိနစ်၊ ၁၀-မိနစ်၊ ၁၅-မိနစ်၊ နာရီဝက်၊၁-နာရီ၊ ၂-နာရီကို အတိုခေါ်ဆိုပါသည်။ ဒီဟာမျိုး အကြိမ်များစွာ အလေ့အကျင့်ရှိသော ယောဂီပုဂ္ဂိုလ်များသည် မရသေး မရောက်သေးသော မဂ်ဖိုလ်ကို အလျင်အမြန် ရနိုင်ကြောင်း ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆဋ္ဌမူ နံပါတ်(၅၁၉)မှာ ကြည့်ရှုပါ။

## ဖလသမာပတ်ကို ပြဆိုခြင်း

စတုန္နံ မဂ္ဂါနံယေဝ ဂေါတြဘု နိဗ္ဗာနာရမ္မဏံ စတဿန္နံ ဖလသမာပတ္တီနံ ဂေါတြဘု သင်္ခါရာ-ရမ္မဏံ ဖလသမာပတ္တိနိဒ္ဒေသာတိ ဝဒန္တိ။

အဓိပ္ပါယ်ကား— အကြင်ယောဂီသည် ဝိပဿနာ ဉာဏ်တို့၏ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟု ဆိုအပ်သော နိမိတ္တအာရုံတို့ကို လွန်၍ အနိမိတ္တ ဖြစ်သော နိဗ္ဗာန်အာရုံ၌သာလျှင် "အကြင်ရွေ့လောက် တည်စေသတည်း"ဟု အဓိဋ္ဌာန်၍ မိမိဝိပဿနာအာရုံ ကို သြတ္တမတ်သိုသက်အောင် ငြိမ်စေလျက် အထူး သဖြင့် ငြိမ်စေလျက် အထူးသဖြင့် အလွန်ငြိမ်စေလျက် လွတ်၏၊ ထိုယောဂီသည် ထိုပိုင်းခြားသောကာလ ပတ်လုံး နိဗ္ဗာန်အာရုံ၌ "သန္တမေတံ၊ ပဏီတမေတံ၊ နိဗ္ဗာနမေတံ"စသည်ဖြင့် မိမိစိတ်ကို တနေ့လုံးသော် လည်း တည်ခြင်းငှါ ခံ့၏။ တညလုံးသော်လည်း တည် ခြင်းငှါ ခံ့၏။ ထိုယောဂီသည် (၁)နိမိတ္တမနသိကာရ (၂)အနိမိတ္တမနသိကာရ (၃)အဘိသင်္ခါရဟု ဆိုအပ် သော ဌာနအင်္ဂါသုံးပါးနှင့် ပြည့်စုံပေ၍ ဖလသမာပတ် ကို ဝင်စားနိုင်သောသူ မည်ပေ၏။

အမေးမှတ်ချက်—ဤကျမ်း၏ အဆိုအရ၌ ဖလသမာပတ်ကို ဝင်စားရာ၌ ရှေးဦးစွာ ဝိပဿနာဉာဏ်များကို အစဉ်အတိုင်း အားထုတ်ရသည်ဟု ဆိုသော်လည်း ဝင်စားနေကျပုဂ္ဂိုလ်ဖြစ်သော အရိယာများမှာ သိပ်ပြီး ကြာလှသည် မဟုတ်ပါ၊ အကြာဆုံး ၃-မိနစ်၊ ၅-မိနစ်၊ ၁၀-မိနစ်ခန့်လောက်သာ ကြာတတ်၏။ ဝင်စားခြင်း၌ ဝသီဘော် နိုင်နေသောအရိယာပုဂ္ဂိုလ်များမှာ ၂-မိနစ် ၃-မိနစ်၊ ၅-မိနစ် မိမိစိတ် ပြဋ္ဌာန်းသလို လျင်မြန်သည်။ ဤနေရာ၌ ၃ မိနစ်၊ ၁-မိနစ် အတွင်း၌ ဝင်စား၍ ရ၏ဟု ဆိုသော် ဝိပဿနာဉာဏ်များကို အစဉ်လိုက် သိ၍ သွားနိုင်ပါမည်လား....ဟု မေးစရာရှိ၏။ အဖြေကား—"တိက္ခပုဂ္ဂိုလ်များ သိ၍သွားနိုင်ပါ၏" ဟု ဖြေရမည်။ အဘယ့်ကြောင့် ဆိုသော် မျက်စိတမှိတ် အတွင်း စိတ္တက္ခဏအတွင်း စိတ္တက္ခဏပေါင်းက ကုဋေတသိန်း ကျော် ဖြစ်နိုင်သောကြောင့် ဖြစ်၏။ သို့အတွက်ကြောင့် အချို့သောပုဂ္ဂိုလ်များသည် တခါတည်း တချိန်တည်း ရှေးက ဘုရားရှင် လက်ထက်တော်၌ မဟာကာလ မထေရ် တမဟုတ်တည်းတွင် တမဂ်တဖိုလ်တွင်မျှမက လေးမဂ် လေးဖိုလ်စလုံးကိုတောင် ရကြသည်မှာ များလှပါ၏။ယခုလဲ ရှိပါသည်။ တိက္ခပုဂ္ဂိုလ်မှ ဖြစ်နိုင်၏။ ဤအကြောင်းကို မသိသောသူနှင့် သတိမမူမိသော

ပညာရှိအချို့မှာ"၃-မိနစ်၊ ၁-မိနစ်အတွင်း ဖလသမာပတ်ကို ဝင်စား၍ မရနိုင်ဘူး"ဟု ထင်တတ်ကြ၏။ သို့ရာတွင် ဤသို့ ချက်ခြင်း ဝင်စားသောအခါ၌ ဖြစ်ပေါ်သော ဝိပဿနာဉာဏ်တို့ကိုကား ခွဲခြား၍ မပြောနိုင်ပေ။

---

## ဖလသမာပတ် ဝေဒယိတသုခမြစ်ပုံ

ဖလသမာပတ်ကို ဝင်စားခြင်းသည် မျက်မှောက်သော ကိုယ်၏ အဖြစ်ဖြင့် ချမ်းသာစွာ နေရခြင်းအကျိုးငှါ ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်တို့ ဝင်စားသည်ဟု ဆို၏၊ဘယ်လိုချမ်းသာမျိုးလဲ ဟု ဆိုလျှင်.... သန္တိသုခ ချမ်းသာ ဖြစ်၏။ ဝေဒယိတသုခ ချမ်းသာမျိုး မဟုတ်။ ဝေဒယိတသုခဆိုတာ ဈာန်ချမ်းသာနှင့် ပီတိ,ပဿဒ္ဓိ, ဩဘာသတို့ကို တွေ့၍ ခံစားမှုလည်း ရှိ၏။ ၎င်းပြင် အာရုံငါးပါးကာမဂုဏ်တရားတည်းဟူသော ကောင်းသော အဆင်း အမျိုးမျိုးကို မြင်လျက် ခံစားခြင်း၊ ကောင်းသော အသံအမျိုးမျိုးကို ကြားလျက် ခံစားခြင်း၊ကောင်းသော အနံ့အမျိုးမျိုးကို ရှူလျက် ခံစားခြင်း၊ကောင်းသောအရသာ အမျိုးမျိုးကို စားသောက်လျက် ခံစားခြင်း၊ကောင်းသော ဖောဋ္ဌဗ္ဗ အတွေ့အမျိုး

မျိုးကို တွေ့ထိလျက် ခံစားခြင်းများ ဖြစ်၏။ မကောင်းသော အာရုံများနှင့် တွေ့ကြုံ ခံစားရခြင်းကိုတော့ "ဝေဒယိတဒုက္ခ"ဟု ခေါ်၏။ ဝေဒယိတသုခကို လောကီအာရုံများနှင့် တွေ့လျက် လောကီစိတ်ဖြင့်သာ ခံစားနိုင်၏။

သန္တိသုခကို နိဗ္ဗာန်အာရုံနှင့် တွေ့လျက် လောကုတ္တရာစိတ်ဖြင့်သာ သိနိုင်၏။ အဆင်း,အသံ,အနံ့,အရသာ အထိ, အရောင် အလင်း, အဆင်း သဏ္ဌာန်များမှာ လောကီအာရုံများသာ ဖြစ်၏။ ခံစားမှု ဝေဒနာပေါ်လာလျှင် လောဘ, ဒေါသ, မောဟ ကိလေသာများ ဖြစ်လာတတ်၏။ နိဗ္ဗာန်မှာ လောကီအာရုံများ မရှိ၍ ခံစားမှု ဝေဒနာမပေါ်နိုင်။ ခံစားမှု ဝေဒနာ မပေါ်သောကြောင့် လောဘ စသော ကိလေသာများ မဖြစ်နိုင်။ လောဘ စသော ကိလေသာစိတ်များ ဖြစ်လျှင် သုံးဆဲ့တဘုံ၌ ကျင်လည်ရ၏၊ ဒုက္ခ အမြဲဖြစ်တတ်၏။ ထို့ကြောင့် "ယံကိဉ္စိ ဝေဒယိတံ သဗ္ဗံ တံ ဒုက္ခသ္မိံ"ဗိ" ခံစားအပ်သော ဝေဒနာမှန်သမျှ ဒုက္ခချည်းပဲ ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။ နိဗ္ဗာန်မှာ ခံစားမှုဝေဒနာမရှိလျှင် ဘာကို နိဗ္ဗာန်ချမ်းသာဟု ခေါ်ပါသနည်း.... ဆိုသော် ခံစားမှုဝေဒနာမရှိခြင်းကိုပင်လျှင် ခံစားမှုတို့မှ

ကင်းငြိမ်းသော သန္တိသုခ နိဗ္ဗာန်ချမ်းသာဟု ခေါ်ရ၏ဟု အင်္ဂုတ္တရနေ၀ကပါဠိ နိဗ္ဗာနသုခသုတ္တ (၂၁၃) ၌-ဘာ ၌—

"ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ ယဒေတ္ထ နတ္ထိ ဝေဒယိတန္တိ၊ ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ ယဒေတ္ထ နတ္ထိ ဝေဒယိတံ"။

ဤသို့ မိန့်ဆိုလတ်သော် အရှင်ဥဒါယီသည် အရှင်သာရိပုတြာအား "ငါ့ရှင် သာရိပုတြာ.... ခံစားမှုမရှိသော နိဗ္ဗာန်၌ ချမ်းသာကား အဘယ်ပါနည်း" ဟု မေး၏။ "ငါ့ရှင် ခံစားမှုမရှိသော ဤနိဗ္ဗာန်၌ ခံစားမှုမရှိခြင်းသည်ပင် ချမ်းသာမည်၏"ဟု ဖြေ၏။(သန္တိသုခ နိဗ္ဗာန်ချမ်းသာ ခေါ်၏)။

အဓိပ္ပါယ်ကား— နိဗ္ဗာန်၌ အဘယ့်ကြောင့် ဝေ- ဒယိတ ခံစားမှု မရှိသနည်း....ဟူမူ နိဗ္ဗာန်၌ အဆင်း, အသံ,အနံ့,အရသာ,အထိ,အရောင်အလင်း, အဆင်း သဏ္ဌာန် ဟူသရွေ့ အလျင်းမရှိသောကြောင့် ဖြစ်၏။ သို့ဖြစ်လျှင် နိဗ္ဗာန်သည် သဗ္ဗတောပဘာသရံ=ခပ်သိမ်း သော အရပ်၌ ထွန်းတောက်ပလျက်ရှိ၏ ဟူသော အဓိပ္ပါယ်သည် အဘယ်လိုဟု ဆိုလျှင်.... နိဗ္ဗာန်မှာ

ထွန်းလင်းတောက်ပစရာ အဆင်းအရောင် မရှိသော ကြောင့် နိဗ္ဗာန်၏ အရောင်အဆင်းက ထွန်းလင်း တောက်ပတာ မဟုတ်၊ နိဗ္ဗာန်၏ ဂုဏ်ရောင်တန်ခိုးတေ ဇော် အာနုဘော်တော် အစရှိသည့် အရောင်အလင်း သတင်းတို့က သင်းပျံ့ ထွန်းလင်း တောက်ပြောင်ခြင်း ကိုသာ ဆိုလိုရင်းဖြစ်၏။ ဂုဏ်ရောင် ဆိုတာသည်လည်း အဆင်းအရောင်မျိုးမဟုတ်၊ ချီးမွမ်းအံ့ဩ ရှိသေ ကိုင်း ညွတ် နှစ်သက် မြတ်နိုးဖွယ်ရာသော သတ္တိထူးကိုသာ ခေါ်ဆိုရ၏ဟု မှတ်။

---

ဖလသမာပတ် ဝင်စားရာ၌ လောကီမဖြစ်ပုံ

ဖလသမာပတ် ဝင်စားတယ်ဆိုတာ လောကီအာရုံ များနှင့် လွတ်အောင် လောကီအာရုံများ မရှိရာ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ဆိတ်ဆိတ်ငြိမ်ငြိမ် နေခြင်း ပင်ဖြစ်၏။ ထိုအခါ ဘာနှင့် မြင်တွေ့သလဲဆိုလျှင် နိဗ္ဗာန် နှင့် မြင်တွေ့နေသည်ဟု ဆိုရမည် ဖြစ်၏။နိဗ္ဗာန်နှင့် တွေ့ မြင်တော့ ဘယ်လိုအရသာကို ခံစားရသလဲ မေးလျှင် ခံစားမှု ဝေဒယိတသုခ မဖြစ်နိုင်သောကြောင့် ဘယ်လို အရသာကိုမှ ခံစားခြင်းမရှိ ခံစားခြင်းတို့မှ ကင်းလွတ် လျက် ငြိမ်းချမ်းစွာ နေရခြင်းမျှသာ ဖြစ်၏ဟု ဖြေဆိုရ မည်။ ထို့ကြောင့်—

"ယံ သမာပတ္တိံ သမာပန္နော န ကိဉ္စိ ဝေဒ-
ယတီတိ"။

အနက်ကား— ယံ သမာပတ္တိံ၊ အကြင် ဖလသမာ
ပတ်သို့။သမာပန္နော၊ကောင်းစွာဝင်ရောက် (ဝင်စား)
လျက်နေသော အရိယာပုဂ္ဂိုလ်သည်။ ကိဉ္စိ၊ တစုံတခု
သော ဝေဒနာကိုလည်း။ န ဝေဒယတိ၊ မခံစားတတ်။

ဖလသမာပတ် ဝင်စားနေစဉ် စက္ခု, သောတ,
ဃာန,ဇိဝှါ,ကာယ ဟူသော ဝိညာဉ်ငါးဝစလုံးမဖြစ်။
ထို့ကြောင့် မြင်ခြင်း,ကြားခြင်း,နံခြင်း, အရသာရှိခြင်း,
တွေ့ထိခြင်း ဖဿမဖြစ်၍ ဝေဒနာမဖြစ်၊ဝေဒနာမဖြစ်၍
ခံစားမှုမရှိ၊ ခံစားမှုမရှိ၍ "ဖလသမာပတ် ဝင်စား၍
နိဗ္ဗာန်ကို မြင်နေစဉ် ဘယ်လိုနေပါသည်"ဟူ၍ မပြော
ပြနိုင်ကြပေ။ "အာရုံငါးပါး ကာမဂုဏ်တရားတို့နှင့်
မတွေ့ရပဲ ငြိမ်းအေးချမ်းသာစွာ ဖြစ်၍နေသည်"ဟူ၍
သာ ပြောပြနိုင်ကြသည်၊ ငြိမ်းအေးချမ်းသာစွာ ဆိုတာ
သန္တိသုခ ဖြစ်သည်။သန္တိသုခအကြောင်းကို ပြောပြလျှင်
ဝိပဿနာပညာဉာဏ် နည်းသော ပုထုဇဉ်တို့ မကြိုက်
ကြ၊ ဘုရားရဟန္တာများမှာ အကြိုက်ဆုံး အမြတ်ဆုံး
ဖြစ်၏။ ပဉ္စဝိညာဉ်မဖြစ်ဟု မှတ်။

ဤကဲ့သို့ ဝိပဿနာ ဖြစ်ပျက်တွေကို ရှုနေရင်း ဖြစ်ပျက်၍နေသော အာရုံတရားများနှင့် အနိစ္စကို ရှုနေသော စိတ်ကလေးသည် ချုပ်ငြိမ်း၍ လောကီအာရုံတရားတို့ကို ဘာမျှမတွေ့ပဲ ဖြုံးသွားခြင်းကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သွားခြင်းဟု ခေါ်သည်။ ဤအတိုင်းဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမိတာမှန်လျှင် ဤယောဂီသည် သောတာပန်ဖြစ်၍ သွားပြီဟု အထက်ကပြခဲ့သော ကျမ်းဂန်က ဆိုသည်။

သို့ရာတွင် ဝိပဿနာအနိစ္စ ရှုနေသော ယောဂီအချို့မှာ ဝိပဿနာအနိစ္စရှုနေရင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုရသည်နှင့် အလားတူစွာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မဟုတ်ပဲနှင့် ဥပစာရသမာဓိ ဖြစ်နေစဉ်တွင် ဘဝင်စိတ်ဖြစ်၍ သွားတတ်သည်ဟု ကျမ်းဂန်၌ ပါရှိသည့်အတိုင်း ဘဝင်သို့သက်၍သွားတတ်ပါသည်။ ထိုကဲ့သို့ သက်၍သွားသောအခါ အနိစ္စ ဖြစ်ပျက် ရှုမြင်နေရသော ဝိပဿနာအာရုံများသည် ရုတ်တရက်သော်၎င်း ရှုရင်းရှုရင်း တဖြည်းဖြည်းနှင့်သော်၎င်း ပျောက်၍ သွားတတ်သည်။ အနိစ္စရှုနေသော စိတ်ကလေးကလည်း ပျောက်သွားသလို ချုပ်သွားသလို ဘာကိုမျှ

မသိရပဲ ဖြစ်သွားသလို သတိမရှိပဲ ဖြစ်သွားသလို အိပ်ငိုက်သွားသလို အိပ်ပျော်သွားသလို စသည်ဖြင့် အမျိုးမျိုးဖြစ်၍ သွားတတ်သည်။ ဤသို့ဖြစ်သွားသောအခါ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍သွားရတာနှင့် အလွန်တူသောကြောင့် မိမိကိုယ်ကို မိမိကဖြစ်စေ ကမ္မဋ္ဌာန်းဆရာကဖြစ်စေ စစ်တန်း ထုတ်၍မကြည့်ပဲနှင့် "ရုပ်နာမ်နှစ်ပါးစလုံးချုပ်သည့် မင်္ဂဉာဏ်ဖိုလ်ဉာဏ်ဖြစ်သည်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုသည်၊ သောတာပန်ဖြစ်ပြီ"ဟူ၍ ဆုံးဖြတ်တတ်ကြသည်။ သောတာပန်ဖြစ်တယ်ဆိုတာ တပည့်၏ အစစ်ခံပုံထောက်ပြီး ဆရာလုပ်သူက ဆုံးဖြတ်ရုံနှင့် သောတာပန်ဖြစ်ပြီ ဟူ၍ လှေနံဓားထစ် တထစ်ကျ မမှတ်ရ။ ရွှေ စစ်သည် မစစ်သည်ကို အရောင်ကို ကြည့်ရုံမျှဖြင့် မဆုံးဖြတ်ပဲ မှတ်တင်၍ ငရဲမီးနှင့် စမ်းသပ် စစ်ဆေး၍ ကြည့်ရသလို သောတာပတ္တိမင်္ဂ စစ်သည် မစစ်သည်ကိုလည်း စမ်း၍ ကြည့်ရမည်။သောတာပန်ဖြစ်လျှင် ကိုယ့်ဘာသာကိုယ် သိနိုင်တာမျိုးဟာ ဓမ္မဓိဋ္ဌာန်မဟုတ်၊ ပုဂ္ဂလဓိဋ္ဌာန်သာ ဖြစ်သည်။ထို့ကြောင့် ရှေးပညာရှိများက "မင်္ဂ ဟုတ် မဟုတ် ဖိုလ်နှင့်စမ်းရမည်"ဟု ဆိုရိုးပြုကြသည်။

ဝိပဿနာအနိစ္စ ကြည့်ရှုနေရင်း လောကီရုပ်နာမ်နှစ်ပါးစလုံး ချုပ်သွားသဖြင့် မင်္ဂဟုတ်သည် မဟုတ်

သည့်ကို အတပ်ဝိဒ္ဒ သိလိုလျှင် ဤသို့ ဖြစ်ပြီးသည်နှင့် တမြိုင်နက် မြတ်စွာဘုရားကိုရှိခိုးလျက် "တပည့်တော် သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရတာ ရောက်တာ မှန် လျှင် ယခုအကြိမ်တွင် သိသာထင်ရှားအောင် နိဗ္ဗာန်ကို တနာရီ တဆက်တည်း မျက်မှောက်ပြုလျက် နေရပါ စေသတည်း"ဟု နှုတ်ဖြင့်သော်၎င်း စိတ်ဖြင့်သော်၎င်း အဓိဋ္ဌာန်ပြုပါ။ ဓိဋ္ဌာန်ပြီးလျှင် ခုနက ဝိပဿနာအနိစ္စ ရှုသလိုပင် ရှု၍နေပါ။ စိတ်ကူးခြင်း ကြံစည်ခြင်း တွေး တောခြင်း ဝမ်းသာခြင်း စသည်တို့ မဖြစ်ပါစေနှင့်။ ဤအတိုင်း အနိစ္စရှုနေစဉ် ခုနက ရပ်နာမ်နှစ်ပါးစလုံး ချုပ်သွားတာသည် မဂ်အစစ်ဟုတ်လျှင် ဓိဋ္ဌာန်ထား သည့်အတိုင်း နိဗ္ဗာန်ကိုမျက်မှောက်ပြုမိလျက် တနာရီ ဖြစ်စေ ပို၍ဖြစ်စေ လို၍ဖြစ်စေ နိဗ္ဗာန်ကို မျက်မှောက် ပြုမိလျက်သားဖြစ်၍ နေလိမ့်မည်။ အကယ်၍ ပဌမ အကြိမ်၌ ဓိဋ္ဌာန်သလို မဖြစ်လျှင် ဒုတိယ အကြိမ်၌ "တပည့်တော်သည် ယခုအကြိမ် ဝိပဿနာအနိစ္စရှုနေ ရင်း နိဗ္ဗာန်ကို တနာရီကြာအောင် မျက်မှောက်ပြုလျက် နေရပါလို၏"ဟု ဓိဋ္ဌာန်၍ ဝိပဿနာကို အနိစ္စရှု၊ ခါတိုင်းလိုပင် ရှုပါ။ဓိဋ္ဌာန်သလို နိဗ္ဗာန်ကို မျက်မှောက် မပြုရလျှင်လည်း ဒုတိယအကြိမ်က ဓိဋ္ဌာန်သည့်အတိုင်း ပင် ထပ်၍ ဓိဋ္ဌာန်ပြီး ဝိပဿနာကို အနိစ္စရှုမြဲတိုင်းပင်

ရှုပါ။ ဤကဲ့သို့ အကြိမ်ကြိမ် အဖန်ဖန် မိဋ္ဌာန်လို့မှမရ လျှင် ပဋ္ဌမက မင်္ဂဟုထင်ခြင်းသည် မဟုတ်သေးဘူးဟူ၍ သာ မှတ်ဖို့ရှိတော့သည်။

သို့ရာတွင် အားမလျှော့ပါနှင့်။ ပဋ္ဌမအကြိမ်က ဤ ကဲ့သို့ ဖြစ်ဘူးသော ယောဂီများမှာ များမကြာမီ မဂ် ဉာဏ် ဖိုလ်ဉာဏ်အစစ်ကို ရတတ်ပါသည်။ သို့ဖြစ်၍ နောက်ထပ် အားထုတ်သော အချိန်တိုင်း၌ ဒုတိယ အကြိမ်က မိဋ္ဌာန်သလို မိဋ္ဌာန်ပြီးမှ အားထုတ်ပါ။ ဤ အတိုင်း အားထုတ်သွားလျှင် နောက်ထပ် အားထုတ် သောအကြိမ်များတွင် တကြိမ်ကြိမ်၌ မဂ်ဉာဏ်အစစ်ကို ရတတ်ပါသည်။သို့ရာတွင် တကြိမ်ကြိမ်ဆိုရာ၌ ခဏမျှ ကြာသော တကြိမ်မျိုးမဟုတ်ပဲ တကြိမ်ဆိုလျှင် နာရီ အချိန် အပိုင်းအခြား မထားပဲ တရားအားထုတ်မှ သာ၍ ကောင်း၏။

တရားအားထုတ်ရင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမိသည်မှန်လျှင် ဤသို့ ပြုမိပြီး သည်နှင့်တပြိုင်နက် အဓိဋ္ဌာန်ဖြင့် "နိဗ္ဗာန်ကို ချက်ခြင်း အာရုံပြုရပါလို၏၊ တနာရီကြာအောင် အာရုံပြုရပါလို ၏" ဟု မိဋ္ဌာန်ပြီး မူလအတိုင်း ဝိပဿနာကို အနိစ္စရှုနေ

လျှင် မကြာမီပင် နိဗ္ဗာန်ကို အာရုံပြု၍ သွားတတ်သည်။ သို့ရာတွင် တနာရီတိတိ ဖြစ်စေ၊ ပို၍ဖြစ်စေ၊လို၍ဖြစ်စေ ကြာသင့်သလို ကြာလိမ့်မည်။ဆက်ကာဆက်ကာမိဋ္ဌာန် နိဗ္ဗာန်ကို အာရုံပြုလျှင်မူကား ဝသီဘော်နိုင်ပြီးသကာလ မိဋ္ဌာန်သည့်အတိုင်း တနာရီတိတိပင် ကြာလိမ့်မည်။ ပို၍ လို၍ မိဋ္ဌာန်လျှင်လည်း မိဋ္ဌာန်သည့် အချိန်အတိုင်း တိတိကျကျရနိုင်သည်။ ဤကဲ့သို့ မိဋ္ဌာန်သလို နိဗ္ဗာန်ကို အလိုရှိသလိုမျက်မှောက်ပြု၍ရလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် အစစ်ဖြင့် နိဗ္ဗာန်အစစ်ကို မျက်မှောက် ပြုနိုင်သော သောတာပန်အစစ်ဖြစ်ပြီဆိုတာ စိတ်ချလက်ချ ယုံကြည် ရတော့ပြီ။

သောတာပန်ဖြစ်မှန်း တန်ခိုးအဘိညာဉ် ရှိသော ပုဂ္ဂိုလ်များ သိနိုင်ပါသည်။ အဘိညာဉ်တန်ခိုးမရှိလျှင် မသိနိုင်ပါ။ဗဟုသုတရှိဘူးသော သူများမှာ ထင်ရုံသာ ထင်နိုင်ပါသည်။ ထင်သည့်အတိုင်း ဟုတ်မဟုတ်ကို စမ်းသပ်၍ ကြည့်ရပါသေးသည်။ဥပမာမှာ ယခုရှိသော သိကြားမင်းသည် မြတ်စွာဘုရားထံ တရားနာရင်း သောတာပန်ဖြစ်၍ သောတာပန်ဖြစ်ပြီး တထိုင်တည်း နှင့်ပင် ဆက်လျက် တရားနာရင်း စုတိစိတ်ကျပြီး ပြီး ခြင်း မူလအတိုင်းပင် သိကြားမင်းပြန်၍ဖြစ်၊ သိကြား မင်း ပြန်၍ဖြစ်တော့လည်း တရားနာလျက်ပင် ဖြစ်ရှိ၍

နေ၏၊ ဤအကြောင်းကို သိကြားမင်းသည် သူ့ဘာသာ သူ သိ၍ မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား ၏။ (မဟာဝဂ်ပါဠိ သတ္တပဥ္စသုတ်)။

အဘိညာဉ်တန်ခိုးမရှိသောသူများမှာ မသိနိုင်ကြ။ မသိနိုင်ကြ၍လည်း မြတ်စွာဘုရားလက်ထက်တော်က အချို့သော သောတာပန် ရဟန်းတော်များသည် "မိမိ ကိုယ်ကိုမိမိ သောတာပန် ဖြစ်ကြောင်း အဘယ်သို့ သောနည်းဖြင့် သိရပါမည်နည်း ဘုရား" ဟု လျှောက် ထားသောအခါ မြတ်စွာဘုရားက "သောတာပန်တို့ မည်သည် (က)ဘုရား၌ ကောင်းစွာသက်ဝင်ကြည်ညို ယုံကြည်ခြင်း (ခ)တရားတော်၌ ကောင်းစွာ သက်ဝင် ကြည်ညိုယုံကြည်ခြင်း (ဂ)သံဃာတော်၌ ကောင်းစွာ သက်ဝင်ကြည်ညိုယုံကြည်ခြင်း (ဃ)သမာဓိကို ဖြစ်စွမ်း စေနိုင်သော သီလနှင့် ပြည့်စုံခြင်း ဤအင်္ဂါ(၄)ပါးတို့ နှင့် ပြည့်စုံလျှင် သောတာပန်ဖြစ်ကြောင်း သိရမည်" ဟု မိန့်မြွက်တော်မူ၏။

"ဘုရား၌ ကောင်းစွာ သက်ဝင် ကြည်ညိုယုံကြည် ခြင်း" ဆိုရာ၌ ဝက္ကလိမထေရ်လို အနားက မခွါနိုင် အောင် ကြည်ညို၍ နေတာမျိုး ဆိုလိုတာမဟုတ်၊ ဘုရား ၏ ဂုဏ်ကျေးဇူးတော်တွေကို ကြည်ညို ယုံကြည်ခြင်းကို သာ ဆိုလိုသည်။ ၎င်းပြင်— "မသိဘူး" ဟူ၍ ဆိုရာ၌

သောတာပန်ဆိုတဲ့ အမည်ကို မပြောတတ်ခြင်းကိုသာ ဆိုလို၏။ သောတာပန်မဖြစ်မီ တွေ့တဲ့ ဝိပဿနာ အနိစ္စ ရှု၍ ဖြစ်ပျက်ရုပ်နာမ် ချုပ်သွားပုံကိုတော့ ကိုယ်တွေ့ မို့လို့သိပါ၏။ သိရပေမဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် သောတာပန် အစရှိ သော နာမည်တွေကိုတော့ မပြောပြတတ်ပါလေ။

---

## ဖလသမာပတ်ဝင်စားစဉ် အသံမကြားရပုံ

သမာပန္နော နာမ အန္တောသမာပတ္တိယံ ကဏ္ဏ-
မူလေ ဓမမာနဿ သင်္ခယုဂဠဿာပိ အသနိ-
သန္နိပါတဿာပိ သဒ္ဒံ န သုဏာတိ။

အနက်— သမာပန္နောနာမ၊ ဖလသမာပတ် မည်သည်ကား။ အန္တောသမာပတ္တိယံ၊ ဖလသမာပတ် ဝင်စားစဉ်အတွင်း၌။ ကဏ္ဏမူလေ၊နားဝ၌။ ဓမမာနဿ၊ မှုတ်အပ်သော။ သင်္ခယုဂဠဿာပိ၊ ခရုသင်း နှစ်ခု၏လည်း။သဒ္ဒံ၊အသံကို။ န သုဏာတိ၊မကြားရ။ အသနိ-သန္နိပါတဿာပိ၊ ထို့ထက် ကြီးကျယ်သော မိုးကြိုးပစ်သံကိုလည်း။ န သုဏာတိ၊မကြားရလေ။

အဓိပ္ပါယ်ကား—ဖလသမာပတ်ဝင်စားနေတဲ့ အခါ နိဗ္ဗာန်ကိုသာ အာရုံပြု၏။ ဖလသမာပတ်ကိုဝင်စား၍နေသော ယောဂီ၏ စိတ်သည် လောကုတ္တရာ စိတ်ဖြင့် လောကုတ္တရာ အာရုံတည်းဟူသော နိဗ္ဗာန်အာရုံတခုတည်းကိုသာလျှင် ဘဝင်မခြားပဲ တဆက်တည်း အာရုံပြု၍ နေလေ၏။ ထို့ကြောင့် ကျမ်းဂန်က "ထိုယောဂီ၏ သတိသည် ဖဿာယတန ခြောက်ပါး၌ အစောင့်အရှောက် မထင်နိုင်၊ ဖဿဖြစ်သည် သတိမပြုနိုင်သောကြောင့် ဝေဒနာခြောက်ပါးဖြစ်သည်ကိုလည်း ခံစားမှုမရှိ။ သို့ဖြစ်သောကြောင့် ဖလသမာပတ် ဝင်စားစဉ် ခရုသင်းသံကိုလည်းမကြား၊ မိုးကြိုးသံကိုတောင်မကြားနိုင်" ဟု မိန့်ဆိုခြင်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်— အသံဆိုတာ လောကီအာရုံဖြစ်၏။ လောကီအာရုံကို လောကီစိတ်ဖြင့်သာ အာရုံပြုနိုင်၏။ သမာပတ်ဝင်စားစဉ်၌ လောကီစိတ် ဖြစ်ခွင့်မရ၊ ဘဝင်စိတ်တောင်မှ ဖြစ်ခွင့်မရသဖြင့် လောကီအာရုံ ဟူသမျှ အသံတင်မက အဆင်း, အနံ့, အရသာ, အထိ အစရှိသော အလုံးစုံသော အာရုံတို့ကို အာရုံမပြုတော့ပေ။ နိဗ္ဗာန်တခုတည်းကိုသာ အာရုံပြုလျက် နေတော့၏။ ဤသို့ ဖြစ်ရှိ၍နေခြင်းသည် မေ့နေသည်မဟုတ်။ ပုထုဇဉ်များကတော့ ခေါ်မရ ပြောမရပဲ ဘယ်လိုလုပ်လို့မှ မရသောကြောင့် "မေ့

မော နေသည်”ဟု အထင်ရှိခြင်းသာ ဖြစ်၏။ ဤသို့ဖြစ်၍ နေခြင်းမှာ ဓိဋ္ဌာန်ထားသော အချိန် စေ့သည်တိုင် အောင် တည်၍နေ၏။

အထူးမှတ်သားချက်ကား— ဤသို့သော သမာပတ် ကို နေ့စဉ် အချိန်မှန် နာရီရတိုင်း ခဏခဏဝင်စားခြင်း ဖြင့် ဝသီဘော်နိုင်အောင် လုပ်ထားသော အရိယာမှာ ဘယ်အခါမဆို ၁၀-မိနစ်၊နာရီဝက်၊တနာရီ၊တညလုံး၊ တနေ့လုံး မိမိ အချိန် နာရီရသလောက်အတွင်းပင်လျှင် လိုသလိုဝင်စားနိုင်၏။ အလေ့အထမရှိလျှင် လိုချင်တိုင်း မရ။ ဝိပဿနာကမ္မဋ္ဌာန်း ချထားတာကြာလျှင်မူကား သုက္ခဝိပဿကရဟန္တာများ သည်လည်း ဝင်စားချင် တိုင်း မရဟု ကျမ်းဂန်တွင် ပါရှိ၏။ သို့အတွက် အလေ့ အထ ပြုသင့်လှပေသည်။ အချို့ ယောဂီများမှာ ဖလ သမာပတ် ဝင်စားနေစဉ် အသံကိုမကြားရဟု ဆိုခြင်း သည် မှန်၏။ သို့ရာတွင် သမာပတ်ကို ကောင်းစွာ မနိုင် နင်း၍ တဆက်တည်း မပြတ်အောင် မဝင်စားနိုင်သော အခါများတွင် သမာပတ်ကို ဝင်စားသောစိတ် ဖြစ် လိုက် သမာပတ်မှ လွတ်သွားလိုက်နှင့် ဝင်စားလိုက် တချက် လွတ်သွားလိုက်တချက်နှင့် ပြတ်တောင်း ပြတ် တောင်းဖြစ်၍ နေတတ်သည်။ ထိုအခါ ဝင်စားမိသော အခါ အသံကိုမကြားရပဲ လွတ်သွားသောအခါ အသံ

ကို ကြားရပြန်သည်။ ဤသို့ ဝင်စားလိုက် လွတ်သွားလိုက်နှင့် လျင်မြန်စွာ ဆက်တိုက် တလှည့်စီဖြစ်၍ အသံအစရှိသည်ကို တဆက်တည်း ကြားမြင်သိရှိ၍နေရဘိသကဲ့သို့ ဖြစ်နေတတ်သည်။ ထိုသို့ဖြစ်နေလျှင် ဝင်စားတဲ့ သမာပတ် မဖြစ်ဘူးဟု မှတ်ထားရ၏။

ဤသို့ ဖြစ်ခဲ့သော် ဝိပဿနာသမာဓိ အားကောင်းအောင် တရားအားထုတ်၍ ဝိပဿနာသမာဓိ အားကောင်းလာလျှင် စိတ်ကိုပြင်၍ လိုလိုချင်ချင်ဖြစ်အောင် လုပ်ပြီးလျှင် အဓိဋ္ဌာန်ဖြင့် စိတ်ထက်သန်စွာ ထပ်၍ အားထုတ်ပါလေ။ ဖလသမာပတ် ဝင်စားတိုင်း ဖြစ်ပါသည်။

အရှင်သာရိပုတြာသည် မိမိတံမြက်လှည်းခြင်းကိစ္စကျန်နေ၍ မိမိဝတ်ကို မလုပ်မိဘဲ ဖလသမာပတ်ဝင်စား၍ မဖြစ်သည်ကို ကြည့်ပါလေ။ မိမိ ကိစ္စ ဝတ်ကို ထပြီးတော့ တံမြက်လှည်းပြီး ဖလသမာပတ်ဝင်စားမှ ဖြစ်ပါသည်။ ယောဂီအပေါင်းတို့ သတိဖြစ်စေရန် အချက်တည်း။

ဖလသမာပတ်ကို ဝင်စားနိုင်သူ ဖြစ်ပေမဲ့ တခါတရံ စိတ်မကောင်းစရာ စိတ်ပျက်စရာ အမှုကိစ္စ များနေတဲ့အခါ စိတ်အားလျော့စရာ စသည်တို့ ဖြစ်ပေါ်လာလျှင်

စိတ်ပျံ့လွင့်ပြီး သမာဓိတရား ဆုတ်ယုတ်၍ နေခြင်း ကြောင့် ဖလသမာပတ်ကို ဝင်စား၍မရနိုင်။ ဝင်စား တိုင်းမရပဲ နေတတ်၏။ မိမိ အချိန် နာရီ ရတဲ့ ခါ ကြည့်ပြီးတော့ ဝင်စားပါလေ။ဖြတ်၍တော့ မထားပါ နှင့်။ သို့မှသာ ဝင်စားတိုင်း လျင်မြန်ပါသည် ယောဂီ အပေါင်း သူတော်ကောင်းတို့....။

---

### ဖလသမာပတ် တနေ့ပတ်လုံး တညဉ့်ပတ်လုံးနေပုံ

အကြင် ယောဂီသည် ထိုဝိပဿနာဉာဏ်တို့၏ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဟု ဆိုအပ်သော နိမိတ်အာရုံတို့ကို လွန်မြောက်၍ အနိမိတ္တ ဖြစ်သော နိဗ္ဗာန်အာရုံ၌သာလျှင် အကြင်ရွေ့လောက် တည်စေ သတည်းဟု အဓိဋ္ဌာန်၍ ဝိပဿနာအနိစ္စ အာရုံကို ဩတ္တမဓာတ်သို့သက်အောင် ငြိမ်စေလျက် အထူးသဖြင့် ငြိမ်စေလျက် အထူးသဖြင့်အလွန်ငြိမ်စေလျက် လွှတ်၏၊ ထိုယောဂီသည် ထိုပိုင်းခြားသော ကာလပတ်လုံး နိဗ္ဗာန်အာရုံ၌ "သန္တမေတံ၊ ပဏီတမေတံ၊ နိဗ္ဗာန မေတံ"စသည်ဖြင့် မိမိစိတ်ကို တနေ့လုံးသော်လည်း တည်ခြင်းငှါ ခံ့၏၊ တညဉ့်လုံးသော်လည်း တည်ခြင်း

၄၁ ခံ့၏၊ ထိုယောဂီသည် (၁)နိမိတ္တအမနသိကာရ (၂)အနိမိတ္တမနသိကာရ (၃)အဘိသင်္ခါရဟု ဆိုအပ်သော ဌာနအင်္ဂါသုံးပါးနှင့်ပြည့်စုံပေ၍ ဖလသမာပတ်ကို ဝင်စားနိုင်သောသူ မည်ပေ၏။

ဧတံ သန္ဓံ, ဧတံ ပဏီတန္တိ၊ သန္တံ သန္တန္တိ အပေ့တွာ နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါဒေါ သန္တံ သန္တန္တေဝ ပဝတ္တတိ (ပ) နိဗ္ဗာနံ နိဗ္ဗာနန္တေဝ ပဝတ္တတီတိ သမ္ဗုဒ္ဓေတံ ဖလသမာပတ္တိ သမာဓိံ သန္ဓာယ ဝုတ္တံ။ ။

(ဆင္ဂမူ၊ အံ တ သမာဓိသုတ္တဝဏ္ဏနာ ၂၀၀၊ ဋီ တ ၃၀၅)

**အဓိပ္ပါယ်ကား**— အကြင်ယောဂီပုဂ္ဂိုလ်သည် ဆိုခဲ့ပြီးသော ဌာနအင်္ဂါသုံးပါးကို ပြည့်စုံစေ၍ ဖလသမာပတ်မှ အကြင်အခါ ထ၏၊ ထိုအခါ ရုပ်, ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဉ်ဟု ဆိုအပ်သော နိမိတ္တမနသိကာရ,နိဗ္ဗာန်ကို အာရုံမပြုခြင်းဟု ဆိုအပ်သော အနိမိတ္တအမနသိကာရ ၎င်းအင်္ဂါနှစ်ပါးသို့ သက်ခဲ့လျှင် ဖလသမာပတ်မှ ထခြင်း ဟူသော ဝုဋ္ဌာန ဖြစ်ပေ၏။ ဤသို့ သမာပတ်ကိုပြန်၍ ဝင်စားနိုင်အောင် နေ့ရက်များစွာ ပြန်လှန်၍ သုံးသပ်ကြရမည်။ သို့မှ မိမိမှာ်ဦ

စိတ်ချရမည်၊ ယုံကြည်ရမည် ယောဂီအပေါင်းသူတော်ကောင်းတို့။

(ဆင္ဂမူ၊ အံ-တ ဒသကနိပါတ ၄-သမာဓိသုတ္တဝဏ္ဏနာ
နံပါတ် ၂ဂဂ၊ ၄-တ ၃၀၅)

ဖလသမာပတ် ဝင်စားပုံ ပြီး၏။

---

## ဒုတိယမဂ် တက်ရန် ဝိပဿနာ အားထုတ်ပုံ

ဧဝံ ပဋိပဇ္ဇိတွာ ပန သော သောတာပန္နော အရိယသာဝကော တသ္မိံယေဝ ဝါ အာသနေ နိသိန္နော အပရေန ဝါ သမယေန ကာမ ရာဂ ဗျာပါဒါနံ တနုဘာဝါယ ဒုတိယာယ ဘူမိယာ ပတ္တိယာ ယောဂံ ကရောတိ—

ဟု အဋ္ဌကထာဆရာ မိန့်မှာတော်မူအပ်သည်နှင့်အညီ ဤသို့ ပဋိပဇ္ဇနာတို့ကို ဆင်ခြင်ပြီး၍ ထိုသောတာပန်သည် တထိုင်တည်း နေရာ၌ရင်း၊ သို့မဟုတ်-ဖလသမာပတ်တို့ကို အကြိမ်ကြိမ် နေ့ရက်များစွာ ဝင်စားပြီးသော အခါ၌ရင်း ကာမရာဂ,ဗျာပါဒတို့ကို ခေါင်းပါးစေခြင်း, သကဒါဂါမိမဂ်သို့ရောက်ခြင်းငှါ တဖန် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းလုံ့လကို ပြုအပ်၏။ မိမိရပြီးသော

သောဟာပတ္တိဖိုလ်ကို အာလယဖြတ်၍ ရှေ့ခံရမည့်ဒုက္ခ ကြီးကို ဉာဏ်မျက်စိထဲမှာ ထင်မြင်ပြီး ကြောက်မှ သကဒါဂါမိမဂ်,ဖိုလ် ရနိုင်ပါ၏။

အာလယမပြတ်ပဲ ခံရမည့်ဒုက္ခကြီးမမြင်ပဲ တရား အားထုတ်ခဲ့သော် ပဌမသောတာပတ္တိဖိုလ်ဇောပြန်၍ ခဏခဏ ဖိုလ်ဇောကျတတ်ပါသည်။ အကြိမ်ပေါင်း တထောင် ကျနိုင်ပါ၏။ ဒီနေရာ ဆရာကောင်း လိုပါ သည်။ အထူးသတိပြုစေရန် အချက်ပေတည်း။

ထို သောတာပန်အား ကာမရာဂ ဗျာပါဒ တို့ကို ခေါင်းပါးစေခြင်း, သကဒါဂါမိမဂ်သို့ ရောက်ခြင်း အကျိုးငှါ အဘယ်သို့ အားထုတ်အပ်သနည်း....၊ ထို သောတာပန်ပုဂ္ဂိုလ်သည် ရုပ္ပ, ဓိုလ်, မောဠျင် တို့ကို ပေါင်းစု၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် အပြားရှိသော ထိုသင်္ခါရအပေါင်းကိုလျှင် အနိစ္စ,ဒုက္ခ, အနတ္တ ဟူ၍ ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေးသုံးပါး ကို စုံစမ်းသည်၏ အကြည့်အရှု အစွမ်းဖြင့် သုံးသပ်၏၊ ဆင့်ကာဆင့်ကာ အဖန်တလဲလဲ ဝိပဿနာဉာဏ်ကို ဖြစ်စေ၏၊ဝိပဿနာဉာဏ်အစဉ်သို့ တက်၏၊ ဤ ပြဆိုခဲ့ ပြီးသောနည်းဖြင့် ကျင့်သော ထိုယောဂီ သောတာပန် ပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် စသည်တို့ကို ဖြစ်စေခြင်း၌ ပြဆိုခဲ့ပြီးသော နည်းဖြင့် သာလျှင် သင်္ခါရပေက္ခာ

ဉာဏ်၏ အဆုံး၌ တခုသော အာဝဇ္ဇနျမ်းဖြင့် အနုလုံ, ဂေါတြဘူဉာဏ်တို့သည်(ဝါ)အနုလောမဉာဏ်,ဝေါဒါန် တို့သည် ဖြစ်လတ်သော် ဂေါတြဘူနှင့်တူသော ဝေါ ဒါန်၏အခြားမဲ့၌ သကဒါဂါမိမဂ်သည် ဖြစ်၏။ ထို သကဒါဂါမိမဂ်နှင့် ယှဉ်သော ဉာဏ်သည် သကဒါ ဂါမိမဂ်၌ဖြစ်သောဉာဏ် မည်၏။

(ဆဋ္ဌမူဝိသုဒ္ဓိမဂ္ဂ ဒု ၃၁၆၊ ၌ ၄၇၇)

တဿေဝ ပဋိပန္နဿ ဥတ္တနယေနေဝ သင်္ခါရု-
ပေက္ခာဝသာနေ။

ဇဝံ၊ ဤ ဆိုအပ်ခဲ့ပြီးသောအတိုင်း။ ပဋိပန္နဿ၊ ကျင့် သော။တဿ၊ထိုသောတာပန်ပုဂ္ဂိုလ်အား။ ဥတ္တနယေ- နေဝ၊ဥဒယဗ္ဗယဉာဏ် စသည်တို့ကို ဖြစ်စေခြင်း၌ဆိုအပ် ပြီးသောနည်းဖြင့် သာလျှင်။ သင်္ခါရုပေက္ခာဝသာနေ၊ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌....။

(ဝိသုဒ္ဓိမဂ် ဒု ၃၁၆)

ဤသို့သော ပါဠ်နှင့် အညီ သောတာပတ္တိမဂ်၌ အာလယပြတ်၍ ဒုက္ခကြီးကိုကြောက်မှ ဘေးကြီးထင် မြင်မှ ဥဒယဗ္ဗယဉာဏ် စသည်တို့ကို အသစ် တည် ထောင်၍ သင်္ခါရုပေက္ခာဉာဏ်၏အခြားမဲ့၌ သကဒါ ဂါမိမဂ်သို့ အကြင်အခါရောက်အောင် စီးဖြန်းရာ၏၊

ထိုအခါ (၁)အဓိစ္စုပ္ပတ္တိအစွမ်း (၂)ပရိယုဋ္ဌာနမန္ဒ အစွမ်း-ဤသို့ အစွမ်းနှစ်ပါးကို ဆောင်၍ တည်ရှာ၏။ လောကဓံတရားကို မတွေ့သည်ရှိသော် အနာဂါမ်ကဲ့သို့ နေရှာ၏။ တွေ့သည်ရှိသော်ကား အနည်းငယ်မျှသာ တုန်လှုပ်ရှာ၏၊ ဖြစ်၏ဟု ဆိုရုံမျှသာ ရှိတော့၏။

ယောဂီတို့ စိတ်ဖြစ်ပုံ စဉ်းစားရန် အချက်တည်း။

ထိုသကဒါဂါမိမဂ် စသည်တို့သည် ဘာဝနာ အားရှိကုန်၏။ နိဗ္ဗာန်ကို မြင်ခြင်းမှာကား သောတာပတ္တိမဂ်ထက် မထူးကုန်။ မိုးကြိုးပဲ့တင်သံကဲ့သို့၎င်း, မီးပုံကဲ့သို့၎င်း, မှန်တိုင်းကဲ့သို့၎င်း စသည်ဖြင့် ဗလဝဝိပဿနာ အားကို ဆောင်လျက် ဘာဝနာအားသာ အားကြီးကုန်၏။

ထိုစကား သင့်စွ။ သစ္စိကိရိယာတရားတို့သည် (၁)လောကိယသစ္စိကိရိယာ (၂)လောကုတ္တရာသစ္စိကိရိယာ အားဖြင့် နှစ်ပါးပင်ရှိသော်လည်း လောကုတ္တရာသစ္စိကိရိယာ၌ ဒဿနသစ္စိကိရိယာ,ဘာဝနာသစ္စိကိရိယာ ဟူ၍ နှစ်ပါးပြားရကား သုံးပါးအပြားရှိ၏။

သစ္စိကိရိယာပိတိ လောကိယသစ္စိကိရိယာ, လောကုတ္တရ သစ္စိကိရိယာတိ ဒွေဓာ ဘိန္ဒာပိ လောကုတ္တရာယ ဒဿနဘာဝနာဝသေန ဘေဒတော တိဝိဓာ ဟောတိ။

**အနက်**—သစ္စိကိရိယာဝိတိ၊ ဟူသည်ကား။ လောကိ-ယသစ္စိကိရိယာ၊ လောကိယသစ္စိကိရိယာဝင်း။ လောကုတ္တရာသစ္စိကိရိယာ၊ လောကုတ္တရာ သစ္စိကိရိယာဝင်း။ ဣတိ၊ ဤသို့။ ဒွေဓာ၊ နှစ်ပါးသော အပြားအားဖြင့်။ ဘိန္ဒာပိ၊ ပြားသော်လည်း။ လောကုတ္တရာယ၊ လောကုတ္တရာသစ္စိကိရိယာ၏။ ဒဿနဘာဝနာဝသေန၊ ဒဿနဘာဝနာ၏ အစွမ်းအားဖြင့်။ ဘေဒတော၊ ပြားခြင်းကြောင့်။ တိဝိဓာ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား**— ထိုသုံးပါးတို့တွင် (၁) ဥပစာရသမာဓိ, အပ္ပနာသမာဓိ ဝိပဿနာဉာဏ်တို့ကို နာမကာယ, ရူပကာယတို့ဖြင့် တွေ့ထိရ၍ မျက်မှောက်ပြုခြင်းသည် လောကိယသစ္စိကိရိယာမည်၏။ (၂) သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်ရသောကြောင့် ဒဿနသစ္စိကိရိယာမည်၏။ (၃) အထက်မဂ်သုံးတန်တို့သည် ဘာဝနာ သာလျှင် အားရှိသောကြောင့် ဘာဝနာသစ္စိကိရိယာမည်၏။

ပဌမမဂ္ဂက္ခဏေ ပန နိဗ္ဗာနဒဿနံ ဒဿနသစ္စိကိရိယာ, သေသမဂ္ဂက္ခဏေသု ဘာဝနာသစ္စိကိရိယာတိ။

**အနက်**—ပန၊ လောကီသစ္စာ ကိရိယာမှတပါး လောကုတ္တရာသစ္စာ ကိရိယာကို ဆိုဦးအံ့။ ပဌမမဂ္ဂက္ခဏော၊ ပဌမသောတာပတ္တိမဂ်ခဏာ၌။ နိဗ္ဗာနဒဿနံ၊ နိဗ္ဗာန်ကိုမြင်ခြင်းသည်။ ဒဿနသစ္စာကိရိယာ၊ ဒဿန မည်သော သောတာပတ္တိမဂ်ဖြင့် မျက်မှောက် ပြုခြင်း မည်၏။ သေသမဂ္ဂက္ခဏောသု၊ သောတာပတ္တိမဂ်မှ ကြွင်းသော အထက်မဂ်ခဏာ၌။ ဘာဝနာသစ္စာကိရိယာ၊ ဘာဝနာ မည်သော အထက်မဂ်ဖြင့် မျက်မှောက်ပြုခြင်း မည်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

တတိယ အနာဂါမိမဂ်, အနာဂါမိဖိုလ်၊ စတုတ္ထ အရဟတ္တမဂ်,အရဟတ္တဖိုလ် ဖြစ်အောင် အထက်နည်းကြည့်ပြီး ဝိပဿနာတရား အားထုတ်ပါလေ။ အကျယ်လိုမူ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဋိသမ္ဘိဒါမဂ္ဂပါဠိ အဋ္ဌကထာ ကြည့်ယူ၍ အားထုတ်ကြပါလေ ယောဂီပုဂ္ဂိုလ် အပေါင်းတို့....။

---

**ဖလသမာပတ် ဝင်စားခြင်းအကျိုး**

အရိယာပုဂ္ဂိုလ်တို့သည် အဘယ် အကျိုးငှါ ဖလသမာပတ်ကို ဝင်စားကြသနည်း.... ဆိုသော် မျက်မှောက် ပစ္စက္ခဘဝ၌ ချမ်းသာစွာ နေခြင်းအကျိုးငှါ ဖလသမာပတ်ကို ဝင်စားကြသည်။

ဥပမာကား—လောက၌ မင်းတို့သည် မင်း၏စည်းစိမ်ချမ်းသာကိုငင်း, နတ်တို့သည် နတ်၏စည်းစိမ်ချမ်းသာကိုငင်း ခံစားကုန်သကဲ့သို့ ထို့အတူအရိယာပုဂ္ဂိုလ်တို့သည် လောကုတ္တရာ ချမ်းသာကို ခံစားခြင်း ပြုရန် ကာလအပိုင်းအခြားကိုပြု၍ ဖလသမာပတ်ကို ဝင်စားကြကုန်၏။

ဖလသမာပတ္တိနိန္နတာယ စေတ္တ သေက္ခသာမိ
ဖလမေဝ ဥပ္ပဇ္ဇတိ၊ န မဂ္ဂေါ။
(ဝိသုဒ္ဓိမဂ္ဂ ဋ္ဌ ဒု ၃၄၂၊ ဋ္ဌ ဒု ၅၁၀၊ ဥဒါနဋ္ဌကထာ ၃၁)

ဖလသမာပတ် ဝင်စားလျက် ကြာမြင့်စွာ နေနိုင်ခြင်း။ အကြောင်း ၃-ပါးပြည့်စုံလျှင် ဖလသမာပတ်ကို ဝင်စား၍ နေနိုင်သည်ဟု ဆိုသော်လည်း မိမိအလိုရှိသလောက် အချိန်နာရီကြာမြင့်စွာ ဝင်စားလျက် နေနိုင်ရန်ကား အောက်ပါ အကြောင်း ၃-ပါး ပြည့်စုံစေရသည်။ အကြောင်း ၃-ပါးကား—

(၁) နိဗ္ဗာန်မှတပါးသော အာရုံဟူသမျှကို အာရုံမပြုခြင်း။

(၂) နိဗ္ဗာန်ကိုသာ အာရုံပြုခြင်း။

(၃) မဝင်စားမီက ကာလအပိုင်းအခြားကို ပြုခြင်း။

ဤသို့အားဖြင့် ၃-ပါးပေတည်း။

တဋ္ဌ ပုဗ္ဗေစ အတိသန္ဓိါရောတိ သမာပတ္တိ-
တော ပုဗ္ဗေ ကာလပရိစ္ဆေဒေါ အသုကသ္မိံ နာမ
ကာလေ ဝုဋ္ဌဟိဿာမီတိ။
(ဆင္ဒမူ ဝိသုဒ္ဓိမဂ္ဂ ဒု ၃၄၃၊ ဥဒါနကထာ ၃၃)

ဤသို့ ကာလအပိုင်းအခြားကိုပြု၍ ဖလသမာပတ်
ဝင်စားရာ၌ အချိန်နာရီ မည်မျှအထိ၊ သို့မဟုတ် ရက်
မည်မျှအထိ ပိုင်းခြား၍ ဝင်စားနိုင်ပါသနည်း....ဆိုလျှင်

"နိဂဏ္ဌတို့.... ငါဘုရားသည် ကိုယ်ကိုလည်း
မလှုပ်ရှားပဲ၊ စကားကိုလည်း မပြောကြားပဲ တရက်
ပတ်လုံးငင်း (၇) ခုနစ်ရက်ပတ်လုံးငင်း ဖလသမာ
ပတ်ချမ်းသာကို ခံစားလျက် နေနိုင်၏"—

ဟူသော မြတ်စွာဘုရား၏ စကားတော်ကို ထောက်
ထား၍ အများဆုံး ခုနစ်ရက်အထိ ပိုင်းခြား၍ ဝင်စား
နိုင်ကြောင်းကို ယုံကြည်စွာ မှတ်သား ထားအပ်ပေ
သည်။

ယခုကျမ်းပြုသည့် ဆရာတော်သည် တနေ့နှင့်တည
(တရက်)တော့ ခိုင်းဘူးပါ၏။ အရွယ်ငယ်သူများ သင့်
လိမ့်မည် ထင်ပါသည်။ အရွယ်ကြီးသူများတော့ တနေ့
တခါ, တညတခါ ဖလသမာပတ် ဝင်စားနိုင်လျှင်

ကောင်းလိမ့်မည် ထင်ပါသည်။ မိမိ ဝင်စား၍ ရက်များ များ စိတ်ထက်သန်သောယောဂီ အရွယ် ငယ်သူများ မှာ အလွန်နှစ်သက်၍ ဝင်စားလိုသောစိတ် အလွန် အားကြီးနေရင် ကောင်းလိမ့်မည် ထင်ပါသည်။ မိမိ ဉာဏ်နှင့် ချိန်၍ ဝင်စားကြပါလေ။ သန္တိသုခချမ်းသာ ခံစားပုံ အကျိုးကြီးပုံတည်း။

အဟံ ခေါ အာဝုသော နိဂဏ္ဌ ပဟောမိ အနိဉ္ဇမာနော ကာယေန အဘာသမာနော ဝါစံ ဧကံ ရတ္တိန္ဒိဝံ (ပ) သတ္တရတ္တိန္ဒိဝါနိ ဧကန္တသုခံ ပဋိသံဝေဒီ ဝိဟရိတုံ။

(ဆင့်မူ၊ မူလပဏ္ဏာသပါဠိ၊ စူဠဒုက္ခက္ခန္ဓသုတ္တ သုတ်အဆုံး ၁၃၂)

---

## လူအနာဂါမ်သည် ယနေ့ခေတ်ပြုသော သာမဏောကို ရှုနိုးရခြင်း

အကျွန်ုပ်သော ယောဂီ အပေါင်းတို့သည် သမထ ဝိပဿနာ တရားထူး တရားမြတ် အားထုတ်ကြရာ၌ သမထနိမိတ် မြင်သင့်သလောက် မြင်သောအခါ၌ရင်း, ဝိပဿနာတရားထူး တရားမြတ်ကို (အဖြစ်အပျက်)မြင် သင့်သလောက် မြင်သော အခါ၌ရင်း "ရဟန်း,

သာမဏေများသည် သူတို့လောက်မမြတ်ဘူး”ဟု မာန အထင်ရောက်နေသည်။မိမိ အထင်ကြီးသလောက် မာန ရောက်တတ်သည်။ရှိခိုးခြင်း အရိုအသေ အလေးအမြတ် မပြုပဲ နေတတ်သည်။ ဒီလိုပုဂ္ဂိုလ်များလည်း ရှိတတ်သည်။မပြုကောင်း မလုပ်ကောင်းပါလေ။ တရားထူး တရားမြတ်မရပဲ ရှေ့ကို တရားမတက်ပဲနေတတ်သည်။ သတိပြုပါလေ။

တဖြေးဖြေး မာနရောက်၍ အရိယာပုဂ္ဂိုလ်များကို ပြစ်တင်ရှုတ်ချ ကဲ့ရဲ့ကြလျှင် အရိယူပဝါဒန္တရာယ် ဖြစ်သွားတတ်၏။ဗဟုသုတမရှိပဲနှင့် မထိမဲ့မြင် မပြုကောင်း မပြုကြပါလေနှင့်၊ အထူးသဖြင့် အရိုအသေ အလေး အမြတ် ပြုကြပါလေ။တရားထူး တရားမြတ် ရကြစေရန် မဂ်,ဖိုလ်,နိဗ္ဗာန် လျင်မြန်စွာ ရောက်ကြစေရန် စေတနာ ကောင်းဖြင့် တိုက်တွန်းလိုက်ပါသည်။

အနာဂါမိမ် စေ ဘိက္ခဝေ ဂိဟိ ဟောတိ တေန တဒဟုပဗ္ဗဇိတဿာပိ သာမဏေရဿ အဘိဝါ-ဒနာဒီနိ ကတ္တဗ္ဗာနေဝါတိ။

(ဆင္ဒမူ၊ ခုဒ္ဒကနိကာယ သုတ္တနိပါတဠကထာ နံပါတ် ၂၆၂)

**အနက်**—ဘိက္ခဝေ၊ရဟန်းတို့။ အနာဂါမိမ်၊ အနာ ဂါမ်သည်လည်း။ဝါ၊အနာဂါမ်ဖြစ်သော်လည်း။ ဂိဟိ၊

လူသည်။ စေ ဟောတိ၊အကယ်၍ ဖြစ်ငြားအံ့။ တေန၊ ထို အနာဂါမ်ဖြစ်သော လူသည်။ တဒဟုပဗ္ဗဇ္ဇိတဿ၊ ထိုနေ့ ရှင်ရဟန်းဖြစ်သော။ သာမဏေရဿာပိ၊သာ-မဏေအားလည်း။အဘိဝါဒနာဒီနိ၊ရှိခိုးခြင်း စသည်တို့ကို။ ကာတုံဝဋ္ဋာနေဝ၊ ပြုအပ်ကုန်သည်သာလျှင်ကတည်း။

---

မဟာပစ္စဝေက္ခဏာ ၇-ပါး စစ်တမ်း

ဆဋ္ဌမူ မူလပဏ္ဏာသ ကောသမ္ဗိက သုတ်တော်၌ တွေ့ရသော အောက်ပါ သောတာပန်ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာ ၇-ပါးဖြင့်လည်း မိမိတို့ကိုယ်ကို စစ်ကြည့်ကြပါလေ။

(၁) အရိယာ ဆင်ခြင်ပုံ- "အကြင် ပရိယုဋ္ဌာန် ကိလေသာက စိတ်ကို ထကြွ ပိတ်ပင်သောကြောင့် ငါ သည် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ၊ ထိုသို့သော ကိလေသာသည် ငါ၏ကိုယ်တွင်း၌ မပယ်ရသေးပဲများ ရှိနေပါသေးသလား...."။

အရိယာသိပုံ-"ထိုသို့မသိမမြင်နိုင်အောင် တားမြစ် ပိတ်ပင်တတ်သော ပရိယုဋ္ဌာန် ကိလေသာသည် ငါ၏ ကိုယ်တွင်း၌ မပယ်ရသေးတာ မရှိတော့ပြီ၊သစ္စာလေး ပါး အမှန်တရားတို့ကို သိမြင်ရန် ငါ၏ စိတ်သည် ကောင်းစွာထားအပ်ပေပြီ"ဟု သိ၏။

(၂) အရိယာဆင်ခြင်ပုံ- "ဤ အသိအမြင်ကို မှီဝဲ လျက် ဖြစ်ပွားစေလျက် အကြိမ်များစွာ လေ့လာသော ငါသည် မိမိ၏စိတ်၌ ငြိမ်သက် တည်ကြည်ခြင်း နိဝရဏ ငြိမ်းခြင်းကို ရပါ၏လော၊ မိမိ၏စိတ်၌ ကိလေသာငြိမ်း ခြင်း ရှိပါ၏လော၊ အာရုံ့ဘို့၌ ကိလေသာမဖြစ်ခြင်းကို ရပါ၏လော...."။

အရိယာသိပုံ-"ဤ အသိအမြင်ကို မှီဝဲလျက် ဖြစ်ပွား စေလျက် အကြိမ်များစွာ လေ့လာနေသော ငါသည် မိမိ၏စိတ်၌ ငြိမ်သက်တည်ကြည်ခြင်း နိဝရဏငြိမ်းခြင်း ကို အမှန်ပင်ရပါပေ၏၊ မိမိ၏စိတ်၌ အနုသယကိလေ သာငြိမ်းခြင်းကို အမှန်ပင်ရပါပေ၏"ဟု သိ၏။

(၃) အရိယာဆင်ခြင်ပုံ- "ငါသည် အကြင်သို့ သော မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ဤသာသနာမှအပြင် ပ၌ အခြားတပါးသော ရဟန်းပုဂ္ဂိုလ်ဖြစ်စေ,လူပုဂ္ဂိုလ် ဖြစ်စေ ထိုသို့သော မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသူ ရှိလေ သလော...."။

အရိယာသိပုံ- "ဤသာသနာမှ အပြင်ပ၌ အခြား တပါးသော ရဟန်းပုဂ္ဂိုလ်ဖြစ်စေ, လူပုဂ္ဂိုလ်ဖြစ်စေ ငါ့မှာ ဖြစ်ပေါ်လာသော မဂ်ဉာဏ်အမြင်မျိုးနှင့် ပြည့်စုံ သူ မရှိတော့ပြီ...."ဟု သိလေ၏။

(၄) အရိယာဆင်ခြင်ပုံ- "မင်္ဂလာ အသိ အမြင်နှင့် ပြည့်စုံသောသူအား ပြည့်စုံမြဲ ဖြစ်သော ရဟန်းတို့မှာ ကုစားနိုင်ကောင်းသော အာပတ်အပြစ်သို့ တခါတရံ ရောက်ငြားသော်လည်း ထိုအာပတ်ကို မဖုံးကွယ်ပဲ ပညာရှိ သီတင်းသုံးဖော်ထံမှာ လျင်စွာသာလျှင် ပြောကြား ဖော်ပြခြင်း၊ ထိုသို့ ပြောကြား ဖော်ပြပြီးလျှင် နောက်ကာလ၌ မဖြစ်အောင် စောင့်ရှောက်ခြင်း ပင်ကိုယ်သဘောနှင့် ပြည့်စုံ၏၊ ထိုသို့သော ပင်ကိုယ်သဘောနှင့် ငါလည်း ပြည့်စုံပါ၏လော...."

အရိယာသိပုံ-"မင်္ဂလာအသိအမြင်နှင့် ပြည့်စုံသောသူအား ပြည့်စုံမြဲဖြစ်သော အပြစ်ကို မဖုံးကွယ်လိုခြင်း, နောက်ကာလ၌ မဖြစ်အောင် စောင့်ရှောက် လိုခြင်း ပင်ကိုယ်သဘောနှင့် ငါလည်း ပြည့်စုံပါပေသည်...." ဟု သိ၏။

(၅) အရိယာဆင်ခြင်ပုံ-"မင်္ဂလာအသိအမြင်နှင့် ပြည့်စုံသောသူအား ပြည့်စုံမြဲဖြစ်သော ရဟန်းတို့မှာ မလွဲသာ၍ သင်္ကန်းချုပ်ခြင်း, ဆိုးခြင်း, ဘုရား၌ တံမြက်လှည်းခြင်း, ဆရာမထေရ်ကြီးများအား ပြုစုပေးခြင်း, ကိစ္စကြီးငယ်တို့ကို ပြုလုပ်ပါသော်လည်း သီလသမာဓိ ပညာအကျင့်တို့ကို ကျင့်ရန် ထက်သန်စွာသောစိတ်

ငဲ့ကွက်ခြင်း၊ လိုလားခြင်း ပင်ကိုယ်သဘောနှင့် ပြည့်စုံ၏၊ ထိုသို့သော ပင်ကိုယ်သဘောနှင့် ငါလည်း ပြည့်စုံပါ၏လော....”ဟု ဆင်ခြင်ကြည့်၏။

အရိယာသိပုံ- “မဂ်ဒဿသိအမြင်ရှိသော ပုဂ္ဂိုလ်၏ ပြည့်စုံမြဲဖြစ်သော သိက္ခာသုံးပါးကို ကျင့်သုံး ဆောက်တည်ရန် ထက်သန်စွာ လိုလားခြင်း ပင်ကိုယ်သဘောနှင့် ငါလည်း ပြည့်စုံပါပေသည်....”ဟု သိ၏။

(၆) အရိယာဆင်ခြင်ပုံ- “အရိယာမှာ ပြည့်စုံမြဲဖြစ်သော မြတ်စွာဘုရား၏ တရားတော်ကို ဟောပြောနေလျှင် အရိယာပုဂ္ဂိုလ်သည် စီးပွားဥစ္စာသဖွယ် လိုလားလျက် နာခွင့်ရသည်ဖြစ်၍ အဖန်ဖန်ဆင်ခြင်လျက် လိုလိုချင်ချင် စူးစူးစိုက်စိုက် နာခြင်း အရိယာခွန်အားဗလနှင့် ငါလည်း ပြည့်စုံပါ၏လော....”။

အရိယာသိပုံ- “အရိယာမှာ ပြည့်စုံမြဲဖြစ်သော တရားကို ရိုသေလေးစားစွာ နာခြင်း တည်းဟူသော ခွန်အားဗလနှင့် ငါလည်း ပြည့်စုံပါပေသည်....”ဟု သိ၏။

(၇) အရိယာဆင်ခြင်ပုံ-“မြတ်စွာဘုရား၏ တရားတော် ဟောပြောချက်ကို နာကြားသော အရိယာသည် တရား၏ အနက်အဓိပ္ပါယ်ကိုလည်း နှစ်နှစ်ခြိုက်ခြိုက်

သဘောရှိ၏၊ ဒေသနာအစဉ်ကိုလည်း နှစ်နှစ်ခြိုက်ခြိုက် သဘောကျ၏၊ တရားနှင့်စပ်ဆိုင်သော နှစ်သိမ့်အားရ ခြင်းကိုလည်း ရ၏၊ ထိုသို့သောအရိယာခွန်အားဗလနှင့် ငါလည်း ပြည့်စုံပါ၏လော...."

အရိယာသိပုံ- "တရားတော်ကို နာစဉ်၌ အနက် အဓိပ္ပါယ်ဒေသနာအစဉ်ကို နှစ်နှစ်ခြိုက်ခြိုက် သဘော ကျခြင်း, နှစ်သိမ့်အားရခြင်း, ရွှင်လန်းဝမ်းမြောက်ခြင်း ဟူသော အရိယာ၏ခွန်အားဗလနှင့် ငါလည်း ပြည့်စုံ ပါပေသည်...."ဟု သိ၏။

ဤသို့ ပါရှိ၍ အထက်ဖော်ပြပါ မဟာပစ္စဝေက္ခဏာ ဉာဏ် ၇-ပါးတည်းဟူသော အင်္ဂါ ၇-ပါးနှင့် ပြည့်စုံ သော အရိယာသည် သောတာပတ္တိဖိုလ်, သကဒါဂါမိ ဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီး သော ဉာဏ်ဖြင့် အရိယာတို့၏ ဓမ္မတာ သဘောကို ကောင်းစွာအပြည့်အစုံ အစဉ်လိုက်၍ ရှာမှီးအပ်ပြီးဖြစ် လေ၏။ ဤအရိယာစစ်တမ်းသည်လည်း အလွန်ပေါ် လွင်ထင်ရှားသော စစ်တမ်းကြီးတခုပေတည်း။

(ဆဋ္ဌမူ၊ မူလပဏ္ဏာသပါဠိ ကောသမ္ဗိကသုတ္တ နံပါတ် ၃၉၀၊ ဌ-၂၉၀၊ ဋ္ဌ ၃၀၀)

## သညာသိ ဝိညာဉ်သိ ပညာသိ ပြခိုပုံ

သညာ၏ သိခြင်း, ဝိညာဉ်၏ သိခြင်း, ထို့ထက် လွန်ကဲထူးမြတ်သည့် အထူးထူးသော အခြင်းအရာ အားဖြင့် ပညာသိခြင်းတည်း။ သညာ, ဝိညာဉ်, ပညာ တို့၏ သိတတ်သောအဖြစ် တူသော်လည်း—

"သညာ"သည်.... အညို, အရွှေ အစရှိသော အာရုံကို အမှတ်နိမိတ်ပြု၍ သာမည သိခြင်းသာတည်း။ အနိစ္စ ဒုက္ခ, အနတ္တ ဟူသော လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍သိခြင်းငှါ မစွမ်းနိုင်။

"ဝိညာဉ်"သည်....အညို, အရွှေ စသည်ဖြင့် အာရုံကိုလည်း သိ၏။ လက္ခဏာရေး သုံးပါးကိုလည်း ထိုးထွင်း၍ သိ၏။ ဥဒယဗ္ဗယဉာဏ်အစဉ်ဖြင့် အားထုတ်၍ မဂ်သို့ရောက်စေခြင်း မတတ်နိုင်။

"ပညာ"သည်ကား.... ဆိုအပ်ပြီးသော နည်းဖြင့် အာရုံကိုလည်း သိ၏၊ လက္ခဏာရေး သုံးပါးကိုလည်း ထိုးထွင်း၍ သိ၏၊ ဥဒယဗ္ဗယဉာဏ် ဖြစ်ပျက်တဖွားဖွား အစဉ်ဖြင့် အားထုတ်၍ မဂ်ဖိုလ်ကို ရခြင်း အဖြစ်သို့လည်း ရောက်စေနိုင်၏။

ဥပမာကား— ပွဲမင်း ပျဉ်ချပ်ပေါ်၌ထားအပ်သော အသပြာစုကို ဝေါဟာရ၌ မလိမ္မာသေးသော ကလေး

တယောက်, အရပ်သား လူကြီးတယောက်, ပွဲမင်း တယောက် ဤသုံးယောက်တို့သည် ကမြင်းကြွဲသော် အသပြာတို့၏ နှစ်သက်ဖွယ်သောအဖြစ် ဆန်းကြယ်သောအဖြစ်, အရှည်, လေးထောင့်,အဝိုင်း စသည်ကို သာ သူငယ်ကလေးက သိ၏။ဤအသပြာသည် လူတို့၏ အတွင်း အပ အသုံး အဆောင် တို့ကို ရထိုက်သည့် ရတနာဟု သမုတ်အပ်သော ဝတ္ထုတည်းဟု မသိ။ ။ အရပ်သာ လူကြီးကား နှစ်သက်ဖွယ် ဆန်းကြယ်သည် စသောအဖြစ်ကိုလည်း သိ၏။ လူတို့၏ အတွင်းအပ အသုံးအဆောင်ကို ရထိုက်သော ရတနာ ဟူ၍လည်း သိ၏။ဤအသပြာသည် အနှစ်သာရများစွာရှိ၏၊ကြေးနီ စသည်ဖြင့် ပြီးသော အသပြာတုတည်း၊ ဤအသပြာ သည် ငွေသားတဝက်လောက်သာ ပါ၏ စသည်ဖြင့် ခွဲခြမ်းဝေဖန်၍ကား မသိပေ။ ။ငွေမှုတ်သမား ဖြစ်သော ပွဲမင်းကား ဆိုခဲ့ပြီးသော ထိုထို အခြင်းအရာ အားလုံးကိုလည်း သိ၏။သိသောပွဲမင်းသည် အသပြာ ကို မြင်၍လည်း သိ၏၊တီးခေါက်သောအသံကို ကြား၍ လည်း သိ၏၊ အနံ့ကို နမ်း၍လည်း သိ၏၊ အရသာကို လျက်၍လည်း သိ၏၊လက်ဆဖြင့်လည်း သိ၏။ ဤမည် သော ရွာ,နိဂုံး,မြို့,တောင်,မြစ်ဆိပ်၌ ဖုင်းပြုလုပ်သော အသပြာဟုလည်း သိ၏၊ဤမည်သောဆရာသည် ပြုလုပ်

သော အသပြာတည်းဟုလည်း သိ၏။ ။ဤဥပမာ၌— သညာ၏သိခြင်းသည်....ဝေါဟာရ၌မလိမ္မာသေးသော သူငယ်၏ သိခြင်းနှင့် တူ၏။ အကြောင်းကား အညို စသည်တို့၏ အစွမ်းအားဖြင့် အာရုံ၏ ယင်တိုင်းသော အခြင်းအရာမျှကို ယူခြင်းကြောင့်တည်း။ ဝိညာဉ်၏ သိခြင်းသည်— အသပြာကိုမြင်သော အရပ်သား လူကြီး၏ သိခြင်းနှင့် တူ၏။ အကြောင်းကား အညို စသည်တို့၏ အစွမ်းအားဖြင့် အာရုံ၏ အခြင်းအရာကို ယူသည်၏အဖြစ်ကြောင့်၎င်း, ထို့ထက်အလွန် လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍ သိခြင်းသို့ ရောက်စေ တတ်သောကြောင့်၎င်းတည်း။ ပညာသည်ကား— အသပြာကို မြင်သော ပွဲမင်း၏ သိခြင်းနှင့် တူ၏။ အကြောင်းကား အညိုစသည်တို့၏အစွမ်းဖြင့် အာရုံ၏ အခြင်းအရာကိုယူသဖြင့်၎င်း လက္ခဏာရေး သုံးပါးကို ထိုးထွင်း၍ သိခြင်းကြောင့်၎င်း ထို့ထက်အလွန်လည်း မဂ်ဖိုလ်သို့ရောက်စေခြင်းကြောင့်၎င်းတည်း။

ထို့ကြောင့် သဉ္ဇာနန အခြင်းအရာတို့ထက် လွန်ကဲ ထူးမြတ်သော အထူးထူး အပြားပြားသော အခြင်း အရာအားဖြင့် သိခြင်းကို “ပ-ဇာနန”ဟူ၍ မှတ်အပ်၏။ ဤ ပဇာနနကိုရည်၍ “အထူးထူးအပြားပြား အားဖြင့်

သိခြင်းဟူသော အနက်ကြောင့် 'ပညာ'ဟု ဆိုအပ်၏''ဟူသောစကားကို ပြဆိုခဲ့ပြီ။ ထိုပညာသည် စင်စစ်အားဖြင့်သော် သညာ,ဝိညာဉ်တို့ဖြစ်သော စိတ္တုပ္ပါဒ်၌ မဖြစ်၊ ရံခါဖြစ်သောအခါ၌ကား ထို သညာ,ဝိညာဉ်တို့နှင့် တသီးတခြား တကွဲတပြား မဝေဖန်ကောင်း (ဝါ)မကွေမကွဲသာ ယှဉ်၏။ ''ဤတရားကား သညာတည်း၊ ဤတရားကား ဝိညာဉ်တည်း၊ ဤတရားကား ပညာတည်း''ဟု ခွဲခြမ်းဝေဖန်၍ မရနိုင်။ ထူးသော သဘောရှိကုန်၏၊ သိမ်မွေ့ကုန်၏၊ မြင်ခြင်းငှါ ခဲယဉ်းကုန်၏။

(ဆင္ဒမူ၊ ဝိသုဒ္ဓိခန္ဓနိဒ္ဒေသ ဒိဋ္ဌေ ၇၃-၇၆ အထိ၊
ဆင္ဒ သံ-ဒု ခန္ဓဝဂ္ဂ ဋ္ဌ ၂၇၀)

---

**အာနာပါနကမ္မဋ္ဌာန်းအကျိုး ငါးပါးကို ပြဆိုခြင်း**

အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ခဲ့ပါမူ—

(၁) ယခုခေတ် ယခုကာလ ယခုဘဝ၌ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်နိုင်သေး၏။

(၂) အကယ်၍ အသက်ရှိစဉ် ရဟန္တာအဖြစ်သို့မရောက်သေးပါမူ သေခါနီးသော ကာလ၌ သမသီသီ ရဟန္တာအဖြစ်သို့ ရောက်နိုင်သေး၏။

(၃) အကယ်၍ သမသီသီရဟန္တာ မဖြစ်နိုင်သေးပါမူ နတ်ပြည်သို့ ရောက်သောအခါ ဓမ္မကထိက နတ်သား၏ တရားသံကို ကြားနာရ၍ ရဟန္တာအဖြစ်သို့ ရောက်နိုင်သေး၏။

(၄) အကယ်၍ နတ်ပြည်၌ ရဟန္တာ မဖြစ်သေးပါမူ အရိမေတ္တေယျဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နိုင်သေး၏။

(၅) အကယ်၍ ပစ္စေကဗုဒ္ဓါမဖြစ်ရသေးပါမူ ပွင့်တော်မူလတ္တံ့ကုန်သော အရိမေတ္တေယျ အစရှိကုန်သော ဘုရားသခင်ကိုယ်တော် အရှင်မြတ်တို့၏ ခြေတော်ရင်း၌ ဒါရုစီရိယမထေရ်တို့ကဲ့သို့ ခိပ္ပါဘိညရဟန္တာ ဖြစ်ရတော့မည် မုချပေတည်း ဟု ကောန်မှတ်ထားကြပါလေ။

ဣဓ ဘိက္ခု အာနာပါနဿတိ အနုယုတ္တော ကောဿနေ နိသိန္နာဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ၊ တထာ အသက္ကောန္တော မရဏကာလေ သမသီသီ ဟောတိ၊ တထာ အသက္ကောန္တော ဒေဝလောကေ နိဗ္ဗတ္တိတွာ ဓမ္မကထိကဒေဝပုတ္တဿ ဓမ္မံ သုတွာ အရဟတ္တံ ပါပုဏာတိ၊ တတော ဝိရဒ္ဓေါ အနုပ္ပန္နေ ဗုဒ္ဓုပ္ပါဒေ

ပဋ္စေကမာဝဝိ သန္တိကရောတိ၊ တံ အသန္တိကရောန္တော ဗုဒ္ဓါနံ သမ္ဗုဒ္ဓိဘာဝေ မာဟိယဝတ္တရာဒယော ဝိယ ခိပ္ပါဘိညော ဟောတိ။
(ဆင့္ဆမူ၊ မဟာရာဟုလောဝါဒသုတ္တဝဏ္ဏနာ-မဇ္ဈိမပဏ္ဏာသ ၄၄-၉၆၊ ၄၄-၆၁-၆၂)

---

## အဓိမာနဖြစ်ပုံ မဖြစ်ပုံကို ပြဆိုခြင်း

မဂ်,ဖိုလ်ကို မရပဲလျက်'ရ၏'ဟု ထင်နေခြင်း-အထင်ကြီးနေခြင်းကို "အဓိမာန"ဟု ခေါ်ဆိုရ၏။

"အဓိမာန ဖြစ်သောပုဂ္ဂိုလ်နှင့် မဖြစ်သောပုဂ္ဂိုလ်" ထို အဓိမာနသည် မည်သည့် ပုဂ္ဂိုလ်အားဖြစ်၍ မည်သည့်ပုဂ္ဂိုလ်အား မဖြစ်ပါသနည်း....။ အဖြေအကျဉ်းကား— (၁) အရိယာသာဝကအားလည်း မဖြစ်၊ (၂)ဒုဿီလအားလည်း မဖြစ်၊ (၃) သီလဝန္တအားလည်း မဖြစ်၊ (၄) အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အားသာလျှင် ဖြစ်၏။

ချဲ့ဦးအံ့—(၁)အရိယာသာဝကအား အဓိမာနဖြစ်ခြင်း၏အကြောင်းကို ပယ်အပ်ပြီး ဖြစ်သောကြောင့် အဓိမာနဖြစ်ခြင်း မရှိချေ။ မှန်၏။ အရိယာသာဝကသည် မဂ်,ဖိုလ်,နိဗ္ဗာန်ဖြင့် ပယ်အပ်ပြီးသော ကိလေ

သာ့မပယ်အပ်သေးသော ကိလေသာ တို့ကို ဆင်ခြင် ခြင်းဖြင့် ကောင်းစွာ ဝမ်းမြောက်ခြင်းဖြစ်လျက် မဂ်ရ ဖိုလ်ရ ကိစ္စ၌"ငါ မဂ်ဖိုလ်ရသလား....မရဘူးလား" ဟူ သော ယုံမှားခြင်း ဝိစိကိစ္ဆာ လုံးဝမရှိချေ။ ထို့ကြောင့် သောတာပန်အား"ငါ သကဒါဂါမိဖြစ်ပြီ" ဟူ၍၎င်း၊ သကဒါဂါမိအား "ငါ အနာဂါမိဖြစ်ပြီ" ဟူ၍၎င်း၊ အနာဂါမိအား"ငါ ရဟန္တာဖြစ်ပြီ"ဟူ၍၎င်း အဓိမာန မဖြစ်တော့ပေ။

(၂) ဒုဿီလ— (သီလမရှိသောသူကို ဒုဿီလ ဟု ခေါ်သည်)။ ထို ဒုဿီလပုဂ္ဂိုလ်သည် မဂ်တရား ဖိုလ် တရား ရရှိရန် အလျင်းပင် အလိုမရှိ ဖြစ်၏။ ထို့ကြောင့် ဒုဿီလ ပုဂ္ဂိုလ်အားလည်း အဓိမာန မဖြစ်ကြောင်း မှတ်သားအပ်သည်။

(၃) သီလဝန္တ— ကမ္မဋ္ဌာန်းကို အားမထုတ်ပဲ အအိပ်အနေ၌သာ မွေ့လျော်ခြင်း,အပေါင်းအဖော်၌ သာ မွေ့လျော်ခြင်း, စကားပြောမှု၌သာ မွေ့လျော် ခြင်း, မဂ်ဖိုလ်မှ ဗိလာကန့်လန့်ဖြစ်သော တိရစ္ဆာန ကထာ၌ နေ့ညမစဲ အမြဲမွေ့လျော်ခြင်း စသောအမှုကို သာ အားထုတ်လျက် အချည်းနှီး အချိန်ကို ကုန်လွန် စေသော သီလဝန္တပုဂ္ဂိုလ် (သီလရှိသောပုဂ္ဂိုလ်)အား လည်း အဓိမာန မဖြစ်ပေ။

(၄) အာရဒ္ဓ ဝိပဿကပုဂ္ဂိုလ်— စင်ကြယ်သော သီလရှိလျက် သမထကမ္မဋ္ဌာန်း၌ မမေ့မလျော့ပဲ ပထဝီ ကသိုဏ်း စသည်တို့၌ ရအပ်ပြီးသော စတုတ္ထဈာန်ရှိသော ယောဂီပုဂ္ဂိုလ်သည် အားထုတ်ခြင်းကိုပြုအပ်၏။ ထို ယောဂီပုဂ္ဂိုလ်သည် ရအပ်ပြီးသော အကျိုးရှိသော အလွန်မြဲမြံ ခိုင်ခံ့သော သမာဓိဘာဝနာနှင့် ပြည့်စုံသည်ဖြစ်၍ လွယ်ကူစွာသာလျှင် ကသိုဏ်းတို့၏ အစဉ်အတိုင်း ကသိဏာနုလောမ အားဖြင့်၎င်း, ကသိုဏ်းတို့၏ အစဉ်မှပြန်သော ကသိဏပဋိလုံ အားဖြင့်၎င်း၊ ဈာန်တို့၏အစဉ်အတိုင်း ဈာနာနုလောမအားဖြင့်၎င်း, ဈာန်တို့၏ အစဉ်မှပြန်သော ဈာနပဋိလောမအားဖြင့်၎င်း (ပဌမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန်တိုင်အောင် အစဉ်အတိုင်း ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှုသည် ဈာန်အစဉ်ဖြစ်သော "ဈာနာနုလောမ" မည်၏။ နေဝသညာနာသညာယတနဈာန်မှသည် ပဌမဈာန်တိုင်အောင် နောက်ဆုတ်ပြန်သောအားဖြင့် ကြိမ်ဖန်များစွာ ဈာန်ဝင်စားမှုသည် ဈာန်တို့၏ အစဉ်မှပြန်သော "ဈာနပဋိလောမ"မည်၏)။ ထိုဈာန်တို့ကို အကြိမ်များစွာ အလေ့အလာပြု၍ အားထုတ်သော ထိုရဟန်းသည် တန်ခိုး၏ ဘူမိပါဒ ပါဒမူလဖြစ်ကုန်သော ဆိုခဲ့ပြီးသော တရားအပေါင်းတို့ကို ပြည့်စုံစေ၍ အဘိ-

ညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စားပြီးလျှင် ဈာန်မှ ထ၍ ကိုယ်တရာ ဖြစ်စေလိုသည့်ဖြစ်အံ့ "ကိုယ်တရာ ဖြစ်လို၏၊ ကိုယ်တရာ ဖြစ်လို၏" ဟု ကြိုစည် တောင်းတခြင်း ပရိကံကိုပြု၍ အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှ ထ၍ အဓိဋ္ဌာန်ပြု၏၊ အဓိဋ္ဌာန်စိတ်နှင့် အတူတကွပင်လျှင် တရာသောကိုယ်သည် ဖြစ်၏။ ကိုယ်တထောင် စသည်တို့၌လည်း ဤနည်းအတိုင်း သိအပ်၏။

ဤသို့ တန်ခိုးကြီးကုန်သော ကြီးသောအာနုဘော်ရှိကုန်သော၊ ဤ လ,နေတို့ကို လက်ဖြင့် သုံးသပ်၏၊ ဆုပ်နယ်၏ဟူရာ၌....လ,နေတို့၏ ယူဇနာလေးသောင်း နှစ်ထောင်ထက်၌ သွားခြင်းကြောင့် တန်ခိုးကြီးသော အဖြစ်ကို သိအပ်၏။ ကျွန်းကြီးသုံးကျွန်း၌ တပြိုင်နက် လင်းစေနိုင်ခြင်းကြောင့် အာနုဘော်ကြီးသောအဖြစ်ကို သိအပ်၏။ဤသို့ယူဇနာလေးသောင်းနှစ်ထောင်ထက်၌ သွားခြင်း,သုံးကျွန်းလုံးကို တပြိုင်နက် လင်းစေနိုင်ခြင်း ဖြင့်"တန်ခိုးကြီးကုန်သော ကြီးသောအာနုဘော်ရှိကုန်သော"ဟု ဆိုသည်။ သုံးသပ်၏ ဟူသည်ကား....ကိုယ်၏ တစိတ်တဒေသ၌ ထိ၏။ ဆုပ်နယ်၏ ဟူသည်ကား.... ထက်ဝန်းကျင်မှ ကြေးမုံ မှန်အပြင်ကဲ့သို့ ပွတ်၏ဟု ဆိုလိုသည်။

ရုပ်,နာမ် ဖြစ်ပျက်ကို ပိုင်းခြား၍ မသိပဲ ပုထုဇဉ် သက်သက်ဖြင့် ဈာန်အဘိညာဉ်ရသော ပုဂ္ဂိုလ်တည်း။ ကိလေသာနှင့် ပတ်သက်၍ သော်ကား အိပ်မက်မျှ မမက်ဘူးပေ၊ မမက်ပေ။ ဤကဲ့သို့သောပုဂ္ဂိုလ်မျိုးအား အဓိမာန ဖြစ်လေသည်။ မိမိကိုယ်ကို "ရဟန္တာဖြစ်၏၊ အနာဂါမိဖြစ်၏၊ သကဒါဂါမိဖြစ်၏၊ သောတာပန်ဖြစ် ၏" ဟု အထင်ရောက်၏။ အနိစ္စ စသော လက္ခဏာရေး သုံးပါးကိုကား လုံးဝမထင်မြင်ပါလေ။ အဓိမာနဖြစ်ပုံ ကို ရှေ့ဝတ္ထု၌ ထင်ရှားလတ္တံ့။

ဈာန်အဘိညာဉ်ရ၍ အဓိမာနဖြစ်ပုံ ပြီး၏။

---

## သမထတရားအားထုတ်၍ အဓိမာနဖြစ်ပုံ

သမထတရား အားထုတ်၍ အဓိမာန ဖြစ်ပုံကား— သမထယာနိကများ၌ ပို၍တွေ့တတ်၏။ တွေ့တတ်ပုံမှာ တရားကို ကောင်းစွာအားထုတ်နေရင်း လင်း၍ လာ တတ်၏။ အလင်းရောင်သည် နေရောင် လရောင်နှင့် မတူပဲ လွန်စွာ ထွန်းတောက်ပခြင်း, သင့်လျော်ရုံလော် သာ လင်းခြင်း စသည်တို့ဖြင့် သမာဓိ ကောင်းလျှင် ကောင်းသလောက် သမာဓိကိုလိုက်၍ အမျိုးမျိုး ဖြစ် တတ်၏။ တခါတရံ အလင်းရောင်ရောက်ရာ အရပ်တို့၌

ရှိသော အရာဝတ္ထုများကိုလည်း မြင်ရ၏။ တခါတရံလဲ တလောကလုံးမှာ အလွန့်အလွန် ကြည်လင်တောက်ပစွာ ထွန်းလင်းပြီး မိမိ ခန္ဓာကိုယ်နှင့်တကွ အရာဝတ္ထုမှန်သမျှ ပထဝီ မြေကြီးတောင်မှ မရှိပဲ ဟာလာဟင်းလင်းကြီး ဖြစ်လျက် အရပ်ဆယ်မျက်နှာစလုံး အာကာသ ကောင်းကင်ကြီးဖြစ်လျက် နေတတ်၏။ ဤသို့ ဩဘာသမျိုးနှင့် တွေ့သောအခါ အလွန်တရာအေးမြချမ်းသာခြင်း ဖြစ်သောကြောင့် တကြောင်း "သမ္ဘတောပဘာသရံ" ဟူသော ပါဠိတော်ကြောင့် တကြောင်း "နိဗ္ဗာန်"ဟု ထင်တတ်ကြ၏။ "ခံစားလို့ကောင်း၏"ဟု အထင်ကြီး မာနရောက်၍ အဓိမာန ဖြစ်နေတတ်သည်။

ယခုခေတ် တရားအားထုတ်နေသော ယောဂီအချို့မှာလည်း သမ္မာဒေဝနတ်၊ မိစ္ဆာနတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တစ္ဆေ၊သူရဲ၊ဘီလူး၊နတ်သား၊နတ်သမီး စသည်နှင့် တွေ့ရတတ်၏။ သူတို့က အရိုအသေပြု၍ ရှိခိုးလျက်နေတတ်သည်။တရားအားထုတ်၍ သမာဓိဖြစ်နေစဉ်တွင် ၎င်းတို့က ဖန်ဆင်း၍ပြသလို၊နတ်လို၊ဝိဇ္ဇာလို၊ဗြဟ္မာလို စသည်တို့ကို မြင်ရတတ်၏။ အချို့မှာ အားပေးသောစကားပြော၍ သာဓုခေါ်ပြီး ဝတ်ချ ရှိခိုးလျှောက်၍ ပြန်သွားတတ်၏။ ဤသို့ တွေ့ရသောကြောင့် မိမိကို အထင်ကြီးပြီး ဘဝင်မြင့်ကာ မာနရောက်၍ ယခုရှိတဲ့ ရဟန်း,

သာမဏေကိုတောင် ဝတ်မချ ရှိမခိုးပဲ "သူလောက် မမြတ်ဘူး"ဟု အသင်ရောက်ပြီးတော့ ရှိခိုးခြင်း ဝတ်ချ ခြင်း မပြုပဲ အရှိအသေမပြုပဲရှိသည်။မိမိကိုယ်ကို အထင် ကြီး အဓိမာန ရောက်၏။ ဘယ်သူ ဟောပြောလို့ တောင်မှ မရပဲ နေတတ်၏။

သမထတရားအားဖြင့် အဓိမာနဖြစ်ပုံ ပြီး၏။

## အဓိမာနဖြစ်ဘူးသော ပုဂ္ဂိုလ်များ

ယင်းကဲ့သို့ အဓိမာနဖြစ်ဘူးသော ပုဂ္ဂိုလ်များသည် ဥစ္စာဝါလက်အရပ်၌ သီတင်းသုံးသော မဟာနာဂ မထေရ်၊ စိတ္တလတောင် နိက်ပေဏ္ဏက ကမ္ဗဋ္ဌာန်း ကျောင်း၌ သီတင်းသုံးသော ဂုဋ္ဌသုမနမထေရ် ဤသို့ သောအားဖြင့် ရှေးကများစွာရှိခဲ့ဘူးကြောင်း ကျမ်းဂန် များတွင် တွေ့ရပေသည်။

### မဟာနာဂမထေရ်ဝတ္ထု

တလင်္ဂရအရပ်ဝယ် သီတင်းသုံးနေသော ဓမ္မဒိန္န မထေရ်ဆိုသည်မှာ ပဋိသမ္ဘိဒါပတ္တရဟန္တာကြီးတပါး ဖြစ်၏။ များစွာသော ရဟန်းအပေါင်းကို သြဝါဒပေး သော ပုဂ္ဂိုလ်တည်း။မထေရ်သည် တနေ့သ၌ မိမိ နေ့ သန့်ရာအရပ်ဝယ်နေလျက် "ငါ့တို့၏ဆရာ ဥစ္စာဝါ လက်အရပ်မှာ သီတင်းသုံးတဲ့ မဟာနာဂမထေရ်အား

ရဟန်းကိစ္စပြီးပြီလား၊ မပြီးသေးဘူးလား”ဟု ဆင်ခြင်လေလျှင် ပုထုဇဉ်သာဖြစ်ကြောင်း တွေ့ရ၍“ ငါမသွားခဲ့သော် ပုထုဇဉ်အဖြစ်နှင့်သာ ပြန်လွန်တော် မူရလိမ့်မည်”ဟု သိရသဖြင့် တန်ခိုးဖြင့် ကောင်းကင်သို့ တက်ပြီး နေ့သန့်ရာအရပ်ဝယ် သီတင်းသုံးနေသော မဟာနာဂမထေရ်အနီးတွင် ဆင်း၍ ရှိခိုးလျက် နေလေလျှင် “ဓမ္မဒိန္န....ဘာလို့လာသလဲ”ဟု မေး၏။“မေးလျှောက်စရာ ရှိ၍ လာခဲ့ပါသည်ဘုရား”ဟု လျှောက်လေ၏။ “မေးလေ၊သိလျှင် ပြောရမှာပေါ့”ဟု ဤသို့ မထေရ်က မေးခွင့်ပြုသဖြင့် ဓမ္မဒိန္နမထေရ်သည် ပုစ္ဆာပေါင်း တထောင်တိတိ မေး၏။ မထေရ်လည်း မေးတိုင်းပင် ရဲရဲဝံ့ဝံ့ ဖြေ၏။ ယင်းနောက်မှ ဆက်လက်၍ “အရှင်ဘုရား.... အရှင်ဘုရားတို့၏ ဉာဏ်တော်သည် အလွန်ထက်မြက်ပေစွတကား၊ အရှင်ဘုရားတို့သည် ဤအရိယာမဂ်ဖြင့် လာသော ပဋိသမ္ဘိဒါတရားကို အဘယ်အခါက ရရှိထားပါသနည်း”ဟု လျှောက်လတ်သော် “အို-ငါ့ရှင် ဓမ္မဒိန္န.... ဤနေ့မှ နောက်ဆုတ်ပြန်ရေလျှင် နှစ်ပေါင်းခြောက်ဆယ်ကာလ၌ (၀၊) လွန်ခဲ့သော အနှစ် ခြောက်ဆယ်က ရအပ်၏”ဟု မိန့်တော်မူ၏။ “အရှင်မြတ်ဘုရား အဘိညာဉ်သမာဓိကို သုံးဆောင်နိုင်ကုန်၏လော”ဟု မေးလျှောက်ရာ “အိုငါ့ရှင် ဓမ္မဒိန္န

ဤအဘိညာဉ်သမာဓိကို သုံးဆောင်ခြင်းသည် ဝန်မ-လေးပါ၊ လွယ်ကူလှချေ၏”ဟု မိန့်တော်မူသော်“အရှင်ဘုရား.... ထိုသို့ဝန်မလေးပါမူ ဆင်ကြီးတကောင် ဖန်ဆင်းတော်မူစေချင်ပါ၏”ဟု လျှောက်၏။ မဟာနာဂမထေရ်သည် ငွေတောင်ကဲ့သို့ ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်ကို ဖန်ဆင်း၏။“အရှင်ဘုရား....ယခု အကြင်သို့သောအခြင်းအရာအားဖြင့် ပြသည်ရှိသော် ဤဆင်ဖြူသည် မတုန်မလှုပ် ငြိမ်သက်သော နားရွက်ရှိသည်ဖြစ်၍ နားရွက်မခတ်ပဲ အမြီးထောင်လျက် နှာမောင်းကို ခံတွင်းသို့ သွင်းပြီးလျှင် ကြောက်မက်ဖွယ်သော ကြိုးကြာသံမြည်လျက် အရှင်ဘုရားတို့၏ ရှေးရှုမျက်မှောက် အနီးသို့ လာရောက်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ထိုဆင်ဖြူကြီးကို ပြတော်မူပါ”ဟု လျှောက်၏။ မဟာနာဂမထေရ်သည် ထို ဓမ္မဒိန္နမထေရ် လျှောက်သည့်အတိုင်းပြု၍ လျင်မြန်သော အဟုန်ဖြင့် လာသော ဆင်ဖြူကြီး၏ ကြောက်မက်ဖွယ်သော အမူအရာကို မြင်သဖြင့် ကြောက်လန့်သောကြောင့် ထ၍ ပြေးခြင်းငှါ အားထုတ်၏။ ရဟန္တာဖြစ်ပြီးသော ဓမ္မဒိန္နမထေရ်သည် လက်ကိုဆန့်၍ မဟာနာဂမထေရ်၏ သင်္ကန်းစွန်းကို ကိုင်လျက်“အရှင်ဘုရား.... ရဟန္တာအား ရှိ၊ ရှား တုန်လှုပ် ကြောက်လန့် စိုးရိမ်ခြင်း ဖြစ်ရသေးသလော” ဟု

လျှောက်၏။ ထို မဟာနာဂမထေရ်သည် ထိုအခါကာလ ကျရောက်မှ မိမိ၏ ပုထုဇဉ်အဖြစ်ကို သိ၍ "အို ငါ့ရှင် ဓမ္မဒိန္န....သင်သည် ငါ၏ကိုးကွယ်ရာ ဖြစ်ပါလော့" ဟု ဆို၍ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်၏။ "အရှင်ဘုရား အကျွန်ုပ်သည် အရှင်တို့၏ ကိုးကွယ်ရာ ဖြစ်ပါစေတော့ ဟု နှလုံးပြုပြီး လာခဲ့ပါ၏၊ စိုးရိမ်ကြောင့်ကြတော် မမူပါလင့်" ဟု ဆို၍ ကမ္မဋ္ဌာန်းကိုဟော၏။

မဟာနာဂမထေရ်သည် ကမ္မဋ္ဌာန်းကိုယူ၍ စင်္ကြံသို့တက်၍ သုံးကြိမ်မြောက် ဖဝါးလှမ်း၌ မြတ်သော ဖိုလ်ဟုဆိုအပ်သော အရဟတ္တဖိုလ်သို့ရောက်တော်မူ၏။ ထို မဟာနာဂမထေရ်သည်ကား ဒေါသစရိုက် အားကြီးသည် ဖြစ်သတတ်။ ဤသို့ သဘောရှိကုန်သော ရဟန်းတို့သည် ဝိပဿနာ အရောင်အလင်း၌ တုန်လှုပ်ကုန်၏။

(ဆင့်မူ သာရတ္ထ ဋီ-ဒု ၂၈၂၊ ဆင့်မူ ဝိသုဒ္ဓိမဂ္ဂ ဋ္ဌ-ဒု ၂၇၀-၂၇၁)

## စူဠသုမနမထေရ်ဝတ္ထု

စူဠသုမနမထေရ်လည်း မဟာနာဂမထေရ်ကဲ့သို့ပင် ရဟန်းကိစ္စ ပြီ ပြီဟု အဓိမာနဖြစ်နေ၏။ ဓမ္မဒိန္နမထေရ်သည် ကြွသွားပြီး ရောက်သောအခါ တရားထူးရခြင်းနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားလေရာ စူဠသု-

မန မထေရ်ကြ သူ့မှာ ရဟန်းကိစ္စ ပြီးနေပြီဖြစ်ကြောင်း ပြောဆိုလေသော် အောက်ပါအတိုင်း မေးလျှောက်ပြန်သည်။ "တန်ခိုးဖန်ဆင်းခြင်းကို ပြုနိုင်ပါသလား ဘုရား" ဟု လျှောက်ထား၏။ "အို ငါ့ရှင် ပြုနိုင်ပါ၏ ငါ့ရှင်" ဟုမိန့်တော်မူသော် "တောင်းပန်ပါရစေဘုရား ရေကန်တခု ဖန်ဆင်းတော်မူပါ" ဟု လျှောက်ထားလေ၏။

မထေရ်သည် ရေကန်ကို ဖန်ဆင်းလိုက်၏။ "ဒီရေကန်ထဲမှာ ပဒုမာကြာရုံကြီး ဖန်ဆင်းလိုက်ပါဘုရား" ဟု လျှောက်ပြန်လျှင် မထေရ်သည် ပဒုမာကြာရုံကြီးကိုလည်း ဖန်ဆင်းလိုက်၏။ "အဲဒီ ပဒုမာကြာရုံကြီးထဲမှာ ပဒုမာကြာပွင့်ကြီး ဖန်ဆင်းပါဘုရား" ဟုလျှောက်ပြန်လျှင် မထေရ်သည် ပဒုမာကြာပွင့်ကြီးကိုလည်း ဖန်ဆင်းလိုက်ပြန်၏။ "ဒီပဒုမာကြာရုံကြီးထဲမှာ နေ၍ အသံကောင်းကောင်းဖြင့် သီဆိုလျက် က-နေသော မိန်းကလေး တယောက်ကို ဖန်ဆင်းပါဘုရား" ဟု လျှောက်ပြန်လျှင် ထိုမထေရ်သည် မိန်းကလေးကိုလည်း ဖန်ဆင်းလိုက်၏ "ဒီမိန်းကလေးကို ထပ်တလဲလဲ တစိမ့်စိမ့် ကြည့်ရှုပါ ဘုရား" ဟု လျှောက်ထားပြီး ဓမ္မဒိန္နမထေရ်သည် ကျောင်းတွင်းသို့ ဝင်သွားလေ၏။ မထေရ်သည် ပဒုမာကြာရုံကြီးအတွင်းရှိ မိန်းကလေး၏

သိချင်းဆိုသံကို နားထောင်လျက် ထပ်တလဲလဲ တစိမ့်စိမ့် ကြည့်ရှုလေလျှင် အနှစ်ခြောက်ဆယ်ပတ်လုံး ခွါထားအပ်သော ကိလေသာတို့သည် တုန်လှုပ်ထကြွလျက် လာကြ၏။ ထိုအခါမှ မထေရ်သည် မိမိကိုယ်ကို ရဟန္တာမဟုတ်သေးကြောင်း သိ၍ မဟာနာဂမထေရ်ကဲ့သို့ပင် ဓမ္မဒိန္နမထေရ်၏ အထံမှာ ကမ္မဋ္ဌာန်းယူပြီး အားထုတ်လေရာ ရဟန္တာအဖြစ်သို့ ရောက်လေတော့၏။ (ဆဋ္ဌမူ မူလပဏ္ဏာသ ဋ္ဌ-ပ ၁၇၉)

---

## တောင်းပန်ချက်

ဤ " သမထဝိပဿနာ ရှုဘွယ်ကျမ်း "၌ အကြင်အကြင် ပုဒ်ပါဠိအက္ခရာ သဒ္ဒါအနက် စကားထွက် စကားဝင် လင်္ကာ ဟူသမျှတို့၌ ချွတ်လွဲဖောက်ပြန် မမှန်ယုတ္တိ တွေ့ရှိခဲ့သည်ဖြစ်အံ့—ထိုထို ပုဒ်ပါဠိအက္ခရာ သဒ္ဒါအနက် စကားထွက် စကားဝင် လင်္ကာ ဟူသမျှ တို့ကို ပညာရှိအပေါင်း သူတော်ကောင်း တို့သည် ယုတ္တာယုတ္တိ ရှိ-မရှိကို နှိုင်းညှိတိုင်းထွာတော်မူကြကုန်လျက် ငါ့အားငြင်း သတ္တဝါတို့အားငြင်း သနားချစ်ခင် မေတ္တာဝင်၍ ကောင်းစွာပြင်ဆင် ဖတ်ရှုတော်မူကြပါကုန်သတည်း။ ။

# နိဂမကထာ

(က) ဝိပဿနာနယံ ဂုဋ္ဌံ၊
ဟိတေ သိဿေန ယာစိတော။
အတ္တနော မယာ နိဿာယ၊
ရစိတော ဗုဒ္ဓသာသနေ။

သူ့ငါတောင်းပန် ရေးရပြန် ဖြစ်ပျက်ရှုမြင် သိဿရှင် ကြီးငယ် အသွယ်သွယ်တို့သည် ပဋိပတ်ဘာဝနာ အကျင့်မြတ်သာသနာ၌ မိမိ၏ အကျိုးစီးပွားတို့ကို အမှီတကဲ သဟဲပြု၍ လျှို့ဝှက်နက်နဲ ခက်ခဲသော (သမထဝိပဿနာရှုဘွယ်)ရှုနည်း နိသျှည်းကျမ်းကို ရေးသားပေးရန် အကြောင်းကို တောင်းပန်အပ်ပြီ၊ ထိုသို့ တပည့်ယောဂီများသည် တောင်းပန်အပ်လေသောကြောင့် (ပညာသီဟ) မည်ရှိသည့် ထေရ်မဟာသည် နေ့ညဥ့်မယုတ် လုံ့လထုတ်၍ စီရင်ရေးသားအပ်လေပြီ။

(ခ) ပျဉ်းမနားနဂရေ ရမ္မေ၊
ဝသတာပိ ပုရတ္ထိမေ။
စမ်းမြိုင်တိုက်သစ်အာရာမေ စ၊
မယာ သာရူန မာကရေ။

**ဤကျောင်းနေစဉ် ရေးသည်ပင်**

အရိယာနွယ်ဝင် သူတော်စင်တို့၏ စိတ်နှလုံးကို မွေ့လျော်ပျော်ဖွယ်ရာ ဖြစ်သော ပျဉ်းမနားမြို့၏ အရှေ့မျက်နှာအဖို့၌ သူတော်ကောင်းတို့၏ နေထိုင်ရာ ပျော်ရွှင်စရာဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ဆိတ်ငြိမ်စွာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းဖွယ်လှစွ ဤ(မြို့မ,စမ်းမြိုင်တိုက်သစ်၌ ဓုရနှစ်ပါး ပွားကာမစဲ အမြဲနေသော(ပညာသီဟ နာမဘွဲ့ချည် ငါမထေရ်သည်—

(ဂ) အဋ္ဌိတော’ကာသာကမှိ၊
ဇေဋ္ဌဿ ဇုဏှပဉ္စမေ။
နိဋ္ဌိတော’ယံ ကတော ဂန္ထော၊
ဝိပဿနဋ္ဌဒီပကော။

**ကျမ်းစာ ပြီးဆုံး ဤနိဂုံး**

ရေးသားပြုပြင် စီရင်ပြီး၍ ဖြစ်ပျက်ရှုပုံ နည်းမျိုးစုံကို ပြရာဖြစ်သော "သမထ ဝိပဿနာရှုဘွယ်" အမည်ရှိသော ဤကျမ်းသည် ယခု လူတို့ဝေါဟာ ကောဇာသက္ကရာဇ် ၁၃၂၈-ခုနှစ် နယုန်လဆန်း ၅-ရက် အင်္ဂါနေ့တွင် (လက်ရေးမူ) အပြီးအဆုံး နိဂုံးသို့ ရောက်ခဲ့ပြီ။

(ဃ) ခလံ ကိဉ္စေ’တ္ထ စေ ပဿိ၊
သောဓေတွာ တုဋ္ဌမာနသာ။
ဗုဒ္ဓိကာမေန စိတ္တေန၊
ပဿန္တု သာဓုသာဓဝေါ။

**သတိယွင်းမှား ပြုပြင်သွား**

ဤ “သမထဝိပဿနာရှုဘွယ်ကျမ်း” ၌ အနည်းအကျဉ်း သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် ချွတ်ယွင်းချက်ကို အကယ်၍ တွေ့မြင်သည်ဖြစ်ပါအံ့— ဤကဲ့သို့ တွေ့မြင်သည်ရှိသော် အပြစ်မတင် ကြည်လင်သော သဒ္ဒါစိတ်ဖြင့် အမှားကိုကြဉ် အမှန်ပြင်၍ အသိပညာ အလိမ္မာကို အလိုရှိသော စိတ်ထားနှင့် သူတော်စင်အပေါင်းတို့က ကောင်းစွာကြည့်ရှု ပွားများနိုင်ကြပါကုန်လော့။

(င) ပုညေန’မိနာ တေ သဗ္ဗာ၊
ဥတ္တရန္တု ဘဝ’ဏ္ဏဝါ။
အဟမ္ပေ’တံ သန္တိဋ္ဌာနံ၊
လဟုံ ပပ္ပေါမိ နိဗ္ဗုယံ။

**ဆုတောင်းသည်တွင် ထေရ်အရှင်**

ဤ“သမထဝိပဿနာရှုဘွယ်ကျမ်း” ကို ကြိုးပမ်းပြုစု မြတ်ကောင်းမှုကြောင့် သြဃလေးဖြာ အဏ္ဏဝါနှင့် ဝဲဂယက်မှ မထွက်နိုင်ရှာ ထို သတ္တဝါတို့သည်

ကာမ, ရူပ, အရူပ ဟု သုံးဝနယ်ပယ် မြစ်ပင်လယ်မှ နိဗ္ဗာန်သောင်ကမ်း ဘေးမဲ့နန်းသို့ ကူးမြောက်နိုင်ကြပါစေသတည်း။ ပညာသိဟ န ခွဲ့ရှိ ဂါဝထေရ်သည်လည်း ငြိမ်းချမ်းအေးမြ သဘာဝ၏ နေရာဖြစ်သော ခန္ဓာကင်းပြတ် နိဗ္ဗာန်ရပ်သို့ ဆောဆော လျင်လျင် ရောက်ရပါလို၏။

သမထဝိပဿနာ ရှုဘွယ်ကျမ်း

ဤတွင်ရွေ့ ပြီး၏။



၁၃၂၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်
ကြာသပတေးနေ့တွင် ပဌမအကြိမ် စက်တင်ပုံနှိပ်၍ ပြီး၏။